# မြန်မာ
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၁၈

# မြန်မာ
# စွယ်စုံကျမ်းနှစ်ချုပ်
# (၂၀၁၈)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၈ ခုနှစ်၊ အုပ်ရေ

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်၊ စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့် ပုံနှိပ်၍ ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

ထုတ်ဝေသည့် ကတ်တလောက်အညွှန်း - CIP

| | |
|---|---|
| ၀၃၉.၉၅၈ | |
| မြန် | မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)/<br>စီစဉ်သူ စာပေဗိမာန်။ ---- ရန်ကုန်၊<br>စာပေဗိမာန်၊ ၂၀၁၈။<br>စာ၊ ဓာတ်ပုံ၊ ၂၆ စင်တီ။<br><br>၁။ မြန်မာ့စွယ်စုံကျမ်း<br>(၁) စာပေဗိမာန် - စီစဉ်သူ |

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

# မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

| | | |
|---|---|---|
| ၁။ စည်သူဒေါက်တာဦးသော်ကောင်း | ဥက္ကဋ္ဌ | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၂။ ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| ၃။ ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) | ဒုတိယဥက္ကဋ္ဌ | အဖွဲ့ဝင်၊ မြန်မာစာနှင့်ဘာသာစကား ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန |
| ၄။ ဒေါက်တာတိုးလှ | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၅။ ဒေါက်တာဒေါ်ခင်သိန်း | အဖွဲ့ဝင် | ပါမောက္ခ (ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၆။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရှေးဟောင်းသုတေသနဦးစီးဌာန |
| ၇။ ဒေါက်တာဦးစန်းဝင်း | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန |
| ၈။ ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် | စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၉။ ဦးအေးချို (မဟာဝိဇ္ဇာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၀။ ဒေါက်တာစိုးနိုင် | အဖွဲ့ဝင် | ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၁၁။ ဒေါက်တာမင်းသောင် | အဖွဲ့ဝင် | ပါမောက္ခ/ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ဒဂုံတက္ကသိုလ် |

| | | |
|---|---|---|
| ၁၂။ ဦးစံသင်းလှိုင် | အဖွဲ့ဝင် | တွဲဖက်ပါမောက္ခ (ငြိမ်း)၊ အဘိဓမ္မပိဋကမဟာဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန် |
| ၁၃။ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | အဖွဲ့ဝင် | စာတည်းမှူး (ငြိမ်း)၊ စာပေဗိမာန်ရုံး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၁၄။ ဒေါက်တာအေးကျော် (ဆေးသုတေသန) | အဖွဲ့ဝင် | စာပေနှင့်ဆေးဘက်ဆိုင်ရာပညာရှင် |
| ၁၅။ ဒေါက်တာစောမြအောင် | အဖွဲ့ဝင် | တွဲဖက်ကထိက၊ ပိဋကတ်တော်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန် |
| ၁၆။ ဒေါက်တာခင်မောင်ညို | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၇။ ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၈။ ဦးကျော်ဦး (ကျော်ဦး) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၉။ ဦးသန်းအုန်း (မောင်ဇေယျာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၂၀။ စာကြည့်တိုက်မှူး | အဖွဲ့ဝင် | တက္ကသိုလ်များဗဟိုစာကြည့်တိုက် |
| ၂၁။ စာတည်းမှူးချုပ် | အတွင်းရေးမှူး | စာပေဗိမာန်ရုံး၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၂၂။ စာတည်းမှူး | တွဲဖက်အတွင်းရေးမှူး(၁) | စာပေဗိမာန်ရုံး၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ၂၃။ စာတည်း(စွယ်စုံနှစ်ချုပ်ဌာနစိတ်) | တွဲဖက်အတွင်းရေးမှူး (၂) | စာပေဗိမာန်ရုံး၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

## စာပေဗိမာန်၊ စာတည်းဌာန

| | |
|---|---|
| စာတည်းမှူးချုပ် | ဦးကိုကိုနိုင် |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

| | |
|---|---|
| စာတည်းမှူး | ဦးစိုးမြင့်သန်း (နွေသင်နိုင်) |
| စာတည်း | ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်) |
| စာတည်း | ဒေါ်အိခိုင်ဇင်ထွန်း (အိခိုင်) |
| | ဦးကျော်သူစိုး (ကိုခက်ဝေ) |
| ပုံနှိပ်ကျွမ်းကျင်-၃ (စာပြင်) | ဒေါ်ကြူကြူသန်း (မြတ်နိုးဦး-စာပေဗိမာန်) |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

| | |
|---|---|
| ပုံနှိပ်ကျွမ်းကျင် - ၃ | ဒေါ်သွဲ့သွဲ့စန်း |
| ပုံနှိပ်ကျွမ်းကျင် - ၃ | ဒေါ်ဖြိုးဖြိုးစံ |
| ပုံနှိပ်ကျွမ်းကျင် - ၄ | ဒေါ်စန်းစန်းဌေး |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)
# မာတိကာ


ဤကျမ်းကိုမရှုစားမီ

**အပိုင်း (၁)**

| | |
|---|---|
| ၂၀၁၇ ခုနှစ်ဖြစ်ရပ်များ | ၁ |

**အပိုင်း (၂)**

| | | |
|---|---|---|
| နှစ် ၇၀ ပြည့် စာပေဗိမာန် | ချိုမြနွယ် | ၉၁-၁၀၀ |
| မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ | မနုဿကျော်ဝင်း | ၁၀၁-၁၀၆ |
| မြန်မာ့ရှေးဟောင်းဆည်ကြီးများ | ထိန်လင်း (မန်းတက္ကသိုလ်) | ၁၀၇-၁၁၄ |
| ရာသီတုပ်ကွေးရောဂါ | ဒေါက်တာခင်မောင်လွင် | ၁၁၅-၁၁၈ |
| အာဆီယံနှစ် ၅၀ ခရီး | တက္ကသိုလ်ဟန်စိုးဦး | ၁၁၉-၁၃၂ |
| နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များ | ကိုကိုလှိုင် | ၁၃၃-၁၄၂ |

**အပိုင်း (၃)**

| | |
|---|---|
| ၂၀၁၇ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်)<br>အက္ခရာစဉ်အညွှန်း | ၁၄၅ |

# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၇ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ပြုစုပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၉) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၇ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ် ၇၀ ပြည့် စာပေဗိမာန်၊ မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ၊ မြန်မာ့ရှေးဟောင်းဆည်ကြီးများ၊ ရာသီတုပ်ကွေးရောဂါ၊ အာဆီယံ နှစ် ၅၀ ခရီး၊ နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များဟူသည့် အကြောင်းအရာတို့ကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် ၂၀၁၇ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များနည်းတူ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၇) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၇ ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းအရာနှင့်ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကို ကမ္ဘောဒီးယားဘုရင်မင်းမြတ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုပ်ရဟန်းမင်းကြီးဖရန်စစ် ကို
နေပြည်တော်၌ လက်ခံတွေ့ဆုံစဉ်




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံသို့ တက်ရောက်လာသည့်
နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊
ဒုတိယသမ္မတများနှင့် တက်ရောက်လာသည့် တာဝန်ရှိကိုယ်စားလှယ်များကို တွေ့ရစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားလူငယ်ကိုယ်စားလှယ်များ
ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပစဉ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာစာပေဆုရ
ဆရာကြီးသိန်းသန်းထွန်းအား ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားသို့
တက်ရောက်ချီးမြှင့်စဉ်



ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့်
နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအဆင့်အကြီးအကဲများ၊
တိုင်းရင်းသားကိုယ်စားလှယ်များကို တွေ့ရစဉ်



၁၂ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပစဉ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုဘယ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ
ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မဟာသရေစည်သူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ အလေးပြုမှုခံယူစဉ်



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း
မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် မစ္စရီနားတားနီကိုလာလော့ဒ်ဒက်ဆဲလ်လီယန်ကို
လက်ခံတွေ့ဆုံစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်အဖွဲ့ဝင်များ
ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးထံ
အလှူငွေများပေးအပ်လှူဒါန်းစဉ်




မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ဖွင့်ပွဲနေ့ မြင်ကွင်းကို တွေ့ရစဉ်




စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင်
ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် စာပေပညာရှင်များ၊ ဌာနတာဝန်ရှိသူများ
မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်




၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရုံတစ်ရုံ၌ လာရောက်ဆန္ဒပြုနေသည့် မဲဆန္ဒရှင်များကို တွေ့ရစဉ်



မလေးရှားနိုင်ငံ၌ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် နိုင်ငံ့ဂုဏ်ဆောင်
ဝူရှူးအားကစားမယ် စန္ဒီဦး၏ ပြိုင်ပွဲဝင်ဟန်

အပိုင်း (၁)

# ၂၀၁၇ ခုနှစ်
# ဖြစ်ရပ်များ

၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများ အဖြစ် ရေးသားပြုစုဖော်ပြထားခြင်း ဖြစ်ပါသည်။




နိုင်ငံတော်သမ္မတဦးထင်ကျော် နိုဘယ်-မြန်မာ စာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့
တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်



၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်
ဆန္ဒမဲပေးနေသည့် ပြည်သူများ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံစဉ်

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)
# မြန်မာနှင့်နိုင်ငံတကာဖြစ်ရပ်များ

## ဇန်နဝါရီလ

၁ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အဆိုပါဌာန၌ကျင်းပရာ နိုင်ငံတော်၏



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်လှစ်ပေးစဉ်**

အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကား ပြောကြားကာ ဌာနဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များ စကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

တူရကီနိုင်ငံ မြို့တော် အစ္စတန်ဘူရှိ ညကလပ် တစ်ခု၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူပေါင်း ၃၉ ဦးသေဆုံးပြီး ၆၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၂ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ (Civil Services Academy-CSA) ဖွင့်ပွဲနှင့် အရာထမ်းလောင်းအခြေခံ သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ



သင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲနှင့် ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ဖောင်ကြီးကျေးရွာရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့်တက်ရောက်အမှာစကားပြောကြားသည်။

၃ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု တိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၇) ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်းများ တွေ့ဆုံပွဲကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရုရှား-ဖိလစ်ပိုင် နှစ်နိုင်ငံ ရေတပ်ဖွဲ့များ ပထမ အကြိမ် ထိတွေ့ဆက်ဆံမှုအဖြစ် ရုရှားစစ်သင်္ဘော နှစ်စင်းကို မနီလာမြို့သို့ စေလွှတ်လိုက်ပြီး ရုရှားနိုင်ငံ သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်စဉ်**

ချေမှုန်းရေးအတွက် ဖိလစ်ပိုင်ရေတပ်နှင့်ပူးတွဲစစ်ရေး လေ့ကျင့်ရန် ဆန္ဒရှိမှုကို ပြသလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၄** ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

၆၉ နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

**၅** မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၁/၂၀၁၇) ကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**၆** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ဦးဆောင်သော အဖွဲ့ဝင်များကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇေယျာဝတီ ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်ပတ်သက်၍ ဒုတိယအကြိမ်မြေပြင် ကွင်းဆင်းစစ်ဆေးမှုများကို စတင်ဆောင်ရွက်သည်။

**၇** အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေါ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့ကျရေးအတွက် ဆောင်ရွက်နေမှု များကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း (Yangon Books Street) စာအုပ် ဈေးတန်းဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်

မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့ဥပစာ၌ ကျင်းပသည်။

**၈** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

**၉** ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၇) အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။

**၁၀** နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁/၂၀၁၇) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်းကို ခန့်အပ်တာဝန်ပေးသည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ရုရှားနိုင်ငံက ကြားဝင်စွက်ဖက်ရန် ကြိုးပမ်းခဲ့သည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရေး အထူးကော်မရှင် တစ်ရပ်ထူထောင်ရန် အမေရိကန်ကွန်ဂရက်ရှိ ဒီမိုကရက်တစ်အမတ်များက တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Soros Fund Management ဥက္ကဋ္ဌ Mr.George Soros နှင့်အဖွဲ့ကို နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**၁၂** ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပါဗလိုကလင်းကင်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လည်းကောင်း သီးခြားစီသွားရောက် တွေ့ဆုံသည်။

**၁၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပမဟုတ်သည့်နိုင်ငံများ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E.Mr.Martin Tlapa နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့်ဇနီးဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့်လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တောင်တရုတ်ပင်လယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အပြန်အလှန်စေ့စပ်ဆွေးနွေးကာ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းမည်ဟု ကတိပြုကြောင်း တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ပူးတွဲကြေညာချက်ထုတ်ပြန်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၅** ၂၀၁၇ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်သည်။

၆၅ နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံရှိ ကန္တရဝတီကျောက်သားရင်ပြင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။

**၁၇** မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၂/၂၀၁၇) ကို နိုင်ငံတော် သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၃၀၀ ခန့်သည် ခြောက်လကြာ စစ်ရေးဖြန့်ကြက်မှု အစီအစဉ်အရ နော်ဝေနိုင်ငံသို့ ဆိုက်ရောက်လာခဲ့ကြောင်း၊ နော်ဝေနိုင်ငံသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချခြင်းကို ခွင့်ပြုပေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

၂၀၁၄ ခုနှစ်က ပျောက်ဆုံးသွားခဲ့သည့် မလေးရှားလေကြောင်းလိုင်းမှ MH-370 လေယာဉ်ကို ရှာဖွေမှုများရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ပူးတွဲရှာဖွေခဲ့ကြသော ဩစတြေးလျ၊ မလေးရှားနှင့် တရုတ်အစိုးရတို့က ကြေညာသည်။

**၁၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီကို လက်ခံတွေ့ဆုံစဉ်**

သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသည့် ၁၇ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရခိုင်ပြည်နယ်မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ စီးပွားဖြစ် စပျစ်စိုက်ခင်းများ၊ ရမည်းသင်း မြို့နယ် ရွှေဒါးတိုက်နယ်ရှိ အမှတ် (၈) အထည်စက်ရုံခွဲ၊ နေပြည်တော်-မန္တလေး

ပြည်ထောင်စုလမ်းမကြီး ရမည်းသင်းလမ်းပိုင်းရှိ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ စိုက်ထုတ်လုပ်သည့် စိုက်ခင်း၊ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေး သုတေသန ခြံနှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ်ရှိ တန် ၂၀၀ ကျ ဆာတာကေးဆန်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာ ဝင်းမြတ်အေး၊ ဒေါက်တာ မျိုးသိမ်းကြီးတို့ကို နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သီးခြားစီ တွေ့ဆုံသည်။

**၁၉** ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော် တင့်ဆွေ၊ နိုင်သက်လွင်၊ လွှတ်တော် ကော်မတီအသီးသီးမှ အဖွဲ့ဝင်များကို နေပြည်တော်၌ သီးခြားစီတွေ့ဆုံသည်။

**၂၀** တောင်ငူပညာရေးကောလိပ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကားပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့်ပြဿနာကို မလေးရှားနိုင်ငံက အိုအိုင်စီအထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်းအတွက် အထူးစိတ်မကောင်း ဖြစ်မိပြီး မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် နားလည်မှုဖြင့် အပြုသဘောဆောင် ပူးပေါင်းကူညီပေးရန်လိုအပ် ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဖေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် လယ်ယာ မြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များကို နေပြည်တော်၌ သီးခြားစီ သွားရောက်တွေ့ဆုံသည်။

အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက် သမ္မတအဖြစ် ဒေါ်နယ်ထရန့်က အောက်လွှတ်တော် ရှေ့မျက်နှာစာ၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အမေရိကန်ပြည်သူများကို မိန့်ခွန်းပြောကြားသည်။



**အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက် သမ္မတဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပြည်သူများကို မိန့်ခွန်းပြောကြားစဉ်**

အမေရိကန်အထက်လွှတ်တော်သည် ဒေါ်နယ် ထရန့်၏ အစိုးရအဖွဲ့ဝင်များအဖြစ် အငြိမ်းစား ဗိုလ်ချုပ်ကြီး ဂျိမ်းစ်မာတင်ကို ကာကွယ်ရေးဝန်ကြီး အဖြစ်လည်းကောင်း၊ အငြိမ်းစားဗိုလ်ချုပ်ကြီး ဂျွန်ကယ်လီကို အမိမြေလုံခြုံရေးဝန်ကြီးအဖြစ် လည်းကောင်း အတည်ပြုခန့်အပ်သည်။

**၂၁** ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt.Hon Mr.John Bercow ၏ ဖိတ်ကြားချက်အရ ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသည်။




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုဘယ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေကို ဖွင့်လှစ်ပေးစဉ်**

**၂၂** နိုဘယ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်သည်။

တတိယမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်၏ ၁၀၈ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း အမှတ် (၃၁) ရှိ ဦးသန့်၏နေအိမ်ဝင်းအတွင်း၌ ကျင်းပသည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မူးယစ်ဆေးဝါးစိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်း ဖမ်းဆီးရမိရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် ကိုရာဇာဟိန်းကို ရွေးချယ်လိုက်သည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ထုတ်ပြန်သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ရာထူးမှနုတ်ထွက်ပေးရန် ငြင်းဆန်နေသည့် ဂမ်ဘီယာသမ္မတ ယာယာဂျမ်းမားသည် အာဖရိကနိုင်ငံများမှ စေ့စပ်ဆွေးနွေးရေးမှူးများနှင့် တွေ့ဆုံခဲ့ပြီးနောက် အာဏာစွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင်များကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Chalermchai Sitthisad နှင့်အဖွဲ့ကို ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

အမေရိကန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်သန်းတည်ရှိသည့်နိုင်ငံများ မိတ်ဖက်ပြုရေး ကုန်သွယ်ရေးသဘောတူညီချက်မှ တရားဝင်နုတ်ထွက်လိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

**၂၄** တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်ဘာသာ စွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက် ချီးမြှင့်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏မွေးတော် Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck နှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကြည့်ရှုလေ့လာပြီး ပုဂံမြို့၏ အထင်ကရဘုရားများကို ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းဘုရားများနှင့် စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၃/၂၀၁၇) ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကားပြောကြားသည်။

**၂၅** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်အစည်းအဝေးခန်းမအတွင်း၌ ပြုလုပ်သည့် မေးခွန်းအမေးအဖြေကဏ္ဍတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ မေးခွန်းများ ဖြေကြားနေမှုကို တက်ရောက်လေ့လာသည်။

**၂၆** အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်နှင့်မက္ကဆီကိုနိုင်ငံနယ်စပ် ထိစပ် နေသော နေရာတွင် နယ်စပ်စည်းရိုးတစ်ခု တည်ဆောက်ရေး သမ္မတအမိန့်စာလွှာကိုလက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသို့ ပို့ကုန်အဖြစ် ပိတ်ပင်တားမြစ်သည့် ကုန်ပစ္စည်းများစာရင်းကို တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာလိုက်ပြီး ယင်းစာရင်းတွင် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်မည့် ကုန်ပစ္စည်းများနှင့် နည်းပညာများပါဝင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၂၇** ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (JCCI) ဥက္ကဋ္ဌ မစ္စတာအကီအိုမီမူရ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ နာဇီတို့က ဂျူးများကို အစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရမှု အောက်မေ့ဖွယ် အခမ်းအနားကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံး၌ကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**၂၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ ပတ်ရှိုင်ရယ်ဟိုတယ်

ပိတောက်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူးဂုဏ်ပြု နေ့လယ်စာ စားပွဲသို့တက်ရောက်၍ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**၂၉** မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိုမဲရောရှိ (Someyoshi) အမျိုးအစား ချယ်ရီပင်ကို စိုက်ပျိုးပေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာ-ဂျပန် ပါလီမန်ချင်း ချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌနှင့် Parliamentary Sakura Promotion Association of Japan ဥက္ကဋ္ဌ H.E.Mr.Ichiro AISAWA ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေ အကြံပေးဦးကိုနီသည် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ပြီး ပြန်လည်ရောက်ရှိစဉ် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal-1 ရှေ့၌ သေနတ်သမားတစ်ဦး၏ အနီးကပ်ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ပြီး ပစ်ခတ်သူကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့်ပြည်သူများက လိုက်လံဖမ်းဆီးရာ ဖမ်းဆီးမှုတွင် ပါဝင်သူ အငှားယာဉ်မောင်း ဦးနေဝင်းပါ ထပ်မံပစ်ခတ် ခံရသဖြင့် ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားပြီးပစ်ခတ် သူကို အရှင်ဖမ်းဆီးရမိကြောင်း ပြည်တွင်းသတင်း မီဒီယာများတွင် ဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဟီရိုတို အိဇုမိကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဟီရိုတိုအိဇုမိကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးသည်သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၁၇) ဖြင့် လုပ်ကြံခံရမှုကြောင့် သေဆုံးခဲ့သည့် ဦးကိုနီနှင့်တရားခံဖမ်းဆီးရမိရေးကြိုးပမ်းရင်း သေဆုံးခဲ့သည့် ဦးနေဝင်းတို့အတွက်များစွာစိတ်မကောင်း ဖြစ်ရပြီး၎င်းဖြစ်စဉ်ကြောင့် ပြည်သူများအနေဖြင့် အထိတ်တလန့်မဖြစ်ဘဲ ထူးခြားမှုများ တွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံး ဆက်သွယ်အသိပေး ကြရန် ထုတ်ပြန်သည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသရှိ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ နိုင်ငံသားများ အမေရိကန်နိုင်ငံသို့ လာရောက်မှုကို ပိတ်ပင်တားမြစ်သည့် သမ္မတဒေါ်နယ်ထရန့်၏ အမိန့်ကို ဆန့်ကျင်သည့်ဆန္ဒပြပွဲများ အမေရိကန်နိုင်ငံ တစ်ဝန်းရှိ မြို့ကြီးများတွင် ပြုလုပ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၃၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် နေပြည်တော်၌ကျင်းပသည့် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲသို့တက်ရောက် အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာ နိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်၊ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Peter Lysholt Hansen၊ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်နှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ် အဖွဲ့ရုံး ယာယီတာဝန်ခံ Mr.Colin Steinbach တို့ကို နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဒုက္ခသည် လက်ခံမှု တားဆီးရေးအမိန့်များအပေါ် ထောက်ခံ ကာကွယ်မှုမပြုရန် အမိန့်ထုတ်ပြန်ခဲ့သည့် နိုင်ငံတော် ရှေ့နေချုပ် ဆယ်လီယိတ်စ်ကို ရာထူးမှ ဖယ်ရှား လိုက်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန် ခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

## ဖေဖော်ဝါရီလ

၁ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ တက်ရောက်အမှာစကားပြောကြားသည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ဘေးအန္တရာယ်ကျရောက်နေသည့် အခြေအနေနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ပူပန်မှုဖြစ်ရပြီး တိုက်ခိုက်နေမှုများကို ချက်ချင်းရပ်တန့်ကြရန် တိုက်တွန်းကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်ကို ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr.Somkid Jatusripitak နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများ၌ ခေတ္တပြောင်းရွှေ့နေထိုင်ရသူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ လှူဒါန်းပွဲသို့ တက်ရောက်၍ ထောက်ပံ့ငွေများ လှူဒါန်းသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr.Somkid Jatusripitak ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်နိုင်ရေးအတွက် အစပျိုးနိုင်ရန် ဝန်ကြီးချုပ် ထရီစာမေအား လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် ဥပဒေမူကြမ်းတစ်ရပ်၏ ပထမအဆင့်ကို အောက်လွှတ်တော်အမတ်များက မဲခွဲဆုံးဖြတ်ရန် ဖေဖော်ဝါရီလ ၁ ရက်တွင် အတည်ပြုလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၃ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်ပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရိုနစ်နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်မှ ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားတပ်မတော် (ကြည်း) တပ် ဦးစီးချုပ် General JANG Jun-Gyu ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

၄ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် ဖနောင်ပင်မြို့ရှိ Peace Palace ၌ နှစ်နိုင်ငံအကြားကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် အခွန်နှစ်ထပ်မကောက်ခံရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ဆွေးနွေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တီးတိန်မြို့ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသလျက်ရှိသည့် လူနာများကို ကြည့်ရှုအားပေးသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်လုံခြုံရေးဆိုင်ရာ မဟာမိတ် နိုင်ငံအဖြစ် ဆက်လက်တည်ရှိသွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့်ကမ္ဘောဒီးယား နိုင်ငံ၀န်ကြီးချုပ်**
**မစ္စတာဆမ်ဒက်ဟွန်ဆင်တို့ဖနောင်ပင်မြို့ရှိ Peace Palace ၌ တွေ့ဆုံစဉ်**

အီနာဒါက အမေရိကန်ကာကွယ်ရေး၀န်ကြီးဂျိမ်းစ်မာတစ် နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြသည်။

**၅** အကြိမ် ၇၀ မြောက် မွန်အမျိုးသားနေ့အကြို ညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။

အာဖဂန်စစ်ဘုရင် ဂေါ်ဘူဒင်ဟက်မာတီယာ အပေါ် ချမှတ်ထားခဲ့သည့် အရေးယူပိတ်ဆို့မှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဖယ်ရှားပေးလိုက်ပြီ ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

**၆** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးမှပြန်လည်ထွက်ခွာရာ နေပြည်တော်သို့ ရောက်ရှိသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်း၀င်းခိုင်သန်းသည် ဖျာပုံမြို့၌ ကျင်းပသည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေး၀န်ကြီးများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဆီးရီးယားနိုင်ငံမြို့တော် အက်စ်တာနာ၌ အပစ်အခတ် ရပ်စဲရေးစောင့်ကြည့်လေ့လာမည့် အစီအစဉ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဆွေးနွေးပွဲကို ကျင်းပရာ ရုရှား၊ တူရကီ၊ အီရန်၊ ဂျော်ဒန်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြပြီး အပစ်အခတ်ရပ်စဲရေး သဘော

တူညီချက်ကို အပြည့်အဝ လေးစားလိုက်နာခြင်း ရှိ မရှိ စောင့်ကြည့်မှတ်တမ်းတင်မည့်စနစ်နှင့်ပတ်သက်၍ သဘောတူညီကြကြောင်း ရုရှားကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်စတာနီဆလပ်ဂတ်ဘီမာလိုဗီဒေါ့ဗ် က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံကို အဓိက ကာကွယ်ရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ပြည်ပသို့ပို့ကုန် ထိန်းချုပ်ရေး ဥပဒေများတွင် ပြင်ဆင်ချက်များ ထည့်သွင်းပေးလိုက်ပြီဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နည်းပညာလွှဲပြောင်းပေးခြင်းနှင့် လက်နက်များ လွှဲပြောင်းပေးပို့ခြင်းတို့တွင် ပိုမိုလွယ်ကူစေမည့် အကျိုးကျေးဇူးကို အိန္ဒိယနိုင်ငံ ရရှိခံစားနိုင်မည် ဖြစ်ကြောင်း အမေရိကန်သတင်းဌာနက သတင်းထုတ်ပြန်သည်။

**၈** မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၄/၂၀၁၇) ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကား ပြောကြားသည်။

ဝန်ကြီး ဌာန၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဆယ်စုနှစ်ငါးခုကျော်ကြာ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ အဆုံးသတ်နိုင်ရေးအတွက် ကိုလံဘီယာ နိုင်ငံ၌ ကွန်မြူနစ်သူပုန်အဖွဲ့ အီးအယ်လ်အင်န်နှင့် အစိုးရတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို စတင် လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E.Mr. kai Mykkanen နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်၌ ကျင်းပသည့် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

**၁၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည်



**ကိုလံဘီယာအစိုးရနှင့် ငြိမ်းချမ်းရေး စတင်ဆွေးနွေးလိုက်သည့် ကွန်မြူနစ်လက်နက်ကိုင်အဖွဲ့**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF.US Board Member) Mr. Matthew Carey Harris နှင့် WWF မှ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး



**ပင်လုံမြို့ရှိ ပြည်မတောင်တန်းပူးပေါင်းရေး ကျောက်တိုင်ကွင်း၌ကျင်းပသည့် နှစ် ၇၀ မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်**

Dr.Amir tharaj Christy Williams တို့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**၁၁** အမေရိကန်-ဂျပန် ထိပ်သီးအစည်းအဝေးကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ ကျင်းပရာ သမ္မတဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများကို ဆွေးနွေးကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

**၁၂** နှစ် ၇၀ မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်မတောင်တန်းပူးပေါင်းရေး ကျောက်တိုင်ကွင်း၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk) ကို ပင်လုံမြို့၌ ဆက်လက်ကျင်းပသည်။

နှစ် ၇၀ မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

**၁၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၁၀၂ နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အဖြစ် မိဘမဲ့ကလေးများနှင့် မသန်စွမ်းကလေးများကို နေ့လယ်စာ အာဟာရကျွေးမွေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

မက္ကဆီကို နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၂၀ တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၁၄** ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၃ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါအချက်အလက်များနှင့်စပ်လျဉ်း၍ မောင်တောဒေသသို့ သွားရောက်ကာ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်သည်။

ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကျွန်းစုများအနက် ကျွန်းငါးကျွန်းကို အမည်ပေးရန် ရုရှားအစိုးရက ဆုံးဖြတ်လိုက်ခြင်းအပေါ် ဂျပန်အစိုးရကတရားဝင် ကန့်ကွက်ကြောင်းရိုက်တာသတင်းတွင်ဖော်ပြသည်။

**၁၅** တပ်တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်း စီမံရေးရာဌာန၏ အင်ဂျင်နီယာချုပ် Mr.Long Hong Shan နှင့်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဇန်နဝါရီလ ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဦးကိုနီပစ်ခတ်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲ သတင်းထုတ်ပြန်ချက် (၂) ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ အာကာသ သုတေသနအဖွဲ့သည် ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၁၀၄ လုံးကို အာကာသအတွင်းသို့ အောင်မြင်စွာလွှတ်တင်ကာ ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တုလုံးရေ အများဆုံး လွှတ်တင်နိုင်သည့် အာကာသခရီးစဉ်အဖြစ် စံချိန်တင် ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၆** နိုင်ငံတော်သမ္မတရုံးကအမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇)ဖြင့်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး ဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းသည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆာဝန်မြို့ရှိ ဘာသာရေးဆိုင်ရာ ဗိမာန်တစ်ခုတွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ လူ ၁၀၀ နီးပါးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီအိုင်သတင်းတွင် ဖော်ပြသည်။

**၁၈** မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တတိယ အကြိမ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်အမှာစကား ပြောကြားသည်။

**၁၉** ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်း စစ်ဆေးရေး ကော်မရှင် (၆/၂၀၁၇) အစည်းအဝေးကို ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာ အစည်း အဝေးခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် နိုင်ငံရေး ခိုလှုံခွင့် တောင်းခံသူများအပါအဝင် စစ်ဘေးရှောင် ဒုက္ခသည်များကို လူသားချင်း စာနာထောက်ထားမှုဖြင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း မြူးနစ် လုံခြုံရေးဆိုင်ရာ အစည်းအဝေး၌ ပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



**၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဖလမ်းမြို့ ရာပြည့်အားကစားကွင်း၌ ကျင်းပစဉ်**

**၂၀** ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဖလမ်းမြို့ ရာပြည့် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်

သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

**၂၁** နိုင်ဂျီးရီးယား၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ယီမင်နိုင်ငံတို့တွင် အစာအာဟာရပြတ်လပ်ကာ ငတ်မွတ်ခေါင်းပါးမှုကြောင့် ယင်းနိုင်ငံများရှိ ကလေးတစ်သန်းကျော်သည် အသက်အန္တရာယ်ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် ကုလသမဂ္ဂနိုင်ငံတကာ ကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်) က အရေးပေါ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၂** မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

**၂၃** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနအစည်းအဝေးခန်းမ၌ကျင်းပသည့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင် ဆောင်ရွက်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၃/၂၀၁၇) ဖြင့် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်မွန်ပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးမင်းမင်းဦးကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

ကုန်သွယ်ရေးခြိမ်းခြောက်မှုများ ပြုလုပ်လာသည့် အမေရိကန်အစိုးရကို တန်ပြန်နိုင်သော ကုန်သွယ်ရေးဆိုင်ရာအထောက်အကူပေးရေး သဘောတူညီချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖွဲ့ဝင်နိုင်ငံများက အတည်ပြုပြီးနောက် စတင်အာဏာသက်ဝင်လာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပိုင်နက်နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကျွန်းများပေါ်တွင် တပ်ဖွဲ့ဝင်အင်အားတိုးမြှင့် ချထားလိုက်သည့် ရုရှားနိုင်ငံ၏ အစီအစဉ်ကို ဂျပန်နိုင်ငံက ကန့်ကွက်လိုက်ကြောင်း ဂျပန်အစိုးရအဖွဲ့ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဆွီဒင်နိုင်ငံ Riksdag လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Urban Ahlin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ Mr.Mikhail A.Damitriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ ဆွီဒင်နိုင်ငံ Riksdag လွှတ်တော် ဥက္ကဋ္ဌ H.E.Mr.Urban Ahlin ကို လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) စီမံကိန်း တည်ဆောက်မှု စတင်ခြင်းအခမ်းအနားကို သီလဝါ အထူးစီးပွားရေးဇုန်၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန် ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆွီဒင်နိုင်ငံ Riksdag လွှတ်တော် ဥက္ကဋ္ဌ H.E. Mr.Urban Ahlin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းကို အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လည်းကောင်း သီးခြားစီ လာရောက်တွေ့ဆုံသည်။

အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ရဲချုပ်ဇော်ဝင်းတို့က ရှင်းလင်းပြောကြားသည်။

**တို့ရန်ကုန်တို့အိမ်ရာ အနုပညာယဉ်ကျေးမှုပွဲတော်** ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်ကို လက်ခံတွေ့ဆုံစဉ်**

ဇန်နဝါရီလ ၂၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံသတ်ဖြတ်ခံရမှုတွင် အသက်ဘေးအန္တရာယ်မငဲ့ကွက်ဘဲ သေနတ်သမားကို ဖမ်းဆီးရမိရေးကြိုးပမ်းအားထုတ်ခဲ့သော ဦးနေဝင်းကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ထုတ်ပြန်သည်။

**၂၅** ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများတက်ရောက်သည်။

**၂၆** မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ပထမဆုံး Yangon Book Plaza ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သံဈေးအဆောက်အအုံငါးလွှာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ Yangon Book Plaza ဥက္ကဋ္ဌ ဒေါ်သက်သက်ခိုင်တို့က ဖွင့်လှစ်ပေးသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဖအေတူ၊ မအေကွဲ ညီအစ်ကိုတော်စပ်သူ ကင်ဂျုံနမ် သေဆုံးမှုနှင့်ပတ်သက်ပြီး သံသယရှိသူ မြောက်ကိုရီးယား

အမျိုးသားလေးဦးကို မလေးရှားနိုင်ငံသို့ လွှဲပြောင်းပေးရန် မလေးရှားရဲအရာရှိများက မြောက်ကိုရီးယားနိုင်ငံကို တောင်းဆိုထားကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၇** အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့ United States Institute of Peace ဥက္ကဋ္ဌ Ms. Nancy Lingbory နှင့်အဖွဲ့သည် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း သီးခြားစီလာရောက်တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် အိုင်အာရ်အေ သူပုန်အဖွဲ့က ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်း မကြုံဖူးသည့် အကြမ်းဖက်မှုအန္တရာယ်ကို ဗြိတိန်နိုင်ငံ ရင်ဆိုင်နေရပြီဖြစ်ကြောင်း တရားဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးက သတိပေးပြောကြားလိုက်သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၈** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင် ဦးဆောင်သည့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့ တွေ့ဆုံခြင်းအခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာန၌ ကျင်းပသည်။

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ အတွင်းက ဖြစ်ပွားခဲ့သည့် မုံးကိုးဖြစ်စဉ်နှင့်ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဘုရင့်နောင် ရိပ်သာ၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် ရှင်းလင်းပြောကြားသည်။

## မတ်လ

**၁** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN)ကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅/၂၀၁၇) အရ ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးဇံကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသည်။

ကျပ်သိန်းတစ်သောင်းချီးမြှင့်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲက စတင်ရောင်းချသည်။

**၂** ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသည့် နှစ်ပေါင်း ၁၃၂ နှစ်ရှိ ဗိုလ်တထောင် အမှတ် (၆) အခြေခံပညာအထက်တန်း

ကျောင်းကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် Royal Philips Corporation တို့စီစဉ်သည့်ရန်ကုန်မြို့ အမွေအနှစ်အဆောက်အအုံများ အထိမ်းအမှတ် အပြာရောင်ကမ္ပည်းတပ်ဆင်သည့် အခမ်းအနား ကျင်းပသည်။

၆ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr.Stephen Groff ကို နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။




**ရန်ကုန်မြို့ပြအမွေအနှစ် စာရင်းဝင် အပြာရောင်ကမ္ပည်းနှင့်အတူ တွေ့ရသည့် ဗိုလ်တထောင် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း**

၃ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် The Global Fund to fight AIDS, Tuberculosis and Malaria ၏ အမှုဆောင်ဒါရိုက်တာ Mr.Mark Dybul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

၅ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Ngo Xun Lich ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည့် မြန်မာအမျိုးသမီးများ ရက်သတ္တပတ်ဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

၇ အိုင်အက်စ် စစ်သွေးကြွများ၏ လက်အောက်သို့ ရောက်ရှိနေသည့် မိုဆူးမြို့အနောက်ပိုင်းဒေသရှိ အစိုးရအဖွဲ့ရုံး၊ ဗဟိုဘဏ်နှင့် ပြတိုက်တို့ကို အီရတ်အစိုးရတပ်ဖွဲ့က ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၈ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

ဗဟိုဌာန (၂) ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားသို့တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံ International Association of Political Consultants (IAPC) ၏ ဥက္ကဋ္ဌဟောင်းနှင့် RBI Strategies and Research Inc ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Rick Ridder ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ Pochenlong တပ်မတော်လေဆိပ်သို့ ရောက်ရှိပြီး ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen-POL SAROEUN ကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E.Samdach Matha Sera Pedey Techo HUN SEN ကိုလည်းကောင်း သွားရောက်တွေ့ဆုံသည်။

ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတို့၏ တောင်းဆိုမှုအရ မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်နေမှုများကို အရေးယူ တုံ့ပြန်ရေးဆိုင်ရာများကိုဆွေးနွေးရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကအရေးပေါ် အစည်းအဝေးတစ်ရပ် ခေါ်ယူဆွေးနွေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည့် ကာကွယ်ရေးကို ပိုမိုကျယ်ပြန့်သည့် လုံခြုံရေးအနေအထားအရ စီမံခန့်ခွဲခြင်းသင်တန်း (Management of Defences in the Wider Security Context) မှ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၏ ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကာ နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**၁၀** တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက သမ္မတပတ်ဂွမ်ဟေးကို အဂတိလိုက်စားမှု စွဲချက်ဖြင့် သမ္မတရာထူးမှ ဖယ်ရှားလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၁** နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှုဌာန၌ ပြင်သစ်သံရုံးနှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့ စီစဉ်ကျင်းပသည့် ၉ ကြိမ်မြောက် ရန်ကုန်ဓာတ်ပုံည (YANGON PHOTO NIGHT 2017) ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်းချတ်တစ်ဂရာပြည်နယ် ဘီဂျာရာဒေသ၌ လက်ဝဲဝါဒီနာဆာလိုက်သူပုန် အဖွဲ့က ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၂** ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားကို နေပြည်တော်ဥပ္ပါတသန္တိစေတီ ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများတက်ရောက်ကြည်ညိုပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းကာ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူသည်။

**၁၃** ၂၀၁၇ ခုနှစ် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၏ ဆင်ခြေဖုံးတွင်ရှိသော ဧရာမအမှိုက်ပုံကြီးအတွင်း

အမျိုးသမီးများနှင့်ကလေးငယ်များသည် အစားအသောက်နှင့်သံတိုသံစများ တူးဖော်ရှာဖွေနေကြစဉ် အမှိုက်ပုံရုတ်တရက်ပြိုကျခဲ့သဖြင့် အနည်းဆုံး ၄၆ ဦး သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၅** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီး မစ္စတာ ရှီဝမ်ရှော့ဖယ်(လ်)ဒိုဂျီကို နံနက် ၁၁ နာရီခွဲအချိန်က ၎င်း၏နေအိမ်၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် သြစတြေးလျနိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌လည်းကောင်း လက်ခံတွေ့ဆုံသည်။

**၁၆** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင် ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် စတုတ္ထအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ဒိုးကွင်းကော်ဖီစက်ရုံနှင့် ပုဂ္ဂလိကကော်ဖီခြံများကို ကြည့်ရှုပြီး ပြင်ဦးလွင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် ရတနာပုံမြို့သစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသို့ တက်ရောက်ချီးမြှင့်စဉ်**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဆော်ဒီအာရေဗျဘုရင်ဆေမန်ဘင်အဒူလာဇစ်တို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌တွေ့ဆုံကာ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ တိုးချဲ့လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၇** ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် နေပြည်တော် ဖေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ ကျင်းပသည့် ၇၂ နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု မြန်မာသံစဉ်ဂီတနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၁၈** ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူသည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဂျပန်နှင့်ရုရှား တာဝန်ရှိသူများသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံကာ ရုရှားသိမ်းပိုက်ထားသော ဂျပန်ပိုင်ကျွန်းလေးကျွန်းပေါ်တွင် စီးပွားရေးလုပ်ငန်းများ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေးကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်**

အကျိုးတူ လုပ်ဆောင်ရန် ဆွေးနွေးကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၉** မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေးသည် မြန်မာနိုင်ငံရှိ ဖိလစ်ပိုင် စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် ဖိလစ်ပိုင်အသိုက် အဝန်းတို့ကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌တွေ့ဆုံသည်။

**၂၀** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြု တပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေးကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့သည် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ တွေ့ဆုံသည်။

**၂၂** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မွန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲ ခန်းမ၌တွေ့ဆုံကာ ဥပဒေပြုရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တရုတ်နှင့်အစ္စရေးနိုင်ငံတို့အကြား အဆင့်မြင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၃** စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အမှာစကား ပြောကြားသည်။

စပါးခွံလောင်စာသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်း ကျေးရွာရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် ဝင်းအတွင်း၌ကျင်းပရာ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဖွင့်လှစ်ပေးသည်။

**၂၄** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့၌ ကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်သို့ တက်ရောက်ရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ရာထူးမှဖြုတ်ချခံခဲ့ရသည့် အီဂျစ်သမ္မတဟောင်း ဟိုစနီမူဘာရက်သည် ခြောက်နှစ်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။


**၂၅** ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘိုအောမြို့၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲသို့တက်ရောက် မိန့်ခွန်းပြောကြားသည်။

**၂၆** ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့၌ ကျင်းပခဲ့သည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်သို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**၂၇** ၇၂ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ချူကလီးယားလက်နက် ပိတ်ပင်တားဆီးမည့် တရားဝင် စည်းကမ်းချက်ချမှတ်မှုဆိုင်ရာ သဘောတူညီမှု ရရှိရေး ညှိနှိုင်းဆွေးနွေးမှုကွန်ဖရင့်ကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စတင်ကျင်းပသည်။

**၂၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့သွားရောက်ပြီး ကချင်လူထုအဖွဲ့အစည်း ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး ဆွေးနွေးရေး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ၇၂ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်**

အကျိုးဆောင်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီးနောက် ခတ်ချိုတိုက်ပွဲ ရှောင်စခန်း၊ KBC မိုင်းနားတိုက်ပွဲရှောင်စခန်း၊ လန်ဆယ်ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ပြည်လုံးချမ်းသာပရဟိတဂေဟာတို့ကို သွားရောက်အားပေးသည်။

**၂၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr.Victroia Kwakwa နှင့် အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

အမြင်အာရုံချို့ယွင်းနေသော်လည်း ဘဝကို အရှုံးမပေးဘဲ ကြိုးစားခဲ့သူ မအေးချမ်းအောင်ကို ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူ အဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံးက ထုတ်ပြန်ကြေညာသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေသည် ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်သည့် စာချုပ်တစ်စောင်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၃၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း (Medium Term Programme MTP) အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကို နေပြည်တော်ရှိ Hilton ဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**၃၁** အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁) စတင် ဆောင်ရွက်မှု အသိပေးခြင်းအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

တောင်ကိုရီးယားသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အခွင့်အာဏာကိုအသုံးပြုကာ လာဘ်ယူမှုပြုခဲ့ခြင်းနှင့် အရေးကြီးသတင်းအချက်အလက်များ ပေါက်ကြားစေမှုအပါအဝင် ပြစ်မှုပေါင်း ၁၃ ခုဖြင့် စွဲချက်တင်ခံရသည့် သမ္မတဟောင်း ပတ်ဂွမ်ဟေးကို တောင်ကိုရီးယားတရားရုံးက ဖမ်းဆီးရန်အမိန့်ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ဒေသရှိ ပါရာချီနားမျိုးနွယ်စုနယ်မြေ ဈေးတစ်ခုအတွင်း၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူငါးဦးထက်မနည်းသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

## ဧပြီလ

**၁** ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ၌ တစ်ပြိုင်နက်ကျင်းပရာ လစ်လပ်မဲဆန္ဒနယ်မှ ပြည်သူများက မဲရုံအသီးသီး၌ ဆန္ဒမဲပေးခဲ့ကြသည်။

ကိုလံဘီယာအနောက်တောင်ပိုင်းရှိ မိုကိုရာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းကာ မြစ်ရေလျှံမှုကြောင့် ရွှံ့နှင့် နုန်းမြေများပြိုကျခဲ့ရာ လူပေါင်း ၂၃၀ ကျော် သေဆုံးပြီး ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင်ဖော်ပြသည်။



**ကြားဖြတ်ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒပြုမဲပေးနေစဉ်**

**၂** ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ထုတ်ပြန်ကြေညာရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်အမျိုးသားပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့အရွေးချယ်ခံရကြောင်း သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းစုတစ်ဝန်း နေရာပေါင်း ၁၂ နေရာမှ ငါးခိုးဖမ်းသည့် နိုင်ငံခြားရေယာဉ် ၈၁ စင်းကို အာဏာပိုင်များက ဖောက်ခွဲဖျက်ဆီးလိုက်ကြောင်း ဗီတီအိုင်သတင်းတွင် ဖော်ပြသည်။

**၃** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့ လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် အထူးတပ်ဖွဲ့ (အမျိုးသမီး) သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရသင်တန်းသူများအား ဆုများချီးမြှင့်သည်။

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမှ ဆိုမာလီနိုင်ငံ ဘော်ဆာဆိုမြို့သို့ ဦးတည်ခုတ်မောင်းလာသည့် အိန္ဒိယကုန်သွယ်ရေကြောင်း သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ရာ ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးသင်္ဘောကို ပြန်ပေးဆွဲမှုဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၄** နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာများ တက်ရောက်သည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်များ ထိန်းချုပ်ထားသော အိုက်ဒလစ်ဘ် ပြည်နယ်၌ လေကြောင်းတိုက်ခိုက်မှု တစ်ရပ်အတွင်း ၅၈ ဦး သေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး အဆိုပါတိုက်ခိုက်မှုမှာ အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုဖြစ်ဖွယ်ရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ပြောကြားချက်ကို အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၅** ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကို နေပြည်တော်ရှိ သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစီမံချက် ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၌ သမ္မတ နီကိုလပ်စ်မာဒူရိုကို ဆန့်ကျင်ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူများက လမ်းများပေါ်တွင်



**ဗင်နီဇွဲလားနိုင်ငံ၌ ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားစဉ်**

အတားအဆီးများပြုလုပ်ကာ ကျောက်ခဲများ၊ ပုလင်းများဖြင့် ပစ်ပေါက်ခဲ့သဖြင့် အမတ်တစ်ဦး ဒဏ်ရာရခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၆ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယူးယောက်မြို့အခြေစိုက် UNICEF ဌာနချုပ်၏ Deputy Executive Director Mr.Rebert Justin Alexander Forsyth နှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နယူးယောက်မြို့ အခြေစိုက် UNICEF ဌာနချုပ်၏ Deputy Executive Director Mr.Robert Justin Alexander Forsyth ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Dry Policy (GCDP) ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms.Ruth Dreifuss ကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ UNICEF ဌာနချုပ်၏ Deputy Executive Director Mr.Robert Justin Alexander Forsyth ကို မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် UNICEF ဌာနချုပ်၏ Deputy Executive Director Mr.Robert Justin Alexander Forsyth ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဧပြီလ ၄ ရက်က ဖြစ်ပွားခဲ့သည့် ဆီးရီးယားနိုင်ငံ အနောက် မြောက်ပိုင်းဒေသတွင် အစိုးရတပ်များက သူပုန်တပ်များအပေါ် ဓာတုလက်နက်များအသုံးပြု တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန် စစ်သင်္ဘောများက ဆီးရီးယားနိုင်ငံ ဟုမ်းစ်ခရိုင် အလယ်ပိုင်းရှိ လေတပ်စခန်းများသို့ ဒုံးကျည် ၅၉ စင်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

၇ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Global Commission on Dry Policy (GCDP) ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms.Ruth Dreifuss ကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ Total ကုမ္ပဏီဥက္ကဋ္ဌ Mr.Patrick Pouyanne နှင့်အဖွဲ့ကို နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် Global Commission on Dry Policy (GCDP) ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms.Ruth Dreifuss ကို ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၈ ဆီးရီးယားလေတပ်စခန်းများကို အမေရိကန်က ဒုံးကျည်များ ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၁၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုစဉ်**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ကို ပေကျင်းမြို့ ပြည်သူ့ခန်းမ အရှေ့ဘက်ရင်ပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုပြီး ပြည်သူ့ခန်းမဆောင်ရှိ Hei Bei Hall ၌ မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ကျင်းပသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပဉ္စမအကြိမ် ပုံမှန်တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကာ ရှင်းလင်းပြောကြားကြပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**၁၁** တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ် အခြေအနေများနှင့် လတ်တလော ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။

**၁၂** ပြင်သစ်နိုင်ငံ ဒန်စကတ် ပင်လယ်ဆိပ်ကမ်းမြို့အနီးရှိ ဂရင်းဆင်သီ ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများစခန်း၌ အာဖဂန်လူမျိုး ခိုလှုံသူများနှင့် ကာ့ဒ်လူမျိုး ခိုလှုံသူများအကြား ခိုက်ရန်ဖြစ်ပွားရာမှ မီးစတင်လောင်ကျွမ်းရာ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၁၅၀၀ ခန့် ခိုလှုံနေသည့် တဲများအားလုံး မီးလောင်ကျွမ်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၃** နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့ တက်ရောက်အားပေးသည်။

ကရင်ပြည်နယ် မြဝတီမြို့၏ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့ အမှတ် (၄) ရပ်ကွက်ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်အားပေးသည်။

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။




**အမေရိကန်က အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်အတွင်းရှိ အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ခဲ့သည့် MOAB ဗုံး**

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ် အရှေ့ပိုင်းရှိ အိုင်အက်စ်အဖွဲ့ အခိုင်အမာခြေကုပ်ယူထားသည့် နေရာကို အမေရိကန်ဘက်က ဗုံးအားလုံး၏ မိခင်ဟု တင်စားခေါ်ဆိုကြသည့် GBU-3B Massive Ordnane Air Blast (MOAB) ဗုံးကို အသုံးပြုသည့် လေကြောင်းတိုက်ခိုက်မှုပြုခဲ့ရာ အနည်းဆုံး အိုင်အက်စ်စစ်သွေးကြွ ၃၆ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါ ဗုံးမှာ ကီလိုဂရမ် ၉၈၀၀ လေးကာ ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲ ကာလအတွင်း စမ်းသပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ကြဲချမှု ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကားများကို မီဒီယာများမှတစ်ဆင့် ပြောကြားသည်။

တူရကီနိုင်ငံ၌ သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများ မြှင့်တင်ပေးရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပရာ ထောက်ခံမဲ ၅၁ ဒသမ ၅ ရာခိုင်နှုန်းရရှိကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

**၁၉** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လူမှုရေးရာနှင့် အလုပ်အကိုင်ရရှိရေးဝန်ကြီး H.E. Mr.Lodewijk Asscher ၏ ဖိတ်ကြားချက်အရ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၇/၂၀၁၇) ဖြင့် ဦးအောင်ထူးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

ပြည်ပမှ လုပ်အားခချိုသာသော အလုပ်သမားများ ဝင်ရောက်လာပြီး လုပ်အားခကျဆင်းမှု ဖြစ်ပေါ်စေသည့်

အိပ်ချ်-၁ ဘီ ဗီဇာအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က လက်မှတ်ရေးထိုးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၀** နယ်သာလန်နိုင်ငံ၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ရိုတာဒမ်မြို့ရှိ delta work၊ ရိုတာဒမ်ဆိပ်ကမ်းနှင့် Maasvlakte I နှင့် II တို့ကို ကြည့်ရှုလေ့လာပြီးနောက် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘာ့တ်ကိုအန်ဒါစ်၊ အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီး မစ္စစ်မီလာနီရှစ်ဗန်ဟေဂန်တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

**၂၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Company (CITIC) Group ၏ ဥက္ကဋ္ဌ Mr.Chang Zhenming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် မာရှယ်ကျွန်းစု သမ္မတနိုင်ငံတို့အကြား သံအမတ်ကြီး အဆင့်ဖြင့် သံတမန်အဆက်အသွယ်စတင်ထူထောင်သည်။

**၂၂** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယ်သာလန်နိုင်ငံအမ်စတာဒမ်မြို့ လေလီစတတ်စဒသရှိရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ သွားရောက်လေ့လာသည်။

အာဖဂန်နစ္စတန် တပ်မတော် ယူနီဖောင်းဝတ်ဆင်ထားသည့် တာလီဘန်စစ်သွေးကြွများက မာဇာအီရှာရစ်ဖ်မြို့ရှိ အာဖဂန်နစ္စတန်အခြေစိုက်စခန်းတစ်ခုသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ တပ်ဖွဲ့ဝင် ၁၄၀ ကျော် သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၃** ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းဋ္ဌေးနှင့် ဒေသခံအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်သည်။

အမေရိကန်အစိုးရက သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် သုံးစွဲငွေပမာဏကို လျှော့ချပစ်ရန် ကြေညာခဲ့သည့်အပေါ် သိပ္ပံပညာရှင်များ အပါအဝင် ပြည်သူထောင်ပေါင်း များစွာတို့က ဝါရှင်တန်မြို့၌ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၄** တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

နယ်သာလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။




**အကြိမ် ၃၀ မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ၌ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် စမ်းသပ်မှုနှင့် ပတ်သက်၍ တုံ့ပြန်အရေးယူရန် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၅** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**၂၆** ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူသည် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီ ညှိနှိုင်း အစည်းအဝေး (၁/၂၀၁၇) သို့ တက်ရောက်အမှာစကားပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးလက်နက်ဆိုင်ရာ ရည်မှန်းချက်များကို အကြောင်းပြု၍ အမေရိကန်စစ်ဘက်က တောင်ကိုရီးယားနိုင်ငံ၏ စခန်းတစ်ခုတွင် ဒုံးလက်နက်ကာကွယ်ရေး စနစ် (ဒုံးခွင်းဒုံး) ကို စတင်တပ်ဆင်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၇** ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၁၇) ကို နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**၂၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် အကြိမ် ၃၀ မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစခန်းတည်ဆောက်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**၂၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် အကြိမ် ၃၀ မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ် ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ ကျင်းပသည်။

**၃၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသမဂ္ဂဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့်ဗြိတိန်နိုင်ငံတို့သို့ တရားဝင် ခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

ရုရှားနိုင်ငံတွင် အကျင့်ပျက်ခြစားမှုဆန့်ကျင်သည့် ဆန္ဒပြစုဝေးမှုများပြုလုပ်ခဲ့ရာ အဆိုပါဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူ တစ်ရာကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံတွင် ဥပဒေပြုလွှတ်တော်ကို စီမံပိုင်ခွင့်အတွက် ရွေးကောက်ပွဲကျင်းပပေးရန် အတိုက်အခံများက ဆန္ဒပြတောင်းဆိုခဲ့ရာ ဆူပူအုံကြွမှုအထိ ဖြစ်ပွားလာခဲ့ပြီး လူ ၃၀ ကျော် သေဆုံးခဲ့ရကာ တစ်ရာကျော် ဖမ်းဆီးခံထားရသည့်အတွက် အကြမ်းဖက်မှုများ အဆုံးသတ်ကာ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က တိုက်တွန်းသည်။

## မေလ

**၂** အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ ပထမ တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်နွယ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဝင်းရှိန်တို့က ရှင်းလင်းပြောကြားသည်။

**၃** ၂၀၁၇ ခုနှစ် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် မြောက်ကိုရီးယားနျူကလီးယားလက်နက် ဖွံ့ဖြိုးရေးအစီအစဉ်ကို ထိန်းချုပ်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၄** အီတလီနိုင်ငံ၌ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ဗာတီကန်နန်းတော်၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ဗာတီကန်

မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့်ကြေညာချက်ကို ထုတ်ပြန်သည်။

လူမှုကွန်ရက်စာမျက်နှာအချို့တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ချိနေမှုများကို ပြည်သူများ အထူးသတိပြု ဆင်ခြင်နိုင်ကြရန် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားသည်။

**၇** ၂၀၁၄ ခုနှစ်က ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် ကျောင်းသူ ၂၀၀ ကျော်အနက် ၈၂ ဦးကို ဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်လွှတ်ပေးခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရက ပြောကြားသည်။

**၈** ၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လန်ဒန်မြို့ရှိ Guildhall ၌ကျင်းပသည့် Honorary Freedom of the City Award of London ဆုချီးမြှင့်ပွဲသို့တက်ရောက်ကာ ဆုလက်ခံရယူသည်။

ပြင်သစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် အင်မင်နျူယယ်လ်မက်ခရွန်အနိုင်ရရှိသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၉** သံလွင်မြစ်ကို ဖြတ်သန်းပြီး မော်လမြိုင်မြို့နှင့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့ကို ဆက်သွယ်တည်ဆောက်ထားသော ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) နှင့် တံတားပြတိုက်ဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်ဘက်ကမ်းရှိ မဏ္ဍပ်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ရေတပ်ဦးစီးချုပ် Admiral Na Arreenich ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံတပ်မတော်ရေးရာများ ဆွေးနွေးသည်။

**၁၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသမဂ္ဂဌာနချုပ်၊ ဘယ်လ်ဂျီယံ၊

အီတလီနှင့် ပြင်သစ်နိုင်ငံတို့သို့ တရားဝင်ခရီး သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Madam Nguyen Thi Kim Ngan ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့်အာရှ- ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးကောက်ခံရသူ မွန်ဂျေအင်းသည် သမ္မတရာထူး၌ စတင်တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲကာလအတွင်း ရုရှားအာဏာ ပိုင်များက ဒေါ်နယ်ထရန့်ကို ကူညီထောက်ပံ့ရန် ဝင်ရောက်စွက်ဖက်ခဲ့ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးရာတွင် အဓိကကျသည့် အက်ဖ်ဘီအိုင် ဒါရိုက်တာ ဂျိမ်းဘီကိုမီ ကို သမ္မတဒေါ်နယ်ထရန့်က ရာထူးမှ ထုတ်ပယ် လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြ သည်။

**၁၁** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ GEM Center ၌ "Responding to Climate Change- Action of Legislators to achieve the SDGS" ခေါင်းစဉ်ဖြင့် ကျင်းပ သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်သည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြန်လည် သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ရှေ့ဆက်လက်ဆောင်ရွက်မည့် ရွေးကောက်ပွဲပြုပြင် ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲ မူဘောင်ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျီနီဗာမြို့ အခြေစိုက် International Committee of the Red Cross (ICRC) ဥက္ကဋ္ဌ Mr.Peter Maurer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) ၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျီနီဗာအခြေစိုက် International Committee of the Red Cross (ICRC) အဖွဲ့ဥက္ကဋ္ဌ Mr.Peter Maurerနှင့်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက နိုင်ငံ တွင်းရှိ အခြေခံပညာကျောင်းများတွင် အသုံးပြုလျက် ရှိသည့် အငြင်းပွားဖွယ် မူဝါဒများပါဝင်သော သမိုင်း ဘာသာ ပြဋ္ဌာန်းစာအုပ်များကို ပယ်ဖျက်ရန် ကြေညာ ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း မြို့၌ ကျင်းပမည့် Belt and Road နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း များဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**၁၄** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း မြို့ရှိ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ (CNCC) ၌

ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၁၅** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yanqi Lake International Conference Center ၌ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ နိုင်ငံ၊ အစိုးရအဖွဲ့အကြီးအကဲများ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ရှိ MAPCO Golden Lace ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ Mr.Ghassan Salame ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ တွေ့ဆုံ၍ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးသည်။

**၁၆** အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့သည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ဂူဗိမာန်သို့ သွားရောက်ပန်းခွေချ အလေးပြုပြီးနောက် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးသည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းကို ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Madam Nguyen Thikim Ngan က လက်ခံတွေ့ဆုံစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် ၁၄ ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေးတက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

သမ္မတဒေါ်နယ်ထရန့်သည် အိုင်အက်စ်စစ်သွေးကြွများနှင့် သက်ဆိုင်သည့် ထိပ်တန်းလျှို့ဝှက် သတင်းအချက်အလက်များကို ရုရှားနိုင်ငံသို့ မျှဝေပေးခဲ့သည်ဆိုသော အမေရိကန်မီဒီယာများ၏ ရေးသားချက်များမှာ မဟုတ်မှန်ကြောင်း အိမ်ဖြူတော်က ငြင်းဆိုသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ် လေ့လာချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Kempinski ဟိုတယ်၌ကျင်းပရာ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

**၁၈** စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ (၂/၂၀၁၇) အစည်းအဝေးကို နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေးများကို နေပြည်တော်၌ စတင်ကျင်းပသည်။

ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးအဖွဲ့များအနေဖြင့် အထောက်အကူပြုပါဝင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace-B4P) အကြောင်း သတင်းမီဒီယာများအား အသိပေးပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ပြုလုပ်သည်။

**၁၉** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အာမေးနီးယားခရစ်ယာန်ဘုန်းတော်ကြီး Very Rev.Fr.Zaven Sargis ကိုလည်းကောင်း၊ ဆားဘီးယားနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဆားဘီးယားနိုင်ငံခေတ္တ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Goran Aleksic ကိုလည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၆၉ ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ်အပါး ၉၀ တို့အား ချီးကျူး ပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုသည်။

ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတို ထီးနန်းစွန့်ခြင်းနှင့် တော်ဝင်လုပ်ငန်းတာဝန်များကို အိမ်ရှေ့မင်းသား နာရူဟီတိုထံ လွှဲပြောင်းပေးရေးဥပဒေမူကြမ်းကို ဂျပန်အစိုးရအဖွဲ့က အတည်ပြုပေးလိုက်ပြီးယင်းကဲ့သို့ ထီးနန်းစွန့်ခြင်းသည် နှစ်ပေါင်း ၂၀၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

**၂၀** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆဋ္ဌမအကြိမ်မြောက် ပုံမှန် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**၂၁** အီရန်နိုင်ငံသမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဟာဆန်ရိုဟာနီ ပြန်လည်ရွေးချယ်ခံရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

**၂၃** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ကော်ဖီဖိုရမ် အခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်**

ကျောင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင် အဖွဲ့ ခေါင်းဆောင်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၈/ ၂၀၁၇) ဖြင့် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျ ခံနေရသော နိုင်ငံသား အကျဉ်းသား ၁၈၆ ဦးကို



**မန်ချက်စတာမြို့ ဂီတဖျော်ဖြေပွဲ ဗုံးပေါက်ကွဲမှုအပြီး ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးကို တွေ့ရစဉ်**

ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုပြီး အမိန့်အမှတ် (၉/ ၂၀၁၇) ဖြင့် နိုင်ငံခြားသား အကျဉ်းသား ၇၃ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးသည်။

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့ ဂီတဖျော်ဖြေပွဲ တစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၂ ဦးသေဆုံး ပြီး ၅၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ခရီးသည်တင်လေယာဉ် ထုတ်လုပ်ရေးဈေးကွက် အတွင်း ဘိုးရင်းနှင့်အဲဘတ်စ်လေယာဉ်ကုမ္ပဏီများက စိုးမိုးထားမှုကို ချိုးဖောက်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့က ကိုယ်ထည် ကျယ်ဝန်းသည့် ခရီးသည်တင် ဂျက်လေယာဉ်များ ပူးတွဲထုတ်လုပ်ရန် ဖက်စပ်လုပ်ငန်းတစ်ရပ်ကို တည်ထောင်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၂၄** ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ဖွင့်ပွဲအခမ်းအနား ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေး

ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးတို့က အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးသံတမန် H.E.Mr.Yohei SASAKAWA ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၂၅** ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ဒုတိယနေ့တွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေး ကဏ္ဍဆွေးနွေးပွဲများကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

**၂၆** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံ ဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ Dr.Werner Langen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ အိန္ဒိယသမ္မတ နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Dr.S. Jaishankar ကိုလည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံ သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံ ဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့ဥက္ကဋ္ဌ Dr.Werner Langen ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) တတိယနေ့ ဆွေးနွေး ပွဲများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည်။

**၂၇** Public Private Partnership အစီအစဉ်အရ စက်မှုဝန်ကြီးဌာန၏ ကူညီမှုဖြင့် မြန်မာနိုင်ငံသားပိုင် Mother Industrial Co.,Ltd က တည်ဆောက်သည့် အပေါ့စား ကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံ ကွန်ကရစ် အုတ်စက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသည့် စက်မှု ဖွံ့ဖြိုးပြီး ခုနစ် နိုင်ငံအုပ်စု (ဂျီ-၇) ထိပ်သီး အစည်း အဝေးတွင် ဂျီ-၇ ခေါင်းဆောင်များက အကြမ်းဖက်မှု လုပ်ရပ်များကို အမြစ်ပြတ်ချေမှုန်းရန် ကတိပြုခဲ့ပြီး အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ကြေညာချက်တစ်ရပ်ကို လက်မှတ် ရေးထိုးသည်။

**၂၈** ၁၁ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်း အဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**၂၉** ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၁) အဖြစ် သဘော တူညီချက် ၃၇ ချက်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အောင်မြင်စွာကျင်းပ ပြီးစီးသည်။

သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၆၉ ဦး အထိရှိပြီး အိမ်ခြေပေါင်း ၂၀၀၀ နီးပါး ပျက်စီးကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၃၀** သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း (၂၀၁၆) နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**၃၁** နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲဖြင့် "လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များအား စုံစမ်းစစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူသွားမည်" ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဆိုင်ကလုံးမုန်တိုင်း မိုရာ၏အရှိန်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်တပ်မတော်သည် မြောက်ကိုရီးယား နိုင်ငံ၏ ခြိမ်းခြောက်မှုများကို ခုခံနိုင်မည့် အစီအစဉ်အဖြစ် တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် စမ်းသပ်အောင်မြင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အလယ်၌ ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူ ၈၀ ကျော် သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၅၀ ကျော်အထိ ရှိကြောင်း၊ အဆိုပါ ပေါက်ကွဲမှုသည် ဂျာမနီသံရုံးအနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး အနီးပတ်ဝန်းကျင်ရှိ ရုံးဌာနများကိုလည်း ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း ဂျာမနီနိုင်ငံခြားရေး ဝန်ကြီး ဆစ်ဂမာဂါဘရီရယ်က ပြောကြားသည်။

## ဇွန်လ

**၁** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးမြို့ရှိ Prime Farm ၌ ခေတ်မီစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ညှိနှိုင်းကွပ်ကဲရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေနှင့် အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ဗဟို စစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တောင်ကိုရီးယားအမျိုးသား လွှတ်တော်က ဝန်ကြီးချုပ်ရာထူးအတွက် သမ္မတမွန်ဂျေအင်း ရွေးချယ်ထားသူ လီနက်ယွန်ကို အတည်ပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

**၂** ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်၌ ပြုလုပ်ရာ နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ကျင်းပသည့် ကလေးစာပေပွဲတော်သို့ တက်ရောက်အားပေးစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်ခန်းမ၌ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရှင်းလင်း၊ ဆွေးနွေး တင်ပြခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွှတ်မြောက်ရေး တပ်မတော်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖန်းဖန်ဟွေ တို့သည် နေပြည်တော်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်းသို့ သွားရောက်ကြည့်ရှုသည်။

ဂျပန်-ရုရှား အငြင်းပွားကျွန်း လေးကျွန်းပေါ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ပြီးနောက် ရုရှားနိုင်ငံက အဆိုပါ ကျွန်းများပေါ်တွင် စစ်စခန်းများတည်ဆောက်ရန် ဂျပန်နိုင်ငံနှင့် ညှိနှိုင်းလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

ရာသီဥတုပြောင်းလဲခြင်း ထိန်းညှိခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ပါရီ သဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုနုတ်ထွက်ရန် သမ္မတ ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်သည့်အနေဖြင့် အိမ်ဖြူတော်ရှေ့တွင် လူရာပေါင်းများစွာ ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၃** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့စပ်စံထွန်းပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်အသုံးပြု၍ ဆေးဝါးကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်တွင်းစစ်ပွဲများ၏ ဆိုးကျိုးတစ်ရပ်အနေဖြင့် ယီမင်နိုင်ငံတွင် ကာလဝမ်းရောဂါ ကူးစက်မှုများရှိခဲ့ပြီး ယခုအချိန်ထိ လူပေါင်း ၆၀၀ နီးပါးသေဆုံးခဲ့ရကြောင်း

ကုလသမဂ္ဂ နိုင်ငံတကာကလေးများ အရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ထုတ်လုပ်သော ပရစ်ဗီ-၂ အမျိုးအစားပဲ့ထိန်းဒုံးကျည် တစ်စင်းကို နိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ကမ်းခြေမှ စမ်းသပ်ပစ်လွှတ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း၊ ယင်းဒုံးကျည်သည် အဏုမြူလက်နက် ထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း အိန္ဒိယစစ်ဘက်က ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကာလ ထပ်မံတိုးမြှင့်သည့် အစီရင်ခံစာ တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

**၄** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရီဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေး ခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

အိန္ဒိယကြည်းတပ်မှ စစ်သည်လေးဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် အောက်ဆီဂျင်ဘူးများ အသုံးပြုခြင်းမရှိဘဲ ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ချူကလီးယားစွမ်းအင် ဖွံ့ဖြိုးရေးအစီအစဉ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံအပေါ် စားပွဲဝိုင်းပေါ် ဆွေးနွေး ခြင်းထက် ဖိအားများပေးပြီး ကိုင်တွယ်ထိန်းကျောင်း သင့်သည်ဆိုသည့် အာရှနိုင်ငံများမှ ကာကွယ်ရေး ဝန်ကြီးများ၏ သဘောထားအမြင်များကို ဂျပန် ကာကွယ်ရေးဝန်ကြီးက သဘောတူကြောင်း မီဒီယာများကို ပြောကြားသည်။

**၅** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၀/၂၀၁၇) ဖြင့် ဦးကျော်လင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၁/၂၀၁၇) ဖြင့် ဦးဌေးဝင်းကို ဧရာဝတီတိုင်း ဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နှင့်အတူ ဆော်ဒီအာရေဗျ၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့သည် ကာတာနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုများ ဖြတ်တောက်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၆** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏ အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာ မူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကနေဒါနိုင်ငံမှ ပညာရှင်များက အော့တဝါမြို့ Anda-2 Ottawa Market Hotel ၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဦးစီးဦးဆောင်ပြုဆောင်ရွက်ခြင်းမရှိပါက အမေရိကန်ပြည်ထောင်စုသည် ကောင်စီမှ နုတ်ထွက်ရန် သင့်မသင့်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလီက ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

မွန်တီနီဂရိုနိုင်ငံသည် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) တွင် ၂၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ရာ ယင်းနိုင်ငံသည် ရုရှား၏ ဖိအား

ပေးမှုကြားမှ အနောက်အုပ်စု၏ စစ်မဟာမိတ်အဖွဲ့တွင် ပါဝင်လာခြင်းအတွက် ချီးကျူးသည်ဟု အမေရိကန်အစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

**၉** နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၂/၂၀၁၇) ဖြင့် ဦးမင်းကျော်လွင်ကို မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံဝန်ကြီးချုပ်**
**မစ္စတာ ဂျက်စတင်ထရူးဒိုးနှင့် တွေ့ဆုံစဉ်**

**၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျက်စတင်ထရူးဒိုးတို့သည် ကနေဒါနိုင်ငံမြို့တော် အော့တဝါမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံစဉ် ကနေဒါနိုင်ငံက မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

**၈** MYANMAR-EU ECONOMIC FORUM ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ KEMP INSKI ဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်သည်။

ဗြိတိန်နိုင်ငံ၌ ဇွန် ၈ ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ မည်သည့်နိုင်ငံရေး ပါတီကမျှ အမတ်နေရာအများစုကို မရရှိခြင်းကြောင့် လက်ရှိ အာဏာရ ကွန်ဆာဗေးတစ်ပါတီသည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရေး ပြင်ဆင်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၀** မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်) ရုံးသစ်ဖွင့်ပွဲနှင့် နည်းပညာဆိုင်ရာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အဆိုပါရုံး အဆောက်အအုံရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကရင်ပြည်နယ်သို့ရောက်ရှိရာ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်စွန့်လွှတ်မြေများကို မူလတောင်သူနှင့် သက်ဆိုင်သူများထံ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

**၁၁** ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူသည် မွန်ပြည်နယ်သထုံမြို့ရှိ စက်မှုနယ်မြေကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလုပ်ငန်းများ၏ အားနည်းချက်အားသာချက်၊ အတွေ့အကြုံများကို အခြေခံပြီး အကောင်းဆုံးဆောင်ရွက်ရန်၊ ဒေသခံများ အလုပ်အကိုင်ရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားသည်။

စက်မှုဖွံ့ဖြိုးပြီးဖြစ်သော ဂျီ-၇ နိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ ဘိုလောနာမြို့၌ ပထမဆုံးအကြိမ်ကျင်းပသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံများဖြစ်လာသဖြင့် အဆိုပါဒေသဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းမှာ တောင်အာရှဒေသသို့ နယ်ပယ်ချဲ့ထွင်ပေါင်းစည်းနိုင်ပြီဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

**၁၂** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စမာဂတ်စ်ဝဲလ်စတောင်းတို့သည် စတော့ဟုမ်းမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

**၁၃** မြောက်ကိုရီးယားနိုင်ငံအပေါ် ထားရှိသည့် အမေရိကန်နိုင်ငံ၏ စစ်ရေးတုံ့ပြန်ချက်သည် ပြင်းထန်သော စစ်ပွဲဖြစ်ပွားရန် ဦးတည်နေပြီဖြစ်ကြောင်း၊ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမာတစ်စ်က သတိပေးပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြသည်။

**၁၄** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၄/၂၀၁၇) ဖြင့် ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသည်။

မြောက်ကိုရီးယားနိုင်ငံက နိုင်ငံတော်ဥပဒေချိုးဖောက်မှုဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထိန်းသိမ်းခဲ့သည့် အမေရိကန်တက္ကသိုလ်ကျောင်းသား အော်တိုဝမ်ဘီယာကို ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင်က ပြောကြားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၅** ဒုတိယမ္မတဦးဟင်နရီဗန်ထီးယူသည် ပျဉ်းမနားမြို့ရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံအေးခဲစက်ရုံနှင့် လယ်ဝေးမြို့နယ်အတွင်း စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ထားရှိမှု၊ ပေါင်းလောင်းရေသောက်စနစ်နှင့်ပေါင်းလောင်းရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

**၁၇** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနဝန်ကြီး Army General Sergey K.Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

အမေရိကန်ရေတပ်မှ ဖျက်သင်္ဘော ယူအက်စ်အက်စ်ဖစ်ဂျရယ်သည် ၎င်း၏ အခြေစိုက်စခန်းရှိရာ

ယိုကိုဆူကာဆိပ်ကမ်းသို့ ပြန်လည်ခုတ်မောင်းလာစဉ် ဂျပန်နိုင်ငံ အရှေ့ပိုင်းကမ်းလွန်ပင်လယ်၌ ဖိလစ်ပိုင်နိုင်ငံ အလံလွှင့်ထူထားသည့် ကုန်သေတ္တာတင် ရေယာဉ်နှင့် တိုက်မိရာ ရေတပ်သားသုံးဦး ဒဏ်ရာရရှိပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၉** ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

**၂၀** ဘူးသီးတောင်-မောင်တောဒေသ မေယုတောင်ကြောပေါ်၌ အကြမ်းဖက်သင်တန်းများ ဆောင်ရွက်နေသည့် နေရာများရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ လူလုပ်လိုဏ်ခေါင်းတစ်ခု၊ သေနတ်များ၊ လူနေတဲ၊ ဂိုဒေါင်များ၊ စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ပြန်လည်တိုက်ခိုက်သူတစ်ဦးကို အသေဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Army General Sergey K.Shoigu က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**၂၁** ဆော်ဒီအာရေဗျဘုရင်က လက်ရှိအိမ်ရှေ့မင်းသားအဖြစ် ခန့်အပ်ထားသည့် တူတော်စပ်သူ မိုဟာမက်ဘင်နာရက်ဖ်ကို ရာထူးမှဖယ်ရှားကာ သားအရင်းဖြစ်သူ မိုဟာမက်ဘင်ဆယ်လ်မန်ကို အိမ်ရှေ့မင်းသား ရာထူးအပ်နှင်းခဲ့ပြီး ယင်းကဲ့သို့ အပ်နှင်းခြင်းသည် ၎င်း၏ အာဏာကို ရေရှည်တည်တံ့စေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၂** ဥရောပသမဂ္ဂ (အီးယူ) ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ စတင်ကျင်းပသည်။

**၂၃** မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် သတ္တမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**၂၄** တရုတ်နိုင်ငံ စီချွန်ပြည်နယ်တွင် မိုးကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် မြေပြိုမှုများ ဖြစ်ပေါ်ပြီး လူပေါင်း ၁၄၁ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



**ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသားအဖြစ် ရာထူးအပ်နှင်းခံရသည့် မိုဟာမက်ဘင်ဆယ်လ်မန်**

**၂၅** ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ဘာဟာဝါပူရ်မြို့ဆင်ခြေဖုံးဒေသရှိ အဝေးပြေးလမ်းပေါ်၌ ရေနံတင်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းယာဉ်ပေါ်တွင် တင်ဆောင်လာသော စက်သုံးဆီကို ရယူရန် ရွာသူရွာသားများ စုဝေးရောက်ရှိလာစဉ် မီးလောင်ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၄၆ ဦးထက်မနည်းသေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်နှင့် နျူကလီးယား နည်းပညာဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်နေမှုကို အဆုံးသတ်ပါရန် ကိုရီးယားစစ်ပွဲ စတင်ခဲ့သည့် နှစ်ပတ်လည်နေ့တွင် တောင်ကိုရီးယားနိုင်ငံက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၆** အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။



**လာဘ်ပေးလာဘ်ယူမှုဖြင့် အစိုးရရှေ့နေချုပ်ရုံး၏ စွဲချက်တင်ခံရသည့် ဘရာဇီးသမ္မတ မိုက်ကယ်တီမာ**

**၂၇** ဘရာဇီးသမ္မတ မိုက်ကယ်တီမာကို ဒေါ်လာငွေသန်းပေါင်းများစွာ လာဘ်ငွေယူမှုဖြင့် ဖက်ဒရယ်အစိုးရရှေ့နေချုပ်က စွဲချက်တင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံမြို့တော် ကာရာကတ်စ်၌ ရဲတပ်ဖွဲ့ ရဟတ်ယာဉ်တစ်စင်းက တရားရုံးချုပ်အဆောက်အအုံနှင့် ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံတို့ကို တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်သည်ဟု သမ္မတ နီကိုလပ်စ်မာဒူရိုက ပြစ်တင်ရှုတ်ချခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၈** ကုလသမဂ္ဂအဖွဲ့၏ လက်နက် ဖျက်သိမ်းရေးဌာနအကြီးအကဲက နျူကလီးယားလက်နက်နှင့် အခြားလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ တင်ပို့မှုကို ထိန်းချုပ်ကန့်သတ်ရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ညွှန်ကြားရေးမှူးချုပ် Mr.Yukiya Amano ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများဖြင့် မွေးဖွားကြီးပြင်းလာသော်လည်း မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်မှုကြောင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သူ မထူးထူးမွန်ကို ၂၀၁၇ ခုနှစ်၊ ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ထုတ်ပြန်သည်။

**၃၀** ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အထူးအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်သည်။

အမေရိကန်အစိုးရအဖွဲ့က တရုတ် (ထိုင်ပေ) ကို ပထမဆုံးအကြိမ်အဖြစ် လက်နက်များရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

## ဇူလိုင်လ

၁ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို နေပြည်တော်ရှိ သမဝါယမဦးစီးဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

၂ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့် ကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့ ဒါးပိုင်ကယ်ဆယ်ရေးစခန်းကို ကြည့်ရှုလေ့လာသည်။

၃ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များကို လည်းကောင်း၊ နီပေါလွှတ်တော်ကိုယ်စားလှယ် Mr.Madhav Kumar Nepal ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံပိုင် ဖြိုက်တုစနစ် တည်ထောင်ရေးဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့သည် မောင်တောမြို့သို့ရောက်ရှိပြီး ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးသည်။

MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရွှေခါးပတ်လုပွဲတွင် လက်ရှိကမ္ဘာ့ချန်ပီယံ ရုရှားနိုင်ငံသားကိုအနိုင်ရရှိခဲ့သော မြန်မာအမျိုးသား ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သူ အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေ ငွေကျပ် သိန်း ၁၀၀ ဂုဏ်ပြုချီးမြှင့်သည့်



**ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့ မောင်တောမြို့ဒေသခံများနှင့်တွေ့ဆုံစဉ်**

အခမ်းအနားကို ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ကျင်းပသည်။

၄ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဒုတိယအကြိမ် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်း အဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

၅ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi ကိုလည်းကောင်း၊ ကမ္ဘောဒီးယား၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Ellen Goldstein ကိုလည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော အလုပ်သမားအရေးကိစ္စများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည်။

ဒူဘိုင်းနှင့် အစ္စတန်ဘူတို့မှ အမေရိကန်သို့ ဝင်ရောက်လာမည့် လေကြောင်းခရီးစဉ်များ၌ လက်တော့ပ်နှင့်အကြီးစားအီလက်ထရွန်းနစ်ပစ္စည်းများသယ်ဆောင်ခွင့် ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း အီဖရိတ်နှင့် တူရကီလေကြောင်းလိုင်းများက ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

၆ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Borye Brende ကို နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီးနောက် မြန်မာ-နော်ဝေ နှစ်နိုင်ငံ သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E.Mr.Borye Brende နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များကို နေပြည် တော်ရှိ Kempinski ဟိုတယ်၌ သီးခြားစီတွေ့ဆုံပြီး ညနေပိုင်းတွင် အမျိုးသားပြတိုက် (နေပြည်တော်) ၌ မြန်မာ့ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်တစ်ဆူကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi သည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်လည်းကောင်း၊ ညနေပိုင်းတွင် UN နှင့် ကုလသမဂ္ဂလက်အောက်ရှိ လူသားချင်းစာနာမှု အေဂျင်စီများ၊ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြ သည့် ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း တွေ့ဆုံပြီး ၎င်း၏ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တူရကီနိုင်ငံ အစ္စတန်ဘူမြို့အနီးရှိ ကျွန်း တစ်ကျွန်းပေါ်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတစ်ခု၌ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့မှ ဒေသဆိုင်ရာ ဒါရိုက်တာတစ်ဦးနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှား သူများအပါအဝင် လူ ၁၂ ဦးကို တူရကီရဲတပ်ဖွဲ့ကဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

၇ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နိုင်ငံတော် သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ နံနက် ၁၀ နာရီတွင်ကျင်းပသည့် အမျိုးသား စီမံကိန်းကော်မရှင် (၂/၂၀၁၇) အစည်းအဝေးသို့လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင်ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၇) အစည်းအဝေးသို့လည်းကောင်း တက်ရောက် အမှာစကားပြောကြားသည်။

၈ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

သည် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီး Gen. Sirichai Distakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမှုအခြေအနေများကို ဆွေးနွေးသည်။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရန် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် မိုဆူးမြို့ကို အိုင်အက်စ်တို့၏လက်မှ အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



**အီရတ်နိုင်ငံ မိုဆူးမြို့ကို အိုင်အက်စ်တို့လက်မှ အီရတ်တပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းပိုက်ပြီးနောက် တွေ့ရစဉ်**

**၉** ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် ရာသီဥတုဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ကမ္ဘာ့ခေါင်းဆောင်များ သဘောထားကွဲလွဲခဲ့ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

**၁၀** မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အမေရိကန်၊ ရုရှားနှင့်ဂျော်ဒန်နိုင်ငံတို့ ချုပ်ဆိုခဲ့သော ဆီးရီးယားအနောက်တောင်ပိုင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇူလိုင်လ ၉ ရက် မွန်းတည့် ၁၂ နာရီ တွင် အသက်ဝင်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝါရင့်ဝန်ကြီး၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်းကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၂** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို

နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည့် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့် မြေများကို နံ့သာမြိုင်ကျေးရွာမူလ တောင်သူ ၃၁၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ဗီဇာခါပတ်တနမ်မြို့ရှိ အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်လေ့လာသည်။

**၁၃** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေများကို မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**၁၄** ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) အစည်းအဝေး (၁/၂၀၁၇) ကို နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီ နာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**၁၅** ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ရွှေနံ့သာအိမ်ရာ စီမံကိန်းအတွင်း ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

**၁၆** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံး၌ ဖွင့်လှစ်ထားသည့် အလုပ်သမားများ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိ၍ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများကို ကြိုဆိုအားပေးစကား ပြောကြားပြီးနောက် မြဝတီမြို့ အာဇာနည်ပန်းခြံ၌ ကျင်းပသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများ ပန္နက်တင်တပ်ဆင်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၁၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှနှင့်ပစိဖိတ်ရေးရာဗျူရို၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်၊ ယွန်းကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့်ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဗျူရို၊ ကိုရီးယားနှင့်ဂျပန်နိုင်ငံဆိုင်ရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး မစ္စတာဂျိုးဇက်ဝိုင်၊ ယွန်းကို ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှစ် ၇၀ ပြည့် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်အလေးပြုစဉ်**

၂၀၁၇ ခုနှစ်၏ ပထမခြောက်လတာအတွင်း စစ်ပွဲတွင် ပါဝင်ခြင်းမရှိသည့် အရပ်သားပြည်သူ ၅၀၀၀ ကျော် သေဆုံးခဲ့ရပြီးနောက် အရပ်သားများကို တိုက်ခိုက်နေမှုများ ထိန်းချုပ်ကြရန် ကုလသမဂ္ဂက အာဖဂန်နစ္စတန်ရှိ စစ်သွေးကြွများကို တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၈** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့သည် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဇွန်လ ၇ ရက်က တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8 F 200 W) ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ ပူးပေါင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ဖြင့် အသေးစိတ်စိစစ်သုံးသပ်ဖော်ထုတ်ရာ လေယာဉ်ပျက်ကျခြင်းသည် ဆိုးရွားသော ရာသီဥတုနှင့်ကြုံတွေ့ခဲ့ရပြီး Lost Control ဖြစ်ပေါ်ခဲ့၍ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

**၁၉** အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်သည်။

နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိအာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပသည့် နှစ် ၇၀ ပြည့် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်အလေးပြုသည်။

တောင်ဆူဒန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသော ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့်သက်ဆိုင်သော သတင်းအချက်အလက်

များကို ဖုံးကွယ်ရန် သဘောတူခဲ့သည်ဟူသော မီဒီယာများ၏ ဖော်ပြချက်ကို ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါက ငြင်းဆိုလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံတွင် ကာကွယ်ရေးဆိုင်ရာ ဘတ်ဂျက်အသုံးပြုမှုကို သမ္မတမက်ခရွန်က လျှော့ချလိုက်သည့်အတွက် အငြင်းပွားမှုများ ပေါ်ပေါက်လာပြီးနောက် ပြင်သစ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ပီယဲဒီဗီလီရာ ရာထူးမှ နုတ်ထွက်သွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များဗဟိုစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာကြည့်တိုက်သို့ သွားရောက်သည့် အလေ့အထ ထူထောင်ရန်လိုအပ်ကြောင်း မှာကြားသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် အဋ္ဌမအကြိမ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။


ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်သည် ဂျာမန်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ တစ်ဦးကို တူရကီက ဖမ်းဆီးထိန်းသိမ်းလိုက်သည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် တူရကီနိုင်ငံကို ကန့်ကွက်ဆန့်ကျင်သည့်ဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်လုပ်ဆောင်သွားမည်ဟု ကြေညာလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၁** နိုင်ငံ့ဝန်ထမ်းအိမ်ရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးအနီးရှိ အိမ်ရာဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသည့် ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ကုလသမဂ္ဂအထူးအစီရင် ခံစာတင်သွင်းသူ၏ မြန်မာနိုင်ငံ ခရီးစဉ်အဆုံး ထုတ်ပြန်ချက်သည် ယေဘုယျဆန်သော စွပ်စွဲချက်များနှင့် မှားယွင်းသောအချက်အလက်များစွာ ပါဝင်နေကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။



**အိန္ဒိယနိုင်ငံ၏ ၁၄ ဦးမြောက် သမ္မတအဖြစ် ရွေးချယ်ခံရသည့် ရမ်နက်သ်ကိုဗင့်ဒ်**

အိန္ဒိယနိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်ပါတီမှ ရမ်နက်သ်ကိုဗင့်ဒ်က အိန္ဒိယနိုင်ငံ၏ ၁၄ ဦးမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌနှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်**

**၂၃** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂအထူးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**၂၄** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ဥက္ကဋ္ဌနှင့်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**၂၆** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr.Peter Batchelor ကို လည်းကောင်း၊ အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ဟီဘရူးတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခ Prof. Ayal Kimhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးမြင့်ဆွေသည် မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်တည်ဆောက်မည့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**၂၇** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် ချီးမြှင့်သည်။

မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီး ဌာနပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အပါအဝင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၂၈** လာဘ်ပေးလာဘ်ယူပြုလုပ်မှုများဖြင့် အပြစ်ရှိသည့်အတွက် ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ရန် အရည်အချင်းမပြည့်မီဟု ပါကစ္စတန်တရားရုံးက ဆုံးဖြတ်လိုက်ပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် နာဝက်ဇ်ရှာရစ်ဖ်သည် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်ဒိုပြည်နယ်၌ ရေနံရှာဖွေနေသော နိုင်ဂျီးရီးယား ရေနံကုမ္ပဏီမှ အဖွဲ့ဝင်များကို ဘိုကိုဟာရမ်စစ်သွေးကြွတို့က တိုက်ခိုက်ခဲ့ရာ လူပေါင်း ၅၀ ကျော် သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၂၉** ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲ (Stakeholder Meeting) ကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသူများ၏ ဆွေမျိုးများနှင့် ပညာရှင်များ တက်ရောက်ဆွေးနွေးသည်။

ဒုံးကျည်စီမံကိန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် အီရန်နိုင်ငံ၏ မူပိုင်အခွင့်အရေးဖြစ်သောကြောင့် မည်သည့်နိုင်ငံ၏ ခွင့်ပြုချက်မျှမလိုအပ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**၃၁** နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၉/၂၀၁၇) ဖြင့် ဦးဆက်အောင်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ အမိန့်အမှတ် (၂၀/၂၀၁၇) ဖြင့် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးသည်။

ဗင်နီဇွဲလားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရာထူးနေရာ ၅၄၅ နေရာအတွက် ရွေးကောက်ပွဲကျင်းပရာ ဆန္ဒပြဆူပူမှုဖြစ်ပွားပြီး လူ ၇ ဦးသေဆုံးကြောင်း အင်န်အိတ်ချ်ကေသတင်းတွင်ဖော်ပြသည်။

## ဩဂုတ်လ

**၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာနဧရာဝတီခန်းမ၌ကျင်းပသည့် (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၁/၂၀၁၇) ဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းကို ရာထူးမှ နုတ်ထွက်ခွင့်ပြုပြီး အမိန့်အမှတ် (၂၂/၂၀၁၇) ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏တာဝန်ကို ပူးတွဲထမ်းဆောင်စေကြောင်း ထုတ်ပြန်ကြေညာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်သည်။

**၂** နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာခါလစ်ဟူစိန်မန်မွန်သည် မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာအက်စ်စဖောဒင် ဂမိုကာမီသည် ညနေ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ နေပြည်တော်ရှိ သမ္မတ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် အီသီယိုးပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာအက်စ်စဖောဒင် ဂမိုကာမီကို လက်ခံတွေ့ဆုံစဉ်**

အိမ်တော်၌ လာရောက်တွေ့ဆုံကာ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်သည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ၅၄ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်အားပေးသည်။

အမေရိကန်ပြည်ထောင်စု၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ဒါရိုက်တာ ဂျိမ်းစ်ကိုမီ၏ နေရာတွင် မစ္စတာခရစ္စတိုဖာဝေးကို ဆီးနိတ်လွှတ်တော်အမတ်များ၏ ထောက်ခံမှုဖြင့် တာဝန်ခန့်အပ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာ အက်စ်စဖောဒင်ဂမိုကာမီကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ပထမအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို တက်ရောက်အားပေးချီးမြှင့်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Eduardo E.Kapunan Jr ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ NPO Asia Environmental Technology Promotion Institute မှ Executive Director. Mr. Akio Kawakami ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌လည်းကောင်း အသီးသီးလက်ခံတွေ့ဆုံသည်။

**၄** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao ကို နေပြည်တော်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

နေအိမ်၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ B ၌ ကျင်းပသည့် ၂၉ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို လမ်းညွှန်အမှာစကားပြောကြားခြင်းနှင့် အောင်နိုင်ရေးအလံပေးအပ်ခြင်းအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့အားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အောင်နိုင်ရေးအလံပေးအပ်သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၃/၂၀၁၇) ဖြင့် ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဦးရဲတင့်စိစ်မွိုင်းနီပွဲကို ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr. Song Tao နှင့်အဖွဲ့ကို နေပြည်တော် ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးကို ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဝန်ကြီးချုပ်၏ နေအိမ်သို့ သွားရောက်တွေ့ဆုံသည်။

**၅** ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ၌ ၂ ရက်ကြာ ကျင်းပရာ ကမ္ဘာ့နိုင်ငံ ၃၂ နိုင်ငံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပညာရှင် ၁၀၀ ကျော် တက်ရောက်သည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယ သမ္မတရွေးချယ်ပွဲကို စတင်ကျင်းပရာ အိန္ဒိယအထက်လွှတ်တော် အမတ်များနှင့် အောက်လွှတ်တော်ရှိ ဥပဒေပြုအမတ်များက လျှို့ဝှက် ဆန္ဒမဲပေးရွေးချယ်လျက်ရှိပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့မှ ကိုယ်စားပြု အမ်ဗင်ကီရန့်နိုင်ဒူးနှင့် အတိုက်အခံ ညွန့်ပေါင်းအဖွဲ့မှ ဂိုပယ်လ်ခရီရှနာဂန္ဒီတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၆** မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာကျောက်စိမ်းခန်းမ၌ကျင်းပသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ သတင်းစာရှင်းလင်းပွဲသို့တက်ရောက်ကာ ကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံပိတ်ပွဲအခမ်းအနားကို သီတဂူဗုဒ္ဓတက္ကသိုလ်၌ ကျင်းပရာ ငြိမ်းချမ်းရေးညီလာခံ၏ ကြေညာစာတမ်းကို သီတဂူဗုဒ္ဓတက္ကသိုလ် ပါမောက္ခ ဦးကျော်စိုးလွင်က ဖတ်ကြားသည်။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် မျိုးချစ်အဖွဲ့ အမည်ခံသံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့တို့က နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် ထိုင်သပိတ်ပြုလုပ်ကာ ဆန္ဒပြမှုများ ဆောင်ရွက်ခဲ့သော်လည်း ပြည်သူများက နိုင်ငံ၏ရေရှည်အကျိုးကိုမျှော်ကိုးပြီး ထောက်ခံခြင်း၊ ပူးပေါင်းပါဝင်ခြင်းများ မပြုခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံရုံးက ထုတ်ပြန်ကြေညာသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့သည် မွန်ပြည်နယ်၊ သထုံမြို့ ရွှေစာရံစေတီဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်၌ ကျင်းပသည့် သထုံမြို့အတွင်းရှိ ကျောင်းများတွင် တက်ရောက်နေသည့် ကျောင်းနေ ကလေးများအတွက် ကျောင်းဝတ်စုံများ မှုဝေခြင်း အခမ်းအနားကို တက်ရောက်အားပေးသည်။

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ အဏုမြူဗုံးကြဲတိုက်ခိုက်ခံရမှု ၇၂ နှစ်ပြည့် အခမ်းအနားကို ငြိမ်းချမ်းရေးအထိမ်းအမှတ်ဥယျာဉ်၌ ကျင်းပသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာမှ ဒေသခံဘိုးဘွားများနှင့် တွေ့ဆုံစဉ်**

**၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ၌ ကျင်းပသည့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ကာ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များဆွေးနွေးသည်။

အီရန်နိုင်ငံရှိ မြို့ကြီးများနှင့်ဘာသာရေးအရ အထွတ်အမြတ်ပြုရာမြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်လျက်ရှိသည့် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) အစွန်းရောက်အဖွဲ့ဝင် ၂၇ ဦးကို အီရန်ထောက်လှမ်းရေးက ဖမ်းဆီးရမိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၈** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နှစ် ၅၀ ပြည့် ရွှေရတုနှစ်ပတ်လည် အာဆီယံနေ့သို့ သဝဏ်လွှာ ပေးပို့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးရေး အုပ်စုဥက္ကဋ္ဌနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အုပ်ချုပ်ရေးမှူး Mr.Achim Steiner နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည့် ရခိုင်ပြည်နယ်တွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ပတ်သက်သည့် အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့်အဖွဲ့ဝင်များကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံကာ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်းပြည်နယ်ကွမ်လန်းမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ လူနေကျဲပါးသောဒေသတွင် ပြင်းအားမဂ္ဂနီကျူ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသွားရှစ်ဦးအပါအဝင် လူ ၁၉ ဦး

သေဆုံးပြီး ၂၄၇ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကိုရီးယား သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chung Sye-kyun နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် နေပြည်တော်ရှိ Sofitel Hotel (The Lake Garden Hotel) ၌ ကျင်းပသည့် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု နှစ် (၆၀) ပြည့် အထိမ်း အမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**၁၁** မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ် ဆွေးနွေးပွဲ (Forum on Myanmar Democratic Transition) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြား သည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ်လ ၈ ရက်က ကျင်းပသည့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ရွေးချယ်ပွဲတွင် အနိုင်ရရှိခဲ့သူ အစိုးရ အဖွဲ့ဝင် ဝန်ကြီးဟောင်း အမ်ဗန်ကီရန်နိုင်ဒူးသည် ဒုတိယသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၁၄** အာဆီယံ နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်း အနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အမှာစကားပြောကြားသည်။

**၁၅** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများကို မွန်းလွဲ (၂) နာရီက နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌တွေ့ဆုံကာ စီးပွားရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး ညပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် အိန္ဒိယနိုင်ငံ၏ နှစ် ၇၀ မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုဆုတောင်းစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှ ပစိဖိတ်ဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ အမှုဆောင်အတွင်းရေးမှူး Ms.Shamshad Akhtar ကို နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E.Mr.Bhim K.Vdas ကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အိန္ဒိယနိုင်ငံ၏ နှစ် ၇၀ ပြည့် နှစ်ပတ်လည် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နယူးဒေလီရှိ ခံတပ်နီ၌ကျင်းပရာ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီတက်ရောက် မိန့်ခွန်းပြောကြားသည်။

**၁၆** ဆောက်လုပ်ရေးဝန်ကြီးဌာန၏အသစ်တိုးချဲ့ဖွဲ့စည်း သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသစ် ဖွင့်ပွဲအခမ်း အနားကို နေပြည်တော်ရှိ ရုံးအမှတ် (၁၁) ဆောက်လုပ် ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ကျင်းပရာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမာဒူဂူရီမြို့၏ ဈေးတစ်နေရာအပါအဝင် ဒုက္ခသည်စခန်းတစ်ခု၏ ဂိတ်ပေါက်သုံးနေရာတွင် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က အသေခံဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ရာ ၂၇ ဦးသေဆုံး ခဲ့ပြီး ၈၃ ဦးကျော် ဒဏ်ရာရရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံးသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မြောက်ကိုရီးယား နျူကလီးယားအရေးနှင့် ပတ်သက်၍ တရုတ်-အမေရိကန် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ရာ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားအပေါ် စစ်ရေးခြိမ်းခြောက်မှုများ ပြန်လည်တုံ့ပြန်ရန် ဆွေးနွေးမှုကို တရုတ်နိုင်ငံဗဟိုကာကွယ်ရေးကော်မရှင်



**မလေးရှားနိုင်ငံ၌ကျင်းပသည့် ၂၉ ကြိမ်မြောက်**
**အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား**

ဒုတိယအကြီးအကဲ ဖန်ချန်လောင်းက ပယ်ချခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၉** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးကာ လျှပ်စစ်ဓာတ်အားများကို အပြည့်အဝ အသုံးချရေးနှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ဗြိတိသျှအုပ်စိုးမှုမှ လွတ်မြောက်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံ၏ ၉၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မြို့တော်ကဘူးလ်၌ ကျင်းပရာ သမ္မတအာရှက်ဖ်ဂါနီတက်ရောက် ဂုဏ်ပြုသည်။

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲကို မြို့တော်ကွာလာလမ်ပူရှိ ဘူကစ်ဂျာလီအမျိုးသားအားကစားကွင်း၌ ကျင်းပသည်။

**၂၁** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘိုဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**၂၂** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မလေးရှားနိုင်ငံ၌ကျင်းပသည့် ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအားကစားမောင်မယ်များထံသို့ သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်ကို နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်

သံအမတ်ကြီး H.E.Mr.Wouter Jurgens ကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော် ရေးရာဆောင် အမှတ် (I-11) ၌ သီးခြားစီ လက်ခံ တွေ့ဆုံသည်။

၂၃ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရခိုင် ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ ကိုဖီအာနန်ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၄ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ချစ်ကြည်ရေး ခရီးရောက်ရှိလာသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးလျောင်ကို နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့်ကော်မရှင်အဖွဲ့ဝင်များကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံသည်။

၂၅ အစွန်းရောက် အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ဘူးသီးတောင် မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေး ဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာ ကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန် တည်း အလစ်ဝိုက်အကြမ်းဖက် တိုက်ခိုက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သားတစ်ဦး၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦး ကျဆုံးခဲ့ပြီး လက်နက် ၆ လက်ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန် ကြေညာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက် တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် အတွင်းရှိ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရ နယ်မြေရုံးများကို အလစ်အငိုက်အကြမ်းဖက် ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သည့် အစွန်းရောက်ဘင်္ဂါလီအကြမ်း ဖက်သမားများနှင့် Arakan Rohingya Salvation Army (ARSA) တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ထုတ်ပြန် ကြေညာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုလုပ်ရပ်များနှင့် စပ်လျဉ်း၍ ပြင်းထန်စွာ ရှုတ်ချကြောင်း၊ နိုင်ငံအတွက် အသက်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် တစ်သားတည်းရပ်တည်လျက်ရှိကာ ထပ်တူထပ်မျှ ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာသည်။

၂၆ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးလျောင်တို့ သည် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ မိုင်တဲလ်ကုမ္ပဏီဌာနချုပ်၌ ကျင်းပသည့် Telecom International Myanmar Co.,Ltd.(Mytel) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အစွန်းရောက် အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသွားလာ လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေရန် မိုင်းထောင်ခြင်း၊ မောင်တောမြို့နယ်မြောက်ပိုင်းရှိ လိပ်ရကျေးရွာ ခေတ္တ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ် ရေးမှူး ရုံးအကူနှင့်သတင်းပေးသူဟု သံသယရှိသူများ ကို သတ်ဖြတ်ခြင်း၊ တုတ်၊ ဓား၊ သေနတ်နှင့် ဘက်ထရီဖြင့် ရှော့တိုက်ပစ်ခတ်သည့် ဗုံးပစ်လောင်ချာကဲ့သို့သော လက်နက်များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံမှုများ ဆောင် ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်း ထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်ကြေညာသည်။

စာပေဗိမာန် နှစ် ၇၀ ပြည့် အခမ်းအနားကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် အဆောက်အအုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။



**စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့တက်ရောက်လာသည့် စာပေပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ရစဉ်**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) က အခြေစိုက်တပ်စွဲထားသည့် အီရတ်နိုင်ငံ တယ်လ်အဖာမြို့၏ ၇၀ ရာခိုင်နှုန်းကို အီရတ်အစိုးရ တပ်ဖွဲ့များက ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

**၂၇** ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် အစွန်းရောက် အကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုကို ထောက်ခံခြင်း၊ အားပေး ကူညီရာ ရောက်စေသော ပြုမူလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း၊ ထောက်ပံ့ခြင်း၊ မီဒီယာများမှ ထောက်ခံရေးသားခြင်းတို့ကို မပြုလုပ်ရန် နိုင်ငံတော် အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတိပေးချက်တစ်ရပ်ထုတ်ပြန်ကြေညာသည်။

**၂၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည် သည် International Commission on Financing Global Education Opportunity မှ ကော်မရှင်နာ ကိုရီးယား သမ္မတနိုင်ငံ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဟောင်း ပါမောက္ခ Ju.Ho Lee ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပ သည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် နဝမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံ နယ်စပ်ဒေသ၌ ပိုင်နက်နယ်မြေ အငြင်းပွားမှုကြောင့် စစ်ရေးအရ တင်းမာမှုများဖြစ်ပွားလျက်ရှိရာ သံတမန်ရေးအရ ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် တင်းမာမှုအဆုံးသတ်ရေး သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

**၂၉** လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၂/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ဘုရင့်နောင်ရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်သန်းထွဋ်သိန်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့်တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ သတင်းထောက်များ တက်ရောက်သည်။

**၃၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု The Richardson Center ဥက္ကဋ္ဌ နယူးမက္ကစီကိုပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Mr.Bill Richardson ကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ Gavi-The Vaccine Allicance အဖွဲ့အစည်း၏ ဒုတိယအမှုဆောင်အရာရှိချုပ် Mrs. Anuradha Gupta နှင့် ဒိန်းမတ်နှင့်ဆွီဒင်နိုင်ငံတို့မှ လွှတ်တော်အမတ်များကို နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (National Road Safety Council-NRSC) ၏ တတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီသည် အိုင်အေအီးအေအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဏုမြူလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် လိုအပ်လာပါက ရောင်းချနိုင်ရန်ရည်ရွယ်၍ ယူရေနီယံသတ္တုဘဏ်ကို ကာဇက်စတန်နိုင်ငံ၌ စတင်ဖွင့်လှစ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

## စက်တင်ဘာလ

**၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ဟံသာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၂** ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်း

ဖက်လုပ်ရပ်များကြောင့် ပြည်သူများဘေးကင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေစဉ် ပဋိပက္ခများမဖြစ်ပွားရန်အတွက် ကောလာဟလထုတ်လွှင့်ခြင်းနှင့် လုပ်ကြံသတင်းမှားများ ဖြန့်ချိခြင်းမပြုလုပ်ကြရန် သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်သည်။



**ရခိုင်ပြည်နယ်မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏ လုပ်ရပ်များနှင့်ပတ်သက်၍ မီဒီယာများက သတင်းရယူစဉ်**

မြောက်ကိုရီးယားနိုင်ငံ၏ ရန်စမှုများကို ရပ်တန့်နိုင်ရန်အတွက် ကြီးမားသောစီးပွားရေးပိတ်ဆို့မှုများ ချမှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၄ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စရက်နိုအယ်လ် ပီမာဆူဒီနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr.Zhang Dejiang ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စရက်နိုအယ်လ်ပီမာဆူဒီကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၅ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြု အခမ်းအနားဖြင့် ကြိုဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တူရကီနိုင်ငံသမ္မတ တေယစ်ပ်အာဒိုဂန်၏ တယ်လီဖုန်းခေါ်ဆိုမှုကို လက်ခံပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တရုတ်နိုင်ငံ ရှားမင်းမြို့၌ ကျင်းပခဲ့သည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်သော BRICS အုပ်စု ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများအကြား အရင်းအမြစ်၊ နည်းပညာနှင့် အတွေ့အကြုံ ဗဟုသုတတို့ အပြန်အလှန်ဖလှယ်မှုများတိုးမြှင့်ရန် သဘောတူညီလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။


၆ ရခိုင်ပြည်နယ်အရေးကိစ္စများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ ရှင်းလင်းတင်ပြသည့် အခမ်း

အနားကို နိုင်ငံတော်သမ္မတ အိမ်တော်၌ကျင်းပရာ နိုင်ငံတော် သမ္မတဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီတို့ဦးဆောင်သည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်၌ ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်းတို့က ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပွားနေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ ကျင်းပသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့်တွေ့ဆုံခဲ့ပြီးနောက် ဒေသတွင်းလုံခြုံရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးရန်ဆန္ဒရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။



**မက္ကဆီကိုနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ပြိုကျပျက်စီးလျက်ရှိသည့် အဆောက်အအုံများကို တွေ့ရစဉ်**

**၉** ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr.Zhang Dejiang တို့သည် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးသည်။

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းလွန်၌ ရစ်ချ်တာစကေး အဆင့်ရှစ်ရှိ အင်အားပြင်းမြေငလျင်တစ်ခုလှုပ်ခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

**၈** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Hon.Jose de Venecia ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**၁၀** မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အုန်းတော (၁) ရပ်ကွက်ရှိ ဆိတ်သားသတ်လုပ်ငန်းလုပ်ကိုင်သူ ကိုဂျင်းနား၏ နေအိမ်ကို လူငယ် ၅၀ ခန့်က ခဲများဖြင့်ပစ်ပေါက်ခဲ့ပြီးနောက် ရွှေကြာအင်း (၁) ရပ်ကွက်ရှိ ဗလီဘက်သို့ ဆက်လက်ထွက်ခွာသွားကာ ဗလီဝန်းကျင်တွင် လူစုလူဝေးဖြစ်ပေါ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက တားဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရကြောင်း ပြည်တွင်းမီဒီယာများတွင်ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူအရေအတွက် ၉၀ ဦး အထိမြင့်တက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ လက်ခံတွေ့ဆုံသည်။

ကွမ်းယာနှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲ

စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သဝဏ်လွှာပေးပို့သည်။

စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု နှစ်ပတ်လည်နေ့အခမ်းအနားကို နယူးယောက်မြို့ရှိ အမှတ်တရဗိမာန်နှင့်ပြတိုက်၌ ကျင်းပခဲ့ကြောင်း ဘီဘီစီအိုင်သတင်းတွင် ဖော်ပြသည်။

**၁၂** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် နံ့သာမြိုင် ခန်းမ၌ကျင်းပသည့် ပညာရေးဝန်ကြီးဌာနမှ နိုင်ငံတော်နှင့် သက်ဆိုင်ရာမူလတောင်သူများထံသို့ မြေဧရိယာ ၂၆၆၅ ဧကကို ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**၁၃** ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

စင်ကာပူနိုင်ငံ၏ ရှစ်ဦးမြောက်သမ္မတအဖြစ် လွှတ်တော်ဥက္ကဋ္ဌဟောင်း ဟာလီမက်ကွတ်စ်ကို ခန့်အပ်ခဲ့ရာ ၎င်းသည် စင်ကာပူနိုင်ငံ၏ ပထမဆုံး မလေးရှားလူမျိုး အမျိုးသမီးသမ္မတတစ်ဦးဖြစ်လာကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံမြို့တော် မော်စကိုတစ်ဝန်းရှိ နေရာအများအပြား၌ တစ်ပြိုင်နက်တည်း ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုထွက်ပေါ်လာပြီးနောက် နေရာပေါင်း ၃၀ ခန့်တွင် ရှိနေသော လူပေါင်း ၂၀,၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဘီဘီစီအိုင်သတင်းတွင် ဖော်ပြသည်။

**၁၄** ကမ္ဘောဒီးယား၊ အီရီထရီးယား၊ ဂီနီနှင့် ဆီရာလီယွန်နိုင်ငံတို့သည် ပြည်နှင်ဒဏ်ပေးခံရသည့် ၎င်းတို့၏ နိုင်ငံသားများကို ပြန်လည်လက်ခံရန် ငြင်းဆန်ခဲ့သည့်အတွက် ယင်းနိုင်ငံများကို အမေရိကန်ပြည်ထောင်စုက ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



**စင်ကာပူနိုင်ငံ၏ ရှစ်ဦးမြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် လွှတ်တော်ဥက္ကဋ္ဌဟောင်း ဟာလီမက်ကွတ်စ် ကျမ်းသစ္စာကျိန်ဆိုစဉ်**

**၁၅** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mrs. Carries Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်၌ လည်းကောင်း၊ အမေရိကန်လွှတ်တော်သုတေသနဌာန အာရှရေးရာကျွမ်းကျင်သူ မစ္စတာ မိုက်ကယ်

မာတင်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများတက်ရောက်သည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားများကို နံနက်ပိုင်းတွင် ရန်ကုန်မြို့အလံပြဘုရားလမ်းရှိ သမ္မတရုပ်ရှင်ရုံ၌လည်းကောင်း၊ JCGV (Junction City) ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နဝဒေးရုပ်ရှင်ရုံ၌လည်းကောင်း ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တက်ရောက် အမှာစကားပြောကြားသည်။

**၁၆** ၁၄ ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည် ကြီးများ ညီလာခံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် ၇၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ မူဝါဒရေးရာ ဆွေးနွေးပွဲသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

**၁၈** ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Surapong Suwanadth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Surapong Suwanadth ကို ဇေယျာသီရိဗိမာန်အတွင်း၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီးနောက် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးဆည်ဖြစ်သည့် အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ ဆာဒါးဆာရိုဗာဆည်ကို ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက စက်တင်ဘာလ ၁၇ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အစိုးရ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့် ပတ်သက်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင် အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.Patrick Murphy ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပသည့် ၇၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းတွင် အင်အား ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၂၂၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး အဆောက်အအုံပေါင်းများစွာ ပြိုကျပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၂၀** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပသည့် ၇၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံတွင် အမြဲတမ်းစစ် အခြေစိုက်စခန်းတစ်ခုကို ပထမဆုံး အကြိမ် တရားဝင်ထူထောင်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၁၅ ခုနှစ်တွင် အီရန်နိုင်ငံနှင့် ရရှိခဲ့သော နိုင်ငံတကာ နျူကလီးယားသဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်လိုက်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားသည်။

မြို့တော်မနီလာ၌ စုဝေးဆန္ဒပြခဲ့ကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

**၂၂** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်များကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။



**မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအပါအဝင် သမ္မတဒူတာတေး၏ မူဝါဒများကို ကန့်ကွက်သည့်အနေဖြင့် ဖိလစ်ပိုင်ပြည်သူများက စုဝေးဆန္ဒပြကြစဉ်**

**၂၁** ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်းသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr.Wang Yi၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Mr.Abul Hassan Mahmud Ali၊ အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Ms. Susan Thornaton တို့နှင့် သီးခြားစီတွေ့ဆုံသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ပွဲအပါအဝင် သမ္မတဒူတာတေး၏ မူဝါဒများကို ကန့်ကွက်သည့် အနေဖြင့် ဖိလစ်ပိုင်ပြည်သူထောင်ပေါင်းများစွာသည်

**၂၃** မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒသမ အကြိမ် ပုံမှန်တွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကား ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက် စမ်းသပ်မှုတစ်ရပ်အဖြစ် ပဲ့ထိန်းဒုံးကျည်ခိုရာမာရှာကို စမ်းသပ်ပစ်ခတ်ခဲ့ရာ ကီလိုမီတာ ၂၀၀၀ အထိ ပစ်လွှတ်နိုင်ကြောင်း အီရန်ရုပ်မြင်သံကြား သတင်းဌာနက ထုတ်ပြန်သည်။

**၂၄** အင်တာနက်ကို အကြမ်းဖက်သမားများ အသုံးပြုခြင်းမှ တားဆီးနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု ကုလသမဂ္ဂ ဌာနချုပ်၌ကျင်းပသည့် ဆွေးနွေးပွဲတစ်ရပ်တွင် အိန္ဒိယ နိုင်ငံခြားရေးအတွင်းဝန် အက်စ်ဂျေရှန်ကာက ပြောကြားလိုက်ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

**၂၅** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ၇၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံအထွေထွေ မူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပသည့် အထွေထွေမူဝါဒရေးရာ ဆွေးနွေးမှု နောက်ဆုံးနေ့တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားချက်များကို ပြန်လည် တုံ့ပြန်ချေပသည့် မိန့်ခွန်း (Right of Reply) တစ်ရပ်ကို ပြောကြားသည်။

**၂၆** တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် ၆၈ နှစ်မြောက် အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

**၂၇** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State၊ The Rt. Hon Mark Field MP ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၅/၂၀၁၇) ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးစိုးအောင်ကို ခန့်အပ်တာဝန်ပေးသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လယ်သမားများအား အမတော်ကြေးငွေများထုတ်ပေးခဲ့သဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ ထိခိုက်သည်ကို လျစ်လျူရှုခဲ့သည့်အတွက် တရားရုံးချုပ်က ဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာကို ထောင်ဒဏ်ငါးနှစ် ချမှတ်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၈** နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို) သည် ပါလက်စတိုင်းကို တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပေးရန် မဲခွဲဆုံးဖြတ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

## အောက်တိုဘာလ

**၁** ၅၃ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟတိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

စပိန်နိုင်ငံ ကာတာလိုနီးယားဒေသ၌ စပိန်နိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေးကြေညာရန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို စပိန်ရဲတပ်ဖွဲ့က တားဆီးရန်ကြိုးပမ်းခဲ့ရာမှ ကာတာလိုနီးယားမဲဆန္ဒရှင်များနှင့် ရဲတပ်ဖွဲ့ကြား ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂတ်စ်မြို့၌ ကျေးလက် ရိုးရာဂီတဖျော်ဖြေပွဲကျင်းပနေစဉ် လူအုပ်အတွင်းသို့ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူ ၅၀ ခန့်သေဆုံးပြီး ၄၀၀ ကျော် ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၂** ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၇) အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်

အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. General Ngo Xuan Lich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်နှင့် ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်မောင်တောဒေသသို့သွားရောက်၍ ဒေသခံများနှင့် တွေ့ဆုံသည်။




**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရှင်းလင်းပြောကြားစဉ်**

၃ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကျင်းပသည့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်သည့် အစည်းအဝေး၌ အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွားခဲ့မှုနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

၄ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများ ပျံ့နှံ့နေမှုကို တုံ့ပြန်ဆောင်ရွက်ရေးအတွက် ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့် တွေ့ဆုံဆွေးနွေးသည်။

တူရကီနိုင်ငံ၌ ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုတွင် ပါဝင်ခဲ့သည့် တူရကီတပ်ဖွဲ့ဝင်ဟောင်းများကို တရားရုံးချုပ်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၆ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Imam ဘုရင့်နန်းတော်၌ကျင်းပသည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနယ်လ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာ နန်းမွေဆက်ခံသည့် နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ တက်ရောက်သည်။

၈ ကာတာလိုနီးယားဒေသသည် တစ်ဖက်သတ်လွတ်လပ်ရေးကြေညာပါက ယင်းဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို ဆိုင်းငံ့ထားရေးအပါအဝင် နည်းလမ်းအားလုံးကို လုပ်ဆောင်မည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် မာရီယာနိုရော်ဂျွိုင်းက ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

၉ မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချ ရေးလုပ်ငန်းစီမံချက် (၂၀၁၇)

အတည်ပြုမိတ်ဆက်ပွဲအခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

တူရကီနိုင်ငံ၌ အမေရိကန် ကောင်စစ်ဝန်ရုံး ဝန်ထမ်းတစ်ဦး ဖမ်းဆီးခံခဲ့ရပြီးနောက် ယင်းနိုင်ငံရှိ အမေရိကန်သံရုံးက ပြည်ဝင်ဗီဇာ ဝန်ဆောင်မှုလုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ရာ တူရကီနိုင်ငံကလည်း ပြည်ဝင်ဗီဇာလုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၁** ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဦးဆောင် ကျင်းပသည့် ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်အလားအလာများဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည်။

ထိုင်းနိုင်ငံ၌ ပါတီစုံရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။



**ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်များ၊ သံတမန်များ ရခိုင်ပြည်နယ်ရသေ့တောင်နှင့် မောင်တောဒေသသို့ ကွင်းဆင်းကြည့်ရှုလေ့လာစဉ်**

**၁၀** ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးသိန်းဆွေနှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးများနှင့် သံတမန်များသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့သို့ ကွင်းဆင်းကြည့်ရှုလေ့လာသည်။

**၁၂** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဖြစ်ရပ်များနှင့်ပတ်သက်သည့် ပြည်သူသို့တင်ပြချက်ကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်ထုတ်လွှင့်သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သည် ဘက်လိုက်မှုရှိသည်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့က

ယူနက်စကိုအဖွဲ့မှ နုတ်ထွက်မည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၃** အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**၁၅** တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ၂ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တည်ခင်းဧည့်ခံသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

**၁၆** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီဖဲလ်မန် ဦးဆောင်သောအဖွဲ့ကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းနှင့်အဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီတွေ့ဆုံသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အောက်တိုဘာလ ၁၅ ရက် ညပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှ ရန်ကုန်သို့လိုက်ပါမည့် ခရီးသည် ဖြိုးကိုကိုတင့်ဆန်း၊ ဇော်ဝင်းထိုက်နှင့် ရဲမင်းဆွေတို့၏ ခရီးဆောင်အိတ်များကိုစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ပစ္စတိုသေနတ်နှစ်လက်အပါအဝင် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိပြီး ဆက်လက်၍ ၎င်းတို့တည်းခိုသည့် ဟိုတယ်ACE သို့ ဝင်ရောက်ရှာဖွေရာ ပစ္စတိုသေနတ် ခုနစ်လက်နှင့် ကျည်တောင့်များကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။



**နေပြည်တော်လေဆိပ်၌ ဖမ်းဆီးရမိသည့် ဆက်သွယ်ရေးစက်နှင့် လက်နက်များကို တွေ့ရစဉ်**

**၁၇** နိုင်ငံတော်သမ္မတရုံးသည် အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၇) ဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဖြင့် အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) ကို ဖွဲ့စည်းသည်။

ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီဖဲလ်မန် ဦးဆောင်

သော ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံရွာသူရွာသားများနှင့်တွေ့ဆုံ ကာ သိရှိလိုသည်များကို မေးမြန်းသည်။

**၁၈** နေပြည်တော်လေဆိပ်၌ လက်နက်များ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဖြိုးကိုကိုတင့်ဆန်းပိုင် နေပြည်တော်ရှိ ACE ဟိုတယ်နှင့် ရန်ကုန်မြို့ရှိ ACE ရုံးတို့ကို ဝင်ရောက်ရှာဖွေရာ လက်နက်များ၊ ဆက်သွယ်ရေးစက်များနှင့် Drone များကို ထပ်မံသိမ်းဆည်းရမိပြီး အမှုနှင့်ပတ်သက်သည့် လူပုဂ္ဂိုလ် ၁၂ ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

တရားမဝင် လက်ဝယ်ထားရှိသော လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ၊ လိုင်စင်မဲ့ ယာဉ်များကို နီးစပ်ရာ တပ်၊ ရဲစခန်း၊ ရဲတပ်ဖွဲ့မှူးရုံးများသို့ အမြန်ဆုံး လာရောက်အပ်နှံကြရန်နှင့်လာရောက်အပ်နှံခြင်းမပြုဘဲ လက်ဝယ်ထားရှိကြောင်း စုံစမ်းသိရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

လေထုညစ်ညမ်းမှုလျှော့ချသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကမ္ဘာ့လူဦးရေအထူထပ်ဆုံးမြို့ကြီးများအနက် တစ်မြို့ဖြစ်သည့် နယူးဒေလီမြို့ရှိ ကျောက်မီးသွေးဖြင့် လည်ပတ်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံအပါအဝင် ပုဂ္ဂလိကဒီဇယ်မီးစက်ကြီးများ မောင်းနှင်မှုကို ပိတ်ပင်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၁၉** ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဉယျာဉ်ရပ်ကွက် ကန်တော်ကြီးပတ်လမ်းရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ မီးလောင်မှုဖြစ်ပွားရာ ဟိုတယ်တွင် တည်းခိုနေသည့် ဂျပန်နိုင်ငံသား တစ်ဦးအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး တရုတ်နိုင်ငံသူ တစ်ဦးနှင့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

စပိန်နိုင်ငံ ကာတာလိုနီးယားဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို ဆိုင်းငံ့ထားရန် စပိန်ဗဟိုအစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၀** ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အဖွဲ့၏ အမာခံခြေကုပ်စခန်းဖြစ်သည့် ရာကာမြို့ကို အမေရိကန်က ထောက်ခံအားပေးသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၂** စပိန်ဗဟိုအစိုးရအဖွဲ့က ကာတာလိုနီးယားဒေသအပေါ် တိုက်ရိုက်အုပ်ချုပ်ခြင်းကို လက်ခံနိုင်မည် မဟုတ်ကြောင်း ကာတာလိုနီးယားဒေသခေါင်းဆောင်များက ပြောကြားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကာတာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Soltan Bin Saad Al Muraikhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ဂျပန်နိုင်ငံအောက်လွှတ်တော် ရွေးကောက်ပွဲတွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့က အနိုင်ရရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၄** ၇၂ ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဆင့်အစည်း အဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၂၅** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တို့သည် နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်ဘူမိဘောအဒူလျာ ဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး H.E.Mr.Asaduzzaman နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**၂၆** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Sanam Luang ၌ ပြုလုပ်သည့် နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်း အနားသို့ တက်ရောက်သည်။

မြောက်ကိုရီးယားလက်ဝယ်ရှိ နျူကလီးယား လက်နက်များကို ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် အမေရိကန်နိုင်ငံ၏ ဆောင်ရွက်ချက်များကို ပျက်စီး စေရန် ရုရှားနိုင်ငံက လုပ်ဆောင်နေသည်ဟု အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ပြောကြားလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၇** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တို့သည် နတ်ရွာစံထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ တော်ဝင် ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ၁၁ ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာ စကားပြောကြားသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အတွက် အပြည်ပြည် ဆိုင်ရာ အကြံပေးကော်မတီ၏ ၁၃ ကြိမ်မြောက် အစည်းအဝေး၌ မြန်မာနိုင်ငံမှ ပုဂံရွှေစည်းခုံဘုရား ရင်ပြင်တော်ပေါ်ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်သည်။

**၂၈** ၂၂ ကြိမ်မြောက် World Police Band Concert ဖျော်ဖြေပွဲကို ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ကျင်းပရာ မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ Police Band အဖွဲ့များက ဆူးလေဘုရားလမ်းအတိုင်း ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ စုပေါင်းလမ်းလျှောက် တီးခတ်ဖျော်ဖြေသည်။

**၂၉** လူဖြူအမျိုးသားရေးဝါဒီများက ဒုက္ခသည်များ အခြေစိုက်နေထိုင်မှုအပေါ် ကန့်ကွက်သည့်ဆန္ဒပြပွဲ များကို အမေရိကန်ပြည်ထောင်စုတင်နက်ဆီ ပြည်နယ်ရှိ မြို့ကြီးများ၌ ပြုလုပ်ခဲ့ကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

**၃၀** ၁၂ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကို နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်တက်ရောက် အမှာစကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်သည် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၂ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်**

H.E.Mr. Don Pramudwinai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုနေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံရေးရာများ ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Don Pramudwinai ကိုလည်းကောင်း၊ အိန္ဒိယရေတပ်မှ Vice Admiral Bimal K Verma, AVSM, Commander in Chief of Andaman and Nicobar Command နှင့်အဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှိနှိုင်းခန်းမဆောင်၌ သီးခြားစီတွေ့ဆုံသည်။

**၃၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Ms.Ulha Toernaes ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၆/၂၀၁၇) ဖြင့် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မာဌေးကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုသည်။

## နိုဝင်ဘာလ

**၁** အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ အောက်တိုဘာလ ၃၁ ရက်တွင် အကြမ်းဖက် တိုက်ခိုက်သူတစ်ဦးက ထရပ်ယာဉ်ကိုအသုံးပြု၍ ဟတ်ဆန်မြစ်ရိုးတစ်လျှောက် လမ်းလျှောက်သူများနှင့် စက်ဘီးစီးနင်းသူများကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူရှစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်

မြောက်ပိုင်း မောင်တောခရိုင် ပန်းတောပြင်၊ ခုံတိုင် (မြို) ရွာသစ်၊ တောင်ပြိုလက်ဝဲ၊ ကျီးကန်ပြင်ဒေသတို့ကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ၊ နယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများကို တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၁၁ ခုနှစ်က အိုစမာဘင်လာဒင်ကို ဖမ်းဆီးခဲ့သည့် စစ်ဆင်ရေးလုပ်ငန်းအတွင်း သိမ်းဆည်းရမိခဲ့သော ကွန်ပျူတာတစ်လုံးမှ ဗီဒီယိုမှတ်တမ်းများကို ပြည်သူတို့လေ့လာကြည့်ရှုနိုင်ရန် အမေရိကန်စုံစမ်းစစ်ဆေးရေး အေဂျင်စီ (စီအိုင်အေ) က ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၃** ဆီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ အိုင်အက်စ်အဖွဲ့၏ နောက်ဆုံးခြေကုပ်စခန်းဖြစ်သည့် ဒီရာအယ်ဇောမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဆီးရီးယားအစိုးရက ထုတ်ပြန်ကြေညာသည်။

တူရကီနိုင်ငံ၌ ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုကို စီစဉ်ခဲ့သူ တရားဟောဆရာ ဖာတူလာဂူလန်ကို အားပေးထောက်ခံသည်ဟု သံသယရှိသူ ၉၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၄** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိပြီး မဒဲကျွန်းဆိပ်ကမ်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်မည့်မြေနေရာနှင့် သဘာဝဓာတ်ငွေ့စခန်း (OGT) ကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော လူငယ်များ ဘက်စုံတိုးတက်စေရေးအတွက် လူငယ်များနှင့်သက်ဆိုင်သည့် "လူငယ်နှင့်လူမှုမီဒီယာ" ပြည်သူ့စကားဝိုင်းကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ကျင်းပသည်။

၁၉၇၉ ခုနှစ်က အီရန်နိုင်ငံရှိ အမေရိကန်သံရုံးကို ဝင်ရောက်စီးနင်းခဲ့မှု နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြို့တော်တီဟီရန်၌ အီရန်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၅** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) One Hero's Dream ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်ကို ရန်ကုန်မြို့ရှိ ၎င်း၏နေအိမ်၌ လက်ခံတွေ့ဆုံ၍ ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံ၌ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များနှင့်သက်ဆိုင်သည့် "လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း" ပြည်သူ့စကားဝိုင်းကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ကျင်းပသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ရှယ်တာလန်းစပရင်းရှိ ဘုရားရှိခိုးကျောင်းအတွင်း၌ ဝတ်ပြုကိုးကွယ်နေသည့် လူအုပ်အတွင်းသို့ အမျိုးသားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် လူ ၂၆ ဦး သေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၆** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ IMPACT Exhibition Center ၌ ကျင်းပသည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**၇** ၆၂ နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ် အစိုးရ



**ဒုတိယသမ္မတဦးမြင့်ဆွေ ၆၂ နှစ်မြောက် ကရင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်**

အဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယသမ္မတဦးမြင့်ဆွေတက်ရောက်ပြီး အထိမ်းအမှတ်ပြခန်းများကို ဖွင့်လှစ်ပေးသည်။

နိုဝင်ဘာလ ၆ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဌ၏ ရခိုင်ပြည်နယ်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို မြန်မာအစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်းမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ မြူများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ပြီး လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဘုတ်အဖွဲ့၏ထုတ်ပြန်ချက်အရ လေထုညစ်ညမ်းမှုအညွှန်းကိန်းမှာ ပြင်းထန်သောအဆင့် ၄၁၁ သို့ ရောက်ရှိနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ကျင်းပသည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာသည်။ ညနေပိုင်းတွင် ဒါနန်းမြို့ရှိ ဒါနန်း Administration Center ဧည့်ခန်းမ၌ ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာထရန်ဒိုင်ကွမ်နှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ဂျီးရီးယားနှင့် နိုင်ဂျာနိုင်ငံတို့မှ ဆယ်ကျော်သက်အရွယ် မိန်းကလေး ၂၆ ဦးသည် ဥရောပသို့ တရားမဝင် ဝင်ရောက်ရန် မြေထဲပင်လယ်အတွင်း ရော်ဘာလှေဖြင့် ဖြတ်သန်းစဉ် လှေနစ်မြုပ်မှုကြောင့် ၎င်းတို့အားလုံးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၁၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ ဒါနန်း

Furama Resort ၌ ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်) အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၁၁** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန်အတွက် ဗီယက်နမ်နိုင်ငံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များနှင့် အဖွဲ့အစည်းများက စုပေါင်းအလှူငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၌ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။

**၁၂** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၉၇ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အီရန်-အီရတ်နယ်စပ်တွင် မဂ္ဂနီကျူ ၇ ဒသမ ၃ ရှိ အင်အားပြင်းမြေငလျင်လှုပ်ခဲ့ရာ လူပေါင်း ၃၃၆ ဦး သေဆုံးပြီး ၃၉၀၀ ကျော်ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် ဥရောပတိုက်၏ ကာကွယ်ရေးပေါင်းစည်းမှုကို အစပြုရန် ရည်ရွယ်သည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို အီးယူအဖွဲ့ဝင်နိုင်ငံများက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ လက်မှတ်ရေးထိုးသည်။

**၁၄** ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗင်နီဇွဲလားပြဿနာနှင့်ပတ်သက်၍ အများပြည်သူဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲကျင်းပခြင်းကို ရုရှား၊ တရုတ်၊ အီဂျစ်နှင့်ဘိုလီးဗီးယားနိုင်ငံတို့က သပိတ်မှောက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၅** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon.Rex Tillerson ကို နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ယင်းနောက် နှစ်နိုင်ငံပူးတွဲသတင်းစာ ရှင်းလင်းပွဲကို ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon.Rex Tillerson ကို နေပြည်တော်ရှိ ဗေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဇင်ဘာဘွေတပ်မတော်သည် နိုင်ငံကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက နိုင်ငံပိုင် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၁၆** ဇင်ဘာဘွေတပ်မတော်က နိုင်ငံကို ထိန်းချုပ်ခဲ့ပြီးနောက် သမ္မတရောဘတ်မူဂါဘီသည် နိုင်ငံတွင်းမှ



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာတွင်ဆုရရှိသူများ၏ မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုစဉ်**

ထွက်ခွာသွားနိုင်ရေးအတွက် ကြားဝင်ညှိနှိုင်းပေးခြင်းကို လက်မခံဘဲ ၎င်းသာ ဇင်ဘာဘွေနိုင်ငံ၏ တရားဝင်အုပ်စိုးသူဖြစ်ကြောင်း အခိုင်အမာပြောကြားသည်ဟု ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၁၇** ၁၃ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် မိတ်ဖက်နိုင်ငံများ၏ ဒေသအလိုက် အစည်းအဝေးများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) သတ်မှတ်နေရာများ၌ စတင်ကျင်းပသည်။

၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၌ ကျောက်မီးသွေးသုံးစွဲမှုကို အဆင့်လိုက်ဖျက်သိမ်းသွားရန်ရည်ရွယ်သည့် နိုင်ငံတကာမဟာမိတ်အဖွဲ့ကို ထူထောင်လိုက်ကြောင်း ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံကိုယ်စားလှယ်များက ပြောကြားသည်။

**၁၈** ၁၁ ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ တံ့ဂပူရီဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီးနောက် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

**၂၀** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လာအိုပြည်သူ့တပ်မတော် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt.General Chansamone Chanyalath ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

**၂၁** ၁၃ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ ကျင်းပပြီးစီးခဲ့ပြီး အစည်းအဝေးအပြီးတွင် သတင်းစာရှင်းလင်းပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) သဉ္ဇာခန်းမ၌ ပြုလုပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen.Li Zuocheng ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ထွက်ခွာသည်။

အီရတ်နိုင်ငံ ကာဒစ္စတန်ဒေသ၌ လွတ်လပ်ရေး ကြေညာရန်အတွက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှုမရှိဟု အီရတ်ဖက်ဒရယ်တရားရုံးက ဆုံးဖြတ်လိုက်ကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

**၂၂** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးချုပ် Gen.Li Zuocheng က ပေကျင်းမြို့ရှိ Ba Yi ခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး ဆက်လက်၍ Ba Yi ခန်းမဆောင်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဇင်ဘာဘွေနိုင်ငံ၌ ရောဘတ်မူဂါဘီက သမ္မတရာထူးမှ နုတ်ထွက်လိုက်သည့်အတွက် နိုင်ငံကို ၃၇ နှစ်ကြာအုပ်စိုးမှု အဆုံးသတ်သွားပြီ ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၃** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန် မာမွတ်အလီကို နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးစားပေးကဏ္ဍတစ်ခုဖြစ်သော ကျန်းမာရေးအသိပညာမြင့်မားလာရေးအတွက် ပညာပေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ပြုစုရေးဆွဲထားသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် မိတ်ဆက်ခြင်းအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီတို့သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ စနစ်တကျ စိစစ်လက်ခံရေး အစီအစဉ်ကို လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၉/၂၀၁၇) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးသောင်းထွန်းကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင်ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးသည်။

**၂၄** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ၁၂ ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဇင်ဘာဘွေနိုင်ငံ၏ သမ္မတအဖြစ် အမ်နန်ဂါဂွါက ကျမ်းသစ္စာကျိန်ဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။



**ဇင်ဘာဘွေသမ္မတသစ် အမ်နန်ဂါဂွါကို ကျမ်းသစ္စာကျိန်ဆိုပြီးနောက် တွေ့ရစဉ်**

အီဂျစ်နိုင်ငံ မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်ဒေသရှိ အစ္စလာမ်ဘုရားကျောင်းတစ်ခုကို စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၃၀၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၂၅** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ ၁၃၁ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**၂၆** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

သူလျှိုပြုလုပ်ရာတွင် အသုံးပြုသည့် နည်းပညာသုံးကိရိယာများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအပေါ် ထိန်းချုပ်မည့် အစီအစဉ်များကို ဥရောပပါလီမန်က တစ်ခဲနက်ထောက်ခံကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၂၇** ၆ ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chang Sye Kyun ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးအဖြစ် မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။ ညနေပိုင်းတွင် ပုပ်ရဟန်းမင်းကြီးကို ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ စိန့်မေရီဘုရားကျောင်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လာရောက်တွေ့ဆုံသည်။

ငါးလိပ်ကျောက်ငါးများ၊ ဝေလငါးများနှင့်လိပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်သည့်

မြောက်အမေရိကတိုက်ရှိ အကြီးဆုံး အဏ္ဏဝါဥယျာဉ်တစ်ခုကို မက္ကဆီကို အစိုးရက ထူထောင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၈** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီးတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ တွေ့ဆုံသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ဂျပန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Tadamori Oshima ကို ဂျပန်အောက်လွှတ်တော်ရှိ အထူးဧည့်ခန်းမဆောင်၌လည်းကောင်း၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.DATE Chuichi ကို အထက်လွှတ်တော်ရှိ အထူးဧည့်ခန်းမဆောင်၌ လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Chang Sye Kyun ကို ကိုရီးယားလွှတ်တော်အဆောက်အအုံဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**၂၉** ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကကြီးမှူး၍ သန့်ရှင်းသောမစ္ဆားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်းအခမ်းအနားကို နံနက်ပိုင်းတွင် ရန်ကုန်မြို့ကျိုက္ကဆံကွင်း၌ ကျင်းပပြီး ညနေပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့်



**မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို လှိုက်လှဲစွာ ကြိုဆိုနေသည့် ပြည်သူများနှင့်အတူ တွေ့ရစဉ်**

အဖွဲ့တို့တွေ့ဆုံပွဲကို ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အမေရိကန်နိုင်ငံ၏ မည်သည့်နေရာကိုမဆို ရောက်ရှိနိုင်သည့် ဈူကလီးယားထိပ်ဖူးတပ်တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ် the Hwasong-15 ကို မြောက်ကိုရီးယားနိုင်ငံက အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**၃၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Lee Nakyeon နှင့် ဝန်ကြီးချုပ်၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

## ဒီဇင်ဘာလ

၁ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ဒုတိယထပ်၌ ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဖာဂျူမြို့ရှိ ပန်းမွှန်းဂျောင် (တောင်မြောက် စစ်ရပ်စဲရေး ဆွေးနွေးခဲ့သည့်ကျေးရွာ) သို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၅၉ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။



**ဒုတိယသမ္မတ ဦးမြင့်ဆွေ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးစဉ်**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့ ဥပစာ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်အစိုးရအိမ်တော်အထူးဧည့်သည်တော်များခန်းမဆောင်၌ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇို အာဘေးနှင့်တွေ့ဆုံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်

ဂျပန်ဧကရာဇ်အာကီဟီတိုသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် နန်းစွန့်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့က ပြောကြားသည်။

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ထားဝယ်အထူး

စီးပွားရေးဇုန်အကောင်အထည်ဖော်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဝူကျင့်မြို့၌ ဒီဇင်ဘာလ ၂ ရက်မှ ၈ ရက်အထိ ကျင်းပသည့် The Fourth World Internet Conference သို့တက်ရောက်ရန် ရန်ကုန်မြို့မှထွက်ခွာသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ the Hwasong-15 ဒုံးကျည် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည့်အတွက် အောင်ပွဲခံလျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံးလည်ပတ်ရာနေရာ တစ်ခုဖြစ်သည့် အန်ကောရေးဟောင်းအမွေအနှစ်ဥယျာဉ်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဝင်ခွင့်လက်မှတ်ရောင်းချရငွေသည် အမေရိကန်ဒေါ်လာ ၉၅ သန်းအထိ ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားအစိုးရက ကြီးကြပ်လုပ်ဆောင်သည့် အန်ကောအင်တာပရိုက်က ထုတ်ပြန်သည်။



**ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသော အန်ကောဝပ်ဘုရားကျောင်း**

**၃** ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းအနီး တည်ဆောက်ရန်လျာထားသည့် ငါးလေလံဈေးမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ဂျေရုဆလင်ကို အသိအမှတ်ပြုရန် အမေရိကန်ပြည်ထောင်စု၏ ဆောင်ရွက်ချက်မှန်သမျှသည် အစွန်းရောက်လှုပ်ရှားမှုနှင့် အကြမ်းဖက်မှုတို့ကိုသာ ဖြစ်စေနိုင်သည်ဟု အာရပ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး အာမက်အဘူလ်ဂေယစ်က သတိပေးပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းသည် ရေနံစိမ်းတန်ချိန် သန်း ၅၂၀ ခန့် ကိန်းအောင်းနေသော ရေနံသိုက်တစ်ခုကို နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဝေဂါဒေသ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။

**၄** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီကျန်းပြည်နယ် ဝူကျင့်မြို့၌ ကျင်းပသည့် ၄ ကြိမ်မြောက် ကမ္ဘာ့အင်တာနက် ညီလာခံ Developing through Innovation and Sharing Digital Dividend အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က The Effect of Social Media on Myanmar Society ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးသည်။

အခွန်အတုတ်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဥပဒေမူကြမ်းတစ်ရပ်ကို အမေရိကန်အထက်လွှတ်တော်က အတည်ပြုပေးခဲ့ခြင်းသည် သမ္မတထရန့်အတွက် အောင်ပွဲတစ်ရပ်ဖြစ်စေခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် ဘင်္ဂလားဒေ့ရှ်အမျိုးသမီးတိုက်လေယာဉ်မှူးများကို ပထမဆုံးအကြိမ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်စစ်ဘက်တာဝန်ရှိသူများကပြောကြားသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအသင်း (အိုပက်) နှင့် ရုရှားဦးဆောင်သော အိုပက်အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများသည် ၂၀၁၈ ခုနှစ် ကုန်ဆုံးချိန်

အထိ ရေနံထုတ်လုပ်မှုကို ဆက်လက်လျှော့ချထားရန် သဘောတူညီကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

၅ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အမ်ရှဟီဒူအစ္စလာမ်နှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာအမ်ရှဟီဒူအစ္စလာမ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၂/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် လန်ဒန်အခြေစိုက် International Bar Association's Human Rights Institute (IBAHRI) ညွှန်ကြားရေးမှူး Mr.Phillip Tahmindjis နှင့်အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီသတင်းနှင့်ပြန်ကြားရေးဌာနတို့အကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ကွမ်တုံးပြည်နယ်ကွမ်ကျိုးမြို့ Zhudao အစိုးရဧည့်ဂေဟာ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်တရုတ်နိုင်ငံတော်ကောင်စီသတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Mr.Jiang Jianguo တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်သည်။

နီပေါနိုင်ငံ၌ ပြည်တွင်းစစ်ပြီးဆုံးခဲ့ပြီး ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲကြီးကို အဆင့်အလိုက်ကျင်းပလျက်ရှိကြောင်း၊ နီပေါနိုင်ငံ၏ ကုဋေကြွယ်သူဌေးကြီး ဘီနော့ချောင်ဒရီသည် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အာဏာရနီပေါ လိုက္ခန်ဂရက်ပါတီနှင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။



**ဘုရင်စနစ်ဖျက်သိမ်းပြီးနောက် ပထမအကြိမ်ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲပေးနေသော နီပေါပြည်သူများ**

အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သောဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ ဂျဗားကျွန်းတွင် မြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားခဲ့ရာ လူ ၄၁ ဦးသေဆုံးပြီး ၁၃ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၆ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံ အခြေစိုက် Rafto Foundation for Human Rights ၏ အမှုဆောင်အရာရှိ Mr. Jostein Hotel Kobbeltvedt နှင့် Norwegian Burma

Committee (NBC Myanmar ) ၏ ညွှန်ကြားရေးမှူး Mr.Audun Aagre တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNDP ၏ ယာယီဌာနေကိုယ်စားလှယ် Mr Knut Ostby ကိုလည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကြီးမားသော တောမီးလောင်ကျွမ်းမှုကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ဒီဇင်ဘာလ ၅ ရက်တွင် ဗန်တူးရာစီရင်စု၌ အရေးပေါ်အခြေအနေ ကြေညာလိုက်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

ကုလသမဂ္ဂနိုင်ငံရေးရာ ဒုတိယအတွင်းရေးမှူးချုပ် ဂျက်ဖရီဖဲလ်မန်က မြောက်ကိုရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီး ပတ်မြောင်ဂတ်နှင့် ပြုံယမ်းမြို့၌ တွေ့ဆုံခဲ့ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၇ ဂျပန်နိုင်ငံ Trust Fund for Restoration and Maintenance of the Peace Bell က ကုလသမဂ္ဂ ငြိမ်းချမ်းရေးခေါင်းလောင်း ပုံစံငယ်တစ်လုံးကို ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းလှူဒါန်းသည့် အခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်မည့် အစီအမံများအား တစ်ဖက်သတ်ဆောင်ရွက်ခြင်းကို ကန့်ကွက်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားလိုက်သည်ဟု ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

တရုတ်နိုင်ငံတွင် သုတေသနပြုတည်ဆောက်ထုတ်လုပ်ထားသည့် အေဂျီ-၆၀၀ အမည်ရှိ ကုန်း၊ ရေနှစ်သွယ်မောင်းနှင်နိုင်သော လေယာဉ်ကို စမ်းသပ်ပျံသန်းစေပြီး နည်းပညာအဆင့်အတန်းနှင့် ကိုက်ညီခြင်းရှိ၊ မရှိ စစ်ဆေးစမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း ယင်းလေယာဉ်ကို တည်ဆောက်သူများက ပြောကြားသည်။

၈ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ Senior Vice President နှင့် Regional Managing Director ဖြစ်သူ သံအမတ်ကြီး Michael Michalak ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၉ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံ ၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက် အမှာစကားပြောကြားသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ထိပ်သီးညီလာခံဖွင့်ပွဲ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် သတင်းထုတ်ပြန်ချက် အမှတ် (၁၃/၂၀၁၇) ကို ထုတ်ပြန်သည်။

ယီမင်နိုင်ငံမြို့တော် ဆားနားရှိ နိုင်ငံပိုင်ဂြိုဟ်တုရုပ်မြင်သံကြားထုတ်လွှင့်ရုံကို ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ သတင်းသမားလေးဦးသေဆုံးကြောင်း ဟူသီ သူပုန်များ ထိန်းချုပ်ထားသည့် ဆာဘားသတင်းဌာနမှ ထုတ်ပြန်သည်။

**၁၀** နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Ranjendra Chhetri ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ နီပေါဖက်ဒရေးရှင်းသမ္မတနိုင်ငံသို့ ထွက်ခွာသည်။ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ရောက်ရှိပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

နီပေါနိုင်ငံ၌ အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် ပြည်နယ်လွှတ်တော်များ ရွေးကောက်ပွဲတို့ကို ကျင်းပနိုင်ခဲ့ခြင်းသည် ယင်းနိုင်ငံ၏ ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်သည့်သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂ (အီးယူ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်ဟု ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

**၁၁** တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia-Pacific Water Summit-3rd APWS) ဖွင့်ပွဲကို ရန်ကုန်မြို့ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံသို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံမှ H.E.Mr.Keiichi Ishii, Minister of Land, Infrastructure, Transport and

Tourism နှင့်အဖွဲ့ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဟိမဝန္တာ တောင်တန်းပေါ်ရှိ ကမ္ဘာ့အမြင့်ဆုံး ဟိုတယ်အဖြစ် ဂင်းနစ်စာရင်းဝင်သော Hotel Everest View သို့ရောက်ရှိကြပြီး ဧဝရက်တောင်ထိပ်နှင့် ဟိမဝန္တာတောင်တန်းများကို ကြည့်ရှုလေ့လာသည်။

ဒုံးကျည်ပစ်ခတ်မှုလမ်းကြောင်းကို ခြေရာခံကာ လိုက်လံဖျက်ဆီးသည့် ဖျက်ဒုံးကျည်စနစ်ဆိုင်ရာစစ်ရေး လေ့ကျင့်မှုကို အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့က နှစ်ရက်ကြာပူးတွဲလုပ်ဆောင်မှု စတင်သည်။

၂၀၁၇ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် လုမ္ဗိနီမြို့ရှိ ဗုဒ္ဓမြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး အလှူငွေများလှူဒါန်းသည်။

**၁၃** အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန



**စာပေညီလာခံ (၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်**

**၁၂** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံတိုကျိုမြို့၌ ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးသို့တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ဂျပန်နိုင်ငံသို့ ထွက်ခွာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် စာပေညီလာခံ (၂၀၁၇) ဖွင့်ပွဲအခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက် အမှာစကား ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တရုတ်နိုင်ငံသို့ လေးရက်ကြာအလည်အပတ်ခရီး သွားရောက်ရန်အတွက် ထွက်ခွာသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Prince ဟိုတယ်၌ ကျင်းပသည့်

Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စပရာမီလာပတ်တန်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute (NDI) မှ Regional Director for Asia, Mr Peter M.Manikas နှင့် အဖွဲ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံခဲ့ပြီး ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် နျူကလီးယားလက်နက် ပပျောက်မှုသည် အဓိကကျသောအချက်ဖြစ်ကြောင်း သဘောတူညီသည်။

**၁၅** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိုဆာကာတက္ကသိုလ်၌ မြန်မာစာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

မိတ္ထီလာတပ်နယ်ရှိလေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၌ ကျင်းပသည့် နှစ် ၇၀ ပြည့် တပ်မတော် (လေ) နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အိန္ဒိယနိုင်ငံမှ အဓိကအတိုက်အခံပါတီဖြစ်သည့် ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်ရာထူးမှ အနားယူမည်ဖြစ်ကြောင်း ဆိုနီယာဂန္ဒီက ထုတ်ပြန်ကြေညာသည်။

**၁၆** ယေရှုခရစ်တော်၏ မွေးနေ့တော် (ခရစ္စမတ်) အကြိုဝတ်ပြုစာစားပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးဒေါက်တာရွှေလွှမ်းတို့ တက်ရောက်သည်။

စာပေညီလာခံ (၂၀၁၇) ကို ဒီဇင်ဘာလ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ပြီး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

မြောက်ကိုရီးယား၏ နောက်ဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည့် နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သည့် အသွင်သစ်တိုက်ချင်းပစ်ဒုံးကျည်သည် အမေရိကန်ပြည်ထောင်စု ပိုင်နက်နယ်မြေအတွင်းသို့ ရောက်ရှိနိုင်သည့် ခိုင်မာသော အထောက်အထားမရှိသေးကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမာတစ်က ပြောကြားခဲ့သည်ဟု သတင်းဌာနများက ထုတ်ပြန်သည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့သည် ဂျပန်နိုင်ငံ၌ကျင်းပခဲ့သည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**၁၈** ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားသည်။

"ရွှေ့ပြောင်းများစွာ ဤကမ္ဘာ ဘေးရန်ကင်းအောင် လုပ်ဆောင်ပါ" ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနား

ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် မိန့်ခွန်းပြောကြားသည်။

တရုတ်နိုင်ငံ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်အောင်ပြုလုပ်ပါက ပြုလုပ်သူကို လျော်ကြေးပေးစေခြင်း သို့မဟုတ် ပြန်လည်ပြုပြင်စေခြင်းတို့ရှိစေမည့် စနစ်တစ်ရပ်ကို ၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ နိုင်ငံတစ်ဝန်း၌ ကျင့်သုံးစေရန် အစိုးရအဖွဲ့က အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ထုတ်ပြန်သည်။

တောင်အာဖရိကနိုင်ငံတွင် အိမ်မွေးနို့တိုက်သတ္တဝါနှင့် တောရိုင်းငှက်များမှတစ်ဆင့် ကူးစက်ပြန့်ပွားသည့် လစ်စတာရိုးဆစ်ဗက်တီးရီးယားရောဂါတစ်မျိုးကြောင့် သေဆုံးသူ ၄၁ ဦးထိမြင့်တက်လာကြောင်း ကျန်းမာရေးဌာနတာဝန်ရှိသူများက ပြောကြားသည်။

**၁၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းမည့် ကျေးလက်အိမ်ပုံစံနမူနာနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်မစ္စတာ စွန်းဂေါ်ရှန်းနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ဂျေရုဆလင်ကို အသိအမှတ်ပြုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းစေရန် ရည်ရွယ်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို မဲခွဲဆုံးဖြတ်ရာတွင် အမေရိကန်က ဗီတိုအာဏာသုံး၍ ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

ချီလီနိုင်ငံ၌ ဒီဇင်ဘာလ ၁၇ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အောင်ပွဲခံခဲ့သူ ကုဋေကြွယ်သူဌေးကြီး ဆီဘက်ရှန်ပီနဲရားသည် သမ္မတရာထူးတွင် ၂၀၁၈ ခုနှစ်၊ မတ်လမှစ၍ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ သတင်းသမား ၆၅ ဦးခန့်သည် တာဝန်ထမ်းဆောင်နေစဉ်အတွင်း သေဆုံးခဲ့ကြရကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ထုတ်ပြန်ကြေညာသည်။

**၂၀** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Foreign Secretary ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**၂၁** အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၂/၂၀၁၇) ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူတက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ (ASS) ဥက္ကဋ္ဌ H.E.Mr. Wang Weiguang နှင့်အဖွဲ့ကိုလည်းကောင်း၊ UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms.June Kunugi နှင့်အဖွဲ့ကိုလည်းကောင်း ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် ရန်ကုန်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၌ ကျင်းပသည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဒိန်းမတ်နိုင်ငံသည် အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေအရ ကုလသမဂ္ဂ၏ ပြန်လည်နေရာချထားရေး အစီအစဉ်နှင့်အညီ ဒုက္ခသည်များအား ကမ္ဘာ့နိုင်ငံ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်**
**ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်**

များက ခွဲတမ်းသတ်မှတ်ချက်အရ လက်ခံနေရမှုကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံအထိ ဆွဲဆောင်ရန် တာစူနေခြင်းသည် ၁၀ နှစ်အတွင်း အမြင့်ဆုံးပမာဏဖြစ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက ထုတ်ပြန်သည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့သည် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏နေအိမ်၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့်ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၁၇) အစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

ကျူးဘားနိုင်ငံသမ္မတ ရာေလ်ကက်စထရိုသည် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ရာထူးမှအနားယူတော့မည်ဟု ဒီဇင်ဘာလ ၂၁ ရက်တွင် အတည်ပြုပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၃** ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအထိမ်းအမှတ်မိတ်ဆုံစားပွဲကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း၏နေအိမ်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့တက်ရောက်ချီးမြှင့်သည်။

မြန်မာ-တရုတ် ချစ်ကြည်ရေးဆေးရုံအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation for Peace and Development တို့က လှူဒါန်းသည့် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံလွှဲပြောင်းပေးအပ်ပွဲနှင့် ဆေးရုံဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ အဆိုပါဆေးရုံ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ဂျပန်ဧကရာဇ် အာကီဟီတို၏ ၈၄ နှစ်မြောက်မွေးနေ့ပွဲကို တိုကျိုမြို့ရှိ တော်ဝင်ဧကရာဇ်နန်းတော်၌

ကျင်းပခဲ့ရာ ပြည်သူထောင်ပေါင်းများစွာတက်ရောက်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၄ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA) ၏ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အကြိုဝတ်ပြုဆုတောင်းခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ ဧဝံဂေလိအသင်းတော်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

ရန်ကုန်မြို့ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပသည့် နှစ် ၇၀ ပြည့် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းအားတိုးတက်စေရေးအတွက် အမေရိကန် ပြည်ထောင်စုက အကူအညီပေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်ဟု ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

၂၅ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အဂတိလိုက်စားမှုတို့ဖြင့် ပြစ်ဒဏ်ကျခံနေရသော ပီရူးအာဏာရှင်ဟောင်း အယ်လ်ဘာတိုဖူဂျီမိုတိုကို ပီရူးသမ္မတ ပီဒရိုပါဘလိုကူဇင်စကီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

တရုတ်နှင့်ဂျပန်နိုင်ငံတို့၏ စွမ်းအင်ချွေတာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ၁၁ ကြိမ်မြောက်ဖိုရမ် ဆွေးနွေးပွဲကို ဂျပန်နိုင်ငံမြို့တော်တိုကျို၌ ဒီဇင်ဘာလ ၂၄ ရက်က ကျင်းပခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများပြုလုပ်မည့် စီမံကိန်း ၂၃ ရပ်အတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၆ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ Kan Thar Yar International Specialist Hospital ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်ပေါင်အနီးရှိ အဆိုပါဆေးရုံ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ဖွင့်လှစ်ပေးသည်။

အစ္စရေးနှင့်ပါလက်စတိုင်း ပဋိပက္ခ အဆုံးသတ်စေရေးအတွက် နှစ်နိုင်ငံ အတူယှဉ်တွဲနေထိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ခရစ္စမတ်ပွဲတော် (နာတာလူးပွဲတော်) အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာတွင် တိုက်တွန်းထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ထုတ်ပြန်သည်။

အလျား ၄၈၈ မီတာ၊ အမြင့် ၂၁၈ မီတာရှိပြီး ဖန်သားဖြင့်တည်ဆောက်ထားသော သံမဏိကြိုးဆိုင်းတံတား တစ်စင်းကို တရုတ်နိုင်ငံ မြောက်ပိုင်း ဟာဘဲ့ပြည်နယ်ပင်းရှန်ခရိုင်၌ ဖွင့်လှစ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၇ ဗီယက်နမ်နိုင်ငံသည် အင်တာနက်ပေါ်မှ သတင်းမှားများကို ချေဖျက်သွားနိုင်ရန် တပ်ဖွဲ့ဝင်အင်အား ၁၀,၀၀၀ ရှိသည့် စစ်ဘက်ဆိုင်ရာ ဆိုက်ဘာစစ်ပွဲယူနစ်ကို ထူထောင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

၂၈ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ်အစည်းအဝေးကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၁၅) နှင့် အမျိုးသမီးသူနာပြုသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရသင်တန်းသားများကို ဆုများပေးအပ်သည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကယားပြည်နယ် ဒေသခံလူငယ်များနှင့် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးစဉ်**

**၂၉** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမိန့်ကြော်ငြာစာအမှတ် (၁၀၁၈/၂၀၁၇) ဖြင့် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပြုပေးရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းသည်။

အိန္ဒိယနိုင်ငံအောက်လွှတ်တော်က ဇနီးမယားများကို ကွာရှင်းသည့် မွတ်ဆလင်အမျိုးသားများအား တရားစွဲဆိုနိုင်ရေး ဥပဒေတစ်ရပ်ကို အတည်ပြုနိုင်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**၃၀** ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ၁၃ ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ် ရန်ပုံငွေများမှ မလျော်မကန်အသုံးပြုခဲ့သည့် ယွမ်ငွေ သန်း ၇၃၀ ကို အာဏာပိုင်များက သိမ်းဆည်းနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**၃၁** နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်ကာ မြောက်ကိုရီးယားသို့ ရေနံထွက်ကုန်များ တင်ပို့သည်ဟု သံသယရှိသည့် ပနားမားအလံလွှင့်ထူထားသော သင်္ဘောတစ်စင်းကို တောင်ကိုရီးယား အာဏာပိုင်များက သိမ်းဆည်းလိုက်ကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံ မက်ရှ်ဟက်အရှေ့မြောက်ပိုင်းမြို့၌ အလုပ်လက်မဲ့ပမာဏ မြင့်တက်လာမှုနှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုကိုအခြေခံ၍ အီရန်ခေါင်းဆောင်အယာတိုလာ ခါမေနီကို ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားပြီး ဆန္ဒပြသူနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

H

# အထူး

# ဆောင်းပါးကြီးများ

ဤကဏ္ဍတွင်ပါဝင်သော အထူး ဆောင်းပါးကြီးများသည် ၂၀၀၇ ခုနှစ် အတွင်း ထင်ရှားစွာဖြစ်ပေါ်လာသော အကြောင်းအရာများကို သမိုင်းဆိုင်ရာ အချက်အလက်များနှင့် ညှိနှိုင်းကာ ပညာရှင်တို့က သုတေသနပြုရေးသား ထားခြင်း ဖြစ်ပါသည်။

အခန်း

ပိုင်း

(၂)

# အပိုင်း (၂)

## မာတိကာ


| | | | |
|---|---|---|---|
| ၁ | နှစ် ၇၀ ပြည့် စာပေဗိမာန် | ချိုမြနွယ် | ၉၁-၁၀၀ |
| ၂ | မြန်မာ့ရိုးရာကျေးလက်အနုပညာ | မနုဿကျော်ဝင်း | ၁၀၁-၁၀၆ |
| ၃ | မြန်မာ့ရှေးဟောင်းဆည်ကြီးများ | ထိန်လင်း (မန်းတက္ကသိုလ်) | ၁၀၇-၁၁၄ |
| ၄ | ရာသီတုပ်ကွေးရောဂါ | ဒေါက်တာခင်မောင်လွင် | ၁၁၅-၁၁၈ |
| ၅ | အာဆီယံနှစ်ငါးဆယ်ခရီး | တက္ကသိုလ်ဟန်စိုးဦး | ၁၁၉-၁၃၂ |
| ၆ | နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များ | ကိုကိုလှိုင် | ၁၃၃-၁၄၂ |



# နှစ် ၇၀ ပြည့်စာပေဗိမာန်

စာပေဗိမာန်အမည်ဖြင့် ရပ်တည်ခဲ့သော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် နှစ်ပေါင်း ၇၀ ခရီးသို့ ရောက်ခဲ့ပေပြီ။

မြန်မာ့လွတ်လပ်ရေးအကြိုကာလ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၇ ရက်တွင် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့၊ ပြည်လမ်း အမှတ်(၃၆၁) ရှိ ဆိုရှန်တိုဗီလာအဆောက်အအုံ (ယခု ဆက်သွယ်ရေးနှင့်နည်းပညာဌာန) ၌ လွတ်လပ်ရေး ရရှိပြီးပါက ရှေ့ဆက်၍နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့်အစီအစဉ်(ဆိုရှန်တိုဗီလာစီမံကိန်း) ကို ရေးဆွဲရန် မြန်မာပညာရှိသုခမိန်များကို ဖိတ်ခေါ်၍ စည်းဝေးတိုင်ပင်ခဲ့ရာမှ မြန်မာနိုင်ငံဘာသာပြန်စာပေ အသင်းကြီးကို တည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက “ပြန်လည်ထူထောင်ဖို့ကိစ္စမှာ ပညာရေးဘက်မှ အလိုအပ်ဆုံးဖြစ်တယ်။. . . . စာအုပ်တွေ ထုတ်တဲ့ နေရာမှာ လူအများအတွက် အရေးတကြီးလိုအပ်တဲ့ စာအုပ်တွေ၊ အသုံးကျမယ့်စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာစွဲထားရမယ်၊ ဘာသာပြန်ဌာနကြီးကြီးတစ်ခုကို ဖွဲ့ရမယ်. . . ” ဟု ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ကြီးများကျဆုံးခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ရေးဆွဲခဲ့သော စီမံကိန်းကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဆက်လက် အကောင်အထည်ဖော်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏နေအိမ်၌ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွတ်၊ ပြန်ကြားရေးဌာန၊ ဒုတိယအတွင်းဝန် ဦးသန့်(ပန်းတနော်)၊ အင်္ဂလိပ်စာကထိက ဦးမျိုးမင်း (နွယ်စိုး-နောင်-ပါမောက္ခ)၊ ပြန်ကြားရေးဌာနအတွင်းဝန် ဦးခင်မောင်လတ်တို့ အတူစည်းဝေးကာ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးကို စတင်တည်ထောင်ခဲ့သည်။

အသင်းကြီး၏ဆောင်ပုဒ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွက် အကျိုးဆောင်ရန် (Service for the Union of Burma) ဖြစ်ပြီး အသင်းကြီး၏ ရည်ရွယ်ချက်များမှာ-

(၁) မြန်မာတိုင်းရင်းသားများ အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားကြောင်းဖြစ်သော အင်္ဂလိပ်ဘာသာ၊ အခြားနိုင်ငံခြား ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများကို မြန်မာဘာသာသို့ပြန်ဆိုရန်။


(၂) မြန်မာဘာသာဖြင့် ပြုစုထားသော (သို့မဟုတ်) မြန်မာတိုင်းရင်းသား ဘာသာတစ်ခုခုဖြင့် ပြုစုရေးသားထားသော စံမီစာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာများသို့ ပြန်ဆိုရန် သို့မဟုတ် ပြန်ဆိုခြင်းကို ကူညီအားပေးရန်။

(၃) လူထုပညာရေး တိုးတက်ကောင်းမွန်လာစေရန်နှင့် မြန်မာနိုင်ငံတွင် ပညာတတ်အဆင့်အတန်း မြင့်တက်လာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာစာပေနှင့် မြန်မာ့အနုပညာရပ်များကို စူးစမ်းရှာဖွေရန် သို့မဟုတ် စူးစမ်းရှာဖွေမှုများကို ကူညီအားပေးရန်။

(၄) စာအုပ်စာတမ်းများ၊ စာစောင်များနှင့် အခြားဖတ်ရှုဖွယ်ရာများကို ရေးသား ပုံနှိပ်ထုတ်လုပ်ဖြန့်ချိဝေငှရန် ၊သို့မဟုတ် ရောင်းရန်၊ ထိုရည်ရွယ်ချက်များဖြင့် ရုပ်ပုံများ၊ အနုပညာရပ်များ၊ စာစောင်များနှင့် အခြားဖတ်ရှုဖွယ်ရာစာအုပ်များကို ပုံနှိပ်ထုတ်လုပ်ဖြန့်ချိဝေငှရန်အတွက် စာပုံနှိပ်စက်ကိရိယာများနှင့် အလုပ်သမားများ ရယူတည်ထောင် ခန့်အပ်ထားရှိရန်တို့ ဖြစ်သည်။

ထိုရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးကို တည်ထောင်ခဲ့ပြီး အုပ်ချုပ်ရေးအဖွဲ့ စည်းမျဉ်းများကို ရေးဆွဲခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် Cooperation Building ကုမ္ပဏီအသင်းအဖွဲ့များ မှတ်ပုံတင်ရုံး၌ ငွေစာရင်းအရာရှိ ဦးညွန့်အောင်က မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကို ၁၈၆၀ ပြည့် အိန္ဒိယအက်ဥပဒေ ပုဒ်မ (၂၁) အရ မှတ်ပုံတင်ခဲ့သည်။ မှတ်ပုံတင်အမှတ်မှာ (၁၉၄၆-၁၉၄၇) အမှတ်(၁၁)ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ မေလတွင် ဆိုရန်တိုဗီလာသို့ ငှားရမ်းပြောင်းရွှေ့ခဲ့ပြီး ဝယ်ယူရန်စျေးနှုန်းညှိနှိုင်းကြသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးတွင် ငွေကျပ်




**နှစ် ၇၀ ပြည့် စာပေဗိမာန်အထိမ်းအမှတ်လိုဂို**

၁၂၅,၀၀၀/-(တစ်သိန်းနှစ်သောင်းငါးထောင်) ဖြင့် ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး ဆိုရန်တိုဗီလာကို ဝယ်ယူစာချုပ် ချုပ်ဆိုပြီးကြောင်းကို ၁၉၄၉ ခုနှစ်၊ မေလ ၂၄ ရက် အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည်။

နောက်ပိုင်းတွင် အဖွဲ့ကြီးသည် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်)ဟူသော အမည်ဖြင့် ရပ်တည်ခဲ့သည်။ စာပေဗိမာန်၏ဆောင်ပုဒ်မှာ “အမှောင်ခွင်း၍ အလင်းဆောင်အံ့” (Light,Where Darkness was) ဖြစ်ပြီး အဆိုပါဆောင်ပုဒ်ကို ဆရာကြီးမင်းသုဝဏ် (ဦးဝန်) က အကြံပြုခဲ့သည်ဟု သိရသည်။

စာပေဗိမာန်သည် ငွေကြေးသုံးစွဲမှုတွင် နိုင်ငံတော်အစိုးရ၏ထောက်ပံ့ငွေ၊ အစိုးရထံမှ အတိုးမဲ့ချေးငွေတို့ဖြင့် မတည်ခဲ့ပြီး စာပေအသင်းဝင်များထံမှ ဝင်ကြေးနှင့် နှစ်စဉ်ကြေးငွေ ၅/-(ငါးကျပ်) စီ သတ်မှတ်ကောက်ခံခဲ့သည်။ အသင်းထုတ်စာအုပ်များကို ၂၅ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးကာ အချို့ကို အခမဲ့ဝေငှသည်။ ၁၉၄၈ ခုနှစ်တွင် စာအုပ်များ စတင်ထုတ်ဝေခဲ့သည်။ တည်ထောင်ပြီး ၁၀ နှစ်တာကာလတွင် စာအုပ်အမျိုးပေါင်း ၃၇၀ ကျော်ပြုစုထုတ်ဝေခဲ့ပြီး အုပ်ရေအားဖြင့် ၁၅ သန်း မျှရှိသည်။ စာဖတ်သူသည် ကျောင်းတစ်ကျောင်း၊ စာကြည့်တိုက်တစ်တိုက်၊ လူထုရိပ်သာတစ်ခုသို့




**စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များကို တွေ့ရစဉ်**

သွားသည်ဆိုလျှင် ထိုနေရာ၌ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော ဆောင်ပုဒ်ဖြင့် စာပေဗိမာန် ထုတ်ကျောင်းသုံးစာအုပ်များ၊ လစဉ်မဂ္ဂဇင်းများ၊ မြန်မာ့စွယ်စုံကျမ်းကြီးများ၊ လူထုသိပ္ပံ ကျမ်းများနှင့် အခြား အထွေထွေစာအုပ် စာတမ်းများကို တွေ့ရမည် ဖြစ်သည်။

စာပေဗိမာန်သည် ဝိဇ္ဇာဌာန၊ သိပ္ပံဌာနဟူသော စာတည်းဌာနနှစ်ခုဖွဲ့စည်းခဲ့ပြီး၊ ဝိဇ္ဇာဌာနသည် လူထုအလင်း၊ လူထုအိတ်ဆောင်နှင့် လူထုတက္ကသိုလ်စာစဉ် စာအုပ်များ ပြုစုတည်းဖြတ်ထုတ်ဝေခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အထွေထွေဝိဇ္ဇာဌာနဟူ၍ ဖွဲ့စည်းလိုက်ပြီး ကမ္ဘာ့ဂန္ထဝင်စာစဉ်၊ သမိုင်းစာစဉ်၊ နှစ် ၅၀ စာစဉ် တို့ကိုလည်း ထုတ်ဝေခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းကြီး အတွက် ဝိဇ္ဇာဆိုင်ရာအကြောင်းရပ်များ၊ မြန်မာမှု အကြောင်းရပ်များကိုလည်း တာဝန်ယူပြုစုရသည်။

သိပ္ပံဌာနသည် အထွေထွေသိပ္ပံဌာန၊ လူထု သိပ္ပံဌာနအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲခဲ့သည်။ သိပ္ပံဘာသာပြန် စိစစ်ရေးကော်မတီကိုဖွဲ့၍ Basic Science Series စာအုပ်များကို သိပ္ပံစာစဉ်အဖြစ် ထုတ်ဝေရန် စီစဉ်ခဲ့သည်။ နှစ် ၅၀ သိပ္ပံဆိုင်ရာ စာစဉ် များကို ဟော်လန်နိုင်ငံတွင် ရိုက်နှိပ်ခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းကြီးအတွက် သိပ္ပံအကြောင်းရပ်များကို လည်းပြုစုပေးခဲ့သည်။ လူထုသိပ္ပံကျမ်းလုပ်ငန်းကို ၁၉၅၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် လူထု သိပ္ပံဌာနဟု အသစ်ဖွဲ့စည်းခဲ့သည်။

၁၉၅၂ ခုနှစ်တွင် စာပေဗိမာန်မဂ္ဂဇင်းကို စတင် ထုတ်ဝေခဲ့သည်။ ပညာရပ်အဖုံဖုံစုံလင်စွာ ရှာဖွေ စုဆောင်း၍ ရေးသားထားသောဆောင်းပါးများဖြင့် လစဉ်ထုတ် စွယ်စုံကျမ်းငယ်ပမာထုတ်ဝေနိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်၊ မတ်လတွင် (အတွဲ၇၊ အမှတ် ၁၀) ထုတ်ဝေခဲ့ပြီးနောက် ရပ်စဲခဲ့သည်။

၁၉၅၂ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ စည်သူဦးသန့်၊ စည်သူဦးကောင်း စသည့်ပုဂ္ဂိုလ် များက နိုင်ငံတော်ရှိ ရဟန်းရှင်လူပြည်သူအပေါင်းတို့ ကို ဘာသာပြန်စာအုပ်အသင်း၏ ကျောင်းသင်ခန်းစာ ထုတ်ဝေရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဝိုင်းဝန်း ကူညီအားပေးကြရန် မြန်မာ့အသံမှ ခုနှစ်ရက်ဆက်၍ အသံလွှင့်မေတ္တာရပ်ခံခဲ့သည်။

ထို့နောက် ပညာရှင်များနှင့်ပူးပေါင်း၍ ကျောင်း သင်ခန်းစာများရေးသားခြင်း၊ သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီအောင်စိစစ်တည်းဖြတ်ခြင်း၊ အထောက် အကူပြုဓာတ်ပုံများ ရှာဖွေထည့်သွင်းပုံနှိပ်ခြင်းတို့

ဆောင်ရွက်ကာ နိုင်ငံတစ်ဝန်းထုတ်ဝေမှုပမာဏ၏ ၈၀ ရာခိုင်နှုန်းကို စာပေဗိမာန်က ထုတ်ဝေနိုင်ခဲ့သည်။

သုခမိန်အဖွဲ့ကိုဖွဲ့စည်း၍ ဝေါဟာရဘဏ် လုပ်ငန်းကိုလည်း ၁၉၅၀ ပြည့်နှစ်မှစ၍ ခုနစ်နှစ်အတွင်း စာလုံးရေ ၆၆,၀၀၀ ကျော်ပြုစုနိုင်ခဲ့သည်။ စာအုပ် ၂၄ အုပ် ထုတ်ဝေနိုင်ခဲ့သည်။

ဘာသာပြန်စာပေအသင်းကြီးသည် မြန်မာစာပေနှင့် မြန်မာအနုပညာရပ်များကို စူးစမ်းရှာဖွေရန်များကို ဖိတ်ခေါ်ဟောပြောစေခဲ့သည်။ ဟောပြောချက်များကို စာအုပ်များထုတ်ဝေခဲ့ပြီး ယဉ်ကျေးမှုကပွဲများလည်း ခင်းကျင်းပြသခဲ့သည်။

အုပ်ချုပ်ရေးအဖွဲ့သည် ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ အလျားပေ ၂၀၀၊ အနံ ၅၇ ပေခွဲရှိ မြေကွက်ကို ၁၂၅,၀၀၀/- (တစ်သိန်းနှစ်သောင်းငါးထောင်ကျပ်) ဖြင့် ဝယ်ယူပြီး ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့အင်ဂျင်နီယာများက




**စာပေဗိမာန် နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) အား အမှတ်တရလက်ဆောင်ပေးအပ်စဉ်**

သို့မဟုတ် စူးစမ်းရှာဖွေမှုကို အားပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်လဟာပြင် ဇာတ်ရုံတွင် သောကြာနေ့တိုင်း ယဉ်ကျေးမှုဟောပြောပွဲများကို ကျင်းပပေးခဲ့သည်။ ဂီတ၊ သဘင်၊ ပန်းချီ စသည့် အနုပညာရပ်များအကြောင်းကို ကျွမ်းကျင်သူပညာရှင်တာဝန်ယူကာ (၂၆-၇-၁၉၅၃) ရက်တွင် အုတ်မြစ်ချခဲ့ပြီး လေးထပ်အဆောက်အအုံကို (၅-၅-၁၉၅၅) ရက်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုအဆောက်အအုံ၏ ဆောက်လုပ်ခကုန်ကျငွေမှာ ၁,၆၈၅,၀၀၀/- (တစ်ဆယ့်ခြောက်သိန်းရှစ်သောင်းငါးထောင်ကျပ်)

ဖြစ်သည်။ ထိုအဆောက်အအုံသို့ စာတည်းဌာန၊ အရောင်းဌာန၊ ပြည်သူ့စာကြည့်တိုက်နှင့် အုပ်ချုပ်မှု (စီမံ)ဌာန၊ ငွေစာရင်းဌာနတို့ ပြောင်းရွှေ့ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ၁၉၆၅ ခုနှစ် ဇန်နဝါရီလတွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။ ၁၉၇၂ ခုနှစ်၊ မတ်လတွင် ဗဟိုပုံနှိပ်တိုက်နှင့်ပူးပေါင်း၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၏ လက်အောက်သို့ ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ဥပဒေကို ဖျက်သိမ်းခဲ့သည်။

**ဝက်မျှ ဆင်ခြင်သုံးသပ်ပါ။ ဤသို့ တစ်နေ့လျှင် နှစ်နာရီမျှငါးနှစ်ခန့် စွဲစွဲမြဲမြဲ ကြိုးစားပါ။ ဤသို့ ကြိုးစားသူ၏ အမှောင်ဓာတ်သည် မည်မျှပင် ကြီးမား စေကာမူ ဤစွယ်စုံကျမ်းကြီးသည် ထိုအမှောင်ဓာတ်ကိုခွင်း၍ အလင်းကိုဆောင်ကုန်လတ္တံ့။ထို သူသည်ဖိုးသုညပင် ဖြစ်စေကာမူ ဤစွယ်စုံကျမ်း ကြီးသည် ဖိုးသုညကို ဖိုးရာဇာအဖြစ်သို့ ပြောင်းလဲ ပေးကုန်လတ္တံ့ ။"** ဟုရေးသားခဲ့သည်။

စွယ်စုံကျမ်း၊ အတွဲ ၁၊၂၊၃၊၄ တို့ကို အင်္ဂလန်နိုင်ငံ၌ ပုံနှိပ်ပြီး ကျန်အတွဲများကို ပြည်တွင်း၌ ပုံနှိပ်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အတွဲ ၁၅ အထိထုတ်ဝေပြီးစီး



**နှစ် ၇၀ ပြည့် စာပေဗိမာန်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည့် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်နှင့် စာပေပညာရှင်များ**

## အဓိကစာအုပ်ထုတ်ဝေရေးလုပ်ငန်းများ

## မြန်မာ့စွယ်စုံကျမ်း

မြန်မာ့စွယ်စုံကျမ်းကြီး ထုတ်ဝေရေးအတွက် ၁၉၄၈ ခုနှစ်၊ မေလတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)ကို ထုတ်ဝေသောအခါ အဖွင့်အမှာကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ဝေခဲ့သည်။

ဝန်ကြီးချုပ်၏အမှာစာတွင် **"ဤစွယ်စုံကျမ်းကြီးကို တစ်နေ့လျှင်တစ်နာရီဖတ်ပါ။ ဖတ်ပြီးသမျှကို နာရီဝက်ခန့် မှတ်သားပါ။ မှတ်သားပြီးသမျှကို နာရီ**

ခဲ့သည်။ ၁၉၇၈ ခုနှစ်မှစ၍ စွယ်စုံကျမ်းအဖြည့် နှစ်ချုပ်ကျမ်းများကို နှစ်စဉ်ထုတ်ဝေခဲ့သည်။ စွယ်စုံနှစ်ချုပ်ကျမ်းတွင် ပြည်တွင်းပြည်ပဖြစ်စဉ်များ၊ ထူးခြားဖြစ်စဉ်များ၊ မှတ်တမ်းများ၊ ဝိဇ္ဇာ၊ သိပ္ပံအကြောင်းရပ်ဆောင်းပါးရှည်ကြီးများ ထည့်သွင်းဖော်ပြလျက်ရှိသည်။ စွယ်စုံကျမ်းပြုစုရေးအတွက် ရည်ညွှန်းကျမ်းစီစဉ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သည်။

ယခုအခါ စွယ်စုံကျမ်းကြီးများကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ထုတ်ဝေရေးအတွက် ထွန်းဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိရာ

ဒေါက်တာဦးသော်ကောင်းက ဉက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြန်မာ့စွယ်စုံကျမ်းကြီးများ ပြန်လည်ထုတ်ဝေရေးကော်မတီက သိပ္ပံဝိဇ္ဇာအကြောင်းရပ်ဆောင်းပါးများကို စိစစ်ရေးသားတည်းဖြတ်လျက်ရှိသည်။

## ပြည်သူ့လက်စွဲစာစဉ်များ

စာပေဗိမာန်သည် လူထုသိပ္ပံစာစဉ်၊ လူထုအလင်းစာစဉ်နှင့် လူထုအိတ်ဆောင်စာစဉ်များကို ထုတ်ဝေခဲ့ပြီး၊ ၁၉၅၈ ခုနှစ်တွင် ပြည်သူ့လက်စွဲစာစဉ်အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ထိုသို့ ထုတ်ဝေရာတွင် ပညာရှင်များထံ Book Idea ခေါ် ထုတ်ဝေသင့်သည့်စာအမျိုးအစားပေါ် မူတည်၍ အကြံဉာဏ်ပေးကာအပ်နှံခြင်း၊ စာရေးဆရာများက မိမိတို့ကိုယ်ပိုင်အကြံဉာဏ်ဖြင့်ရေးသားပြီး တင်လာသည့် စာမူများကို ရွေးချယ်ပုံနှိပ်ထုတ်ဝေခဲ့ရာမှ ယခုအခါ စာပေဗိမာန်စာမူပြိုင်ပွဲမှ နှစ်စဉ်ဆုရရှိသော စာမူများ၊ ပခုက္ကူဦးအုံးဖေ စာပေပြိုင်ပွဲ (ပခုက္ကူစာပေဆု) မှ ဆုရရှိသော စာမူများကို ပုံနှိပ်ထုတ်ဝေလျက်ရှိသည်။

## ရွှေသွေးဂျာနယ်

ရွှေသွေးဂျာနယ်သည် ၁၉၆၈ ခုနှစ်ကုန်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သောင်းဒန်နှင့်စာပေဗိမာန် ညွှန်ကြားရေးမှူး ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)တို့ ကလေးစာပေထုတ်ဝေရေးဆွေးနွေးရာမှ စတင်မွေးဖွားခဲ့သည်။ ထိုနှစ် မန္တလေးမြို့တွင် ကျင်းပသော ပညာရေးနှီးနှောဖလှယ်ပွဲမှ အပြန်ရထားပေါ်တွင် ပညာရေးအတွင်းဝန် ဒေါက်တာညီညီ၊ ပြန်ကြားရေးဌာနအတွင်းဝန် ဒုတိယဗိုလ်မှူးကြီးတင်ထွန်း(OW)၊ ဟံသာဝတီဦးဝင်းတင်နှင့် ဦးထင်ကြီးတို့ဆွေးနွေးခဲ့ကြကာ စာတည်းမှူး ဦးတင်အောင်၊ စာတည်းဦးကျော်လင်း (ထားဝယ် ကျော်လင်း)တို့က အကောင်အထည်ဖော်ခဲ့ကြသည်။

၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ရွှေသွေးဂျာနယ်ကို စတင်ထုတ်ဝေသည်။ အပတ်စဉ်ထုတ်ဂျာနယ်ဖြစ်၍ တစ်စောင်လျှင် ၂၅ ပြား နှုန်းဖြင့် စနေနေ့တိုင်း ဖြန့်ချိခဲ့သည်။ နိုင်ငံကျော် ပန်းချီဆရာကြီး၊ ကာတွန်းဆရာကြီးများဖြစ်ကြသော ဦးဘကြည်၊ ဦးကျော်ဆန်း(က-ဆ)၊ ဦးသန်းကြွယ်၊ ဦးအောင်ရှိန်၊ ဦးမောင်စိန်နှင့် ဦးဖေသိန်းတို့၏ လက်ရာများဖြင့် ဝေဝေဆာဆာထုတ်ဝေခဲ့ပြီး နောင်တွင် ဦးအေးတင်ကိုပါ ဖြည့်၍ ဆရာခုနစ်ဦး၏လက်ရာများဖြင့်ထုတ်ဝေရာ အလွန်လူကြိုက်များခဲ့သည်။

၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် အင်္ဂလိပ်ဘာသာဖြင့် (Golden Child) ကို သီးခြားထုတ်ဝေပြီး ၁၉၈၀ ပြည့်နှစ်၊ ဩဂုတ် ၁၆ ရက်တွင် ရွှေသွေးအမည်ဖြင့် တစ်ပေါင်းတည်း ထုတ်ဝေခဲ့သည်မှာ ယခုတိုင်ဖြစ်သည်။ ယခင်က ရွှေသွေးဂျာနယ်သည် စောင်ရေနှစ်သိန်းခန့် ရိုက်ခဲ့ရဖူးပြီး ရွှေသွေးဂျာနယ် နှစ်ပတ်လည် အထူးထုတ်များလည်း ထုတ်ဝေခဲ့သည်။

## သုတပဒေသာစာစောင်

ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေခဲ့သော OM (Open Mind) အမည်ရှိစာစောင်ကို Spectrum အမည်ပြောင်းခဲ့ပြီး ထို Spectrum စာစောင်ပါ အင်္ဂလိပ်ဆောင်းပါးများကို မြန်မာဘာသာပြန်ဆိုကာ သုတပဒေသာစာစောင်ဟူ၍ သုံးလတစ်ကြိမ် ထုတ်ဝေခဲ့သည်။ စတင်ပုံနှိပ်စဉ်က စောင်ရေ ၅၀၀၀၊ တန်ဖိုး ၃ိ/(သုံးကျပ်) ဖြင့်ရောင်းချခဲ့သည်။ သုတပဒေသာတွင် စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ တီထွင်မှု၊ ကျန်းမာရေး၊ ဆေးပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုတို့ အပြင် ရသနှောသောသုတဖြစ်ရပ်မှန်မှတ်တမ်း၊ ဟာသ၊ ကလေးအတွေးစသည့်အမည်စုံစွာ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်စာမူများဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလမှစ၍ နှစ်လတစ်ကြိမ်နှင့် ၂၀၀၀ ပြည့်နှစ်၊ ဇွန်လမှစ၍ တစ်လတစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။ သုံးလတစ်ကြိမ် ထုတ်ဝေစဉ်က အုပ်ရေ ၄၀,၀၀၀ ခန့် ပုံနှိပ်ခဲ့ရသည်။

အခြားစာစောင်များအနေဖြင့် ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်၍ပညာလောကစာစောင်ကို သုံးလတစ်ကြိမ် ထုတ်ဝေခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ရပ်နား

ခဲ့သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှစ၍ ဘာသာပြန် ၅၁နခဲ့ တစ်ခု သီးခြားဖွဲ့စည်းကာ ကိုရီးယားမီဒီယာနှင့် အင်ဒိုနီးရှားမီဒီယာစာအုပ်များကို ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။

## နိုင်ငံတကာနှင့်ပူးပေါင်းထုတ်ဝေခြင်း

စာပေဗိမာန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယူနက်စကို အာရှယဉ်ကျေးမှုရိပ်သာ မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖြစ်ရပ်တည်ခဲ့သည်။ စာပေဗိမာန်မှ စာတည်းမှူးချုပ်၊ စာတည်းမှူးများသည် စီမံကိန်း အစည်းအဝေးများ တက်ရောက်ရပြီး စာတည်းများသည် ပုံနှိပ်ထုတ်ဝေရေးဆိုင်ရာသင်တန်းများ တက်ရောက်ခဲ့ကြသည်။ ထို အစီအစဉ်အရ အာရှ ၁၉ နိုင်ငံမှ စာမူများကို ပေါင်း၍ ထုတ်သော "အာရှရိုးရာ ပုံပြင်များ" အတွဲ ခြောက်တွဲကို မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ စက်မှုလက်မှုနည်းပညာအဖွဲ့ (Association of International Technical & Education Programme- AITEP ) အဖွဲ့နှင့်ပူးပေါင်း၍ မော်တော်ယာဉ်လက်စွဲ၊ လျှပ်စစ်အင်ဂျင်နီယာလက်စွဲ၊ ချိန်နှုန်းမြှင့်ဒီဇယ်အင်ဂျင်၊ ပုစွန်မွေးမြူနည်း၊ လျှပ်စစ်ကိရိယာတပ်ဆင် အသုံးပြုမှုနှင့်တိုင်းတာမှု၊ သတ္တုပုံသွန်းနည်း၊ ရုပ်မြင်သံကြား ပြုပြင်ထိန်းသိမ်းနည်း စသည့်စက်မှုလက်မှုဆိုင်ရာ စာအုပ်များကို ထုတ်ဝေခဲ့သည်။

## စာပေဗိမာန်စာအုပ်အသင်း

၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စာပေဗိမာန် စာတည်းမှူး ဆရာကြီး ဦးစံထွန်း၏အကြံပြုချက်ဖြင့် စာပေဗိမာန်စာအုပ်အသင်းကို စတင်တည်ထောင်သည်။ ၁၉၉၀ ပြည့်ကာလများတွင် အသင်းသား ၂၀,၀၀၀ ကျော်ရှိခဲ့သည်။ အသင်းဝင်ကြေးမှာလည်း ၁၀ ကျပ် မှစခဲ့သည်။ စာပေဗိမာန်ပြည်သူ့လက်စွဲစာအုပ်များကို လစဉ်အသင်းပေးနှင့် သီးခြားရောင်းနှစ်မျိုး ထုတ်ဝေပြီး အသင်းပေးစာအုပ်ကို စာအုပ်အသင်းဝင်များသို့ ဖြန့်ချိပေးသည်။ ဆုရစာမူများကို ပုံနှိပ်ရာ ပထမဆုရစာအုပ်သည် အသင်းပေးဖြစ်သည်။ အသင်းတည်ထောင်စက စာပေဗိမာန်ပြက္ခဒိန်များကို အသင်းဝင်များအား လက်ဆောင်ပေးသည်။



**စာပေဗိမာန်ပထမထပ်တွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေသူများကို တွေ့ရစဉ်**

## စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်

စာပေဗိမာန်စာကြည့်တိုက်ကို ၁၉၅၆ ခုနှစ်၊ မတ်လတွင် စတင်တည်ထောင်ခဲ့သည်။ မည်သူမဆို အခမဲ့ငှားရမ်းဖတ်ရှုခွင့်ရှိခဲ့သည်။ ယခုအခါ ဝင်ကြေး ၁၀၀၀ ကျပ် သတ်မှတ်ထားသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန၏ လုပ်ငန်းခွင်လက်တွေ့ ဆင်းရာဌာနဖြစ်သည်။ ကလေးစာကြည့်တိုက်၊ ရည်ညွှန်းစာကြည့်တိုက်တို့လည်း ဖွင့်လှစ်ထားသည်။

## စာပေဗိမာန်ပြပွဲများ

၁၉၅၇ ခုနှစ်က ပန်းချီပြပွဲပြသခဲ့ကြောင်းကို ပန်းချီဝေဖန်ရေးဆရာ ပေါ်သစ်(ဦးဝင်းတင်) က ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဆောင်းပါးရေးသားခဲ့သည်။

စာပေဗိမာန်ကကြီးမှူး၍ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ယူနက်စကို၏ထောက်ပံ့မှုဖြင့် "နိုင်ငံတကာစာအုပ်နှစ်ပြပွဲ"၊ ၁၉၇၅ ခုနှစ် မတ်လတွင် "စာနယ်ဇင်းတိုင်းခေတ်သမိုင်းပြပွဲနှင့် ၁၉၈၃ ခုနှစ်၊ မေလတွင် "စာနယ်ဇင်းမျက်နှာဖုံး၊ ပန်းချီဓာတ်ပုံပြပွဲ (စာနယ်ဇင်းစုံခေတ်ကြေးမုံ) ပြပွဲ" တို့ကို ပြသခဲ့သည်။

## စာပေဆုများ ချီးမြှင့်ခြင်း

၁၉၄၈ ခုနှစ်အတွက် စာပေဗိမာန် ကျပ် ၁၀၀၀/- (တစ်ထောင်)ဆု ကို ၁၉၄၉ ခုနှစ်တွင် စတင်ချီးမြှင့်သည်။ တစ်နှစ်အတွင်းရရှိသော စာအုပ်များမှ အကောင်းဆုံးစာအုပ်တစ်အုပ်ကို ချီးမြှင့်ရာ စာရေးဆရာမင်းအောင်၏ မိုးအောက်မြေပြင်က ဆုရရှိခဲ့သည်။ ထိုမှ ၁၉၆၁ ခုနှစ်အထိတွင် ဆု ခုနစ်ဆု ချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အနုပညာဆိုင်ရာ စာပေဆုအမည်ဖြင့် ဆုအရေအတွက် ကိုးမျိုးဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် စာအုပ်သာမက စာမူကိုပါ ဆုပေးရန်ဆုံးဖြတ်၍ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အထိပေးအပ်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆု အမည်ပြောင်း၍ စာပေဆု ၁၀ မျိုးချီးမြှင့်သည်။ ၁၉၆၉ ခုနှစ်တွင် ပုံနှိပ်ပြီး စာအုပ်များမှအကောင်းဆုံး တစ်အုပ်ကိုရွေးချယ်၍ အမျိုးသားစာပေဆုပေးရန်နှင့် ကျန်စာမူများကို စာပေဗိမာန်စာမူဆုအမည်ဖြင့် ခွဲခြားချီးမြှင့်ရန် ဆုံးဖြတ်ပြီး ဘာသာရပ် ၁၁ မျိုးပေးအပ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ၁၂ မျိုး ၁၉၇၉ ခုနှစ်တွင် ၁၃ မျိုး၊ ၁၉၈၉ ခုနှစ်တွင် ၁၄ မျိုးနှင့် ၂၀၁၂ ခုနှစ်တွင် ၁၆ မျိုး ဖြစ်လာသည်။ အမျိုးသားစာပေဆုအတွက် စာအုပ်ပေါင်း ၅၅၆ အုပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

၂၀၀၁ ခုနှစ်မှစ၍ ဘဝတစ်လျှောက်လုံး စာပေရေးသားခဲ့ကြသူ ဆရာကြီး၊ ဆရာမကြီးများကိုလည်း တစ်သက်တာစာပေဆု ရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ယခုအခါ ဆရာကြီး၊ ဆရာမကြီး ၂၂ ဦးကို ချီးမြှင့်ပေးနိုင်ခဲ့သည်။

ပြင်ပမှစေတနာရှင် ပခုက္ကူဦးအုံးဖေက ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်သို့ငွေ ၇,၆၀၁,၂၇၉/-(ခုနစ်ဆယ့်ခြောက်သိန်းတစ်ထောင့်နှစ်ရာခုနစ်ဆယ့်ကိုးကျပ်)ကို လှူဒါန်းရာမှ ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၃ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။

## စာတမ်းဖတ်ပွဲများနှင့်စာပေနှီးနှောဖလှယ်ပွဲများ

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲများ၊ စာပေနှီးနှောဖလှယ်ပွဲများ ကျင်းပခဲ့သည်။ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလတွင် ကလေးစာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သိပ္ပံစာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလတွင် စာကြည့်တိုက် နှီးနှောဖလှယ်ပွဲ၊ ၁၉၆၉ ခုနှစ်၊ စက်တင်ဘာလတွင် ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ပြဇာတ်နှင့် ပြဇာတ်စာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လတွင် အတ္ထုပ္ပတ္တိစာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံတကာစာအုပ်နှစ် စုပေါင်းစာတမ်းဖတ်ပွဲ၊ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလတွင် ကလေးလူငယ်စာပေ စာပေနှီးနှောဖလှယ်ပွဲ၊ ၁၉၇၅ ခုနှစ်၊ မတ်လတွင် စာနယ်ဇင်းတိုင်းခေတ်သမိုင်း စုပေါင်းစာတမ်းဖတ်ပွဲ၊ ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလတွင် သုတစာပေစာတမ်းဖတ်ပွဲ၊ ၁၉၇၈ ခုနှစ်၊ မတ်လတွင်

ဝတ္ထုတိုစာတမ်းဖတ်ပွဲ၊ ၁၉၇၉ ခုနှစ်၊ မတ်လတွင် ခရီးသွား စာပေစာတမ်းဖတ်ပွဲ၊ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၊ ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာကဗျာ စာတမ်းဖတ်ပွဲ၊ ၁၉၈၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာစကားပြေစာတမ်းဖတ်ပွဲ၊ ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရပ်ဆိုင်ရာ မြန်မာစာပေစာတမ်းဖတ်ပွဲ၊ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာရည်ညွှန်း စာအုပ်စာတမ်းဖတ်ပွဲ၊ ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဝေဖန်ရေးစာပေစာတမ်းဖတ်ပွဲ၊ ၁၉၈၆ ခုနှစ်၊ မတ်လတွင် စာတမ်းငယ်စာပေစာတမ်းဖတ်ပွဲ၊ ၁၉၈၇ ခုနှစ်၊ မတ်လတွင် ဘာသာပြန် စာပေ စာတမ်းဖတ်ပွဲ၊ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိုးရာပုံပြင်စာပေစာတမ်းဖတ်ပွဲ၊ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ဂန္ထဝင်စာပေစာတမ်းဖတ်ပွဲ၊ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဇာတိမာန်စာပေစာတမ်းဖတ်ပွဲ၊ ၂၀၀၀ ပြည့်နှစ် ဇွန်လတွင် ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲတို့ကို ကျင်းပခဲ့သည်။ စာပေဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုအဖြစ် စာပေစကားဝိုင်းများကိုလည်း အခါအားလျော်စွာ ကျင်းပခဲ့သည်။ ပြင်ပစာရေးဆရာများကို ဖိတ်ခေါ်၍ ဝတ္ထုရှည်စကားဝိုင်းနှင့်ဝတ္ထုတို စကားဝိုင်းတို့ကို ကျင်းပခဲ့သည်။




**စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲများမှ ရိုးရာပုံပြင်စာပေစာတမ်းဖတ်ပွဲကို တွေ့ရစဉ်**

## သင်တန်းများပို့ချပေးခြင်း

စာပေဗိမာန်သည် ရှေးဟောင်းစာပေယဉ်ကျေးမှုကို ထိန်းသိမ်းနေရုံမျှမဟုတ်၊ ပြည်သူလူထု၏ ပညာဗဟုသုတအရာ၌ အသစ်သစ်ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်ရမည်ဟူသောရည်ရွယ်ချက်ဖြင့် စာကြည့်တိုက်လုပ်ငန်း၊ စာပုံနှိပ်လုပ်ငန်း၊ သတင်းစာလုပ်ငန်းတို့တိုးမြှင့်လာစေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး နောက်ပိုင်းတွင် ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မိမိဌာနဝန်ထမ်းများကို ပြည်တွင်းပြည်ပ သင်တန်းများ တက်ရောက်စေခြင်းများ ပြုလုပ်ပေးခဲ့သည်။

နောက်ပိုင်းကာလများတွင်လည်း ဌာနတွင်း သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မိမိဌာနဝန်ထမ်းများကို ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေခြင်းများ ပြုလုပ်ပေးခဲ့သည်။

ယူနက်စကိုမှ ကြီးမှူး၍ ၁၉၇၅ ခုနှစ်တွင် Mobile Training for Book Production စာအုပ်ထုတ်ဝေရေးသင်တန်းကို စာပေဗိမာန်၌ ဖွင့်လှစ်




**စာပေဗိမာန်**
**ဆောင်ပုဒ်နှင့်**
**လိုဂို**

လာရောက်အတုယူ၍ Dewan Babasa dan Pustaka (Institute of Malay Literature ) စာအုပ်ထုတ်ဝေရေး လုပ်ငန်းကြီးကို တည်ထောင်ခဲ့ရာ ထိုလုပ်ငန်းကြီးမှာ များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် စာပေဗိမာန် နှစ်(၇၀) ပြည့်အခမ်းအနားကို သိုက်မြိုက် စည်ကားစွာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရန်ပြောကြားခဲ့ပြီး မြန်မာစာ ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)က "စာပေဗိမာန်နှင့် ကျွန်တော်"၊ စာတည်း (ငြိမ်း)ဦးညွန့်ဟံ(ညွန့်ဟံ-ကြူတော)က "အတွေးပေး သောစာ အမြင်ပေးသောစာ"ခေါင်းစဉ်ဖြင့် စာပေဗိမာန်၏သမိုင်းကြောင်းနှင့် စာပေကိုတွေးပုံ မြင်ပုံရေးသားပုံတို့ကို စိတ်ဝင်စားဖွယ်ဟောပြောကြ သည်။

စာပေဗိမာန်တွင် ခေတ်အဆက်ဆက်တာဝန် ထမ်းခဲ့ကြသော အရာထမ်း၊ အမှုထမ်းတို့သည် ရာထူးဂုဏ်သိန်ထက် စာပေအပေါ် တွယ်တာသော သံယောဇဉ်ဖြင့် တာဝန်ထမ်းရွက်ခဲ့ကြသည်။ ထို့အတူ မျိုးဆက်သစ်တို့ကလည်း နှစ်ခုနစ်ဆယ်ပြည့်ခရီး မှသည် ရာပြည့်ထက်ကျော်လွန်၍ စာပေဗိမာန်၏ ဂုဏ်ကို မြှင့်တင်နိုင်ကြရန် လိုအပ်ပေသည်။

**ချိုမြနွယ်**

သင်ကြားခဲ့သည်။ ပြည်တွင်းပုံနှိပ်ထုတ်ဝေသူများ တက်ရောက်နိုင်ခဲ့ကြသည်။စာပေဗိမာန် စာတည်း များကလည်း ပြင်ပဌာန သင်တန်းများသို့ သွားရောက် သင်ကြားပို့ချပေးလျက်ရှိသည်။

## စာအုပ်အရောင်းဆိုင်ဖွင့်လှစ်ခြင်း

ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ အောက်ဆုံးထပ် (ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်) တွင် စာအုပ်ဆိုင်ကို ဖွင့်လှစ်ထားရာ စာပေဗိမာန်ထုတ် သာမက ပြင်ပစာအုပ်တိုက်များမှထုတ်ဝေသော စာအုပ်များကိုပါ ရောင်းချပေးလျက်ရှိသည်။ ဌာနမှူးတစ်ဦးက ကြီးကြပ်တာဝန်ယူသည်။ ယခင်က ထိုဌာနမှူးတို့သည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်စာအုပ်ပြပွဲနှင့် အိန္ဒိယနိုင်ငံ စာအုပ်ပြပွဲများသို့ သွားရောက်၍ မြန်မာနိုင်ငံထုတ်စာအုပ်များကို ပြသခဲ့ဖူးသည်။

စာပေဗိမာန်သည် အသက်အရွယ်အသီးသီး အတွက် နှစ်စဉ်၊ လစဉ်၊ အပတ်စဉ်ထုတ် စာအုပ် စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်း၊ စာကြည့်တိုက် ဖွင့်လှစ်ထားခြင်း၊ စာအုပ်အသင်း တည်ထောင် ထားခြင်း၊ စာအုပ်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊ စာပေဆု များ ချီးမြှင့်ခြင်း၊ စာပေနှီးနှောဖလှယ်ပွဲ၊ စာတမ်းဖတ်ပွဲများကျင်းပခြင်းစသည့် စာပေဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အရှေ့တောင် အာရှနိုင်ငံများတွင် ပထမဆုံးဌာနကြီးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏နောက် ၁၀ နှစ်ခန့်ကြာမှ လွတ်လပ်ရေး ရခဲ့သော မလေးရှားနိုင်ငံသည် စာပေဗိမာန်သို့

# မြန်မာ့ရိုးရာ ကျေးလက်သိပ္ပံပညာ



၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်ဆိပ်ကမ်းမှ ဒလဘက်ဆီသို့ လက်ခတ် သမ္ဗန်စီး၍ ကူးခဲ့၏။ သမ္ဗန်စီးနင်းနေစဉ် ဒီရေတက်မည့်အချိန်ကို သိလို၍ သမ္ဗန်သမားကြီးကို မေးမြန်းမိ၏။ ထိုအခါ သမ္ဗန်သမားကြီးက ခေတ္တမျှ စဉ်းစားပြီးနောက် ယနေ့သည် တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့ဖြစ်ရာ တစ်ကျပ်တွင် တစ်မတ်နုတ်လျှင် သုံးမတ်ကျန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့မွန်းလွဲတစ်နာရီမထိုးမီ တစ်ဆယ့်ငါးမိနစ်အလိုတွင် ဒီရေတက်လိမ့်မည်ဖြစ်ကြောင်း ဖြေကြား၏။ တကယ်လည်း ထိုနေ့တွင် သူပြောခဲ့သည့်အချိန်၌ ဒီရေတက်ကြောင်း တွေ့ရှိရ၏။

အထက်ဖော်ပြပါ ဖြစ်စဉ်နှင့်ကြုံကြိုက်ပြီးချိန်မှစ၍ မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာကို စိတ်ဝင်စားခဲ့သည်။ သို့ဖြင့် မြန်မာနိုင်ငံဒေသအရပ်ရပ်သို့ ရောက်သည့်အခါတိုင်း မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာအကြောင်း လက်လှမ်းမီသမျှ လေ့လာစူးစမ်းခဲ့သည်။ မှတ်တမ်းတင်ခဲ့သည်။

မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ (Myanmar Traditional Folk Science) ဆိုသည်မှာ ဖြစ်စဉ်တို့ကို ကြည့်မြင်၍ အတိတ်နိမိတ်ကောက်ယူခြင်းမျိုးမဟုတ်သလို ဗေဒင်တွက်ချက်ပြီး ဟောကိန်းထုတ်ခြင်းမျိုးလည်း မဟုတ်ပေ။ သဘာဝတရား၏ အရိပ်အကဲပြမှုများကို အနက်အဓိပ္ပာယ်ဖော်ပြီး အကျိုးရှိအောင် အသုံးချသည့် သိပ္ပံပညာဖြစ်သည်။ ခေတ်မီသိပ္ပံ ပညာ အလွန်တိုးတက်ထွန်းကားလာသည့် ၁၉ ရာစုနှောင်းပိုင်းကာလမှစ၍ မြန်မာ့ရိုးရာသိပ္ပံပညာ၏ အခန်းကဏ္ဍသည် တစ်စတစ်စနှင့် မှေးမှိန်လာခဲ့ရသည်။ လုံးဝပျောက်ကွယ်သွားရတော့မည့် အခြေအနေမျိုးသို့ပင် ရောက်ရှိလာသည်။

ရှေးခေတ်မြန်မာဘိုးဘွားတို့က မိမိတို့၏ အတွေ့အကြုံအရ တတ်မြောက်ခဲ့သော ရိုးရာကျေးလက် သိပ္ပံပညာကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင် အသုံးချပြီး မိမိတို့၏ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခဲ့ကြသည်။ မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော "မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာ" ကို ဖော်ထုတ်ထိန်းသိမ်းရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်သည်။

## မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်များ

နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ထူးကဲဒီရေတက်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်အချို့နှင့်ပတ်သက်၍ သိပ္ပံပညာရှင်များက ကြိုတင်တွက်ချက်သိရှိနိုင်ကြ၏။ သို့ရာတွင် မည်သည့်အချိန်တွင် ငလျင်လှုပ်မည်ဆိုသည်ကို ကြိုတင်မသိနိုင်

ပါဟု ပညာရှင်များက ဝန်ခံခဲ့ကြ၏။ တိရစ္ဆာန်အချို့ကမူ ငလျင်လှုပ်မည့်ဘေးအန္တရာယ်တို့ကို ကြိုတင်သိရှိကာ အန္တရာယ်လွတ်ကင်းမည့်နေရာသို့ ပြေးလွှားတိမ်းရှောင်နိုင်ခဲ့ကြကြောင်း ဖြစ်ရပ်သာဓကများရှိနေသည်။ ထိုသို့ ကြိုတင်သိရှိနိုင်ကြခြင်းမှာ ယင်းသတ္တဝါတို့၏ ဗီဇအသိ (Instinct) စွမ်းရည်ကြောင့်ဟုဆိုသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၇၈၀ ခန့်က အီတလီပြည် ပွန်ပီအိုင်မြို့ကြီးအနီးရှိ ဗီဆူဗီးယပ်(စ်) မီးတောင်ကြီး ပေါက်ကွဲပြီး ချော်ရည်နှင့်ပြာပူများ အောက်နစ်မြုပ်ခါနီးတွင် တိရစ္ဆာန်များက ကြိုတင်သိရှိခဲ့ကြ၏။ ထိုသို့ဘေးအန္တရာယ်မကျမီ တစ်ညအလိုတွင် ခွေးများက အူကြသည်။ ကြီးကန်းများက အုပ်စုအလိုက်အော်ကြသည်။ ချည်တိုင်တွင်ချည်ထားသည့် နွားများကလည်း ကြိုးပြတ်အောင် ရုန်းထွက်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြ၏။ ထိုဒေသတွင် နေထိုင်သော လူသားတို့ကမူ တိရစ္ဆာန်များပြသနေသည့် နိမိတ်ကို အနက်အဓိပ္ပာယ် မဖော်တတ်ကြသောကြောင့် အမှုမဲ့အမှတ်မဲ့နေထိုင်မိခဲ့ကြသဖြင့် နောက်တစ်နေ့တွင် အစုလိုက်အပြုံလိုက် သေပွဲဝင်ခဲ့ကြရ၏။

မြို့ပြယဉ်ကျေးမှုစတင်ထွန်းကားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်ကာလမှစ၍ လူသားတို့သည် မိမိတို့အတွက် အထောက်အကူပြုမည့် သိပ္ပံကိရိယာအတော်များများကို တီထွင်လာနိုင်ခဲ့သည်။ ယင်းသိပ္ပံကိရိယာတို့ကို အမှီသဟဲပြုပြီး အသက်ရှင်ရပ်တည် နေထိုင်လာကြသောကြောင့် ဗီဇအသိစွမ်းရည်က တဖြည်းဖြည်း အားနည်းကျဆင်းလာခဲ့ရသည်။ ယခုအီလက်ထရွန်းနစ်ခေတ်တွင်မူကား ယင်းဗီဇစွမ်းရည်သည် ပျောက်ကွယ်သလောက်နီးပါးဖြစ်သွားရလေပြီ။ သဘာဝတရားက လူသားတို့၏ ဗီဇစွမ်းရည်ကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ တိရစ္ဆာန်တို့တွင်မူ ဗီဇအသိစွမ်းရည် အားကိုးဖြင့်သာ မျိုးသုဉ်းပျောက်ကွယ်မသွားရေးအတွက် ဆက်လက်အသက်ရှင်ရပ်တည်နေကြရ၏။

ရှေးခေတ်ကာလ ကျေးလက်ဒေသတို့တွင် နေထိုင်ခဲ့ကြသော မြန်မာတောင်သူလယ်သမားများသည် ရိုးရာကျေးလက်သိပ္ပံပညာ အားကိုးဖြင့် ရာသီဥတုအခြေအနေကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ကြ၏။ သူတို့ အဓိကအမှီသဟဲ ပြုခဲ့ကြသည်ကား



**သဘာဝဘေးအန္တရာယ်ကို အနီးစပ်ဆုံး ခန့်မှန်းဖော်ပြလေ့ရှိသည့် ရေပျော်ငှက်များ**



**မိုးလာမည့် အရပ်ဒေသကို အသိုက်ဖြင့် ညွှန်ပြနိုင်သည့် ဘီလုံးငှက်**

ကျေးငှက်များ၊ အိမ်မွေးတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန်များ၏ ထူးခြားသောလှုပ်ရှားမှုကို အကဲခတ်ကြခြင်းပင်ဖြစ်၏။

သာဓကအားဖြင့် "ကွန်ကရောင်ငှက်" အဖိုနှင့် အမတို့ ပြိုင်တူအော်နေကြပြီဆိုလျှင် မိုးကြီးလေကြီး ကျတော့မည်ဟု သိကြ၏။ "မိုးစာငှက်" များ ခပ်မြင့်မြင့်တွင် ပျံသန်းနေကြလျှင် မကြာမီမိုးရွာတော့မည်၊ ခပ်နိမ့်နိမ့်တွင် ပျံသန်းနေကြလျှင်လည်း မိုးမကုန်သေးကြောင်းသိကြ၏။ ပန်းရည်စုပ်သည့် မိုးစွေငှက်များ အော်လျှင် မကြာမီ မိုးရွာတော့မည်။ အနည်းဆုံး နှစ်ရက်သုံးရက်ခန့် မိုးစွေနေလိမ့်မည်ဟု သိနိုင်ကြ၏။ ငန်းများ၊ ဝမ်းဘဲနှင့် ရေကြက်များ ညဘက်တွင် ဆူဆူညံညံအော်ကြပျံကြလျှင် မိုးသက်လေပြင်းကျတော့မည်ကို သိနိုင်၏။

မိုးရာသီကာလ၌ ကုန်းတွင်းပိုင်းရှိ လယ်ကွင်းများဆီသို့ ဗျိုင်းမြောက်မြားစွာလာကြလျှင် ထိုနှစ်တွင် မိုးအလွန်ကောင်းမည်ဟု ကြိုတင်သိရှိနိုင်ကြ၏။ ဘီလုံးငှက်သည် ဥရိုးဥစဉ်အတိုင်း ငှက်ကျင်းထဲဥလျှင် ထိုနှစ်တွင် မိုးအလွန်ကောင်းမည်။ ကုန်းပေါ်တွင်ဥလျှင် မိုးနည်းလိမ့်မည်။ ဘီလုံးငှက်၏ အသိုက်တွင် ဖောက်ထားသော အပေါက်ကိုကြည့်ပြီး မိုးမည်သည့် အရပ်ကလာမည်ကို သိနိုင်ကြ၏။ ထိုငှက်တို့၏ အသိုက်တွင်ဖောက်ထားသော အပေါက်၏မျက်နှာစာဘက်မှ မိုးလာလေ့မရှိဘဲ အပေါက်၏ ဆန့်ကျင်ဘက် အရပ်မှသာ မိုးလာလေ့ရှိ၏။

နှစ်တစ်နှစ်တွင် ရေကြီးမည်၊ မကြီးမည်ဆိုသည်ကို ကြိုတင်သိနိုင်သော နည်းလမ်းများလည်းရှိသေး၏။ မြစ်နားချောင်းနားတွင်ရှိသော ကိုင်းပင်နှင့်ချုံပုတ်များပေါ်၌ အသိုက်ဆောက်လေ့ရှိသည့် စာဝါငှက်ကလေးများသည် အပင်၏အကိုင်းထိပ်နားတွင် အသိုက်ဆောက်ကြလျှင် ထိုနှစ်ရေအလွန်ကြီးမည်။ အကိုင်း၏ အလယ်တွင် အသိုက်ဆောက်ကြလျှင် ရေအသင့်အတင့်ကြီးမည်။ ခပ်နိမ့်နိမ့်တွင် အသိုက်ဆောက်လျှင် ထိုနှစ်ရေကြီးမည့်အန္တရာယ် လုံးဝကင်းရှင်းမည်ဟု သိနိုင်ကြ၏။

ပုစဉ်းထိုးငှက်များကို လေ့လာပြီး နှစ်တစ်နှစ်တွင် ရေကြီး၊ မကြီးဆိုသည်ကိုလည်း ခန့်မှန်းသိရှိနိုင်ကြလေ၏။ ထိုငှက်များသည် မြစ်ချောင်းကမ်းပါးတို့၌ အပေါက်ဖောက်၍ အသိုက်ဆောက်လေ့ရှိကြရာ သူတို့ အသိုက်ဆောက်သည့်နေရာကို ကြည့်ပြီး ထိုနှစ်တွင် ရေကြီးမကြီးဆိုသည်ကို သိနိုင်၏။ ကမ်းပါးအမြင့်တွင် အပေါက်ဖောက်ပြီး အသိုက်ဆောက်လျှင် ထိုနှစ် ရေကြီးမည်။ အနိမ့်ပိုင်းတွင် အပေါက်ဖောက်ပြီး အသိုက်ဆောက်လျှင် လုံးဝရေမကြီး။ အသိုက်မဆောက်တော့ဘဲ နေရာပြောင်းသွားလျှင် ထိုနှစ်ကမ်းပါးပြိုအောင် ရေကြီးမည်ဟု သိကြ၏။

ငှက်ကျား၊ ငှက်ကြီးဝန်ပိုနှင့် ဒုံးစပ်ငှက်များ အစုအဖွဲ့ဖြင့် မည်သည့်အရပ်ဆီသို့ ပျံသန်းကြောင်းကို ကြည့်ပြီး သူတို့ဦးတည်ပျံသန်းသော အရပ်၌ ထိုနှစ်တွင်မိုးကြီးမည်၊ ရေလျှံမည်ဆိုသည်ကို သိနိုင်၏။ ကျီးကန်းများ အချိန်စောစွာ အသိုက်ဆောက်သည်ကို တွေ့မြင်ရလျှင် ထိုနှစ်တွင် မိုးဦးစောလိမ့်မည်ဟု သိရှိနိုင်၏။

စောင်းဆရာနှင့် ယားနာပွေးကွက်၊ ပါဒရက်က ပုရွက်ပလူ၊ အနူပြဒါး ပေါင်းရှစ်ပါးဟူသည့် လင်္ကာကိုလည်း ရှေးမြန်မာကြီးတို့က ရိုးရာကျေးလက်သိပ္ပံပညာအတွက် ဖော်မြူလာတစ်ခုအဖြစ် လက်ကိုင်ပြုခဲ့ကြ၏။ မိုးရွာတော့မည်ဆိုလျှင် စောင်းကြိုးများသည် အလိုလိုလျော့လာကြ၏။ ထိုအခါ စောင်းဆရာက

မိုးရွာတော့မည်ကို ကြိုတင်သိရှိ၏။ ယားနာရှိသူများနှင့် ပွေးရှိသူများကလည်း မိုးရွာခါနီးတွင် ကြိုတင်သိရှိကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မိုးရွာခါနီး၌ မခံမရပ်နိုင်အောင် ယားယံလာတတ်ကြသောကြောင့် ဖြစ်၏။ ဒူလာပါဒရက်သမားများကမူ မိုးရွာခါနီးလျှင် မခံမရပ်နိုင်အောင် အကြောအခြင်များတင်းလာကြ၏။ တွင်းအောင်းသော ပုရွက်ဆိတ်များအုံဖွဲ့ပြီး တွင်းပြင်သို့ ထွက်လာလျှင်၊ ပလူကောင်များ တောင်ပို့အပြင်ဘက်သို့ အုံဖွဲ့ပျံတက်လာလျှင် မိုးရွာတော့မည်ကို ကြိုတင်သိရှိနိုင်ကြ၏။



## မိုးရွာမည့် လက္ခဏာကို ကြိုးအလျော့အတင်းဖြင့် ညွှန်ပြနိုင်သည့် မြန်မာ့စောင်း

ကုဋ္ဌနူနာစွဲကပ်နေသူများသည် မိုးရွာခါနီး၌ အနာများ ထူအမ်းအမ်းပျဉ်းတွဲတွဲဖြစ်လာသည်။ အရည်များလည်းစို့ရွှဲလာသည်။ ထိုအခါ ၎င်းတို့သည် မိုးရွာတော့မည်ကို ကြိုတင်သိရှိကြ၏။ ပြဒါးမူကား အပူဓာတ်လွန်ကဲလျှင် ပြန့်တန့်တန့်ကျဲတဲတဲ ဖြစ်နေတတ်၏။ အအေးဓာတ်ရသောအခါ၌ သိပ်သိပ်သည်းသည်းကျုံ့သွားတတ်၏။ ထို့ကြောင့် ပြဒါးကျုံ့သွားသည်ကို တွေ့မြင်ရလျှင် မိုးရွာတော့မည်ဟု ကြိုတင်သိရှိကြ၏။

ပုစဉ်းရင်ကွဲကောင်များအော်လျှင်၊ ဘူးပါးကောင်များအပြင်ထွက်လာလျှင် မိုးကျတော့မည်၊ မိုးရာသီရောက်တော့မည်ကို သိကြ၏။ ဝါဆိုပုစဉ်းအော်လျှင် ဝါဆိုလ၌ ဝါဆိုမိုးကြီးရွာတတ်သည်။ မိုးတွင်း၌ တွင်းအောင်းသော ပုရစ်များထွက်လာလျှင် မိုးကြီးတတ်သည်ဟု သိရှိကြ၏။ စိုက်ပျိုးချိန်၌ ပုရစ်တွင်းမှပုရစ်များထွက်လာလျှင် ကောက်ပဲသီးနှံမအောင်မြင်တတ်ဟု သိကြ၏။

လထီးဆောင်းလျှင်နေပူပြီး ရာသီဥတုသာယာတတ်သည်။ နေထီးဆောင်းလျှင် မိုးရွာတတ်သည်ဟု သိကြ၏။ ဗေဒါများကမ်းကပ်လာလျှင် ရေကြီးတတ်သည်။ ပုရွက်ဆိတ်များမိုးတွင်းကာလ၌ အိမ်ပေါ် (သို့မဟုတ်) အမြင့်သို့တက်လျှင် ရေကြီးရေလျှံတတ်သည်ဟု သိကြ၏။ မိုးတွင်းကာလ၌ ဖားသတ္တဝါများ အိမ်ပေါ် (သို့မဟုတ်) အမြင့်ပိုင်းသို့တက်ကြလျှင် ရေကြီးတတ်သည်။ ဆင်နှာမောင်းပင်များ မိုးပေါ်ထောင်ပွင့်လျှင် ရေကြီးတတ်သည်ဟု သိကြ၏။ မန်ကျည်းပင်မှ အသီးအပွင့်များများပွင့်လျှင်၊ သီးလျှင် ထိုနှစ်တွင် ကိုင်းကျွန်းလယ်ယာများ သီးနှံအထွက်ကောင်းမည်ဟု သိကြ၏။

ဒန့်ကျွဲပင်အသီးသီးပြီး ရင့်လာလျှင် မိုးကျရန်နီးလာပြီ။ မိုးကာလ၌ ဒန့်ကျွဲပင်အသီးများကွေးလာလျှင် “ဒန့်ကျွဲလည်းကွေး၊ မိုးလည်းပြေး” ဟူ၍ သိကြ၏။

ကျီးကန်းများ အပင်မြင့်မြင့်တွင် အသိုက်ဆောက်ကြလျှင် ထိုနှစ်တွင် လေမုန်တိုင်းမကျနိုင်၊ လေမထန်နိုင်၊ အပင်နိမ့်နိမ့်တွင် အသိုက်ဆောက်လျှင်မူ လေထန်မည်၊ မုန်တိုင်းကျမည်ဟု သိကြ၏။ သရက်ပင်များများပွင့်လျှင် သီးလျှင် ထိုနှစ်တွင် လေထန်တတ်သည်ဟု သိကြ၏။

သင်္ကြန်ကျသည့်နေ့တွင် ရှားပင်ကိုဓားဖြင့် တစ်ထစ်ချင်း သုံးထစ်ထစ်ကြည့်သည့်အခါ ပထမအထစ်မှ ရှားစေးအထွက်များလျှင် မိုးဦးကောင်းမည်။ ဒုတိယအထစ်မှ အစေးပိုထွက်လျှင် မိုးလယ်ကောင်းမည်။ တတိယအထစ်မှ အစေးပိုထွက်လျှင် မိုးနှောင်းကောင်းမည်ဟု သိကြ၏။ သင်္ကြန်ကျသည့်နေ့နံနက်ခင်းတွင် အိမ်ကြက်က အရင်ဦးစွာတွန်လျှင်



**မိုးကောင်းမည့် နိမိတ်ကို ကုန်းတွင်းပိုင်း လယ်ကွင်းများဆီသို့ စုဝေးလာရောက်ခြင်းဖြင့် ဖော်ပြတတ်သည့် ဗျိုင်းများ**

မိုးဦးကောင်းမည်။ တောကြက်က အရင်တွန်လျှင် မိုးနှောင်းကောင်းမည်။ အိမ်ကြက်ရော တောကြက်ပါ ပြိုင်တူတွန်လျှင် မိုးလယ်ကောင်းမည်ဟု သိနိုင်ကြ၏။ သင်္ကြန်ကျပြီးနောက် မိုးဦးအစဦရွာသော မိုးရေကို လျှာဖြင့်တို့ကြည့်၍ ချိုလျှင် ထိုနှစ်တွင် စပါးသီးနှံကောင်းမည်။ ခါးလျှင် ပိုးမွှားကျပြီး စပါးသီးနှံပျက်လိမ့်မည်ဟု သိကြ၏။

## မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာနှင့် စဥ့်ကူးမင်း ခေါင်းလောင်းတော်

အေဒီ ၁၈၂၄ ခုနှစ်၊ ပထမမြန်မာ-အင်္ဂလိပ်စစ်ပွဲတွင် စစ်သူကြီးမဟာဗန္ဓုလကျဆုံးခဲ့ပြီး မြန်မာတို့ အရေးနိမ့်ခဲ့ရသည်။ "ရန္တပိုစာချုပ်"ဖြင့် စစ်ပြေငြိမ်းခဲ့ရသည်။ အင်္ဂလိပ်စစ်တပ်က ရွှေတိဂုံစေတီရင်ပြင်တွင် ရှိသော စဥ့်ကူးမင်း၏ကောင်းမှု ကြေးသွန်းခေါင်းလောင်းတော်ကြီးကို အင်္ဂလန်သို့သင်္ဘောဖြင့် သယ်ဆောင်သွားရန် စီစဉ်အားထုတ်ကြသည်။ ရည်ရွယ်ချက်မှာ မြန်မာတို့ကို စစ်အောင်နိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် ယင်းခေါင်းလောင်းတော်ကြီးကို ၎င်းတို့၏ဘုရင်မအား ဆက်သရန်ဖြစ်၏။ ရွှေတိဂုံရင်ပြင်တော်ပေါ်မှ ထိုခေါင်းလောင်းတော်ကြီးကို သိင်္ဂုတ္တရကုန်းပေါ်မှ ခဲရာခဲဆစ်ချပြီးနောက် ရန်ကုန်ဆိပ်ကမ်းသို့ သယ်ဆောင်ကြသည်။ ယင်းနောက် သင်္ဘောပေါ်သို့ ခေါင်းလောင်းတော်ကြီးကိုတင်ဆောင်ကြသည်။ သို့ရာတွင် ဆိပ်ကမ်းမှသင်္ဘောခွာသွားပြီး မကြာမီမှာပင် သင်္ဘောတိမ်းစောင်းသွားကာ ခေါင်းလောင်းကြီး ရေထဲသို့ကျရောက်ခဲ့ရ၏။ ရေထဲတွင်နစ်မြုပ်နေသော ခေါင်းလောင်းကြီးကို အင်္ဂလိပ်တို့က ပြန်လည်ဆယ်ယူရန် ကြိုးပမ်းကြသော်လည်း မအောင်မြင်ခဲ့ချေ။

ရန်ကုန်ဆိပ်ကမ်းအနီးတစ်ဝိုက်တွင် နေထိုင်လျက်ရှိကြသော ဗုဒ္ဓဘာသာဝင် ဗမာ၊ မွန်၊ ကရင်၊ ရှမ်း စသည့်တိုင်းရင်းသားများက ရေထဲမှ ထိုခေါင်းလောင်းတော်ကြီးကို မိမိတို့၏ အစွမ်းဖြင့် ပြန်လည်ဆယ်ယူလိုပါကြောင်း၊ အကယ်၍ ဆယ်ယူနိုင်ခဲ့လျှင် ယင်းခေါင်း

လောင်းတော်ကြီးကို ရွှေတိဂုံရင်ပြင်ပေါ်ရှိ မူလဇရပ်၊ မူလနေရာတွင် ပြန်လည်ချိတ်ဆွဲခွင့်ပြုစေလိုကြောင်း အင်္ဂလိပ်စစ်တပ်၏ အကြီးအကဲကို တင်ပြခဲ့ကြ၏။ အကြီးအကဲက မိမိတို့၏စစ်တပ်တွင် ခေတ်မီ အင်ဂျင်နီယာများ ပါလာခဲ့သော်လည်း ခေါင်းလောင်းကြီး ဆယ်ယူရေးအတွက် မစွမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ မြန်မာကျေးတောသားများက စွမ်းဆောင်နိုင်ကြမည်ဆိုလျှင် မိမိတို့အလွန်ပင် အံ့သြမည်ဖြစ်ကြောင်း၊ အကယ်၍ဆယ်ယူနိုင်ကြလျှင် ခေါင်းလောင်းကြီးကို ဆယ်ယူသူတို့၏ သဘောကျထားလိုသည့်နေရာတွင် ထားနိုင်ပါကြောင်း လိုက်လျောခွင့်ပြုခဲ့၏။



**မြန်မာ့ရိုးရာကျေးလက်သိပ္ပံပညာအစွမ်းဖြင့်**
**ဒီရေအတက်အကျ တွက်ချက်ကာ**
**ပြန်လည်ဆယ်ယူနိုင်ခဲ့သည့်**
**စဥ့်ကူးမင်းခေါင်းလောင်းတော်**

မြန်မာဒေသခံတို့က ရိုးရာကျေးလက်သိပ္ပံပညာအရ ဒီရေအတက်အကျကို တွက်ချက်ကြပြီးလျှင် ဒီရေကျချိန်၌ သောင်ခုံပေါ်တွင်ပေါ်နေသော ခေါင်းလောင်းကြီးကို သစ်လုံးများနှင့်တွဲ၍ ကြိုးဖြင့် ခိုင်ခိုင်ချည်နှောင်ကြ၏။ ဒီရေပြန်တက်လာချိန်၌ သစ်တုံးများ၏ သဘောသဘာဝအရ ရေမျက်နှာပြင်ပေါ်သို့ တက်လာကြသည်။ ထိုအခါ ၎င်းတို့နှင့် တွဲဆက်ချည်နှောင်ထားသော ခေါင်းလောင်းကြီးပါ မြစ်၏ကြမ်းခင်းမှ ကြွတက်လာရသည်။ အရာဝတ္ထုတို့၏ အလေးချိန်သည် ရေထဲ၌ ပေါ့သည့်သဘောရှိရာ သစ်တုံးများက ခေါင်းလောင်းကြီးကို မြစ်၏ကြမ်းခင်းမှ လွတ်အောင် ချီမထားနိုင်ကြ၏။ ဖောင်ကဲ့သို့ဖြစ်နေသော ထိုသစ်တုံးများကို လှေများ၊ ဖောင်များဖြင့် ဆွဲယူလာကြကာ ရွှေတိဂုံဘုရား၏ တောင်ဘက်တည့်တည့်ရှိ ဆိပ်ကမ်းရေတိမ်ပိုင်း၌ ခေါင်းလောင်းကြီးကို ချထားလိုက်ကြ၏။ ဒီရေပြန်ကျသွားချိန်၌ သောင်ခုံပေါ်တွင် တင်နေသော ခေါင်းလောင်းကြီးကို သစ်လုံးတိုင်များအား ကုတ်အဖြစ်သုံး၍ ဝိုင်းကလော်တွန်းရွှေ့ခြင်း၊ ကျွဲများ၊ ဆင်များ၏အင်အားဖြင့် ဆွဲယူခြင်း၊ ကုန်းမြင့်ပေါ်သို့တင်ခြင်းများပြုလုပ်ကြ၏။ လွယ်ကူသော အလုပ်ကားမဟုတ်ပေ။ စေတနာသဒ္ဓါအဟုန်ကြောင့် ပင်ပန်းစွာရွှေ့ပြောင်းသယ်ယူခဲ့ကြရာ နောက်ဆုံးတွင် ခေါင်းလောင်းကြီးကို မူလဇရပ်၌ ပြန်လည်ချိတ်ဆွဲထားနိုင်ခဲ့ကြ၏။ ကြမ်းတမ်းခက်ခဲစွာ သယ်ယူ ရွှေ့ပြောင်းခဲ့ရသဖြင့် ခေါင်းလောင်းကြီးတွင် ပွန်းပဲ့ဒဏ်ရာအချို့ရရှိခဲ့သော်လည်း သမိုင်းဝင်မြန်မာ့ယဥ်ကျေးမှုအမွေအနှစ်ပစ္စည်း စဥ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကို ပစ္စည်းမှန်နေရာမှန် ပြန်လည်ထားရှိနိုင်ခဲ့ခြင်းမှာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်တော့သည်။

**ဦးကျော်ဝင်း(မနုဿကျော်ဝင်း)**

# မြန်မာ့ရှေးဟောင်းဆည်ကြီးများ




မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးတွင် မရှိမဖြစ် လိုအပ်သည့်ရေအတွက် သဘာဝချောင်း၊ မြောင်းရေ တို့ကို တမံဖို့ဆီးတားကာ လိုအပ်သည့်အခါ မြောင်း သွယ်ရေပို့လွှတ်သည့် ဆည်မြောင်းလုပ်ငန်းများကို ပုဂံခေတ်မတိုင်မီကပင် စတင်လုပ်ကိုင်ခဲ့ကြပြီး ရှေးမင်း အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့ကြသည်။

လွတ်လပ်ရေးမရမီ ၁၉၀၂ ခုနှစ်မှ ၁၉၀၆ ခုနှစ် အတွင်း ဗြိတိသျှကိုလိုနီအစိုးရသည် ရှေးမြန်မာမင်းများ လက်ထက်က တည်ဆောက်ခဲ့သည့် ရေလွှဲဆည်များ နေရာတွင် ကွန်ကရစ်ရေလွှဲဆည်များဖြင့် အစား ထိုးကာ အခိုင်အမာတည်ဆောက်ခဲ့သည်။

အဓိကကျသော ရေလွှဲဆည်များမှာ စစ်ကိုင်း တိုင်းဒေသကြီး၊ မူးမြစ်ပေါ်ရှိ ကာဘိုးရေလွှဲဆည်၊ မန္တလေးတိုင်းဒေသကြီး၊ ချောင်းမကြီးချောင်းပေါ်ရှိ ဆည်တော်ရေလွှဲဆည်၊ ကျောက်ဆည်ခရိုင်ရှိ ပန်းလောင်မြစ်နှင့် ဇော်ဂျီမြစ်ပေါ်ရှိ ရေလွှဲဆည်များ၊ မန်းချောင်းပေါ်ရှိ အိုင်းမရေလွှဲဆည်၊ မုန်းချောင်းပေါ်ရှိ မဲဇလီရေလွှဲဆည်၊ စလင်းချောင်းပေါ်ရှိ လင်းဇင်းရေလွှဲ ဆည်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်မှ စ၍ လွတ်လပ်ရေးမရမီကာလအထိ တည်ဆောက် ပြီးစီးခဲ့သော ဆည်မြောင်းအမျိုးအစားနှင့် အရေ အတွက်မှာ ရေလှောင်တမံလုပ်ငန်း ၁၀ ခု၊ ရေလွှဲဆည် ၁၃ ခု စုစုပေါင်း ၂၃ ခုဖြစ်သည်။ ဆည်ရေသောက် ဧရိယာ (ဧက) ၉,၄၁,၄၃၂ ရှိသည်။ ယင်း ဆည်မြောင်း ၂၃ ခု အနက် အဓိကအကျဆုံးဟုဆိုနိုင်သည့် ဆည်မြောင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

## ကာဘိုးရေလွှဲဆည်

မူးမြစ်သည် မြန်မာနိုင်ငံအထက်ပိုင်း ကဘော် ချိုင့်ဝှမ်းဗန်းမောက်မြို့နယ် ရွှေကျောင်းရွာအနီးတွင် စတင်ဖြစ်ဖျားခံ စီးဆင်းလာပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မြောက်မှတောင်သို့ ၂၈၅ မိုင်ခန့် ဖြတ်သန်း စီးဆင်းကာ မြင်းမူမြို့အနီး၌ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည်။ အဆိုပါ စီးဆင်းလာသော မူးမြစ်မှရေကို စိုက်ပျိုးရေအဖြစ် ရှေးမြန်မာမင်းများ အဆက်ဆက် ကပင် ကြံဆအသုံးပြုခဲ့ကြသည်။

အလောင်းစည်သူမင်းလက်ထက်တွင် ဝက်တိုး ရွာအနီး မူးမြစ်ပေါ်၌ ရေလွှဲဆည်တစ်ဆည် တည်ဆောက်ကာ မိုင် ၅၀ အရှည် မူး တူးမြောင်းကို တူး၍ ရေသွင်းစိုက်ပျိုးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၁၁၅ ခု (အေဒီ ၁၇၅၃) အလောင်းဘုရားမင်းတရားလက်ထက် မြင်းခွာတောင် အနီး မူးမြစ်ကို သစ်ခတ်ဆည်ပိတ်၍ မူး တူးမြောင်း ဟောင်းကို ပြုပြင်ကာ မဟာနန္ဒာကန်တော်သို့

ရေဖြည့်ခြင်းနှင့် ရေသွင်းစိုက်ပျိုးခြင်း ပြုခဲ့ကြောင်း သိရသည်။

ယင်း မူး တူးမြောင်းကို ကုန်းဘောင်မင်းအဆက်ဆက် ဆက်လက်ပြုပြင်ထိန်းသိမ်းသုံးစွဲခဲ့ကြသော်လည်း ခေတ်ကာလ ကြာမြင့်လာသည့်အလျောက် တဖြည်းဖြည်း တိမ်ကောပျက်စီးလာခဲ့သည်။

တည်ရှိပြီး မူး တူးမြောင်းဟောင်း၏အူကြောင်းမှာ ချောင်းပေါင်း များစွာ ဖြတ်သန်းဖောက်လုပ်ရမည် ဖြစ်ရာ ကုန်ကျစရိတ် လွန်စွာများပြားမည်ဖြစ်သဖြင့် အင်္ဂလိပ်အစိုးရလက်ထက်တွင် မြောင်းအူကြောင်း အသစ်ကို ထပ်မံရှာဖွေခဲ့သည်။

ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီး မူးမြစ်ပေါ်တွင် ကာဘိုးရေလွှဲဆည် တည်ဆောက်ပြီး ယင်း အူကြောင်းအသစ်အရ တူးမြောင်းအသစ်တူးဖော်ရန် စဉ်းစားတွက်ချက်ခဲ့သည်ဟု သိရသည်။

ပင် စတင်အသုံးပြုခဲ့သည်။ ဆက်လက်၍ ၁၉၁၁-၁၉၁၂ ခုနှစ်တွင် ရေဦးတူးမြောင်းကို ဖောက်လုပ်ခဲ့ရာ ၁၉၁၈-၁၉၁၉ ခုနှစ်တွင်ပြီးစီးခဲ့ပြီး ရေစတင်ပေးဝေခဲ့သည်။

ကာဘိုးရေလွှဲဆည်၏ ပင်မဆည်အလျားမှာ ၄၅၅ ပေကျယ်ပြီး အမြင့် ၁၂ ပေခန့်မြင့်သည်။ ရွှေဘိုဘက်ကမ်းသို့ရေပေးဝေနိုင်ရန် ၁၉ပေ × ၇ ဒသမ ၅ ပေ ရေသွင်းတံခါးကြီး ငါးပေါက် တပ်ဆင်ထားပြီး အောက်ခြေအကျယ်ပေ ၁၀၀ ရှိသည့်အလျား ၂၆ ဒသမ ၈၆ မိုင်ရှည် ရွှေဘိုမြောင်းမတော်၊ အလျား ၂၀ ဒသမ ၁ မိုင်ရှည် လှတော မြောင်းခွဲ၊ အလျား ၂၁ ဒသမ ၆ မိုင်ရှည် မုဆိုးခြုံမြောင်းခွဲတို့ကို တူးဖော်ဖောက်လုပ်ခဲ့သည်။

ရေဦးဘက်ကမ်းတွင်လည်း ၁၈ ဒသမ ၃၃ ပေ× ၅ဒသမ ၈ ပေ ရေသွင်းတံခါးကြီး နှစ်ပေါက်တပ်ဆင်




မျက်မှောက်ခေတ်တွင် မြင်တွေ့ရသည့် ကာဘိုးဆည်

ယင်းသို့ဖြင့် ၁၉၀၁-၀၂ ခုနှစ်တွင် ကာဘိုးရေလွှဲဆည်ကို ကျောက်ပန်းရန် အမျိုးအစားဖြင့် တည်ဆောက်၍ ရွှေဘိုတူးမြောင်းကို စတင်တူးဖော်ခဲ့ရာ ၁၉၀၆-၁၉၀၇ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ယင်းနှစ်၌

ထားပြီး အောက်ခြေအကျယ် ၈၀ ပေကျယ်သည်။ ၄၄ ဒသမ ၆ မိုင်ရှည် ရေဦးမြောင်းမတော်နှင့် အလျား ၁၉ ဒသမ ၁ မိုင်ရှည် မရကန်မြောင်းခွဲတို့ကို ဖောက်လုပ်ထားသည်။

ကာဘိုးဆည်နှင့် ရွှေဘိုမြောင်းမတော် ဖောက်လုပ်တူးဖော်ခြင်းအတွက် ကုန်ကျစရိတ်မှာ ရူပီး ၇၆ ဒသမ ၀၉ သိန်း၊ ရေဦးမြောင်းမတော် ဖောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ် ရူပီး ၆၂ ဒသမ ၀၉ သိန်း ကုန်ကျသည်ဟု သိရသည်။

မြောင်းမတော် တူးမြောင်းမကြီး နှစ်မြောင်းမှ မိုးစပါးဧက ၂,၅၀,၀၀၀ ခန့် စိုက်ပျိုးရေပေးဝေ အကျိုးပြု နိုင်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။

## ကင်းတားဆည်

ပန်းလောင်မြစ် အမှီပြုဆည်ဖြစ်သည်။ အနော်ရထာဘုရင်သည် ပထမဦးဆုံးဆည်တည်ဆောက်ရန် နောက်ပါခြွေရံများကို ကျွဲခေါင်းတောင်အနောက်၌ မြောင်းတူးဖော်စေရာ မအောင်မြင်ဘဲ သိကြားမင်းက ဖျိုင်းယောင်ဆောင်ပြီး ပြသောနေရာတစ်လျှောက်တွင် မြောင်းတူးဖော်စေတော့မှ အောင်မြင်တော်မူသည်။ ဆည်တော်စတင်တည်ဆောက်သည့်နေရာကိုလည်း "ကင်းတား" ဟု အမည်ပေး၍ ဆည်တော်နံ့ဘုရားကို "မထောင်းတာ" ဟု သမုတ်တော်မူခဲ့သည်။

ဆည်တော်ဥပစာနယ်မြေကား **အရှေ့လားသော် ပန်းရောင် (ပန်းလောင်) မြစ်၊ အနောက်လားသော် ကျောက်ပန်းတောင်ခြေ တာနှစ်ဆယ့်နှစ်၊ နှစ်တောင် နှစ်မိုက်၊ တောင်အလားကား ဆင်ကြည့်တောင် ကျောက်ပုံ။ မြောက်အလားကား ကျောက်တန်းအောက်၊သင်ရိုးတာနှစ်ဆယ့်ခုနစ် သုံးတောင်တစ်မိုက်။ ဆည်ရေသောက်လယ်ကား ၆၆၆၆၆ ပယ်ဟု** ဖော်ပြထားသည်။

ကင်းတားဆည်ဟောင်းကို ၁၉၂၅-၁၉၂၆ ခုနှစ်တွင် ခေတ်မီရေလွှဲဆည်များအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်။ ရေလွှဲဆည်အလျား ၃၉၄ ပေရှိသည်။ တူးမြောင်းမကြီး အလျားစုစုပေါင်း ၂၉ ဒသမ ၃၁ မိုင်ရှိပြီး လက်တံမြောင်းခွဲများ အလျားစုစုပေါင်း ၈၈ ဒသမ ၇၆ မိုင်ရှိသည်။ ဆည်ရေသောက်ဧရိယာ ၄၂,၄၀၀ ဧကဟုသိရပြီး ကျောက်ဆည်မြို့နယ်အတွင်း၌ တည်ရှိသည်။

## ငနိုင်သေဥ်ဆည်

ပန်းလောင်မြစ်တွင် အနော်ရထာဘုရင် တည်ဆောက်ခဲ့သော ဒုတိယဆည်ဖြစ်သည်။ မရှက်မြောင်းမတော်အောက်တွင် ကျွန်တော်ငနိုင်သေဥ်ကြီးကြပ်ဆည်ရသောကြောင့် ငနိုင်သေဥ်ဆည် အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟု အဆိုရှိသည်။

ဆည်တော်နံ့ဘုရားကား "ပန်းတင်ဂူ" ဖြစ်သည်။ ဆည်မပြဲတစ်စုံတစ်ခုဖြစ်လျှင် ပန်းတင်ဂူဘုရား အရှေ့တောင်ထောင့်တွင် ရွှေသက်န်းနှင့်ဆွမ်းသင်ပုတ်တင်ရန် ညွှန်းထားသည်။ ဝတ်လဲတော်အောက်၌ ဆင်ရုပ်ရှိသည်။ ထိုကာလက 'ကန်စွန်းရွက်ကို စပါးနှင့် ဝယ်မရအောင် စပါးပေါ်များ၏' ဟု တွေ့ရလေသည်။

ဆည်တော်ဥပစာနယ်မြေကား အရှေ့အလား မြောင်းမတော်ဟောင်း။ အနောက်အလားဝတ်လဲတောင်ခြေ၊ မြောက်အလားပန်းရောင် (ပန်းလောင်) တစ်ဘက်ဘီလူးသင်ရိုးတာနှစ်ရာ့သုံးဆယ့်တစ်။ ဆည်ရေသောက်လယ်ကား ၄၄၄၄၄ ပယ်ဟုဖော်ပြထားသည်။

## ပြောင်းပြာဆည်

ပန်းလောင်မြစ်တွင် အနော်ရထာဘုရင်နှင့် ပုဂံသားတို့ တတိယမြောက် တည်ဆောက်ခဲ့သော ဆည်ကား "ပြောင်းပြာဆည်" ဖြစ်သည်။ ငနိုင်သေဥ်ဆည်အောက် ကျွန်တော်ငပြောင် ပြသည့်နေရာကို ဆည်ရသောကြောင့်"ငပြောင်ပြဆည်"ဟု တွင်ခဲ့သည်။ နောက်မှပြောင်းပြာဆည်ဖြစ်လာသည်ဟုဆိုသည်။

ဆည်တော်နံ့ဘုရားကား "ရွှေပွင့်လင်း"ဖြစ်သည်။ ဆည်ပျက်လျှင် ရွှေပွင့်လင်းဘုရားကို ရွှေသက်န်းကပ်လှူရန် ရည်ညွှန်းထားသည်။ စပါးကြေးဖိုးကား ငွေတစ်ကျပ်ကို ၁၅ ပြည်ဝင် တောင်းနှင့်၁၀တင်း ရ၏ဟုတွေ့ရလေသည်။

ဆည်တော်ဥပစာ နယ်မြေကား အရှေ့အလား ဆည်တော် အနောက်အလား ရွှေတောင်ဦးဘုရား သင်ရိုးတာကိုးဆယ့်ငါး။ တောင်အလားပန်းရောင်မြစ်။ မြောက်အလား မြောင်းမတော်အထိတာရှစ်ဆယ့်ငါး။ ဆည်ရေသောက်လယ်ကား ၇၇၇၇၇ ပယ်ဟုဖော်ပြထားသည်။



**ရှေးခေတ်မြန်မာဘုရင်များလက်ထက် ဆည်တည်ဆောက်နေမှုကို ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးကြပ်နေသည်ကို သရုပ်ဖော်ထားပုံ**

## ကျီးမည်းဆည်

ပန်းလောင်မြစ်တွင် အနော်ရထာဘုရင် စတုတ္ထမြောက် တည်ဆောက်ခဲ့သော ဆည်မှာ ကျီးမည်းဆည် ဖြစ်သည်။ ကြက်ဥကို ကျီးချီ၍ တောင်အရပ်ပျံရာတွင် ကျွန်တော်ငပြည့်ကို မနားမနေ အမီလိုက်စေပြီး ကြည့်ခိုင်းစဉ် ကျီးငှက်ကြက်ဥချသည့်နေရာ ငပြည့်က ပြသည်ကို ဆည်တည်သောကြောင့် ကျီးမည်းဆည် ခေါ်တွင်စေသည်ဟု တွေ့ရသည်။ မြစ်သားမြို့နှင့် ငါးမိုင်ခန့်ဝေးသော(ယခုကူမဲမြို့တွင်းရှိ)ဆည် ဖြစ်သည်။

ဆည်တော်နံဘုရားကို "ရွှေကူမည်း" ဟု သမုတ်တော်မူခဲ့သည်။ ဆည်ပျက်လျှင် ဆည်တော် ရွှေကူမည်းဘုရားတွင် ဆွမ်းသင်ပုတ်သက်န်းမပြတ် တင်လှူရန် ညွှန်းထားသည်။ စပါးကြေးဖိုးကား ငွေတစ်ကျပ်ကို၂၁တင်းရ၏ ဟုတွေ့လေသည်။

**ဆည်တော်ဥပစာနယ်မြေကား အရှေ့အလား ပန်းရောင်မြစ်။ အနောက်အလား မြောက်မြောင်းမတော် တစ်ဖက်လင်းဇင်းခြေအထိတာ ခုနစ်ဆယ့်ခြောက်တာ၊တောင်အလား မြောင်းတော်။ မြောက်အလား ဆည်နံရွှေကူမည်းဘုရား မြောက်သင်ရိုး အခြားတာသုံးဆယ်နှင့်သုံးတောင်။ ဆည်ရေသောက် လယ်ကား ၇၇၇၇၇ ပယ်ဟု** ဖော်ပြထားလေသည်။

## နွားတက်ဆည်

ဇော်ဂျီမြစ် အမှီပြုဆည်ဖြစ်သည်။ ဇော်ဂျီမြစ်တွင် ပထမဆုံးတည်ဆောက်သော ဆည်မှာ နွားတက်ဆည် ဖြစ်သည်။ နွားနှင့်သာတက်၍ ဆည်ရသောကြောင့် နွားတက်ဆည်ခေါ်တွင်ကြောင်း အဆိုရှိသည်။

ဆည်တော်နံဘုရားကား "ရွှေမြင်မိ၊ ရွှေမြင်တင်" ဖြစ်သည်။ ဆည်ပျက်လျှင် ဆည်တော်နံဘုရားတွင် ဆွမ်းသင်ပုတ်ရွှေသင်္ကန်းများကပ်လှူရန်၊ အရှေ့တောင်အရပ်၌ ညောင်စိုက်ရန် ညွှန်းထားလေသည်။

ဆည်တော် ဥပစာနယ်မြေကား အရှေ့အလား မြောင်းမတော်ထီးတော်ရှည်။အနောက်အလား တောက်တဲ့ တောင်ခြေ တာသုံးရာခုနစ်တောင်အလား မြောင်းမတော်၊မြောက်အလား ဆင်တက်တောင်ခြေ၊ တာသုံးရာခုနစ်ခုနစ်တောင်။ ဆည်ရေသောက်လယ်ကား ၃၀,၀၀၀ ပယ်ဟုဆိုထားသည်။

## ငပြောင်ဆည်

ဇော်ဂျီမြစ်၌ အနော်ရထာဘုရင် တည်ဆောက်ခဲ့သော ဒုတိယဆည်မှာ ငပြောင်ဆည်ဖြစ်သည်။ ကျွန်တော်ငပြောင် ခေါင်းဆောင်အုပ်ချုပ်ပြီး တည်ဆောက်စေခဲ့သောကြောင့် ငပြောင်ဆည်ခေါ်ကြောင်း အဆိုရှိလေသည်။

ဆည်တော်နံ့ဘုရားကား "ဆုတောင်းပြည့်" ဟု ဆည်စစ်တမ်းတွင် တွေ့ရှိရပြီး ဆရာအို၏ ဘိုးခရိုင်သမိုင်းတော်အတ္ထုပ္ပတ္တိတွင် "တောင်တော်ဘုရား"ဟု မှုကွဲတွေ့ရသည်။

**ဆည်တော်ဥပစာနယ်မြေကား အရှေ့အလား ဆင်တက်တောင်ခြေ၊ တာနှစ်ရာ့ငါးဆယ်။ အနောက်အလားကျောက်ပုံ၊ တာခုနစ်ဆယ်ခြောက်လေးတောင်၊ တောင်အလား ငါးခရိုင်မြစ်တစ်ဖက်ကြည်းမြောင်း။ မြောက်အလား ရင်ကပ်တောင်ခြေ၊ တာငါးရာသုံးဆယ့်သုံး၊ နှစ်တောင်နှစ်မိုက်၊ ဆည်ရေသောက်လယ်ကား ၄,၄၄၄ ပယ်ဟု** ဖော်ပြထားလေသည်။

## ကွမ်းဆေးဆည်

ဇော်ဂျီမြစ်၌ အနော်ရထာဘုရင် တတိယမြောက်တည်ဆောက်ခဲ့သောဆည်မှာ ကွမ်းဆေးဆည်ဖြစ်သည်။ ဘုရင်နှင့်အတူပါလာကြသော ကိုယ်လုပ်တော်မောင်းမမိဿံများသည် ရေအလျဉ်တစ်နေရာ၌ စားတော်ကွမ်းခွက်များကို ရေဆေးချစဉ် ရေတွင်မျောပါသွားသော ကွမ်းဖတ်များနှင့် ဖောင်းပပြားပင်တို့ ငြိကပ်၍ ရေဝပ်သည့်နေရာတွင် ဆည်ကို တည်သောကြောင့် ကွမ်းဆေးဆည်ခေါ်လေသည်။

ဆည်တော်နံ့ဘုရား၊ ဆည်းတော်ဥပစာနယ်မြေ မတွေ့မိပေ။ ဆည်ရေသောက်လယ်ကား ၇၇၇၇ ပယ်ဟု ဖော်ပြထားလေသည်။

## ကိုလိုနီခေတ် အင်္ဂလိပ်အုပ်ချုပ်ရေးခေတ်ကာလ ပြုပြင်ပြောင်းလဲမှုများ

အနော်ရထာဘုရင်သည် ပန်းလောင်မြစ်ပေါ်တွင် ကင်းတားရေလွှဲဆည်တည်ဆောက်၍ ကင်းတားမြောင်းကြီးဖောက်ခဲ့သည်။ ယင်းကင်းတားမြောင်းမတော် ပေ ၁၉,၀၀၀ အရောက်တွင် ငနိုင်သေဉ်အမည်ဖြင့် ဆည်နိမ့်ခံ၍ လက်ဝဲဘက်သို့မြောင်းတစ်သွယ် ခွဲထွက်စေခဲ့သည်။ ယင်းမြောင်းကား ပြောင်းပြာမြောင်း ဖြစ်သည်။

တစ်ဖန် ကင်းတားမြောင်းမကြီး၌ ငနိုင်သေဉ်ဆည်နိမ့်ခံပြီးနောက် ရှေ့ဆက်လက်စီးဆင်းသွားသောမြောင်းကို ငနိုင်သေဉ်မြောင်းဟုခေါ်တွင်စေခဲ့သည်။

ယနေ့ခေတ်တွင် အနော်ရထာဘုရင် လက်ထက်ကဆည်ခဲ့သော ပြောင်းပြာမြောင်းရင်းနှင့် ပြောင်းပြာဆည်နိမ့်တို့မရှိတော့ပေ။ ငနိုင်သေဉ်ဆည်နိမ့်ကို ကျော်၍ ငနိုင်သေဉ်မြောင်းအမည်ဖြင့်ဆက်လက်ဖောက်လုပ်သွားရာ ပေ၁၉၀၀၀အရောက်တွင် အင်္ဂလိပ်တို့က ရေတံခါးခြောက်ပေါက်ခံ၍ အောင်သောရေကို လက်ဝဲဘက်သို့ ယင်းရေတံခါးဖြင့်ပင် မြောင်းတစ်သွယ်



**ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ဇော်ဂျီရေလွှဲဆည်**




**ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအနီး မုန်းချောင်းပေါ်တွင်တည်ဆောက်ထားသည့် မဲဇလီရေလွှဲဆည်**

ခွဲထွက်စေခဲ့လေသည်။ ယင်းမြောင်းကား အနော်ရထာဘုရင်၏ ပြောင်းပြာမြောင်းရင်းဖြစ်သည်။

ထိုရေတံခါး ခြောက်ပေါက်အထက်ကို ငနိုင်သေဉ်မြောင်းဟူ၍လည်းကောင်း၊ အောက်ဘက် ပေပေါင်း ၄၈,၀၀၀ ကို ငနိုင်သေဉ်မြောင်းသစ်ဟူ၍ လည်းကောင်း ယနေ့ခေါ်ဝေါ်ကြသည်။ ငနိုင်သေဉ်ဆည်၊ ပြောင်းပြာဆည်ဟူ၍ မခေါ်ဝေါ်ကြတော့ချေ။

ဇော်ဂျီမြစ်တွင် အနော်ရထာဘုရင်သည် နွားတက်ရေလွှဲဆည်တည်ဆောက်၍ နွားတက်တူးမြောင်းဖောက်ခဲ့သည်။ ယင်းတူးမြောင်းအပေါ်မှာပင် ကွမ်းဆေးဆည်အမည်ဖြင့် ဆည်နိမ့်တစ်ခုခံ၍ လက်ယာဘက်သို့ မြောင်းတစ်သွယ်ခွဲထွက်ထားသည်။ ကွမ်းဆေးမြောင်းဟုခေါ်သည်။ အနော်ရထာ တည်ခဲ့သော ယင်းနွားတက်ဆည်နှင့် နွားတက်တူးမြောင်းကို အင်္ဂလိပ်တို့က ၁၈၉၁ ခုနှစ်တွင် ဖို့ပစ်ခဲ့သည်။

နွားတက်ဆည်၏ တောင်ဘက်အနီးတွင် အနော်ရထာဘုရင်သည် ငပြောင်ဆည်နှင့် ငပြောင်မြောင်း ငယ်တူးဖော်ခဲ့သည်။ သို့သော် အင်္ဂလိပ်တို့လက်ထက် ၁၈၉၁ ခုနှစ်အတွင်းမှာပင် ယင်းငပြောင်ဆည်ကို လက်ဝဲဘက် နွားတက်တူးမြောင်းရင်းသို့ ရွှေ့ပြောင်းပေါင်းယူလိုက်သဖြင့် အနော်ရထာလက်ထက်က နွားတက်တူးမြောင်းရင်းရှိ ကွမ်းဆေးဆည်မှာ ပျက်ရလေသည်။ ကွမ်းဆေးမြောင်းကိုကား နဂိုမူလအတိုင်း နွားတက်မြောင်းသစ်မှ ရေကျော်ခံ ရေလွှဲပေါက်ပေး၍ စီးဆင်းစေခဲ့လေသည်။

ယင်းကြောင့် ဇော်ဂျီမြစ်အခြေပြု ဇော်ဂျီဆိုင်ရာ အနော်ရထာဆည်ဟူ၍ပြရန် ငပြောင်ဆည် တစ်ဆည်သာ ကျန်ရှိတော့သည်။

## အိုင်းမရေလွှဲဆည်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အတွင်းတည်ရှိ၍ ရှေးမြန်မာမင်းများလက်ထက်တွင် မန်းချောင်းပေါ်၌ တည်ဆောက်ခဲ့သော ရေလွှဲဆည် ဖြစ်သည်။ ၁၈၉၁-၁၉၂၅ ခုနှစ်တွင် ကွန်ကရိ/ကျောက်ပန်းရန်ဆည်အမျိုးအစားအဖြစ် တည်ဆောက်ခဲ့သည်။ ၁၉၂၅-၁၉၂၆ တွင် အခိုင်အမာတည်ဆောက်ပြီးစီးခဲ့သည်။

ရေဆင်းဧရိယာ ၅၇၀ စတုရန်းမိုင်ရှိ မန်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ဆည်အလျား ၅၈၀ ပေ ရှိသည်။ စုစုပေါင်း တူးမြောင်းအလျား ၁၀၀ ဒသမ

၁၄ မိုင်ရှိပြီး စိစစ်ပြီး ရေသောက်ဧရိယာ ၃၆,၁၈၉ ဧက ဟု သိရသည်။

## မဲဇလီရေလွှဲဆည်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မဲဇလီ ကျေးရွာအနီး တည်ရှိသည်။ မုန်းချောင်းပေါ်၌ တည်ဆောက်ထားသော ရေလွှဲဆည်ဖြစ်သည်။ ၁၉၀၃ ခုနှစ်တွင် စတင်ပြုပြင်ခဲ့ပြီး ၁၉၁၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။

ရေဆင်းဧရိယာ ၂၀၇၀ စတုရန်းမိုင်ရှိ မုန်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ဆည်အလျား ၈၃၈ ပေရှိသည်။ စုစုပေါင်း တူးမြောင်းအလျား ၂၂.၂ ဒသမ ၅၂ မိုင်ရှိသည်။ စိစစ်ပြီးရေသောက်ဧရိယာ ၈၂,၆၂၃ ဧကရှိသည်။

## လင်းဇင်းရေလွှဲဆည်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင်တည်ရှိသည်။ ရေဆင်းဧရိယာ ၈၁၀ စတုရန်းမိုင်ရှိ စလင်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် ရေလွှဲဆည်ဖြစ်သည်။ ကွန်ကရိ/ကျောက်ပန်းရန်ဆည် အမျိုးအစားဖြစ်သည်။

လင်းဇင်းဆည်နှင့်စလင်းမြောင်းမတော် တူးမြောင်းမကြီးကို ရှေးမြန်မာမင်းများလက်ထက်တွင် စတင်တည်ဆောက်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် အခိုင်အမာ ပြန်လည်တည်ဆောက်ခဲ့ရာ ၁၉၃၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။

စုစုပေါင်း တူးမြောင်းအလျား ၇၃ ဒသမ ၄၄ မိုင်ရှိပြီး စိစစ်ပြီး ရေသောက်ဧရိယာ ၃၄,၃၃၂ ဧကရှိသည်။

## ယနေ့ခေတ်မြန်မာ့ရှေးဟောင်းရေလွှဲဆည်များ


တိုးတက်လာသည့် လူဦးရေနှင့်စားနပ်ရိက္ခာ လိုအပ်ချက်အရ မြန်မာ့ရှေးဟောင်းရေလွှဲဆည်ကြီးများ အထက်တွင် ရေလှောင်တမံများ တည်ဆောက်ပြီး ယခုအခါ မိုးရာသီနှင့်နွေပါ ရေပေးဝေစိုက်ပျိုးလျက်ရှိသည်။ ရေလှောင်တမံများက ချပေးသောရေများကို မြန်မာ့ရှေးဟောင်းရေလွှဲဆည် ရေပေးမြောင်းစံနစ်အတွင်းမှနေ၍ မိုးစပါးသာမက နွေစပါးအပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံ၊ သစ်သီးဝလံ ပန်းမန်၊ စက်မှုကုန်ကြမ်းသီးနှံများကိုပါ စိုက်ပျိုးနေပြီ ဖြစ်သည်။

ကာဘိုးရေလွှဲဆည်အထက်တွင် ကင်းတပ်၊ ရေလွှဲဆည်နှင့် သဖန်းဆိပ်ရေလှောင်တမံ၊ ဆည်တော်ကြီးရေလွှဲဆည်အထက်တွင် ဆည်တော်ကြီးရေလှောင်တမံ၊ ပန်းလောင်ဇော်ဂျီ ရေလွှဲဆည်များအထက်တွင် ကင်းတားရေလှောင်တမံ၊ ဇော်ဂျီရေလှောင်တမံ၊ မြို့ကြီးရေလှောင်တမံ၊ မဲဇလီရေလွှဲဆည်အထက်တွင် ကြီးအုံကြီးဝရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ တို့ကို တည်ဆောက်ပြီး ရှိရင်းစွဲမြန်မာ့ရှေးဟောင်းရေလွှဲဆည်အသီးသီး၏ ရေသောက်စံနစ်များမှနေ၍ ရေများပေးဝေစိုက်ပျိုးလျက်ရှိသည်။ ခေတ်ဟောင်းနှင့် ခေတ်သစ်ဆည်မြောင်းတို့ ချိတ်ဆက်လုပ်ကိုင်လျက်ရှိရာ အိုသူနှင့်ပျိုသူတို့ တက်ညီလက်ညီလုပ်ကိုင်လျက်ရှိသကဲ့သို့ဖြစ်ပေသည်။

ကင်းတပ်ရေထိန်းတမံကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင်လည်းကောင်း တည်ဆောက် ပြီးစီးခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံမှ မြောင်းကြီးနှစ်မြောင်းဖြင့်လည်းကောင်း၊ ကင်းတပ်ရေထိန်းတမံမှချပေးသော ရေအားမူလကာဘိုးရေလွှဲဆည်မှ မြောင်းကြီးနှစ်မြောင်းဖြင့်လည်းကောင်း ရေပေးဝေစိုက်ပျိုးလျက်ရှိသည်။ ကာဘိုးရေလွှဲဆည်မှ ၃၂၁,၆၆၇ ဧက ရေပေးဝေစိုက်ပျိုးနေသကဲ့သို့ ကင်းတပ်နှင့် ကာဘိုးမှ စုစုပေါင်းလယ်ဧက ၇၃၇,၉၀၃ ဧက (၂၀၁၆ ခုနှစ်) စိုက်ပျိုးလျက်ရှိသည်။

ထိုနည်းတူ မြန်မာမင်းများလက်ထက်က ရေပေးဝေစိုက်ပျိုးခဲ့သော ဆည်တော်ကြီးရေလွှဲဆည်ကို ၁၉၀၁ ခုနှစ် က ရေသောက်ဧရိယာ ၉၅,၀၀၀ ဧက ဆက်လက်ရေပေးဝေစိုက်ပျိုးနေရာမှ ၁၉၈၆-၈၇ ခုနှစ်တွင် ဆည်တော်ကြီးရေလှောင်တမံအဖြစ် ပြီးစီးသည့်အခါ ယင်းဆည်တော်ကြီးရေလွှဲဆည်မှ ၁၂၇,၀၀၀ ဧကအထိ ရေပေးဝေစိုက်ပျိုးလျက်ရှိသည်။

## မြန်မာ့ရှေးဟောင်းဆည်ကြီးများ




**မြန်မာမှု မြန်မာ့ဟန် မြန်မာ့အတတ်ပညာဖြင့် စနစ်တကျတည်ဆောက်ထားသည့် ဆည်ရုံတာပြ မြေပုံကို တွေ့ရစဉ်**

အလားတူ ပုဂံခေတ်က ဆည်ရေသောက် လယ် ၆၆၆၆၆ ပယ်စိုက်ပျိုးနိုင်ခဲ့သော ကင်းတားရေလွှဲဆည် မှာလည်း ၁၉၈၉-၉၀ ခုနှစ်တွင် ကင်းတားရေလှောင် တမံတည်ဆောက်ပြီးစီးသည့်အခါ ၂၀၁,၅၀၀ ဧက အထိ ရေပေးဝေစိုက်ပျိုးနိုင်လာသည်။ မူလက ၆၆၆၆၆ ပယ် (၁၁၇,၉၉၈ ဧက) စိုက်ပျိုးနိုင်ရာမှ ၂၀၁,၅၀၀ ဧက စိုက်ပျိုးနိုင်လာသည့်အပြင် ရေကြီးရေလျှံရေနစ်မြုပ် မှုမှလည်း ကာကွယ်နိုင်ခဲ့သည်။

### မြန်မာမင်းများခေတ် ဆည်မြောင်းတည်ဆောက်ရေး နည်းပညာအပေါ် အမြင်

မြန်မာတိုင်းရင်းသားတို့သည် ရှေးပဝေသဏီက ပင် ရေအရင်းအမြစ်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ် အသုံးချရေးဖြစ်သော ဆည်မြောင်းကန်ချောင်း တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး အတတ်ပညာများကို တတ်ကျွမ်းခဲ့ကြပြီး ဖြစ်သည်။ ရှေးမြန်မာမင်းတို့ ခေတ်အဆက်ဆက်တွင် ဆည်မြောင်း ကန်ချောင်းများ၊ ရေကာတာကြီးများကို မြန်မာမှု မြန်မာဟန် မြန်မာ့အတတ်ပညာများဖြင့် တည်ဆောက် ခဲ့ကြသည်။ ပုဂံခေတ်မတိုင်မီနှင့်ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်တို့တွင် မြန်မာမင်း တို့သည် ကြီးကျယ်ခမ်းနားသော ဆည်ကြီးများ၊ ကန်ကြီးများ၊ ချောင်းမြောင်းကြီးများ၊ မြို့ရိုးပတ် ကျုံးကြီးများ၊ ရေကာတာကြီးများကို တည်ဆောက်ခဲ့ကြ သည့် နည်းပညာများသည် သမိုင်းမှတ်တိုင်ကြီးများ အဖြစ် အထင်အရှားရှိသည်။ ၎င်းနည်းပညာရပ်နှင့် ပတ်သက်၍ ဗြိတိသျှတို့ကပင် ချီးကျူးခဲ့ရသကဲ့သို့ ယင်းဆည်ကြီးများ၊ ကန်ချောင်းကြီးများကို ဆက်လက် အသုံးပြုခဲ့ကြသည်မှာ မြန်မာ့ရှေးဟောင်း ဆည်သမိုင်း ၌ အထင်အရှားရှိနေသည်။

အရင်းစစ်အမြစ်မြေကပဟု ဆိုသကဲ့သို့ ရှေးမြန်မာ မင်းများ လက်ထက်က ဆည်များတည်ဆောက်ခဲ့၍ သာလျှင် ၎င်းဆည်များကို အခြေခံ၍ ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံတိုးတက်အောင် တည်ဆောက်လုပ်ကိုင် နိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဆည်ရေသောက်ဧရိယာများ တိုးတက်လာပြီး စားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ် နိုင်ခဲ့ခြင်းဖြစ်သည်။ ဘိုးဘွားအမွေစစ်ဖြစ်သည့် မြန်မာ့ ရှေးဟောင်း ဆည်ကြီးများထာဝရခိုင်ခံ့ တည်မြဲစေရန် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ် ပေသည်။

**ထိန်လင်း(မန်းတက္ကသိုလ်)**

# ရာသီတုပ်ကွေးရောဂါ




၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ကျန်းမာရေး ကဏ္ဍတွင် အများပြည်သူနှင့်သက်ဆိုင်သည့် ထူးခြားမှုဖြစ်စဉ်အနေနှင့် ရာသီတုပ်ကွေးဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဇူလိုင်လဆန်းမှ စက်တင်ဘာလကုန်အထိ သုံးလအတွင်း နိုင်ငံ၏နေရာအနှံ့အပြား၌ ရာသီ တုပ်ကွေး ကူးစက်ပြန့်ပွားခဲ့သော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူအသေ အပျောက်အနည်းဆုံးဖြစ်ခဲ့ပြီး အောင်မြင်မှုရရှိ ခဲ့သည့်အတွက် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့သည်။

**ရာသီတုပ်ကွေးဆိုသည်မှာ**

တုပ်ကွေးဗိုင်းရပ်စ်ပိုးများကို ယင်းတို့၏အတွင်း ပိုင်းရှိ ပရိုတင်းအမျိုးအစားနှင့် တည်ဆောက်ပုံပေါ် မူတည်ကာ အေ၊ ဘီ၊ စီဟူ၍ အဓိကသုံးမျိုး ခွဲခြားထား သည်။ လူတွင် အေနှင့်ဘီအမျိုးအစားသာဖြစ်လေ့ရှိပြီး အဓိကအားဖြင့် အေအမျိုးအစားသာ အဖြစ်များ သည်။ ရာသီတုပ်ကွေးမှာ အေအမျိုးအစားတွင် ပါဝင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက် အရ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ရာသီတုပ်ကွေးဖြစ်ပွားမှုမှာ သုံးသန်းမှ ငါးသန်းအကြားရှိပြီး ယင်းတို့အနက် သေဆုံးမှုမှာ နှစ်သိန်းငါးသောင်းမှ ငါးသိန်းအထိ ရှိကြောင်း ခန့်မှန်းထုတ်ပြန်ထားသည်။


တုပ်ကွေးဗိုင်းရပ်စ်အေကို ယင်းတို့၏အပေါ်ယံရှိ ဓာတ်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ အမျိုးအစား များ ထပ်မံခွဲခြားထားသည်။ အဆိုပါဓာတ်ပစ္စည်းမှာ နှစ်မျိုးရှိပြီး ယင်းတို့ကို H(Haemagglutinin) နှင့် N (Neuraminidase) ဟူ၍ အမည်ပေးထားသည်။ H အမျိုးအစား ၁၆ မျိုးရှိရာ H1 မှ H16 ဟူ၍ သတ်မှတ် ပေးထားပြီး N မှာ ကိုးမျိုးရှိ၍ N1 မှ N9 ဟူ၍ ခေါ်ဝေါ် သတ်မှတ်ပေးထားသည်။

ထို့ကြောင့် အဆိုပါ H နှင့် N ပါဝင်မှုပေါ်မူတည် ၍ H1N1 ၊ H5N1 ၊ H3N1 စသည်ဖြင့် တုပ်ကွေး ဗိုင်းရပ်စ်အမျိုးအစားများ ကွဲပြားသွားသည်။ ယင်းတို့အနက် ရောဂါပြင်းထန်စေသော အမျိုးအစား မှာ H တွင် H5 နှင့် H7 ဖြစ်ပြီး N တွင် N1 နှင့် N2 တို့ ဖြစ်ကြသည်။ ထို့ကြောင့် H5N1 ၊ H5N2 ၊ H7N1 ၊ H7N2 တို့မှာ ရောဂါပြင်းထန်စေသော အမျိုးအစားများ ဖြစ်သည်ဟု ဆိုနိုင်သည်။ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရာသီတုပ်ကွေး အမျိုးအစားမှာ H1N1 ဖြစ်၍ H အနေနှင့် မဆိုးလှ သော်လည်း N အနေနှင့်ဆိုးသဖြင့် သေပျောက်မှု ရှိခဲ့ခြင်း၊ ဂရုစိုက်ကုသမှုများပေးခဲ့ရခြင်း ဖြစ်သည်။

H1N1 ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၉၁၈-၁၉၂၀ ခုနှစ်အတွင်း စပိန်နိုင်ငံမှအစပြုကာ ဥရောပတိုက်တစ်တိုက်လုံးသို့ ပျံ့နှံ့ရောက်ရှိခဲ့သည့် စပိန်တုပ်ကွေးဟု အမည်တွင်ခဲ့သည့် ရောဂါကြောင့် လူဦးရေသန်း ၅၀၀ ကျော်ကို ကူးစက်ခဲ့ကာ သန်း ၄၀ သေဆုံးခဲ့ကြရသဖြင့် သေဆုံးမှုနှုန်းများပြားခဲ့သောကြောင့် ယခင်ကကဲ့သို့ မဖြစ်စေရန် အထူးကြပ်မတ် လုပ်ဆောင်နေရခြင်း ဖြစ်သည်။

## မြန်မာနိုင်ငံနှင့် ရာသီတုပ်ကွေး

မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက မိုးကာလ နှင့် ဆောင်းကာလတို့တွင် ရာသီတုပ်ကွေးများ နှစ်တိုင်းလိုလို ဖြစ်ပွားလေ့ရှိသော်လည်း ယခု ကာလကဲ့သို့ ရောဂါကို တိကျစွာဖော်ထုတ်နိုင်သော အထောက်အကူပြုပစ္စည်းကိရိယာများ ပေါ်ပေါက်ခဲ့ခြင်း မရှိ၍ မည်သည့်တုပ်ကွေးဗိုင်းရပ်စ်ပိုးအမျိုးအစား ဖြစ်ပွားခဲ့ကြောင်း မသိရှိခဲ့ကြရပါ။ ယခုနောက်ပိုင်းမှသာ H1N1၊ H5N1 အစရှိသည့် ရောဂါပိုးကိုတွေ့ရှိ စမ်းသပ် ဖော်ထုတ်နိုင်ခဲ့ခြင်း၊ မီဒီယာများ၏ တိုးတက်ပွင့်လင်း လာခြင်းတို့ကြောင့် ပို၍တိကျစွာ သိရှိနိုင်ခဲ့သည်။




**ရာသီတုပ်ကွေးရောဂါဖြစ်ပွားစေသည့် H1N1 ဗိုင်းရပ်စ်ပိုးမွှားကို အနီးကပ်တွေ့ရစဉ်**

၂၀၁၇ ခုနှစ်အတွင်း ရာသီတုပ်ကွေးမှာ မိုးကာလ ဇူလိုင်လမှစတင်ဖြစ်ပွားခဲ့ပြီး အများစုမှာ ခုခံအားစနစ်ကောင်းမွန်မှုကြောင့် သက်ဆိုင်ရာမိသားစု ဆရာဝန်နှင့်ပြသ၍ ပျောက်ကင်းသွားကြသည်။ အချို့မှာ ပြင်းထန်သောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်ပွားသဖြင့် ဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့ကြရာ ယင်းတို့အနက် အချို့မှာ ပြန်လည်ကောင်းမွန်လာသော်လည်း အချို့မှာ သေဆုံးမှုများရှိခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ ဇူလိုင်လ ၂၁ ရက်မှ စက်တင်ဘာလ ၂၆ ရက်အထိ ရာသီတုပ်ကွေးဖြစ်ပွား၍ အသက်ရှုလမ်းကြောင်း ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူသူ လူနာ စုစုပေါင်း ၁၁၈၀ အနက် H1N1 ပိုးတွေ့သူမှာ ၄၀၀ ရှိခဲ့ပြီး ယင်းတို့အနက် ၃၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထူးခြားမှုအနေနှင့် ရောဂါဖြစ်ပွားသည့် အချိန်မှ စ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အဆိုပါ ရောဂါနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို မီဒီယာမျိုးစုံမှတစ်ဆင့် နေ့စဉ်ထုတ် ပြန်ရုံမျှမက ထိရောက်သောကျန်းမာရေး ပညာပေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ကုသမှု များပေးနိုင်ခဲ့ခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်း ကူညီမှုဖြင့် အဆိုပါရောဂါကို ကောင်းစွာထိန်းချုပ် ထားနိုင်ခဲ့ခြင်းတို့ကြောင့် သေပျောက်နှုန်း လွန်စွာ နည်းခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

## ရာသီတုပ်ကွေးကူးစက်ပျံ့နှံ့ပုံ

အဓိကအားဖြင့် ရောဂါရှိသူ၏ အသက်ရှူ လမ်းကြောင်းမှ ဗိုင်းရပ်စ်ပိုးများသည် နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့မှတစ်ဆင့် လေထဲသို့ပျံ့နှံ့ရောက်ရှိ သွားသည်။ အဆိုပါရောဂါရှိသူနှင့် နီးနီးကပ်ကပ်နေသူ များ၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက် ကာ ကူးစက်နိုင်သည်။ အဆိုပါဗိုင်းရပ်စ်များသည် နှာချေ၊ ချောင်းဆိုးပြုလုပ်သူ၏ပတ်ဝန်းကျင်ရှိ ပစ္စည်း များပေါ် ကျရောက်ကာ အချိန်အတိုင်းအတာတစ်ခု



**၂၀၁၇ ခုနှစ်တွင် မြန်မာပြည်သူများအကြား တုန်လှုပ်ချောက်ချားစေခဲ့သည့် H1N1 ဗိုင်းရပ်စ်ပိုးမွှားများ**

အထိ အသက်ရှင်လျက်တည်ရှိနေနိုင်သည်။ (ဥပမာ-တံခါးလက်ကိုင်များ၊ ထိုင်ခုံများ၊ လူ့အသုံးအဆောင်ပစ္စည်းများစသည်ဖြင့်) အဆိုပါ ဗိုင်းရပ်စ်ပိုးတည်ရှိနေသောပစ္စည်းများကို လက်ဖြင့်ကိုင်တွယ်မိပါက ကိုင်သူ၏လက်တွင် ဗိုင်းရပ်စ်ပိုးများ တွယ်ကပ်လာသည်။ အဆိုပါလက်ဖြင့် မျက်နှာနှင့်နှာခေါင်း ပတ်ဝန်းကျင်ကို ပွတ်မိခြင်းဖြင့် ဗိုင်းရပ်စ်ပိုးများသည် အသက်ရှူလမ်းကြောင်းသို့ ဝင်ရောက်သွားလေ့ရှိသည်။ အဆိုပါနည်းဖြင့် ကူးစက်မှုများပိုမိုများပြားသဖြင့် (အထူးသဖြင့် အများသုံးပစ္စည်းများ ကိုင်တွယ်ပြီးတိုင်း) လက်ကိုမကြာခဏ ဆေးပေးရန်လိုအပ်သည်။

## ရာသီတုပ်ကွေး၏ရောဂါလက္ခဏာများ

ရာသီတုပ်ကွေးဗိုင်းရပ်စ်ပိုး ဝင်ရောက်သူတိုင်း ရောဂါလက္ခဏာပြခြင်းမရှိပေ။ အချို့ကိုယ်ခံအားစနစ်ကောင်းသူများတွင် ဝင်ရောက်လာသောဗိုင်းရပ်စ်ပိုးကို တိုက်ခိုက်နှိမ်နင်းလိုက်ခြင်းဖြင့် ဗိုင်းရပ်စ်ပိုးများ စောစောစီးစီးသေဆုံးကုန်၍ မည်သည့်လက္ခဏာမှ မပြဘဲရှိတတ်သည်။ အကယ်၍ရောဂါပိုးများ ဆက်လက်ဖြစ်ပွားလာပါက ရုတ်တရက် အဖျားတက်ခြင်း၊ ချမ်းတုန်ခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာရည်ယိုခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်း အစရှိသည့် လက္ခဏာများ ခံစားရလေ့ရှိသည်။ သာမန်အားဖြင့် မိသားစုဆရာဝန်နှင့်ပြသကာ တုပ်ကွေးအတွက် အိမ်သုံးဆေးဝါးများအသုံးပြုခြင်း၊ အနေအထိုင် အစားအသောက်မှန်ကန်အောင်ပြုလုပ်ခြင်းနှင့် အနားယူခြင်းတို့ပြုလုပ်ပါက တစ်ပတ်အတွင်း သက်သာပျောက်ကင်းသွားလေ့ရှိသည်။

သို့ရာတွင် အချို့သူများတွင် ရောဂါမှာပိုမို ပြင်းထန်လာပြီး အဆုတ်ရောင်ခြင်း၊ ဗက်တီးရီးယားပိုးများ ထပ်ဆင့်ဝင်ရောက်ခြင်းကြောင့် အဆုတ်ရောင်ရောဂါ ပိုမိုပြင်းထန်လာခြင်း၊ နားပြည်ယိုခြင်းတို့ ဖြစ်လာတတ်သည်။ အထူးသဖြင့် ရောဂါအခံရှိသူများ (ဥပမာ-ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ)၊ ဆေးလိပ်သောက်သူများဖြစ်ပါက ပိုမိုဆိုးရွားလေ့ရှိ၍မဖြစ်မနေ ဆေးရုံတက်ရောက် ကုသမှုခံယူရန်လိုအပ်သည်။ ဆေးရုံသို့ အချိန်မီ တက်ရောက်ကုသမှုမခံယူမိပါက အသက်သေဆုံးသည်အထိ ပြင်းထန်သောရောဂါဖြစ်၍ မပေါ့ဆသင့်ပေ။

### ရောဂါမဖြစ်စေရန် ကာကွယ်ရမည့်နည်းလမ်းများ

ရာသီတုပ်ကွေး ဖြစ်ပွားနေသည့်ဒေသတွင် နေထိုင်သူများသည် လူစုလူဝေးနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရမည်။ (ဥပမာ-စတိတ်ရှိုးပွဲများ၊ ဇာတ်သဘင်ပွဲများ၊ ရုပ်ရှင်ရုံများ) ယင်းသို့ ရှောင်ကြဉ်ခြင်းဖြင့် ရောဂါဖြစ်နေသူမှတစ်ဆင့် တခြားလူအများစုသို့ တစ်ပြိုင်တည်းကူးစက်မှုကို ကာကွယ်တားဆီးရာရောက်သည်။

အများသုံးပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်လိုအပ်သည်။ (ဥပမာ-ဘတ်စ်ကားတံခါးလက်ကိုင်များ၊ ထိုင်ခုံများ၊ အများသုံးအိမ်သာမှပစ္စည်း




**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည့် H1N1 ဗိုင်းရပ်စ်ဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်**

များ) ပြင်ပမှ အိမ်သို့ပြန်ရောက်တိုင်း အနည်းဆုံး လက်ဆေးခြေဆေးပြုလုပ်ရန်လိုသည်။ ရေချိုးပြီး အဝတ်အစားလဲလှယ်ပေးသင့်သည်။ အဝတ်အစားများပေါ်တွင် ပြင်ပမှရောဂါပိုးများကပ်ငြိပါလာနိုင်သဖြင့် အိမ်ရှိကလေးငယ်များကို မကူးစက်စေရန် လုပ်ဆောင်သင့်သည်။

လိုအပ်ပါက နှာခေါင်းစည်း တပ်ရမည်။ ယင်းသို့တပ်ရာတွင်လည်း ဗိုင်းရပ်စ်ပိုးများမဝင်ရောက်နိုင်သည့် N95 အမျိုးအစားကို ရွေးချယ်အသုံးပြုရမည်။ အထူးသဖြင့် လူနာများကို ကြည့်ရှုနေရသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် နှာခေါင်းစည်း တပ်ရန်လိုအပ်သည်။

ရောဂါရှိသူအနေနှင့် တခြားသူများသို့ မကူးစက်စေရန် နှာချေခြင်း၊ ချောင်းဆိုးခြင်းဖြစ်ပါက လက်ကိုင်ပဝါ (သို့မဟုတ်) တစ်ခါသုံးစက္ကူများကို စနစ်တကျစွန့်ပစ်ခြင်း၊ လက်ကိုင်ပဝါများကို စနစ်တကျ လျှော်ဖွပ်ခြင်းတို့ ပြုလုပ်ရမည်။


အကယ်၍ မိမိတွင် ရာသီတုပ်ကွေး၏လက္ခဏာများ စတင်ပေါ်ပေါက်လာပါက မိသားစုဆရာဝန်နှင့် အမြန်ဆုံးပြသပြီး ကုသမှုခံယူခြင်းဖြင့် ရောဂါပိုဆိုးမလာစေရန် ဆောင်ရွက်သင့်သည်။

### ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး

ကာကွယ်ဆေးများလည်း ထွက်ရှိနေပြီဖြစ်၍ လိုအပ်မည့်သူများ ကြိုတင်ထိုးနှံခြင်းဖြင့် ရာသီတုပ်ကွေးကိုကာကွယ်နိုင်သည်။ ကာကွယ်ဆေးများမှာ တုပ်ကွေးရောဂါပိုး တစ်မျိုးမှ လေးမျိုးအထိ ကာကွယ်နိုင်သောဆေးများဖြစ်သည်။ ရာသီတုပ်ကွေးမှာ နှစ်စဉ်နှင့်အမျှ ဗိုင်းရပ်စ်ပိုးအမျိုးအစား ပြောင်းလဲမှုရှိနေသဖြင့် ပိုးအမျိုးအစားမတူညီပါက မနှစ်ကထိုးသည့်ဆေးကို ယခုနှစ်တွင် အသုံးပြု၍မရနိုင်ပေ။ ထို့ကြောင့် တုပ်ကွေးစတင်ဖြစ်ပွားပြီး ပိုးအမျိုးအစားသိရှိပြီးမှ အဆိုပါပိုးအတွက် သီးသန့်ထုတ်ထားသော ကာကွယ်ဆေးကိုသာ ထိုးပေးရမည်ဖြစ်သည်။ ကာကွယ်ဆေးကို မဖြစ်မနေထိုးသင့်သောသူများမှာ တုပ်ကွေးလူနာကို ပြုစုနေရသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ဆေးရုံဆေးခန်းများ၌ လုပ်ကိုင်နေရသူများ၊ ရောဂါရှိသူများနှင့်အတူနေမိသားစုဝင်များ၊ တစ်ဆောင်တည်းအတူနေသူများဖြစ်သည်။ သို့ရာတွင် ကာကွယ်ဆေးနှင့် ဓာတ်မတည့်သူများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါရှိသူများ၊ ပန်းနာရင်ကျပ်ရှိသူများ၊ ကြက်ဥဘဲဥနှင့် မတည့်သူများ ကာကွယ်ဆေးထိုးမည်ဆိုပါက ဆရာဝန်နှင့်တိုင်ပင်ပြီးမှ ထိုးရမည်ဖြစ်သည်။ ဆရာဝန်က ထိုးရန်မသင့်ဟု ဆုံးဖြတ်လျှင် မထိုးသင့်ပေ။

**ဒေါက်တာခင်မောင်လွင် (FAME)**

# အာဆီယံ နှစ် ၅၀ စရိုး





အရှေ့တောင်အာရှနိုင်ငံများအသင်း- အာဆီယံ (Association of Southeast Asian Nations-ASEAN) ကို ၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့သည့်အတွက် အာဆီယံအသင်းကြီး၏ ရွှေရတုအခမ်းအနားများကို အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းတွင် ကျင်းပခဲ့ကြသည်။ အာဆီယံအသင်းကြီးသည် နှစ်ပေါင်း (၅၀) အတွင်း အဖွဲ့ဝင်နိုင်ငံများအကြား အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့မှုနှင့် ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေးဟူသည့် မူများကို ခိုင်ခိုင်မာမာကာကွယ်နိုင်ခဲ့သည့် အောင်မြင်မှုများ ရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများကြောင့် မျှော်လင့်မထားသည့် အခက်အခဲများစွာကိုလည်း ဆွေးနွေးညှိနှိုင်းပြီး တူညီဆန္ဒရယူခြင်း (Consultation and Consensus) ဟူသော အာဆီယံ နည်းလမ်း (ASEAN Way) နှင့်အညီ အောင်မြင်စွာ ဖြတ်ကျော် နိုင်ခဲ့ပြီး ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

အာဆီယံအသင်းကြီးသည် စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအရလည်း ကမ္ဘာပေါ်တွင် အရေးပါသော အသင်းကြီးတစ်သင်းအဖြစ် ပေါ်ထွက်လာခဲ့သည်။ အာဆီယံ၏ စုစုပေါင်း ဂျီဒီပီမှာ ၂ ဒသမ ၄ ထရီလီယံ ဒေါ်လာရှိပြီး ကမ္ဘာပေါ်တွင် စီးပွားရေးအရသတ္တမမြောက် အင်အားအကြီးဆုံးဖြစ်သည်။ လူဦးရေသန်းပေါင်း ၆၀၀ ကျော်ရှိသည့် အာဆီယံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး စျေးကွက်ကြီးတစ်ခုဖြစ်သကဲ့သို့ တရုတ်နှင့်အိန္ဒိယပြီးလျှင် တတိယမြောက် အကြီးဆုံးလုပ်သားအင်အား ရှိသည့်အတွက် အလားအလာကောင်းများနှင့်ပြည့်နေသည့် ဒေသကြီးပင်ဖြစ်သည်။ အာဆီယံအသင်းကြီးသည် နှစ်ပေါင်း ၅၀ အတွင်း အရှေ့တောင်အာရှဒေသအတွင်း၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ခဲ့ပြီး၊ ဒေသပြင်ပအင်အားကြီးနိုင်ငံများ၏ နိုင်ငံရေးနှင့် စစ်ရေးပြိုင်ဆိုင်မှုများအကြား၌ မြေစာပင်အဖြစ်မခံဘဲ ရှောင်ရှားနိုင်ခဲ့ပေသည်။

**အရှေ့တောင်အာရှဒေသတွင်း ပေါင်းစည်းရေးအစ**

ဒုတိယကမ္ဘာစစ်ကြီးအပြီး အရှေ့တောင်အာရှဒေသသည် သမိုင်းကြောင်း အမွေအနှစ်အဖြစ် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ၊ အပြန်အလှန် မယုံကြည်မှုများနှင့် အကွဲကွဲအပြားပြား ကျန်ရစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းကာလတွင် နိုင်ငံခေါင်းဆောင်အများစု အဓိကအာရုံစိုက် ဆောင်ရွက်ခဲ့ကြသည်မှာ နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် အမျိုးသားလုံခြုံရေးကိစ္စများဖြစ်သည်။ ထို့ကြောင့်ဒေသတွင်းရှိ ကျန်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန် အချိန်



**အရှေ့တောင်အာရှနိုင်ငံများအသင်း စတင်တည်ထောင်ခဲ့သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများကို တွေ့ရစဉ်**

မပေးနိုင်သည့်အတွက် ထိုအချိန်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဟူသည် ဆန့်ကျင်ဘက် အယူအဆတစ်ရပ် (Alien concept) ဖြစ်ခဲ့သည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် မူလကနဦး စတင်ကြိုးပမ်းခဲ့မှုများမှာလည်း ကြာရှည်မခံသည်ကို တွေ့ရသည်။ ဖိလစ်ပိုင်၊ ထိုင်းနှင့် မလာယာဖက်ဒရယ်ပြည်ထောင်စု (စင်ကာပူပါဝင်သော) သုံးနိုင်ငံပေါင်းပြီး ၁၉၆၁ ခုနှစ်တွင် အရှေ့တောင်အာရှအသင်း (The Association of Southeast Asia-ASA) ကို တည်ထောင်ခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံနှင့် မလာယာဖက်ဒရယ်ပြည်ထောင်စုအကြား ဆဘားဒေသ နယ်မြေပိုင်ဆိုင်မှုအပေါ် အခြေခံပြီး တင်းမာမှုများ မြင့်မားလာသည့်အတွက် အချိန်ကာလအားဖြင့် နှစ်နှစ်သာ တည်တံ့ခဲ့သည်။ အလားတူ မလာယာဖက်ဒရယ်ပြည်ထောင်စု၊ ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ၁၉၆၃ ခုနှစ်တွင် တည်ထောင်ခဲ့သည့် မာဖီလင်ဒို အဖွဲ့ (Maphilindo) သည်လည်း ၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံနှင့် မလာယာ/ မလေးရှားနိုင်ငံတို့အကြား ဖြစ်ပွားခဲ့သော နယ်စပ်တိုက်ပွဲများကြောင့် တစ်လခန့်သာ တည်တံ့ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ အာဆီယံအသင်းကြီး ပေါ်ပေါက်လာစေရန် စတင်ခဲ့သော အကြောင်းရင်းများမှ တစ်ခုပင်ဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်တွင် မလာယာ၊ ဆဘား၊ ဆာရာဝပ်နှင့် စင်ကာပူပြည်နယ်များပါဝင်သည့် မလေးရှားနိုင်ငံ စတင်တည်ထောင်ခဲ့သည်ကို အင်ဒိုနီးရှားနိုင်ငံက အပြင်းအထန် ဆန့်ကျင်ခဲ့ပြီး သမ္မတဆူကာနိုသည် မလေးရှား ချေမှုန်းရေးစီမံကိန်း (Crush Malaysia Campaign) တစ်ရပ်ကိုချမှတ်ကာ နိုင်ငံရေး၊ စီးပွားရေး ဝါဒဖြန့်ချိမှုများနှင့် စတင်ဆောင်ရွက်ခဲ့သည်။ သို့သော် ထိုဆောင်ရွက်မှုများမှာ အောင်မြင်မှုမရသည်ကို တွေ့ရှိရသည့်အချိန်တွင် မလေးရှားနိုင်ငံကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များသည် အင်ဒိုနီးရှားနိုင်ငံ၊ ကာလီမန်တန်ဒေသမှနေပြီး မလေးရှားနိုင်ငံ၊ ဆာရာဝပ်နှင့် ဆဘားပြည်နယ်များဆီသို့ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၆၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် သမ္မတဆူဟာတို အာဏာရလာပြီးနောက် မလေးရှားနိုင်ငံအပေါ် တိုက်ခိုက်နေမှုကို နိုင်ငံတကာက ထောက်ခံမှုမရခြင်း၊ အဆုံးအရှုံး

များပြားခြင်းတို့ကြောင့် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများစတင်ကာ ၁၉၆၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးသဘောတူ စာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် Confrontasi ဟု လူသိများသော တိုက်ပွဲများအဆုံးသတ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား တိုက်ပွဲများပြီးဆုံးသွားပြီးနောက် အရှေ့တောင် အာရှဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဖြစ်သော ဒေါက်တာ ထနတ်ခိုမန် (Dr. Thanat Khoman) သည် အရှေ့တောင် အာရှနိုင်ငံများအကြား တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမို သိနားလည်မှုရှိလာစေရန်၊ ဒေသ၏ ဘုံအကျိုးစီးပွား အတွက် အတူလက်တွဲ ဆောင်ရွက်ကြရန်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရန်အတွက် ဒေသဆိုင်ရာအဖွဲ့ကြီးတစ်ခု တည်ထောင်သွားရန် စတင်အဆိုပြုခဲ့သည်။ ထိုစဉ်က အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင် လေးနိုင်ငံအကြား စတင် ဆောင်ရွက်ရန် စိတ်ကူးခဲ့ခြင်းဖြစ်သည်။ သို့သော် မလေးရှားနိုင်ငံမှ ၁၉၆၅ ခုနှစ်တွင် ခွဲထွက်ခဲ့ပြီး သီးခြားလွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသော စင်ကာပူသည် ၎င်း၏နိုင်ငံခြားရေးဝန်ကြီး အက်စ်ရာ ဂျာနက်သန် (Mr. S. Rajanathan) ကို ဘန်ကောက်မြို့သို့ စေလွှတ်ခဲ့ပြီး စင်ကာပူနိုင်ငံကိုလည်း ထည့်သွင်းဖွဲ့စည်းရန် မေတ္တာရပ်ခံခဲ့သည်။ ထိုမေတ္တာရပ်ခံချက်အပေါ် ကျန် လေးနိုင်ငံစလုံးက သဘောတူခဲ့သည့်အတွက် ငါးနိုင်ငံ ဖြင့် စတင်တည်ထောင်ခဲ့သည်။

ထိုငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် ပင်လယ်ကမ်းခြေမြို့ ဖြစ်သော ဘန်ဆန်မြို့၌ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လအတွင်း တွေ့ဆုံကာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) (Association of Southeast Asian Nations-ASEAN) ကို တည်ထောင်ရန် သဘောတူညီ ခဲ့ကြသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ထုတ်ပြန်သော ဘန်ကောက်ကြေညာချက်၌ အာဆီယံ အသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသည့် အဖွဲ့ဝင် ငါးနိုင်ငံမှာ အာဆီယံအသင်းကြီး၏ ပထမဆုံး ရည်မှန်းချက်အဖြစ် "အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်း အားထုတ်ကြိုးပမ်းမှုနှင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်တင်သွားရန်၊ ဒေသတွင်းရှိ နိုင်ငံများအကြား ဆက်ဆံရာမှာ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာခြင်းဖြင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန်၊ ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းပါမူများကို လိုက်နာကျင့်သုံးသွားရန်" ဟု ဖော်ပြခဲ့ကြသည်။

## ဗီယက်နမ်စစ်ပွဲ

အာဆီယံအသင်းကြီး စတင်မွေးဖွားလာသော အချိန်တွင် ဗီယက်နမ်နိုင်ငံ၌ စစ်ပွဲများ အရှိန် မြင့်မားနေဆဲဖြစ်သည်။ အာဆီယံအဖွဲ့ဝင် နှစ်နိုင်ငံ ဖြစ်သော ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် မြောက် ဗီယက်နမ်နိုင်ငံနှင့် ဗီယက်ကောင်းတို့အပေါ် တိုက်ခိုက် နေကြသော အမေရိကန်နိုင်ငံနှင့် တောင်ဗီယက်နမ် နိုင်ငံအပေါ် တပ်ဖွဲ့ဝင်များစေလွှတ်ပြီး တက်တက်ကြွကြွ ထောက်ခံအားပေးခဲ့ကြသကဲ့သို့ ၎င်းတို့၏ ရေပြင်နှင့် ဝေဟင်ပိုင်နက်များ၊ ဆိပ်ကမ်းများ၊ လေတပ်စခန်းများ ကိုလည်း အမေရိကန်စစ်ရေယာဉ်နှင့် လေယာဉ်များ အသုံးပြုခွင့် ပေးခဲ့ကြသည်။ ဗီယက်နမ်စစ်ပွဲသည် အရှေ့တောင်အာရှဒေသ၌ ကွန်မြူနစ်ဝါဒပြန့်ပွား လာမှုကို တားဆီးရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းအားထုတ်မှုမှ ထွက်ပေါ်လာသော ရလဒ် တစ်ခုဟု နိုင်ငံရေးလေ့လာသူများက ယူဆကြသည်။ ၁၉၆၉ ခုနှစ်တွင် ရစ်ချတ်နစ်ဆင် အမေရိကန်သမ္မတ ဖြစ်လာပြီးနောက် ဗီယက်နမ်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်မှုမှ အမေရိကန်တပ်ဖွဲ့များကို စတင်ရုပ်သိမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်နှင့် အမေရိကန်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့များ အားလုံး ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲပြီးဆုံးခဲ့ပြီး ကွန်မြူနစ် မြောက်ဗီယက်နမ်နိုင်ငံက အနိုင်ရရှိခဲ့သည်။ ကမ္ဘော

ဒီးယားနှင့် လာအိုနိုင်ငံတို့တွင်လည်း ကွန်မြူနစ်များ အနိုင်ရရှိလာချိန်တွင် အရှေ့တောင်အာရှဒေသ၌ ကွန်မြူနစ်ဝါဒပြန့်ပွားလာမှုအန္တရာယ် ကြုံတွေ့လာရပြီဟု အာဆီယံအသင်းဝင် နိုင်ငံများအကြား ပိုမို ကြိုးပမ်း အားထုတ်သွားရန် စေ့ဆော်မှုများ ဖြစ်ပေါ်လာစေခဲ့ သည်။ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများ၏ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ ကျွန်း၌ နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်း အဝေးမှ အာဆီယံအသင်းကြီး၏ ထင်ရှားသော ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation-TAC) ကို



၁၉၇၆ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့သည့်
အာဆီယံနိုင်ငံအဖွဲ့ဝင်နိုင်ငံအကြီးအကဲများ၏ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ကျင်းပစဉ်

သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ စာချုပ်တွင် ဒေသတွင်းရှိ နိုင်ငံများအကြား ဆက်ဆံရေးအတွက် အဓိကကျသော မူဝါဒများကို ချမှတ်ပေးခဲ့သည်။

TAC စာချုပ်မှာ ၎င်း၏ဝင်ရောက်မစွက်ဖက်ရေးမူကြောင့် လူသိများသော်လည်း ငြိမ်းချမ်းရေးကို အခြေပြုသော မူဝါဒများလည်း အများအပြားပါဝင်နေ သည်။ အထူးသဖြင့် နိုင်ငံတိုင်း၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ဆိုင်ရေး၊ တန်းတူညီမျှရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးလက္ခဏာ များကို အပြန်အလှန်လေးစားရေး၊ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အမျိုးသားရေး တည်ရှိမှုအပေါ် ပြင်ပမှဝင်ရောက် စွက်ဖက်မှု၊ ဖျက်ဆီးမှုနှင့် ဖိအားပေးမှုများမှ ကင်းရှင်း စွာဖြင့် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို လေးစားရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ပြည်တွင်း ရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေး၊ အင်အား သုံးစွဲခြင်း၊ အင်အားအသုံးပြုရန် ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရေး၊ နိုင်ငံအချင်းချင်းအကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးတို့ ဖြစ်သည်။

၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ဗီယက်နမ်တပ်ဖွဲ့များ ကမ်ပူချားနိုင်ငံ (ကမ္ဘောဒီးယား နိုင်ငံ) ကို ဝင်ရောက်သိမ်းပိုက်ပြီး ခမာနီအစိုးရကို ဖြုတ်ချခဲ့သည့်နောက်ပိုင်း အရှေ့တောင်အာရှဒေသ၏ အခြေအနေမှာ ပိုမိုဆိုးဝါးလာခဲ့သည်။ အာဆီယံ အဖွဲ့ကြီးသည် ဗီယက်နမ်နိုင်ငံ၏ ကျူးကျော်မှုကို ခိုင်ခိုင်မာမာ ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

အာဆီယံအသင်းကြီး တဖြည်းဖြည်းနှင့် ရရှိလာသော အောင်မြင်မှုကြောင့် ဗီယက်နမ်နိုင်ငံသည် အာဆီယံအသင်းကြီး၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် ၎င်းရရှိနိုင်မည့် အကျိုးအမြတ်များကို သိမြင်လာခဲ့ ပြီးနောက် ဗီယက်နမ်နိုင်ငံသည်လည်း အာဆီယံ အသင်းကြီး၌ ပါဝင်ရန်ဆုံးဖြတ်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊

ဇူလိုင်လတွင် အာဆီယံအသင်းကြီး၏ TAC စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လတွင် အသင်းဝင်အဖြစ် စတင်ပါဝင်လာခဲ့သည်။ ဗီယက်နမ်နိုင်ငံ အာဆီယံအသင်းသို့ မဝင်ရောက်မီ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ၌ ဘရူနိုင်းနိုင်ငံကလည်း အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘရူနိုင်းနိုင်ငံသည် ဗြိတိန်နိုင်ငံလက်အောက်မှ လွတ်လပ်ရေးရရှိပြီး တစ်ပတ်အတွင်း အာဆီယံအသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ အာဆီယံအသင်းကြီး၌ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ပါ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ပြီး ပိုမိုကျယ်ပြန့်လာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်၊ ဧပြီလ၌ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ တီမောလက်စ်တေနိုင်ငံကလည်း ၂၀၁၁ ခုနှစ်၊ မတ်လ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိရန် လျှောက်ထားခဲ့ပြီး လျှောက်ထားမှုအပေါ် စဉ်းစားဆောင်ရွက်နေဆဲ အဆင့်၌သာရှိနေသေးသည်။

အာဆီယံနိုင်ငံများအကြား မတူကွဲပြားခြားနားမှုများ ရှိနေခြင်းကြောင့် အာဆီယံ အဖွဲ့ကြီးအတွင်း အချုပ်အခြာအာဏာပိုင်နိုင်ငံများအတွင်း ဆွေးနွေးညှိနှိုင်းပြီး တူညီဆန္ဒ (Consensus) ရယူကာ ဆုံးဖြတ်ချက် ချမှတ်သည်။ အာဆီယံအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်နိုင်ငံများက ပြက္ခဒိန်နှစ်အလိုက် အင်္ဂလိပ် အက္ခရာစဉ်အရ အလှည့်ကျတာဝန်ယူ ထမ်းဆောင်ကြသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အာဆီယံ၏ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၊ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံတို့က အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အသီးသီး ထမ်းဆောင်သွားရန်ရှိသည်။

## ထိပ်သီးအစည်းအဝေး (ASEAN Summit)

အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံက နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်တက်ရောက်ကြသည့် အာဆီယံ၏ အဆင့်အမြင့်ဆုံး အစည်းအဝေးဖြစ်သည်။ အာဆီယံ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ အာဆီယံအမြဲတမ်းကော်မတီအစည်းအဝေး၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့သော လုပ်ငန်းစဉ်များ၊ အာဆီယံဆိုင်ရာသဘောတူညီချက်များ၊ ကြေညာချက်၊ နားလည်မှုစာချွန်လွှာများနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ခေါင်းဆောင်များအကြား ဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးသည့် အစည်းအဝေးကြီးဖြစ်သည်။ အာဆီယံအသင်းကြီး၏ ပထမဆုံးထိပ်သီးအစည်းအဝေးကို ၁၉၇၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ မူလက အာဆီယံခေါင်းဆောင်များ ငါးနှစ်တစ်ကြိမ် တွေ့ဆုံကြရန် ဆုံးဖြတ်ခဲ့သော်လည်း နောက်ပိုင်းတွင် သုံးနှစ်တစ်ကြိမ် လျှော့ချခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် အရှေ့တောင်အာရှဒေသကို ရိုက်ခတ်လာနိုင်သည့် အရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆွေးနွေးဖြေရှင်းနိုင်ရေးအတွက် တစ်နှစ်တစ်ကြိမ် တွေ့ဆုံကြရန်ဆုံးဖြတ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင်လာသော အာဆီယံပဋိညာဉ်စာတမ်းအရ ယခုအခါ ထိပ်သီးအစည်းအဝေးများကို တစ်နှစ်နှစ်ကြိမ်ကျင်းပလျက်ရှိသည်။ အာဆီယံအကြီးအကဲများ အနေဖြင့် အာဆီယံပြင်ပနိုင်ငံများမှ ခေါင်းဆောင်များနှင့် ထိပ်သီးအစည်းအဝေးများ ကျင်းပပြုလုပ်လျက်ရှိရာတွင် ဆွေးနွေးဘက်သုံးနိုင်ငံဖြစ်သော ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားတစ်နိုင်ငံချင်းစီနှင့် အာဆီယံ+၁ ထိပ်သီးအစည်းအဝေးများရှိသကဲ့သို့ ထိုသုံးနိုင်ငံမှ ခေါင်းဆောင်များနှင့်အတူ အာဆီယံ+၃ ထိပ်သီးအစည်းအဝေးများလည်း ပြုလုပ်လျက်ရှိသည်။ ထို့အပြင် အာဆီယံ ၁၀ နိုင်ငံမှ ခေါင်းဆောင်များနှင့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်၊ ရုရှားနိုင်ငံတို့မှ ခေါင်းဆောင်များပါဝင်သော အရှေ့အာရှ ထိပ်သီးအစည်းအဝေး (East Asia Summit-EAS) ကိုလည်း အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ နှစ်စဉ်ကျင်းပလျက်ရှိသည်။




**အာဆီယံအဆင့်မြင့် ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ဆွေးနွေးနေသည့်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

## ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting-AMM)

အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသည် အာဆီယံအဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် မူဝါဒလမ်းညွှန်ချက်များကို ဆွေးနွေးပြုစုရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသော အစည်းအဝေးဖြစ်ပြီး နှစ်စဉ်ဇူလိုင်လတွင် ကျင်းပပြုလုပ်လေ့ရှိသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများပါဝင်သော အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC) ကို ဖွဲ့စည်းထားရှိသည်။ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီသည် အာဆီယံထိပ်သီးအစည်းအဝေးများအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ ထိပ်သီးအစည်းအဝေးများမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များနှင့် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးမှ သတ်မှတ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

## အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting-SOM)

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသည် အာဆီယံအဖွဲ့ကြီး၏ လုပ်ငန်းအစီအစဉ်များ၊ နိုင်ငံရေးနှင့်လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးသော အစည်းအဝေးတစ်ခု ဖြစ်သည်။ အစည်းအဝေးရလဒ်များကို အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသို့ တာဝန်ခံ တင်ပြရသည်။ ထို့အပြင် လုပ်ငန်းအဖွဲ့ အစည်းအဝေး (SOM Working Group Meeting-SOMWG) များကို အခါအားလျော်စွာ ကျင်းပသည်။

## အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး (ASEAN Economic Ministers Meeting-AEM)

အာဆီယံဒေသအတွင်း စီးပွားရေးကဏ္ဍများအလိုက် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Common Effective Preferential Tariff (CEPT Scheme) ကို အသုံးပြုပြီး အာဆီယံလွတ်လပ်သောကုန်သွယ်မှုဇရိယာကိစ္စ၊ အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်

ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးနိုင်ရန်အတွက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို နှစ်စဉ်ကျင်းပပြုလုပ်သည်။

## အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (ASEAN Defence Ministers Meeting-ADMM)

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ၁၀ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့သော အာဆီယံလုံခြုံရေးအသိုက်အဝန်း၏ လုပ်ငန်းအစီအစဉ်အရ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးများကို ၂၀၀၆ ခုနှစ်မှစ၍ ကျင်းပပြုလုပ်လျက် ရှိသည်။ အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးမှာ ဒေသအတွင်းမှ ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်အမြင့်ဆုံးဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။ ADMM ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဒေသတွင်းရင်ဆိုင်ကြုံတွေ့နေရသော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုသိရှိနားလည်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းမှသည် အပြန်အလှန်ယုံကြည်မှု တိုးမြှင့်သွားနိုင်ရန်ဖြစ်ပြီး ADMM ဆွေးနွေးပွဲများကို နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိသည်။

## အာဆီယံပေါင်းစည်းမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုအစီအစဉ် (Initiatives for ASEAN Integration-IAI)

အာဆီယံအဖွဲ့ကြီး ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ခုမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရှိနေသော ဖွံ့ဖြိုးမှုကွာဟချက် (Development Gap) ပင် ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းလာစေရေးအတွက် အာဆီယံပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မှုအစီအစဉ် (Initiatives for ASEAN Integration–IAI) ဖြင့် ဆောင်ရွက်လျက် ရှိသည်။ အဖွဲ့ဝင်နိုင်ငံအသစ်များဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုမှာ မူလအာဆီယံ အဖွဲ့ဝင် ၆ နိုင်ငံနှင့် အမီလိုက်နိုင်ရေးကို ရည်မှန်းဖော်ဆောင်ရန် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော အဖွဲ့ဝင်နိုင်ငံများအတွက် ဖွံ့ဖြိုးမှုအဆင့်ပေါ်မူတည်ပြီး နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် အာဆီယံပေါင်းစည်းရေးကို အရှိန်အဟုန်မြှင့်တင်သွားရန် ဖြစ်သည်။ ထို့အပြင် အာဆီယံ ၆ နိုင်ငံအနေဖြင့် အာဆီယံပေါင်းစည်းရေးအစီအစဉ်ကို ဆက်လက်အထောက်အပံ့ပေးရန်နှင့် အာဆီယံပေါင်းစည်းရေးအစီအစဉ် အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆွေးနွေးဘက်နိုင်ငံများမှ လုံလောက်စွာ ထောက်ပံ့မှုရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။


အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ ကျဉ်းမြောင်းလာစေရေးဆောင်ရွက်ရာတွင် IAI Work-plan လုပ်ငန်းစီမံချက်အရ အဓိကဦးစားပေးကဏ္ဍကြီး ၄ ရပ်ရှိရာ အခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာ၊ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုကဏ္ဍတို့ဖြစ်သည်။ ထိုကဏ္ဍကြီးများမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်းစီမံကိန်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

IAI အစီအစဉ်အရ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ တိုးတက်မှုများရရှိလာခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ထိုလေးနိုင်ငံ၏ ပျမ်းမျှဂျီဒီပီတိုးတက်မှုနှုန်းမှာ ၆ ရာခိုင်နှုန်းမှ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကာလအတွင်း ထိုလေးနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ ၂၀၀၇ ခုနှစ်အတွင်း အာဆီယံအဖွဲ့ကြီးရရှိခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁၀ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ကြီး ရရှိခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၁၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီး ဒေါ်လာ ၁၇ ဒသမ ၄ ဘီလျံရရှိခဲ့သည်။

ယခုအခါ IAI Work-plan III ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၈ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ အာဆီယံအကြီးအကဲများက အတည်ပြုပေးခဲ့ပြီး IAI Work-plan III သည် အာဆီယံမျှော်မှန်းချက် ၂၀၂၅ ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်လာခဲ့သည်။

## အာဆီယံပဋိညာဉ်စာတမ်း

အာဆီယံအဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သော အချိန်က ပူးပေါင်းဆောင်ရွက်မှုအဆင့် (Cooperation) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပေါင်းစည်းနိုင်ရေး အတွက် တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသောအသိုက်အဝန်း (One Vision, One Identity, One Community) ဟူသည့် အာဆီယံ၏ဆောင်ပုဒ်နှင့် စိတ်အားထက်သန် မှုကိုဖော်ပြပြီး ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ၁၃ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးကာလအတွင်း အာဆီယံခေါင်းဆောင်များသည် (၂၀-၁၁-၂၀၀၇) ရက်တွင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အာဆီယံ ပဋိညာဉ်




**အာဆီယံအဖွဲ့ဝင်နိုင်ငံများ တည်နေရာပြမြေပုံ**

မှစတင်ခဲ့ပြီး နောက်ပိုင်းကာလများတွင် ပေါင်းစည်းရေး လုပ်ငန်းစဉ် (Integration) ကို ဦးတည် လျှောက်လှမ်း လာသည့်အချိန်၌ အသင်းအဖွဲ့အခြေခံစည်းမျဉ်း မရှိသေးသည့်အတွက် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ပြုစုရေးသားရန် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သော ၁၁ ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးမှ အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ကွာလာလာမ်ပူကြေညာချက် (Kuala Lumpur Declaration) ကို ထုတ်ပြန်ခဲ့သည်။ စာတမ်းသည် အာဆီယံအဖွဲ့ကြီး၏ အနှစ် ၄၀ ပြည့် ကာလတွင်ပေါ်ထွက်လာသော သမိုင်းမှတ်တိုင် တစ်ရပ်လည်း ဖြစ်သည်။

အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထင်ဟပ်ဖော်ပြနေသည့်အပြင် အာဆီယံအသိုက် အဝန်းကို ၂၀၁၅ ခုနှစ်တွင် ထူထောင်နိုင်ရန်အတွက် အထောက်အကူပြုသော ယန္တရားအသစ်များကို ဖွဲ့စည်းပေးခဲ့သည်။ အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံအဖွဲ့ကြီး စတင်ထူထောင်ခဲ့သည့် ဘန်ကောက်

ကြေညာစာတမ်းပြီးလျှင် အာဆီယံအတွက် အရေး အကြီးဆုံး အသင်းအဖွဲ့စည်းမျဉ်းတစ်ခုဖြစ်လာသကဲ့သို့ အာဆီယံသည် ပိုမိုခိုင်မာပြီး စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းအဖြစ် အသစ်တစ်ဖန် ရှင်သန်လာစေခဲ့သည်။

၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့သည့်အတွက် အာဆီယံ ပဋိညာဉ်စာတမ်းသည် အာဆီယံအသင်းကြီးကို အစိုးရ အချင်းချင်းဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်၏ တရားဝင် ဥပမိရုပ် (Legal Personality) ကို ရရှိလာစေသကဲ့သို့ အဖွဲ့ကြီး၏ တည်ဆောက်မှုပုံသဏ္ဌာန်ကိုလည်း ပိုမို ခိုင်မာလာစေခဲ့သည်။

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှစပြီး အာဆီယံပဋိညာဉ်စာတမ်း အသက်ဝင်လာခဲ့ပြီးနောက် အာဆီယံအဖွဲ့ကြီးသည် ဥပဒေပိုင်းဆိုင်ရာ အဖွဲ့အစည်း ဆိုင်ရာမူဘောင်များ ပိုမိုခိုင်မာစေရန် ဆောင်ရွက်လာခဲ့ သည်။ အဖွဲ့အစည်းအသစ်များဖြစ်သော အာဆီယံ ညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC)၊ အသိုက်အဝန်းသုံးရပ်ဆိုင်ရာကောင်စီ (ASEAN Community Council)၊ ဂျကာတာမြို့၌ အခြေစိုက်သည့် အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များကော်မတီ (The Committee of Permanent Representatives to ASEAN-CPR)၊ အာဆီယံ လူ့အခွင့်အရေးဆိုင်ရာအစိုးရ အချင်းချင်းကော်မရှင် (ASEAN Intergovernmental Commission on Human Rights-AICHR) တို့ကို ဖွဲ့စည်းခဲ့သည်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ် (Secretary-General) ကို ငါးနှစ်တစ်ကြိမ်သက်တမ်းအတွက် အဖွဲ့ဝင်နိုင်ငံများမှ စွမ်းရည်ရှိသူ၊ ဂုဏ်သိက္ခာကြီးမြင့်သူ၊ အာဆီယံဆိုင်ရာ အတွေ့အကြုံရှိသူများကို အာဆီယံထိပ်သီးအစည်း အဝေးမှ အတည်ပြုခန့်အပ်ခဲ့သည်။

## ဆွေးနွေးဘက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

အာဆီယံဒေသတွင်း နိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကို ညှိနှိုင်းဆွေးနွေးသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံ ဒေသဆိုင်ရာဆွေးနွေးပွဲများအပြီး ဆွေးနွေးဘက် နိုင်ငံများနှင့် ဝန်ကြီးအဆင့်အစည်းအဝေးများကို သီးခြားစီ ကျင်းပလေ့ရှိသည်။ အစည်းအဝေးများ၏ ရည်ရွယ်ချက်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် အာဆီယံ ဒေသတွင်းနိုင်ငံများ အချင်းချင်းသာမက အခြားနိုင်ငံ များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန်ဖြစ်သည်။ အာဆီယံအသင်းကြီးသည် အမေရိကန်နိုင်ငံနှင့် ၁၉၇၇ ခုနှစ်၊ ဩစတြေးလျနိုင်ငံနှင့် ၁၉၇၄ ခုနှစ်၊ နယူးဇီလန် နိုင်ငံနှင့် ၁၉၇၅ ခုနှစ်၊ ကနေဒါနိုင်ငံနှင့် ၁၉၇၇ ခုနှစ်၊ အီးယူအဖွဲ့ကြီးနှင့် ၁၉၇၇ ခုနှစ်၊ ဂျပန်နိုင်ငံနှင့် ၁၉၇၇ ခုနှစ်၊ တောင်ကိုရီးယားနိုင်ငံနှင့် ၁၉၉၁ ခုနှစ်၊ ရုရှားနိုင်ငံနှင့် ၁၉၉၆ ခုနှစ်၊ အိန္ဒိယနိုင်ငံနှင့် ၁၉၉၅ ခုနှစ်၊ တရုတ်နိုင်ငံနှင့် ၁၉၉၆ ခုနှစ်၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ၁၉၇၀ ပြည့်နှစ်ကစပြီး မိတ်ဘက်များအဖြစ် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

## အာဆီယံပေါင်းစည်းရေးလုပ်ငန်းစဉ်များ

အာဆီယံအသင်းကြီး စတင်ဖွဲ့စည်းပြီး ဆယ်စုနှစ် နှစ်ခုခန့်အထိ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ဘဲ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက် မစွက်ဖက်ရေးကိုသာ အလေးပေးခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် အာဆီယံအသင်းကြီးသည် အဖွဲ့အတွင်း ပေါင်းစည်းရေးကြိုးပမ်းမှုအပေါ် စတင်အာရုံစိုက် ဆောင်ရွက်လာခဲ့သော်လည်း စီးပွားရေးအရ ပေါင်းစည်းရေးကိုသာ အဓိကအလေးပေးခဲ့ကြသည်။

၁၉၉၇ ခုနှစ်တွင် အာရှငွေကြေးအကျပ် အတည်းဖြစ်ပွားပြီး အရှေ့တောင်အာရှနိုင်ငံ အများစု၏ စီးပွားရေးကို အခြေခံကစပြီး ပြိုလဲမှုဖြစ်စေမည့် အခြေအနေများ ကြုံတွေ့ခဲ့ရပြီးနောက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား နိုင်ငံတို့နှင့်အတူ ချင်းမိုင်အစီအစဉ်ဟု လူသိများသော

ငွေကြေးဖလှယ်ရေးလုပ်ငန်းစဉ်တစ်ရပ်ကို စတင်တည်ထောင်ခဲ့သည်။ အာဆီယံအသင်းကြီးသည် တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့်လည်း လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ခြေလှမ်းတစ်လှမ်းထပ်မံလှမ်းနိုင်ခဲ့သည်။

## အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုဒေသ (AFTA - ASEAN Free Trade Area)

အာဆီယံအသင်းကြီးသည် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သောစတုတ္ထအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးတွင် စင်ကာပူကြေညာချက်ကို ထုတ်ပြန်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင် (Framework Agreement on Economic Cooperation) အရ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဒေသ (ASEAN Free Trade Area- AFTA) ကို ထူထောင်ခဲ့သည်။ AFTA ကို ထူထောင်လိုက်ခြင်းဖြင့် အာဆီယံစီးပွားရေးပေါင်းစည်းမှုဒေသ (Integrated ASEAN Economic Region) တည်ထောင်ခြင်း၏ အောင်မြင်မှုတစ်ရပ်ဖြစ်လာသည်။

AFTA ကို ထူထောင်ရာတွင် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားနိုင်ရန်နှင့် အခွန်အကောက်များ လျှော့ချခြင်းအပြင် အခွန်အကောက် မဟုတ်သည့် ကုန်သွယ်မှုအတားအဆီးများ (Non-Tariff Trade Barriers) လျှော့ချရန် ဖြစ်သည်။

## အာဆီယံအဖွဲ့ကြီး၏ အသိုက်အဝန်း ၃ ရပ်

အာဆီယံအဖွဲ့ကြီး၏ မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) ကို ပိုမိုခိုင်မာလာစေရန် အာဆီယံခေါင်းဆောင်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ်တွင် ဘာလီကွန်ကော့ကြေညာချက် (၂) (ASEAN Vision 2020) ဟု လူသိများသော အာဆီယံကွန်ကော့ ကြေညာချက် (၂) ကို ထုတ်ပြန်ခဲ့သည်။ အာဆီယံအသိုက်အဝန်းမှာ မဏ္ဍိုင်ကြီးသုံးရပ်ပါရှိပြီး အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (ASEAN Political-Security Community)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community) တို့ဖြစ်သည်။ အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် ၂၀၂၀ ပြည့်နှစ်အစား ၂၀၁၅ ခုနှစ်တွင် စတင် တည်ထောင်နိုင်ရန် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ပြောင်းလဲအတည်ပြုခဲ့သည်။

အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေးနှင့်လုံခြုံရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ အဆင့်တစ်ဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းမှသည် အဖွဲ့ဝင်များအကြား၊ ကမ္ဘာ့နိုင်ငံများအကြား တန်းတူညီမျှသော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ သဟဇာတမျှတသောပတ်ဝန်းကျင်ဖန်တီးကာ ငြိမ်းချမ်းစွာနေထိုင်သွားနိုင်ရေးကို ရည်မှန်းထားရှိသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းသည် အရှေ့တောင်အာရှဒေသကို တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ ဖြစ်လာစေရေး၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် ဒေသဖြစ်လာစေရေး၊ တန်းတူညီမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိသော ဒေသတစ်ခု ဖြစ်လာစေရေးနှင့် ကမ္ဘာ့စီးပွားရေးအတွင်းမှာ အပြည့်အဝ ပါဝင်ပေါင်းစည်းလာနိုင်သည့် ဒေသတစ်ခုဖြစ်လာစေရေးဟူသည့် ရည်မှန်းချက်များနှင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းသည် အာဆီယံနိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်မှုနှင့် သွေးစည်းခိုင်မာမှု ပိုမိုခိုင်မာလာစေရန် ပြည်သူလူထုကို အခြေပြုပြီး လူမှုရေးအရ တာဝန်သိတတ်သော အာဆီယံအသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်သည်။

**အာဆီယံအတွင်းရေးမှူးချုပ်ရုံး**

အာဆီယံ၏လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ တည်ထောင်ထားရှိသည်။ အာဆီယံအတွင်းရေးမှူးချုပ်ကို အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး၏ ထောက်ခံချက်အရ အာဆီယံခေါင်းဆောင်များက ငါးနှစ်သက်တမ်းအတွက် အတည်ပြုခန့်အပ်သည်။ အတွင်းရေးမှူးချုပ်ကို အထောက်အကူပြုနိုင်ရန် ဒုတိယအတွင်းရေးမှူးချုပ်လေးဦးကို ခန့်အပ်ထားရှိသည်။ ဒုတိယအတွင်းရေးမှူးချုပ်နှစ်ဦးကို အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျခန့်အပ်ပြီး ကျန်နှစ်ဦးကိုမူ သုံးနှစ်သက်တမ်း (အများဆုံးနှစ်ကြိမ်) အတွက် တတ်မြောက်ကျွမ်းကျင်မှုအရ လွတ်လပ်စွာ ရွေးချယ်ခန့်ထားသည်။

ထို့အပြင် ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတည်ရှိသော ဂျကာတာမြို့၌ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံစီက သံအမတ်ကြီးအဆင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးစီပါဝင်သည့် အာဆီယံ အမြဲတမ်းကိုယ်စားလှယ်များကော်မတီ (Committee of Permanent Representatives-CPR) တစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိသည်။

အာဆီယံအသင်းကြီး၏ လက်ရှိအတွင်းရေးမှူးချုပ်မှာ ဘရူနိုင်းနိုင်ငံသား မစ္စတာ လင်ဂျော့ဟွိုင်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်တာဝန်ထမ်းဆောင်လျက်ရှိသည်။

**အာဆီယံအဖွဲ့ကြီး၏ တူညီဆန္ဒဖြင့် ဆုံးဖြတ်မှု**

အာဆီယံအသင်းကြီး၏ ဆုံးဖြတ်ချက်များကို ဆွေးနွေးညှိနှိုင်းခြင်း (Consultation) နှင့် တူညီဆန္ဒ (Consensus) များနှင့် ချမှတ်သော အခြေခံမူဝါဒကို ကျင့်သုံးသည်။ တူညီဆန္ဒရယူခြင်းမှာ အားလုံးက တညီတညွတ်တည်းထောက်ခံသည့် (unanimity) သဘောမျိုးမဟုတ်ဘဲ အားလုံးသဘောတူ လက်ခံနိုင်သည့် အနေအထားတစ်ခုအထိ ရောက်ရှိလာစေရန် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးကြရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အာဆီယံအဖွဲ့ကြီးအတွင်း ကိစ္စရပ်တစ်ခုအပေါ် တူညီဆန္ဒရရှိနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးမှု၊ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ ဆန္ဒသဘောထားများကို ရယူပြီး ဆင်ခြင်တုံတရားနှင့် ဆုံးဖြတ်ကြရခြင်းဖြစ်သည်။

**အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ (ASEAN Regional Forum-ARF)**

အာဆီယံဒေသဆိုင်ရာဖိုရမ် (ARF) ကို ၁၉၉၄ ခုနှစ်တွင် ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်ရန်နှင့် ARF အဖွဲ့ဝင်နိုင်ငံများအကြား အယူအဆကွာခြားမှုများကို တိုက်ရိုက်ဆွေးနွေးဖြေရှင်းခြင်းအားဖြင့် လုံခြုံရေးဆိုင်ရာစွန့်စားမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ချက်များဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ARF သည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းထားနိုင်ရန်အတွက် ဒေသတွင်းစိန်ခေါ်မှုများကို လေ့လာသုံးသပ်ခြင်း၊ အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ယဉ်ကျေးမှု၊ လူမျိုးရေးနှင့် ဘာသာရေးအယူအဆ ကွာခြားချက်ကြီးမားမှုကို နားလည်လက်ခံပြီး ကွာဟချက်များကို လုံခြုံရေးရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ နယ်နိမိတ်အငြင်းပွားမှုများနှင့် အယူအဆကွာခြားမှုများ ပိုမိုကြီးထွားမလာစေရေးအတွက် ညှိနှိုင်းဖြေရှင်းပေးရန် ဖြစ်သည်။

လက်ရှိအချိန်တွင် အာဆီယံဒေသဆိုင်ရာဖိုရမ်၌ အဖွဲ့ဝင် (၂၇) နိုင်ငံ ပါဝင်လျက်ရှိသည်။ ၎င်း (၂၇) နိုင်ငံမှာ အာဆီယံ (၁၀) နိုင်ငံ၊ အာဆီယံ၏ ဆွေးနွေးဘက် (၁၀) နိုင်ငံဖြစ်သော ဥရောပသမဂ္ဂ (အီးယူ)၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ရုရှား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားတို့နဲ့အတူ ပါပူဝါနယူးဂီနီ၊ မွန်ဂိုလီးယား၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)၊ ပါကစ္စတန်၊ တီမောလက်စ်တေ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့ ဖြစ်သည်။ ယခုအခါ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကာဂျစ်သမ္မတနိုင်ငံ၊

ကာဇက်စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ချီလီနိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သည် ARF အဖွဲ့ဝင်များအဖြစ် ဝင်ရောက်လိုကြောင်း လျှောက်ထားကြသည်။

## နိုင်ငံတကာဆက်ဆံရေးနှင့် အာဆီယံ၏ အရေးပါမှု

အာဆီယံ+၃ လုပ်ငန်းစဉ်များမှ ထပ်မံပေါ်ထွက်လာသည့် ဆွေးနွေးပွဲမှာ အရှေ့အာရှထိပ်သီးအစည်းအဝေး (The East Asia Summit-EAS) ဖြစ်သည်။ ပထမဆုံးအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီ၌ ကျင်းပခဲ့သော ဆဋ္ဌမအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပါဝင်လာခဲ့သည်။

အာဆီယံအသင်းကြီး၏ ဦးဆောင်မှုဖြင့် စတင်သော လုပ်ငန်းစဉ်များတွင် အာဆီယံအသင်းကြီးအနေဖြင့် အရေးပါသည့် ဦးဆောင်အခန်းကဏ္ဍမှ ဆက်လက် ပါဝင်သွားရန် မျှော်မှန်းချက်ရှိကြောင်းကို အာဆီယံပဋိညာဉ်စာတမ်း၏ စာပိုဒ် ၄၁၊ အပိုဒ်ခွဲ ၃ တွင် "အာဆီယံအသင်းကြီးသည် ၎င်း၏ဦးဆောင်အစီအစဉ်ဖြင့်စတင်သော ဒေသဆိုင်ရာလုပ်ငန်းစဉ်များ၌ အဓိကမောင်းနှင်အား တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်သွားပြီး ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အသိုက်အဝန်းတည်ထောင်ရေး လုပ်ငန်းစဉ်များတွင် အရေးပါသည့် ဗဟိုချက်နေရာတွင် ဆက်လက်တည်ရှိဆောင်ရွက်သွားမည်ဖြစ်သည်" ဟု ဖော်ပြထားသည်။

## အာဆီယံအသင်းကြီးအတွက် စိန်ခေါ်မှုများ

အာဆီယံအသင်းကြီးအတွက် ပထမစိန်ခေါ်မှုတစ်ရပ်မှာ ၂၀၁၂ ခုနှစ်က စတင်ခဲ့သည့် ဒေသဆိုင်ရာစီးပွားရေးဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) ဆွေးနွေးပွဲများ အောင်မြင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားရေးဖြစ်သည်။ RCEP ဆွေးနွေးပွဲများသည် နောက်ဆုံးအတည်ပြုချက်ရရှိရန် သတ်မှတ်ခဲ့သည့် အချိန်ကာလနှစ်ရပ်ဖြစ်သော ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် အောင်မြင်မှု မရရှိခဲ့သည်ကို တွေ့ရသည်။ ထိုသို့အောင်မြင်မှု မရရှိခဲ့ရသည့် အဓိကအကြောင်းရင်းမှာ အာဆီယံအသင်းကြီးအနေဖြင့် ၎င်း၏မိတ်ဖက်နိုင်ငံ ခြောက်နိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန် နိုင်ငံတို့နှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးထားသော်လည်း ထိုခြောက်နိုင်ငံအကြားတွင် နှစ်နိုင်ငံချင်းအလိုက် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်များ မရှိသေးခြင်းပင် ဖြစ်သည်။ ဥပမာအားဖြင့် တရုတ်နှင့် အိန္ဒိယနိုင်ငံအကြား၊ ဂျပန်နှင့် တရုတ်နိုင်ငံအကြား လွတ်လပ်စွာ နှစ်နိုင်ငံချင်းအလိုက် ကုန်သွယ်ရေးသဘောတူညီချက်များ မရှိသေးခြင်းမျိုး ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ဖြေလျှော့မှုများ ပြုလုပ်ကြရန် လိုအပ်နေသကဲ့သို့ ဆွေးနွေးပွဲတွင် ပါဝင်သော ၁၆ နိုင်ငံအကြား အများသဘောတူလက်ခံနိုင်သည့် မူဘောင်တစ်ရပ်ရရှိရေးမှာ လက်တွေ့တွင် အခက်အခဲများ ရှိနေဆဲဖြစ်သည်။

အာဆီယံအသင်းကြီးရင်ဆိုင်နေရသည့် နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား အင်အားပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာခြင်းမှာ အကောင်းဆုံး ကြားနေနိုင်မည့် နည်းလမ်းသည် အာဆီယံအကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော အာဆီယံအသိုက်အဝန်း အောင်မြင်မှုရရှိစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ပြီး ကြားနေမူဝါဒကို ကိုင်စွဲထားသည့် အာဆီယံသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ ထိုဝါဒကို ကိုင်စွဲထားသော အာဆီယံသည် မည်သူ့ကိုမှ ခြိမ်းခြောက်ခြင်းမပြုသော




**ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပသည့် အာဆီယံ နှစ် ၅၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင်တွေ့ရသည့် အာဆီယံနိုင်ငံအကြီးအကဲများ**

အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးသည် ဒေသ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဗဟိုချက်နေရာမှ ပါဝင်ဆောင်ရွက်နေခြင်းဖြင့် အရှေ့တောင်အာရှဒေသအတွင်း၌ အင်အားလေဟာနယ်တစ်ရပ်ဖြစ်ပေါ်လာစေမည် မဟုတ်သည့်အတွက် ပြင်ပအင်အားစုများ ဒေသတွင်းအစားထိုးဝင်ရောက်နေရာယူလာမည့် အန္တရာယ်ကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

အာဆီယံအဖွဲ့ကြီးသည် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် စစ်အေးတိုက်ပွဲ အရှိန်မြင့်မားလာသည့်အချိန်တွင် ဒေသတွင်းပဋိပက္ခများ၊ ပြင်ပအင်အားကြီးနိုင်ငံကြီးများ၏ ဒေသတွင်း စွက်ဖက်ပြီး တည်ငြိမ်အေးချမ်းမှုအပေါ် ခြိမ်းခြောက်လာမှုများကို ထိန်းချုပ်နိုင်ရန် ၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှဒေသကို "ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် ဘက်လိုက်မှုမရှိသည့်ဇုန်" (Zone of Peace, Freedom and Neutrality-ZOPFAN) အဖြစ် ဖန်တီးပြီး အရှေ့အုပ်စုနှင့် အနောက်အုပ်စုအကြား အားပြိုင်မှုတွင် မပါဝင်ဘဲ သီးခြားရပ်တည်နေထိုင်ခဲ့သည်။ အာဆီယံအသင်းကြီးသည် အရှေ့တောင်အာရှဒေသအတွင်း နယ်မြေအငြင်းပွားမှုများ ရှိနေသည့်တိုင် ဒေသတွင်း ပဋိပက္ခများ ဖြစ်ပေါ်လာခြင်းမရှိရန် ထိန်းသိမ်းခဲ့ခြင်းသည် အာဆီယံ၏ အရေးအကြီးဆုံး အောင်မြင်မှုတစ်ရပ်ဟု ဆိုနိုင်သည်။

အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းချိန်က ငါးနိုင်ငံနှင့် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒေသတွင်းရှိ နိုင်ငံများအားလုံး ပါဝင်လာခဲ့သည့်အတွက် ဒေသကိုအပြည့်အဝ ကိုယ်စားပြုနိုင်သော အသင်းကြီးတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုအချက်သည် အာဆီယံအသင်းကြီးအနေဖြင့် ဥရောပသမဂ္ဂထက်ပင် အားသာသည့်အချက် ဖြစ်သည့်အတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

အာဆီယံအသင်းကြီး၏ စုစုပေါင်းဂျီဒီပီမှာ သုံးထရီလျံဒေါ်လာနီးပါးရှိပြီး ကမ္ဘာပေါ်တွင် စီးပွားရေးအရ သတ္တမမြောက် အင်အားအကြီးဆုံးဒေသဖြစ်သည်။ ထိုအနေအထားသည် လာမည့် ၁၀ နှစ်အတွင်း အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံများပြီးလျှင် စီးပွားရေးအရ ပဉ္စမမြောက်အင်အားအကြီးဆုံးဖြစ်လာမည့် အလားအလာများ ရှိနေသည်။

ဥရောပသမဂ္ဂ၊ မြောက်အမေရိကဒေသနှင့် တရုတ်/ဟောင်ကောင်ပြီးလျှင် ကမ္ဘာပေါ်၌ စတုတ္ထမြောက်အကြီးမားဆုံး ပို့ကုန်တင်ပို့သည့် ဒေသကြီးဖြစ်သည်။ ကမ္ဘာ့ပို့ကုန် စုစုပေါင်း၏ ၇ ရာခိုင်နှုန်းရှိပြီး

**အာဆီယံအသင်း၏ လိုဂို**

အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှုအလိုက် ပို့ကုန်ပစ္စည်းမှာလည်း အမျိုးအမည်စုံလင်လှသည်။

ကုန်ပစ္စည်းထုတ်လုပ်ပြီး ပြည်ပပို့ကုန်တင်ပို့ရန် အတွက် အဓိကကျသော အထူးစီးပွားရေးဇုန်များမှာ လည်း ယခင်က တရုတ်နိုင်ငံကသာ ကြီးစိုးထားခဲ့ရာမှ ယခုအခါ အထူးစီးပွားရေးဇုန်များကို အာဆီယံနိုင်ငံ များ၌လည်း ပီပီပြင်ပြင်ထူထောင်လာနိုင်ခဲ့ပြီ ဖြစ်သည်။ ဥပမာအားဖြင့် စင်ကာပူနှင့် အင်ဒိုနီးရှားဖက်စပ် ဘာတမ်လွတ်လပ်စွာ ကုန်သွယ်မှုဇုန် (Batam Free Trade Zone)၊ ထိုင်းနိုင်ငံက တောင်ပိုင်းဒေသစက်မှုဇုန် (The Southern Regional Industrial Estate)၊ အင်ဒိုနီးရှားက တန်ဂျွန်အီးမားစ် ပို့ကုန်ထုတ်လုပ်ရေးဇုန် (Tanjung Emas Export Processing Zone)၊ မလေးရှားနိုင်ငံက ပို့ကလမ် လွတ်လပ်စွာကုန်သွယ်မှုဇုန် (Port Klang Free Trade Zone)၊ မြန်မာနိုင်ငံက သီလဝါအထူးစီးပွားရေးဇုန် (Thailawa Special Economic Zone) နှင့် ဗီယက်နမ်နိုင်ငံက တန်ထွမ်း ပို့ကုန်ထုတ်လုပ်ရေးဇုန် (Tan Thuan Export Processing Zone) တို့သည် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် မောင်းနှင်အားများ ဖြစ်သည်။

လူဦးရေ ၆၃၅ သန်းရှိပြီး စုစုပေါင်း ဂျီဒီပီ ၂ ဒသမ ၆ ထရီလျံဒေါ်လာရှိသည့် အာဆီယံအဖွဲ့ကြီး သည် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား စီးပွားရေးအရ အင်အား အကြီးမားဆုံး အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။ ယခု အချိန်တွင် ကမ္ဘာကြီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး အင်အားမှာ ဥရောပဒေသမှ အာရှ-ပစိဖိတ်ဒေသဆီသို့ ပြောင်းရွှေ့လာနေသည့်အတွက် ကမ္ဘာ့စီးပွားရေးတွင် အာဆီယံအဖွဲ့ကြီး၏ အရေးပါမှုသည် လာမည့် ဆယ်စုနှစ်အထိ ဆက်လက်မြင့်မားလာနေမည့် အနေ အထားရှိသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်များအားလုံးကို နေရာတစ်နေရာ၌ စုစည်းနိုင်စေခြင်းမှာ အသင်းကြီး၏ ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ်ဟုဆိုရမည်။ အာဆီယံဒေသ ဆိုင်ရာဖိုရမ်တွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ (မြောက်ကိုရီးယားနိုင်ငံ) အဖွဲ့ဝင်အဖြစ် ပါဝင်နေသည့်အတွက် ထူးခြားရှားပါးသော ဆွေးနွေးပွဲ တစ်ရပ် ဖြစ်သည်။ ယခုအခါ အာရှဒေသ ပြင်ပနိုင်ငံ အချို့သည် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ပါဝင်ခွင့်ရရှိရေးအတွက် အာဆီယံနိုင်ငံများကို ချဉ်းကပ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိနေကြသည်။ ထိုအချက်အလက်များက အာဆီယံ အဖွဲ့ကြီး၏ ဆွေးနွေးပွဲများ အရေးပါမှုကို အကောင်းဆုံး ထင်ဟပ် ဖော်ပြနေသည့် သာဓကများပင် ဖြစ်သည်။

အာဆီယံအဖွဲ့ကြီး ပိုမိုပေါင်းစည်းလာသည်နှင့် အမျှ အာဆီယံနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးအခြေ အနေတို့လည်း လိုက်ပါတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာတွင်လည်း ခိုင်မာသော အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာမည် ဖြစ်သည်။ အဖွဲ့ဝင်များအကြား အာဆီယံနည်းလမ်းနှင့်အညီ ဆောင်ရွက်ခဲ့မှုမှာ အသင်းကြီး၏ ရည်မှန်းချက်များ ရရှိစေခဲ့ကြောင်း အာဆီယံအသင်းကြီး၏ နှစ် ၅၀ တိုင်တိုင် ရပ်တည် လာနိုင်မှုက အကောင်းဆုံးသက်သေပြခဲ့ပြီး ဖြစ်သည်။ အနာဂတ်ကာလတွင်လည်း ဤသို့စည်းစည်းလုံးလုံးဖြင့် လက်တွဲဆောင်ရွက်သွားကြမည်ဆိုလျှင် ကမ္ဘာ့နိုင်ငံရေး နှင့် စီးပွားရေးမျက်နှာစာတွင် ထိပ်တန်းအဖွဲ့အစည်း တစ်ရပ်အဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သုံးသပ် တင်ပြအပ်ပေသည်။

**တက္ကသိုလ် ဟန်စိုးဦး**

# နိုင်ငံတကာ အကြမ်းဖက်မှု အန္တရာယ်များ



အကြမ်းဖက်မှုဟူသောဝေါဟာရကို ယခုနောက်ပိုင်းကာလများတွင် အသုံးများလာခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာ 'Violence', 'Terrorism' တို့ကို ပြန်ဆိုသုံးနှုန်းခြင်းဖြစ်သည်။ မှန်သည်ဆိုသော်လည်း တိကျမှုအားနည်းသည်။ Violence ဟူသည် အကြမ်းပတမ်းအင်အားအသုံးပြုမှုကိုဆိုလိုသည်။ မိမိအိမ်တွင်းမှာပင် မိမိ၏အိမ်သူကိုဖြစ်စေ၊ ကလေးများကိုဖြစ်စေ၊ အိမ်ဖော်ကိုဖြစ်စေ ရိုက်မောင်းပုတ်မောင်းပြုလုပ်ပါက အိမ်တွင်းအကြမ်းဖက်မှု (Domestic Violence) ဟုဆိုကြသည်။ Terrorism ဆိုသည်မှာ ထိုထက်ပို၍ အဓိပ္ပာယ်နက်ရှိုင်းသည်။ အကြမ်းပတမ်းပြုလုပ်တိုက်ခိုက်မှုသဘောပါသော်လည်း ယင်း၌ ကြောက်လန့်တုန်လှုပ်သွားစေသော ရည်ရွယ်ချက်ပါဝင်နေသည်။ တစ်ဦးတစ်ယောက်ကို ပစ်မှတ်ထားတိုက်ခိုက်သည့်တိုင်အောင် ယင်းမှာ စံနမူနာပြုလုပ်ပြခြင်းဖြစ်ပြီး အခြားသူများကိုပါ ကြောက်လန့်သွားစေရန် သင်ခန်းစာပေးခြင်း၊ သတင်းစကားပေးခြင်းမျိုးဖြစ်သည်။

အကြမ်းဖက်မှု (Terrorism) ၏ ဝေါဟာရရင်းမြစ်ကို ရှာဖွေပါက 'Terronsm' ဟူသော ပြင်သစ်စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး ပြင်သစ်တော်လှန်ရေးခေတ် (၁၇၉၃-၁၇၉၄) တစ်ပိုက်တွင် အကြောက်တရားဖြင့် စိုးမိုးမှု (Reign of Terror) ကာလ၌ စတင်သုံးစွဲခဲ့ခြင်းဖြစ်၏။ ယင်း 'Terrorism' မှာလည်း လက်တင်ဘာသာစကား 'Terrere' ဟူသော ကြိယာပုဒ်မှ ဆင်းသက်လာခြင်းဖြစ်ကာ 'ကြောက်ရွံ့ထိတ်လန့်စေသည်' ဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ မူလက အုပ်ချုပ်သူဘက်မှ အကြောက်တရားကို အသုံးပြု၍ စိုးမိုးအုပ်ချုပ်ရာ၌ အသုံးပြုခဲ့ခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် အုပ်ချုပ်ခံတို့က အုပ်ချုပ်သူများကို အင်အားနည်းသူက အင်အားကြီးသူကို တွန်းလှန်တိုက်ခိုက်ရာ၌ အကြောက်တရားကိုအသုံးပြုကာ လူအများထိတ်လန့်ကြောက်ရွံ့စေပြီး နိုင်ငံတည်ငြိမ်လုံခြုံမှုပျက်ပြားအောင်ပြုလုပ်လာခဲ့ကြသည်။ ၁၈၆၉ ခုနှစ်တွင် ရုရှားဇာဘုရင်ကိုဆန့်ကျင်သည့် 'ပြည်သူ့ကလဲ့စား" အဖွဲ့ကိုထူထောင်ခဲ့သော ဆာဂျီနီချာယက်ဗ်သည် မိမိကိုယ်ကိုယ် အကြမ်းဖက်ဝါဒီ 'Terrorist' ဟူ၍ စတင်ကြွေးကြော်ခံယူခဲ့သည်ဟု ဆိုသည်။

## အကြမ်းဖက်မှု၏ အဓိပ္ပာယ်

အကြမ်းဖက်မှု (Terrorism) နှင့်ပတ်သက်၍ နိုင်ငံအသီးသီးက ယင်းတို့၏ ဆိုင်ရာနိုင်ငံဥပဒေများတွင် အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းခဲ့ကြသော်လည်း ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းမျိုးတွင် အကြမ်းဖက်မှုဟူသော ဝေါဟာရကို အလုံးစုံခြုံငုံမိပြီး ဥပဒေအရ စည်းနှောင်မှုရှိသော အဓိပ္ပာယ်ဖွင့်ဆိုမှုကို ယနေ့ထက်တိုင် မပြုလုပ်နိုင်သေးပေ။ ၁၉၉၄ ခုနှစ်မှ

စ၍ ကုလသမဂ္ဂအထွေထွေညီလာခံက အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချရာတွင် အသုံးပြုလေ့ရှိသော အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

"နိုင်ငံရေး၊ အတွေးအခေါ်အယူအဆ၊ သဘောတရားရေး၊ မျိုးနွယ်စုအရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အခြားသော အလားတူအရေးကိစ္စများကို အသုံးချ၍ အမှန်တကယ်တရားမျှတမှု မရှိပါဘဲလျက် တရားမျှတမှန်ကန်မှုရှိလေသယောင် ဟန်ပြအသွင်ဆောင်ကာ နိုင်ငံရေးရည်ရွယ်ချက်များဖြင့် ပြည်သူလူထုအတွင်း၌ဖြစ်စေ၊ လူတစ်စု၌ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၌ဖြစ်စေ အကြောက်တရားများ ဖြစ်ပေါ်လာစေရန် တမင်ရည်ရွယ်တွက်ချက်လုပ်ဆောင်သည့် ပြစ်မှုမြောက်သော လုပ်ရပ်"

အမေရိကန်နိုင်ငံ၏ ကိုဒဥပဒေ အမှတ် ၂၂၊ အခန်း (၃၈) အပိုဒ် ၂၆၅၆ (စ)(ဃ) တွင်မူ ကြောက်တတ်မှုကို အောက်ပါအတိုင်းဖွင့်ဆိုထားသည်။

"ယေဘုယျအားဖြင့် ပစ်မှတ်လူအုပ်စုတစ်စုကို လွှမ်းမိုးရန်ရည်ရွယ်လျက် ကုန်သည်လုပ်ငန်းလုပ်ဆောင်သူများ၊ သို့မဟုတ် နိုင်ငံအစိုးရမဟုတ်သော အစုအဖွဲ့များက လက်နက်ကိုင်မဟုတ်သော အရပ်သားပစ်မှတ်များကို နိုင်ငံရေးအကြောင်းရင်းခံဖြင့် ကြိုတင်ကြံစည်ပြုလုပ်သောအကြမ်းဖက်တိုက်ခိုက်မှု"

ပညာရှင် သည်ဟော့ဖ်မင်း၏ အဆိုအရမူ အကြမ်းဖက်မှုတွင် ပါဝင်လေ့ရှိသည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံရေးရည်ရွယ်ချက်၊ နိုင်ငံရေးခံစား ခြားနားချက်ရှိခြင်း၊
(ခ) အကြမ်းပတမ်းတိုက်ခိုက်မှု၊ တိုက်ခိုက်ရန်ခြိမ်းခြောက်မှုရှိခြင်း၊
(ဂ) တိုက်ရိုက်တိုက်ခိုက်မှုများအပြင် အခြားသူများကိုပါ စိတ်ပိုင်းဆိုင်ရာအရ နက်နက်ရှိုင်းရှိုင်း ထိခိုက်ခံစားရစေရန် စီမံထားခြင်း၊
(ဃ) အဆင့်ဆင့်ကွပ်ကဲမှုရှိသော အဖွဲ့အစည်းတစ်ရပ်၊ သို့မဟုတ် ဝတ်စုံ အမှတ်တံဆိပ်မပါရှိသည့် မြေအောက်ကလာပ်စည်းတစ်ခုခုက ဆောင်ရွက်ခြင်း၊
(င) အစိုးရမဟုတ်သော၊ နိုင်ငံတစ်ခုကို ကိုယ်စားမပြုသော အဖွဲ့အစည်းတစ်ရပ်ရပ်က ဦးစီးလုပ်ဆောင်ခြင်း။

## အကြမ်းဖက်မှုအမျိုးအစားများ

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အခြေပြု၍ လူ့သမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အမျိုးအစားခွဲခြားလေ့ရှိသည် -

(က) နိုင်ငံရေးအကြမ်းဖက်မှု
  (၁) လူမျိုးရေးနှင့် ခွဲထွက်ရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှု၊
  (၂) ဘာသာရေးအခြေခံဖြင့် အကြမ်းဖက်မှု၊
  (၃) လက်ဝဲသဘောတရားအခြေခံ အကြမ်းဖက်မှု၊
  (၄) လက်ယာသဘောတရားအခြေခံ အကြမ်းဖက်မှု၊
(ခ) ဒုစရိုက်ဂိုဏ်းများ၏ အကြမ်းဖက်မှု၊
(ဂ) စိတ်ရူးပေါက်သူများ၏ အကြမ်းဖက်မှု။

ယခုဆောင်းပါးတွင် နိုင်ငံရေးနှင့်ပတ်သက်သည့် အကြမ်းဖက်မှုများကိုသာ လေ့လာတင်ပြသွားမည်ဖြစ်သည်။

နိုင်ငံရေးအကြမ်းဖက်မှုများမှာ လူအုပ်စုတစ်စု၏ သဘောတရားရေး ယုံကြည်မှုနှင့် အထိမ်းအမှတ်လက္ခဏာတို့အပေါ်တွင် အခြေပြုလေ့ရှိသည်ကို တွေ့ရှိရသည်။ မိမိအုပ်စု၏ အထိမ်းအမှတ်လက္ခဏာ (Identity) နှင့် ယုံကြည်မှု (Faith) အပေါ်တွင် နက်နက်ရှိုင်းရှိုင်း စွဲမြဲကိုင်းညွတ်မှုရှိလေလေ ယင်းစံနှုန်းတန်ဖိုးများကို ကာကွယ်ရန်အတွက် အကြမ်းနည်းသုံးတုံ့ပြန်ရန် အဆင်သင့်ရှိလေလေဖြစ်သည်။

ဥပမာ လူမျိုးရေး၊ ခွဲထွက်ရေးတို့နှင့်ပတ်သက်လျှင် ဗြိတိန်မှ အိုင်ယာလန်ခွဲထွက်ရေးလှုပ်ရှားမှုသည် ထင်ရှားသောသာဓကတစ်ခုဖြစ်သည်။ ယင်းခွဲထွက်ရေးလှုပ်ရှားမှုတွင် အင်္ဂလိပ် (အင်္ဂလို ဆက္ကဆွန်) နှင့် အိုင်းရစ်ဟူသောလူမျိုးရေးသွင်ပြင်လက္ခဏာ ကွဲပြားမှု၊ အင်္ဂလီကန်သာသနာနှင့် ရိုမန်ကက်သလစ်သာသနာ

ဟူ၍ ကိုးကွယ်ယုံကြည်သော ခရစ်ယာန်ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြားမှု၊ သမိုင်းကြောင်းအရ အင်္ဂလိပ်တို့က အိုင်းရစ်နယ်မြေကို သိမ်းပိုက်ထားမှုစသည့် နောက်ခံသမိုင်းကြောင်းများပါဝင်သည်။ ထို့ကြောင့် အိုင်းရစ်တို့က ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှစ၍ ခွဲထွက်ရေးအတွက် စတင်လှုပ်ရှားခဲ့ကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အိုင်းရစ်လွတ်မြောက်ရေးတပ်ဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဗုံးခွဲမှုများ အရှိန်မြင့်လာခဲ့သည်။ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီးနှင့် မောင်နှမ ဝမ်းကွဲတော်စပ်သည့် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန် သည်ပင်လျှင် အိုင်းရစ်လွတ်မြောက်ရေးတပ်ဖွဲ့၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၉၇၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဘာသာရေးအခြေခံအားဖြင့် အကြမ်းဖက်မှုမှာ ဘာသာတရားတစ်ခုကို အလွန်အကျွံစွဲလမ်းကိုင်းရှိုင်းကာ အမှားအမှန် မဝေခွဲနိုင်လောက်အောင် အယူပြင်းထန်လာချိန်တွင် ဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့သောအကြမ်းဖက်မှုများမှာ လူ့သမိုင်းတစ်လျှောက်တွင် လူသားများကို သတ်ဖြတ်စတေး၍ ယစ်ဇ်ပူဇော်သည့် ဓလေ့များမှစ၍ ရေတွက်လျှင် ကာလရှည်လျားခဲ့သည် ဖြစ်သည်။ သာဓကအားဖြင့် အလယ်ခေတ်တွင် စုန်းမဟုစွပ်စွဲကာ မီးရှို့သတ်ဖြတ်ပစ်ခြင်းမျိုးဖြစ်သည်။ နက္ခတ္တဗေဒပညာရှင် ဂယ်လီလီယိုသည် ကမ္ဘာက နေကိုလှည့်ပတ်နေသည်ဟူသော အယူအဆကို ထုတ်ဖော်ခဲ့၍ ကျမ်းစာနှင့်ဆန့်ကျင်သည်ဟုဆိုကာ သုတ်သင်ခြင်းခံခဲ့ရသည်။ အမျိုးဇာတ်ခွဲခြားမှုပြင်းထန်သည့် ဘာသာများတွင်လည်း ဇာတ်ပျက်မည်ကိုစိုးရိမ်သည့်အတွက် ဇာတ်မတူသူချင်း ပေါင်းဖက်ပါက အရပ်မှဝိုင်း၍ ဂုဏ်သိက္ခာအတွက် သတ်ဖြတ်မှု (Honour Killing) ပြုလုပ်တတ်ကြသည်။ ဘာသာကိုးကွယ်ယုံကြည်သူနှင့် မယုံကြည်သူတို့အကြား ခွဲခြားမှုအလွန်ကြီးမားသည့် ဘာသာများတွင်လည်း မယုံကြည်မှုသည်ပင် အကြီးဆုံးဘာသာရေးပြစ်မှုဟု ယူဆသူများက ဘာသာဝင်မဟုတ်သူများကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်း၊ ဘာသာမတူသူနှင့်စုံဖက်ပါက အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မိမိတို့ကိုးကွယ်သည့် ဘာသာမှ ဘာသာပြောင်းပါက သေဒဏ်ပေးခြင်း၊ ဝိုင်းဝန်းသတ်ဖြတ်ခြင်း စသည်တို့ကို ပြုလုပ်တတ်ကြသည်။

ဘာသာရေးအခြေခံ အကြမ်းဖက်မှုတွင် လက်ဝဲအခြေခံနှင့် လက်ယာအခြေခံဟူ၍ ခွဲခြားထားသော်လည်း မိမိတို့၏ နိုင်ငံရေးယုံကြည်ချက် အောင်မြင်ရေးအတွက် ဘာမဆိုလုပ်ရဲရမည်ဟူသော အစွန်းရောက်အတွေးအခေါ်မှာမူ အတူတူပင်ဖြစ်သည်။




**အိုင်အက်စ်အစပြုရာအစ္စလာမ်ညီနောင်အဖွဲ့ဝင်အချို့**

များသောအားဖြင့် လက်ဝဲအခြေခံသဘောတရားမှာ လူတန်းစားဝိရောဓိအပေါ် မူတည်၍ ပေါ်ပေါက်လာပြီး လက်ယာအခြေခံသဘောတရားမှာ လူမျိုးရေး၊ ဘာသာရေးအယူအစွဲမှတစ်ဆင့် လူအုပ်စုပဋိပက္ခများအပေါ်၌ အခြေခံကာ ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ လက်ဝဲအခြေခံအကြမ်းဖက်အုပ်စုများတွင် ဂျပန်တပ်နီနှင့် ချီလီမှ Shining Path တို့မှာ လူသိများသည်။ လက်ယာအကြမ်းဖက်အုပ်စုတွင် နာဇီလက်သစ်များကနာမည်ကြီးသည်။ လူဖြူလူမည်းခွဲခြားမှု ပြင်းထန်သောခေတ်တွင် အမေရိကန်မှ ကေသုံးလုံး (Ku klex Klan) အဖွဲ့မှာ လူမည်းများကို ပစ်မှတ်ထားတိုက်ခိုက်သည့် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

သူကိုလည်း အားနည်းသူက အခြားနည်းဖြင့် အထိနာအောင် တိုက်ခိုက်နိုင်သည်။

အကြမ်းဖက်တိုက်ခိုက်သည့်အကြောင်းတရားကို လူမှုဗေဒအမြင်ဖြင့် ဆန်းစစ်လျှင် လူ့အဖွဲ့အစည်းအတွင်း အလွှာတစ်ခုနှင့်တစ်ခုအကြားဖြစ်စေ၊ အုပ်စုတစ်ခုနှင့်တစ်ခုအကြားဖြစ်စေ အကျိုးစီးပွားချင်းပဋိပက္ခဖြစ်နေခဲ့ပြီး အင်အားကြီးကွာဟမှုရှိနေသည့်အခါ အားနည်းသူက ဖြစ်နိုင်သည့် ဘက်မညီစစ်ပွဲအသွင်ဖြင့် စစ်ဆင်တိုက်ခိုက်လေ့ရှိသည်ကို တွေ့ရသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် သမားရိုးကျအင်အားရှိသော်လည်း အကြမ်းဖက်တိုက်ခိုက်မှုနည်းလမ်းများကို သုံးတတ်သည်လည်းရှိသည်။ ဥပမာ နိုင်ငံတစ်ခုက



**အကြမ်းဖက်အဖွဲ့အစည်းတို့၏ မြေစာပင်ဖြစ်နေရသည့် မြို့ပြများ**

## ခေတ်အဆက်ဆက်အကြမ်းဖက်မှုများ

အကြမ်းဖက်တိုက်ခိုက်မှုများသည် စစ်ရေးအမြင်ဖြင့်ကြည့်ပါက ဘက်မညီစစ်ဆင်မှု (Asymmetric War Fare) ပုံစံတစ်ရပ်ဖြစ်သည်။ ဘက်မညီစစ်ပွဲဆိုသည်မှာ သမားရိုးကျစစ်ဆင်မှုပုံစံမှ ခွဲထွက်၍ ရန်သူအပေါ် တစ်ဖက်သတ်အသာစီးရနိုင်သော နည်းလမ်းမျိုးစုံမှ တစ်နည်းနည်းကို အသုံးပြုတိုက်ခိုက်သောနည်းဖြစ်သည်။ ဤနည်းဖြင့် သမားရိုးကျအမြင်အရ အားကြီး

အခြားနိုင်ငံတစ်ခုကို အနှောင့်အယှက်ပေးလိုသောအခါ ထိုနိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့အစည်းကဲ့သို့သောဌာနတစ်ခုက ကိုယ်တိုင်ဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုကို အသုံးပြု၍ဖြစ်စေ အကြမ်းဖက်တိုက်ခိုက်မှုဖန်တီးတတ်သည်။

ခေတ်အဆက်ဆက်အကြမ်းဖက်မှုများကို နိုင်ငံရေးအမြင်ဖြင့်လေ့လာပါက ထိုခေတ်ထိုကာလတွင် ပေါ်ပေါက်ခဲ့သော လူမှုစီးပွားရေးနှင့်နိုင်ငံရေး ဆက်ဆံမှု

# နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များ



**ကမ္ဘာကို တုန်လှုပ်စေခဲ့သည့် ၉/၁၁ အကြမ်းဖက်မှုဖြစ်စဉ်နှင့် ယင်းကိုကြိုးကိုင်ခဲ့သူ အိုစမာဘင်လာဒင်**

အခြေအနေများနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။ အကြောက်တရားနှင့်စိုးမိုးမှုကို စတင်ကျင့်သုံးခဲ့သည့် ပြင်သစ်တော်လှန်ရေးဘက်သား ဂျက်ကိုဘင်အုပ်စုသည် မူလက အာဏာပိုင်စိုးထားသည့် သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကို အကြမ်းနည်းဖြင့် တော်လှန်ဖြုတ်ချခဲ့ပြီး တော်ဝင်အင်အားစု၏ ဆန့်ကျင်ခုခံမှုကိုလည်း ခေါင်းဖြတ်စက်ဖြင့် သတ်ခြင်းကဲ့သို့သော ရက်စက်သည့် အကြမ်းဖက်နည်းဖြင့် ကြောက်လန့်အောင်ပြုလုပ်ကာ အုပ်ချုပ်ရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

အလားတူပင် သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည့် ၁၈ ရာစု၊ ၁၉ ရာစုကာလများတွင် ပေါ်ပေါက်ခဲ့သော မင်းမဲ့ဝါဒီ (Anarchish) များသည် အကြမ်းဖက်တိုက်ခိုက်မှုကို နည်းလမ်းတစ်ရပ်အဖြစ် အလေးထားသုံးစွဲခဲ့ကြသည်။ ရုရှားတွင် ပဒေသရာဇ်ဆန့်ကျင်ရေး၌ မင်းမဲ့ဝါဒီများကို ဆက်ခံသည့် ဖော်လ်ရှီဗစ်တို့ကလည်း "ကြက်ဥများကိုခွဲမှ ကြက်ဥကြော်ရနိုင်သည်။ တိုက်ပွဲများများရှိမှ အောင်ပွဲကြီးကြီးရနိုင်မည်" ဟူသောကြွေးကြော်သံဖြင့် အကြမ်းဖက်မှုများပြုခဲ့သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်ဝဲနှင့်လက်ယာအုပ်စုအကြား စစ်အေးတိုက်ပွဲပြင်းထန်ချိန်တွင် လက်ဝဲစွန်းနှင့် လက်ယာစွန်းအကြမ်းဖက်တို့ခေတ်စားလာသည်။ ဥရောပ၌ လက်ဝဲအစွန်းရောက်အကြမ်းဖက်မှုများကို စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ စသည့်နိုင်ငံများ၌ တွေ့ရသည်။ ဥရောပနှင့် အမေရိကရှိ လက်ယာအစိုးရများကလည်း လက်ဝဲစွန်းများကို အကြမ်းဖက်နည်းဖြင့် တိုက်ခိုက်ခဲ့သည်။ မာဖီးယားဒုစရိုက်ဂိုဏ်းများသည်ပင် ယင်းစစ်ပွဲ၌ လက်ကိုင်တုတ်အဖြစ် အသုံးချခံရသည်။ ကွန်မြူနစ်ဆန့်ကျင်ရေး နာဇီလက်သစ်၊ ဖက်ဆစ်လက်သစ် ခေါင်းတုံးဆံပင်ဖြင့် လမ်းပေါ်လူမိုက်ဂိုဏ်းဆန်ဆန် အုပ်စုများလည်းရှိသည်။

အချို့မှာ မဟာလူမျိုးကြီးဝါဒဖြင့် နောက်ဝင်လာသူများကို တိုက်ခိုက်ကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် လူမျိုးရေးနှင့်နွယ်သော အကြမ်းဖက်မှုများလည်းပေါ်ပေါက်ခဲ့သည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်း၌ ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးလှုပ်ရှားမှုနှင့် တောင်အာရှမှ သီရိလင်္ကာနိုင်ငံတွင် တမီးလ်ကျားလှုပ်ရှားမှုတို့သည် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆောင်ရွက်နေခဲ့သည်။ အလားတူ ထိုင်းနိုင်ငံတောင်ပိုင်းခွဲထွက်ရေး၊ ဖိလစ်ပိုင်တောင်ပိုင်းခွဲထွက်ရေးလှုပ်ရှားမှုတို့မှာ ယနေ့ထက်တိုင် အကြမ်းဖက်မှုများကို ဖန်တီးနေဆဲဖြစ်သည်။

**လူ့ယဉ်ကျေးမှုအဖွဲ့အစည်းများ တွန်းတိုက်မှု၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဘာသာရေးအကြမ်းဖက်မှု**

၁၉၈၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာပေါ်၌ နည်းပညာတိုးတက်မှုနှင့်အတူ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ် ကျယ်ပြန့်လာခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်း မှာလည်း စီးပွားရေးပျံ့နှံ့ရောက်ရှိမှုသာမက အနောက် တိုင်းလစ်ဘရယ်စံနှုန်း၊ အတွေးအခေါ်နှင့် အနောက် တိုင်းယဉ်ကျေးမှုများပါ ကမ္ဘာအရပ်ရပ်သို့ ဖြန့်ကြက် ချဲ့ထွင်လာခဲ့ရာ ရှိရင်းစွဲဘာသာတရား၊ ယဉ်ကျေးမှု၊ အတွေးအခေါ်များနှင့် တွန်းတိုက်မှုဖြစ်လာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သမိုင်းပညာရှင် ဟန်တင်တန်က 'လူ့ယဉ်ကျေးမှုအဖွဲ့အစည်းတို့၏ တွန်းတိုက်မှု' ဟူသော စာအုပ်ကို ရေးသားပြုစုခဲ့သည်။

ဟန်တင်တန် ကြိုတင်တွက်ဆခဲ့သကဲ့သို့ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အနောက်တိုင်းဘာသာ ရေးနှင့် ယဉ်ကျေးမှုကို ဆန့်ကျင်သော ဘာသာရေး အစွန်းရောက် အကြမ်းဖက်လှုပ်ရှားမှုများ စတင် ကျယ်ပြန့်လာခဲ့သည်။ အထူးသဖြင့် ရှေးယခင်ကပင် ရဟူဒီဘာသာ၊ ခရစ်ယာန်ဘာသာတို့နှင့် ထိပ်တိုက် တွေ့ခဲ့သော အစ္စလာမ်ဘာသာမှ အစွန်းရောက်အုပ်စု များမှ အကြမ်းဖက်လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ ယင်း အုပ်စုများမှာ ဘာသာမတူသူ (မယုံကြည်သူ) များကို သုတ်သင်ဖယ်ရှားရမည်ဟူသော ရှေးရိုးစွဲအစွန်းရောက် ဂျီဟတ် (ဘာသာရေးစစ်ပွဲ) အယူဝါဒကို လက်ခံ ယုံကြည်သူများဖြစ်ကြသည်။

ထိုအုပ်စုများမှာ မူလက မိမိတို့နေရင်းဒေသ များ၌သာ အခြေပြုလှုပ်ရှားကြသော်လည်း နောက်ပိုင်း တွင် နိုင်ငံတကာအဆင့်အထိ တိုးချဲ့၍ ကွန်ရက် ဖြန့်နိုင်လာခဲ့သည်။ ယခုနိုင်ငံတကာတွင် လူသိများသော အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် အိုင်အက်စ် (Islamic State) နှင့် အယ်လ်ကေဒါ စသောအဖွဲ့များမှာ မူလက အီဂျစ်နိုင်ငံတွင် စတင်ဖွဲ့စည်းခဲ့သည့် အစ္စလာမ့်ညီနောင်အဖွဲ့ (Islamic Brother Hood) မှ ဆင်းသက် လာခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းသည့် ၁၉၅၀ ပြည့်လွန် ကာလများအတွင်း ယင်းအဖွဲ့မှာ စူးအက်တူးမြောင်း လုပ်ငန်းခွင်တွင် နိုင်ငံခြားသားများ၏ ခွဲခြားဖိနှိပ်မှု ခံနေရသည့် အီဂျစ်လူမျိုးများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်သည့် လူမှုရေးအဖွဲ့အစည်းဖြစ်သည်။ သို့ရာတွင် နောက်ပိုင်း၌ သဘောထားတင်းမာသူများက အနောက် တိုင်းဆန့်ကျင်ရေးနှင့် ဂျီဟတ်ဘာသာရေး စစ်ပွဲအယူ အဆများကိုပါ တင်သွင်းလာကာ နိုင်ငံတကာ အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ရောက်ရှိလာသည်။

အယ်လ်ကေဒါကို စတင်တည်ထောင်သူ အိုစမာဘင်လာဒင်မှာ ဆော်ဒီအာရေဗျမှ ထင်ရှားသော ဆောက်လုပ်ရေးလုပ်ငန်းရှင် ဘင်လာဒင်မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ အစ္စလာမ့်ညီနောင် အဖွဲ့မှ သဘောထားပြင်းထန်သော ဘာသာရေး ခေါင်းဆောင်များ၏ သဘောတရားရိုက်သွင်းခြင်းခံရပြီး ဂျီဟတ်ဝါဒီဖြစ်လာခဲ့သည်။ ၁၉၈၀ ပြည့်လွန်နှစ်များ တွင် အာဖဂန်နစ္စတန်၌ ဝင်ရောက်တပ်စွဲထားသော ဆိုဗီယက်တပ်များကို တိုက်ခိုက်ရန်အတွက် အမေရိကန် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့နှင့် ပူးပေါင်းခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံတွင် အာရပ်လူငယ်များကို ကိုယ်တိုင်ဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။ ဆိုဗီယက်များ အာဖဂန်မှဆုတ်ခွာသွားပြီး ကျန်ရစ်ခဲ့သောအာရပ်တို့ကို စုစည်း၍ အယ်လ်ကေဒါအဖွဲ့ကို စတင်ဖွဲ့စည်းသည်။ အယ်လ်ကေဒါဆိုသည်မှာ စခန်းဟုအဓိပ္ပာယ်ရပြီး အာရပ်မူဂျာဟစ်များ စုစည်းနေထိုင်ရာစခန်းကို ရည်ညွှန်းခြင်းဖြစ်သည်။

ဘင်လာဒင်သည် သူ၏ အယ်လ်ကေဒါရဲဘော် များကို ဦးဆောင်၍ ပင်လယ်ကွေ့ ပထမစစ်ပွဲအပြီး ဆော်ဒီအာရေဗျ၌ ဆက်လက်တပ်စွဲ ထားသော မယုံကြည်သူ အမေရိကန်တပ်များကို ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အကြမ်းဖက်တိုက်ခိုက် လာခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်တို့၏ ဖိအား ပေးမှုကြောင့် အရှေ့အလယ်ပိုင်းကို စွန့်ခွာပြီး မဟာမိတ် တာလီဘန်များရှိရာ အာဖဂန်နစ္စတန်သို့ ထွက်ပြေး ပုန်းရှောင်ခဲ့ရသည်။ အာဖဂန်၌ ပုန်းခိုနေစဉ်အတွင်း ကမ္ဘာအနှံ့ကွန်ရက်ဖြန့်ကြက်ပြီး အကြမ်းဖက်တိုက် ခိုက်မှုများကို ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်တွင် အမေရိကန်နိုင်ငံရှိ အဓိကပစ်မှတ် သုံးခုကို ဦးတည်တိုက်ခိုက်သော ၉/၁၁ အကြမ်းဖက်

မှုမှာ အယ်လ်ကေဒါအဖွဲ့ကို ကမ္ဘာကသိသွားစေခဲ့သည်။ အဆိုပါတိုက်ခိုက်မှုမှာ လူသုံးထောင်ခန့် သေဆုံးခဲ့ရသဖြင့် ထိခိုက်ဆုံးရှုံးမှုကြီးမားသည်ဟု ဆိုနိုင်သော်လည်း စိတ်ပိုင်းဆိုင်ရာထိခိုက်သက်ရောက်မှုက ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုထက် အဆများစွာ မနှိုင်းသာအောင် ပိုမိုကြီးမားခဲ့သည်။ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံနှစ်ခုကို လေယာဉ်ဖြင့် ဝင်တိုက်ခဲ့သဖြင့် မီးလောင်ပြိုကျပျက်စီးပုံကို တစ်ကမ္ဘာလုံးက ရုပ်မြင်သံကြားမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခဲ့ရပြီး များစွာတုန်လှုပ်ချောက်ချား သွားခဲ့ရသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးကို အယ်လ်ကေဒါတို့ပေးလိုသော စကားဖြစ်သည့် အကြောက်တရားကို ကောင်းစွာဖန်တီးနိုင်ခဲ့သဖြင့် ယင်းတို့၏ရည်မှန်းချက် အောင်မြင်သည်ဟု ဆိုနိုင်သည်။

အယ်လ်ကေဒါတို့က ယင်းတို့၏ရန်သူ အဖြစ် ခရူးဆိတ်ဒါ (ခရစ်ယာန်ဘာသာဝင်များနှင့် အမေရိကန်ဦးဆောင်သည့်) အနောက်အုပ်စု၊ ရဟူဒီ (ဂျူး-အစ္စရေးနိုင်ငံ) နှင့် အခြားဘာသာဝင်များကို သတ်မှတ်ထားသည်။ ရေရှည်ရည်မှန်းချက်မှာ ကမ္ဘာကို ကြီးစိုး အုပ်ချုပ်သည့် ငြိမ်းချမ်းနယ်မြေ (ဒါရုဆလမ်) ထူထောင်ရန်ဖြစ်သည်။ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အမေရိကန်ကဲ့သို့သော မဟာအင်အားကြီးနိုင်ငံကို သမားရိုးကျ စစ်အင်အားဖြင့် မတိုက်နိုင်သည့်အတွက် ကိုယ်ပျောက်ရန်သူအဖြစ် အချိုးမညီစစ်ပွဲဆင်နွှဲကာ အမေရိကန်ပြည်သူများ အရိပ်ကို ရန်သူထင်လာစေရန် နည်းဗျူဟာချဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စာရွက်ဖြတ်စများကို အသုံးပြု၍ လေယာဉ်အပိုင်စီးကာ မိုးမျှော်အဆောက်အအုံကို တိုက်ခိုက်ဖြိုချဖျက်ဆီးခဲ့သော ၉/၁၁ အကြမ်းဖက်လုပ်ရပ်သည် ယင်းနည်းဗျူဟာကို ဖော်ဆောင်လိုက်ခြင်းဖြစ်သည်။ ထိုလုပ်ရပ်ကြောင့် အယ်လ်ကေဒါကို တစ်ကမ္ဘာလုံးက သိသွားပြီး ကြောက်ရွံ့မှုများ ဖုံးလွှမ်းသွားသည်။ ဘာသာရေးအစွန်းရောက် အုပ်စုများအတွင်း၌မူ အိုစမာဘင်လာဒင်သည် နေ့ချင်းညချင်း သူရဲကောင်းဖြစ်သွားခဲ့သည်။ အယ်လ်ကေဒါအကြမ်းဖက်အဖွဲ့မှာလည်း ငွေကြေးထောက်ပံ့သူ၊ ကိုယ်တိုင်ပါဝင်တိုက်ခိုက်လိုသူများဖြင့် အင်အားတောင့်တင်းသွားခဲ့သည်။ ယင်းမှာ ကမ္ဘာ့သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုက မဟာအင်အားကြီးနိုင်ငံတစ်ခုကို ဖက်ပြိုင်တိုက်ခိုက်လာခဲ့ခြင်းလည်းဖြစ်သည်။

၂၀၀၁ ခုနှစ်မှစ၍ အမေရိကန်က အာဖဂန်နစ္စတန်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး အိုစမာဘင်လာဒင်ကို လက်ရောက်ဖမ်းဆီးနိုင်ရေးအတွက် ငွေအား၊ လူအားသုံးကာ ဖိအားပေးဆောင်ရွက်ခဲ့သည့်အတွက် ဘင်လာဒင်သည် ပါကစ္စတန်သို့ ထွက်ပြေးပုန်းရှောင်ခဲ့ရပြန်သည်။ ထို့နောက်ပိုင်းမှစ၍ ၂၀၁၁ ခုနှစ်တွင် ဘင်လာဒင်ကို ပါကစ္စတန်၌ အသေဖမ်းမိခဲ့သည်အထိ အယ်လ်ကေဒါ၏လှုပ်ရှားမှုမှာ တဖြည်းဖြည်းလျော့ကျလာခဲ့သည်။ ဘင်လာဒင်သေဆုံးပြီးနောက် အယ်လ်ကေဒါအကြမ်းဖက်အဖွဲ့မှာ လုံးဝချုပ်ငြိမ်းသွားမှု မရှိသော်လည်း ကမ္ဘာ့နိုင်ငံရေးဘက်စုံတွင် မှေးမှိန်လျော့ပါးလာသည်ဟု ဆိုနိုင်သည်။

မှေးမှိန်သွားသောအယ်လ်ကေဒါနေရာတွင် အစားထိုးနေရာယူလာသောအဖွဲ့မှာ အိုင်အက်စ်အဖွဲ့ခေါ် အစ္စလာမ္မစ်နိုင်ငံတော်အမည်ခံ အကြမ်းဖက်အဖွဲ့ဖြစ်သည်။ အိုင်အက်စ်အဖွဲ့သည် အယ်လ်ကေဒါအဖွဲ့မှ ဆင်းသက်လာခြင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် အယ်လ်ကေဒါအဖွဲ့၏ အီရတ်အဖွဲ့ခွဲကို အီရတ်



**အယ်လ်ကေဒါအဖွဲ့မှ ဆင်းသက်လာသည့် အိုင်အက်စ်အဖွဲ့ကိုထူထောင်သူ ဇာကာဝီ**

အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ဟု ခွဲထွက်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိုင်အက်စ်အဖွဲ့ကိုစတင်တည်ထောင်သူ အဘူယူဆန်ဇာကာဝီမှာ သဘောထားပြင်းထန်သူ အယ်လ်ကေဒါအဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး အယ်လ်ကေဒါအဖွဲ့ကိုပင် ပျော့ညံ့လွန်းသည်ဟု ထင်မြင်သူဖြစ်သည်။ ယင်း၏အယူအဆမှာ အယ်လ်ကေဒါကဲ့သို့ ရေရှည်ပြောက်ကျားဆန်ဆန် အကြမ်းဖက်တိုက်ခိုက်မှုမျိုးမဟုတ်ဘဲ ရှေးယခင် ခါလစ်ဖော်ဘွားများ၏ ခါလီဖိတ်နိုင်ငံတော်ပုံစံမျိုး နိုင်ငံတစ်ခုကို အင်အားသုံးတည်ထောင်သွားရန်ဖြစ်သည်။ သို့သော် သူ၏အယူအဆကို အကောင်အထည် မဖော်နိုင်မီ ရက်စက်မှုနှင့် သတင်းမီဒီယာနည်းပညာထိရောက်စွာ အသုံးပြုမှုတို့ကြောင့် ကမ္ဘာတစ်ဝန်း ထိတ်လန့်ချောက်ချားစေသကဲ့သို့ ကမ္ဘာအရပ်ရပ်မှ အစွန်းရောက်အယူအဆရှိသူ လူငယ်များကိုလည်း အဖွဲ့အတွင်းသို့ ဝင်ရောက်လာစေရန် ဆွဲဆောင်နိုင်ခဲ့သည်။ အိုင်အက်စ်တို့၏ နယ်မြေသိမ်းစစ်ဆင်မှုကြောင့် သိမ်းပိုက်နယ်မြေများ မြို့များမှ ရလာသည့် အမွေများ၊ ရေနံတွင်းများ၊ အဖိုးတန်ပစ္စည်းများရရှိကာ ဝင်ငွေတောင့်တင်းလာသကဲ့သို့ ထွက်ပြေးသွားသည့် အီရတ်တပ်ဖွဲ့များထံမှ စစ်လက်နက်ပစ္စည်းများစွာကိုလည်း ရရှိခဲ့သည်။ အချိန်တိုအတွင်း အိုင်အက်စ်ထိုးစစ်က အီရတ်မြို့တော်



**အီရတ်နိုင်ငံ မိုဆူးလ်မြို့ကို အိုင်အက်စ်တို့လက်မှ ပြန်လည်တိုက်ခိုက်နေသည့် အီရတ်တပ်ဖွဲ့ဝင်များ**

၂၀၀၆ ခုနှစ်၌ အမေရိကန်တို့၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အီရတ်တွင်သေဆုံးသွားခဲ့သည်။ ယင်းကို ဆက်ခံသော အဘူဘေကာအယ်လ်ဘဂ္ဂဒါဒီ လက်ထက်တွင် ဆီးရီးယားပြည်တွင်းစစ်နှင့် အီရတ်နိုင်ငံရေးအားနည်းချက်တို့ကို အခွင့်ကောင်းယူ၍ ၂၀၁၃ ခုနှစ်တွင် အီရတ်နှင့်ဆီးရီးယား အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းကာ ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားအရှေ့ပိုင်းနှင့် အီရတ်မြောက်ပိုင်း၌ လျှပ်တစ်ပြက်ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုအချိန်မှစ၍ အိုင်အက်စ်အဖွဲ့သည် တစ်ဟုန်ထိုး လူသိများလာခဲ့သည်။ အိုင်အက်စ်အဖွဲ့၏ ကြမ်းတမ်း ဘဂ္ဂဒက်အနီးသို့ ရောက်ရှိလာခဲ့ရာ မနေသာတော့သည့် အဆုံး အမေရိကန်နှင့်အပေါင်းအပါတို့က လေကြောင်း ပစ်ကူအပါအဝင် အင်အားဖြည့်စစ်ကူများပေးအပ်ကာ တွန်းလှန်ခဲ့ရသည်။ ရုရှားတို့ကလည်း ဆီးရီးယား အစိုးရကို လေယာဉ်၊ တင့်ကား၊ အမြောက်ကြီးများဖြင့် ပစ်ကူပေးခဲ့သည်။ ထိုသို့ နိုင်ငံတကာမှ အလုံးအရင်းဖြင့် ဝင်ရောက်ထိုးနှက်တိုက်ခိုက်မှုကြောင့် ၂၀၁၇ ခုနှစ် အကုန်ပိုင်းတွင် အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ် တပ်ဖွဲ့များ တပ်ပျက်ပြိုကွဲသွားခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်ခန့်အတွင်း အိုင်အက်စ်တို့၏ကွန်ရက်မှာ ကမ္ဘာ

တစ်ဝန်းဖြန့်ကြက်နိုင်ခဲ့သည်။ အာဖရိကတိုက်တွင် နိုင်ဂျီးရီးယားမှ ဘိုကိုဟာရမ်၊ ဆိုမာလီမှ အယ်လ်ရှာဗက် စသောအစွန်းရောက် စစ်သွေးကြွများ၊ ကော့ကေးဆပ် ဒေသမှ ချေချင်နှင့် တာတာစစ်သွေးကြွများ၊ အာဖဂန် နစ္စတန်မှ အချို့တာလီဘန်အုပ်စုများ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည့် အရှေ့တောင်အာရှနိုင်ငံများမှ ဂျမားအစ္စလာမီစစ်သွေးကြွနှင့် အခြားအစွန်းရောက် အုပ်စုများ၊ ဖိလစ်ပိုင်တောင်ပိုင်းမှ အဘူဆေယက်ဖ် အုပ်စုစသည့် စစ်သွေးကြွများက အိုင်အက်စ်ကို သစ္စာခံ ခဲ့ကြသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းလုံးရှိ စစ်သွေးကြွ တစ်ဦးချင်းကလည်း အင်တာနက်ကွန်ရက်မှတစ်ဆင့် အိုင်အက်စ်နှင့် ချိတ်ဆက်မိကာ တစ်ကိုယ်တော်၊ သို့မဟုတ် အစုအဖွဲ့ငယ်များဖြင့် အကြမ်းဖက်မှုများ ပြုလုပ်လာခဲ့သည်။ ဤသို့ဖြင့် ယခုအခါ ဘာသာရေး အစွန်းရောက်အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအဆင့် ရောက်ရှိလာခဲ့သည်။

## အကြမ်းဖက်ချေမှုန်းရေးနှင့် အနာဂတ်အလားအလာ

၂၀၀၁ ခုနှစ် (၉/၁၁) ဖြစ်ရပ်နောက်ပိုင်းတွင် အမေရိကန်က (War on Terror) ဟူသောအမည်ဖြင့် အကြမ်းဖက်ဆန့်ကျင်ချေမှုန်းရေးကို လုပ်ဆောင်ခဲ့သည်။ ယင်းစစ်ပွဲတွင် အကြမ်းဖက်ခေါင်းဆောင်များကို မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ခြင်း၊ အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့သူနှင့် အဖွဲ့အစည်းများကို ပိတ်ဆို့ အရေးယူခြင်း၊ အကြမ်းဖက်အဖွဲ့နှင့်အဆက် အသွယ်ရှိသူ များကို ထောက်လှမ်းဖော်ထုတ်အရေးယူခြင်းများ ပါဝင်သည်။

သို့သော် နည်းပညာတိုးတက်လာသည်နှင့်အမျှ အင်တာနက်ဆက်သွယ်ရေးကွန်ရက်ကို ပြီးပြည့်စုံ အောင်ထောက်လှမ်းဖော်ထုတ် ပိတ်ဆို့နိုင်ခြင်းမရှိ တော့ချေ။ အလားတူ ဘာသာရေးနှင့်လူမှုရေးအမည်ခံ ပရဟိတရန်ပုံငွေများမှ အကြမ်းဖက်အုပ်စုများသို့ တိတ်တဆိတ်စီးဝင်သွားမှုများကိုလည်း ဖော်ထုတ် တားဆီးရန် ခက်ခဲသည်။ ကမ္ဘာအနှံ့၌ အင်တာနက်မှ တစ်ဆင့် အစွန်းရောက်ဂိုဏ်ဂဏ်ဘာသာရေးအယူအဆ များကို စိမ့်ဝင်နေအောင် မှိုင်းတိုက်ခံထားရသူများ ရှိနေ သကဲ့သို့ ဘာသာရေးနှင့်လူမှုရေးလွတ်လပ်ခွင့်များစွာ ရှိသည့် လစ်ဘရယ်နိုင်ငံများ၌ အစွန်းရောက်ဝါဒီ နိုင်ငံရေးခေါင်းဆောင်များ၏ တိုးတိုးတိတ်တိတ် စည်းရုံးခံထားရသူများလည်း ရှိသည်။ ဘာသာရေးအရ ထိပ်တိုက်တွေ့နေသည့် နိုင်ငံနှစ်ခုအကြား ဘာသာရေး အစွန်းရောက်အကြမ်းဖက်များကို လျှို့ဝှက်စွာ အားပေး ထောက်ပံ့၍ တစ်ဖက်နိုင်ငံ၌ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် စေလွှတ်မှုများလည်းရှိသည်။



မီဒီယာမှတစ်ဆင့် ကမ္ဘာကို ခြိမ်းခြောက်ပြခဲ့သည့် အိုင်အက်စ်တပ်ဖွဲ့များနှင့် ဓားစားခံများ

## နိုင်ငံတကာအကြမ်းဖက်မှုအန္တရာယ်များ

သို့ဖြစ်ရာ ဘာသာရေးအရ အစွန်းရောက်အတွေးအခေါ်များကို မှိုင်းတိုက်ခံထားရသူများရှိနေသမျှ ၎င်းတို့ကို နောက်ကွယ်မှ အကြောင်းအမျိုးမျိုးဖြင့် ထောက်ပံ့အားပေးနေသူများရှိနေသမျှ အကြမ်းဖက်မှုများ လုံးဝပျောက်ကွယ်သွားအောင် ဖယ်ရှားသုတ်သင်နိုင်မည်မဟုတ်ပေ။ တစ်နေရာတွင် ဖိအားပေးရှင်းလင်းလိုက်လျှင် ခေတ္တခဏကိုယ်ရောင်ဖျောက်ကာ အခြားသင့်လျော်သည့်နေရာတွင် လူသူစုစည်း၍ နာမည်အသစ်၊ အကြောင်းအရာအသစ်ဖြင့် နောက်သည်။ တောတောင်ထူထပ်၍ ခိုလှုံရန် ကျွန်းငယ်ပေါများသော မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တောင်ပိုင်းတြိဂံဒေသမှာလည်း အနည်းငယ်အလှမ်းဝေးသည့်တိုင် ပုန်းအောင်းခိုလှုံရန်အတွက် အုပ်ချုပ်ထောက်ပံ့မှုနှင့် နယ်မြေခံအဖွဲ့အစည်းတို့၏ အားပေးကူညီမှု အဆင်ပြေသောနေရာဖြစ်သည်။

သို့ဖြစ်ရာ လက်ရှိအခြေအနေတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အနေဖြင့် အရေးနိမ့်ပါးနေသည်ဟု ဆိုနိုင်သော်လည်း နောင်ကာလတွင် ယင်း၏ ကမ္ဘာလုံး



**အကြမ်းဖက်အန္တရာယ်ကို အစဉ်သတိပြုနေစေရန် သင်ခန်းစာပေးခဲ့သည့်**
**၉/၁၁ တိုက်ခိုက်ခံရမှုမြင်ကွင်း**

တစ်ဖွဲ့ပေါ်ထွက်လာဦးမည်သာဖြစ်သည်။ အိုင်အက်စ်အနေဖြင့် လက်ရှိအနေအထားတွင် အီရတ်နှင့် ဆီးရီးယားတို့၌ အင်ပြည့်အားပြည့် ရှိမနေနိုင်တော့သည့်တိုင် အမေရိကန်တို့ဖွဲ့စည်းထားသော ဆီးရီးယားလွတ်မြောက်ရေးတပ်ဖွဲ့တွင်းသို့ ပြန်လည်စိမ့်ဝင်လာနိုင်သကဲ့သို့ လစ်ဗျား၊ တူနီးရှား၊ နိုင်ဂျီးရီးယား၊ မာလီစသည့် အာဖရိကနိုင်ငံများသို့လည်းကောင်း၊ ကက်စပီယန်နှင့် ကော့ကေးဆပ်ဒေသသို့လည်းကောင်း အဖွဲ့ခွဲကာ သွားရောက်ခိုလှုံဖွယ်ရှိသည်။ ဥရောပနိုင်ငံများသို့လည်း ဒုက္ခသည်အသွင်ယူကာ တဖွဲ့ဖွဲ့စိမ့်ဝင်ကာ လူသစ်စုရုံး၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်ဆိုင်ရာရည်မှန်းချက်ကို တစ်နည်းနည်းဖြင့် ဖော်ဆောင်နိုင်ရန် ပြန်လည်ကြိုးပမ်းလာဦးမည်ဟု မှန်းဆရသည်။ မြန်မာနိုင်ငံ၏ အနောက်ဖျားဒေသမှာလည်း အကြမ်းဖက်လုပ်ငန်းများအတွက် ရေခံမြေခံ ကောင်းမွန်သောဒေသဖြစ်ရာ အကြမ်းဖက်အန္တရာယ်မှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားသင့်ကြောင်း သုံးသပ်တင်ပြရပေသည်။

**ကိုကိုလှိုင်**

# အပိုင်း (၃)

# ၂၀၁၇ ခုနှစ် ဖြစ်ရပ်များ

ဤအပိုင်းတွင် ၂၀၁၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို အက္ခရာစဉ်အတိုင်း သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကို ဗြိတိန်ဘုရင်မကြီးက လက်ခံတွေ့ဆုံစဉ်



၆၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဟော်ကီ) ပြိုင်ပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်စဉ်



ဇင်ဘာဘွေနိုင်ငံ၏သမ္မတရာထူးမှ
စွန့်လွှတ်လိုက်ရသည့်
မူဂါဘီ နှင့် သမ္မတကတော် ဂရေ့စ်

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)

## မြန်မာနှင့်နိုင်ငံတကာဖြစ်ရပ်များ

**ကာတာနိုင်ငံ။** ။ ကာတာနိုင်ငံသည် အာရှတိုက် အနောက်ပိုင်းတွင် တည်ရှိသည်။ မြေမျက်နှာ အနေ အထားအရ ခြောက်သွေ့သောသဲကန္တာရပါဝင်သည်။ နိုင်ငံ၏တောင်ဘက်တွင် ဆော်ဒီအာရေဗျနိုင်ငံနှင့် ထိစပ်နေပြီး ကျန်နယ်မြေများကို ပါရှန်ပင်လယ်ကွေ့က ဝိုင်းရံထားသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ၁၁,၅၈၁ စတုရန်းကီလိုမီတာရှိသည်။ ၂၀၁၆ ခုနှစ် စာရင်းများ အရ လူဦးရေ ၂ ဒသမ ၆ သန်းကျော် ရှိသည်။ မြို့တော်မှာ ဒိုဟာဖြစ်သည်။ ရုံးသုံးဘာသာစကားမှာ အာရေဗျဘာသာဖြစ်ပြီး အင်္ဂလိပ်ဘာသာကိုလည်း ပြောဆို ကြသည်။ အစ္စလာမ်ဘာသာကို အဓိကကိုးကွယ်သည်။

အော်တိုမန်အင်ပါယာ လက်အောက်ခံနယ်မြေ အဖြစ်မှ ၂၀ ရာစု အစောပိုင်းတွင် ဗြိတိသျှတို့၏အစောင့် အရှောက်ခံနယ်မြေဖြစ်ခဲ့သည်။ ၁၉၇၁ ခုနှစ်၌ ဗြိတိသျှ တို့ထံမှ လွတ်လပ်ရေးရရှိခဲ့၍ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် ကာတာနိုင်ငံလွတ်လပ်ရေးကို ကြေညာခဲ့ သည်။ အုပ်ချုပ်ရေးမှာ စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။ ကာတာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကြွယ်ဝ မှုကြောင့် ကမ္ဘာပေါ်တွင် တစ်ဦးချင်းဝင်ငွေ အမြင့်ဆုံး နိုင်ငံဖြစ်သည်။

**နိုင်ငံရေး-** အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အီဂျစ်နှင့်ဘာရိန်းနိုင်ငံတို့က ကာတာနိုင်ငံ၏ မူဝါဒများသည် ဒေသတစ်ခုလုံးကို ခြိမ်းခြောက်လျက် ရှိသည်ဟုစွပ်စွဲကာ ကာတာကို ဝိုင်းပယ်ခဲ့ကြသည်။ ကာတာနိုင်ငံက စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး ၎င်းကိုဝိုင်းပယ်ရန် ဆုံးဖြတ်ခြင်းသည် နိုင်ငံရေး စေ့ဆော်မှုသာဖြစ်သည်ဟု တုံ့ပြန်ပြောဆိုသည်။

ကာတာနိုင်ငံသည် အကြမ်းဖက်အုပ်စုများကို ငွေကြေးထောက်ပံ့နေသည်ဟု အာရပ်အိမ်နီးချင်း နိုင်ငံများကစွပ်စွဲပြီး လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းဆက်သွယ်ရေးအားလုံးကို ၂၀၁၇ ခုနှစ် မေလအတွင်းက စတင်ပိတ်ပင်လိုက်သည်။ ဇွန်လ ၅ ရက်ကစတင်၍ သံတမန်ဆက်ဆံရေးများ ဖြတ်တောက် လိုက်သည်။




**ကာတာနှင့်ပတ်ဝန်းကျင် နိုင်ငံများပြမြေပုံ**

ဒေသတွင်း အကျပ်အတည်းကြီးမားနေစဉ် ကာတာနိုင်ငံကို ကရုဏာသက်ကြောင်း ထုတ်ဖော် ပြောဆိုသူ မည်သူ့ကိုမဆို ထောင်ဒဏ် ၁၅ နှစ်အထိ ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ကြောင်း အာရပ်စော်ဘွားများ နိုင်ငံ (ယူအေအီး) က သတိပေးထားသည်။ အာရပ် နိုင်ငံများက ဆက်ဆံရေး ဖြတ်တောက်လိုက်သော်ငြား

၎င်းတို့၏ နိုင်ငံခြားရေးမူဝါဒတွင် အလျှော့မပေးနိုင်ကြောင်း ကာတာနိုင်ငံက သန္နိဋ္ဌာန်ချထားသည်။ အာရပ်နိုင်ငံများနှင့် ဆက်ဆံရေးတင်းမာမှုကို သံတမန်ရေးနည်းလမ်းဖြင့်ဖြေရှင်းရန် လိုလားကြောင်း၊ စစ်ရေးအရဖြေရှင်းမည်မဟုတ်ကြောင်း ကာတာနိုင်ငံခြားရေး ဝန်ကြီး



**ကာတာနိုင်ငံအပေါ် ထောက်ခံမှုပေးလျက်ရှိသည့် တူရကီသမ္မတနှင့်အတူ တွေ့ရသော ကာတာခေါင်းဆောင်ရှိတ်တာမင်ဘင်ဟာမက်အယ်လ်နီ**

ရှိတ်မိုဟာမက်ဘင်အဗ္ဗဒူရာမန် အယ်သာနီက ပြောကြားသည်။

ဒေသတွင်းနိုင်ငံများအနေဖြင့် အချင်းချင်းလက်တွဲဆောင်ရွက်ကြရန် အရေးကြီးသည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က တိုက်တွန်းကြောင်း အိမ်ဖြူတော်က ကြေညာသည်။

မည်သို့ဆိုစေကာမူ ပင်လယ်ကွေ့နိုင်ငံများအနေဖြင့် ကာတာနိုင်ငံအပေါ် တားမြစ်ပိတ်ဆို့မှုများကို လျှော့ချရမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးရတ်စ်တေလာဆင်က ပြောကြားလိုက်သည်။

ယင်းအခြေအနေတွင် တူရကီတပ်ဖွဲ့များကို ကာတာနိုင်ငံ၌ ဖြန့်ကြက် ထားရှိရေးကို တူရကီသမ္မတ စီတေယစ်အာဒိုဂန်က အတည်ပြုပြီးနောက် ကာတာနိုင်ငံအပေါ် ဆော်ဒီအာရေဗျ ဦးဆောင်သည့် ပိတ်ဆို့မှုများအားလုံးကို ဖယ်ရှားရန် မေတ္တာရပ်ခံလိုက်သည်။ ဆော်ဒီအာရေဗျအနေဖြင့် မလိုမုန်းတီးမှုထားခြင်းထက် ညီအစ်ကိုစိတ်ဓာတ်မွေးမြူရန်လိုအပ်ကြောင်း ပြောကြားသည်။ ကာတာနိုင်ငံကို အထီးကျန်ထားခြင်းဖြင့် ဒေသဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ပြဿနာကို အဆုံးသတ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းရန် ဆုံးဖြတ်ထားကြောင်းကိုလည်း အာဒိုဂန်က ပြောကြားသည်။

အာရပ်လေးနိုင်ငံက ကာတာနိုင်ငံအပေါ် တားမြစ်ပိတ်ဆို့မှုများ ဖယ်ရှားပေးရန်အတွက် အပြန်အလှန်အနေဖြင့် တောင်းဆိုသောအချက်များတွင် အချို့မှာ လိုက်လျောရန်ခက်ခဲလိမ့်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရတ်စ်တေလာဆင်က ဆိုသည်။ သို့သော် ယင်းအဆိုပြုတောင်းဆိုချက်များသည် ပြဿနာဖြေရှင်းရေးကို ဦးတည်စေမည့်ဆွေးနွေးမှုများအတွက် အခြေခံမှုတစ်ရပ်ကို အထောက်အကူဖြစ်စေသည်ဟု မစ္စတာတေလာဆင်က ပြောသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဆော်ဒီအာရေဗျနှင့် ၎င်း၏မိတ်ဖက်နိုင်ငံများက တောင်းဆိုသော အချက် ၁၃ ချက်ကို ကာတာနိုင်ငံက ပယ်ချခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံနေသည်ဟူသော စွပ်စွဲချက်ကိုလည်း ငြင်းဆိုလိုက်သည်။

ကာတာနိုင်ငံ အကျပ်အတည်းဖြေရှင်းရေးကို ဦးတည်ခြင်းမရှိပါက ပင်လယ်ကွေ့နိုင်ငံများသို့ လက်နက်များ ရောင်းချခွင့်ပေးခြင်းကို ထိန်းချုပ်ထားမည်ဖြစ်ကြောင်း အမေရိကန်ရှိ ဩဇာတိက္ကမကြီးမားသော အထက်လွှတ်တော်အမတ်တစ်ဦးက ပြောကြားသည်။

ကာတာနိုင်ငံအပေါ် တရားမဝင်ပိတ်ဆို့ခြင်းသည် အကြမ်းဖက်မှုကို တိုက်ဖျက်ရန်မဟုတ်ဘဲ ကာတာနိုင်ငံ၏ အချုပ်အခြာအာဏာကို ချုပ်ချယ်ကန့်သတ်ရန်ဖြစ်ကြောင်း ပင်လယ်ကွေ့နိုင်ငံများ၏ တောင်းဆိုချက်များက အတည်ပြုပေးနေသည်ဟု ကာတာအစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး လျူကျီရီက အာရပ်လေးနိုင်ငံနှင့် ပါရှန်ပင်လယ်ကွေ့ ကာတာနိုင်ငံတို့အကြား ဖြစ်ပေါ်နေသည့်ပြဿနာကို ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းမှာ ၎င်းနိုင်ငံများအကြား ဖြေရှင်းချက်တစ်ရပ်ရရှိသည်အထိ အတူတကွလုပ်ဆောင်သွားရန်သာဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်က ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်းဆိုမှုများအတွက် နောက်ဆုံးသတ်မှတ်ရက် ကုန်လွန်ခဲ့ပြီးနောက် ကာတာနိုင်ငံအပေါ် နောက်ထပ် ပိတ်ဆို့ အရေးယူမှုများပြုလုပ်ရန် အာရပ်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဇူလိုင် ၅ ရက်တွင် ကိုင်ရို၌ တွေ့ဆုံခဲ့ကြစဉ် ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှုကရီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရောဗ်နှင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများနိုင်ငံ၊ အီဂျစ်၊ ဘာရိန်းတို့နှင့်ကာတာတို့ သဘောထားကွဲလွဲမှုကို ဆွေးနွေးခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမက်အဘူဇိတ်က ပြောကြားသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သည့် နိုင်ငံများက ကာတာနိုင်ငံကို ဝိုင်းပယ်ထားသည်မှာ ခြောက်လနီးပါး ရှိနေသည့်တိုင် ၎င်းတို့အကြား ဆွေးနွေးပွဲများ မပြုလုပ်နိုင်သေးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင်က ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်တွင် ပြောဆိုသည်။ ဆွေးနွေးပွဲများကျင်းပရန် အဆင်သင့်မရှိသေးသည့် နိုင်ငံများအကြား မိမိတို့အနေဖြင့် အတင်းအကျပ်ဆွေးနွေးပွဲများ မပြုလုပ်စေလိုဟု တေလာဆင်က ဒိုဟာတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**စားနပ်ရိက္ခာထောက်ပံ့ခြင်း-** ကာတာနိုင်ငံ၌ အစားအစာ ပြတ်လပ်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများပေါ်ပေါက်လာချိန်တွင် အီရန်သည် စားသောက်ကုန်များပါရှိသည့် ကုန်တင်လေယာဉ် လေးစင်းကို ကာတာသို့ ပို့ဆောင်ခဲ့သည်။ သေးငယ်သည့် ကျွန်းဆွယ်နိုင်ငံတစ်ခုဖြစ်သည့် ကာတာသည် နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းသော အစားအစာလိုအပ်ချက်အတွက် အာရပ်ပင်လယ်ကွေ့ အိမ်နီးချင်းနိုင်ငံများအပေါ် အားထားနေရသည်ဖြစ်ရာ ယင်းနိုင်ငံများက ကုန်စည်တင်သွင်းမှုကို ဖြတ်တောက်လိုက်သည့်အတွက် အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။

**နိုင်ငံတကာဆက်ဆံရေး-** ကာတာနိုင်ငံနှင့် ပတ်သက်၍ ဆော်ဒီအာရေဗျနှင့်တူရကီနိုင်ငံတို့ မူဝါဒများ သဘောထားများ သိသိသာသာ ကွဲပြားခြားနားနေမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးမပြေမလည်ဖြစ်ကြရသည်။

ဒေသဆိုင်ရာအကျပ်အတည်းတွင် ကာတာနိုင်ငံအား အထီးကျန်ဖြစ်ရန် အာရပ်နိုင်ငံများ၏ ကြိုးပမ်းချက်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်တွင် ပြန်လည်စတင်လိုက်ပြီး ကာတာသံအမတ်ကိုလည်း အီရန်နိုင်ငံသို့ပြန်လည်စေလွှတ်ရန် ကတိပြုထားသည်။

အီရန်နိုင်ငံက ကာတာနိုင်ငံ၏ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပြီး ကာတာနိုင်ငံသို့အစားအစာများ ပို့ပေးကာ ကာတာလေကြောင်းပိုင်နက်တွင် လေယာဉ်များ ပိုမိုတိုးမြှင့်သုံးခွင့်ပြုရန် ခွင့်ပြုထားသည်။

အီရန်နိုင်ငံရှိ ဆော်ဒီသံအမတ်နှစ်ဦးကို တိုက်ခိုက်ခဲ့သည့် ထင်ရှားသော ရှီးယိုက်ဘာသာရေး ခေါင်းဆောင်တစ်ဦးကို ဆော်ဒီအာရေဗျနိုင်ငံက အဆုံးစီရင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်အစောပိုင်းမှစတင်၍ ကာတာနိုင်ငံသည် ၎င်း၏သံအမတ်ကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကာတာနိုင်ငံ၏ သံအမတ်မှာ အီရန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာတော့မည်ဟု ကာတာနိုင်ငံခြားရေးဝန်ကြီးက ဩဂုတ် ၂၄ ရက်၌ ကြေညာချက် ထုတ်ပြန်သည်။

တင်းမာမှုများကို အလျင်အမြန်လျှော့ချရန်နှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ဆော်ဒီအာရေဗျဘုရင်၊ ဘာရိန်းဘုရင်၊ ကာတာစော်ဘွားတို့ကို တိုက်တွန်းကြောင်း ၂၀၁၇ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် ဒေါင်းနင်းလမ်းမှ ထုတ်ပြန်သည်။

**စစ်ရေး -** ကာတာနိုင်ငံသည် နိုင်ငံကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံမှ အက်ဖ် - ၁၅ ဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် ဒေါ်လာ ၁၂ ဘီလျံတန်ဖိုးရှိ သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ်၊ ဇွန် ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန အကြီးအကဲ ဂျိမ်းစ်မာတစ်နှင့် ကာတာနိုင်ငံကာကွယ်ရေးဌာန အကြီးအကဲတို့သည် အဆိုပါလေယာဉ်ရောင်းချမှုကို ဝါရှင်တန်၌ အတည်ပြုခဲ့ကြခြင်း ဖြစ်သည်။

**သိန်းဝင်းဇော်**

**ကိုနီ၊ ဦး (၁၉၅၃-၂၀၁၇)**။ ။ ဦးကိုနီကို ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် အင်းရွာ၌ ဦးစုလ်တန်နှင့် ဒေါ်ခင်လှ (ခေါ်) ဒေါ်ဟလီမာတို့က မွေးဖွားခဲ့သည်။



**ဦးကိုနီ**

ငယ်စဉ်က စစ်ကိုင်းတိုင်း၊ ကသာမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အဆိုပါ အထက်တန်းကျောင်းမှပင် အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနတွင် ဆက်လက်ပညာသင်ယူခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် B.A(Law) ဘွဲ့ကိုလည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် LL.B (ဥပဒေဘွဲ့) ကိုလည်းကောင်း ရရှိခဲ့သည်။ ဥပဒေဘွဲ့ရရှိပြီးနောက် ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေဌာနတွင် အချိန်ပိုင်းနည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ဖက်တွင် ရှေ့နေကြီးဦးကိုယု၏ ရှေ့နေရုံးခန်းတွင် အလုပ်သင်ရှေ့နေအဖြစ်လည်းကောင်း၊ အထက်တန်းရှေ့နေအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အဝေးသင်တက္ကသိုလ်နည်းပြဆရာ အဖြစ်မှ အနားယူခဲ့ပြီး တရားရုံးချုပ်ရှေ့နေ၊ အမှုလိုက်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်မှစတင်၍ အလုပ်သင်ရှေ့နေများကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဥပဒေသင်တန်းများ၌ မေတ္တာဖြင့်ဟောပြောပို့ချမှုများကိုလည်း ပြုလုပ်ပေးခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် Laurel Law Firm ကို တရားဝင်မှတ်ပုံတင် တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ကွယ်လွန်ချိန်အထိ နှစ်ပေါင်း ၄၀ အတွင်း ရာဇဝတ်မှု ၉၀၀ ကျော်နှင့် တရားမမှု ၁၄၀၀ ကျော် လိုက်ပါဆောင်ရွက်ခဲ့သည်။

ဦးကိုနီသည် မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း ဖွဲ့စည်းရေးကိစ္စကို ဦးစီးဆောင်ရွက်ခဲ့ပြီး အသင်း၏အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးလည်းဖြစ်ကာ ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်း လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ဦးကိုနီသည် နိုင်ငံတကာ ရှေ့နေအသင်း၏ အသင်းဝင်တစ်ဦးလည်း ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အကြိုကာလမှ စတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲ၊ တရားဥပဒေစိုးမိုးရေး၊ မီဒီယာဥပဒေတို့နှင့်စပ်လျဉ်းပြီး ပညာပေးပို့ချမှုများဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ဝင်ရောက်ခဲ့ပြီး ဥပဒေရေးရာအကြံပေးကော်မတီအဖွဲ့ဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဗဟိုကော်မတီအဖွဲ့ဝင်၊ ဗဟိုဥပဒေအထောက်အကူပြု ကော်မတီအဖွဲ့ဝင် အစရှိသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဦးကိုနီသည် ဥပဒေဆိုင်ရာစာအုပ် ၆ အုပ်ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာအုပ်များမှာ **တရားခွင်မှတိုက်ပွဲများ (လက်ဗွေရှင်ဘယ်သူလဲ) (၂၀၁၀ ပြည့်နှစ်)၊ လာမည့်ရွေးကောက်ပွဲမှာ မဲဘယ်လိုပေးရမှာလဲ (၂၀၁၂ ခုနှစ်)၊ ဂျူန်ဆရာစံ ရာဇဝတ်တရားခံလားနှင့် တရားဥပဒေစိုးမိုးရေး ဆောင်းပါးများ (၂၀၁၂ ခုနှစ်)၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်ကြမှာလဲ (၂၀၁၃ ခုနှစ်)၊ PR ဆိုတာဘာလဲနှင့် ကင်တားနား၊ မြန်မာနိုင်ငံနှင့် ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ (၂၀၁၃ ခုနှစ်)၊ ဒီမိုကရက်တစ်ရွေးကောက်ပွဲများ၊ မဲလိမ်မှုများနှင့် ပြည်သူ့အခွင့်အရေး (၂၀၁၅ ခုနှစ်) တို့ကို ရေးသားထုတ်ဝေခဲ့ပြီး တစ်ပါတီအာဏာရှင်စနစ်ကြောက်လို့ . . PR လား၊ မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် ၁၉၈၂ နိုင်ငံသားဥပဒေစာအုပ်**တို့တွင် ပါဝင်ရေးသားခဲ့သည်။

ဦးကိုနီသည် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ

ဥပဒေပြင်ဆင်ရေးဆွဲရေးအပါအဝင် ဥပဒေရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး စင်ကာပူ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်၊ ဥရောပသမဂ္ဂ၊ နော်ဝေ၊ အင်ဒိုနီးရှား အစရှိသည့် နိုင်ငံများမှ ဖိတ်ကြားသောအစည်းအဝေးများ၊ ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ဦးကိုနီသည် ဂေါက်သီးရိုက်ပြိုင်ပွဲများ တွင် ဆုတံဆိပ်များလည်းရရှိခဲ့ပြီး မြန်မာဂေါက်သီးရိုက် အသင်းတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဂုဏ်ထူး ဆောင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်မှ (၂၉) ရက် အထိ အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သည့်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါဆွေးနွေးခဲ့သည်။ အဆိုပါခရီးစဉ်မှအပြန် ဇန်နဝါရီလ (၂၉) ရက်နေ့ ညနေ ၅ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်သမားတစ်ဦး၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်တင်တင်အေးနှင့် သမီး ၂ ဦး၊ သား ၁ ဦး ကျန်ရစ်သည်။

**အောင်ကျော်**

**၉ ကြိမ်မြောက်အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲ။** ။ ၉ ကြိမ်မြောက်အရှေ့တောင် အာရှ မသန်စွမ်းအားကစားပြိုင်ပွဲကို စက်တင်ဘာလ (၁၇) ရက်မှ (၂၃) ရက်ထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီအမျိုးသားအားကစားကွင်း၌ ကျင်းပရာ အရှေ့တောင်အာရှ ၁၁ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၆ မျိုး ထည့်သွင်းကျင်းပရာ မြန်မာနိုင်ငံက အားကစားနည်း ၁၂ မျိုး အတွက် မသန်စွမ်းအားကစားသမား ၁၂၀ ပါဝင် ယှဉ်ပြိုင်သည်။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်းများမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ မျက်မမြင် စစ်တုရင်၊ ခုနစ်ယောက် ဘောလုံး၊ Goal ball၊ အလေးမ၊ ရေကူး၊ ဘိုးလင်း၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက် ဘော်လီဘောနှင့် ဘတ်စကက်ဘောတို့ ဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ (၁၇) ရက် ညပိုင်းတွင် ဘူကစ်ဂျာလီအမျိုးသား အားကစားကွင်း၌ ကျင်းပသည်။ အမျိုးသားရေကူး ပြိုင်ပွဲများကို စက်တင်ဘာလ (၁၈) ရက် နံနက်ပိုင်းတွင် National Aquatic Center Bukit Jalil ရေကူးကန်၌ ကျင်းပရာ အမျိုးသားမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၌ အောင်မြင့်မြတ်က ရွှေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူး ပြိုင်ပွဲ၌ နိုင်စစ်အောင်က ရွှေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၌ အောင်ငြိမ်းဦးက ငွေတစ်ခု၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၌ ရဲထွန်းက ကြေးတစ်ခု၊ နန္ဒစိုးမင်းက ကြေးတစ်ခု၊ သံလုံးပစ်ပြိုင်ပွဲ၌ တင်ညိုက ကြေးတစ်ခု ရရှိကြသည်။

စက်တင်ဘာလ (၁၉) ရက်တွင် အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၌ အောင်မြင့်မြတ်က ရွှေတစ်ခု၊ အောင်ငြိမ်းဦးက ကြေးတစ်ခု ရရှိသည်။ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ နိုင်စစ်အောင်က ရွှေတစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ အောင်ဖုန်းက ရွှေတစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲ၌ စိုးဝင်းက ငွေတစ်ခု၊ မီတာ ၅၀ လိပ်ပြာကူး ပြိုင်ပွဲ၌ မောင်မောင်စိုးက ငွေတစ်ခု၊ မီတာ ၅၀ လိပ်ပြာ ကူးပြိုင်ပွဲ၌ ကျော်ထူးက ငွေတစ်ခု၊ မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ရဲထွန်းက ကြေးတစ်ခု၊ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ နန္ဒစိုးမင်းက ကြေးတစ်ခု၊ လှံတံပစ်ပြိုင်ပွဲ၌ တင်ညိုက ရွှေတစ်ခု၊ သံလုံးပစ် ပြိုင်ပွဲ၌ အောင်ဖုန်းမြတ်က ငွေတစ်ခု၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ကျော်ကျော်ဝင်းက ငွေတစ်ခု၊ မီတာ ၂၀၀ အပြေး ပြိုင်ပွဲ၌ မနန္ဒာလင်းက ကြေးတစ်ခု ရရှိကြသည်။

စက်တင်ဘာလ (၂၀) ရက်တွင် ရေကူးမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ အောင်မြင့်မြတ်က ရွှေတစ်ခု၊ သံလုံးပစ်ပြိုင်ပွဲ၌ အောင်ခွန်က ရွှေတစ်ခု၊ အလေးမ ၇၉ ကီလိုတန်းပြိုင်ပွဲ၌ မငြိမ်းစန္ဒာအောင်က ငွေတစ်ခု၊ အမျိုးသားအသင်းလိုက်စစ်တုရင် B1 ပြိုင်ပွဲ၌ မြန်မာ အသင်းက ငွေတစ်ခု၊ လှံတံပစ်ပြိုင်ပွဲ၌ စိုးသန်းက ကြေးတစ်ခု၊ သံပြားပစ်ပြိုင်ပွဲ၌ တင်ညိုက ကြေးတစ်ခု၊

မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ နန္ဒစိုးမင်းက ကြေးတစ်ခု ရရှိကြသည်။

စက်တင်ဘာလ (၂၁) ရက်တွင် အမျိုးသား သံလုံးပစ် F44 ပြိုင်ပွဲ၌ မျိုးဆွေက ရွှေတစ်ခု၊ အမျိုးသမီး မီတာ ၄၀၀ T 47 ပြိုင်ပွဲ၌ မနန္ဒလင်းက ငွေတစ်ခု၊ ရေကူး မီတာ ၅၀ အလွတ်ကူး S 10 ပြိုင်ပွဲ၌ အောင်ဖုန်းက ငွေတစ်ခု၊ အမျိုးသမီး သံပြားပစ် F 55 ပြိုင်ပွဲ၌ ထက်ထက်အေးက ငွေတစ်ခု ရရှိကြသည်။

စက်တင်ဘာလ (၂၂) ရက်တွင် ထိုင်လျက် ဘော်လီဘောပြိုင်ပွဲ၌ မြန်မာထိုင်လျက် ဘော်လီဘော အသင်းက ကမ္ဘောဒီးယားထိုင်လျက် ဘော်လီဘော အသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရကာ ရွှေတစ်ခု ရရှိသည်။ ရေကူးမီတာ ၂၀၀ အစုံကူးဆေးအဆင့် SM 6 ပြိုင်ပွဲ၌ နိုင်စစ်အောင်က ရွှေတစ်ခု၊ ကျော်ထူးက ငွေတစ်ခု ရရှိသည်။ ဆေးအဆင့် SM 10 ပြိုင်ပွဲ၌ အောင်ဖုန်းက ငွေတစ်ခု ရရှိသည်။ သံလုံးပစ်ဆေး အဆင့် F 55 ပြိုင်ပွဲ၌ ထက်ထက်အေးက ငွေတစ်ခု ရရှိသည်။ ပြေးခုန်ပစ်မီတာ ၂၀၀ ဆေးအဆင့် T 42/ 43/44 ပြိုင်ပွဲ ၌ ကျော်ကျော်ဝင်းက ငွေတစ်ခုရရှိသည်။

စက်တင်ဘာလ (၂၃) ရက်တွင် အမျိုးသား စားပွဲတင်တင်းနစ် တစ်ဦးချင်းပြိုင်ပွဲ၌ စောဖောထူးက ကြေးတစ်ခုရရှိသည်။ ပြိုင်ပွဲပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့က ရေကူးပြိုင်ပွဲမှ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ ပြေးခုန်ပစ်ပြိုင်ပွဲမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊ ထိုင်လျက် ဘောလီဘောပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ စစ်တုရင် ပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်ခြောက်ခု၊ အလေးမ ပြိုင်ပွဲမှ ငွေတံဆိပ် တစ်ခု၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုဖြင့် နိုင်ငံ အလိုက် အဆင့် ၆ တွင် ရပ်တည် လျက်ရှိသည်။ ၉ ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်း အားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ရွှေတံဆိပ် ၁၂၆ ခု၊ ငွေတံဆိပ် ၇၅ ခု၊ ကြေးတံဆိပ် ၅၀ ဖြင့် ပထမ ရရှိသည်။

**စိုးအောင်**

## ကြားဖြတ်ရွေးကောက်ပွဲ (၂၀၁၇) ။ ။

၂၀၁၇ ခုနှစ်၊ ဧပြီလ (၁) ရက်တွင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးနေရာ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် သုံးနေရာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်နေရာ စုစုပေါင်း ၁၉ နေရာအတွက် နိုင်ငံရေးပါတီ ၂၄ ပါတီမှ ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၉၄ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



### ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာစဉ်

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဧပြီလ (၂) ရက် နံနက် (၉) နာရီမှ စတင်၍ ထုတ်ပြန်ကြေညာရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်သုံးဦးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်အမျိုးသားပါတီက ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ လူမျိုးပေါင်းစုံ

ဒီမိုကရေစီပါတီ (ကယားပြည်နယ်) က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ရွေးချယ်ခံရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၄ နာရီ မိနစ် ၅၀ တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ကြားဖြတ်ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းငါးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ၉၉,၆၃၁ ဦးအနက် ၄၁,၅၀၄ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသော ဆန္ဒမဲ ၄၀,၃၂၀ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးနေကျော်က ဆန္ဒမဲပေါင်း ၂၇,၃၅၇ မဲ (၆၇ ဒသမ ၈၅ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ရှစ်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၇၈,၅၁၆ ဦးအနက် ၄၆,၄၁၈ ဦးတို့ လာရောက်ဆန္ဒမဲပေးရာ ခိုင်လုံသောဆန္ဒမဲ ၄၄,၉၈၉ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းမင်းက ဆန္ဒမဲပေါင်း ၃၁,၃၆၉ မဲ (၆၉ ဒသမ ၇၃ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၉,၈၀၇ ဦးအနက် ၂၆,၂၅၀ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၅,၂၇၁ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးမြစိန်က ဆန္ဒမဲပေါင်း ၁၅,၇၅၆ မဲ (၆၂ ဒသမ ၃၅ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်းကိုးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄,၆၉၈ ဦးအနက် ၅၆,၁၄၁ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၅၄,၃၄၈ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးကျော်ဆွေဝင်း (ခ) ဦးအာလူးက ဆန္ဒမဲပေါင်း ၃၈,၀၂၈ မဲ (၆၉ ဒသမ ၉၇ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၅၀,၀၄၀ ဦးအနက် ၁၁၉,၂၇၂ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၁၁၇,၄၂၈ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးညွန့်အောင်က ဆန္ဒမဲပေါင်း ၉၅,၉၂၃ မဲ (၈၁ ဒသမ ၆၉ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၂၆,၂၂၅ ဦးအနက် ၄၈,၅၃၅ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၄၇,၁၆၇ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်ကြည်သိန်း က ဆန္ဒမဲပေါင်း ၁၉,၆၆၇ မဲ (၄၁ ဒသမ ၇၀ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၆,၀၈၆ ဦးအနက် ၄၆,၆၆၉ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၄၄,၃၀၄ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်က ဆန္ဒမဲပေါင်း ၂၁,၇၉၄ မဲ (၄၉ ဒသမ ၁၉ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦး


က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃,၉၆၄ ဦးအနက် ၂၁,၁၀၉ တို့ လာရောက်ဆန္ဒမဲ ပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၁၇,၇၅၈ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းဝင်းအေး (ခ) စိုင်းထွန်းအေးက ဆန္ဒမဲပေါင်း ၁၀,၂၁၆ မဲ (၅၇ ဒသမ ၅၃ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသောဆန္ဒမဲ ၂၄,၅၂၁ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းအောင်ကျော်က ဆန္ဒမဲပေါင်း ၁၈,၈၈၂ မဲ (၇၇ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၃) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၈,၀၂၇ ဦးအနက် ၂၁,၁၂၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၀,၆၇၄ မဲ ရရှိသည်။ ၎င်းတို့အနက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဘွဲ့ခိန်းက ဆန္ဒမဲပေါင်း ၉,၂၄၂ မဲ (၄၄ ဒသမ ၇၀ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၄) အတွက် ကိုယ်စားလှယ်လောင်းခြောက်ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၂၀,၃၃၈ ဦးအနက် ၁၂၉,၁၈၇ ဦးတို့ လာရောက်ဆန္ဒမဲ ပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၁၂၃,၉၆၀ မဲ ရရှိသည်။ ၎င်းတို့အနက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်စန်းစန်းမြင့်က ဆန္ဒမဲပေါင်း ၇၁,၀၄၂ မဲ (၅၇ ဒသမ ၃၁ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၆) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၄၃,၆၀၀ ဦးအနက် ၉၃,၂၇၉ ဦးတို့



**၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန် မဲလက်မှတ် ထုတ်ယူနေသည့် ပြည်သူတစ်ဦးကို တွေ့ရစဉ်**

လာရောက် ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၉၂,၁၆၁ မဲ ရရှိသည်။ ၎င်းတို့အနက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါက်တာမောင်မောင်က ဆန္ဒမဲပေါင်း ၇၅,၂၉၉ မဲ (၈၁ ဒသမ ၇၀ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ကယားပြည်နယ် ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ၌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း သုံးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉,၅၇၀ ဦးအနက် ၆,၇၁၀ တို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၆,၂၈၆ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) မှ ဦးသဲရယ်က ဆန္ဒမဲပေါင်း ၃,၃၅၁ မဲ (၅၃ ဒသမ ၃၁ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ၌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အတွက် ကိုယ်စားလှယ်လောင်း သုံးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂,၇၀၅ ဦးအနက် ၃၅,၀၇၇ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၃၃,၆၄၀ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ဝင်းက ဆန္ဒမဲပေါင်း

၁၇,၂၀၄ မဲ (၅၁ ဒသမ ၁၄ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၌ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၅၆,၁၃၆ ဦးအနက် ၂၂,၇၆၂ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၂၀,၆၂၈ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးရှာမွေလရှဲန်က ဆန္ဒမဲပေါင်း ၇,၀၂၆ မဲ (၃၄ ဒသမ ၁၆ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) အတွက် ကိုယ်စားလှယ်လောင်း လေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄,၀၀၈ ဦးအနက် ၁၀,၇၆၅ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၈,၂၃၆ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းလင်းမြတ်က ဆန္ဒမဲပေါင်း ၄,၇၆၄ မဲ (၅၇ ဒသမ ၈၄ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၌ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၉,၉၅၆ ဦးအနက် ၁၀,၃၄၄ ဦးတို့ လာရောက်ဆန္ဒမဲပေးကြရာ ခိုင်လုံသောဆန္ဒမဲ ၈,၆၀၅ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်နန်းကောင်ခမ်းက ဆန္ဒမဲပေါင်း ၅,၇၅၃ မဲ (၆၆ ဒသမ ၈၆ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။ ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) အတွက် ကိုယ်စားလှယ်လောင်းလေးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသော ဆန္ဒမဲ ၁၃,၄၀၆ မဲရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စိုင်းစံမိုင်းက ဆန္ဒမဲပေါင်း ၁၁,၅၄၂ မဲ (၈၆ ဒသမ ၁၀ ရာခိုင်နှုန်း) ဖြင့် ရွေးချယ် ခံရသည်။

ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) အတွက် ကိုယ်စားလှယ်လောင်း ငါးဦးက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ခိုင်လုံသောဆန္ဒမဲ ၁၁,၈၃၆ မဲ ရရှိသည်။ ၎င်းတို့အနက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဦးခင်မောင်ညွန့်က ဆန္ဒမဲပေါင်း ၇,၈၃၂ မဲ (၆၆ ဒသမ ၁၇ ရာခိုင်နှုန်း) ဖြင့် ရွေးချယ်ခံရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်သူများနှင့် ပါဝင်ဆောင်ရွက်ကြသူများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**စိုးအောင်**

## ကမ္ဘာ့ငြိမ်းချမ်းရေးဘာသာပေါင်းစုံညီလာခံ။ ။

မြတ်ဗုဒ္ဓသည် မိမိရှာဖွေတွေ့ရှိခဲ့သော သစ္စဓမ္မနှင့် သန္တိသုခကို သတ္တဝါများ သိရှိခံစားနိုင်ရန် စစ်မှန်သော ငြိမ်းချမ်းနည်းဖြင့် အမှန်တကယ်ငြိမ်းချမ်းမှုရရှိစေရန် မဇ္ဈိမပဋိပဒါနည်းကျ မဂ္ဂင်လမ်းကို ညွှန်ပြတော်မူခဲ့၏။ ယနေ့ ခေတ်သစ်လူသားတို့ ရှာဖွေနေသော ပြဿနာပေါင်းများစွာဖြေရှင်းနည်းနှင့် သံသယအတားအဆီးကြီးကျော်ဖြတ်နည်းအဖြေကို အတိအကျ ပါရှိကြောင်း မြတ်ဗုဒ္ဓ၏ ဓမ္မစာပေများတွင် တွေ့နိုင်ပေသည်။

**ဘာသာပေါင်းစုံပါဝင်မှုနှင့် နေရာရွေးချယ်မှု-** မြတ်ဗုဒ္ဓ၏ တရားတော်အခြေပြု ဗုဒ္ဓဘာသာ၌ ယင်းပြဿနာဖြေရှင်းနည်း၊ အတားအဆီးကျော်ဖြတ်နည်းများရှိသော်လည်း ဤကမ္ဘာလောကကြီးတစ်ခုလုံး ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးအတွက် ဦးတည်ချက်ထားသဖြင့် ယင်းဦးတည်ချက်ကို ဗုဒ္ဓဘာသာတစ်ခုတည်းဖြင့် မည်သို့မျှအကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။ တစ်ကမ္ဘာလုံးတွင်ရှိသော ဘာသာပေါင်းစုံ၏အားကို ယူဖို့လိုအပ်သည့်အလျောက် ဘာသာပေါင်းစုံပါဝင်သော ညီလာခံကြီးဖြစ်မြောက်ရေး

စည်းရုံးဆောင်ရွက်ခဲ့ခြင်း ဖြစ်၏။ “ကမ္ဘာ့ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံ ညီလာခံ” ဟု ညီလာခံ၏ အမည်နာမဝေါဟာရကို သုံးနှုန်းရခြင်းဖြစ်၏။

ဤညီလာခံကြီးကို သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုအဖွဲ့၊ အိန္ဒိယနိုင်ငံအပြည်ပြည်ဆိုင်ရာ ဝိဝေကာနန္ဒဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့က ဂျပန်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ကမ္ဘာ့နိုင်ငံပေါင်း (၃၀) တို့မှ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊

ကာ စည်းရုံးသိမ်းသွင်းခဲ့၏။ စည်းလုံးညီညွတ်မှုတွင် မပါဝင်ဘဲ ပုန်ကန်သူများကိုလည်း မိမိနောက်ပါ တိုင်းသားပြည်သူ ရဟန်းရှင်လူများ၏ လက်ရုံးရည်နှလုံးရည် စွမ်းအားဖြင့် စုစည်းနိုင်ခဲ့၏။ ရန်သူအပေါင်းတို့ကို အောင်မြင်ရာ အခြေပြုသည့်မြေကိုလည်း ရန်ကုန်ဟု အမည်သတ်မှတ် သမုတ်အပ်ခဲ့ပေ၏။ ဤကမ္ဘာ့ငြိမ်းချမ်းရေးဘာသာပေါင်းစုံ ညီလာခံကြီးကို သီတဂူကမ္ဘာ့တက္ကသိုလ်တည်ရှိရာ ရန်ကုန်မြို့၌ ကျင်းပခြင်းသည် ဤကဲ့သို့လေးနက်သောအဓိပ္ပာယ်ကို ဖော်ဆောင်ပေ၏။




**ကမ္ဘာ့ငြိမ်းချမ်းရေးဘာသာပေါင်းစုံညီလာခံ၌**
**သီတဂူဆရာတော်ဘဒ္ဒန္တရှင်ဉာဏိဿရအဖွင့်ဩဝါဒစကားမြွက်ကြားစဉ်**

ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဆစ်ခ်ဘာသာနှင့်ဂျိန်းဘာသာ ခေါင်းဆောင်အသီးသီးနှင့် ကျွမ်းကျင်သူပညာရှင် (၁၀၀) ကျော်တို့အင်အားဖြင့် ကျင်းပခဲ့ခြင်းဖြစ်သော်လည်း အခြားနိုင်ငံ၊ အခြားအဖွဲ့အစည်းများတည်ရှိရာ အခြားမြို့တို့၌မကျင်းပဘဲ သီတဂူဗုဒ္ဓတက္ကသိုလ်တည်ရှိရာ ရန်ကုန်မြို့၌ ကျင်းပခြင်းသည် လေးနက်သော အဓိပ္ပာယ်ကို ဆောင်၏။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် အစိတ်စိတ်အမြွာမြွာကွဲနေသော မြန်မာနိုင်ငံတော်ကြီးကို တစ်စည်းတစ်လုံးတည်းဖြစ်စေရန် ကြိုးပမ်းအားထုတ်ခဲ့၏။ နောင်တွင် ရန်ကုန်ဖြစ်လာမည့် ဒဂုံမြေကိုအခြေပြု၍တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်

**ညီလာခံအတွင်း မိန့်ကြားခြင်းများ** - ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၅) ရက်၊ (၆) ရက်တို့တွင် ကျင်းပခဲ့သည့် ညီလာခံတွင် သီတဂူဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရှင်ဉာဏိဿရက ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း မိန့်ကြားရာတွင် ကိုးကွယ်ရာဘာသာတရားအားလုံး၏ ရည်ရွယ်ချက်မှာ လူသားအားလုံးတို့၏ ဘဝတည်ငြိမ်ရေး၊ လုံခြုံရေးနှင့်ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ မျက်မှောက်ကမ္ဘာကြီးတွင် လူသားအများစုဟာ ငြိမ်းချမ်းရေးလည်း မရ၊ လုံခြုံမှုလည်း မရှိ၊ တည်ငြိမ်မှုလည်း မရှိ၊ အမျိုးမျိုးသော နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများကြောင့် ကမ္ဘာကြီးတွင် ချောင်းမြောင်း လုပ်ကြံမှု၊ ဆူပူသောင်းကျန်းမှု၊ နယ်မြေ

ကျူးကျော်မှု စသည်တို့ဖြင့် တုန်လှုပ်ချောက်ချားလျက် ရှိကြောင်း၊ အဆိုပါ အနိဋ္ဌာရုံ အားလုံးတို့၏ အရင်း အမြစ်မှာ ယနေ့နိုင်ငံတိုင်း၊ ဘာသာတိုင်းတွင် ကိုးကွယ်ရာ ဘာသာမဲ့အရေအတွက်များ တစ်နေ့တခြား တိုးပွားလာခြင်းကြောင့်ဟု ယုံကြည်ကြောင်း၊ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များအတွက် အရေးကြီးဆုံး လုပ်ဆောင်ရမည့်အရာမှာ မိမိတို့သက်ဆိုင်ရာ ဘာသာဝင်များအနေနဲ့ ဘာသာတရား၏ အနှစ်သာရကို နားလည်သဘောပေါက်ပြီး အမှန်တကယ် လိုက်နာ ကျင့်သုံးတတ်အောင် သင်ကြားပေးဖို့ပင်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်တွေ အားလုံး မတူညီသော၊ ကွဲပြားသောအကြောင်းအရာများကို ဘေးဖယ်ထား၍ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး ဟူသော တူညီသောလမ်းပေါ်တွင် လက်တွဲလျှောက် လှမ်းကြပါစို့ဟု အဓိဋ္ဌာန်ပြုအပ်ပါကြောင်း ထည့်သွင်း မိန့်ကြားတော်မူခဲ့၏။

အဆိုပါညီလာခံတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် သျှရီနာရိန္ဒရာမိုဒီ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့က ညီလာခံဖွင့်ပွဲသို့ ဗီဒီယိုဖြင့် သဝဏ်လွှာ များပေးပို့ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသူရဦးအောင်ကို၊ အမျိုးသားလုံခြုံရေး အကြံပေး ပုဂ္ဂိုလ် ဦးသောင်းထွန်း၊ အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒက်ရှ် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Shri Ram Naik၊ ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Nobuo Kishi တို့က ညီလာခံအဖွင့်မိန့်ခွန်းများ ပြောကြားခဲ့ကြ၏။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ အဖွင့် မိန့်ခွန်းတွင် ကိုးကွယ်ရာဘာသာတိုင်း အပြိုင်ဖြစ်သော နည်းလမ်း ၂ မျိုးဖြင့် ကမ္ဘာပေါ်တွင် အကောင်းတကာ့ အကောင်းဆုံးတို့ကို သင်ကြားပြသပေးပါကြောင်း၊ တစ်နည်းမှာ ကောင်းမွန်ပြည့်စုံသော ဘဝနေနည်းသင်ကြား ပေးခြင်း အယူအဆသဘောတရားဖြစ်ပြီး အခြား တစ်နည်းမှာ ထိုသဘောတရားအယူအဆနှင့်အညီ လက်တွေ့ကျကျ ကျင့်ဆောင်အားထုတ်ခြင်း ဖြစ်ပါကြောင်း၊ အကျိုးဆက်အနေဖြင့် ယဉ်ကျေးသိမ်မွေ့၍ အကျင့် သိက္ခာမြင့်မားသော လူမှုအသိုင်းအဝိုင်းများ ပေါ်လွင် ထင်ရှားလာခဲ့ကြောင်း၊ အချို့တာဝန်ရှိ ဘာသာဝင်များ မှာ ၎င်းတို့ဘာသာတရားက ညွှန်ပြသောမူရင်း ဒေသနာ သင်ကြားချက်များကို ထပ်ဆင့်သင်ကြားပေးရန် စိတ်မဝင်စားတော့ကြောင်း၊ အချို့ဆိုလျှင် ဘာသာအမည် ခံယူပြီး မရိုးသားသော အတုအယောင်ဘာသာရေး သင်ကြားချက်များဖြင့် ၎င်းဘာသာဝင်များကို လမ်းမှား သို့ ပို့ဆောင်ကြကြောင်း၊ ဤနည်းအားဖြင့် ဘာသာဝင် အများစုမှာ ၎င်းတို့၏ဘာသာရေးကျောင်းများနှင့် ကင်းကွာလာပြီး တဖြည်းဖြည်း ၎င်းတို့၏ဘာသာအပေါ် မှာ ယုံကြည်ချက်ကင်းမဲ့လာကြောင်း၊ အကျိုးဆက်မှာ ဘုရားမဲ့ဝါဒီများ၊ ဘာသာမဲ့များ၊ မယုံကြည်သူများ၊ အဓိကကိုးကွယ်မှုဘာသာမှ အခြားအယူဝါဒ သက်ဝင်သူ ဗာဟိရဝါဒီများ၊ မိစ္ဆာဒိဋ္ဌိများမှာ ယခင်ကာလများထက် အရေအတွက်အားဖြင့် ပို၍ပို၍ ကြီးထွားလာခြင်း ဖြစ်ကြောင်း၊ အခြေခံကိုယ်ကျင့်စာရိတ္တများနှင့် ပြည့်စုံ စေပြီး ဘာသာဝင်များကို သင်ကြားပေးခြင်း၊ လက်တွေ့ ကျင့်သုံးစေခြင်းတို့ကို ဦးဆောင်လမ်းပြပေးရမည် ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့၏။

## ထုတ်ပြန်ကြေညာချက်

ညီလာခံကျင်းပသည့် ၂ ရက်တာကာလအတွင်း တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသီများက ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် လုံခြုံရေးဆိုင်ရာစာတမ်းများ ဖတ်ကြား တင်သွင်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ် ခဲ့ကြ၏။ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် သုတေသီ များသည် ညီလာခံတွင် တက်ကြွစွာပါဝင် ဆွေးနွေးခဲ့ကြ ပြီး (၆-၈-၂၀၁၇) ရက်တွင် အောက်ပါအချက်များကို တညီတညွတ်တည်း သဘောတူထုတ်ပြန်ကြေညာခဲ့ကြ၏-

(၁) ကမ္ဘာ့ပြည်သူအပေါင်း စိုးရွံ့ထိတ်လန့်မှု ကင်းရှင်း စွာ အတူတကွလက်တွဲပူးပေါင်း ဆောင်ရွက် ခြင်းဖြင့် ဘဝလုံခြုံမှုအာမခံချက် အပြည့်အဝ ရှိနိုင်မည့် ညီညွတ်သည့် လူမှုဘဝဖန်တီး ဖော်ဆောင်သွားမည်။

(၂) ဘာသာရေးကိုခုတုံးလုပ်လျက် အမုန်းစကား ပြောကြားခြင်း၊ မဟုတ်မမှန်ဝါဒဖြန့်ခြင်း၊

ယင်းတို့အပေါ် အခြေတည်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ စစ်မက်ဖြစ်ပွားခြင်းမှန်သမျှကို လည်းကောင်း၊ ယင်းလုပ်ရပ်များအတွက် ထောက်ပံ့ကူညီသူများကိုလည်းကောင်း ပြင်းထန်စွာပြစ်တင်ရှုတ်ချသည်။

(၃) ကမ္ဘာပေါ်ရှိ ဘာသာရေးခေါင်းဆောင်များအားလုံး ဘာသာတရား၏ အဆုံးအမများကို လိုက်နာခံယူပြီး ညီညွတ်သောလူ့ဘောင်ဘဝ တည်ဆောက်သူများအဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပိုမိုတိုးတက်ခိုင်မာစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြမည်။

(၄) မတူကွဲပြားသည့် ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းလုံခြုံသည့် သာယာသောလူ့ဘောင်ဘဝ တည်ဆောက်သွားရန် လိုအပ်သည်။

(၅) အခြားကိုးကွယ်ရာများ၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမပြုရေးကို ထိန်းသိမ်းဆောင်ရွက်ပြီး ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်။

(၆) လူသားထု ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် များစွာနောက်ကျခြင်းမဖြစ်မီ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးကို ဘာသာပေါင်းစုံ၏ အမွေခံတာဝန်ဝတ္တရားအဖြစ် ဆောင်ရွက်သွားကြမည်။

(၇) ဘာသာပေါင်းစုံ ညီလာခံ (SAMVAD II) သို့ တက်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံမှ ဘာသာရေးခေါင်းဆောင်များက ကိုးကွယ်ရာဘာသာများအကြား ညီညွတ်ချစ်ကြည်မှုရရှိစေရေးအတွက် လိုအပ်ပါက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်မှ စတင်၍ (၄) လ တစ်ကြိမ် တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်ကြသည်။

(၈) သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအသိစိတ်ဓာတ် တိုးမြှင့်မှုအစီအစဉ်များကို စုပေါင်းချမှတ်ပြီး လက်တွေ့ဆောင်ရွက်သွားမည်။

(၉) အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတိုးမြှင့်ရေးအတွက် ဘာသာပေါင်းစုံတရားစခန်း (Meditation Camp) တစ်ခု ဖွဲ့စည်းတည်ထောင်သွားမည်။

(၁၀) ဘာသာအသီးသီး၏လမ်းစဉ်နှင့် အစဉ်အလာများကို တန်းတူညီမျှစွာ အသိအမှတ်ပြုရမည်။

ညီလာခံကြီးသို့ တက်ရောက်လာကြသည့် ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၊ ကမ္ဘာပေါ်ရှိ ဘာသာဝင်များအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ကိုယ်ချင်းစာတရားထားမှု၊ ယုံကြည်မှုတည်ဆောက်နိုင်ကြပြီး ငြိမ်းချမ်းလုံခြုံသည့် သာယာသောလူ့ဘောင်လောကကြီးကို ထူထောင်နိုင်သည်နှင့်အမျှ ဤညီလာခံကြီးက ချမှတ်ခဲ့သောကြေညာချက်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အမျှ ဤကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာရှိလိမ့်မည်ဟု ယုံကြည်မိပေသည်။

**ပထမကျော်ဦးစံသင်းလှိုင်**

# ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ

## ရဟန်းတော်များ

**ကလျာဏ၊ ဘဒ္ဒန္တ**

သက်တော် ၁၀၀၊ သိက္ခာတော် ၈၀ ဝါ

နိုင်ငံတော်သြဝါဒါစရိယ၊ ဘုရားနီမြတ်စွာဘုရားနှင့် ရတနာမဉ္ဇူမြတ်စွာဘုရား ဂေါပကအဖွဲ့တို့၏ သြဝါဒါစရိယ၊ မန္တလေးအောင်မြေသာစံမြို့နယ် ရွှေဒါးပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက

(၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ကဝိန္ဒ၊ ဘဒ္ဒန္တ**

သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၆၀

မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာ

စရိယ၊ L.L.B ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ စစ်ကိုင်းမြို့ မဟာသိမ်တော်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ကုသလ၊ ဘဒ္ဒန္တ**
သက်တော် ၇၁ နှစ်၊ သိက္ခာတော် ၅၀
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ပြည်မြို့ မင်းဖူးပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ကေသရိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပြည်နယ်ဝိနည်းဓိုရ်၊ သာသနာ့ဇောတိကဓမ္မာစရိယ၊ ဘီအေ၊ သံတွဲမြို့နယ် ကင်းမော်ကျေးရွာ ဓမ္မာရက္ခိတ(ရွာလယ်)ကျောင်း ပဓာန နာယက
(၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ကောဝိဒသာရ၊ ဘဒ္ဒန္တ**
သက်တော် ၆၆ နှစ်၊ သိက္ခာတော် ၄၆ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ၊ မန္တလေး အောင်မြေသာစံမြို့နယ် ချမ်းသာကြီးမြောက်တိုက် သီရိမာလာကျောင်း ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ကဆုန်လကွယ်နေ့တွင် ပျံလွန်တော်မူသည်။)

**ကောဝိဒါဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၃ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပဋ္ဌနိကာယဏ္ဏဝ-ပိဋကတ္တယပါရဂူ၊ စေတိယင်္ဂဏ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပဲခူးမြို့ သာသနာ့လင်းရောင်ကြည် စာသင်တိုက်နှင့် ခင်ဦးမြို့နယ် မူးသာကျေးရွာ ဥတ္တရာရုံကျောင်း၊ ကုန်းကျောင်းရေထွက်စေတီကျောင်းတို့၏ ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

**ခေမာဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မဝိနယနူလောမ မူလဒွါရ၊ ရမ်းဗြဲမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ် မဟာစေတီတိုက် ရန်ကုန်ကျောင်း ဆရာတော်
(၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဂဏသေဋ္ဌ၊ ဘဒ္ဒန္တ**
သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၈ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယ သာသနာပိုင်၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့ဆုတောင်းပြည့်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါဆိုလကွယ်နေ့တွင် ပျံလွန်တော်မူသည်။)

**စန္ဒဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း ဒုတိယဂိုဏ်းချုပ် ဆရာတော်၊ ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက် တိုက်အုပ်ဆရာတော်
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၅) ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒာလင်္ကာရ၊ ဘဒ္ဒန္တ**
သက်တော် ၇၄ နှစ်၊ သိက္ခာတော် ၅၃ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ ဂိုဏ်းလုံးဝန်ဆောင်၊ စစ်တွေမြို့နယ် ကြက်ကိုင်းတန်ကျေးရွာ စန္ဒာရာမပရိယတ္တိကျောင်းတိုက် ပဓာနနာယက

(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

**စန္ဒောဘာသ၊ ဘဒ္ဒန္တ**
သက်တော် ၆၉ နှစ်၊ သိက္ခာတော် ၃၂ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ နိုင်ငံတော်သမ္မုတိ တိုင်းသံဃာ့ဝန်ဆောင်၊ သနပ်ပင်မြို့ ဓမ္မရက္ခိတစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇောတိက၊ ဘဒ္ဒန္တ**
သက်တော် ၆၈ နှစ်၊ သိက္ခာတော် ၄၈ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ဥပတောဝိဘင်္ဂရေ၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ဇေယျဝတီစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ဉာဏ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူ၊ ဗဟန်းမြို့နယ် မင်းကွင်းတောရကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

**ဉာဏမဥ္ဇူ ဘဒ္ဒန္တ**
သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါ
အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂီ တိကာရက၊ ဆဋ္ဌသံဂီတိ ပါထေယျ ပါဠိဘာဏက၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် (ဟောင်း) တာမွေမြို့နယ် မဂ်လသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ဉာဏာဝံသာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပိဋကတ္တပါရဂူ၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်၊ မောင်းမကန်စံပြကျေးရွာ၊ မောင်းမကန် ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မသာမိ၊ ဘဒ္ဒန္တ** (ဇေယျကျော်ထင် ဗိုလ်မှူးကြီး ထွန်းနောင်-ငြိမ်း)
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၃၀ ဝါ
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ သူရဲကောင်း မှတ်တမ်းဝင်၊ ဗိုလ်သင်တန်းအပတ်စဉ် (၂)
(၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မာနန္ဒ၊ ဘဒ္ဒန္တ**
သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၈ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တောင်ကြီးမြို့ အောင်မြေသာစည် (ရွှေကျင်) ကျောင်းတိုက် ဦးစီး ပဓာနနာယက
(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မိက၊ ဘဒ္ဒန္တ**
သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဂန္ထဝါစက ပဏ္ဍိတ၊ ရွှေကျင်နိကာယ ရတ္တညုမဟာနာယက၊ မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်)၊ သံဃသမ္မုတိရ၊ ရွှေမုဋ္ဌော စေတီတော်ဩဝါဒါစရိယ၊ ပုညကုသလ အနုရက္ခိတ ဗလငါးတန်လူမှုကူညီစောင့်ရှောက်ရေး အသင်းဦးစီးပဓာန၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ သာသနဝေပုလ္လ လေးမျက်နှာပရိယတ္တိ စာသင်တိုက်နှင့် ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက

(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

**နာဂ၊ ဘဒ္ဒန္တ**
သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၄ ဝါ
ဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်သံဃသမ္မုတိရ ကိုယ်စားလှယ်၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ကညင်နှစ်ပင် ကျေးရွာ ဟံသာစုံကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**နာဂိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၃ နှစ်၊ သိက္ခာတော် ၈၃ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ရွှေကျင်ဂိုဏ်းချုပ်ဆရာတော်၊ ချောင်းဆုံမြို့နယ် ကျိုက်ဒိုးတောရကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

**နန္ဒဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၇၀ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ ပညာဇောတာရုံစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာစက္က၊ ဘဒ္ဒန္တ**
သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၀
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု သောင်ကုန်းသာသနာ့ရိပ်သာမဟာနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဗလ၊ ဘဒ္ဒန္တ**
သက်တော် ၈၀၊ သိက္ခာတော် ၆၀
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃ သမ္မုတိရ သံဃကိုယ်စားလှယ်၊ မြို့နယ်ဩဝါဒါစရိယ၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ ဖားလင်ပိုး ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ပီနန်ဆရာတော်၊ တာမွေမြို့နယ် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းဆရာတော်
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၁ နှစ်၊ သိက္ခာတော် ၆၄ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ ရွှေစေတီပဝါရဏာဂိုဏ်းဂဏာစရိယ၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဒုက္ကန်ချောင်းကျောင်းတိုက်နှင့် မင်္ဂလာဒုံမြို့နယ် အနန္တဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာသာမိ၊ ဘဒ္ဒန္တ**
သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၅ ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ သဲကုန်းမြို့နယ် အင်းမတိုက်နယ် ထန်းပင်မှော်အုပ်စု ကျေးသားကျေးရွာ ကျေးသားကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာသာရ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အနောက်ချောင်းဒွါရဂဏာ မိပတိသာသနာပိုင်၊ ဧရာဝတီတိုင်း

ဒေသကြီး ငါးသိုင်းချောင်းမြို့ ဘုရားကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

**ပညာသိရီဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မင်္ဂလာဗိမာန်ကျောင်းဆရာတော်
(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ပဒုမာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် မဟာနာယက သဒ္ဓမ္မ နယူပဒေသကျောင်းဆရာတော်ကြီး
(၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ပဏ္ဍာဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၉၀၊ သိက္ခာတော် ၇၀
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ပဏ္ဍိတ၊ ဘဒ္ဒန္တ**
သက်တော် ၆၆ နှစ်၊ သိက္ခာတော် ၄၆ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ LL.B၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဇေယျာဘုမ္မိ ရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပါဠိပ္ပဋိပထမပြန်ဆွမ်းကျွေးအသင်း ဩဝါဒါစရိယ၊ ကချင်ပြည်နယ် ရွှေကူမြို့မင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း (၁၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၀ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ မိုးကောင်းလမ်း၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက
(၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**မာဃာဝ၊ ဘဒ္ဒန္တ**
သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ ရွှေကြက်မင်းကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း (၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**
သက်တော် ၈၄ နှစ်၊ သိက္ခာတော် ၆၄ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်နှင့် ဥက္ကလာပစေတီတော်တို့၏ ဩဝါဒါစရိယ၊ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁၅) ရက်တွင် ပျံလွန်တော်မူသည်။)

**ဝါယမ၊ ဘဒ္ဒန္တ**
သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဒီဃဘာဏက၊ သာသနာ့

ဓဇဓမ္မာစရိယ၊ ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် နာယက
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိစိတ္တညာဏ၊ ဘဒ္ဒန္တ

သက်တော် ၉၀၊ သိက္ခာတော် ၇၀ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ တောင်တွင်းကြီးမြို့နယ် ရွှေရောင်တော် ဘုရားကြီးကျောင်းဆရာတော်
(၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၅) ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိဇယ၊ ဘဒ္ဒန္တ

သက်တော် ၈၀၊ သိက္ခာတော် ၆၀ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ရှမ်းပိဋကတ်ဘာသာပြန် သံဃနာယကအဖွဲ့ချုပ်အနုနာယက၊ ကျမ်းပြုဂန္ထကာရက၊ ဝိနယဂရုက၊ တောင်ကြီးမြို့ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက် ပဓာန နာယက
(၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

## ဝိဇယ၊ ဘဒ္ဒန္တ

သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၂ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ ကညင်ချောင်း (ဓမ္မဗိမ္မာန်) ကျောင်းတိုက် ပဓာန နာယက
(၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်တွင် ပျံလွန်တော်မူသည်။)

## သီရိန္ဒ၊ ဘဒ္ဒန္တ

သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ မွန်ပြည်နယ်သထုံမြို့၊ လယ်ဝန်ပရိယတ္တိစာသင်တိုက်နှင့် မူလမင်းကွန်းဇေတဝန် ပဋိပတ္တိကမ္မဋ္ဌာန်းတိုက် ပဓာနနာယက
(၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

## သီလဝံသ၊ ဘဒ္ဒန္တ

သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၉) ရက်တွင် ပျံလွန်တော်မူသည်။)

## သီလဝံသ၊ ဘဒ္ဒန္တ

သက်တော် ၄၉ နှစ်၊ သိက္ခာတော် ၂၉ ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ သံယုတ္တနိကာယဝိဒူဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့၊ မဇ္ဈိမနိကာယဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်၊ နမ့်ခမ်းမြို့ သာသနာ့ဝိပုလ္လ ပရိယတ္တိစာသင်တိုက် တိုက်အုပ်
(၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

## သုစိတ္တ၊ ဘဒ္ဒန္တ

သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ မိုးကုတ်ဝိပဿနာတိုက်ခွဲ အမှတ် (၁၇၈) လှိုင်နန့်သာဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်
(၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက်တွင် ပျံလွန်တော်မူသည်။)

## သုမနာနန္ဒ၊ ဘဒ္ဒန္တ

သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊

မင်္ဂလာတောင်ညွန့်မြို့နယ် ဆုတောင်းပြည့် ကျောင်းတိုက် ပဓာနမဟာနာယက
(၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀) ရက်တွင် ပျံလွန် တော်မူသည်။)

**သောဘဏ၊ ဘဒ္ဒန္တ**
သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၃ ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟာ့ဖ်မွန်းဘေးမြို့ ဓမ္မာနန္ဒ ဝိဟာရကျောင်းဆရာတော်ကြီး
(၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၃) ရက်တွင် ပျံလွန် တော်မူသည်။)

**သောဘဏ၊ ဘဒ္ဒန္တ**
သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့တွင် ပျံလွန် တော်မူသည်။)

**အာဇေယျ၊ ဘဒ္ဒန္တ**
သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ ဆဋ္ဌမမြောက် ဆရာတော်ကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွှေကျင်နိကာယ ဩဝါဒါစရိယ၊ ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃) ရက်တွင် ပျံလွန် တော်မူသည်။)

**အာဒိစ္စ၊ ဘဒ္ဒန္တ**
သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၈၀ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်းဂဏဝါဓိပတိ၊ မော်လမြိုင်မြို့နယ် ကတိုးစံပြကျေးရွာ မဟာရင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်တွင် ပျံလွန် တော်မူသည်။)

**အာဒိစ္စ၊ ဘဒ္ဒန္တ**
သက်တော် ၉၀၊ သိက္ခာတော် ၇၁ ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဇောတိရိပဝရ ဓမ္မာစရိယ၊ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက
(၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**အဂ္ဂိယ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၀၊ သိက္ခာတော် ၈၁ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာမြတ်မုနိဘုရား ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ စုဒ္ဒသမ ရွှေကျင်သာသနာပိုင်၊ မန္တလေးမြို့ မဟာ အောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာ နာယက၊ ဇယမေဒနီဝါဆိုကျောင်းဆရာတော်ကြီး
(၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ကုဏ္ဍိယာသဘ၊ ဘဒ္ဒန္တ**
သက်တော် ၁၀၁ နှစ်၊ သိက္ခာတော် ၈၁ ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဒွါရနိကာယတေရသမ သာသနာပိုင်၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း ပဓာနမဟာနာယက၊ ဟင်္သာတမြို့ မဟိတာရုဏ်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

## သီလရှင်ဆရာကြီးများ

**ခေမာစာရီ၊ ဒေါ်**
သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၄၈ ဝါ

မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဃ်န်းကျွန်းမြို့နယ် သာသနာ့ဂုဏ်ရည် သီလရှင်သင်ပညာရေး ပရဟိတ ကျောင်းတိုက် ပဓာနနာယက
(၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၅) ရက်တွင် ပျံလွန်တော်မူသည်။)

**ဉာဏောသီ၊ ဒေါ်**
သက်တော် ၆၂ နှစ်၊ သိက္ခာတော် ၃၈ ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ ပထမ ကျော်၊ ပညာရေးဘွဲ့ (B.Ed) အပတ်စဉ် ၁၃၊ ကချင် ပြည်နယ် သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မြစ်ကြီးနားမြို့၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် ပဓာနနာယက၊ သမိဒ္ဓေါဒယ သမဂ္ဂဒါယီအဖွဲ့နာယက
(၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

**နိမလဉာဏီ၊ ဒေါ်**
သက်တော် ၆၅ နှစ်၊ သိက္ခာတော် ၄၃ ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးအောင်မြေသာစံမြို့နယ် သီလရှင်စာသင်တိုက် ဒုတိယပဓာနနာယက
(၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက်တွင် ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

**ကိုကိုမြိုင်၊ ဦး (တက္ကသိုလ် သျှင်သီရိ)**
အသက် ၇၆ နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ၊ ဘီအေ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) တွဲဖက်ပါမောက္ခ၊ သံဃတက္ကသိုလ် (ရေကူး) ကထိက ဆရာကြီး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်တွင် ကွယ်လွန်သည်။)

**ကိုနီ၊ ဦး**
အသက် ၆၄ နှစ်
စာရေးဆရာ မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)၊ တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတကာပဋိပက္ခ နိုတြီပဗ္ဗလစ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်တွင် ကွယ်လွန်သည်။)

**ကံညွှန့်၊ ဒေါက်တာ၊ ပါမောက္ခ**
အသက် ၇၂ နှစ်
စာရေးဆရာ မောင်မျက်စိ၊ ဒေါက်တာ ကံညွှန့်၊ ဆေးပညာဆိုင်ရာသတင်းဆန်းများ အပါအဝင် ကျန်းမာရေးနှင့် ဆေးပညာဆိုင်ရာဆောင်းပါးများ ပင်တိုင်ဆောင်းပါးရှင်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်တွင် ကွယ်လွန်သည်။)

**ကျော်ဆန်း၊ ဦး (သုခိအောင်)**
အသက် ၉၅ နှစ်
မြန်မာ့အသံညွှန်ကြားရေးဝန် (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ သုခိအောင်ကလောင်နာမည်ဖြင့် စာအုပ်များ၊ ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်လမ်းများ၊ တေးသီချင်းများ ရေးသားသူ
(၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၉) ရက်တွင် ကွယ်လွန်သည်။)

**ကျော်ထွန်း၊ ဦး (အဖျောက်မြေ မောင်ဆွေမွန်)**
အသက် ၇၅ နှစ်
"ခြသေ့်ဆီနှင့်သိင်္ဂီရွှေခွက်" ကဗျာများစာမူဖြင့် ၁၉၉၃ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်တတိယဆု၊ "သစ်နုရွက်စည်မြရွှေရည်" ဖြင့် ၁၉၉၅ ခုနှစ် ပခုက္ကူ စာပေဆု ကဗျာပေါင်းချုပ်ဒုတိယဆု၊ "ရေချမ်းတစ်ခွက် ပန်းတစ်ခက်" ဖြင့် ၂၀၀၈ ခုနှစ် ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် တတိယဆုရရှိသူ
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်တွင် ကွယ်လွန်သည်။)

**ကျော်မင်း၊ ဦး (မင်းကျော်မင်း)**
အသက် ၈၂ နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ The New Light of Myanmar စာတည်းမှူးချုပ် (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

**ကျော်သောင်း၊ ဗိုလ်ကြီး (ငြိမ်း)**
အသက် ၈၁ နှစ်
မြန်မာလူငယ်လက်ရွေးစင်ဘောလုံးသမား၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမား၊ တပ်မတော် (ကြည်း) ဘောလုံးအသင်းနည်းပြ
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်တွင် ကွယ်လွန်သည်။)

**ခင်မောင်တည်၊ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် ၉၂ နှစ်
ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်တွင် ကွယ်လွန်သည်။)

**ခင်မြင့်ဦး၊ ဒေါ်၊ ဒေါက်တာ (စာရေးဆရာမ ခင်ပန်နှင်း)**
အသက် ၆၈ နှစ်
M.B.B.S ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ ဝတ္ထုတိုများနှင့် ဝေဖန်ရေးဆောင်းပါးများ ရေးသားသူ၊ ပြည်ထောင်စုနေ့စဉ် သတင်းစာ အယ်ဒီတာ
(၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၆) ရက်တွင် ကွယ်လွန်သည်။)

**ခိုင်ထူး၊ ဦး (တေးသံရှင်)**
အသက် ၆၁ နှစ်
Phoenix တေးဂီတအဖွဲ့တည်ထောင်သူ၊ စတီရီယိုတေးသံရှင်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၉) ရက်တွင် ကွယ်လွန်သည်။)

**ချစ်မြိုင်၊ ဗိုလ်မှူးကြီး (ငြိမ်း)**
အသက် ၉၆ နှစ်
စည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ အငြိမ်းစားသံအမတ်ကြီး
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်တွင် ကွယ်လွန်သည်။)

**ချစ်လှိုင်၊ ဗိုလ်ချုပ် (ငြိမ်း) (ရေ/၃၀၁၁)**
အသက် ၉၃ နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်)၊ စစ်မှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့်အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ) (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်တွင် ကွယ်လွန်သည်။)

**ချမ်းအေး၊ ဦး (စာရေးဆရာ မောင်စူးစမ်း)**
အသက် ၉၁ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်၊ ၁၉၆၃ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) နိုင်ငံရေးဆိုင်ရာစာပေ ပထမဆုကို 'ဘောဂဗေဒလက်ရွေးစင်' စာအုပ်ဖြင့်ရရှိသူ၊ စာပေပညာရှင်၊ ဗဟိုတရားရုံးရှေ့နေ၊ ဘီအေဘီအယ်လ်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်တွင် ကွယ်လွန်သည်။)

**စောမောင်၊ ဦး (စစ်တွေစောနောင်)**
အသက် ၇၆ နှစ်
၁၉၆၄ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) ကဗျာစတုတ္ထဆုကို 'ကြောင်လိမ်လှေကားကဗျာများ' ဖြင့်ရရှိသူ၊ ကျောင်းဆရာ (ငြိမ်း)၊ အထက်တန်းရှေ့နေ၊ B.A, B.L, LL.M
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၈) ရက်တွင် ကွယ်လွန်သည်။)

**စိုးမြင့်လွင်၊ ဦး**
အသက် ၇၂ နှစ်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန M.E.P.E ဒုတိယ

အင်ဂျင်နီယာချုပ် (ငြိမ်း)၊ B.E (E.P)၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၆) ရက်တွင် ကွယ်လွန်သည်။)

**စိုးသိမ်း၊ ဦး (ဒါရိုက်တာစိုးသိမ်းထွဋ်)**
အသက် ၇၁ နှစ်
ရုပ်ရှင်သရုပ်ဆောင် ဆိုးပေ၊ ၁၉၉၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု (အကယ်ဒမီ) ကို "အဖေ့နေရာ" ရုပ်ရှင်ဇာတ်ကားဖြင့် ဒါရိုက်တာ ခင်မောင်ဦး (ရုပ်ရှင်သရုပ်ဆောင် မောင်မဲ) နှင့် ပူးတွဲရရှိ၊ ၂၀၁၀ ပြည့်နှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု (အကယ်ဒမီ) နှင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု (အကယ်ဒမီ) ကို "ပင်လယ်ထက်က နေဝန်းနီ" ရုပ်ရှင် ဇာတ်ကားဖြင့် ဒါရိုက်တာခင်မောင်ဦး (ရုပ်ရှင် သရုပ်ဆောင် မောင်မဲ) နှင့်ပူးတွဲရရှိသူ
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်တွင် ကွယ်လွန်သည်။)

**တင်မိုးခိုင်၊ ဒေါ် (ခ) Marie Conway**
အသက် ၆၈ နှစ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အင်္ဂလိပ်ပိုင်းအစီအစဉ်၊ Local Talents ကဏ္ဍ၌ အနောက်တိုင်း တေးသီချင်းများ သီဆိုခဲ့သူ၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ ပင်တိုင်အဆိုရှင်
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၈) ရက်တွင် ကွယ်လွန်သည်။)

**တင်မောင်၊ ဦး (တက္ကသိုလ် ဇော်မင်း)**
အသက် ၉၄ နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ လူထုပညာရေးမှူး (ပထမပတ်)၊ လူထုပညာရေး လက်ထောက်တိုင်းမှူး၊ အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ အထက်တန်း ကျောင်းအုပ်ကြီး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်တွင် ကွယ်လွန်သည်။)

**တင်မြင့်၊ ဦး (စာရေးဆရာ နေမျိုးသန့်)**
အသက် ၇၇ နှစ်
စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေဆုရှင်၊ အမှတ် (၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်တွင် ကွယ်လွန်သည်။)

**တင်ဝင်း၊ ဦး (ပျဉ်းမနား-မောင်နီသင်း)**
အသက် ၇၀ နှစ်
အမျိုးသားစာပေဆုရှင် မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်တွင် ကွယ်လွန်သည်။)

**တင်သိန်း၊ ဒေါက်တာ [ဒေါက်တာတင်သိန်း (ဘူမိဗေဒ)]**
အသက် ၇၆ နှစ်
၂၀၀၁ ခုနှစ် အမျိုးသားစာပေ သုတပဒေသာ (အသုံးချ သိပ္ပံ) ဆုကို 'လူသားအစ မြန်မာက' စာအုပ်ဖြင့် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ကျမ်းစာပေ ဒုတိယဆုကို မြန်မာ့ကျောက်ခေတ် ယဉ်ကျေးမှုဖြင့်လည်းကောင်း ရရှိသူ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဌာနမှူး (ငြိမ်း)၊ သိပ္ပံပညာ ထူးချွန်ဆု၊ Ph.D (Sorbonne University Paris )
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်တွင် ကွယ်လွန်သည်။)

**တင်ဦး၊ ဗိုလ်မှူးချုပ် (ငြိမ်း)**
အသက် ၉၄ နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ခေတ်ယောနင်းတတိယပတ် ကျောင်းသားဟောင်း၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ကျောင်းအုပ်ကြီး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၆) ရက်တွင် ကွယ်လွန်သည်။)

**ဖိုးထောင်၊ ဦး (ပန်းသာရုပ်ရှင်)**
အသက် ၉၇ နှစ်

၂၀၀၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) တွင် အကောင်းဆုံးအသံထူးချွန်ဆုကို 'ဆန်ရေ' ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိသူ
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်တွင် ကွယ်လွန်သည်။)

**ဘဝင်း၊ ဦး (ပန်းချီဆရာကြီး)**
အသက် ၉၁ နှစ်
ပန်းချီနည်းပြ၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တွင် သုတေသနလက်ထောက်၊ ပန်းချီဒီဇိုင်းပညာရှင်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်တွင် ကွယ်လွန်သည်။)

**မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)**
အသက် ၉၀ နှစ်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် (ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ မေလ (၂၆) ရက်တွင် ကွယ်လွန်သည်။)

**မျိုးမြင့်၊ ဒေါက်တာ၊ ပါမောက္ခ**
အသက် ၆၄ နှစ်
အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး (ငြိမ်း)၊ နိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)၊ Ph.D (Scotland, Edinburgh, UK)
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၀) ရက်တွင် ကွယ်လွန်သည်။)

**မျိုးဝင်းညွန့်၊ ဦး**
အသက် ၇၂ နှစ်
အကောက်ခွန်ဦးစီးဌာန အကြီးတန်းအကောက်ခွန်မှူး (ငြိမ်း)၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း
(၂၀၁၇ ခုနှစ်၊ မေလ (၃၁) ရက်တွင် ကွယ်လွန်သည်။)

**မြင့်စိုး၊ ဦး (နန္ဒာစိုး-ဆင်ဖြူကျွန်း)**
အသက် ၅၅ နှစ်
စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုများရှင်
(၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်တွင် ကွယ်လွန်သည်။)

**မြတ်သူ၊ ဦး (စာရေးဆရာ Bio မင်းသစ်)**
အသက် ၇၂ နှစ်
သိပ္ပံဘွဲ့ (ဇီဝဗေဒ)၊ အထက်တန်းပြဆရာ၊ အလွတ်ပညာသင်ဆရာ၊ ရုပ်ရှင် ဇာတ်ညွှန်းရေးသားသူ၊ သီချင်းရေးသားသူ
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ကွယ်လွန်သည်။)

**ရဲချစ်၊ ဗိုလ်၊ သီဟသူရ**
အသက် ၉၅ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
(၂၀၁၇ ခုနှစ်၊ မေလ (၃၀) ရက်တွင် ကွယ်လွန်သည်။)

**ရွှေဖုန်း၊ ဗိုလ်ကြီး (ငြိမ်း)**
အသက် ၉၂ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်တွင် ကွယ်လွန်သည်။)

**လှခင်၊ ဒေါ်၊ သခင်မကြီး**
အသက် ၉၆ နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ တို့ဗမာအစည်းအရုံးဝင်၊ ပထမဦးဆုံးမြန်မာအမျိုးသမီးတပ်ဖွဲ့ ဒု-ခေါင်းဆောင်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်တွင် ကွယ်လွန်သည်။)

**လှထွန်း၊ ဦး (မောင်စိမ်းနီ)**
အသက် ၇၈ နှစ်
ကဗျာဆရာ၊ စာရေးဆရာ၊ ပိတောက်ပွင့်သစ်မဂ္ဂဇင်း အယ်ဒီတာချုပ်၊
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် ကွယ်လွန်သည်။)

**လှမြင့်၊ ဒေါက်တာ၊ ပါမောက္ခ**
အသက် ၉၆ နှစ်
စီးပွားရေးပညာရှင်၊ ရန်ကုန်တက္ကသိုလ် စီးပွားရေး ပါမောက္ခ (၁၉၄၅-၁၉၅၂)၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (၁၉၅၈-၁၉၆၂)၊ ဂုဏ်ထူးဆောင် ပါမောက္ခ (၁၉၆၂-၁၉၈၅)
(၂၀၁၇ ခုနှစ်၊ မတ်လ (၉) ရက်တွင် ကွယ်လွန်သည်။)

**လှမြင့်ဆွေ၊ ဗိုလ်ချုပ် (ငြိမ်း)**
အသက် ၈၀ နှစ်
ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)၊ အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်တွင် ကွယ်လွန်သည်။)

**ဝင်းထွန်း၊ ဦး (ခ) ကိုပေါက်ကြီး**
အသက် ၄၄ နှစ်
ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်တွင် ကွယ်လွန်သည်။)

**သာလှ၊ ဦး၊ ဝဏ္ဏကျော်ထင်**
အသက် ၉၃ နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ တိပိဋကနိကာယ သာသနာပြုအဖွဲ့ ပင်မဥက္ကဋ္ဌ၊ အရေပြားနှင့်ကာလသားရောဂါ အထူးကုဆရာဝန်ကြီး
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၅) ရက်တွင် ကွယ်လွန်သည်။)

**သောင်းဟန်၊ ဦး**
အသက် ၈၄ နှစ်
ပန်းချီဆရာကြီး၊ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ (ငြိမ်း)၊ ရာသက်ပန် နာယက
(၂၀၁၇ ခုနှစ်၊ မေလ (၃) ရက်တွင် ကွယ်လွန်သည်။)


**အေးမောင်လေး၊ ဗိုလ်ကြီး (ငြိမ်း)**
အသက် ၇၁ နှစ်
၁၉၇၀ ပြည့်နှစ် အာရှချန်ပီယံ မြန်မာ့လက်ရွေးစင် ဘောလုံးသမား၊ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ် ပြိုင်ပွဲ အသန့်ရှင်းဆုံးဆုရသည့် မြန်မာ့လက်ရွေးစင်ဘောလုံး သမား၊ အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်း နည်းပြ၊ တပ်မတော် (လေ) ဘောလုံး အသင်းနည်းပြ၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (ငြိမ်း)
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်တွင် ကွယ်လွန်သည်။)

**အုံကြီး၊ ဦး၊ (အဆိုတော်ကိုအုံကြီး)**
အသက် ၉၅ နှစ်
ဂန္ထဝင်အဆိုတော် ကန်တော့ခံသက်ကြီးဂီတပညာရှင်၊
(၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၃) ရက်တွင် ကွယ်လွန်သည်။)

**အောင်ရွှေ၊ ဗိုလ်မှူးချုပ် (ငြိမ်း)**
အသက် ၁၀၁ နှစ်
စည်သူ၊ သရေစည်သူ၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ဗိုလ်မှူးချုပ် (ဟောင်း)၊ သံအမတ်ကြီး (အငြိမ်းစား)၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ (ဟောင်း)၊ ၁၉၉၀ ပြည့်နှစ် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော် ကိုယ်စားလှယ်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်တွင် ကွယ်လွန်သည်။)

**အုန်းမြင့်၊ ဦး**
အသက် ၇၈ နှစ်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး (ငြိမ်း)၊ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ ဧရာဝတီ-မြစ်ဆုံ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၊ လေ့လာ စိစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယက၊ B.Sc (Engg;), M.Sc (Water Resources), (University of Newcastle Upon Type)
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်တွင် ကွယ်လွန်သည်။)

**ခိုးလ်၊ ဟယ်လ်မွတ်** ။ ။ အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီကို ပြန်လည်ပေါင်းစည်းပေးခဲ့သူ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဟယ်လ်မွတ်ခိုးလ်သည် ၁၉၈၂ ခုနှစ် မှ ၁၉၉၈ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ခိုးလ်ကို ၁၉၃၀ ပြည့်နှစ် ဧပြီလ (၃) ရက်တွင် ဂျာမနီနိုင်ငံ၌ ရှေးရိုးစွဲ ရိုမင်ကက်သလစ်ဘာသာဝင် မိသားစုက မွေးဖွားသည်။



ဟယ်လ်မွတ်ခိုးလ်

၁၉၄၆ ခုနှစ်တွင် ခရစ်ယာန်ဒီမိုကရက်တစ် ယူနီယံ (CDU) ပါတီသို့ဝင်ရောက်သည်။ ၁၉၅၈ ခုနှစ်တွင် Heidelberg တက္ကသိုလ်မှ သမိုင်းဘာသာရပ်ပါရဂူဘွဲ့ရရှိသည်။ နိုင်ငံရေးလောကသို့မဝင်ရောက်မီ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရိုင်းနယ်ပါလီမန်အမတ်အဖြစ် ရွေးကောက်ခံခဲ့ရသဖြင့် အသက်အငယ်ဆုံးအမတ် ဖြစ်လာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် CDU ပါတီ၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ ၁၉၇၆ ခုနှစ် ရွေးကောက်ပွဲ တွင် CDU ပါတီက ဆန္ဒမဲ ၄၈ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့သော်လည်း ဆိုရှယ်ဒီမိုကရက် ဟယ်မွတ်ရှမစ်အစိုးရအဖွဲ့က အာဏာကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အရ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (SPD) နှင့် လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (FDP) တို့ ညွန့်ပေါင်းအစိုးရဖွဲ့ခဲ့သည်။ ၁၉၈၂ ခုနှစ် စက်တင်ဘာလတွင် ပါတီနှစ်ခုအကြား စီးပွားရေးမူဝါဒပိုင်းဆိုင်ရာ သဘောကွဲလွဲမှုကြောင့် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး အစိုးရသစ်ဖွဲ့နိုင်ရေးအတွက် FDP ပါတီက CDU နှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ၁၉၈၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် FDP ပါတီ၏ထောက်ခံမှုဖြင့် CDU ပါတီက အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သည်။ အဆိုအောင်မြင်ပြီးနောက် သုံးရက်အကြာတွင် CDU နှင့် FDP ပါတီတို့ ညွန့်ပေါင်းအစိုးရအဖွဲ့သစ်ကိုဖွဲ့နိုင်ခဲ့ပြီး ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ၁၉၈၃ ခုနှစ် ရွေးကောက်ပွဲတွင်မူ CDU ပါတီက ဆန္ဒမဲ ၄၈ ရာခိုင်နှုန်း ရရှိပြီး FDP ပါတီက ခုနစ် ရာခိုင်နှုန်းသာ ရရှိသည်။

ခိုးလ်သည် နိုင်ငံတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ခဲ့ပြီး အရှေ့ဂျာမနီနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဂျာမနီပြန်လည်ပေါင်းစည်းရေး ဖခင်ကြီးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် ပြန်လည်ပေါင်းစည်းရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး စက်တင်ဘာလတွင် ပါလီမန်က အတည်ပြုပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃ ရက်တွင် အရှေ့ဂျာမနီနိုင်ငံ တရားဝင်တည်ရှိမှုရပ်စဲခဲ့ပြီး ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့သည်။ နိုင်ငံ၏မြို့တော်ကို ဘွန်းမြို့မှဘာလင်မြို့သို့ ပြောင်းရွှေ့သတ်မှတ်ခဲ့သည်။ ခိုးလ်ကို “၂၀ ရာစု ဒုတိယနှစ်ဝက်များ၏ အကြီးကျယ်ဆုံးဥရောပခေါင်းဆောင်” အဖြစ် အမေရိကန်သမ္မတဟောင်းများဖြစ်သည့် ဂျော့ဘွတ်ရှ်နှင့် ဘီလ်ကလင်တန်တို့က မှတ်ချက်ပြုပြောဆိုခဲ့ကြသည်။

ဟယ်လ်မွတ်ခိုးလ်သည် အိမ်ထောင်နှစ်ကြိမ်ပြုခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားသည်။ အသက် ၈၇ နှစ်အရွယ် ၂၀၁၇ ခုနှစ် ဇွန်လ (၁၆) ရက်တွင် ဂျာမနီနိုင်ငံ၌ ကွယ်လွန်သည်။

**အိနိုင်**

**ခိုင်ထူး၊ ဦး (တေးသံရှင်) (၁၉၅၆-၂၀၁၇)** ။ ။ တေးသံရှင်ခိုင်ထူးကို ပါမောက္ခ ဦးသာထိုက်၊ ဒေါ်တင်မြင့်မြင့် တို့က ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်းသားသုံးဦးအနက် ဒုတိယသား ဖြစ်သည်။

## ခိုင်ထူး၊ ဦး

၁၉၇၄ ခုနှစ်တွင် ဒသမတန်းစာမေးပွဲကို ကမာရွတ်မြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဖြေဆိုအောင်မြင်သည်။ ၁၉၇၉ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ဓာတုဗေဒ အဓိကဖြင့် ရရှိသည်။



**ဦးခိုင်ထူး**

တေးသံရှင်ခိုင်ထူးသည် ငယ်စဉ်ကတည်းက ဂီတာ (Guitar) တီးခြင်းကို ဝါသနာပါသည်။ ဂီတာတီးခြင်းကို သင်ကြားပေးသူမှာ လန်ဒန်အတ် ဦးအုန်းမောင်၏ သား ဂီတာအုန်းမောင်ဖြစ်သည်။ တက္ကသိုလ်ဝင်းအတွင်း နေထိုင်ခြင်းကြောင့် အဆောင်များရှေ့တွင် သူငယ်ချင်းများနှင့်အတူ ညစဉ် ဂီတာတီး၍ သီချင်းဆိုကြရာ ဂီတအနုပညာပိုး စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

ခိုင်ထူးသည် ၁၉၇၈ ခုနှစ်တွင် သူငယ်ချင်းများစု၍ Phoenix Band တီးဝိုင်းကို စတင်ဖွဲ့စည်းတည်ထောင်သည်။ ထိုတီးဝိုင်းနှင့်အတူ ခိုင်ထူး၏ပထမဦးဆုံး စီးရီးတိပ်ခွေကို သူငယ်ချင်းရီဇော်နှင့် တွဲဖက်၍ 'တေးမြှင့်ဂုဏ်' အမည်ဖြင့် ၁၉၇၉ ခုနှစ်တွင် ပဲခူးတေးသံသွင်းက ထုတ်လုပ်ဖြန့်ချိသည်။ ခိုင်ထူး တစ်ကိုယ်တော်သီဆိုသည့် 'အဥ္ဇလီ' တေးစီးရီးကို Phoenix တေးဂီတဝိုင်းဖြင့် မေစတူဒီယို၌အသံသွင်း၍ စပယ်ဦး တေးသံသွင်းက ၁၉၈၀ ပြည့်နှစ်၊ မတ်လတွင် ဒုတိယစီးရီးအဖြစ် ထုတ်လုပ်ဖြန့်ချိသည်။ 'အဥ္ဇလီ' တေးစီးရီးတွင် ခိုင်ထူးရေးသားသည့် သီချင်းလေးပုဒ် ပါဝင်သည်။

'အဥ္ဇလီ' တေးစီးရီးထွက်လာပြီးနောက် ခိုင်ထူးကို နိုင်ငံကျော် အဆိုတော်အဖြစ် ရောက်စေသကဲ့သို့ တေးရေးဆရာ ကိုမောင်မောင်ကိုလည်း တေးရေးဆရာ အဥ္ဇလီမောင်မောင်အဖြစ် ကျော်ကြားစေသည်။ တေးသံရှင်ခိုင်ထူး၏ တတိယတေးစီးရီးဖြစ်သည့် 'သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်' ကို စပယ်ဦးတေးသံသွင်းက ဆက်တိုက်ဖြန့်ချိပေးသည်။ ထိုတေးစီးရီးသည်လည်း 'အဥ္ဇလီ' တေးစီးရီးကဲ့သို့ အောင်မြင်ကျော်ကြားသည်။ စတုတ္ထတေးစီးရီးအဖြစ် 'မိုးရဲရင် ဆောင်းရဲရမယ်' ကို ဆက်လက်ထုတ်လုပ်ဖြန့်ချိသည်။ ထိုတေးစီးရီးတွင် တေးရေးကိုနေဝင်းရေးသားသည့် 'မြတ်သောအကျင့်' သီချင်းကို ကြိုက်နှစ်သက် ကြသည်။ ပဉ္စမတေးစီးရီး 'ဆို' ကိုလည်း လူကြိုက်များသည်။ မကျေနပ်ဘူးသိလား၊ မကောင်းလည်းကိုယ် ကောင်းလည်းကိုယ်၊ အစောဆုံးပြန်ခဲ့ နှင်းသက်သက်ဝေ၊ ရွှေလည်တိုင်၊ ၃၉၊ ကမ်းလက်သင့်ရာ၊ အမုန်းဆုပန်မယ့် လူသား၊ တွဲဖက်ချွေး၊ အားလုံးကိုကျော်ဖြတ်ရမယ် စသည့် တစ်ကိုယ်တော်အခွေများအပြင် တွဲဖက်အခွေအချို့ကိုလည်း သီဆိုခဲ့သည်။

တေးသံရှင်ခိုင်ထူးသည် ဂီတလောကဖြတ်သန်းမှုနှစ် ၄၀ ကျော်အတွင်း ကိုယ်ပိုင်သံစဉ် တေးသီချင်းများစွာ သီဆိုခဲ့ပြီး စစ်ကိုင်းလမ်း၊ ခတ္တာ၊ အဝေးဆုံး၊ သိနှင့်နေသား၊ စပျစ်ရည်ချိုနောက်က မေ့မျက်ရည်၊ ဘယ်သူမှ မကောင်းဘူး၊ လွမ်းရခက်ခက်၊ သို့တစ်ရံတစ်ခါဆီ၊ အိမ်အလွမ်း၊ နောက်ဆုံးအိပ်မက်၊ အချစ်သီချင်း၊ တို့လာတယ်၊ သေတောင်ခေါင်းမငုံ့နဲ့ သီချင်းများကို ပရိသတ် အထူးကြိုက်နှစ်သက်ကြသည်။ သီချင်းပုဒ်ရေ ၃၀၀ ကျော်သီဆိုခဲ့ပြီး တေးစီးရီးခွေ ၃၀ ကျော်ထွက်ရှိပြီးဖြစ်သည်။ နောက်ပိုင်းတွင် ခိုင်ထူးရဲ့ ခိုင်ထူး တေးစီးရီး၊ ခိုင်ထူးရဲ့ခေါင်းစီးတေးများ၊ ခိုင်ထူးရဲ့ အကောင်းဆုံးတေးများ ထွက်ရှိသည်။

တေးသံရှင်ခိုင်ထူးနှင့် မိမိဝင်းဖေတို့၏ 'ယုံကြည်ခြင်း များနှင့်အတူ'၊ ခိုင်ထူးနှင့်စိုးလွင်လွင်တို့၏ 'ထားရစ်ခဲ့ နေတော့မယ်'၊ ခိုင်ထူး၊ သားထွေးနှင့် အောင်ကျော်ကျော်တို့၏ 'လွမ်းရစ်လေအောင်' တေးစီးရီးများကို အတွဲအခွေများအဖြစ် ဆက်လက်

ထုတ်ဝေသည်။ ခိုင်ထူးတစ်ကိုယ်တော် One Man Show ကို ဆီဒိုးနားဟိုတယ်၌ The Best Khine Htoo ခေါင်းစဉ်ဖြင့် ကျင်းပရာ ခိုင်ထူး၏ သီချင်းများကို နာမည်ကြီး အဆိုတော်များက သီဆိုပေးကြသည်။ ခိုင်ထူးတစ်ကိုယ်တော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ဂီတသက်တမ်း ၃၄ နှစ်ရှိပြီဖြစ်၍ 'ခိုင်ထူး. . . ၃၄' အမည်ဖြင့် ရန်ကုန်မြို့ အမျိုးသား ကဇာတ်ရုံ၌ ကျင်းပသည်။ ဂျေမောင်မောင်နှင့် တွဲဖက်၍ '၆၀-၆၄' အမည်ဖြင့် ဖျော်ဖြေပွဲကို ကျင်းပသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် 'သတိရနေတဲ့ သီချင်း' ကို စံလင်း၊ ဂျေမောင်မောင်၊ ဘိုဘိုဟန်၊ ချစ်ကောင်းတို့နှင့် တွဲဖက်သီဆိုသည်။ မွန်းအောင်နှင့် တွဲဖက်၍ Two Men Show ကျင်းပရန် စီစဉ်နေဆဲဖြစ်သည်။

စတီရီယို ကိုယ်ပိုင်သံစဉ်အဆိုရှင်တစ်ဦးဖြစ်ပြီး တေးသီချင်းပေါင်းများစွာကို ၁၉၇၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သီဆိုခဲ့သူ တေးသံရှင် ခိုင်ထူးသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၉) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်စောနွယ်နွယ်ထွန်းနှင့် သားသမီးသုံးဦး ကျန်ရစ်သည်။

**ဇော်ဦး**

**ချစ်လှိုင်၊ ဗိုလ်ချုပ် (ငြိမ်း) (၁၉၂၄-၂၀၁၇)။** ။ ဗိုလ်ချုပ် ချစ်လှိုင်(ငြိမ်း) ကို ဦးဖိုးစံ၊ ဒေါ်ပွဲမှီတို့က ၁၉၂၄ ခုနှစ်၊ မေလ (၁၉) ရက်တွင် စစ်ကိုင်းမြို့နယ်၊ လယ်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်လှကျေးရွာ၌ မွေးဖွားသည်။ မွေးချင်းလေးဦးအနက် အငယ်ဆုံးဖြစ်သည်။

ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါးကွယ်လွန်သဖြင့် အသက်ခြောက်နှစ်အရွယ်မှစ၍ မိခင်၏မောင်ဖြစ်သူ ရဲအင်စပက်တော်ဦးရှိန်၏ အုပ်ထိန်းမှုဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ ရန်ကုန်မြို့ မြို့မအမျိုးသား အထက်တန်းကျောင်းမှ ၁၀ တန်းအောင်မြင်သည်။ ကျောင်းကောင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသပိတ်၌ ရဲရဲတောက် အစည်းအရုံးအတွင်းရေးမှူးအဖြစ် ဦးဆောင်လှုပ်ရှားခဲ့ရာ ရဲရဲတောက်ချစ်လှိုင်ဟု ကျောင်းသားများအကြားတွင် ထင်ရှားသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သူဖြစ်သည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်ဆိပ်ကမ်းရုံးကြီး၏ ပညာသင်ဆုဖြင့် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်း (ဘုံဘေ) မြို့၌ ရေကြောင်းပညာကို သုံးနှစ်ကြာ သင်ယူအောင်မြင်သည်။ ၁၉၄၂ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ရေကြောင်းပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည်။ ရေကြောင်းပညာသင်ကျောင်း နည်းပြအဖြစ် စစ်ပြီးဆုံးသည်အထိ ထမ်းဆောင်သည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်တွင် တပ်မတော်ရေတပ်သို့ ဗိုလ်အဆင့်ဖြင့် ဝင်ရောက်သည်။ ရေကြောင်းပညာ ကျွမ်းကျင်သူဖြစ်၍ မကြာမီနှစ်များတွင် ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခံရသည်။ ၁၉၄၉ ခုနှစ်တွင် နိုင်ငံတော်သမ္မတ စပ်ရွှေသိုက်၏ ကိုယ်ရံတော်ဗိုလ်ကြီး၊ ဗိုလ်မှူး အဆင့်မြင့် စစ်ရေးယာဉ်မှူး၊ စစ်ဦးစီးမှူးတာဝန်များကို ထမ်းဆောင်ရသည်။ ၁၉၅၉ ခုနှစ်တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့၌ ဒုတိယမင်းကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၁ ခုနှစ်၊ ဩဂုတ်တွင် အမေရိကန်ပြည်ထောင်စု၌ ဖွင့်လှစ်သော နိုင်ငံခြားရေတပ်အရာရှိများအတွက် ရေတပ်ကွပ်ကဲရေးသင်တန်းသို့ တက်ရောက်သည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် ၁၉၆၂ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော် (ရေ) လေ့ကျင့်ရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဌာနချုပ်မှူး၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင်၊ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်သည်။ ၁၉၇၂-၁၉၇၄ ခုနှစ်တွင် ဧရာဝတီတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည်။ ၁၉၇၄ ခုနှစ်၊ မတ်လ (၈) ရက်တွင် ဗိုလ်မှူးချုပ် အဆင့်ဖြင့် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (ရေ) အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ (၁)



**ဗိုလ်ချုပ်ချစ်လှိုင် (ငြိမ်း)**

ရက်တွင် ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ ၁၉၇၉ ခုနှစ်တွင် ဗြိတိသျှရေတပ်မတော်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏စျာပနသို့ မြန်မာနိုင်ငံကိုယ်စား ဗိုလ်ချုပ်ချစ်လှိုင် (ရေ) နှင့်အဖွဲ့က လိုက်ပါပို့ဆောင်သည်။ ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် ဒုတိယကာကွယ်ရေး ဦးစီးချုပ် (ရေ) တာဝန်မှ အငြိမ်းစားယူသည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၆) ရက်တွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမအစည်းအဝေး၌ လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံရသည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်တွင် ၃၈ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကိုခေါင်းဆောင်၍ တက်ရောက်ပြီး မြန်မာနိုင်ငံကိုယ်စား မိန့်ခွန်းပြောကြားသည်။ ထို့ပြင် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဂျပန်၊ မလေးရှား နှင့် ဖိလစ်ပိုင် စသည့်နိုင်ငံများသို့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ သွားရောက်သည်။ ဗိုလ်ချုပ်ချစ်လှိုင်သည် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင်ကျင်းပသော စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်ခြင်းခံရပြီး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်တွင် အငြိမ်းစားယူခဲ့သည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် တပ်မတော် (ရေ) တွင် ၃၅ နှစ် တိုင် နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံတော်က ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် စစ်မှုထမ်းကောင်းတံဆိပ်နှင့် ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) တို့ကို ချီးမြှင့်ခဲ့သည်။


ဗိုလ်ချုပ်ချစ်လှိုင်သည် စာပေရေးသားမှု ဝါသနာပါသူ ဖြစ်၍ ၂၀၀၈ ခုနှစ်တွင် 'မှောင်ခိုတမန်' ဘာသာပြန်စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ရေတပ်မဂ္ဂဇင်း၊ ပို့ဆောင်ရေးမဂ္ဂဇင်းနှင့် ကြယ်ငါးပွင့်မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားသည်။

ဗိုလ်ချုပ်ချစ်လှိုင်သည် ဒေါ်ခင်ညိမ်းညိမ်းနှင့် လက်ထပ်ခဲ့ပြီး သားတစ်ဦး၊ သမီးလေးဦး ထွန်းကားသည်။ ဗိုလ်ချုပ်ချစ်လှိုင် (ရေ) (ငြိမ်း) သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**စိုးအောင်**

**၆၉ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲမှ ပေါ်ထွန်းလာသည့် တိပိဋကဓရ ဆရာတော်။** ။ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋကနိကာယ ကျောင်းတိုက်မှ ဘဒ္ဒန္တ ဝီရိယာနန္ဒ (သက်တော် ၄၇ နှစ်၊ သိက္ခာတော် ၂၇ ဝါ) သည် ၁၄ ပါးမြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒအဖြစ် ပေါ်ထွန်းလာခဲ့သည်။

အရှင်ဝီရိယာနန္ဒကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းကျေးရွာနေ ခမည်းတော် ဦးဘကျော်၊ မယ်တော်ဒေါ်တင်ကြည်တို့က ၁၃၃၁ ခုနှစ်၊



**ဘဒ္ဒန္တ ဝီရိယာနန္ဒ**

ပြာသိုလဆန်း (၁၄) ရက် (ဗုဒ္ဓဟူးနေ့) တွင် ဖွားမြင်ပြီး မွေးချင်းလေးယောက်အနက် တတိယမြောက် သားရတနာ ဖြစ်သည်။

အရှင်ဝီရိယာနန္ဒသည် ၁၃၅၁ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက် (အင်္ဂါနေ့) တွင် ရန်ကုန်မြို့၊ ကျိုက္ကဆံရွှေကျောင်းတိုက်သစ်၊ ခဏ္ဍသိမ်တော်၌ ကျိုက္ကဆံရွှေကျောင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ တောင်ဥက္ကလာပမြို့နေ ဦးအုန်းမောင်၊ ဒေါ်အေးကြည် မိသားစု၊ နောင်ချိုမြို့နယ် တောင်ခမ်းကျေးရွာနေ ဦးဘကျော်-ဒေါ်တင်ကြည်၊ သား မောင်အောင်မင်း မိသားစု၊ ဒေါ်ချစ်ညိမ်း၊ တူ မောင်ဇော်မင်းမိသားစု၊ မအူပင်မြို့နယ် ထနီးကျေးရွာနေ ဦးတိုးမောင်-ဒေါ်သန်းရီမိသားစု၊ ဦးအောင်ခင်သိန်း-ဒေါ်မေမေတင်၊ သမီးဒေါက်တာ တင်ဇာအောင် မိသားစု၊ ဦးစောနွဲ့ သန်းစိန်-ဒေါ်စွဲ့ပဒုမ္မာ မိသားစု၊ ကိုသန့်ဇင်-မတိုးတိုး မိသားစု၊ ကိုအောင်သန်း-မအေးအေးနွယ် မိသားစု၊ တောင်ရှည်ကျေးရွာနေ ဒေါ်စန်း၊ သား မောင်အောင်မင်း-မရီဌေး မိသားစု၊ ဦးကြည်ထွန်း-ဒေါ်ခင်အေးမူ မိသားစု၊ ကိုအောင်ကျော်ခိုင်-ဒေါက်တာလှဲ့လှဲ့ခိုင် မိသားစု၊ ကိုသန်းအေး-မကြည်သန်း မိသားစု၊ ဦးဝင်းတင်-ဒေါ်ခင်သန်းမာ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်၊ တောင်ခမ်းကျေးရွာ၊ ရွာဦးကျောင်း ပထမဆရာတော် ဦးစန္ဒဇောတိ၊ ဒုတိယဆရာတော် ဦးယုဇန၊ ဦးသန္တာနန္ဒ၊ ဦးတေဇိဿရ၊ မိုးကုတ်မြို့ ပန်းမ အထက်တန်းကျောင်း ဆရာတော်ဦးဂန္ဓမာနှင့် နာယက ဆရာတော်များ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော်နှင့် စာချဆရာတော်များ၊ ဆပ်သွားဘုံကျော် တောရဆရာတော် ဦးဝိလာသ၊ ဦးကဝိသာရာလင်္ကာရ၊ ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ ရွှေကျောင်းတိုက်သစ် ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒဘိဝံသနှင့် စာချ ဆရာတော်များ၊ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ တိပိဋကဓရ တိပိဋကကောဝိဒဓမ္မ ဘဏ္ဍာ ဂါရိက ဆရာတော်ဘဒ္ဒန္တကောသလ္လ (ပြည်ဆရာတော်)၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရဘိဝံသ၊ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူသည်။

အရှင်ဝီရိယာနန္ဒသည် ၁၃၅၃ ခုနှစ်တွင် အစိုးရ ဓမ္မာစရိယတွဲ့၊ ၁၃၅၄ ခုနှစ်တွင် ဉာဘတောဝိဘင်္ဂဓရ လက်မှတ်၊ ၁၃၅၆ ခုနှစ်တွင် ဝိနယဓရတွဲ့၊ ၁၃၅၇ ခုနှစ် တွင် ဉာဘတောဝိဘင်္ဂကောဝိဒလက်မှတ်၊ ၁၃၅၈ ခုနှစ် တွင် ဝိနယကောဝိဒတွဲ့၊ ၁၃၅၉ ခုနှစ်တွင် ဒီဃဘာဏကတွဲ့၊ ၁၃၆၀ ပြည့်နှစ်တွင် ဒီဃနိကာယကောဝိဒတွဲ့၊ ၁၃၆၂ ခုနှစ်တွင် မူလအာဘိဓမ္မကလက်မှတ်၊ ၁၃၆၅ ခုနှစ်တွင် မူလအဘိဓမ္မကောဝိဒလက်မှတ်၊ ၁၃၇၀ ပြည့်နှစ်တွင် အာဘိဓမ္မိကတွဲ့၊ တိပိဋကဓရတွဲ့၊ ဝိနယဝိဒူတွဲ့၊ နိကာယဇ္ဈောတက အတ္ထဝိသာရဒဝိနိယဓရတွဲ့၊ နိကာယဇ္ဈောတက ဒီဃနိကာယ အဂ္ဂဓမ္မာစရိယတွဲ့ကို အောင်မြင်တော်မူသည်။

အရှင်ဝီရိယာနန္ဒသည် ၁၃၇၈ ခုနှစ် (၆၉) ကြိမ်မြောက် အဘိဓမ္မပိဋကအဘိဓမ္မာနောက်ပိုင်းနှစ်

ကျမ်းသဘောရေးဖြေပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့်"အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်"နှင့်အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည် ဖြစ်သည်။ ထို့ပြင် သင်ရိုးပိဋက သုံးပုံစလုံးကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် "တိပိဋကဓရ၊ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်၊ အရိုးဝါကနက္ခဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်)၊ လစဉ်ဆွမ်းဆန်တော်စသည်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်သည်။

**စိုးအောင်**

**ဂဏ္ဍသေဋ္ဌိ၊ ဘဒ္ဒန္တ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) (မြန်မာ ၁၂၈၂ -၁၃၇၉) ။** ။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ ဆုတောင်းပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဓမ္မဝိနယာ နူလောမမူလဒ္ဒါရနိကာယ သာသနာပိုင်၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တဂဏ္ဍသေဋ္ဌိကို ခမည်းတော်ဦးဘိုးငြိမ်း၊ မယ်တော်ဒေါ်ကျေးဥတို့က ၁၂၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ တနင်္လာနေ့တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပန်းတောင်းမြို့၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၆ ခုနှစ်၊ အသက် ၁၄ နှစ်သားအရွယ်တွင် ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပန်းတောင်းမြို့၊ ကြခတ်ရပ်ကွက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ မူလဒွါရ ဆဋ္ဌသာသနာပိုင်၊ ဆဋ္ဌသင်္ဂါယနာသြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဝါသဝ (အဂ္ဂမဟာပဏ္ဍိတ) ကိုဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁) ရက် အင်္ဂါနေ့တွင် ဘဒ္ဒန္တဝါသဝ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့၊ အင်းစိန်ရာဇဝတ်ရုံး စာရေးကြီး ဦးလှမောင် ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပန်းတောင်းမြို့၊ မောင်းကန်ရပ်ကွက်၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ပန်းတောင်းမြို့၊ ဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသဝ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချဆရာတော်များ၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရဲကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဉာဏုတ္တရ (အဂ္ဂမဟာပဏ္ဍိတ)၊ ပဲခူးတိုင်း၊ ပန်းတောင်းမြို့၊ အုတ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒကုမာရ၊ ပဲခူးတိုင်း၊ ရွှေတောင်မြို့၊ စက္ကပဇ္ဇောတာရုံကျောင်းတိုက် နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တစက္ကဝုဓ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အစရှိသည့် စာချအကျော်ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး လောကီလောကုတ္တရာ ကျမ်းစာများတတ်မြောက်၍ ပါဠိတော်အဋ္ဌကထာဋီကာကျမ်းများကိုကျမ်းရိုးပေါက် သင်ယူတတ်မြောက်ခဲ့သည်။

ဆရာတော်သည် တောင်ကုတ်မြို့၊ ဆုတောင်းပြည့်ကျောင်းတိုက်ကြီးတွင် တပည့်ရဟန်းသာမဏေတို့ကို ပရိယတ္တိဆိုင်ရာ စာဝါများပို့ချပေးခဲ့ပြီး သရုပ်ပြသင်္ဂဟကျမ်း၊ ရုပ်တွက်နည်းပြသဒ္ဒါမှတ်စု၊ ခေတ်မီဗေဒင်၊ နာနာနယပကိဏ္ဏ ဗဟုသုတကျမ်းအစရှိသော ကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ၁၃၄၅ ခုနှစ်မှ ၁၃၅၀ ပြည့်နှစ်အထိ ၄ နှစ်တိုင်တိုင် သင်တန်းသူ၊ သင်တန်းသား ၆၀၀ ကျော်တို့ကို ယဉ်ကျေးမှုသင်တန်းများ ပို့ချပေးခဲ့ သည်။ တောင်ကုတ်မြို့၊ ဆုတောင်းပြည့်ကျောင်းတိုက်တွင် ၁၃၃၇ ခုနှစ်မှ ၁၃၄၅ ခုနှစ်အထိ တွဲဖက်ဆုတောင်းပြည့်မူလတန်းကျောင်းဖွင့်လှစ်ကာ စတုတ္ထတန်း အောင်မြင်သည်အထိ ပညာသင်ကြားပေးခဲ့ရာ ၁၇ နှစ်အတွင်း ကျောင်းသား ၁၀၀၀ ကျော်ရှိခဲ့သည်။ ၁၃၄၅ ခုနှစ်မှ ယနေ့အထိ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်လှစ်ကာ နှစ်စဉ်ကျောင်းသား ၃၀ ကျော်တို့ကို ပညာသင်ကြားပေးလျက်ရှိသည်။

ဆရာတော်သည် နှစ်ပေါင်း ၆၀ နီးပါး တောင်ကုတ်မြို့၊ ဆုတောင်းပြည့်ကျောင်းတိုက်တွင်

သီတင်းသုံးနေထိုင်ပြီး ကျေးရွာများမှ နတ်ကိုးကွယ်သူ ချင်းလူမျိုး အိမ်ထောင်စု ၃၀၀ ကျော်တို့ကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် စည်းရုံးခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆဋ္ဌသင်္ဂီတိကာရက၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တောင်ကုတ်မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (မူလဒွါရ)၊ တောင်ကုတ်မြို့ ကျက်သရေဆောင် ဖောင်တော်ဦးစေတီတော်၊ မြို့ဦးစေတီတော်နှင့် ထေရဝါဒသာသနရက္ခိတ မလွန်ဆန်လျှအသင်း ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ စသည့် သာသနာရေးဆိုင်ရာ များ ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် ပြည်မြို့၊ ရွာဘဲရပ် ရွှေဟင်္သာဆုတောင်းပြည့်ကျောင်းတိုက် သိမ်တော်နှင့် ပန်းတောင်းမြို့၊ သောင်ကြီးကျေးရွာ သာသနာ့အလင်းရောင်ကျောင်း သိမ်တော်များ သိမ်သမုတ်ပွဲတို့၌ ကိုယ်တိုင်ကြီးကြပ်၍ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဓမ္မဝိနယာနုလောမ မူလဒွါရ သာသနာပိုင် အဖြစ် တင်မြှောက်ခြင်းခံရသည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၆ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်သည် သာသနာ အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၈ နှစ်၊ သိက္ခာတော် ၇၈ ဝါအရ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၅) (၂၃-၇-၂၀၁၇) ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း။** ။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က "ဂုဏ်ထူးဆောင်ဘွဲ့" သီဟသူရဘွဲ့၊ သူရဘွဲ့ရရှိသူများကို နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က ဂုဏ်ထူးဆောင် တံဆိပ်၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများကို နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌လည်းကောင်း ဇန်နဝါရီလ (၄) ရက်တွင် အသီးသီး ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် သီဟသူရဘွဲ့ရသူ ဗိုလ်ကြီးတစ်ဦးနှင့် သူရဘွဲ့ရရှိသူ ဗိုလ်မှူးနှစ်ဦး၊ ဗိုလ်ကြီးခြောက်ဦး၊ ဗိုလ်တစ်ဦး၊ ဒုတိယအရာခံဗိုလ် တစ်ဦး၊ ဒုတိယတပ်ကြပ်သုံးဦး၊ တပ်သားတစ်ဦးကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီးသုံးဦး၊ ဗိုလ်မှူးကိုးဦး၊ ဗိုလ်ကြီး ၁၃ ဦး၊ ဗိုလ်ခြောက်ဦး၊ ဒုတိယအရာခံဗိုလ် ခုနစ်ဦး၊ တပ်ခွဲတပ်ကြပ်ကြီးတစ်ဦး၊ တပ်ကြပ်ကြီး ခြောက်ဦး၊ တပ်ကြပ်ရှစ်ဦး၊ ဒုတိယတပ်ကြပ် ၁၈ ဦး၊ တပ်သားသုံးဦး စုစုပေါင်း ၇၅ ဦးတို့ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ ၂၂၂ ဦးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၄၈၉ ဦး ရှိသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီလ (၄) ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၆ ခုနှစ်တွင် ချီးမြှင့်အပ်နှင်းသော တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် သီဟသူရဘွဲ့ရရှိသူ အမှတ် (၁၀၉) ခြေမြန်တပ်ရင်းမှ ကြည်း-၅၃၀၉၈ ဗိုလ်ကြီးစွမ်းရည်အောင် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးခင်မောင်ဝင်း၊ သူရဘွဲ့ရရှိကြသည့် အမှတ် (၄) ခြေလျင်တပ်ရင်းမှ ကြည်း-၃၁၄၈၀ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုး (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နွဲ့ရီဝင်း၊ အမှတ် (၆) ခြေမြန်တပ်ရင်းမှ ကြည်း-၃၄၂၂၇ ဗိုလ်မှူး ရာဇာမင်းထွန်း (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်နှင်းပွင့်ဟန်၊ အမှတ် (၁) ခြေလျင်တပ်ရင်းမှ ကြည်း-၃၈၃၂၆ ဗိုလ်ကြီး နေလဝင်း (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မြိုင်၊ အမှတ် (၁၁) ခြေလျင်တပ်ရင်းမှ ကြည်း- ၄၂၆၆၇ ဗိုလ်ကြီး မင်းအောင်၊ အမှတ် (၄) ခြေလျင်တပ်ရင်းမှ

ကြည်း-၄၆၉၄၇ ဗိုလ်ကြီးငြိမ်းချမ်းကျော် (ကျဆုံး) ကိုယ်စား ဖခင်ဖြစ်သူ ဦးမျိုးဝင်း၊ တပ်မတော်ကြည်း ဗိုလ်သင်တန်းကျောင်း (ဗထူး) မှ ကြည်း-၅၄၅၆၁ ဗိုလ်ကြီး စိုးညွန့်နိုင်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (စစ်တွေ)မှ ကြည်း-၅၅၇၀၄ ဗိုလ်ကြီးရန်ကျော်၊ စစ်တက္ကသိုလ်မှ ကြည်း-၆၀၇၇၃ ဗိုလ်ကြီးသက်ခိုင်၊ အမှတ် (၉) ခြေမြန်တပ်ရင်းမှ ကြည်း-၆၁၆၉၀ ဗိုလ်ကြီးပြည့်စုံအောင်၊ ကိုယ်ပိုင်အမှတ် ၅၉၇၃၈၅ ဒုတိယအရာခံဗိုလ်ဝင်းနိုင် (ကျဆုံး) ကိုယ်စား ဇနီး ဖြစ်သူ ဒေါ်မိမိစန်း၊ အမှတ် (၆) ခြေမြန်တပ်ရင်းမှ တ/၃၂၇၁၁ ဒုတိယတပ်ကြပ်လှအေး (ကျဆုံး) ကိုယ်စား သမ္မတသည် သီဟသူရဘွဲ့၊ သူရဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ အခမ်းအနားတွင် သီဟသူရဘွဲ့ရရှိသူ တစ်ဦးနှင့် သူရဘွဲ့ရရှိသူ ၁၄ ဦးတို့အား ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များရရှိသည့် အရာရှိ စစ်သည်များ နှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် များ ချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီလ (၄) ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာ သီရိဗိမာန် ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရသူ၏ မိသားစုဝင်တစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်စဉ်**

အစ်ကိုဖြစ်သူ ဦးလှမျိုး၊ အမှတ် (၁၁၉) ခြေမြန် တပ်ရင်းမှ တ/၃၇၂၃၃၅ ဒုတိယတပ်ကြပ်ရဲဇော် (ကျဆုံး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ဇီးဖြူမြ၊ အမှတ် (၄) ခြေလျင်တပ်ရင်းမှ တ/၄၀၄၀၀၉ ဒုတိယတပ်ကြပ် နေမင်း (ကျဆုံး) ကိုယ်စား မိခင်ဖြစ်သူ ဒေါ်သန်းမြင့်၊ အမှတ် (၁၁) ခြေလျင်တပ်ရင်းမှ တ/၄၇၇၂၁၅ ဒုတိယတပ်ကြပ် ပိုးလေးတို့အား ဂုဏ်ထူးဆောင်ဘွဲ့ များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ နိုင်ငံတော် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးကြီး တစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး လေးဦး၊ ဗိုလ်မှူး ရှစ်ဦး၊ ဗိုလ်ကြီး ၁၆ ဦး၊ ဗိုလ် သုံးဦး၊ ဒုတိယအရာခံဗိုလ် ခုနစ်ဦး၊ တပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ခြောက်ဦး၊ တပ်ကြပ် ရှစ်ဦး၊ ဒုတိယတပ်ကြပ် ၁၈ ဦးနှင့်

တပ်သား သုံးဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး၊ ဗိုလ်ကြီး သုံးဦး၊ ဒုတိယအရာခံဗိုလ် နှစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် တစ်ဦးနှင့် ဒုတိယတပ်ကြပ် နှစ်ဦးတို့အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်ချုပ်နှစ်ဦး၊ ဗိုလ်မှူးကြီး လေးဦး၊ ဒုတိယဗိုလ်မှူးကြီး တစ်ဦး၊ ဗိုလ်မှူး ခြောက်ဦး၊ ဗိုလ်ကြီး ရှစ်ဦး၊ အရာခံဗိုလ် သုံးဦး၊ အုပ်ခွဲတပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ်ကြီး ငါးဦး၊ တပ်ကြပ် တစ်ဦး၊ တပ်သား နှစ်ဦးနှင့် ရဲမေ တစ်ဦးတို့အားလည်းကောင်း သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိသည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၇၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၆ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၄ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်သည်။ ကျန်သည့်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများက ချီးမြှင့်သွားမည်ဖြစ်သည်။

ထူးခြားမှုအနေဖြင့် တပ်မတော်သားများ၏ မိသားစုဝင်ရဲမေ ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၃ ဦး ချီးမြှင့်သွားမည်ဖြစ်သည်။ ရဲမေများ၏ စွန့်လွှတ်အနစ်နာခံသည့် အာဇာနည်စိတ်ဓာတ်ဖြင့် ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့်အတွက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**စိုးအောင်**

**ဂျပန်နိုင်ငံ။** ။ **နိုင်ငံရေး** - ဂျပန်နိုင်ငံ၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) က ပါတီခေါင်းဆောင်ရာထူးကို နှစ်ကြိမ်ဆက်ထမ်းဆောင်ခွင့်ပြုထားရာမှ သုံးကြိမ်ဆက်ထမ်းဆောင်နိုင်ရန် မတ်လ (၅) ရက်က အတည်ပြုလိုက်သည်။ ယင်းသို့ တိုးမြှင့်လိုက်မှုကြောင့် လာမည့်ရွေးကောက်ပွဲများတွင် LDP ပါတီ အနိုင်ရခဲ့လျှင် လက်ရှိဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၂၁ ခုနှစ်အထိ အာဏာကို ချုပ်ကိုင်ထားနိုင်မည်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းသက်တမ်းအရှည်ဆုံး ဂျပန်ခေါင်းဆောင်ဖြစ်လာမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ငြိမ်းချမ်းရေးအခြေပြု ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် အာဘေးက ပေးပို့သည့်ဗီဒီယိုသတင်းစကားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးအကြိမ်ပြင်ဆင်ရန် ကြိုးပမ်းသည့်အစီအစဉ်ကို ကြေညာခဲ့သည်။ ပြင်ဆင်မှုများတွင် ဂျပန်၏ကာကွယ်ရေးတပ်ဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ကြောင်း အသိအမှတ်ပြုသည့် အပိုဒ်ငယ်ပါဝင်သင့်ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များကို မည်သည့်အခါမျှ တည်ထောင်ခွင့်မရှိသည့် Article 9 ကိုမူ ပြင်ဆင်ရန် အစီအစဉ်မရှိဟု ငြင်းဆိုခဲ့သည်။ ပြင်ဆင်ရန်အတွက် ပါလီမန်၏ လွှတ်တော်နှစ်ရပ်လုံးတွင် ထောက်ခံမဲ သုံးပုံနှစ်ပုံအထိ ရရှိရန်လိုအပ်ပြီးနောက် လူထုဆန္ဒခံယူပွဲ ဆောင်ရွက်ရမည် ဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံရေးအရ စွပ်စွဲမှုများကို ရင်ဆိုင်ခဲ့ရသည်။ လုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်၌ မိတ်ဆွေတစ်ဦးကို ဦးစားပေးခဲ့သည်ဟူ၍ စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ပြီးနောက် လူထုထောက်ခံမှု အကြီးအကျယ်ကျဆင်းခဲ့သည်။

ဂျပန်နိုင်ငံရေးတွင် အဓိကကျသော တိုကျိုပါလီမန်ရွေးကောက်ပွဲကို ဇူလိုင်လ (၂) ရက်က ကျင်းပခဲ့ရာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ LDP ပါတီသည် အမတ်နေရာထက်ဝက်ကျော် ဆုံးရှုံးခဲ့သည်။ တိုကျိုလွှတ်တော်ရှိ အမတ်နေရာ ၁၂၇ နေရာအနက် လက်ရှိတိုကျိုအုပ်ချုပ်ရေးမှူး၏ ပါတီသစ်က ၄၉ နေရာ အနိုင်ရရှိကာ LDP ပါတီက ၂၃ နေရာသာ ရရှိခဲ့သည်။

ဝန်ကြီးချုပ်အာဘေးအပေါ် လူထုထောက်ခံမှုများ ကျဆင်းနေချိန်တွင်ပင် အာဘေး၏လူယုံတစ်ဦးဖြစ်သည့် အမျိုးသမီးကာကွယ်ရေးဝန်ကြီး အိုမိုမီ အီနာဒါသည် ဇူလိုင်လ (၂၈) ရက်က ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ တောင်ဆူဒန်ရှိ ဂျပန်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များက တင်သွင်းသည့်လုံခြုံရေး အစီရင်ခံစာများအပေါ် ကာကွယ်ရေးဝန်ကြီးဌာန၏ ကိုင်တွယ်မှုနှင့်ပတ်သက်၍ ဝေဖန်မှုများကြောင့် နုတ်ထွက်သွားခြင်းဖြစ်သည်။ အီနာဒါနှင့်အတူ ဂျပန်ကြည်းတပ် ဦးစီးချုပ်လည်း ရာထူးမှနုတ်ထွက်သွားသည်။



**ရွေးကောက်ပွဲတွင် မဲရလဒ်အပြတ်အသတ် အနိုင်ရရှိခဲ့သည့် ဝန်ကြီးချုပ်အာဘေး**

အာဘေး၏ LDP ပါတီသည် တိုကျိုပါလီမန်ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ပြီးနောက် လူထု၏ယုံကြည်မှုကို ပြန်လည်ရရှိစေရန် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဟောင်း အိဆုနိုရီအိုဒီရာကို ကာကွယ်ရေးဝန်ကြီးအဖြစ် ပြန်လည်ခန့်ထားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါ၏နေရာတွင် တာရိုကိုနိုကို အစားထိုးခန့်အပ်ခဲ့သည်။ ကိုနိုသည် ချူကလီးယားဆန့်ကျင်ရေးသမားဖြစ်ပြီး အာဘေး၏ အဏုမြူစွမ်းအင်ထောက်ခံမှုကို ပြင်းထန်စွာ ဆန့်ကျင်သူအဖြစ် ထင်ရှားသည်။

ဂျပန်ရွေးကောက်ပွဲကို အချိန်တစ်နှစ်စော၍ အောက်တိုဘာလတွင် ကျင်းပမည်ဟု အာဘေးက ကြေညာလိုက်ပြီးနောက် တိုကျိုအုပ်ချုပ်ရေးမှူး ယူရီကို တိုအီကဲသည် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီသစ်တစ်ခုကို စက်တင်ဘာလ (၂၇) ရက်တွင် တရားဝင်ထူထောင်လိုက်သည်။ မျှော်လင့်ချက်ပါတီ (Party of Hope) ဟုအမည်ပေးထားသည့် ယင်းပါတီသည် ဂျပန်၏စနစ်ဟောင်းနိုင်ငံရေးကို ချိုးဖျက်သွားမည်ဟု ကတိပြုခဲ့သည်။

ရွေးကောက်ပွဲကို အောက်တိုဘာလ (၂၂) ရက်တွင်ကျင်းပခဲ့ရာ လက်ရှိဝန်ကြီးချုပ်အာဘေးက အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ အာဘေး၏ ကွန်ဆာဗေးတစ်ညွန့်ပေါင်းသည် အမတ်နေရာ ၄၆၅ ဦးရှိသော အောက်လွှတ်တော်တွင် ၃၁၂ ဦး ရရှိပြီး အထက်လွှတ်တော်တွင် ၁၅၁ ဦး ရရှိခဲ့သည်။ Party of Hope က ၄၉ နေရာသာရရှိကာ ဗဟိုလက်ဝဲယိမ်း Constiutional Democracy Party က ၅၅ နေရာရရှိခဲ့သည်ဟု အင်န်အိတ်ချ်ကေရုပ်သံသတင်းတွင် ဖော်ပြသည်။ မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုထွက်ပေါ်နေချိန် အာဘေး၏အမျိုးသားရေးရပ်တည်မှုကြောင့် ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နိုဝင်ဘာလ (၁) ရက်တွင် ဂျပန်ပါလီမန်က အာဘေးကို ဝန်ကြီးချုပ်အဖြစ် တရားဝင်ပြန်လည်ရွေးချယ်ခဲ့သည်။ ငြိမ်းချမ်းရေးအခြေပြု ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲပြီး စစ်ဘက်၏အခန်းကဏ္ဍ တိုးမြှင့်မည့် အငြင်းပွားဖွယ်ဆွေးနွေးမှုကို ပြန်လည်စတင်မည်ဟု အာဘေးက ကတိပြုခဲ့သည်။

အသက် ၈၃ နှစ်ရှိ ဂျပန်ဧကရာဇ် အာကီဟီတိုသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်တွင် နန်းစွန့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ဒီဇင်ဘာလ (၁) ရက်တွင် ကြေညာသည်။ ကမ္ဘာ့သက်တမ်းအရှင့်ဆုံးတော်ဝင်မိသားစုတွင် နှစ်ပေါင်း ၂၀၀ ကျော်အတွင်း ပထမဆုံးနန်းစွန့်မှု ဖြစ်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏အဓိကကိုးကွယ်ရာ ရှင်တိုဘာသာတွင် ဧကရာဇ်သည် အရေးပါသည့်ကဏ္ဍမှ ပါဝင်သည်။ ဧကရာဇ်သည် အသက်အရွယ်နှင့် ကျန်းမာရေးပြဿနာတို့ကြောင့်

နောက်ကွယ်၌သာနေလိုကြောင်း ၂၀၁၆ ခုနှစ်က ပြောကြားထားခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး-** နှစ်အပေါင်းနှစ် တွေ့ဆုံမှုအဖြစ် ဂျပန်နှင့်ရုရှားတို့မှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများသည် မတ်လ (၂၀) ရက်က တိုကျို၌ တွေ့ဆုံခဲ့ကြသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ရော့နှင့်တွေ့ဆုံပြီး ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်ဂူ



ဂျပန်ကာကွယ်ရေးဝန်ကြီးအဖြစ်မှ
နုတ်ထွက်သွားခဲ့သည့် အိုမိုမီအီနာဒါ


က ဂျပန်ကာကွယ်ရေးဝန်ကြီး အိုမိုမီအီနာဒါနှင့် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။ ဂျပန်နှင့်ရုရှားအကြား ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရေးတွင် အတားအဆီးဖြစ်နေသော ပိုင်နက်အငြင်းပွားမှု၊ မြောက်ကိုရီးယားပြဿနာအပါအဝင် ဒေသတွင်းလုံခြုံရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ နှစ်အပေါင်းနှစ် တွေ့ဆုံမှုသည် ရုရှားက ခရိုင်းမီးယားကို သိမ်းပိုက်ပြီးနောက်ပိုင်း ရပ်ဆိုင်းသွားခဲ့ရာမှ ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံမှုဖြစ်သည်။

**စစ်ရေး** - မြောက်ကိုရီးယားက ဂျပန်နိုင်ငံပေါ် မှဖြတ်ပြီး ပစိဖိတ်ဒေသရှိ အမေရိကန်ပိုင် ဂူအမ်ကျွန်းသို့ ပဲ့ထိန်းဒုံးကျည်ဖြင့်ပစ်ခတ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ဂျပန်အစိုးရက ဩဂုတ်လ (၁၂) ရက်တွင် Patriot ဒုံးကျည် ကာကွယ်ရေးစနစ်ကို တပ်ဖြန့်ချထားလိုက်သည်ဟု သတင်းများတွင် ဖော်ပြသည်။ ဒုံးကျည်သွားရာလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် နိုင်ငံအနောက်ပိုင်းမှ ရှီမာနီ၊ ဟီရိုရှီးမား၊ ကိုချီတို့တွင် Patriot Advanced Capability (PAC-3) စနစ်ကို တပ်ဖြန့်ခဲ့ပြီး ဖျက်သင်္ဘောတစ်စင်းကိုလည်း ဂျပန်ပင်လယ်တွင် တပ်ဖြန့်ထားသည်ဟု သတင်းများတွင် ဖော်ပြသည်။

**စူးစမ်း၊ မောင်(၁၉၂၇-၂၀၁၇)။** ။ ၁၉၆၃ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) နိုင်ငံရေးဆိုင်ရာစာပေ ပထမဆုကို 'ဘောဂဗေဒလက်ရွေးစင်' စာမူဖြင့်ရရှိသူ စာရေးဆရာမောင်စူးစမ်းကို ဦးလှိုင်၊ ဒေါ်စိန်တို့က ၁၉၂၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်တွင် ပျဉ်းမနားမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးတင်ရွှေဖြစ်ပြီး ကလောင်နာမည်များမှာ မောင်စူးစမ်း၊ ချမ်းအေး၊ မောင်သာဇံတို့ ဖြစ်သည်။

ငယ်စဉ်က ဦးဘိုးအိမ် ကန်တော်ကလေး မြူနီစီပယ်ကျောင်းတွင်ပညာသင်ယူပြီး ထိုမှတစ်ဆင့် ရန်ကုန်ဟိုက်စကူးကျောင်း၊ ဂျပန်ခေတ် စစ်တက္ကသိုလ်တို့တွင် ပညာသင်ယူသည်။ စစ်ပြီးခေတ်တွင် ဘောဂဗေဒဂုဏ်ထူးတန်းဖြင့် တက္ကသိုလ်တက်ရောက်သည်။ ဂုဏ်ထူးတန်းတက်ရောက်နေစဉ် ဗမာပြည်ကွန်မြူနစ်ပါတီဦးဆောင်သည့် လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ အလင်းဝင်ပြီးသောအခါ တက္ကသိုလ်စာမေးပွဲကို ဆက်လက်ဖြေဆိုသည်။ ၁၉၅၅-၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန၌ လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ဘီအေ၊ ဘီအယ်လ်ဘွဲ့ရရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ချီးမြှင့်ခြင်းခံရသည်။

လက်ထောက်ကထိကအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ၌ နိုင်ငံရေးသတင်းထောက်အဖြစ်လည်းကောင်း၊ ခေါင်းကြီးရေးသူအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ မှန်နန်းဂျာနယ်ကို ထုတ်ဝေသည်။ ဆရာမောင်စူးစမ်းသည် အမျိုးသား



**မောင်စူးစမ်း**

စီမံကိန်းဝန်ကြီးဌာန အထူးအရာရှိ၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပညာရေးဘုတ်အဖွဲ့ဝင်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြင်ပစာစစ်မှူး စသည့်တာဝန်များ ပေးအပ်ခြင်းခံရပြီး ဗဟိုတရားရုံးရှေ့နေအဖြစ် ဆောင်ရွက်သည်။

ဆရာမောင်စူးစမ်းသည် လုံးချင်းစာအုပ်ပေါင်း ၆၀ ခန့် ရေးသားထုတ်ဝေပြီးဖြစ်သည်။ ထိုစာအုပ်များမှ စာအုပ်လေးအုပ်ကို တက္ကသိုလ်သုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။ ထုတ်ဝေပြီးစာအုပ်များအနက် ထင်ရှားသည့် စာအုပ်တစ်ချို့မှာ ဗမာ့စီးပွားရေးစစ်တမ်း၊ ကုန်စျေးနှုန်းစစ်တမ်း၊ မာက်စ် ဘောဂဗေဒ (ပထမတွဲ၊ ဒုတိယတွဲ)၊ ဘောဂဗေဒလက်ရွေးစင်၊ စီးပွားရေးရှုထောင့်၊ ဆိုရှယ်လစ်စီးပွားရေးအခြေခံပြဿနာများ၊ မျက်မှောက်မြန်မာ့စီးပွားရေး၊ လက်နက်နှင့်ဒီမိုကရေစီ လဲလှယ်ရေး အယူအဆ (ချမ်းအေးစစ်တမ်း) စသည်တို့ ဖြစ်သည်။

ဆရာမောင်စူးစမ်းသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မော်လမြိုင်မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရသူဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ထူထောင်ရာတွင် ပါဝင်သူဖြစ်သည်။ အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) ရှင်မောင်စူးစမ်းသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ချစ် (ကျောင်းဆရာမကြီး-ငြိမ်း)၊ သားတစ်ဦးနှင့် မြေးတစ်ဦးကျန်ရစ်သည်။

**စိုးအောင်**

**စိမ်းနီ၊ မောင် (၁၉၄၁-၂၀၁၇)။** ။ ကဗျာဆရာ မောင်စိမ်းနီကို ဦးမောင်တင်၊ ဒေါ်သိန်းညွန့်တို့က ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့၊ စက်ဆန်းရပ်ကွက်၌ မွေးဖွားသည်။ နာမည်ရင်းမှာ ဦးလှထွန်းဖြစ်သည်။

အသက်ကိုးနှစ်အရွယ်မှစ၍ မြူနီစီပယ်ကျောင်း၌ သူငယ်တန်းမှ စတုတ္ထတန်းအထိလည်းကောင်း၊ ကန်တော်ကလေးအစိုးရတန်းမြင့်ကျောင်း၌ သတ္တမတန်းအထိလည်းကောင်း ပညာသင်ယူသည်။ ၁၉၅၇ ခုနှစ်တွင် တာမွေအစိုးရအထက်တန်းကျောင်း၌ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဂျူဗလီဟော၌ဖွင့်လှစ်သည့် ပန်းချီပန်းပုအနုပညာသင်ကျောင်း သုံးနှစ်သင်တန်းတက်နေစဉ် တက္ကသိုလ်ဝင်စာမေးပွဲကို အလွတ်ဝင်ရောက်ဖြေဆိုရာ ၁၉၅၉ ခုနှစ်တွင် အောင်မြင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်မြူနီစီပယ်အဖွဲ့ မော်တော်ယာဉ်လုပ်ငန်းခွဲဌာန၌ အောက်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဌာနခွဲမှူးရာထူးဖြင့် အငြိမ်းစားယူသည်။

ကဗျာဆရာ မောင်စိမ်းနီ၏ ပထမဦးဆုံးပုံနှိပ်စာမူမှာ ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်ထုတ် ဘားမားစတားဂျာနယ်၌ပါဝင်သည့် မောင်စိမ်းနီ (ကေသီပန်) ကလောင်အမည်ဖြင့် ရေးသားထားသော 'အညာ' အမည်ရှိ သုံးကြောင်းကဗျာ ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် ကဗျာဆရာ ၁၀ ဦး ပူးတွဲထုတ်ဝေသည့် တော်လှန်ကဗျာစာအုပ်၌ မောင်စိမ်းနီ၏ကဗျာ ၁၀ ပုဒ် ပါဝင်သည်။ ပထမဆုံးလုံးချင်းဝတ္ထုမှာ ၁၉၇၂ ခုနှစ်က ထုတ်ဝေခဲ့သည့် 'နွေဆည်းရီ' ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် 'ဆူးလေလမ်းက လေနုအေးရယ်' ကို ထုတ်ဝေသည်။ သူရိယနေဝန်းတွင် ကဗျာဝေဖန်ရေး ရေးသားသည်။ ၁၉၉၂ ခုနှစ်တွင် 'ထာဝရမိုးကောင်းကင်ဝတ္ထုတိုများ' ကို ထုတ်ဝေသည်။

ကဗျာဆရာမောင်စိမ်းနီသည် 'ပိတောက်ပွင့်သစ်စာပေအနုပညာမဂ္ဂဇင်း' ကို ၁၉၉၁ ခုနှစ်မှစတင်ကာ ဦးစီးထုတ်ဝေ၍ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။ ထိုမဂ္ဂဇင်းမှာ နှစ်အတန်ကြာရပ်နားပြီးနောက် ၂၀၀၆ ခုနှစ်တွင် တစ်ဖန်ပြန်လည်ထုတ်ဝေခဲ့သည်မှာ ယခုအထိဖြစ်သည်။



**မောင်စိမ်းနီ**

ကဗျာဆရာ မောင်စိမ်းနီသည် ဆရာဒဂုန်တာရာ၏ 'ပန်းနုရောင်အလွမ်းစာများ' ကိုလည်း ထုတ်ဝေသည်။ စာနယ်ဇင်းများတွင် မောင်စိမ်းနီအမည်ဖြင့် ကဗျာများကိုလည်းကောင်း၊ နီဇော်အမည်ဖြင့် ဝတ္ထုတိုများကိုလည်းကောင်း ကွယ်လွန်ချိန်အထိ ရေးသားခဲ့သည်။

ကဗျာဆရာမောင်စိမ်းနီသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းနု၊ သားလေးယောက်၊ သမီးတစ်ယောက်နှင့် မြေးရှစ်ယောက်ကျန်ရစ်သည်။

**စိုးအောင်**

**ဆီးရီးယားနိုင်ငံ။** ။ **နိုင်ငံရေး** - ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဆူပူအုံကြွမှုစတင်ချိန်မှစ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလထိ အကျဉ်းသား ၁၃,၀၀၀ ကို ဆီးရီးယားအာဏာပိုင်များက ကွပ်မျက်ခဲ့ကြသည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကာလအတွင်း ဆိုဆေနာယာအကျဉ်းထောင်တွင် ဆီးရီးယားအဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်များ၏ အမိန့်အာဏာဖြင့် သီတင်းတစ်ပတ်လျှင် လူ ၂၀ ဦးမှ ၅၀ ဦးအကြား သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်နှောင်းပိုင်းမှစ၍ ဆီးရီးယားနိုင်ငံတွင် နှိပ်စက်ညှဉ်းပန်းမှုပေါင်းများစွာ ကျင့်သုံးခဲ့သည်။ အဆိုပါညှဉ်းပန်းမှုများ ပိုမိုမြင့်တက်လာခဲ့ကြောင်း ဘေရွတ်မြို့ရှိ ဒေသဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ရုံး လက်ထောက်သုတေသန ညွှန်ကြားရေးမှူး လင်မာလုဖ်က ပြောသည်။

ရုရှားနိုင်ငံသည် ဆီးရီးယားမြောက်ပိုင်းတွင် ဆီးရီးယားအစိုးရအင်အားစုများနှင့် တူရကီ ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယား သူပုန်များအကြား ဖြစ်ပွားနေသည့်ပဋိပက္ခများ ရပ်တန့်စေရန် ကြားဝင်ဖျန်ဖြေမှုပြုလုပ်ခဲ့ကြောင်း နှစ်ဖက်လုံး၏သတင်းအရင်းအမြစ်များက ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်တွင် ဖော်ပြခဲ့သည်။

နှစ်ဖက်လုံးသည် အဆိုပါနယ်နိမိတ်အတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်လျက်ရှိရာ ၎င်းတို့အကြားတွင် ပထမဆုံးအကြိမ် ထိပ်တိုက်ရင်ဆိုင်တွေ့မှုများ ဖြစ်ပွားခဲ့ကြခြင်း ဖြစ်သည်။ ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများသည် ရုရှားကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့ဝင်အင်အားစုများနှင့် တူရကီကျောထောက်နောက်ခံပေးထားသည့် အင်အားစုများ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

ဖေဖော်ဝါရီလ (၉) ရက်က အိုင်အက်စ်အဖွဲ့ ထိန်းချုပ်ထားသည့် အယ်လ်ဘတ်မြို့အနီးတွင် ဖြစ်ပွားခဲ့သည့်ပဋိပက္ခများသည် အစိုးရအဖွဲ့နှင့် သူပုန်အဖွဲ့များကြားတွင် အိုင်အက်စ်ချေမှုန်းရေးကို အပြိုင်အဆိုင်လုပ်ဆောင်ရာမှ တိုက်ပွဲအသစ်တစ်ခု ပေါ်ပေါက်လာခြင်းကို အထင်အရှား ပြသလျက်ရှိသည်။ ရုရှားသည် လက်ရှိဖြစ်ပွားနေသည့်တိုက်ပွဲများကို ထိန်းချုပ်နိုင်ရေးအတွက် ကြားဝင်စေ့စပ်မှုများ ပြုလုပ်လျက်ရှိသည်။ သူပုန်အဖွဲ့မှ ခေါင်းဆောင်အချို့က လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများမှာ အစိုးရအင်အားစုများကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။

တစ်နှစ်တာအတွင်း ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပထမဆုံးအကြိမ်ပြုလုပ်ရေးအတွက် ဆီးရီးယားနိုင်ငံမှ စေ့စပ်ညှိနှိုင်းရေး အဖွဲ့ဝင်

များသည် ဖေဖော်ဝါရီလ (၂၃) ရက်တွင် ဂျီနီဗာရှိ စေ့စပ်ညှိနှိုင်းသူ စတက်ဖန်ဒီမစ်တူရာနှင့်တွေ့ဆုံရန် ရောက်ရှိလာကြသည်။ အစိုးရအဖွဲ့စေ့စပ်ညှိနှိုင်းသူ ဘတ်ရှာအယ်လ်ဂျာအဖာရီ နယူးယောက်မြို့ရှိ ဆီးရီးယား နိုင်ငံဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးသံတမန်နှင့် အတိုက်အခံဘက်မှ စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် နတ်စ်အယ်လ်ဟာရီရီတို့သည် ဂျီနီဗာရှိ ကုလသမဂ္ဂ ရုံးချုပ်သို့ရောက်ရှိလာကြပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စတင်ခဲ့သည့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို ပြန်လည် ပြုလုပ်ခဲ့ကြသည်။

ခြောက်နှစ်ကြာ ပြည်တွင်းပဋိပက္ခများ အဆုံး သတ်ရန် ယခင်ကကြိုးပမ်းလုပ်ဆောင်ခဲ့မှုများသည် အထူးသဖြင့် အလက်ပိုမြို့နှင့်အနီးတစ်ဝိုက်တွင် အကြမ်းဖက်မှုများနှင့် တိုက်ပွဲများပြင်းထန်လာမှုကြောင့် ပျက်ပြားသွားခဲ့သည်။ ယခုအခါ အလက်ပိုမြို့သည် ဆီးရီးယားအစိုးရအင်အားစုများ၏ ထိန်းချုပ်မှုအောက် သို့ ကျရောက်သွားခဲ့ပြီဖြစ်သည်။

လက်ရှိအခြေအနေတွင် ဆီးရီးယားငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာ ယခင်တွေ့ဆုံဆွေးနွေးမှုများထက် ပိုမိုအပြုသဘောဆောင်မှုဖြင့် ပြီးဆုံးခဲ့ကြောင်း ဆီးရီးယား နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်က ပြောကြား သည်။

တိကျသည့်ရလဒ်များမပါဘဲ ဆွေးနွေးပွဲများ ပြီးဆုံးခဲ့သော်လည်း ဤတစ်ကြိမ်တွင် ဆီးရီးယားနိုင်ငံ ၏အနာဂတ်နိုင်ငံရေး အသွင်ကူးပြောင်းရန် အလားအလာ တို့နှင့်ပတ်သက်၍ လက်ခံနိုင်သော အတိုင်းအတာတစ်ခု အထိ ပထမဆုံးဆွေးနွေးနိုင်ခြင်းဖြစ်ကြောင်း အတိုက် အခံစေ့စပ်ရေးမှူး အယ်ဟာရီရီက သုံးသပ်သည်။

အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ဧပြီလဆန်း ပိုင်းအတွင်း ဆီးရီးယားစစ်အခြေစိုက်စခန်းကို အမေရိကန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကို ဆီးရီးယားနိုင်ငံအပေါ် ကျူးကျော်ရန်စမှုတစ်ခုအဖြစ် ပြစ်တင်ရှုတ်ချခဲ့ပြီး အာရပ်ပင်လယ်ကွေ့နိုင်ငံများကို လည်း ယင်းကဲ့သို့သောအပြုအမူအပေါ် အားပေး ထောက်ခံသည့်အတွက် ဝေဖန်လိုက်ကြောင်းသိရ သည်။ ၂၀၁၇ ခုနှစ်၊ ဧပြီ (၉) ရက်က ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ရိုဟာနီသည် အမေရိကန်နှင့်မဟာမိတ်ပြု ထားသည့် အာရပ်ပင်လယ်ကွေ့ နိုင်ငံများအား အမေရိကန်၏ဒုံးကျည်တိုက်ခိုက်မှုကို အားပေးထောက်ခံ သည့်အတွက် ဝေဖန်ရှုတ်ချခဲ့သည်။

ကမ္ဘာ့အင်အားကြီး ခုနစ်နိုင်ငံ (ဂျီ-၇) မှ ခေါင်းဆောင်များသည် ဆီးရီးယားအရေး အဖြေရှာရန် အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီ (၁၁) ရက်က အရှေ့အလယ်ပိုင်း မဟာမိတ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ယခုအချိန်တွင် စုစည်းညီညွတ်ရမည်ဖြစ်ကြောင်း၊ ယခုညှိနှိုင်းမှုမှသည် ရုရှားကို အာဆတ်အစိုးရနှင့် ဆက်ဆံရေးပြိုကွဲစေရန်အတွက် ပူးပေါင်းလုပ်ဆောင် ရမည်ဖြစ်ကြောင်း၊ ယခုကာလတွင် ဆီးရီးယားအရေး နှင့်ပတ်သက်၍ ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအတွက် နိုင်ငံရေး အဖြေရှာရမည့် အချိန်အခါဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေး ဝန်ကြီး ဆစ်ကမာဂဲလ်ဗရီရယ်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံ ရှေ့ရက်တ်လေတပ်စခန်းကို တိုက်ခိုက်ခဲ့သည့်လုပ်ရပ်မှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှား နိုင်ငံကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက မော်စကို အပြည် ပြည်ဆိုင်ရာ လုံခြုံရေးအစည်းအဝေး၌ ပြောကြားသည်။

ဆီးရီးယားအနောက်ပိုင်း အဓိကပဋိပက္ခဖြစ်ပွား ရာဒေသများတွင် စစ်မဖြစ်ပွားရေးဇုန်တစ်ခု တည်ထောင် ရန်ဆိုသည့် သဘောတူညီချက်သည် စတင်အကျိုး သက်ရောက်မှုရှိလာပြီ ဖြစ်သည်။

ဆီးရီးယားပြည်တွင်းစစ်အတွင်း ဓာတုလက်နက် များအသုံးပြုခြင်းအတွက် စုံစမ်းစစ်ဆေးရန် လုပ်ပိုင် ခွင့်သက်တမ်းတိုးမြှင့်ခြင်းကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၌ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက် တွင် ရုရှားနိုင်ငံက ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့သည့် အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် အလွန် စိတ်ပျက်ကြောင်း ပြောဆိုသည်။ ယင်းသို့ ဓာတုလက်နက် အသုံးပြုတိုက်ခိုက်ခြင်းကို ဆီးရီးယားသမ္မတ အာဆတ်၏ လေတပ်မှ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အိုင်အက်စ် စစ်သွေးကြွ များကို တိုက်ခိုက်ရန်လိုအပ်သည့် အခြေအနေပေါ်

မူတည်ပြီး စစ်ပွဲကို ဆက်လက်ဆင်နွှဲသွားမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းမာတစ်က နိုဝင်ဘာလ (၁၃) ရက်၌ ပြောကြားလိုက်ရာ သူပုန်များက ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေအားလုံး ဆုံးရှုံးသွားပြီးနောက်ပိုင်း အမေရိကန်တပ်ဖွဲ့များကို ရေရှည်ထားရှိမည်ဟု ဆိုသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကလည်း ဆီးရီးယားစစ်ပွဲအရှိန်လျှော့လာနေစဉ် ဆီးရီးယားနိုင်ငံ တည်ငြိမ်မှုရရှိရေး ပူးတွဲကြိုးပမ်းသွားမည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။

ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက် တိုက်ခိုက်မှုနှင့်ပတ်သက်၍ နိုင်ငံတကာစုံစမ်းစစ်ဆေးမှုကို

မြို့အရှေ့ပိုင်း၏ ၈၀ ရာခိုင်နှုန်းကို ပြန်လည်ရယူနိုင်ခဲ့ပြီးဖြစ်ကြောင်း အစိုးရထောက်ခံသည့် အယ်လ်ဝါသတင်းစာတွင် ဖော်ပြထားသည်။ အယ်လ်ဘူကာမယ်လ်မြို့သည် အိုင်အက်စ်စစ်သွေးကြွများအတွက် အရေးကြီးဆုံးမြို့ဖြစ်ပြီး ယင်းမြို့ကို လက်လွှတ်လိုက်ရပါက ဆီးရီးယား၌ ၎င်းတို့ထိန်းချုပ်ထားရာ နေရာအားလုံး ဆုံးရှုံးသွားမည် ဖြစ်သည်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဂျီနီဗာတွင် ဒီဇင်ဘာလ (၁၂) ရက်က ဆက်လက်ကျင်းပခဲ့ရာ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် စတက်ဖန်ဒီမစ်တူရာသည် ဆီးရီးယားအစိုးရအဖွဲ့နှင့်သာမက အတိုက်အခံကိုယ်စားလှယ်များအဖွဲ့နှင့်ပါ တွေ့ဆုံခဲ့ပြီး




**ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲများရပ်တန့်ရေးနှင့် သမ္မတ အာဆတ် ကို ထောက်ခံနေသည့် ပြည်သူများ**

တိုးချဲ့ပြုလုပ်မည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကိုတားဆီးရန် ရုရှားအစိုးရက ဒုတိယအကြိမ်မြောက် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း ပဋိပက္ခများ စတင်ဖြစ်ပေါ်ခဲ့ပြီးနောက် ရုရှားသည် ၎င်း၏မဟာမိတ်နိုင်ငံကို ကူညီရန်အတွက် ဗီတိုအာဏာကို အသုံးပြုခဲ့သည်မှာ ၁၁ ကြိမ်ရှိခဲ့ပြီဖြစ်သည်။

ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်တိုက်ခိုက်ရေးအဖွဲ့များသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများ နောက်ဆုံးထိန်းချုပ်ထားသည့် အယ်လ်ဘူကာမယ်လ်

သီးခြားစီ ဆွေးနွေးပွဲများကျင်းပခဲ့သည်။ အတိုက်အခံများက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ဖြုတ်ချရန်ဖြစ်ပြီး ယင်းဖြုတ်ချမှုကသာ နိုင်ငံရေးပြောင်းလဲမှုဖြစ်မည်ဟု အခိုင်အမာယူဆထားကြသည်။

**စစ်ရေး** - ဆီးရီးယားနိုင်ငံ ဟုမ်းစ်ပြည်နယ် အလယ်ပိုင်းရှိ ဆီးရီးယားတပ်ဖွဲ့ အခြေစိုက်နေရာများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အစ္စရေးတိုက်လေယာဉ် လေးစင်းအနက် တစ်စင်းအား ဆီးရီးယားလေကြောင်း ကာကွယ်ရေး

စနစ်ဖြင့် ပစ်ချခဲ့ကြောင်း ဆီးရီးယားတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အစ္စရေးတိုက်လေယာဉ် လေးစင်းသည် ၂၀၁၇ ခုနှစ်၊ မတ် (၁၇) ရက် နံနက်က ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာပြီး ဟုမ်းစ်ပြည်နယ်အစွန်အဖျား ပါမိုင်ရာမြို့အနီးရှိ ဆီးရီးယားတပ်ဖွဲ့အခြေစိုက်နေရာတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာထုတ်ပြန်ချက်အရ သိရသည်။

နောက်ပိုင်းတွင် သူပုန်များနှင့် အိုင်အက်စ်များက အစိုးရတပ်ဖွဲ့များကို ရုတ်တရက်တိုက်ခိုက်ခဲ့ရာ ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၏ အရှေ့ပိုင်းတို့တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလ ပထမပတ်အတွင်း အပြစ်မဲ့ကလေးငယ်များစွာသေဆုံးစေခဲ့သည့် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုကို ဆီးရီးယားတပ်ဖွဲ့က လုပ်ဆောင်ခဲ့သည်ဟုဆိုကာ အမေရိကန်သည် ဧပြီလ (၇) ရက်တွင် ဆီးရီးယားစစ်အခြေစိုက်စခန်းကို ဒုံးကျည်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်သည်။

ဆီးရီးယားဂျက်လေယာဉ်များက ဒမတ်စကတ်မြို့အရှေ့ပိုင်းရှိ လူနေဒေသကို ၂၀၁၇ ခုနှစ်၊ ဧပြီ (၃) ရက်က ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သေဆုံးမှုများရှိခဲ့ပြီး ဒမတ်စကတ်မြို့အနီးရှိ သူပုန်တို့၏နယ်မြေကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာတွင် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အိုင်အက်စ်တို့ကို တိုက်ခိုက်နေသည့် ဆီးရီးယားသူပုန်များအပေါ် ဗုံးကြဲချခဲ့သော ဆီးရီးယားအစိုးရတိုက်လေယာဉ်တစ်စင်းကို အမေရိကန်ဂျက်တိုက်လေယာဉ်တစ်စင်းက ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၈) ရက်တွင် ပစ်ချလိုက်သည်။ အမေရိကန်က လေကြောင်းမှတိုက်ခိုက်မှုတွင် ပထမဦးဆုံး ပါဝင်ပတ်သက်ခြင်းဖြင့် ဆီးရီးယားပဋိပက္ခ အရှိန်အဟုန်မြှင့်တင်မှုကို အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။

ရက်ကွာပြည်နယ်တောင်ပိုင်း အိုင်အက်စ် အစွန်းရောက်များကို ချေမှုန်းသည့်စစ်ဆင်ရေးများတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့များက နယ်မြေအများအပြားကို ပြန်လည်သိမ်းပိုက်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။ ဆီးရီးယားအစိုးရတပ်ဖွဲ့က ရက်ကွာပြည်နယ်တောင်ပိုင်း၌ အိုင်အက်စ်အစွန်းရောက် အဖွဲ့ဝင်အချို့ကို ရှင်းလင်းခဲ့ပြီး တင့်ကားတစ်စီးနှင့် ကားလေးစီးကို ဖျက်ဆီးနိုင်ခဲ့ကာ မြို့တစ်မြို့၊ ရေနံတွင်း ၁၅ တွင်းနှင့် ရေနံမြေတစ်ခုကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

ဆီးရီးယားတပ်မတော်သည် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်စဲကြောင်းကြေညာချက် ထုတ်ပြန်ထားသော်လည်း ထိုသို့ထုတ်ပြန်ကြေညာခဲ့ပြီး တစ်ရက်အကြာ ဇူလိုင် (၂၃) ရက်တွင် ဒမတ်စကတ်မြို့၏ အရှေ့ဘက်ဂူတာအရှေ့ပိုင်း ဇရိယာအတွင်း၌ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့များက ပြောကြားသည်။

ရုရှားနှင့်အီရန်တို့က ထောက်ခံအားပေးသည့် ဆီးရီးယားသမ္မတ အယ်လ်အာဆတ်၏တပ်ဖွဲ့များသည် နိုင်ငံအရှေ့ပိုင်း ဒီအာအယ်ဇိုမြို့၏ မြို့စောင့်တပ်ထံသို့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ (၅) ရက်က ရောက်ရှိသွားရာ အိုင်အက်စ်များ၏ သုံးနှစ်ကြာပိတ်ဆို့ထားမှု အဆုံးသတ်သွားခဲ့သည်။

ဒမတ်စကတ်မြို့အနီးရှိ သူပုန်များဝိုင်းထားသည့်နယ်မြေရှိ လူစည်ကားရာဒေသများကို ဆီးရီးယားနှင့် ရုရှားဂျက်လေယာဉ်များက ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်တွင် တတိယမြောက်သီတင်းပတ် အရှိန်အဟုန်တိုးမြှင့်တိုက်ခိုက်စဉ် လူ ၂၇ ဦးသေဆုံးပြီး လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး** - ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၉) ရက်မှစတင်၍ အပစ်အခတ်ရပ်စဲရန် အမေရိကန်၊ ရုရှားနှင့်ဂျော်ဒန်နိုင်ငံတို့က သဘောတူညီခဲ့ကြောင်း သိရသည်။ အဆိုပါ အပစ်အခတ်ရပ်စဲရေးကို ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် သူပုန်အုပ်စုများ သဘောတူထားသည့် နယ်စပ်တစ်လျှောက်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံက ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဟမ်းဘတ်ထိပ်သီးအစည်းအဝေး၌ အမေရိကန်နှင့် ရုရှားခေါင်းဆောင်

များ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ပြီးနောက် ကြေညာခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆော်ဒီ၊ အီဂျစ်၊ အစ္စရေး ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်သည်။ အရှေ့အလယ်ပိုင်းဒေသ၏ အခြေအနေများနှင့် ဆီးရီးယားပဋိပက္ခများကို ရေရှည်ညှိနှိုင်းဖြေရှင်းရန် အလားအလာများနှင့်ပတ်သက်၍ ရုရှားသမ္မတနှင့် ဆော်ဒီဘုရင် ဆယ်မန်တင်အဗ္ဗဒူလာဇဇ် အယ်လ်ဆော့ဒ်တို့ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

**ကျန်းမာရေး** - ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလက လူပေါင်းဒါဇင်နှင့်ချီကာ သေဆုံးခဲ့သော ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုတစ်ခုအတွင်း အာရုံကြောများထိခိုက်စေသော တားမြစ်ထားသည့် ဆာရင်ဓာတ်ငွေ့များ အသုံးပြုထားသည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂဓာတုလက်နက် တားဆီးရေးအဖွဲ့၏ လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်၏ အတိုက်အခံများ ထိန်းချုပ်ထားသော ဆင်ခြေဖုံးရပ်ကွက်တစ်ခုအတွင်း ဆေးဘက်ဆိုင်ရာ ပြောင်းရွှေ့မှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကြက်ခြေနီအသင်းက ပြောကြားသည်။ အရှေ့ပိုင်း ဂေါက်တာဒေသမှ အရေးပေါ်လူနာများကို မြို့တော်သို့ပြောင်းရွှေ့ထားရသည်။

**လူမှုရေး** - ဆီးရီးယားနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားသည့် အကူအညီ ဒေါ်လာ ၆၉၇ သန်းပေးအပ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ (၂၁) ရက်၌ ကြေညာသည်။ ၂၀၁၂ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံက ဆီးရီးယားနိုင်ငံသို့ ထောက်ပံ့ငွေစုစုပေါင်း ဒေါ်လာ ၇ ဘီလျံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဒေသတွင်းရှိ ဂျော်ဒန်နိုင်ငံက ဒေါ်လာ ၈၈ သန်း၊ တူရကီနိုင်ငံက ဒေါ်လာ ၃၅ သန်း၊ လက်ဘနွန်နိုင်ငံက ဒေါ်လာ ၂၉ သန်း၊ အီရတ်နိုင်ငံက ဒေါ်လာ ၁၅ သန်း၊ အီဂျစ်နိုင်ငံက ဒေါ်လာ ၁၃ သန်းနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများက ဒေါ်လာနှစ်သန်း ပေးပို့ခဲ့သည်ဟု သိရသည်။

**အကြမ်းဖက်မှု** - ဆီးရီးယားနိုင်ငံ ဟုမ်းစ်ပြည်နယ်ရှိ ဟာရန်ဓာတ်ငွေ့ကုမ္ပဏီ၏ဓာတ်ငွေ့ပိုက်လိုင်းများကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ (၆) ရက်တွင် အိုင်အက်စ် အကြမ်းဖက်သမားများက ဖောက်ခွဲခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံက ပြောကြားသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အယ်လ်ဘတ်မြို့အနီးရှိ သူပုန်များကိုပစ်မှတ်ထားကာ အိုင်အက်စ် တိုက်ခိုက်ရေးသမားတစ်ဦးက ဖေဖော်ဝါရီ (၂၄) ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ရာ လူ ၄၀ ဦး သေဆုံးကြောင်း စောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ ယင်းဗုံးခွဲမှုသည် အယ်လ်ဘတ်မြို့အနောက်ဘက်ရှိ ဆူစီယန်မြို့တွင်ဖြစ်ပွားခဲ့ပြီး တူရကီကျောထောက်နောက်ခံသူပုန်အဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်သည်။ အဆိုပါမြို့ကို တူရကီစစ်တပ်နှင့်မိတ်ဖက် ဆီးရီးယားသူပုန်များက ဖေဖော်ဝါရီ (၂၃) ရက်က အိုင်အက်စ်များထံမှ ပြန်လည်သိမ်းယူခဲ့ခြင်းကြောင့် ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က အစောပိုင်းတွင် ကြေညာခဲ့သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်းသည် ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒီအာအက်ဇ်ဇာမြို့၌ အိုင်အက်စ်အကြမ်းဖက်သမားများ၏ပစ်ချမှုကို ခံခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံလိုင်းက ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၂) ရက်က ထုတ်လွှင့်ခဲ့သည်။

ပြိုင်ဘက်သူပုန်များသည် ပြန်လည်ဆုတ်ခွာခဲ့ပြီး ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက်ရှိမြို့နှင့် ၎င်းတို့၏ပြည်နယ်ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ဂျီဟတ်များသည် ဆီးရီးယားရှိ အိုင်ဒလစ်မြို့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၂၃) ရက်က သိမ်းပိုက်ခဲ့ကြသည်။ထိုအချိန်မှာပင် အိုင်ဒလစ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦး သေဆုံးခဲ့သည်။ ၎င်းတို့အနက် ၉ ဦးမှာ ဂျီဟတ်စစ်သွေးကြွများ ဖြစ်သည်။

ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်ရှိ မီဒန် ရဲဌာနတွင် အသေခံဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၁၆ ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနက ကြေညာသည်။ ဆီးရီးယားနိုင်ငံတွင် ပြည်တွင်းစစ်အတွင်း ဆီးရီးယားမြို့တော်သည် အကြမ်းဖက်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည့်မြို့ ဖြစ်သည်။





**ဆီးရီးယားနိုင်ငံအတွင်း ကားဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်နှစ်ဦးကို ဆေးကုသမှုပေးနေစဉ်**

အဆိုပါ အသေခံဗုံးဖောက်ခွဲမှုသည် တောင်ပိုင်း မီဒန်ခရိုင်ရှိ ရဲဌာန၌ ဖြစ်ပွားခဲ့ရာတွင် အရပ်သားများနှင့် ရဲတပ်သားတစ်ဦး သေဆုံးခဲ့သည်ဟု ဆီးရီးယား ပြည်ထဲရေး ဝန်ကြီးဌာနက ကြေညာသည်။ အသေခံဗုံးဖောက်ခွဲမှု တွင် သေဆုံးသူများထဲ၌ ရဲအရာရှိရှစ်ဦးပါဝင်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေး အုပ်စုက ပြောသည်။ အသေခံဗုံးခွဲသူ နှစ်ဦးအနက် တစ်ဦးမှာ ရဲဌာနအတွင်းသို့ဝင်ရောက်ကာ အဆောက်အအုံ ၏ ပထမထပ်သို့ရောက်ရှိခဲ့သည်ဟု ဆီးရီးယား ပြည်ထဲရေး ဝန်ကြီး မိုဟာမက်ရှားက သတင်းထောက်များကို ပြောကြားကြောင်းသိရသည်။

**သိန်းဝင်းဇော်**

## ဆူရင်ပစ်ဆူဝမ်

**ဆူရင်ပစ်ဆူဝမ် ။** ။ အာဆီယံအတွင်းရေးမှူးချုပ် ဟောင်း ဆူရင်ပစ်ဆူဝမ်ကို ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်တွင် ထိုင်းနိုင်ငံ၌ မွေးဖွားသည်။ ထိုင်းနိုင်ငံ သမားဆက်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ပြီး နိုင်ငံရေး သိပ္ပံဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရရှိသည်။

ဆူရင်သည် ၁၉၇၂ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ် ကလဲရာ မောင့်မန်းစ်ကောလိပ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ဆက်လက်ဆည်းပူးခဲ့သည်။ ထို့နောက် ရော့ခ်ဖဲလား ဖောင်ဒေးရှင်း၏ထောက်ပံ့မှုဖြင့် ဟားဗတ်တက္ကသိုလ်၌ ပညာသင်ယူခဲ့ရာ ၁၉၇၄ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၈၂ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည်။ ပါရဂူဘွဲ့အတွက် အစ္စလာမ်နှင့် မလေး အမျိုးသားရေးဝါဒကျမ်းကို တင်သွင်းခဲ့သည်။ အီဂျစ်နိုင်ငံ ကိုင်ရို၊ အမေရိကန်တက္ကသိုလ်၌ အာရပ် ဘာသာစကားကို သင်ကြားခဲ့ပြီး သုတေသနလုပ်ငန်း များ ဆောင်ရွက်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် နခွန်ဆီသမားရက်နယ်မြေ အတွက် ပါလီမန်အမတ်အဖြစ် ပထမဆုံးအကြိမ်ရွေးချယ် ခံရသည်။ ၁၉၈၈ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန လက်ထောက် အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ထိုင်းနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အာဆီယံ ဒေသဆိုင်ရာဖိုရမ် (ARF) တွင် ဥက္ကဋ္ဌအဖြစ် ထမ်းဆောင် သည်။



**ဆူရင်ပစ်ဆူဝမ်**

၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်းတွင် ဆူရင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ကိုဖီအာနန်ကို ဆက်ခံနိုင်ခြေရှိသူအဖြစ် မီဒီယာများက ထင်ကြေးပေးဖော်ပြခဲ့ကြသည်။ သို့ရာတွင် ထိုင်းအစိုးရအဖွဲ့က ဆူရင်ကို ထောက်ခံခြင်းမရှိပေ။ ၂၀၀၇ ခုနှစ် ဇွန်လတွင် အာဆီယံအတွင်းရေးမှူးချုပ်ရာထူးအတွက် ဆူရင်ကို ထိုင်းအစိုးရအဖွဲ့က အမည်စာရင်းတင်သွင်းခဲ့ရာ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ကျင်းပသည့်အကြိမ် (၄၀) မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ အတည်ပြုခဲ့သည်။ ထို့ကြောင့် ဆူရင်သည် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်တွင် စင်ကာပူနိုင်ငံမှ အိုကင်းယောင်ထံမှ အာဆီယံအတွင်းရေးမှူးချုပ်ရာထူးကို လွှဲပြောင်းရယူခဲ့ပြီး ငါးနှစ်သက်တမ်း ထမ်းဆောင်ခဲ့သည်။ အာဆီယံအတွင်းရေးမှူးချုပ်အဖြစ် ထမ်းဆောင်ခဲ့စဉ်အတွင်း အာဆီယံသည် နိုင်ငံတကာရေးရာများတွင် အရေးပါသည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့သည်။

ဆူရင်သည် နိုင်ငံရေးတာဝန်များအပြင် သမားဆက်တက္ကသိုလ်၌ စာပေသင်ကြားပို့ချပေးခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ သမားဆက်တက္ကသိုလ်၏ ပညာရပ်ဆိုင်ရာအဖွဲ့ ဒုတိယအကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။ အသက် ၆၈ နှစ်အရွယ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၃၀) ရက်တွင် ဘန်ကောက်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

**အိခိုင်**




**ဆိုရီး၊ မာရီယို။** ။ ပေါ်တူဂီနိုင်ငံသမ္မတဟောင်း မာရီယိုဆိုရီးကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ (၇) ရက်တွင် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့၌ မွေးဖွားသည်။ လစ္စဘွန်းတက္ကသိုလ်မှ သမိုင်းနှင့်ဒဿနိကဘာသာရပ်ဖြင့် ဘွဲ့ရရှိသည်။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် ပေါ်တူဂီကွန်မြူနစ်ပါတီတွင် လူငယ်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် မာရီယာဒီဘာရက်ဆိုနှင့် လက်ထပ်ခဲ့ပြီး သားသမီးနှစ်ဦး ထွန်းကားသည်။

ဆိုရီးသည် ၁၉၅၇ ခုနှစ်တွင် လစ္စဘွန်းတက္ကသိုလ်၌ သမိုင်းနှင့်ဒဿနိကဘာသာရပ် ကထိကဖြစ်လာသည်။ သို့ရာတွင် ပေါ်တူဂီအာဏာရှင် အန်တိုနီယိုအော်လီဗီရာဆယ်လာဇာကို ဆန့်ကျင်သည့် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သောကြောင့် မကြာခဏဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထို့ကြောင့် ဥပဒေဘာသာရပ်ကို လေ့လာခဲ့ပြီး ရှေ့နေတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသည်။ ရှေ့နေအဖြစ် နိုင်ငံရေးအမှုများတွင် လိုက်ပါဆောင်ရွက် ပေးခဲ့သည်။

ဆိုရီးသည် ၁၉၆၄ ခုနှစ် ဧပြီလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ၌ ပေါ်တူဂီဆိုရှယ်လစ်လှုပ်ရှားမှုကို စတင်ထူထောင်ခဲ့သည်။ ယင်းကဲ့သို့ထူထောင်လိုက်ခြင်းမှာ ကွန်မြူနစ်ဝါဒီများနှင့် သိသိသာသာကွဲထွက်ပြီး လစ်ဘရယ်ဝါဒဘက်သို့ တိမ်းညွှတ်မှုကို ပြသလိုက်ခြင်း ဖြစ်သည်။ ၁၉၆၈ ခုနှစ် မတ်လတွင် ထပ်မံဖမ်းဆီးခံရပြီး စစ်ခုံရုံးက ၎င်းကို ပြည်နှင်ဒဏ်ပေးလိုက်သည်။ ယင်းနောက် ရှစ်လအကြာတွင် အာဏာရှင် ဆယ်လာဇာအစိုးရ ပြုတ်ကျပြီး မာဆယ်လိုဆီတာနိုအစိုးရ တက်လာခဲ့သည်။ အစိုးရသစ်သည် ဆိုရီးအပါအဝင် အကျဉ်းသားအများအပြားကို ပြန်လွှတ်ပေးခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ပေါ်တူဂီဆိုရှယ်လစ်လှုပ်ရှားမှုသည် ဆိုရှယ်လစ်ပါတီဖြစ်လာခဲ့ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် ဆိုရီးကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပေါ်တူဂီတပ်မတော်က အာဏာသိမ်းယူခဲ့သဖြင့် ဆိုရီးနှင့်အခြား ပြည်ပြေးနိုင်ငံရေးသမားများသည် ပေါ်တူဂီသို့ပြန်လာခဲ့ကြပြီး တော်လှန်ရေးတစ်ရပ်ဆင်နွှဲကာ ယာယီအစိုးရ ဖွဲ့စည်းလိုက်သည်။ ယာယီအစိုးရတွင် ဆိုရီးသည် နိုင်ငံခြားရေးဝန်ကြီး



**မာရီယိုဆိုရီး**

အဖြစ် တာဝန်ယူခဲ့ပြီး ပင်လယ်ရပ်ခြားရှိ ပေါ်တူဂီကိုလိုနီဒေသများ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ပြီး ဒီမိုကရက်တစ်အစိုးရတစ်ရပ်ကို ထူထောင်ခဲ့သည်။ ယင်းနှစ် ဧပြီလ (၂၅) ရက်တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဆိုရှယ်လစ်ပါတီက လွှတ်တော်တွင် နေရာအများစုအနိုင်ရရှိခဲ့ပြီး မာရီယိုဆိုရီးသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဆိုရီးအစိုးရအဖွဲ့သည် ဘတ်ဂျက်လိုငွေပြမှုကို ဖြေရှင်းနိုင်ရန်အတွက် ခြိုးခြံရေး မူဝါဒကျင့်သုံးခဲ့ရသဖြင့် ၎င်းအပေါ် လူကြိုက်နည်းလာပြီး ၁၉၇၈ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

၁၉၈၃ ခုနှစ် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးချယ်ခံရပြီး ၁၉၈၅ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးချုပ်သက်တမ်းအတွင်း အဓိကအောင်မြင်မှုအဖြစ် ဥရောပစီးပွားရေး အသိုက်အဝန်းသို့ ပေါ်တူဂီနိုင်ငံ ဝင်ရောက်ခွင့်ရရှိစေရန် စေ့စပ်ညှိနှိုင်းပေးနိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၁ ခုနှစ်တွင် ထပ်မံရွေးချယ်ခံရပြီး ၁၉၉၆ ခုနှစ် အထိ သမ္မတတာဝန်ထမ်းဆောင်ခဲ့သည်။ ဆိုရီးသည် နိုင်ငံရေးမှ အနားယူပြီးနောက် ကမ္ဘာ့ဒီမိုကရက်တစ် ခေါင်းဆောင် ၈၀ ကျော်ပါဝင်သည့် မက်ဒရစ်ကလပ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ကာ ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရက်တစ်အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုများ အားကောင်းလာစေရန် ကြိုးပမ်းခဲ့သည်။

မာရီယိုဆိုရီးသည် အသက် ၉၂ နှစ်အရွယ် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၇) ရက်တွင် လစ္စဘွန်းမြို့၌ ကွယ်လွန်သည်။

**ဇင်ဘာဘွေနိုင်ငံ။** ။ ဇင်ဘာဘွေနိုင်ငံသည် အာဖရိကတိုက်၏ တောင်ဘက်ပိုင်းတွင်ရှိပြီး ယခင်က ရိုဒီးရှားဟု အမည်တွင်ခဲ့ကာ ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရရှိပြီးနောက်မှ ဇင်ဘာဘွေဟူသော အမည်သစ်ပြောင်းခဲ့ခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှာ တောင်ဘက်တွင် တောင်အာဖရိကသမ္မတနိုင်ငံ၊ အနောက်တောင်ဘက်တွင် ဘော့စဝါနာနိုင်ငံ၊




**အာဖရိကတိုက်တောင်ပိုင်းရှိ ဇင်ဘာဘွေနိုင်ငံပြမြေပုံ**

အနောက်မြောက်ဘက်တွင် ဇင်ဘီဇီနိုင်ငံ၊ အရှေ့နှင့် အရှေ့မြောက်ဘက်တွင် မိုဇမ်ဘစ်နိုင်ငံတို့ ဖြစ်သည်။ နိုင်ငံ၏မြို့တော်မှာ ဟာရာရေး ဖြစ်သည်။

နိုင်ငံ၏မြေမျက်နှာပြင်မှာ အလယ်ပိုင်း ကုန်းပြင်မြင့်သည် မီတာ ၁၀၀၀ မှ ၁၆၀၀ အထိမြင့်ပြီး အရှေ့ဘက်တောင်တန်းများရှိ တောင်ထိပ်သည် ၂၅၉၂ မီတာ မြင့်သည်။ နိုင်ငံဧရိယာ၏ ၂၀ ရာခိုင်နှုန်းမျှသာရှိသော မြေနိမ့်ပိုင်းသည်ပင်လျှင် ၉၀၀ မီတာ အမြင့်တွင်ရှိသည်။ ဤကဲ့သို့သော ကုန်းမြင့်များသည် ကမ္ဘာလှည့်ခရီးသွားများ အလွန်နှစ်သက်သည့် လှပသောရှုခင်းများ

ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ကမ္ဘာ့အကြီးမားဆုံးရေတံခွန်များတွင် တစ်ခုအပါအဝင်ဖြစ်သော ဗစ်တိုးရီးယားရေတံခွန်ကြီး တည်ရှိနေခြင်းကလည်း ပြည်ပဝင်ငွေများရရှိနိုင်သော အချက်တစ်ခုဖြစ်ပြီး ယင်းသည် ဇမ်ဘီဇီမြစ်ကြီး စတင်စီးဆင်းရာနေရာလည်း ဖြစ်ပေသည်။

နိုင်ငံ၏တောင်ဘက်ပိုင်းသည် အပူပိုင်းရာသီဥတုရရှိကာ ပူပြင်းခြောက်သွေ့သောဒေသဖြစ်ပြီး ဇမ်ဘီဇီမြစ်ဝှမ်းသည် အလွန်ပူပြင်းသည်။ သို့သော် အရှေ့တောင်ကုန်းဒေသများမှာ အလွန်အေးသောရာသီဥတုရှိသည်။ မိုးရာသီသည် အောက်တိုဘာလမှမတ်လအထိဖြစ်သော်လည်း မိုးခေါင်မှုဒဏ်ကို မကြာခဏခံရသည်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏ ဘဝနောက်ကြောင်းမှာ အလွန်ရိုးသားပြီး တက္ကသိုလ်ဘွဲ့ ခုနစ်ခုအထိရရှိသော ကျောင်းဆရာတစ်ဦးဖြစ်ကာ ပြည်သူများလွတ်လပ်ရေးရရှိရန်အတွက် ပြောက်ကျားတစ်ဦးအဖြစ် ကြိုးပမ်းခဲ့သူဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် ကိုလိုနီဆန့်ကျင်ရေး မိန့်ခွန်းပြောကြားခဲ့သည့်အတွက် ထောင် ၁၀ နှစ်ကျခံခဲ့ရသည်။ မိုဇမ်ဘစ်နိုင်ငံတွင် ခိုအောင်းကာ တိုက်ပွဲဝင်ခဲ့ရာ ၁၉၇၉ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သမ္မတအဖြစ် ကိုလိုနီနယ်ချဲ့လူဖြူများပိုင်သောလယ်မြေများကိုသိမ်းယူကာ လူမည်းများအတွက် အကျိုးဆောင်ပေးခဲ့သူလည်း ဖြစ်သည်။ သို့သော် တိုင်းပြည်မှာ ဆင်းရဲတွင်းမှ မတက်နိုင်ခဲ့ပေ။

နိုင်ငံ၏ငွေကြေးဖောင်းပွမှုမှာ ၈၀၀၀ ရာခိုင်နှုန်းဖြစ်ပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ခဲ့သည်။ ၂၀၀၀-၂၀၀၇ ခုနှစ်အတွင်း နိုင်ငံစီးပွားရေးမှာ ၅၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ်ချိန်က အာဖရိက၏အချမ်းသာဆုံးဘဝမှ ယခုအခါ အဆင်းရဲဆုံးနိုင်ငံဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုနိမ့်ကျသဖြင့် လူဦးရေ၏ ၂၅ ရာခိုင်နှုန်းမှာ HIV/ AIDS ရောဂါသည်များ ဖြစ်ခဲ့သည်။

ပညာရေးစနစ်ညံ့ဖျင်းလာမှုကြောင့် ပညာရေးတွင် အကျင့်ပျက်မှုများဖြစ်ပွားလာကာ စီးပွားရေးသဖွယ်ရောင်းစားခဲ့သဖြင့် ဆရာ၊ ဆရာမများ၏ လေးပုံတစ်ပုံခန့်မှာ ပြည်ပသို့ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ လူဖြူတို့၏လယ်မြေများကို ပြည်သူပိုင်သိမ်းမှုများကြောင့် နိုင်ငံတကာ၏အထင်သေးမှုကိုခံရပြီး ဥရောပသမဂ္ဂ၏ကုန်သွယ်ရေးပိတ်ဆို့မှုကို ခံခဲ့ရပြန်သည်။ နိုင်ငံတွင်း အဖက်ဖက်မှချွတ်ခြုံကျလာခြင်းကို လျစ်လျူရှုကာ မိမိအာဏာတည်မြဲရေးကိုသာ ဆောင်ရွက်ခဲ့ခြင်းသည် မူဂါဘီ၏ချွတ်ယွင်းမှုများဖြစ်ခဲ့သည်။




**ဇင်ဘာဘွေသမ္မတဟောင်း မူဂါဘီနှင့်သမ္မတကတော် ဂရေ့စ်တို့ကို တွေ့ရစဉ်**

ဇင်ဘာဘွေနိုင်ငံသမ္မတ ရောဘတ်မူဂါဘီအား ဝန်းရံနေသူများကို ရှင်းလင်းနိုင်ရေးအတွက် နိုင်ငံတော်အာဏာကိုရယူလိုက်ကြောင်း ဇင်ဘာဘွေတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ကွန်စတန်တီနိုချီဝန်က ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်က ကြေညာခဲ့ခြင်းသည် ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံတွင် ထူးခြားသောဖြစ်ရပ်တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့သည်။

နိုဝင်ဘာလ (၁၉) ရက်တွင် အာဏာရ ဇနူးပီအက်ဖ်ပါတီ (ZANU-PF) ခေါင်းဆောင်နေရာမှ မူဂါဘီကို ဖယ်ရှားရန်ဆုံးဖြတ်ခဲ့ပြီး အမ်နန်ဂါဂွါကို ပါတီခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သည်။ ထို့အပြင် နိုင်ငံရေးကို နောက်ကွယ်မှကြိုးကိုင်နေသူ သမ္မတကတော် ဂရေ့စ်ကိုလည်း ပါတီ၏အမျိုးသမီးရေးရာအဖွဲ့ချုပ်မှလည်းကောင်း၊ ဂျီ-၄၀ မျိုးဆက်သစ်ခေါင်းဆောင် အမည်ခံပါတီဝင်များကို လည်းကောင်း ရာထူးမှဖယ်ရှားခဲ့သည်။



**ဇင်ဘာဘွေသမ္မတသစ် အမ်မန်ဂါဂွါ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုစဉ်**

ထိုအချိန်အထိ အာဏာကိုစွန့်လွှတ်လိုခြင်းမရှိသေးသော မူဂါဘီကို နိုဝင်ဘာလ (၂၁) ရက်တွင် ပါလီမန်၌ စွဲချက်တင်ကြားနာစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့သည်။ သို့သော် အသက် ၉၃ နှစ် ရှိပြီဖြစ်သော မူဂါဘီသည် နိုင်ငံတော်ကို ၃၇ နှစ် ကြာမျှ အုပ်စိုးထားမှုနှင့် သမ္မတရာထူးတို့ကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် တပ်မတော်နှင့် မူဂါဘီတို့အကြား ညှိနှိုင်းကာ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်နှင့် နိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့်တို့ကို ခွင့်ပြုပေးခဲ့သည်။

အမ်နန်ဂါဂွါသည် ဇင်ဘာဘွေသမ္မတသစ်အဖြစ် နိုင်ဝင်ဘာလ (၂၄) ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကာ ဇင်ဘာဘွေပြည်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမည်ဟု မိန့်ခွန်းပြောကြားခဲ့သည်။

မူဂါဘီသည် နှစ်ပေါင်း ၄၀ နီးပါး နိုင်ငံကိုအုပ်ချုပ်ခဲ့သည့်အတွက် အာဏာရှင်ဆန်လာပြီးနောက် လုပ်ဖော်ကိုင်ဖက် ဒုတိယသမ္မတများကို ရာထူးမှဖယ်ရှားကာ မိမိ၏ဇနီးကို ဒုတိယသမ္မတရာထူး ပေးလိုသောဆန္ဒများ ဖြစ်ပေါ်လာရာမှစတင်ကာ နိုင်ငံရေးနယ်ပယ်တွင် ဇာတ်သိမ်းမလှသည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့ပေသည်။

**ဒေါက်တာအေးမြင့်**

**ဉာဏမဥ္ဇူ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၉-၁၃၇၈) ။** ။ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ သိရောမဏိ၊ အမျိုးသား အဂ္ဂပထမကျော်၊ ဆဋ္ဌသင်္ဂီတိပါထေယျပါဠိဘာဏက၊ ဆဋ္ဌသင်္ဂီ တိကာရက၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (ငြိမ်း)၊ တာမွေမြို့နယ် မင်္ဂလသုခပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တ ဉာဏမဥ္ဇူကို ခမည်းတော် ဦးဝေလှအောင်၊ မယ်တော် ဒေါ်ခိုင်ဦးမေတို့က ၁၂၈၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက် (အင်္ဂါနေ့) တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူ မြို့နယ်၊ ကလန့်တဲကျေးရွာ၌ ဖွားမြင်သည်။ မွေးချင်းငါးဦးအနက် အကြီးဆုံးသားဖြစ်သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်၊ ကဆုန်လဆန်း (၉) ရက်တွင် ကလန့်တဲရွာကျောင်း၊ ဆရာတော် ဘဒ္ဒန္တမဏိသာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်ဉာဏမဥ္ဇူ ဖြစ်သည်။ ၁၃၀၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်တွင် ကလန့်တဲရွာ ကျောင်းသစ်ကျောင်း ဆရာတော်ဘဒ္ဒန္တနာရဒကို ဥပဇ္ဈာယ်ပြု၍ မိဘ၊ ဘိုးဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကလန့်တဲရွာကင်းမြစ်မြင်းတင်ဆိပ်ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်လောင်းလျာသည် ကျောက်ဖြူမြို့နယ် ပင်လယ်နားကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒ၊ ကလန့်တဲ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တမဏိသာရ၊ ကလန့်တဲကျောင်းသစ် ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၊ ဝပြည်ကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒ၊ ရမ်းဗြဲမြို့နယ် ရွက်ထက်ကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ၊ အရှေ့မော်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလက္ခ၊ တာမွေမြို့နယ် မင်္ဂလသုခပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရာဘိဓဇ၊ စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တကုန္ဒက (အဂ္ဂမဟာအကျော်)၊ ဘဒ္ဒန္တဂမ္ဘီရဗုဒ္ဓိဘိဝံသ (စ၊အ)၊ ဘဒ္ဒန္တစန္ဒသူရိယာဘိဝံသ (သာသန



ဘဒ္ဒန္တ ဉာဏမဥ္ဇူ

ဇေသိရီပဝရဓမ္မာစရိယ)၊ ဘဒ္ဒန္တသာသန (သာသနဇေ ပါဠိသိရောမဏိ)၊ ဘဒ္ဒန္တမဟေသရ (သာသနဇေသိရီ ပဝရဓမ္မာစရိယ)၊ ဘဒ္ဒန္တက္ကန္ဒ (သာသနဇေ သိရီပဝရ ဓမ္မာစရိယ)၊ ဘဒ္ဒန္တသုဇာတာဘိဝံသ (သာသနဇေသိရီ ပဝရဓမ္မာစရိယ၊ သ. စ. အ၊ စံဝတီဆရာတော်)၊ ဘဒ္ဒန္တ အရိယာဝံသ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပါဠိ ပထမပြန်နာယက၊ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်၊ ဆဋ္ဌ သင်္ဂီတိပါထေယျ ပါဠိဘာဏက၊ ဆဋ္ဌသင်္ဂီတိကာရက)၊ ရန်ကုန်မြို့ ဒေဝသာဂရသိမ်ကုန်း ဓမ္မကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)၊ ဘဒ္ဒန္တ ဝါသယ (ညောင်တုန်းသုဓမ္မာ ပရိယတ္တိ ပထမကျော်)၊ ဘဒ္ဒန္တ သီလာစာရ၊ ဘဒ္ဒန္တကုဏ္ဍလ (သာသနဇေသိရီ ပဝရ ဓမ္မာစရိယ၊ ညောင်တုန်းပရိယတ္တိ ဓမ္မာစရိယ)၊ ဘဒ္ဒန္တ ပဏ္ဍိစ္စ (အဂ္ဂမဟာအကျော်၊ သာသနဇေသိရီပဝရ ဓမ္မာစရိယ၊ ပါဠိတက္ကသိုလ်ကျောင်းအုပ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်) စသော ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူး သည်။

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ်တွင် အစိုးရပထမငယ်တန်းကိုလည်းကောင်း၊ ၁၃၁၂ ခုနှစ်တွင် အစိုးရပထမလတ်တန်း (ဘုရားဖြူပထမငယ် တန်း) ကိုလည်းကောင်း၊ ၁၃၁၃ ခုနှစ်တွင် အစိုးရ ပထမကြီးတန်း (ဘုရားဖြူပထမကြီးတန်း) ကို လည်းကောင်း၊ ၁၃၁၅ ခုနှစ်တွင် အစိုးရဓမ္မာစရိယတန်း ကိုလည်းကောင်း၊ ကျမ်းသုံးကျမ်း၊ ဂုဏ်ထူး ခြောက်ကျမ်း တို့ကို တစ်နှစ်တည်းတွင် ကိုးကျမ်းစလုံး အောင်မြင်ပြီး သာသနဇေ သိရီပဝရ ဓမ္မာစရိယသိရောမဏိဘွဲ့ကို ရရှိသည်။

ဆရာတော်သည် တာမွေမြို့နယ် မင်္ဂလာသုခပါဠိ တက္ကသိုလ်ကျောင်းတိုက်၌ ပထမငယ်တန်း၊ ပထမ လတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်းစသည့် ပရိယတ္တိစာပေများကို ၁၃၁၄ ခုနှစ်မှ ၁၃၇၄ ခုနှစ်အထိ သင်ကြားပို့ချပေးတော်မူသည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ် ဆဋ္ဌသင်္ဂါယနာ တင်ပွဲ၌ သုတ်ပါထေယျပါဠိဘာဏက၊ ဆဋ္ဌသင်္ဂီ တိကာရက၊ ဆဋ္ဌသင်္ဂီတိဘာဏကတို့ကို ဆောင်ရွက် တော်မူသည်။ ၁၃၁၆ ခုနှစ်မှစ၍ အစိုးရပထမပြန် စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများကို ပုစ္ဆာထုတ်ခြင်း၊ အဖြေလွှာအမှတ်ပေးစိစစ်ခြင်းတို့ကိုလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲ ထပ်ဆင့်ကြီးကြပ်ရေးဥက္ကဋ္ဌ၊ ဓမ္မာစရိယစာမေးပွဲဥက္ကဋ္ဌ အဖွဲ့ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ ၁၃၄၂ ခုနှစ်မှ ၁၃၄၈ ခုနှစ်အထိ မြို့နယ်သံဃာ့ဝန်ဆောင်နှင့် ရန်ကုန်တိုင်း ဝိနိစ္ဆယအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၃၄၈ ခုနှစ်မှ ၁၃၇၈ ခုနှစ် အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနိစ္ဆယ၊ သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်ထပ်ဆင့် ဝိနိစ္ဆယ၊ နိုင်ငံတော်မှုခင်းဆိုင်ရာ စိစစ်ရေးအဖွဲ့ဝင်၊ အတွင်းရေးမှူး အဖြစ်လည်းကောင်း သာသာနာရေးတာဝန်များကို ထမ်းဆောင်တော်မူသည်။

ဆရာတော်သည် ၁၃၁၇ ခုနှစ်တွင် ခေတ်မီဆန်း၊ ၁၃၁၉ ခုနှစ်တွင် ခေတ်မီအလင်္ကာ၊ ၁၃၂၀ ပြည့်နှစ်တွင် ခေတ်မီပဋ္ဌာန်း၊ ၁၃၂၂ ခုနှစ်တွင် ခေတ်မီယမိုက်၊ ၁၃၂၄ ခုနှစ်တွင် ဝိပဿနာအခြေပြု၊ ၁၃၂၅ ခုနှစ်တွင် ကာလဝိနိစ္ဆယ၊ ၁၃၂၇ ခုနှစ်တွင် ပရိသမာနတ္တဝိနိစ္ဆယ၊ ၁၃၆၇ ခုနှစ်တွင် လူသားကောင်း တစ်ယောက်၊ ၁၃၇၂ ခုနှစ်တွင် နိဗ္ဗာနသုတေသနကျမ်း၊ ၁၃၇၅ ခုနှစ်တွင် လူသားကောင်းတစ်ယောက်နှင့် မဟာသတိပဋ္ဌာနသုတ္တန် စာအုပ်များကို ရေးသားပြုစုတော်မူပြီး ဖြစ်သည်။

သပဒါပိဋကစာရိက ဓုတင်ဆောက်တည်ခြင်း၊ ခမာဇာဂရိကဂုဏ်တော်၊ ပရိယတ္တိပဋိပတ္တိ ဝိသာရဒ

ဂုဏ်တို့နှင့် ပြည့်စုံခြင်းတို့ကြောင့် ဆရာတော်အား ၁၃၅၂ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်လှူဒါန်းသည်။

တာမွေမြို့နယ် မဂ်လသုခပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တဉာဏမဥ္ဇူမဟာထေရ်သည် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူရင်း ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) (၁၄-၃-၂၀၁၇) ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**စိုးအောင်**

**တတိယအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၇) ရသစာပေ ။** ။ မြန်မာနှင့်နိုင်ငံတကာ စာပေ များ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်ရသစာပေ၊ ရသစာတမ်းစသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားလေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှု အသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်အဖြစ် အတွေးအမြင်ဗဟုသုတကြွယ်ဝခြင်း၊ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေရန်နှင့် အများပြည်သူတို့အသိပညာ၊ ဗဟုသုတတိုးတက်သိမြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၇) ရသစာပေကို ဇန်နဝါရီလ (၂၂) ရက်မှ (၂၄) ရက်အထိ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၂၂) ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုဘယ်-မြန်မာ စာပေပွဲတော်ကို ဖွင့်လှစ်ပေးစဉ်**

နိုဘယ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာရေးဆရာကြီးများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကား ပြောကြားရာတွင် စာပေဆိုသည်မှာ အသိဉာဏ်ပညာ တို့ စုဝေးကိန်းအောင်းရာ နေရာဖြစ်ကြောင်း၊ နိုင်ငံ တစ်နိုင်ငံနှင့် လူမျိုးတစ်မျိုးအတွက် စာပေအဆင့်အတန်း မြင့်မားသည်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အသိ ဉာဏ်ပညာမြင့်မားခြင်းပင်ဖြစ်ကြောင်း၊ အသိဉာဏ် ပညာမြင့်မားသည့် နိုင်ငံသားတို့ရှိမှသာလျှင် အဆိုပါ နိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမည်၊ ငြိမ်းချမ်းမည်ဆိုသည် မှာ အမှန်တရားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာပေ မြင့်မားတိုးတက်ရေးသည် မိမိတို့ကဲ့သို့ တိုင်းပြည် ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် နေရသည့်နိုင်ငံအဖို့ ပို၍အရေးကြီးသည်ဟု ယူဆပါ ကြောင်း၊ ရသစာပေနှင့်ပတ်သက်၍ မိမိတို့ အလွန်ရိုသေ လေးမြတ်ရသည့် ဆရာဇော်ဂျီက အလေးထားလှုံ့ဆော် ပြောဆိုရေးသားခဲ့သော အကြောင်းအရာတစ်ခုကိုလည်း သတိရမိပါကြောင်း၊ ဆရာဇော်ဂျီက “စိတ်ကောင်းရှိမှသာ စာကောင်းထွက်ပြီး ရသစာပေကောင်းဟူသည်စာရေး သူ၏စိတ်စေတနာကိုရေးထားသောစာ” ဟု ဆိုပါကြောင်း၊ “ရသစာပေကောင်းကို ဖတ်ရသည့်အခါ ပတ်ဝန်းကျင်ကို သတိပြုမိလာကာ ပတ်ဝန်းကျင်ကို သတိပြုမိသူဟာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို ဆင်ခြင်တတ်လာကြောင်း၊ ကိုယ့်တစ်ဦးတည်းအကျိုးကိုသာမက ပတ်ဝန်းကျင်တွင် ရှိသည့် သတ္တဝါအားလုံး၏ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်၊ မြင်တတ်၊ ကရုဏာ ဖြစ်တတ်လာနိုင်စရာ ရှိကြောင်း၊ ရသစာပေကောင်းများသည် မိမိတို့အတွက် ထိုကဲ့သို့ မြင့်မြတ်သည့် လူသားချင်းစာနာတတ်သည့် စိတ်မျိုး ကို ဖြစ်ပေါ် စေနိုင်ပါကြောင်း၊ ထို့ကြောင့်လည်း ဤကဲ့သို့ ရသစာပေကောင်းများပေါ်ထွက်ရန် မိမိတို့နိုင်ငံ တွင် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း” ပြောကြား သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်း ခိုင်သန်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က အမှာစကား ပြောကြားကြ သည်။ ဆက်လက်၍ နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၇) ရသစာပေကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးမော်လင်း က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

နိုဘယ်-မြန်မာစာပေပွဲတော်တွင် စာအုပ်ဆိုင် ပေါင်း ၁၄၀ ကျော်မှ စာအုပ်စာပေများ ခင်းကျင်းရောင်းချ ပြီး နိုဘယ်-မြန်မာစာပေကော်မတီက ရွေးချယ်ထား သည့် ရသစာပေစာအုပ် ၁၀၀ ၏စာရေးဆရာနှင့် စာအုပ်ဓာတ်ပုံများ၊ နိုင်ငံတကာစာပေအဖွဲ့အစည်း စာအုပ်တိုက်များမှ ရွေးချယ်ထားသည့် ရသစာပေ မူရင်းစာအုပ်များနှင့် စာရေးသူတို့၏ဓာတ်ပုံများကို လည်း ခင်းကျင်းပြသထားသည်။ ထို့ပြင် နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သည့် မြန်မာ့ဝတ္ထုအကောင်းဆုံး ရသစာအုပ်များ၊ နိုဘယ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီကာတွန်းပြခန်းများ၊ ကယ်ရီ ကေးချားပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ၊ စာပေနှင့် အနုပညာရှင်များ ကိုယ်တိုင် တင်ဆက်သည့် ပြဇာတ်ဖျော်ဖြေပွဲများ ကျင်းပခဲ့သည်။

**တရုတ်နိုင်ငံ။** ။ **နိုင်ငံရေး** - တောင်တရုတ် ပင်လယ်ပြင်ဒေသ နိုင်ငံတကာရေပြင်ပိုင်နက်များကို တရုတ်နိုင်ငံအပိုင်စီးခွင့် မရရေးအတွက် အမေရိကန် ပြည်ထောင်စုက တားဆီးသွားမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရ အဖွဲ့သစ်က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်တွင် ကြွေးကြော်လိုက်သည်။

စင်စစ်အားဖြင့် တောင်တရုတ်ပင်လယ်ဒေသ နိုင်ငံတကာရေလမ်းကြောင်းများသည် တရုတ်နိုင်ငံပိုင် မဟုတ်ဘဲ နိုင်ငံတကာပိုင် ရေလမ်းကြောင်းများသာ ဖြစ်ရာ မိမိတို့အနေဖြင့် နိုင်ငံတကာပိုင်နက်အား အခြား နိုင်ငံတစ်နိုင်ငံက အပိုင်စီးမှုကို ကာကွယ်သွားမည် ဖြစ် ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရှောင်စပစ်ဆာ က ပြောကြားခဲ့သည်။

သို့သော် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ၏ တောင်တရုတ်ပင်လယ်ဒေသဆိုင်ရာ မှတ်ချက်ကို တရုတ် နိုင်ငံက ဝေဖန်ခဲ့ရာတွင် တောင်တရုတ်ပင်လယ်ဒေသ အငြင်းပွားမှုပြဿနာတွင် အမေရိကန်ပြည်ထောင်စု

အနေဖြင့် အပြောလည်းထိန်း၊ အလုပ်လည်းထိန်းရမည်ဖြစ်ကြောင်း တုံ့ပြန်ထားသည်။

တောင်တရုတ်ပင်လယ်ဒေသ တည်ငြိမ်ရေး ငြိမ်းချမ်းရေးတို့ကို ထိခိုက်စေမည့်အပြော အလုပ်မှန်သမျှကို ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြေအနေမှန်ကို လေးစားပေးရန် အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်အဆင့်မြင့် သံတမန်တစ်ဦးဖြစ်သူ ယန်ဂျီးချီသည် အိမ်ဖြူတော်တွင် သမ္မတအကြံပေးများနှင့် ထိုသို့တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုအချင်းအရာများကို မစ္စတာထရန့်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တယ်လီဖုန်းဖြင့် စကားပြောဆိုခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန် ကာကွယ်ရေးဘတ်ဂျက်တိုးမြှင့်ရေး အကြမ်းဖျင်းပြောကြားပြီး ရက်ပိုင်းအတွင်း တရုတ်နိုင်ငံက ယင်း၏ ၂၀၁၇ ခုနှစ် စစ်အသုံးစရိတ်ကို ၇ ရာခိုင်နှုန်းခန့် တိုးမြှင့်မည်ဖြစ်ကြောင်း မတ်လ (၄) ရက်က ထုတ်ဖော်ကြေညာလိုက်သည်။ ပေကျင်း၌ကျင်းပမည့် နှစ်ပတ်လည် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်ပီစီ) မတိုင်မီ တရုတ်နိုင်ငံက ဤသို့ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။



**အသုံးစရိတ်ထပ်မံတိုးမြှင့်ရန် စီစဉ်လျက်ရှိသော တရုတ်တပ်မတော်ကို တွေ့ရစဉ်**

ဆွေးနွေးပွဲများပြုလုပ်စဉ်အတွင်း သမ္မတဒေါ်နယ်ထရန့်နှင့်လည်း အကျဉ်းရုံး၍ ဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့သည်။ နိုင်ငံတော်ကောင်စီဝင် ယန်ဂျီးချီသည် မစ္စတာထရန့် သမ္မတရာထူး တရားဝင်ရယူပြီးနောက်ပိုင်း ပထမဦးဆုံးတွေ့ဆုံသည့် တရုတ်အဆင့်မြင့်အရာရှိတစ်ဦးလည်း ဖြစ်သည်။ မစ္စတာယန်သည် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးသစ် အိတ်ချ်အာမက်မာစတာနှင့် သမ္မတ၏သမက်ဖြစ်သူ ဂျားကုရှာနာတို့နှင့်လည်း လုံခြုံရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီးနောက်

တရုတ်နိုင်ငံသည် စီးပွားရေးတိုးချဲ့လာသည်နှင့်အမျှ မကြာမီကပင် တရုတ်လက်နက်ကိုင်တပ်များကို ခေတ်မီစေရန် ဆောင်ရွက်လျက်ရှိသည်။ နှစ်ပေါင်း ၂၀ နီးပါး ကာကွယ်ရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းနှင့် အထက်သုံးစွဲပြီးနောက် ၁၀ ရာခိုင်နှုန်းအောက်သို့ သုံးစွဲလာရာ ယခုအကြိမ်တိုးမြှင့်ရန် ထုတ်ပြန်ခြင်းမှာ ဒုတိယအကြိမ်အဖြစ် ဆက်တိုက်သတ်မှတ်ခြင်းဖြစ်သည်။

ထို့ပြင် တောင်တရုတ်ပင်လယ်တွင် အခြားနိုင်ငံများက ပိုင်ဆိုင်သည်ဆိုသောရေပြင်ပိုင်နက်မှ ကျောက်တန်းများပေါ်တွင် ကျွန်းတုများကို တရုတ်နိုင်ငံက တည်ဆောက်လျက်ရှိသည်။

တရုတ်နိုင်ငံက ထိန်းချုပ်ထားသော တောင်တရုတ်ပင်လယ်ဒေသ ကျွန်းတစ်ကျွန်းပေါ်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့် အာဏာရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်တိုက်လေယာဉ်တစ်စင်း ထောက်လှမ်းတွေ့ရှိထားကြောင်း အမေရိကန်အခြေစိုက် အာရှရေကြောင်းသွားလာရေး ပွင့်လင်းမြင်သာမှု အဖွဲ့ (အေအမ်တီအိုင်) အမည်ရှိ သုခမိန်အဖွဲ့တစ်ဖွဲ့က ၂၀၁၇ ခုနှစ် ဧပြီ (၆) ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့၏ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကို ဧပြီ (၆) ရက်တွင် စတင်ချိန်မှာပင် တောင်တရုတ်ပင်လယ်ဒေသ ဝူဒီကျွန်းပေါ်၌ တရုတ်စစ်လေယာဉ်တစ်စင်း ရောက်ရှိနေသည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။



**အမေရိကန်၏ စောင့်ကြည့်ဝေဖန်မှုများကြားမှ တည်ဆောက်လျက်ရှိသော တရုတ်ကျွန်းတုတစ်ခုကို တွေ့ရစဉ်**

တရုတ်လေတပ် ဂျေ-၁၁ တိုက်လေယာဉ်သည် တောင်တရုတ်ပင်လယ်ဒေသပိုင်ဆိုင်ခွင့်နှင့် အငြင်းပွားကျွန်းတစ်ကျွန်းပေါ်သို့ တစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း အေအမ်တီအိုအဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့၏လက်ချက်ကြောင့် တရုတ် အမျိုးသားတစ်ဦးနေအိမ်၌သေဆုံးခဲ့ရပြီးနောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ရဲတပ်ဖွဲ့နှင့်အာရှနွယ်ဖွား ဆန္ဒပြသမားများအကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ၍ ဆန္ဒပြသမား ၃၅ ဦး အဖမ်းခံခဲ့ရကြောင်း ပြင်သစ်တာဝန်ရှိသူများက ၂၀၁၇ ခုနှစ်၊ မတ် (၂၈) ရက်တွင် ပြောကြားသည်။

ပါရီတပ်ဖွဲ့ဝင်များက အဆိုပါတရုတ်အမျိုးသားကို ရင်သွေးနှစ်ဦးရှေ့မှာပင် ပစ်သတ်ခဲ့သည့်သတင်းကြောင့် ပါရီမြို့တော်တွင်းရှိ အာရှနွယ်ဖွားများ အမျက်ထွက်ကြသည်။

သို့ရာတွင် ၎င်းတရုတ်အမျိုးသားက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓားဖြင့်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များက ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်အနေဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပါရီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့နောက် ဖလော်ရီဒါပြည်နယ်ရှိ မာအာလာရိုအပန်းဖြေစခန်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဧပြီ (၇) ရက်က တွေ့ဆုံဆွေးနွေးစဉ် တောင်ကိုရီးယားနိုင်ငံ၌ ဒုံးကျည်ကာကွယ်ရေးစနစ်ချထားမှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ သဘောထားကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ရှင်းပြခဲ့သည်။ ဝေဟင်အမြင့်ပိုင်းဧရိယာဒုံးကျည်ကာကွယ်ရေးစနစ် (တီအိပ်ချ်အေအေဒီ) တောင်ကိုရီးယား၌ ချထားမှုနှင့်ပတ်သက်၍ အမေရိကန်၏ရပ်တည်ချက်အား တရုတ်သမ္မတရှီကျင့်ဖျင်ကို ရှင်းပြခဲ့ကြောင်း တောင်ကိုရီးယား ယာယီသမ္မတနှင့် ဖုန်းခေါ်ဆိုဆွေးနွေးချိန်တွင် ဒေါ်နယ်ထရန့်က အသိပေးခဲ့သည်။

၎င်းဒုံးကျည်စနစ်ကာကွယ်ရေးစနစ်ဖြန့်ချမှုနှင့် ပတ်သက်၍ မကျေနပ်ဖြစ်နေသော တရုတ်အစိုးရသည် တရုတ်ပြည်တွင်းအခြေစိုက်၍ စီးပွားရေးလုပ်နေသည့် တောင်ကိုရီးယားကုမ္ပဏီများအပေါ် အကန့်အသတ်များချမှတ်၍ စီးပွားရေးအရ တုံ့ပြန်ထားသည်။

မဟာဗျူဟာကျသည့် အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်းရှိ နိုင်ငံတကာနှင့်သက်ဆိုင်သည့်

ရေပိုင်နက်များကို ကာကွယ်စောင့်ရှောက်သွားကြရန် အိမ်ဖြူတော်က အလေးထားပြောဆိုခဲ့ပြီးသည့်နောက်တွင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားကျွန်းများနှင့်သက်ဆိုင်သည့် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်က ပြောကြားသည်။

သို့သော် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချန်ယင်က အမေရိကန် ပြည်ထောင်စုသည် တောင်တရုတ်ပင်လယ် ရေပိုင်နက်အငြင်းပွားမှုတွင် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံသာဖြစ်ကြောင်း သတင်းထုတ်ပြန်မှုအကျဉ်းချုပ်တွင် ဖော်ပြခဲ့သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့များ တည်ရှိနေပြီး ရေသယံဇာတပေါများကြွယ်ဝသည့် တောင်တရုတ်ပင်လယ်ကို ထိုင်ဝမ်၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံများက ပိုင်ဆိုင်ကြောင်း အငြင်းပွားသကဲ့သို့ တောင်တရုတ်ပင်လယ် ရေပိုင်နက်အများစုကို တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း အငြင်းပွားတောင်းဆိုလျက်ရှိသည်။

ထို့နောက် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ တင်းမာမှုများ ကြီးထွားလာနေမှုကြောင့် တရုတ်နှင့်ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးများအကြား အာဆီယံအစည်းအဝေးပြင်ပတွင်တွေ့ဆုံရန် စီစဉ်ထားသည့်ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက်ကြောင်း တရုတ်သံရုံးတာဝန်ရှိသူများက ပြောဆိုသည်။

တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံက ကျွန်းတုများတည်ဆောက်နေမှုကို စိုးရိမ်ပူပန်ကြောင်းနှင့် စစ်အင်အားတိုးချဲ့နေမှုကို ပြစ်တင်ဝေဖန်ထားသည့် ကြေညာချက်ကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံခြားရေးဝန်ကြီးများက ၂၀၁၇ ခုနှစ်၊ သြဂုတ် (၆) ရက်တွင် ကြေညာထုတ်ပြန်ခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ပြဿနာနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ဒေသတည်ငြိမ်ရေး ကြိုးပမ်းအားထုတ်မှုကို တရုတ်နိုင်ငံက နားလည်ထောက်ခံကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဌာန ဒုတိယအကြီးအကဲ ကွေးယီကျိုးက ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်တွင် ပြောကြားလိုက်ပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအကျပ်အတည်းများ၌ ပြည်ပဝင်ရောက်စွက်ဖက်မှုများမှာ အလုပ်မဖြစ်ကြောင်း သတိပေးလိုက်သည်။ တရုတ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချကြောင်း ပြောကြားသည်။

သမ္မတရှီနှင့်ဇနီးဖုန်းလိယွမ်တို့သည် ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအမှုဆောင်အရာရှိချုပ်လျန်ချွန်းယင်နှင့် ရွေးကောက်ခံအမှုဆောင်အရာရှိချုပ်ချန်ရှက်နော်တို့ပါဝင်သည့် အဆင့်မြင့်အရာရှိများအား လေဆိပ်တွင် မိန့်ခွန်းပြောခဲ့ကြောင်းသိရသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်အသစ်များနှင့် စည်းကမ်းစစ်ဆေးခြင်းဗဟိုကော်မရှင်အသစ်အား ရွေးချယ်ပြီးနောက် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ တရုတ်နိုင်ငံသမ္မတဖြစ်သူ ရှီကျင့်ဖျင်သည် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ၌ပြုလုပ်သော တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံပိတ်ပွဲအခမ်းအနား၌ ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည်။ တရုတ်ကွန်မြူနစ် ပါတီဗဟိုကော်မတီ အသစ်ဝင်တစ်ဦးအဖြစ် ရွေးချယ်ခံရသည်။

ရွေးချယ်ခံရသောရှီကျင့်ဖျင်သည် အသက် ၆၄ နှစ်ရှိပြီဖြစ်ကာ ၁၈ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ညီလာခံတက်ရောက်လာသော ကိုယ်စားလှယ်များက ၁၈ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီလုပ်ငန်းအစီရင်ခံစာ၊ စည်းကမ်းစစ်ဆေးခြင်း ဗဟိုကော်မရှင်၏လုပ်ငန်းအစီရင်ခံစာနှင့် တရုတ်ကွန်မြူနစ်ပါတီ အခြေခံဥပဒေပြင်ဆင်ချက်စသည်တို့အပေါ် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်က တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူး

အဖြစ် ပြန်လည်ရွေးကောက်ခံရသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို အောက်တိုဘာလ (၂၅) ရက်က တယ်လီဖုန်းမှတစ်ဆင့် ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ထို့အတူ ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ်လည်း ဂုဏ်ပြုစကား ထပ်ဆင့်ပြောကြားသည်။ အမေရိကန်သမ္မတထရန့်က ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီကွန်ဂရက်သည် ကမ္ဘာတစ်လွှား အာရုံစူးစိုက်မှုကို ရယူနိုင်ခဲ့ကြောင်း၊ ထို့အတူ ၎င်းအနေဖြင့်လည်း တရုတ်သမ္မတရှီကျင့်ဖျင်ပြောကြားခဲ့သော နိုင်ငံရေးနှင့် ဆက်စပ်သည့် အရေးကြီးသည့်အကြောင်းအရာများကိုလည်း အာရုံစိုက်နားထောင်ခဲ့ကြောင်း ပြောခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် သတင်းထောက်များနှင့် တွေ့ဆုံရာတွင်လည်း ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုများကို ပိုမိုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပြုပြင်ပြောင်းလဲမှုနှင့် ပွင့်လင်းမြင်သာမှုသည် တရုတ်နိုင်ငံ၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးသည့် အရေးပါသောလှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း၊ နှစ် ၄၀ ကြာ ပြုပြင်ပြောင်းလဲမှုနှင့် ပွင့်လင်းမြင်သာမှုများက တရုတ်ပြည်သူများ၏ဘဝကို ပိုမိုသက်သောင့်သက်သာရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း တရုတ်သမ္မတက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို အောက်တိုဘာ (၂၅) ရက်က ပေးပို့ရာတွင် တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ၏အကြီးအကဲအဖြစ် အနာဂတ်လုပ်ငန်း တာဝန်များတွင် အောင်မြင်မှုများရရှိလိမ့်မည်ဟု ဆန္ဒပြုကြောင်း ဖော်ပြထားသည်။

တရုတ်ပြည်သူများသည် ခေတ်သစ်တွင် ထူးခြားသောဝိသေသများနှင့်အတူ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလမ်းကြောင်းကို မစ္စတာရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် လျှောက်လှမ်းနေပြီဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရအပေါ် ချမှတ်ထားသည့် ဈေးကွက်အားကန့်သတ်ပိတ်ဆို့မှုများကို ရှောင်လွှဲရာတွင် ပါဝင်ကူညီပြီး မြောက်ကိုရီးယားနှင့်ကုန်သွယ်မှုအထောက်အကူပေးသည့် တရုတ်နှင့်မြောက်ကိုရီးယား အဖွဲ့အစည်း ၁၃ ခုကို အမေရိကန်က ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်တွင် အရေးယူ ပိတ်ဆို့မှုများ ပြုလုပ်လိုက်သည်။

၎င်းအရေးယူပိတ်ဆို့မှုများတွင် တရုတ်ကုမ္ပဏီများဖြစ်ကြသည့် ဒန်ဒေါင်-ကီဟွာ စီးပွားရေးနှင့် ကုန်သွယ်ရေးကုမ္ပဏီ၊ ဒန်ဒေါင်ရှန်ဟီကုန်သွယ်ရေးကုမ္ပဏီနှင့် ဒန်ဒေါင်ဟွန်ဒါကုန်သွယ်ရေးကုမ္ပဏီသုံးခုတို့အား အမေရိကန်က နာမည်ပျက်စာရင်း ထည့်သွင်းမှုတွင် ပါဝင်သည်။

ထို့နောက် တရုတ် (တိုင်ပေ) မှ တက်ကြွလှုပ်ရှားသူလီမင်းချီသည် တရုတ် (တိုင်ပေ) တွင် ဒီမိုကရေစီကျင့်သုံးရေးပို့ချချက်များကို အွန်လိုင်းမှပို့ချခဲ့ပြီး တရုတ်နိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားမိသားစုများအား ရန်ပုံငွေထောက်ပံ့ရန်စီစဉ်ဆောင်ရွက်ခဲ့မှုဖြင့် တရုတ်တရားရုံးက ၎င်းကို ထောင်ဒဏ်ငါးနှစ်ချမှတ်လိုက်ကြောင်း သိရသည်။

**စစ်ရေး-** တရုတ်နိုင်ငံနှင့် တရုတ် (တိုင်ပေ) တို့အကြားတင်းမာမှုများဖြစ်ပေါ်ခဲ့ပြီးနောက် တရုတ် (တိုင်ပေ) ၏ တောင်ဘက်ရေမိုင် ၉၀ ကို တရုတ်လေယာဉ်တင်သင်္ဘောနှင့် ၎င်းနှင့်အတူလိုက်ပါလာသည့် သင်္ဘောများ ကဖြတ်သန်းသွားခဲ့သည်ဟု တရုတ် (တိုင်ပေ) က ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် တရုတ်လေယာဉ်တင်သင်္ဘောတစ်စင်းသည် တောင်တရုတ်ပင်လယ်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်ဟု တရုတ်ရေတပ်က ကြေညာသည်။

လျောင်နင်းလေယာဉ်တင်သင်္ဘောမှ ဂျေ-၁၅ တိုက်ခိုက်ရေး လေယာဉ်များသည် လေ့ကျင့်ဖြတ်သန်းမှုများ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်က ပြုလုပ်ခဲ့သည်ဟု ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်က ထိုနေ့နောက်ပိုင်းတွင် ထုတ်ပြန်ကြေညာသည်။

ထို့နောက် တရုတ်လေတပ်မှ အိတ်ချ်-၆ အမျိုးအစား မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တစ်စင်းသည်



**၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီညီလာခံတွင်တွေ့ရသည့် သမ္မတ ရှီကျင့်ဖျင်နှင့် ပါတီခေါင်းဆောင်များ**

ဇန်နဝါရီလ ပထမပတ်အတွင်း ပိုင်ဆိုင်ခွင့်နှင့် အငြင်းပွားသည့် တောင်တရုတ်ပင်လယ်ဒေသ စပရက်သဲလေကျွန်းစုဝန်းကျင်၌ အင်အားပြသည့်အနေဖြင့် ပျံသန်းခဲ့ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလ (၁၀) ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံက ၂၀၁၆ ခုနှစ်၊ ဇွန်လမှစတင်၍ တရားဝင်ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ပြီးနောက် တရုတ် (တိုင်ပေ) နှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် တရုတ် (တိုင်ပေ) ၏ တရုတ်ရေးရာ ထိပ်တန်းအမတ်တစ်ဦးက ၂၀၁၇ ခုနှစ် ဇန်နဝါရီ (၁၁) ရက်က မေတ္တာရပ်ခံလိုက်သည်။

မည်သည့်အမေရိကန်စစ်သင်္ဘောမဆို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ (တရုတ်-တိုင်ပေ) သို့လာရောက်ပါက တရုတ်နိုင်ငံအနေဖြင့် တရုတ် (တိုင်ပေ) ကို ကျူးကျော်ဝင်ရောက်မည်ဖြစ်ကြောင်း ထိပ်တန်းတရုတ်သံတမန်တစ်ဦးက ခြိမ်းခြောက်ခဲ့ပြီးနောက် တရုတ် (တိုင်ပေ) အနီး တရုတ်လေတပ်က ပိုမိုကင်းလှည့်ခဲ့သည်။

နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး ကာကွယ်စောင့်ရှောက်ရန် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်တွင် တရုတ်တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များနှင့် ကင်းထောက်လေယာဉ်များပါဝင်သည့် ပုံမှန်နှင့်ဝေးလံသည့် ပင်လယ်ပြင်၌ ကင်းလှည့်ပျံသန်းခဲ့ကြောင်း တရုတ်လေတပ် ပြောခွင့်ရ ပုဂ္ဂိုလ် ရှန်ဂျင်ကီက ပြောကြားသည်။

**နိုင်ငံတကာဆက်ဆံရေး-** အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုနှင့်ပတ်သက်၍ တရုတ်အစိုးရက အပြုသဘောဆောင်သည့်ဘက်မှရှုမြင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁) ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပွဲများမကျင်းပမီ နှစ်နိုင်ငံအကြား စီးပွားရေးပြဿနာများနှင့်ပတ်သက်၍ အမေရိကန်အစိုးရက တရုတ်နိုင်ငံကို ဝေဖန်ထားသည့်တိုင် နှစ်နိုင်ငံဆက်ဆံရေး တင်းမာမှုအခြေအနေကို တရုတ်ဘက်မှ အပြုသဘောဆောင်သည့် ရှုမြင်မှုမျိုးကို ကြိုးပမ်းလာသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့

ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ (၆) ရက် နံနက် ၇း၀၀ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

အဆိုပါ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀း၀၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့ Shuang Liu အပြည်ပြည်ဆိုင်ရာသို့ ရောက်ရှိကြသည်။

မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့တို့ကို ချိတ်ဆက်တည်ဆောက်ထားသော ကျောက်ဖြူ-ကူမင်း ရေနံပိုက်လိုင်းလုပ်ငန်း စတင်လည်ပတ်ရေးအတွက် တရုတ်နှင့်မြန်မာ နှစ်နိုင်ငံအကြား ဧပြီ (၁၀) ရက်တွင် သဘောတူညီချက်ရယူနိုင်ပြီဖြစ်၍ ရေနံပို့လွှတ်မှုလုပ်ငန်းများ စတင်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၎င်း၏ ခြောက်ရက်ကြာ တရုတ်ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်လီလာချန်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်တွင် တရုတ်ထိပ်တန်းနိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ယုကျန်ရှန်သည် ဟန်ဂေရီလွှတ်တော်ဆိုင်ရာ ပြောဆိုခွင့်ရပုဂ္ဂိုလ် လက်စ်ဇီအိုကိုဗာနှင့်အတူ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တွေ့ဆုံခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံ နိုင်ငံရေးရာအကြံပေးကွန်ဖရင့်ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌဖြစ်သူ ယုက တရုတ်နှင့် ဟန်ဂေရီ နှစ်နိုင်ငံသည် မိမိတို့၏ဆက်ဆံရေးကို ဆန်းစစ်စေခြင်းဖြင့် အပြန်အလှန်ယုံကြည်လေးစားမှုကို အားဖြည့်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာများကို အရှိန်မြှင့်သွားရန် အလေးထားဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံဝန်ကြီးချုပ်လီခချန်းနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ နိုဝင်ဘာ (၂၉) ရက်က မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံအပြီးတွင် တရုတ်သမ္မတနှင့်ရုရှားသမ္မတတို့ ဗီယက်နမ်မြို့၌ကျင်းပသော အေပက်အစည်းအဝေးတွင် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမိတ်ဖက် ဆက်ဆံရေးမှာ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာနေကြောင်း၊ စီးပွားရေးကဏ္ဍများတွင်လည်း ခိုင်မြဲသည့်ခြေလှမ်းများဖြင့် ချီတက်နေကြောင်း၊ ခေတ်သစ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွင်လည်း တိုးတက်မှုများရှိခဲ့ကြောင်း၊ ခေတ်သစ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွင်လည်း တိုးတက်မှုများရှိခဲ့ကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ရေရှည်တည်တံ့သည့်ဆက်ဆံရေးကို အာမခံချက်ပေးရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် တရုတ်နှင့် တောင်ကိုရီးယား ခေါင်းဆောင်တို့သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ (၁၄) ရက်တွင် သဘောတူညီခဲ့ကြသည်။ အဆိုပါကတိကဝတ်ကို တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ပြုလုပ်ခဲ့ကြသည့် ဆွေးနွေးပွဲများမှရလဒ်များပင် ဖြစ်သည်။

**စီးပွားရေး-** တရုတ်နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် ဒေါ်လာ ၃ ဒသမ ၇ ဘီလျံတန်ဖိုးရှိ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရန် တရုတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ပြည်သူတို့ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရည်ရွယ်သည့်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဖိလစ်ပိုင်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ (၂၃) ရက်တွင် တွေ့ဆုံပြီးနောက် တရုတ်စီးပွားရေးဝန်ကြီး ဂိုဟူချန်က ဤသို့ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်သစ်ကူးပွဲတော် အားလပ်ရက်ကာလအတွင်း တရုတ်ပြည်တွင်းခရီးသွားလာရေးလုပ်ငန်း၏ဝင်ငွေသည် ယွမ် ၄၂၃ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၅၅ ဘီလျံ) အထိ ရရှိခဲ့ရာ ၂၀၁၆ ခုနှစ် နှစ်သစ်ကူးကာလဝင်ငွေနှင့်နှိုင်းယှဉ်ပါက ၁၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။

ထို့ပြင် တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် ဖိလစ်ပိုင် သမ္မတဒူတာတေးတို့သည် ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာတွင် ပြုလုပ်သော တရုတ်-အာဆီယံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အခမ်းအနားသို့ ဂုဏ်ပြုအမှာစကားများ ပေးပို့ခဲ့သည်။

တရုတ်နှင့်အာဆီယံကြား ပြည်သူအချင်းချင်း ဆက်ဆံမှုတွင် ခရီးသွားလာမှုလုပ်ငန်းက အဓိကကဏ္ဍဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် အာဆီယံခရီးသွားပြည်သူများလာရောက်ရာ အဓိကနေရာတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုဦးတည်ကာ တရုတ်နိုင်ငံနှင့် အာဆီယံအကြား ဆက်ဆံရေးများ ပိုမိုပြုလုပ်သွားရန် မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့သည်။

**သိန်းဝင်းဇော်**

**တောင်ကိုရီးယားနိုင်ငံ။** ။ **နိုင်ငံရေး** - တောင်ကိုရီးယားနိုင်ငံရေးတွင် ၂၀၁၆ ခုနှစ် အတွင်း၌ အဂတိလိုက်စားမှု အရှုပ်တော်ပုံဖြစ်ပွားခဲ့ပြီး သမ္မတပတ်ဂွမ်ဟေးအပေါ် အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးမှုတို့ဖြင့် ပါလီမန်က စွပ်စွဲပြစ်တင်ပြီး ပတ်၏ အုပ်ချုပ်ရေးအာဏာကို ရုပ်သိမ်းခဲ့သည်။ သမ္မတပတ်ဂွမ်ဟေးအပေါ် ပါလီမန်က စွပ်စွဲပြစ်တင်ထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ၂၀၁၇ ခုနှစ် မတ်လ (၁၀) ရက်တွင် အတည်ပြုလိုက်သည်။ နိုင်ငံရေးရာများတွင် လူယုံဖြစ်သူ ချွိုင်ဆွန်ဆီကို ဝင်ရောက်စွက်ဖက်ခွင့်ပြုခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်ဟုဆိုကာ စွပ်စွဲပြစ်တင်မှုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းအတွက် ပတ်သည် သမ္မတရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီး သမ္မတသက်တမ်းအတွင်း စွပ်စွဲပြစ်တင်မှုအဆိုဖြင့် ရာထူးမှဖယ်ရှားခံခဲ့ရသည့် ပထမဆုံး တောင်ကိုရီးယားသမ္မတ ဖြစ်လာခဲ့သည်။ သက်တမ်းပြည့်မထမ်းဆောင်ခဲ့ရသည့်အတွက် တောင်းပန်ကြောင်း ပတ်က ထုတ်ပြန်ခဲ့သည်။ ထို့နောက် အစိုးရရှေ့နေများက ပတ်ကို ရာဇဝတ်မှုဆိုင်ရာ သံသယရှိသူအဖြစ် စစ်ဆေးမေးမြန်းရန်အတွက် မတ်လ (၂၁) ရက်တွင် တရားရုံးသို့လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။

ပတ်ဂွမ်ဟေးကို အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးစားပြုမှုတို့ဖြင့် ဖမ်းဆီးရန် သင့်၊ မသင့်ကို မတ်လ (၃၀) ရက်က တရားရုံး၌ ကိုးနာရီနီးပါး ကြားနာစစ်ဆေးခဲ့ပြီးနောက် ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ ပတ်သည် အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးခံခဲ့ရသော တောင်ကိုရီးယား၏တတိယမြောက် ခေါင်းဆောင်ဖြစ်သည်။

သမ္မတသစ် ရွေးချယ်တင်မြှောက်ရန်အတွက် သမ္မတရွေးကောက်ပွဲကို မေလ (၉) ရက်က ကျင်းပခဲ့ရာ ဒီမိုကရက်တစ်ပါတီမှ မွန်းဂျေအင်းက ထောက်ခံမဲ ၄၁ ဒသမ ၁ ရာခိုင်နှုန်းရရှိပြီး ရွေးချယ်ခံခဲ့ရသည်။ မွန်း သည် လူ့အခွင့်အရေးရှေ့နေတစ်ဦးဖြစ်ပြီး သမ္မတဟောင်း နိုမူဟွန်းလက်ထက်တွင် သမ္မတ၏အကြံပေးအဖြစ် ထမ်းဆောင်ခဲ့သည်။

တောင်ကိုရီးယားသမ္မတသစ် မွန်ဂျေအင်းသည် မြောက်ကိုရီးယားနှင့် ထိတွေ့ဆက်ဆံမှုကို ထောက်ခံခဲ့သူဖြစ်ပြီး သမ္မတရာထူးလက်ခံသည့် မိန့်ခွန်းတွင် ပြုံယမ်းသို့သွားရောက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ်အဖြစ် ချိုမြောင်ဂျွန်းကို ဇွန်လ (၁၃) ရက်က ခန့်အပ်လိုက်သည်။ ချိုသည် သမ္မတဟောင်းနိုမူဟွန်း၏ အတွင်းရေးမှူးအဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် နိုနှင့် ယင်းအချိန်က မြောက်ကိုရီးယား၏ခေါင်းဆောင် ကင်ဂျုံအီတို့အကြား ထိပ်သီးဆွေးနွေးပွဲကျင်းပရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

နှစ်နိုင်ငံကြားတင်းမာမှုများကို လျှော့ချရန် ရည်ရွယ်ပြီး မြောက်ကိုရီးယားနှင့် စစ်ရေးဆွေးနွေးမှုများ ပြုလုပ်ရန် ဇူလိုင်လ (၁၇) ရက်က ကမ်းလှမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက နယ်စပ်ရှိ ပန်မွန်ဂျွန်တွင် ဆွေးနွေးပွဲပြုလုပ်ရန် ရည်ရွယ်ထားသည်။ တစ်ချိန်တည်းမှာပင် ဆိုးလ်မြို့ရှိ ကြက်ခြေနီအဖွဲ့ကလည်း ကိုရီးယား



**သမ္မတသစ်အဖြစ်**
**ရွေးကောက်တင်မြှောက် ခံရသည့်မွန်ဂျေအင်း**

စစ်ပွဲအတွင်း ကွဲကွာသွားကြသည့်မိသားစုများ ပြန်လည်ဆုံစည်းရေးအတွက် ဆွေးနွေးပွဲပြုလုပ်ရန် အဆိုပြုထားသည်။ အဆိုပါကမ်းလှမ်းချက်သည် ၁၀ နှစ်အတွင်း မြင့်တက်လာသော တင်းမာမှုများကို ဖြေလျှော့နိုင်ရန်အတွက် အခွင့်အရေးဖြစ်လာမည်ဟု လေ့လာသူများက သုံးသပ်သည်။

**စစ်ရေး** - မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုများမှ ကာကွယ်ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် တောင်ကိုရီးယားနိုင်ငံတွင် အဆင့်မြင့်ဒုံးခွင်းဒုံးစနစ် THAAD ချထားရန် အမေရိကန်နှင့်တောင်ကိုရီးယားတို့အကြား သဘောတူညီခဲ့ကြသည်။ Terminal High Altitude Area Defense ဟုခေါ်သည့် THAAD စနစ်သည် တာတိုနှင့်တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တား၍ ပစ်ချရန် ရည်ရွယ်ထားသည့်စနစ် ဖြစ်သည်။

ဒုံးခွင်းဒုံးစနစ်သည် တောင်ကိုရီးယားသို့ ဧပြီလ (၂၆) ရက်က ရောက်ရှိလာခဲ့သည်။ နိုင်ငံတောင်ပိုင်းရှိ ဂေါက်ကွင်းတစ်ခုသို့ ဒုံးခွင်းစနစ်နှင့်ဆက်စပ်သောကိရိယာများဟု ယူဆရသည့်ပစ္စည်းများကိုဖုံးအုပ်လျက် သယ်ဆောင်လာသည့် နောက်တွဲယာဉ်ကြီးများကို ရုပ်သံအစီအစဉ်များတွင် ထုတ်လွှင့်ပြသခဲ့သည်။ ၂၀၁၇ ခုနှစ်မကုန်မီ THAAD ဒုံးခွင်းစနစ်ကို အပြည့်အဝတပ်ဆင်အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ THAAD ဒုံးခွင်းစနစ်ချထားခြင်းသည် ဒေသတွင်း စစ်ရေးပဋိပက္ခများ ဖြစ်ပွားစေနိုင်သည်ဟု တရုတ်နိုင်ငံက ကန့်ကွက်ခဲ့ပြီး တောင်ကိုရီးယားသို့ တရုတ်ခရီးသွားများ သွားရောက်မှုကို ပိတ်ပင်ခဲ့သည်။ မွန်းဂျေအင်း သမ္မတဖြစ်လာခဲ့ပြီးနောက် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုကို အကဲဖြတ်မှုမပြီးမချင်း ဒုံးပျံကာကွယ်ရေးစနစ် THAAD ထပ်မံချထားမှုများကို ရပ်ဆိုင်းမည်ဟု သမ္မတရုံးက ဇွန်လ (၇) ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား၏ကာကွယ်ရေးအင်အားကို ပိုမိုတောင့်တင်းအောင် လုပ်ဆောင်ရန် အမေရိကန်နှင့် တောင်ကိုရီးယားတို့ စက်တင်ဘာလ (၁) ရက်တွင် သဘောတူညီခဲ့ပြီး အမေရိကန်အစိုးရက တောင်ကိုရီးယားသို့ ဒေါ်လာဘီလျံနှင့်ချီတန်ဖိုးရှိသည့် လက်နက်များ ရောင်းချရေးကို ခွင့်ပြုလိုက်သည်ဟု အိမ်ဖြူတော်က ထုတ်ပြန်သည်။



**တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်တို့**
**စခန်းချလျက်ရှိသည့် အဆင့်မြင့် ဒုံးခွင်းဒုံးစနစ်ကို**
**တွေ့ရစဉ်**

တောင်ကိုရီးယားသည် ၂၀၀၁ ခုနှစ်က ဒုံးကျည်နှင့်နည်းပညာ ထိန်းချုပ်ရေးစနစ် (MTCR) ထဲသို့

ဝင်ရောက်ခဲ့သည်။ ထိုစဉ်က အရှေ့မြောက်အာရှဒေသတွင် လက်နက်အင်အားပြိုင်ဆိုင်မှုများ မဖြစ်ပေါ်စေရန်အတွက် တောင်ကိုရီးယားဒုံးကျည်များ၏ ပစ်လွှတ်နိုင်မှုစွမ်းရည်ကို ကီလိုမီတာ ၃၀၀ အထိသာ သတ်မှတ်ရန် တောင်ကိုရီးယားနှင့် အမေရိကန်တို့ သဘောတူညီခဲ့ကြသည်။ ယခုအခါ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများကြောင့် ယင်းကန့်သတ်မှုကို လျှော့ချပြီး ဒုံးကျည်များပစ်နိုင်သော အကွာအဝေးကို ကီလိုမီတာ ၈၀၀ အထိမြင့်တင်ပေးရန် သမ္မတဒေါ်နယ်ထရန့်နှင့် မွန်ဂျေအင်းတို့က ညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။

**စီးပွားရေး** - တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့စတုတ္ထအကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး သက်ကြီးရွယ်အိုလူဦးရေ မြင့်မားသည့်နိုင်ငံဖြစ်သည်။ အလုပ်အကိုင်များ ဖန်တီးရန်နှင့်လူမှုဖူလုံရေး အစီအစဉ်များအတွက် ဒေါ်လာ ၁၀ ဘီလျံ (ဝမ် ၁၁ ဒသမ ၂ ထရီလျံ) သုံးစွဲမည့်စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်ကို တောင်ကိုရီးယားအစိုးရက ဇွန်လ (၅) ရက်တွင် ကြေညာခဲ့သည်။

အစိုးရသည် အလုပ်အကိုင် ၁၁၀,၀၀၀ ဖန်တီးပေးရန်အတွက် ဝမ် ၄ ဒသမ ၂ ထရီလျံ သုံးစွဲမည်ဖြစ်သည်။ မီးသတ်သမားများ၊ ရဲများ၊ ကျောင်းဆရာများနှင့် လူမှုရေးအလုပ်သမားများကို အဓိကထားအလုပ်ဖန်တီးမည်ဖြစ်ပြီး အလုပ်ရှာဖွေနေသောငယ်ရွယ်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် နည်းပညာလုပ်ငန်းသစ်များကို ကူညီပေးမည်ဖြစ်သည်။ ထို့ပြင် သက်ကြီးရွယ်အိုများ၊ အလုပ်လုပ်ကိုင်နေသောမိခင်များနှင့် ဝင်ငွေနည်း အိမ်ထောင်စုများအတွက် လူမှုဖူလုံရေးအသုံးစရိတ် အဖြစ် ဝမ် ၇ ထရီလျံကို သုံးစွဲမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံတွင် မိသားစုပိုင်ကုမ္ပဏီကြီးများနှင့်နိုင်ငံရေးအာဏာပိုင်များကြား ပတ်သက်ဆက်နွှယ်မှုများရှိခဲ့သည်။ မိသားစုပိုင်ကုမ္ပဏီကြီးများသည် အာဏာပိုင်များထံမှ အထူးအခွင့်အရေးရယူပြီး မိမိတို့အကျိုးစီးပွားကိုသာ လုပ်ဆောင်ခဲ့ကြသည်ဟု ကိုရီးယားပြည်သူများက ယူဆခဲ့ကြသည်။ ပတ်ဂွမ်ဟေးကို ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် သမ္မတသစ်မွန်ဂျေအင်းက မိသားစုပိုင်ကုမ္ပဏီကြီးများကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်ဟု ကတိပေးခဲ့သည်။

ဆမ်ဆောင်းအီလက်ထရွန်နစ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ လီဂျေယောင်ကို အကျင့်ပျက်ခြစားမှု၊ အလွဲသုံးစားပြုလုပ်မှု၊ လိမ်လည်ထွက်ဆိုမှုနှင့် ပတ်ဂွမ်ဟေး၏ လူယုံချွင်ဆွန်ဆီထံသို့ ဝမ် ၄၃ ဒသမ ၃ ဘီလျံ (ဒေါ်လာ သန်း ၄၀ ခန့်) လာဒ်ထိုးမှုအပါအဝင် စွဲချက်များဖြင့် ဩဂုတ်လ (၂၅) ရက်တွင် ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့သည်။ ယခုကဲ့သို့ အရေးယူမှုသည် နိုင်ငံ၏စီးပွားရေးအတွက် ပွင့်လင်း မြင်သာမှုရှိစေနိုင်သည်ဟု သုံးသပ်ခဲ့ကြသည်။

**လူမှုရေး** - တောင်ကိုရီးယားအမျိုးသမီးများ၏ ပျမ်းမျှလူ့သက်တမ်းသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် နှစ် ၉၀ ကို ကျော်လွန်လာနိုင်ပြီး ကမ္ဘာတွင် ပထမဆုံးပျမ်းမျှသက်တမ်း ၉၀ ကျော်အထိ နေနိုင်သူများဖြစ်လာမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီလ (၂၂) ရက်တွင် ပြောကြားလိုက်သည်။ တောင်ကိုရီးယားအမျိုးသမီးများသည် အဝလွန်မှုနှင့် ဆေးလိပ်သောက်သုံးမှု သိသိသာသာနည်းပါးကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခေတ်ပေါ်ဆေးဘက်နည်းပညာတို့ကို ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်မှုက သက်တမ်းကို ပိုရှည်စေခဲ့ကြောင်း လေ့လာမှုတွင် ကောက်ချက်ချခဲ့သည်။

တောင်ကိုရီးယားသမိုင်းတွင် အဆိုးရွားဆုံး ရေကြောင်းမတော်တဆမှုအဖြစ် ၂၀၁၄ ခုနှစ်က ဆီးဝူးကူးတို့သင်္ဘောနစ်မြုပ်ခဲ့ရာ ကျောင်းသား ၂၅၀ ခန့်အပါအဝင် လူပေါင်း ၃၀၄ ဦး သေဆုံးခဲ့သည်။ ယင်းနစ်မြုပ်မှုမှာ လူ၏အမှားကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးမှုများက ဖော်ပြခဲ့သည်။ သင်္ဘောနစ်မြုပ်စဉ်က ပျောက်ဆုံးနေသူများ၏ မိသားစုများက တောင်းဆိုခဲ့သည့်အတွက် သင်္ဘောပြန်လည်ဆယ်ယူရေးလုပ်ငန်းများကို မတ်လ (၂၂) ရက်တွင် စတင်ခဲ့သည်။ သင်္ဘောကို မတ်လ (၂၃) ရက်တွင် ရေပေါ်သို့ ပြန်လည်တင်ယူနိုင်ခဲ့ပြီး မတ်လ (၃၁) ရက်တွင် ဆိပ်ကမ်းသို့ အောင်မြင်စွာ သယ်ဆောင်နိုင်ခဲ့သည်။

**ထိုင်းနိုင်ငံ။** ။ **နိုင်ငံရေး-** တာဝန်လစ်ဟင်းမှုဖြင့် စွဲချက်တင်ခံထားရသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်သည် စီရင်ချက်ချမှတ်မည့် ဩဂုတ်လ (၂၅) ရက်တွင် တရားရုံးသို့လာရောက်ရန် ပျက်ကွက်ခဲ့သဖြင့် တရားရုံးက ၎င်းကို ဖမ်းဝရမ်းထုတ်ခဲ့ပြီး စီရင်ချက်ချမည့်နေ့ကို စက်တင်ဘာလ (၂၇) ရက်သို့ ပြောင်းရွှေ့ခဲ့သည်။ ရင်လတ်သည် ကျန်းမာရေးမကောင်းသဖြင့် စီရင်ချက်ချမှတ်မှုကို ရွှေ့ဆိုင်းပေးရန် ၎င်း၏ရှေ့နေက တောင်းဆိုခဲ့ကြောင်း၊ သို့ရာတွင် တရားရုံးက ယုံကြည်မှုမရှိသဖြင့် ဖမ်းဝရမ်းထုတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဦးဆောင်တရားသူကြီး ချက်ချူလာမွန်က ပြောကြားသည်။

ထိုင်းတရားရုံးချုပ်က စက်တင်ဘာလ (၂၇) ရက်တွင် ပထမဆုံးအကြိမ် တရားဝင်ပြောကြားသည်။

ထိုင်းတရားရုံးချုပ်က စက်တင်ဘာလ (၂၇) ရက်တွင် ဝန်ကြီးချုပ်ဟောင်း ရင်လတ်ကို တာဝန်လစ်ဟင်းမှုစွဲချက်အတွက် ပြစ်မှုထင်ရှားသဖြင့် မျက်ကွယ်ထောင်ဒဏ် ငါးနှစ်ချမှတ်လိုက်သည်။ ဆန်စပါးဝယ်ယူရေး မူဝါဒကို အကောင်အထည်ဖော်ရာတွင် ဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်နိုင်သည့် သင့်လျော်ပြီး ထိရောက်မှုရှိသော စည်းမျဉ်းများကို ချမှတ်သင့်ကြောင်း၊ ရင်လတ်သည် ယင်းကဲ့သို့ စည်းမျဉ်းများချမှတ်ရန် ပျက်ကွက်မှုကြောင့် လယ်သမားများ၊ ပြည်သူ့ဘဏ္ဍာများ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံနှင့် ပြည်သူများအတွက် ကြီးမားသောဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း စီရင်ချက်တွင် ဖော်ပြထားသည်။ တရားရုံးချုပ်သို့ ရင်လတ်၏ရှေ့နေများ လာရောက်ခဲ့ကြပြီး ၎င်းကိုထောက်ခံသူများကလည်း တရားရုံး အပြင်ဘက်တွင် စုဝေးခဲ့ကြသည်။ ရုံးတင်စစ်ဆေးမှုသည် တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ရင်လတ်သည် ကြားနာမှုများသို့ ပုံမှန်တက်ရောက်ခဲ့သော်လည်း ဩဂုတ်လ (၂၅) ရက်မှစ၍ တရားရုံးသို့လာရောက်ခြင်းမရှိဘဲ တိမ်းရှောင်သွားခဲ့သည်။ ရင်လတ်၏နိုင်ငံကူးလက်မှတ်များကို ရုပ်သိမ်းလိုက်ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက အောက်တိုဘာလ (၃၁) ရက်တွင် ပြောကြားသည်။



**စီရင်ချက်ချသည့်နေ့တွင် ရင်လတ်ကို ထောက်ခံသူများက တရားရုံးအပြင်၌ စုဝေးနေကြစဉ်**

တရားရုံးသို့ မလာရောက်ခဲ့သော ရင်လတ်သည် ပြည်ပသို့ တိမ်းရှောင်သွားပြီဖြစ်ကြောင်း ၎င်း၏ပါတီနှင့် ထိုင်းအစိုးရက ထုတ်ပြန်ခဲ့သည်။ ရင်လတ်သည် လုံခြုံရေးတပ်ဖွဲ့များ၏ စောင့်ကြည့်ခံနေရသည့်ကြားမှ နိုင်ငံမှထွက်ခွာသွားနိုင်ခဲ့ခြင်းသည် အစိုးရနှင့် လျှို့ဝှက်သဘောတူညီချက် ယူခဲ့ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ခဲ့ကြသည်။ ရင်လတ်လိုက်ပါလာသည့် ယာဉ်တန်းသည် စစ်ဘက်စစ်ဆေးရေးဂိတ်တစ်ခုကိုဖြတ်၍ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်အနီးသို့ ဦးတည်သွားခဲ့ကြောင်း ထိုင်းအစိုးရက စက်တင်ဘာလ (၈) ရက်တွင် ပထမဆုံးအကြိမ် တရားဝင်ပြောကြားသည်။

ကမ္ဘာ့အချမ်းသာဆုံး တော်ဝင်မိသားစုများထဲတွင် ပါဝင်သည့် ထိုင်းတော်ဝင်မိသားစု၏ ကြွယ်ဝမှုများကို ထိုင်းဘုရင်က တိုက်ရိုက်ထိန်းချုပ်ခွင့်ရမည့် ဥပဒေသစ်ကို လွှတ်တော်က အတည်ပြုပေးခဲ့ပြီးနောက် ဇူလိုင်လ (၁၇) ရက်တွင် အာဏာသက်ဝင်ခဲ့သည်။ ယခင်က Crown Property Bureau (CPB) က ထိန်းချုပ်ထားခဲ့ရာမှ ယခု ဥပဒေသစ်အရ CPB ကို ကြီးကြပ်မည့်ကော်မတီ၏ အဖွဲ့ဝင်အားလုံးကို ဘုရင်က တိုက်ရိုက်ခန့်အပ်ခွင့်ရမည် ဖြစ်သည်။

သည်။ မာနက်စ်သည် လူကုန်ကူးသည့်အေးဂျင့်များ ထံမှ ဒေါ်လာ ၄၄၀,၀၀၀ (ဘတ် ၁၄ ဒသမ ၈ သန်း) ကို ဘဏ်လွှဲငွေ များမှတစ်ဆင့်ရရှိခဲ့ကြောင်း တရားရုံး ကထုတ်ပြန်သည်။ စစ်ဘက်၊ ရဲဘက်၊ ဒေသဆိုင်ရာ နိုင်ငံရေးသမားများ၊ မာဖီးယားဂိုဏ်းများက လူကုန်ကူး သူများ၊ အေးဂျင့်များ၊ ထောက်ပံ့ပို့ဆောင်သူများအဖြစ် လုပ်ဆောင်ခဲ့ကြပြီး အာရှနိုင်ငံအချို့မှ ဝင်ရောက်လာသော ရွှေ့ပြောင်းအခြေချသူများထံမှ ငွေညှစ်နေမှုများကို ရုံးတင် စစ်ဆေးရာတွင် ဖော်ထုတ်နိုင်ခဲ့သည်။



**ထိုင်းဘုရင် ဘူမိဘောအဒူလာဒက်၏ စျာပနပွဲသို့ တက်ရောက်လာသည့် ထိုင်းပြည်သူများ**

ထိုင်းစစ်တပ်က နိုင်ငံအာဏာကို သိမ်းယူခဲ့ပြီး နောက် လေးနှစ်ကျော်အကြာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ တွင် ရွေးကောက်ပွဲများ ကျင်းပပေးမည်ဟု ထိုင်းအစိုးရ က အောက်တိုဘာလ (၁၀) ရက်တွင် ကြေညာသည်။ ရက်အတိအကျကိုမူ ၂၀၁၈ ခုနှစ် ဇွန်လတွင် ကြေညာမည်ဟုဆိုသည်။

**မျက်မှောက်ရေးရာ** - ရွှေ့ပြောင်းအခြေချသူများအား လူကုန်ကူးမှုအတွက် လုံခြုံရေးတပ်ဖွဲ့တာဝန်ရှိသူများ ကို ဇူလိုင်လ (၁၉) ရက်က ရုံးတင်စစ်ဆေးခဲ့ပြီး နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ နိုင်ငံတောင်ပိုင်း လုံခြုံရေး အဖွဲ့၏ထိပ်တန်းတာဝန်ရှိသူ ကြည်းတပ် ဒုတိယ ဗိုလ်ချုပ်ကြီးမာနက်စ်ကို နိုင်ငံဖြတ်ကျော်၍ လုပ်ဆောင် သော ကွန်ရက်တစ်ခု၌ ကြံရာပါမှုနှင့် လူကုန်ကူးမှုကို ထောက်ပံ့ရန်အတွက် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်မှု စသည့် စွဲချက်များဖြင့် ထောင်ဒဏ် ၂၇ နှစ် ချမှတ်ခဲ့

၂၀၁၆ ခုနှစ်က ကွယ်လွန်ခဲ့သည့် ထိုင်းဘုရင် မင်းမြတ် ဘူမိဘောအဒူလာဒက်၏စျာပနအခမ်းအနား ကို ဘန်ကောက်မြို့၌ အောက်တိုဘာလ (၂၅) ရက်မှ (၂၉) ရက်အထိ ငါးရက်ကြာ ကျင်းပခဲ့သည်။ ဒေါ်လာ သန်း ၉၀ ကျော်သုံးစွဲခဲ့သည့် ကုန်ကျစရိတ်အများဆုံးစျာပန ပွဲကြီး ဖြစ်သည်။ တော်ဝင်အရိုးအိုးကို တင်ဆောင်လာ သည့် နှစ်ဘီးတပ်ရွှေရောင်စစ်ရထားက မြို့တော်ကို ဖြတ်သန်းသွားစဉ် ထိုင်းပြည်သူသုံးသိန်းကျော်က အနက်ရောင် ဝတ်စုံများဝတ်ဆင်၍ လမ်းပေါ်တွင် စုဝေးခဲ့ကြပြီး ဘုရင်မင်းမြတ်ကို နောက်ဆုံးအကြိမ် ဂါရဝပြုခဲ့ကြသည်။ စျာပနအခမ်းအနားသို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မာတစ်၊ ဗြိတိန်မင်းသား အင်ဒရူး၊ ဂျပန် မင်းသားအာကီရှိနိုတို့အပါအဝင် နိုင်ငံပေါင်း ၄၂ နိုင်ငံမှ တော်ဝင်မိသားစုများ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**ထွန်းတင်၊ ဦး၊ ဝဏ္ဏကျော်ထင် (၁၉၂၃-၂၀၁၇)။** ။ ဝဏ္ဏကျော်ထင်ဦးထွန်းတင် (တက္ကသိုလ်သက်ပန်) ကို ဦးဖိုးစိန်၊ ဒေါ်ညွန့်တို့က ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ မွေးဖွားသည်။



ဝဏ္ဏကျော်ထင် ဦးထွန်းတင်

ဦးထွန်းတင်သည် ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူသည်။ ၁၉၃၉ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပစာတန်းစာမေးပွဲ၌ မြန်မာစာ (အထူး) ဘာသာရပ်အတွက် 'သာဒိုးအောင်' ဆုရရှိ၍ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့များရရှိသည်။

ဦးထွန်းတင်သည် ထိုအချိန်မှစ၍ မြန်မာ့အလင်းသတင်းစာ၊ နဂါးနီဂျာနယ်၊ ဂန္ထလောကစာစောင်တို့တွင် ဆောင်းပါးနှင့်ဝတ္ထုတိုများ ရေးသားသည်။ မြန်မာ့အလင်းသတင်းစာ၏ တက္ကသိုလ်သတင်းထောက်အဖြစ် လည်းဆောင်ရွက်သည်။ ကလောင်အမည်များမှာ တက္ကသိုလ်သက်ပန်၊ တက်ထွန်းအောင်တို့ဖြစ်သည်။

ဦးထွန်းတင်သည် ၁၉၄၃-၄၄ ခုနှစ်တွင် ဂျပန်ဒိုမေသတင်းဌာန လက်ထောက်သတင်းအယ်ဒီတာ၊ ၁၉၄၄ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော်အချက်ပြဆက်သွယ်ရေးတပ် နိုင်ငံခြားသတင်းဌာနအယ်ဒီတာ၊ ၁၉၄၆ ခုနှစ်တွင် သတင်းစုံဂျာနယ် အမှုဆောင်အယ်ဒီတာ၊ ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှသတင်းပြန်ကြားရေးဌာန နေ့စဉ်ထုတ်သတင်းလွှာ မြန်မာသတင်းအယ်ဒီတာ၊ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန တတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီး ၁၉၈၃ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးထွန်းတင်သည် အငြိမ်းစားယူပြီးနောက် စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် ကုလသမဂ္ဂနှစ်ပတ်လည် အထွေထွေညီလာခံ၊ ကုလသမဂ္ဂ၏ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာရေးရာများကို ရေးသားခဲ့သည်။

ဦးထွန်းတင်သည် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်)၊ လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်တို့ကို ရရှိသူဖြစ်သည်။

ဦးထွန်းတင်သည် ဒေါ်အေးမြင့်နှင့်လက်ထပ်ပြီး သားနှစ်ဦး၊ သမီးတစ်ဦး၊ မြေးငါးဦးနှင့် မြစ်ခုနစ်ဦး ထွန်းကားသည်။ ဇနီးနှင့်သားတစ်ဦးသည် ကွယ်လွန်ပြီးဖြစ်သည်။

နိုင်ငံတော်တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့သော ဝဏ္ဏကျော်ထင်ဦးထွန်းတင် (တက္ကသိုလ်သက်ပန်) သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**စိုးအောင်**

**ဒေသတွင်းထိပ်သီးအစည်းအဝေးများ။** ။ **အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး** - ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအော ဖိုရမ် နှစ်ပတ်လည်အစည်းအဝေး (Boao Forum For Asia Annual Conference 2017) ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘိုအောမြို့၊ Boao International Conference Center ၌ ၂၀၁၇ ခုနှစ်၊ မတ်လ (၂၅) ရက်က ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်

များ၊ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဘိုအောဖိုရမ် ဥက္ကဋ္ဌ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာယာဆူရီ ဖူကူဒါက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ အဝေးများ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ (၁၃) ရက်၊ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ Cultural Center of the Philippines (CCP) ၌ ကျင်းပသည်။ အခမ်းအနားသို့ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာရိုဒရီဂို




**ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံ ဘိုအောမြို့တွင်ကျင်းပသည့် ဘိုအောဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားစဉ်**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာကျန်းကောင်းလီ၊ မဒါဂါစကား သမ္မတနိုင်ငံ သမ္မတ H.E. Hery Martial Rajao-narima-mpianina၊ မိုက်ခရိုနီးရှား ဖက်ဒရယ်ပြည်ထောင်စု သမ္မတ H.E. Peter M.Christian၊ နီပေါနိုင်ငံဝန်ကြီးချုပ် H.E. Puspa Kamal Dahal Prachanda နှင့် အာဖဂန်နစ္စတန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Fazel Hadi Muslimyar တို့က မိန့်ခွန်းပြောကြားကြသည်။ ယင်းနောက် ဒုတိယ သမ္မတဦးမြင့်ဆွေက မိန့်ခွန်းပြောကြားသည်။

ယခုနှစ် ဘိုအောဖိုရမ်၏ခေါင်းစဉ်မှာ Globalization & Free Trade : The Asian Perspectives ဖြစ်ပြီး Globalization, Growth, Reform နှင့် New Economy ဟူ၍ အပိုင်းလေးပိုင်းခွဲကာ ဆွေးနွေးခဲ့ကြသည်။

**၃၁ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများ**- ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်း ဒူတာတေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲ များနှင့် အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲ များနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်သည်။

အစီအစဉ်အရ အခမ်းအနားကို အာဆီယံ အထိမ်းအမှတ်သီချင်းဖြင့် ဖွင့်လှစ်ပြီး အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားသည်။

၃၁ ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီး အစည်းအဝေး (Plenary Session) ကို မနီလာမြို့ရှိ Philippines International Convention Centre (PICC) ၌ ဆက်လက်ကျင်းပသည်။ ယင်းနောက် နှစ် (၄၀) ပြည့် အထိမ်းအမှတ် အာဆီယံ-အမေရိကန် ထိပ်သီး အစည်းအဝေး၊ ၂၀ ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ ၁၉ ကြိမ်မြောက် အာဆီယံ-


ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် ၂၀ ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတို့ကို (PICC) ရှိ Summit Hall ၌ ကျင်းပသည်။

နိုဝင်ဘာလ (၁၄) ရက် နံနက်ပိုင်းတွင် အကြိမ် ၂၀ မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ နှစ် (၄၀) ပြည့်အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေး၊ မွန်းလွဲပိုင်းတွင် ၁၂ ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် ၁၅ ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတို့ကို PICC ၌ ဆက်လက် ကျင်းပ သည်။ ညပိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကို အာဆီယံခေါင်းဆောင် များက လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပိတ်ပွဲ အခမ်းအနားနှင့် အာဆီယံဥက္ကဋ္ဌရာထူး လွှဲပြောင်း ပေးအပ်ခြင်း အခမ်းအနားများကို ဆက်လက်ကျင်းပ သည်။ ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာရိုဒရီဂိုဒူတာတေး က နှုတ်ဆက်စကားပြောကြားပြီး ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းထံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်နှင့် အဆောင် အယောင်တူငယ်ကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် စကားပြောကြားသည်။

**ဒမ်မီ၊ ဂျိုနသန် ။** ။ အော်စကာဆုရ အမေရိကန် ရုပ်ရှင်ဒါရိုက်တာ ဂျိုနသန်ဒမ်မီကို ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်တွင် အမေရိကန် ပြည်ထောင်စု နယူးယောက်၌ မွေးဖွားသည်။ မီယာမီအထက်တန်း ကျောင်းနှင့် ဖလော်ရီဒါတက္ကသိုလ်တို့တွင် ပညာသင်ကြား ခဲ့သည်။

ဒမ်မီသည် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အနုပညာ လောကသို့ဝင်ရောက်ခဲ့ပြီး အနုပညာသက်တမ်း နှစ် ၄၀ အတွင်း အချစ်ဇာတ်မြူး ဇာတ်ကားများမှသည် အထင်ကရ ပုဂ္ဂိုလ်များ၏ မှတ်တမ်းရုပ်ရှင်များအထိ အနုပညာ လက်ရာများစွာကို ဖန်တီးခဲ့သည်။ ၁၉၉၁ ခုနှစ်က ရိုက်ကူးဖြန့်ချိခဲ့သည့် သည်းထိတ်ရင်ဖိုဇာတ်ကား Silence of the Lambs ဖြင့် အကောင်းဆုံးဒါရိုက်တာ အော်စကာဆု ရရှိခဲ့သည်။ ယင်းဇာတ်ကားသည်



**ဂျိုနသန်ဒမ်မီ**

အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုတို့လည်းရရှိခဲ့ပြီး စုစုပေါင်း အော်စကာဆု ငါးဆု ဆွတ်ခူးရရှိသည်။

အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသည့် ၎င်း၏ သူငယ်ချင်းတစ်ဦးကို အကြောင်းပြု၍ ၁၉၉၃ ခုနှစ်တွင် Philadelphia ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ၎င်းဇာတ်ကား သည် အေအိုင်ဒီအက်စ်ရောဂါနှင့်ပတ်သက်၍ ရိုက်ကူး သော အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကားများအနက် တစ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် ဂေးရှေ့နေအဖြစ် သရုပ်ဆောင်သည့် မင်းသားတွမ်ဟင့်ခ်က အကောင်းဆုံး အမျိုးသားသရုပ်ဆောင် အော်စကာဆုရရှိသည်။

ဒမ်မီ၏အခြားထင်ရှားသော ရုပ်ရှင်ဇာတ်ကား များမှာ Melvin and Howard (1980), Swing Shift (1984), Something Wild (1986), Married to Mob (1988) စသည့်ဇာတ်ကားများဖြစ်သည်။ နယ်လ်ဆင်မင်ဒဲလား၊ သမ္မတဟောင်းဂျင်မီကာတာ၊ အဆိုတော် ဘရုစ်စပရင်း စတင်း၊ အဆိုတော် ဂျက်စတင်တင်းဘားလိတ်၊ Kenny

Chesney၊ Neil Young နှင့် Talking Heads အဖွဲ့တို့အတွက် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးပေးခဲ့သည်။

ဒမ်မီသည် အသက် ၇၃ နှစ်အရွယ် ၂၀၁၇ ခုနှစ် ဧပြီလ (၂၆) ရက်တွင် အမေရိကန်ပြည်ထောင်စု၊ မန်ဟက်တန်ရှိနေအိမ်၌ ကွယ်လွန်သည်။

## နီသင်း၊ မောင်၊ ပျဉ်းမနား (၁၉၄၇-၂၀၁၇)

॥ ॥ ကဗျာဆရာပျဉ်းမနား-မောင်နီသင်းကို ပန်းထိမ်ဆရာဦးသာအုံး၊ ဒေါ်စောရှင်တို့က ၁၉၄၇ ခုနှစ်၊ ဇွန်လ (၂၈) ရက်တွင် ပျဉ်းမနားမြို့၌ မွေးဖွားသည်။ နာမည်အရင်းမှာ ဦးတင်ဝင်း ဖြစ်သည်။



ပျဉ်းမနားမောင်နီသင်း

ငယ်စဉ်က အထက (၂) ပျဉ်းမနား၌ ပညာသင်ယူသည်။ ပညာသင်ယူစဉ် စာစီစာကုံးဆုများ ရရှိသည်။ ၁၉၆၂ ခုနှစ်မှစ၍ အထက်တန်းပညာသင်ဆု ရရှိသည်။ ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ပညာရေးတက္ကသိုလ်မှ ပညာရေးဘွဲ့ (B.Ed) နှင့် မဟာပညာရေးဘွဲ့ (M.Ed) ရရှိသည်။

အထက ဗန်းမော်၌ အထက်တန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၇၁ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၇၃ ခုနှစ်တွင် ဂျပန်နိုင်ငံသို့သွားရောက်၍ ပညာရေးနှင့်စာပေယဉ်ကျေးမှု ဆွေးနွေးပွဲတက်ရောက်သည်။ ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီဝင်၊ အခြေခံပညာကျောင်းသုံးစာအုပ်ကော်မတီ (မြန်မာစာ) အဖွဲ့ဝင်၊ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတကာလူငယ်များနှစ်စိစစ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ ၁၉၉၂ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံတို့သို့သွားရောက်၍ ပညာရေးနှင့်စာပေယဉ်ကျေးမှု ဆွေးနွေးပွဲများ တက်ရောက်သည်။ ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ပျဉ်းမနား-မောင်နီသင်းသည် ၁၉၆၄ ခုနှစ်တွင် အနုပညာဆိုင်ရာစာပေဆု (အမျိုးသားစာပေဆု) ကလေးစာပေစတုတ္ထဆုကို 'ကောက်ရိတ်ချိန်' စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆု ကလေးစာပေစတုတ္ထဆုကို 'ရတနာဦး' စာမူဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု ကလေးစာပေကို 'မြစ်ပယ်နှင့်အခြားပုံပြင်များ' စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်ကို 'ငှက်ကလေး၏တေးချိုချိုကဗျာများ' စာအုပ်ဖြင့်လည်းကောင်း ဆွတ်ခူးရရှိသည်။

ပျဉ်းမနား-မောင်နီသင်း ရေးသားထုတ်ဝေခဲ့သောစာအုပ်များမှာ ကောက်ရိတ်ချိန် (၁၉၆၅)၊ ရတနာဦး (၁၉၆၆)၊ နေခြည်ထဲကနှင်းစက်များ (၁၉၇၄)၊ မဝတ်ရည်ပုံပြင်များ (၁၉၇၅)၊ စာစီစာကုံး-အတွေးနှင့်အရေး (၁၉၈၅)၊ ကဗျာဟူသည် ပန်းဝတ်ရည် (၁၉၈၉)၊ သုဝဏ္ဏသာမ (၁၉၉၀)၊ စာစီစာကုံးဖတ်ရအောင် (၁၉၉၂)၊ မိုးတစ်ပေါက်နှင့်ပိတောက်ပွင့် (၁၉၉၅)၊ မြစ်ပယ်နှင့်အခြားပုံပြင်များ (၂၀၀၂)၊ ငှက်ကလေး၏တေးချိုချိုကဗျာများ (၂၀၁၂) စာအုပ်တို့ ဖြစ်သည်။

ပျဉ်းမနား-မောင်နီသင်းသည် လစဉ်ထုတ်မဂ္ဂဇင်းအချို့နှင့် စာစောင်အချို့တွင်လည်း ကဗျာ၊ စာစီစာကုံးနှင့် ပညာရေးဆောင်းပါးများ ရေးသားခဲ့သည်။ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနက လစဉ်ထုတ်ဝေလျက်ရှိသော ပညာရေးသတင်းလွှာတွင်လည်း ရေးသားသည်။

အမျိုးသားစာပေဆု လေးကြိမ်ဆွတ်ခူးခဲ့သော ပျဉ်းမနား-မောင်နီသင်းသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂)

ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ရီရီမြင့် (အထက်တန်းပြ၊ အထက-၃၊ ကမာရွတ်၊ ငြိမ်း)၊ သမီးနှစ်ဦး၊ သားနှစ်ဦးနှင့် မြေးနှစ်ဦးတို့ ကျန်ရစ်သည်။

**စိုးအောင်**

## ဓမ္မာနန္ဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၃- ၁၃၇၈) ။

။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကံသာရပ်၊ အောင်မြေသာစည်ပါဠိတက္ကသိုလ် (ရွှေကျင်) ကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒကို ခမည်းတော် ဦးယုံး၊ မယ်တော်ဒေါ်စီတို့က ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၆) ရက် စနေနေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးဒေသ၊ မြေနီကုန်းရွာ၌ ဖွားမြင် တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် တောင်ကြီးမြို့၊ အင်းလေးဒေသ၊ မြေနီကုန်းရွာ၊ မြေနီကုန်းကျောင်းဂိုဏ်းထောက်ဆရာတော် ဦးနန္ဒကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၃ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်တွင် ဆရာတော်ဘဒ္ဒန္တနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ ဟဲဟိုးမြို့၊ ဘုရားကျောင်း ဒါယကာ ဦးခေါင်၊ ဒေါ်မျှင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ တောင်ကြီးမြို့၊ အောင်မြေသာစည်ပါဠိတက္ကသိုလ် (ရွှေကျင်) ကျောင်းတိုက် သီလဝိသောဓနီသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် အင်းလေးဒေသ၊ မြေနီကုန်းကျောင်းဆရာတော် ဦးဥတ္တမ၊ ကျေးစားကုန်းဆရာတော် ဦးပဏ္ဍိတ၊ အင်းလျားကျောင်းဆရာတော် ဦးကေတုမာလာ၊ တောင်ကြီးမြို့ အောင်မြေသာစည်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ၊ မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဝေယံဘုံသာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ၊ မုံရွာမြို့ အရှေ့လယ်တီတိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါယမတို့ထံတွင် ပါဠိအဋ္ဌကထာဋီကာကျမ်းစာများကို သင်ကြားဆည်းပူးခဲ့ပြီး ရှမ်းပြည်နယ်လုံးဆိုင်ရာ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဟစာမေးပွဲငယ်၊ လတ်၊ ကြီး၊ အစိုးရပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီးနှင့် အစိုးရဓမ္မာစရိယစာချတန်းတို့ကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် တောင်ကြီးမြို့ အောင်မြေသာစည်ပါဠိတက္ကသိုလ်ကျောင်းတိုက် စတင်တည်ထောင်ချိန်မှစ၍ စာချကထိကအဖြစ်လည်းကောင်း၊ ပဓာန နာယကဆရာတော်အဖြစ် လည်းကောင်း တပည့်ရဟန်းသာမဏေ ၁၀၀ ကျော်တို့ကို ပရိယတ္တိစာပေများကို ပို့ချပေးခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်သည့်အချိန်မှစ၍ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) အဖြစ်လည်းကောင်း၊ အစိုးရပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ အောင်ပန်းမြို့၊ ပင်းတယမြို့များရှိ ကျောင်းပေါင်း ၁၁ ကျောင်းတို့ကို အုပ်ချုပ်ရေးတာဝန်ယူလျက် လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယတာဝန်ကို ပျံလွန်တော်မူချိန် အထိလည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ပစ္စည်းမသို စိတ်မတို ခင်ပျိုကြီးပွားကြောင်း ဟူသောဆရာကြီးများ၏သြဝါဒကို နှလုံးသွင်းလျက် ရရှိသောလာဘ်သပ္ပကာတို့ကို တပည့်ရဟန်းသံဃာတို့အား ဝေငှပေးကမ်းချီးမြှင့်လျက် ဓူရနှစ်ပါးကို ဆင်ခြင်ပွားများအားထုတ်တော်မူသဖြင့် ရဟန်းရှင်လူတို့၏ ကြည်ညိုမှုကို ခံယူရရှိသည်။

ဆရာတော်၏ သာသနာအကျိုးသယ်ပိုးဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မာနန္ဒသည် သာသနာ အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၆ ဝါအရ ၁၃၇၈ ခုနှစ်၊ တပို့တွဲ လဆန်း (၆) (၂-၂-၂၀၁၇)ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**နေမျိုးသန့် (၁၉၄၃-၂၀၁၇)** ။ ။ စာပေဗိမာန်စာမူဆု၊ ပခုက္ကူစာပေဆု၊ အမျိုးသားစာပေဆုရ ဆရာနေမျိုးသန့်ကို မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အောင်နန်းရွာ၌ ဦးဘသန့်၊ ဒေါ်အေးကြွယ်တို့မှ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးတင်မြင့်ဖြစ်သည်။ ငယ်စဉ်က အောင်နန်းရွာ၊ အောင်သာကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး အခြေခံပညာကို ရေစကြိုမြို့ အစိုးရတန်းမြင့်ကျောင်း



**နေမျိုးသန့်**

တွင် သင်ကြားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြင်းမူမြို့၊ အခြေခံပညာ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ထိုမှ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး တာဝန်များကို ပုလဲမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်း မြို့နယ်၊ မြင်းမူမြို့နယ်၊ အရာတော်မြို့နယ်တို့တွင် ထမ်းဆောင်ခဲ့သည်။ အထက်မြန်မာပြည် အမှတ် (၂) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဖြင့် ၂၀၀၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဆရာနေမျိုးသန့်သည် ၁၉၇၁ ခုနှစ်မှစ၍ "တင်မြင့်" ကလောင်အမည်ဖြင့် ဟံသာဝတီသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၊ ကြေးမုံသတင်းစာ၊ မြဝတီသတင်းစာ၊ ငွေတာရီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ "နေမျိုးသန့်" ကလောင်အမည်ဖြင့် ငွေတာရီ၊ မြဝတီ၊ မိုးဦးပန်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတို့တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့သည်။ စာပေဗိမာန်စာမူပြိုင်ပွဲ များတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု (၉) ဆု၊ ဒုတိယဆု (၆) ဆု၊ တတိယဆု (၂) ဆုရရှိခဲ့ပြီး အမျိုးသားစာပေဆု (၂) ဆုနှင့် အာဆီယံစာပေဆု (၁) ဆုကိုလည်း ရရှိခဲ့သည်။

ဆရာနေမျိုးသန့်၏ ထုတ်ဝေပြီးသောစာအုပ်များအနက် ထင်ရှားသောစာအုပ်များမှာ ပုံတောင်ပုံညာ ခရီးသည်၊ ဗန့်ကျီကိုလှမ်းပါလို့ ပခန်းကိုဝင်ခဲ့တယ်၊ အဂ္ဂတောင်က မောင်သန့်ထခဲ့၊ အညာတရိုးက ဆရာဖိုးဘဝနှင့်စာပေ၊ ခယောင်းမြေမှာ ပန်းတွေကမွှေး ဝတ္ထုတိုများ၊ လောကအလှ ဘဝကြေးမုံ၊ ဘဝလှူရှာပန်းအလင်္ကာ၊ မြေသင်းပျံ့ပျံ့ မိုးရနံ့၊ ရှင်မတောင်မှ ဧရာဝတီသို့၊ မိုးသောက် နေခြည်ဦး စသည်တို့ဖြစ်သည်။

စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ အမျိုးသားစာပေဆု၊ အာဆီယံစာပေဆုရှင် ဆရာနေမျိုးသန့်သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁) ရက်တွင် ကွယ်လွန်သည်။

**စိုးအောင်**

**နိုဘယ်ဆု။** ။ ၂၀၁၇ ခုနှစ်အတွက် နိုဘယ်ဆုရရှိသူများအမည်စာရင်းကို နိုဘယ်ဆုရွေးချယ်ရေးကော်မတီက အောက်တိုဘာလ (၂) ရက်မှ စတင်ကြေညာသည်။ ဆေးပညာ၊ ရူပဗေဒနှင့် ဓာတုဗေဒ ဘာသာရပ်တို့ အတွက် ပူးတွဲသုံးဦးစီ၊ စာပေနှင့် စီးပွားရေးပညာရပ်တို့အတွက် တစ်ဦးစီ၊ ငြိမ်းချမ်းရေးဆုအတွက် အဖွဲ့အစည်းတစ်ခု စုစုပေါင်းဘာသာရပ်ခြောက်မျိုးအတွက် လူပုဂ္ဂိုလ် ၁၁ ဦးနှင့် အဖွဲ့အစည်းတစ်ခုတို့က နိုဘယ်ဆုများ ဆွတ်ခူးရရှိသည်။

**ဆေးပညာဆိုင်ရာ နိုဘယ်ဆု**- ၂၀၁၇ ခုနှစ်အတွက် ဆေးပညာဆိုင်ရာနိုဘယ်ဆုကို အမေရိကန်ဇီဝသိပ္ပံပညာရှင်များဖြစ်သည့် ဂျက်ဖရီစီဟော၊ မိုက်ကယ်ရောစ်ဘတ်၊ မိုက်ကယ်ဒဗလျူယန်းတို့က ရရှိသည်။ ၎င်းတို့သည် သက်ရှိအများစုအတွက် အိပ်စက်မှု


သံသရာကို လွှမ်းမိုးကြီးစိုးသည့် ကိုယ်တွင်းဇီဝနာရီစနစ်ကို ဖော်ထုတ်ပေးနိုင်သည့်အတွက် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

ဟော်မုန်းပမာဏ၊ ကိုယ်အပူချိန်၊ သက်ရှိတို့၏ ဇီဝဖြစ်ပျက်မှုကဲ့သို့ ဇီဝလုပ်ဆောင်မှုများကို ဇီဝနာရီက လွှမ်းမိုးထားသည်။ ထို့ကြောင့် ကမ္ဘာတွင် အချိန်သတ်မှတ်ဇုန်များ ပြောင်းလဲရောက်ရှိသည့်အခါ လူသားတို့၏ကိုယ်တွင်း နာရီစနစ်နှင့် ပြင်ပသဘာဝ ပတ်ဝန်းကျင်တို့ စည်းဝါးကိုက်မှု ပြောင်းလဲသောကြောင့် ဂျက်လေယာဉ်ခရီးပန်းမှုကဲ့သို့ သက်ရောက်မှုကို ဖြစ်စေသည်။ ပညာရှင်သုံးဦးက နေ့စဉ်ဇီဝနာရီက ထိန်းချုပ်ထားသည့် မျိုးဗီဇကို သီးခြားထားရှိရန် အသီးတစ်မျိုးကို နမူနာအဖြစ် ပျံသန်းမှုခရီးစဉ်တွင် အသုံးပြုခဲ့သည်။ ထိုမျိုးဗီဇက ပရိုတိန်းတစ်မျိုးကို ဝှက်ထားပြီး ညအချိန်တွင် ဆဲလ်အတွင်း၌ ထိုပရိုတိန်းကို စုပုံထား၍ နေ့အချိန်တွင် ယင်းပရိုတိန်းကို ပြိုကွဲလျော့ပါးစေကြောင်း ဖော်ထုတ်တင်ပြခဲ့သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။



**ဆေးပညာနိုဘယ်ဆုရ မိုက်ကယ်ရောစ်ဘတ်၊ မိုက်ကယ်ဒဗလျူယန်း၊ ဂျက်ဖရီစီဟော**

**ရူပဗေဒဆိုင်ရာနိုဘယ်ဆု-** ၂၀၁၇ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိုဘယ်ဆုကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားနည်းပညာ သိပ္ပံမှ အာကာသရူပဗေဒဆိုင်ရာ သိပ္ပံပညာရှင်များဖြစ်ကြသည့် ဘယ်ရီဘာရစ်၊ ကစ်သောနေနှင့် ရိုင်နာဝစ်တို့က ရရှိသည်။ တွင်းနက်ကြီးများ ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော ကမ္ဘာ့ဆွဲငင်အားဆိုင်ရာလှိုင်းများကို စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်ဆု ရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။ ယင်းလှိုင်းများကို တွေ့ရှိမှုကြောင့် စကြဝဠာ၏ဆန်းကြယ်မှုများကို သိရှိနိုင်ရန် လမ်းပွင့်သွားခဲ့သည်။



**ရူပဗေဒနိုဘယ်ဆုရ ရိုင်နာဝစ်၊ ဘယ်ရီဘာရစ်၊ ကစ်သောနေ**

**ဓာတုဗေဒဆိုင်ရာနိုဘယ်ဆု-** ၂၀၁၇ ခုနှစ် အတွက် ဓာတုဗေဒဆိုင်ရာနိုဘယ်ဆုကို ရက်ဒူဘိုချက်၊ ဂျိုအာချင်းဖရန့်၊ ရစ်ချက်ဟန်ဒါဆင်တို့က ရရှိသည်။ သေးငယ်သောဇီဝမော်လီကျူးများ၏ပုံရိပ်ကို သိရှိနိုင်ရန်အတွက် ပိုမိုရှင်းလင်းကောင်းမွန်သည့် (Cryo-electron microscopy) ကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ဇီဝမော်လီကျူး သုံးဖက်မြင်ပုံရိပ်ထုတ်လုပ်သည့်နည်းလမ်းက ဆဲလ်များ၏ အနုစိတ်ပုံရိပ်ကို ရရှိနိုင်စေကြောင်း၊ ယင်းကဲ့သို့ ပုံရိပ်ဖော်ကြည့်ရှုနိုင်မှုကြောင့် သက်ရှိတို့၏ဓာတုဖြစ်စဉ်ကို နားလည်နိုင်မှုနှင့် ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် အကျိုးကျေးဇူးဖြစ်စေကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။



**ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုရ ရစ်ချက်ဟန်ဒါဆင်၊ ဂျိုအာချင်းဖရန့်၊ ရက်ဒူဘိုချက်**

**စာပေဆိုင်ရာနိုဘယ်ဆု-** ၂၀၁၇ ခုနှစ်အတွက် စာပေဆိုင်ရာနိုဘယ်ဆုကို ဂျပန်နွယ်ဖွား ဗြိတိန်စာရေးဆရာ ကာဇူအိုအစ်ရှီဂူရိုက ရရှိသည်။ ကာဇူအိုသည် ကြီးမားသည့်စိတ်ခံစားမှုကို ပေးစွမ်းနိုင်သည့် ဝတ္ထုများကြောင့် စာပေနိုဘယ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် The Remains of the day စာအုပ်ဖြင့် Man Booker ဆုကိုလည်း ရရှိထားသည်။



**စာပေဆိုင်ရာနိုဘယ်ဆုရ ကာဇူအိုအစ်ရှီဂူရို**

**ငြိမ်းချမ်းရေးနိုဘယ်ဆု -** ၂၀၁၇ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို နျူကလီးယားလက်နက်ဖျက်သိမ်းရေးအဖွဲ့ International Campaign to Abolish Nuclear Weapons (ICAN) က ရရှိသည်။ မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့တွင် နျူကလီးယားဆိုင်ရာ တင်းမာမှုများမြင့်တက်နေချိန်တွင် ကမ္ဘာပေါ်မှ နျူကလီးယားလက်နက်များ ဖယ်ရှားပစ်ရန် မဆုတ်မနစ် ကြိုးပမ်းမှုများအတွက် ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ICAN အဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်၊ အမေရိကန်နှင့် ဗြိတိန်အပါအဝင် နိုင်ငံများမှ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ခဲ့ကြသည်။ ယင်းအဖွဲ့သည် နျူကလီးယားလက်နက်များ၏နောက်ဆက်တွဲဆိုးကျိုးများရရှိပုံကို သိရှိနားလည်စေရန် နိုင်ငံတကာသို့ အသိပညာဖြန့်ဝေပေးလျက်ရှိသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် နိုင်ငံပေါင်း ၁၂၂ နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သမိုင်းဝင်နျူကလီးယား လက်နက်များပိတ်ပင်ရေး သဘောတူညီချက်ကို အတည်ပြုနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်။




**နျူကလီးယား လက်နက်ဖျက်သိမ်းရေးအဖွဲ့ (ICAN)**

**စီးပွားရေးဆိုင်ရာနိုဘယ်ဆု-** ၂၀၁၇ ခုနှစ်အတွက် စီးပွားရေးဆိုင်ရာနိုဘယ်ဆုကို အမေရိကန်ပြည်ထောင်စု ရှီကာဂိုတက္ကသိုလ် ဘောဂဗေဒသိပ္ပံပါမောက္ခ ရစ်ချက်အိတ်ချ်သေလာက ရရှိသည်။ အပြုအမူဆိုင်ရာ ဘောဂဗေဒ (Behavioral Econmics) အတွက် ၎င်း၏ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



**စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရ**
**ရစ်ချက်အိတ်ချ်သေလာ**

သေလာသည် စီးပွားရေးဆုံးဖြတ်ချက်ကို သုံးသပ်ရာတွင် စားသုံးမှုဆိုင်ရာ စိတ်သဘောထားများကို ပေါင်းစည်းဆောင်ရွက်ခဲ့ကြောင်း၊ ဈေးကွက်ရလဒ်များ၊ တစ်ဦးချင်းဆုံးဖြတ်ချက်များကို သက်ရောက်သော လူသားတို့၏ အပြုအမူနှင့်ပတ်သက်ပြီး စူးစမ်းရှာဖွေခဲ့ကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

**အိ ခိုင်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ။

။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကို ဧပြီလ (၁၁) ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ကိုထွေးပို၊ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မှ မဖြူစင်ပွင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ မလုအိမ်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ကိုထိန်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ ကိုခိုင်မင်းထက်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ မမိအေးမော်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ မနန်းဖြူနှင်းသက်၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ကိုလှိုင်မင်းစိုး၊ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်မှ ကိုသာမောင်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်မှ မဝင်းမာခိုင်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ မသိန်းသိန်းအိနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ကိုခွန်စိုးမောင်တို့ တက်ရောက်ဆွေးနွေးကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် ကျေးလက်တောရွာနေပြည်သူလူထုမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အဆိုပါ ကျေးလက်တောရွာနေသူတို့မှာ နိုင်ငံ၏ကျောရိုးဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်တောရွာနေပြည်သူတို့၏ အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းနေသည့် ဒေသနေပုဂ္ဂိုလ်များအနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုနှင့် ဗဟုသုတနည်းကြောင်း၊ စစ်ပွဲများမရှိသဖြင့် ငြိမ်းချမ်းရေးသည် ၎င်းတို့နှင့်မဆိုင်ဟု ယူဆကြကြောင်း၊ စင်စစ် ငြိမ်းချမ်းရေးသည် အားလုံးနှင့်သက်ဆိုင်ကြောင်း၊ လူတစ်ယောက်နှင့်နှိုင်းယှဉ်လျှင် အစိတ်အပိုင်းအားလုံးကောင်းမှ ကောင်းမွန်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရမှ တိုးတက်မည်ဖြစ်ရာ ငြိမ်းချမ်းရေးရရှိရန် လူတိုင်းကိုယ်စီတွင် မည်သို့တာဝန်ရှိသည်၊ မည်သို့လုပ်ပေးနိုင်သည်ကို စဉ်းစားဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်တောရွာနေလူငယ်များစကားဝိုင်းသို့တက်ရောက်လာသည့် လူငယ်များက ဆွေးနွေးကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ကိုထွေးပိုက မိမိတို့နိုင်ငံ မငြိမ်းချမ်းသည့်အတွက် ကမ္ဘာ့နိုင်ငံများအကြား နောက်ကျကျန်နေရကြောင်း၊ ဒေသအသီးသီးရှိ တိုင်းရင်းသားအားလုံးက အနာဂတ်တွင် ငြိမ်းချမ်းရေးရရှိရန် ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဒေသတွင် ငြိမ်းချမ်းသည့်အတွက် လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်ပြီး ငြိမ်းချမ်းရေး၏အရသာ ခံစားနေရကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်မှ မဖြူစင်ပွင့်က မိမိတို့ တအာင်းဒေသတွင် စစ်ပွဲများဖြစ်ပွားနေသည့်အတွက် ထိခိုက်နစ်နာမှုရှိကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် မည်သို့လုပ်ဆောင်မည်၊ မည်သို့ဖော်ဆောင်မည်၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် မည်သည့်အခြေအနေမျိုးကျမှ သဘောတူပြီး တပ်မတော်အနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့များကို မည်သည့်အခြေအနေမျိုးကျမှ လက်မှတ်ထိုးခွင့်ပြုမည်ကို သိရှိလိုပါကြောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ မလုအိမ်က မိမိတို့ပြည်နယ်တွင် စစ်ပွဲများဖြစ်ပွားနေသည့်အတွက် တိုင်းရင်းသားအများစုမှာ ဒုက္ခသည်စခန်းသို့ရောက်နေကြောင်း၊ မိမိနေရာဒေသသို့

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း)

ပြန်လာကာနေထိုင်စားသောက်နိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ကိုထိန်လင်းအောင်က မိမိတို့ဒေသမှာ ငြိမ်းချမ်းမှုရှိသည့်အတွက် စိတ်ပိုင်းဆိုင်ရာကိုသာ ပြုပြင်ပြောင်းလဲရန်လိုမည်ထင်ကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲရန် တရားဥပဒေစိုးမိုးရေးနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်လိုပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးမှာ တစ်သွေးတစ်သံ၊ တစ်စိတ်တည်း စည်းစည်းရုံးရုံး ညီညီညွတ်ညွတ်သွားရမည်ထင်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အချို့နေရာများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး လျှပ်စစ်မီးမရရှိသေးကြောင်း၊ ပညာရေးအနေဖြင့် ကျောင်းသားနှင့် ဆရာ/ဆရာမ အရေအတွက် မမျှတသေးကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဆိုသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ငြိမ်းချမ်းရေးဟူသည် တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးပြောဆိုမှု၊ အပေးအယူညှိနှိုင်းမှုမှာ နံပါတ်တစ်ဖြစ်ပြီး လက်နက်နှင့်မဖြေရှင်းဘဲ ဆွေးနွေးမှုဖြင့် ယုံကြည်မှုတည်ဆောက်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်**
**ကျေးလက်တောရွာနေပြည်သူများ စကားဝိုင်း ကျင်းပနေစဉ်**

အမရပူရမြို့နယ်မှ ကိုခိုင်မင်းထက်က ရန်ကုန်-မန္တလေးတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြဿနာမရှိသော်လည်း လောက်ကိုင်ဒေသတွင် တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ငြိမ်းချမ်းမှုမရှိကြောင်း၊ မန္တလေးတွင်လည်း လုယက်မှုများဖြစ်ပွားနေပြီး အရေးယူမှုပိုင်းအတွက် ရဲတပ်ဖွဲ့အင်အားနည်းပါးနေကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မှုခင်းများလျော့ပါးသွားနိုင်မည်ဟုမြင်ပါကြောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ မမိအေးမွန်က မိမိတို့မွန်ပြည်နယ်မှာ ယခင်က အနက်ရောင်နယ်မြေဖြစ်ခဲ့ကြောင်း၊ ယခုအခါ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုအဆင့်အတန်းများ တိုးတက်လာကြောင်း၊ ဦးဆောင်ကာ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးညီလာခံ အမြန်ဆုံးအောင်မြင်စေရန် ဆုတောင်းပါကြောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ မနန်းဖြူနွှင်းသက်က မိမိအနေဖြင့် ပြည်သူထဲကဖြစ်သည့်အလျောက် ငြိမ်းချမ်းရေးအမြန်ရလိုပါကြောင်း၊ ငြိမ်းချမ်းမှုမရှိသည့်အတွက် မိမိတို့ဒေသတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ စီးပွားရေးနောက်ကျနေကြောင်း၊ ပညာရေးအနေဖြင့် KG ကလေးများအတွက် လိုအပ်သောထောက်ပံ့ပစ္စည်းများသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် မရောက်ရှိသေးကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ကိုလှိုင်မင်းစိုးက မိမိတို့တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး လယ်ဧကများစွာ

ပျက်စီးခဲ့ကာ စိုက်ပျိုးရေးချေးငွေပြန်ဆပ်ရန် ခက်ခဲနေကြောင်း၊ နယ်စပ်ဒေသ မငြိမ်းချမ်းမှုများကြောင့် စပါးဈေးမှာလည်း ကျဆင်းလာကာ လူနေမှုဘဝ စီးပွားရေးကျပ်တည်းလာကြောင်း၊ တောင်သူများဘဝမြှင့်တင်ရန် စပါးဈေးကို နှုန်းထားသတ်မှတ်ပေးပါက တောင်သူများဘဝ တိုးတက်လာနိုင်ကြောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လောက်ကိုင်မြို့နယ်မှ ကိုသာမောင်က တိုင်းရင်းသား အချင်းချင်းအထင်လွဲမှု၊ နားမလည်မှုများ ရှိနေသည့်အတွက် လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပွားနေကြောင်း၊ တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းချင်စိတ်ဖြင့် နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းဖို့လိုကြောင်း၊ ကိုးကန့်ဒေသတွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကျေးရွာနေပြည်သူများအနေဖြင့် အခက်အခဲများရှိပါကြောင်း၊ ၂၁ ရာစု ပင်လုံညီလာခံကို ကြိုဆိုပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်မှ မဝင်းမာခိုင်က မိမိတို့ရွာတွင် အိမ်ခြေ ၁၃၀၀ ကျော်ရှိပြီး အထက်တန်းကျောင်း တစ်ကျောင်းရှိပါကြောင်း၊ လျှပ်စစ်မီးမရသေးဘဲ မိုးကောင်းဆည်ရေသောက်မရှိ၍ ဆည်မြောင်းနှင့် ရေလှောင်ကန်များလိုအပ်ကြောင်း၊ ယခင်က မြေခွန်သာ ကောက်ပြီး ယခုရွှေခွန်ကောက်သည်ဟု ကြားရကြောင်း၊ ဟုတ်၊ မဟုတ် သိလိုပါကြောင်း၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ မသိန်းသိန်းအိက ကရင်ပြည်နယ်မှာ စစ်ဘေးကို နှစ် ၆၀ ကျော်ခံစားခဲ့ရကြောင်း၊ ယခုအခါ ငြိမ်းချမ်းရေးကို အတူလက်တွဲဖော်ဆောင်ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားခဲ့ရကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးဖွံ့ဖြိုးမှု အသီးအပွင့်များခံစားရကြောင်း၊ တစ်ချို့ကျေးရွာများတွင် စာသင်ကျောင်းမရှိသည့်အတွက် ဘုန်းကြီးကျောင်းများတွင် သင်ကြားနေရကြောင်း၊ ဆရာ ဆရာမများမှာလည်း ဒေသဘာသာစကားအခက်အခဲရှိကြောင်း၊ လျှပ်စစ်မီးလည်း မရရှိသေးကြောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ကိုခွန်စိုးမောင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုနည်းပါးစေရန် ကျေးလက်ကို ဦးစားပေးလုပ်စေလိုကြောင်း၊ အာမခံမှုရှိသော ဈေးကွက်လည်းလိုပါကြောင်း၊ အာမခံဈေးကွက် မရှိသည့်အတွက် တောင်သူများ အခက်အခဲရင်ဆိုင်နေရကြောင်း၊ ဘွဲ့ရတိုင်းရင်းသားလူငယ်များကို အစိုးရဌာနများတွင် ခန့်အပ်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်ပါကြောင်း ဆွေးနွေးကြသည်။

လူငယ်များ၏ဆွေးနွေးချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် အမြဲတံခါးဖွင့်ထားကြောင်း၊ ဒုတိယပင်လုံအစည်းအဝေးအတွက် လက်မှတ်ထိုးမည့်အချိန်ကိုစောင့်မနေဘဲ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ကျေးလက်တောရွာနေပြည်သူများမှာ နိုင်ငံ၏အများစုဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူတို့၏ အသံမထွက်ဘဲ လက်နက်ကိုင်တပ်တို့၏ သေနတ်သံများက အသံထွက်ကြောင်း၊ ငြိမ်းချမ်းရေးကို အားပေးလိုပါက ငြိမ်းချမ်းရေးမရမီစပ်ကြား ငြိမ်းချမ်းရေးမရခြင်းကြောင့် ဖြစ်ပေါ်နေသည့် ပြဿနာများ၊ ဒုက္ခများကို ဝိုင်းဝန်းဖြေရှင်းစေလိုကြောင်း၊ ငြိမ်းချမ်းရေးအတွက် စားပွဲဝိုင်းတွင်ဆွေးနွေးရမည်ဖြစ်ပြီး လက်နက်ကအဖြေပေးမည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပညာရေး ဆက်နွှယ်နေသည့်အလျောက် ဒုက္ခသည်စခန်းမှကလေးများကို ပညာရေးမပြတ်အောင် ကြိုးစားနေကြောင်း၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်သည့်အခါ တဖြည်းဖြည်းဆိုသော်လည်း အရမ်းနှေး၍ မဖြစ်ကြောင်း၊ အချိန်ကြာလေ နိုင်ငံနာလေဖြစ်၍ ဒဏ်ရာဒဏ်ချက်အမြန်ပျောက်ကာ ငြိမ်းချမ်းရေး အမြန်ရအောင် လုပ်ဖို့လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားပြီးနောက် Online မှမေးမြန်းသည့် မေးခွန်းသုံးခုကို ပြန်လည်ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စကားဝိုင်းသို့တက်ရောက်လာသည့်လူငယ်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း** - နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ကို ဧပြီလ (၁၁) ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ ကောင်းမွန်မှ ဖြစ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်တောရွာ ပြည်သူလူထု၏အခန်းကဏ္ဍက အရေးကြီးကြောင်း၊ ယခုဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏အခန်းကဏ္ဍက ဘယ်လိုအရေးကြီးသည်ကို ယခုဆွေးနွေးပွဲက အဖြေတစ်ခုပေါ်အောင် ကြိုးစားရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝမ်းတွင်းမြို့နယ် ရေတိုင်ကန်ကျေးရွာမှ အဘိုးအဘွားများနှင့် တွေ့ဆုံစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ဆွေးနွေးကြသည်ဆိုရာ၌ တစ်ယောက်နှင့် တစ်ယောက် နားထောင်ပေးရန်လိုကြောင်း၊ ဆွေးနွေးပွဲဆိုသည်မှာ သူများဘာပြောသလဲဆိုသည်ကို နားထောင်ရန်လိုကြောင်း၊ အဓိပ္ပာယ်မှာ ဆွေးနွေးပွဲတွင်ပါသည့် အခြားပါဝင်သူများကို လေးစားရန်လိုကြောင်း၊ လေးစားသောအားဖြင့် နားထောင်ရမည်၊ နားထောင်ပြီး ကိုယ်က တုံ့ပြန်သည့်အခါ ရိုးရိုးသားသား တုံ့ပြန်စေချင်ကြောင်း၊ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် တုံ့ပြန်စေချင်ကြောင်း၊ သို့မှသာ ဒီဆွေးနွေးပွဲသည် တကယ်အနှစ်သာရ ရရှိမည်ဖြစ်ပါကြောင်း၊ ဤနိုင်ငံတိုးတက်ရန် မားမားမတ်မတ် ရပ်တည်နိုင်ရန်ဆိုလျှင် ကျေးလက်တောရွာနေ ပြည်သူလူထု၏ဘဝများ ခိုင်မာမှ တိုးတက်မှုလုံးသားဆိုသည်မှာ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည်ကို သတိပြုစေချင်ကြောင်း၊ ငြိမ်းချမ်းရေးရမှ တိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းပြီး ငြိမ်းချမ်းရေးရရန်အတွက် လူတိုင်းလူတိုင်းတွင် ဘယ်လိုတာဝန်ရှိသလဲ၊ ဘာလုပ်ပေးနိုင်သလဲဆိုသည်ကို စဉ်းစားပြီး ဆွေးနွေးစေချင်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ကျေးလက်တောရွာနေ လူငယ်များစကားဝိုင်းသို့ တက်ရောက်လာကြသည့် လူငယ်များက ဆွေးနွေးကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ကိုထွေးပို၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်နေ မဖြူစင်ပွင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နေ မလုအိန်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နေ

ကိုထိန်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ ကိုခိုင်မင်းထက်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နေ မမိအေးမွန်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်နေ မနန်းဖြူနှင်းသက်၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်နေ ကိုလှိုင်မင်းစိုး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်နေ ကိုသာမောင်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နေ မဝင်းမာခိုင်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နေ မသိန်းသိန်းအိ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်နေ ကိုခွန်စိုးမောင်တို့က အသီးသီးဆွေးနွေးကြသည်။

လူငယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နိုင်ငံရေးအရ ပြောရရင် လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကို လက်မှတ်ထိုးဖို့ အမြဲတံခါးဖွင့်ထားတယ်။ ဘယ်လိုအခြေအနေမျိုးဆိုရင် တံခါးပိတ်ထားတယ်ဆိုတာ မရှိပါဘူး။ ငြိမ်းချမ်းရေးကို တကယ်ပဲလိုလားတယ်၊ ငြိမ်းချမ်းရေးကို အားပေးချင်တယ်ဆိုရင် ငြိမ်းချမ်းရေးမရမီစပ်ကြားမှာ ငြိမ်းချမ်းရေးမရခြင်းကြောင့် ဖြစ်နေတဲ့ပြဿနာတွေ၊ ဒုက္ခတွေကို တတ်နိုင်သမျှဝိုင်းပြီးတော့ ဖြေရှင်းပေးစေချင်တယ်"

"မတူတဲ့အမြင်တွေကို ညှိနိူင်းဖို့က အရေးကြီးတယ်။ မတူပိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ မတူတဲ့အမြင်တွေ ညှိဖို့က တာဝန်ပဲ။ အဲဒါမှ ငြိမ်းချမ်းရေးရနိုင်မှာ။ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့သဘောထားတွေ အပေါ်မှာ အခြေခံပြီးတော့ ငြိမ်းချမ်းရေးအတွက် တူညီတဲ့စိတ်ဓာတ်တွေ မွေးရမယ်။ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတစ်နိုင်ငံဟာ တည်ငြိမ်နိုင်မှာ။ တရားဥပဒေစိုးမိုးရေးဟာ အချင်းချင်းပြေလည်ဖို့အတွက် အရေးကြီးတာကြောင့် ငြိမ်းချမ်းရေးအတွက် အဓိကတန်ဖိုးလို့ ပြောချင်ပါတယ်"

"ကိုယ့်နိုင်ငံက ကမ္ဘာ့အလယ်မှာ တင့်တယ်ဖို့အတွက်ဆိုရင် ကိုယ့်နိုင်ငံက ပြည်သူပြည်သားတွေက အများနားလည်နိုင်တဲ့ ဘာသာစကားနဲ့ပြောနိုင်၊ ဆိုနိုင်၊ ရေးနိုင်၊ ဖတ်နိုင်ရမယ်" ငြိမ်းချမ်းရေးလမ်းကို လျှောက်တဲ့အခါမှာ တဖြည်းဖြည်းဆိုပေမယ့် အရမ်းနှေးလို့လည်း မဖြစ်ဘူး။ ငြိမ်းချမ်းရေးရဖို့ အချိန်ကြာလေ နိုင်ငံနာလေပဲ။ နိုင်ငံ မြန်မြန်ဒဏ်ရာဒဏ်ချက်တွေပျောက်ဖို့ဆိုရင် ငြိမ်းချမ်းရေးကို မြန်မြန်ရအောင် လုပ်ဖို့လိုတယ်"

"ပြည်သူပြည်သားတွေကို အရည်အချင်းမြှင့်တင်ဖို့က နံပါတ် ၁ ပဲ။ ဒါဟာ တန်ဖိုးအရှိဆုံးသယံဇာတပဲ။ ရေနံတို့ ကျောက်စိမ်းတို့လည်း အားမကိုးနဲ့။ တစ်ချိန်မှာ ကုန်သွားမှာ။ ပြည်သူဆိုတာ အမြဲရှိနေမှာပဲ။ မျိုးဆက်တစ်ဆက် ပီပီပြင်ပြင် အရည်အချင်းပြည့်စုံသွားမယ်ဆိုရင် နောင်မျိုးဆက်ကို ပြုစုပျိုးထောင်နိုင်မယ်" ဟု ပြန်လည်ဆွေးနွေး ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Online မှ မေးမြန်းသည့်မေးခွန်းများကို ဖြေကြားပြီး စကားဝိုင်းသို့တက်ရောက်လာကြသည့် လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း-** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ဩဂုတ်လ (၇) ရက် နံနက် ၁၀ နာရီခွဲတွင် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာ သီဟာရာမဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားရာ၌ "ကျွန်မ ဒီရွာကို လာရတဲ့အကြောင်းရင်း နှစ်ရပ်ကတော့ ငြိမ်းချမ်းရေးနှင့် လျှပ်စစ်မီးရရှိရေးပဲ ဖြစ်ပါကြောင်း၊ ကိုယ့်ဘဝ၊ ကိုယ့်ရွာလေးမှာ ကိုယ့်ဘဝနဲ့ကိုယ် ရပ်တည်ပြီးတော့ ဘဝတိုးတက်ထွန်းကားအောင်လို့လုပ်ဖို့ရာ ကျွန်မတို့အနေနဲ့ ဒီရွာကနေပြီးတော့ ဘာတွေသင်ယူနိုင်သလဲဆိုတာလည်း သိချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဆွေးနွေးပွဲ စကားဝိုင်းမှာ အားလုံးပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးစေချင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် မြေတိုင်ကန်ကျေးရွာမှ ကျေးလက်ပြည်သူရှစ်ဦးက ပြည်တွင်းငြိမ်းချမ်းရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှု တည်ဆောက်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းဆရာ ဦးထွန်းဝင်း၊ ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ခင်ဆွေ၊ ဦးရီစိန်၊ ဒေါ်ပိုးတီ၊ ဦးဝင်းဇော်၊ ဦးအောင်တင့်၊ ဒေါ်ထက်ထက်အောင်တို့၏ ဆွေးနွေးမေးမြန်းချက်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်းကို ဖေဖော်ဝါရီလ ၁၂ ရက်က ပင်လုံမြို့၌ ပြုလုပ်သည်။ အဆိုပါစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်များနှင့် ဆွေးနွေးရခြင်းအကြောင်းမှာ လူငယ်များသည် ငြိမ်းချမ်းရေး၏ အကျိုးဆက်ကို အများဆုံးခံစားရမည့် လူများဖြစ်ဖို့ အတွက်ဖြစ်ကြောင်း လူငယ်များအနေဖြင့် ပြဿနာစိန်ခေါ်မှုများကို ကျော်လွှားရမည့်သူများဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် တက်ရောက်ဆွေးနွေးသည့် ကချင်တိုင်းရင်းသူ ဒေါ်လရှမ်းဆိုင်းပန်၊ ကယားတိုင်းရင်းသား ခူးပလုရယ်၊ ဗမာ-ကချင်တိုင်းရင်းသူ ဒေါ်ဖွေးယုမော်၊ ချင်းတိုင်းရင်းသူ မိုင်ချင်းချင်း၊ မွန်တိုင်းရင်းသား မင်းအောင်ထူး၊ ရခိုင်တိုင်းရင်းသား ဦးဦးအောင်သန်း၊ ရှမ်းတိုင်းရင်းသား စိုင်းအောင်မြင့်ဦး၊ မွန်-ကရင်-ဗမာတိုင်းရင်းသူ ဒေါ်သန္တာဦး၊ ဗမာတိုင်းရင်းသား ဦးကျော်ထက်၊ ကချင်တိုင်းရင်းသူ ဒေါ်အယ်လ်ဂျာနန်၊ ကရင်တိုင်းရင်းသူ ဒေါ်နန်းမြသီတာ၊ ရှမ်းတိုင်းရင်းသူ နန်းမိုမိုသီတာတို့က ပါဝင်ဆွေးနွေးကြသည်။

**ကိုကျော်စွာ**

**၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ။** ။ ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဩဂုတ်လ (၁၉) ရက်မှ (၃၀) ရက်အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီအမျိုးသားအားကစားကွင်း၌ ကျင်းပရာ အရှေ့တောင်အာရှဒေသရှိ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စတေနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုးကို အားကစားသမားပေါင်း ၄၉၀၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ (၁၉) ရက်ညနေပိုင်းတွင် ဘူကစ်ဂျာလီအမျိုးသားအားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ 29 TH SEA GAME စာလုံးကို ပုံဖော်သရုပ်ပြသကြပြီးနောက် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများက သက်ဆိုင်ရာနိုင်ငံအလံနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအလံတို့ကို ကိုင်ဆောင်ကာ အားကစားကွင်းအတွင်း ချီတက်နေရာယူကြသည်။ မလေးရှားလက်ရွေးစင် အားကစားသမားဟောင်းများက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံနှင့် မီးရှူးတိုင်တို့ကိုသယ်ဆောင်လာကြပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံနှင့် မလေးရှားအားကစားပြိုင်ပွဲအလံတို့ကို လွှင့်ထူကြသည်။ ထို့နောက် မလေးရှားနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌနှင့် လူငယ်နှင့်အားကစားဝန်ကြီးတို့က နှုတ်ဆက်စကားပြောကြားကြပြီး မလေးရှားဘုရင်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး လှပသည့်မီးရောင်စုံများ ထွန်းညှိခြင်း၊ တေးဂီတများဖြင့် တင်ဆက်ဖျော်ဖြေခြင်းတို့ဖြင့် ဖွင့်ပွဲအခမ်းအနားပြီးဆုံးသည်။

၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၂၉ မျိုး၌ အားကစားသမား ၃၈၄ ဦး ပါဝင်ယှဉ်ပြိုင်သည်။ အဆိုပါ အားကစားနည်းများမှာ ဘောလုံး (ကျား/မ)

/ဖူဆယ်၊ ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလီယက်နှင့် စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ ခရစ်ကက်၊ စက်ဘီး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေး၊ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ သေနတ်ပစ်၊ Squash၊ စာပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ ဓားရေး၊ အလေးမနှင့်ဝူရှူးတို့ဖြစ်သည်။

ခြင်းလုံးပြိုင်ပွဲကို ဩဂုတ်လ (၁၆) ရက်တွင် ကွာလာလမ်ပူမြို့ရှိ တီတီဝမ်ဆာအားကစားရုံ၌ ကျင်းပရာ မြန်မာအသင်းက Event - 2 ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ထိုင်းအသင်းကို ၃၁၇-၃၀၃ မှတ်ဖြင့် ၁၄ မှတ်အသာရကာဗိုလ်စွဲ၍ ရွှေတံဆိပ်ရရှိသည်။ ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ရရှိသည့် ပထမဆုံးရွှေတံဆိပ်ဆုဖြစ်သည်။ ခြင်းလုံးပြိုင်ပွဲတွင် ထိုင်းအသင်းက ငွေတံဆိပ်



**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ အထိမ်းအမှတ်မီးရှူးတိုင်ကို ထွန်းညှိနေစဉ်**

ရရှိပြီး အိမ်ရှင်မလေးရှားအသင်းနှင့် လာအိုအသင်းက ပူးတွဲကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၁၇) ရက်တွင် မြန်မာအသင်းက Event - 4 ပြိုင်ပွဲ ဗိုလ်လုပွဲ၌ လာအိုအသင်းကို ၁၄၉-၁၄၈ မှတ်ဖြင့် တစ်မှတ်အသာရကာ ဗိုလ်စွဲ၍ ရွှေတံဆိပ်ရရှိသည်။ လာအိုအသင်းက ငွေတံဆိပ်ရရှိပြီး ကမ္ဘောဒီးယားအသင်းနှင့် အိမ်ရှင်မလေးရှားအသင်းတို့က ပူးတွဲကြေးတံဆိပ်ရရှိသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ်လ (၂၂) ရက်တွင် ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာအသင်းက အမျိုးသား နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ထိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၅) ရက်တွင် မြန်မာအသင်းက အမျိုးသားလေးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ထိုင်းအသင်းကို နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။ မြန်မာအသင်းက အမျိုးသမီးလေးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ နောက်ဆုံးပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်အနိုင်ရပြီး အမှတ်အများဆုံးရရှိကာ ရွှေတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၇) ရက်တွင် မြန်မာအသင်းက အမျိုးသားနှစ်ယောက်တွဲအုပ်စု နောက်ဆုံးပွဲ၌ ကမ္ဘောဒီးယားအသင်းကို နှစ်ပွဲပြတ်အနိုင်ရပြီး အုပ်စုပွဲစဉ်အားလုံးအနိုင်ရကာ ရွှေတံဆိပ်ရရှိသည်။ မြန်မာအသင်းက အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲအုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်သော်လည်း ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်ရှုံးနိမ့်ကာ ဗိုလ်လုပွဲနှင့်လွဲချော်ပြီး ပူးတွဲကြေးတံဆိပ်ရရှိသည်။

ဝူရှူးပြိုင်ပွဲကို ဩဂုတ်လ (၂၀) ရက်တွင် ကွာလာလမ်ပူမြို့ရှိ KLCC ခန်းမ၌ကျင်းပရာ အေးသစ္စာမြင့်က နန်းချွမ်ပြိုင်ပွဲ၌ ၉ ဒသမ ၆၄ မှတ်ဖြင့် ငွေတံဆိပ်ရရှိပြီး အိမ်ရှင်မလေးရှားကစားသမားက ၉ ဒသမ ၆၆ မှတ်ဖြင့် ရွှေတံဆိပ်၊ ဗီယက်နမ်ကစားသမား က ၉ ဒသမ ၆၃ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၁) ရက်တွင် ကွာလာလမ်ပူကုန်သွယ်မှု ဗဟိုဌာန၌ကျင်းပသည့် ချန်းစုပြိုင်ပွဲ၌ ဗီယက်နမ်က ၉ ဒသမ ၆၇ ဖြင့် ရွှေတံဆိပ်၊ စင်္ကာပူက ၉ ဒသမ ၆၅ ဖြင့် ကြေးတံဆိပ်၊ အိမ်ရှင်မလေးရှား ကစားသမားက ၉ ဒသမ ၆၆ မှတ်ဖြင့် ငွေတံဆိပ်ရရှိသည်။ သိန်းသန်းဦးက နန်းတောင်းပြိုင်ပွဲ၌ ၉ ဒသမ ၆၇ မှတ်၊ နန်းကွန့်ပြိုင်ပွဲ၌ ၉ ဒသမ ၆၇ မှတ်ဖြင့် နှစ်ရက်ပေါင်း ၁၉ ဒသမ ၃၄ မှတ်ဖြင့် ရွှေတံဆိပ်ရရှိပြီး ဗီယက်နမ်ကစားသမားက ငွေတံဆိပ်၊ အိမ်ရှင်မလေးရှား ကစားသမားက ကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၂) ရက်တွင်ကျင်းပသည့် ထိုက်ချီချွမ်ပြိုင်ပွဲ၌ ခန့်မင်းထက်က ၉ ဒသမ ၆၃ မှတ်ဖြင့် ကြေးတံဆိပ်ရရှိပြီး အိမ်ရှင်မလေးရှား ကစားသမားက ရွှေတံဆိပ်၊

စင်ကာပူကစားသမားက ငွေ တံဆိပ်ရရှိသည်။ ချန်းချမ် ပြိုင်ပွဲ၌ မြတ်သက်ဆုဝေဖြိုးက ၉ ဒသမ ၆၇ မှတ်ဖြင့် ရွှေတံဆိပ်နှင့် စန္ဒီဦးက ၉ ဒသမ ၆၆ မှတ်ဖြင့် ငွေတံဆိပ် ရရှိသည်။

သေနတ်ပစ်ပြိုင်ပွဲကို ဩဂုတ်လ (၂၄) ရက်တွင် National Shooting Range Centre ၌ကျင်းပရာ အမျိုးသမီး ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲ၌ မေပိုးဝါက ၂၃၄ ဒသမ ၄ မှတ်ဖြင့် ရွှေတံဆိပ်ရရှိပြီး ဗီယက်နမ်ကစားသမားက ငွေတံဆိပ်၊ အိမ်ရှင်မလေးရှားကစားသမားက ကြေးတံဆိပ် ရရှိသည်။ အမျိုးသားမီတာ ၅၀ လေရိုင်ဖယ် Prone ပြိုင်ပွဲ၌ ကောင်းထိုက်က ၂၂၀ ဒသမ ၂ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၆) ရက်တွင် အမျိုးသား ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲ၌ ကျော်စွာဝင်းက ကြေးတံဆိပ်ရရှိပြီး အိမ်ရှင်မလေးရှား ကစားသမားက ရွှေတံဆိပ်၊ ဗီယက်နမ်ကစားသမားက ငွေတံဆိပ် ရရှိသည်။ အမျိုးသားမီတာ ၅၀ ပစ္စတို ပြိုင်ပွဲ၌ ကျော်စွာဝင်းက ကြေးတံဆိပ်ရရှိသည်။

ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို ဩဂုတ်လ (၂၃) ရက်တွင် ကွာလာလမ်ပူ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ၌ အောင်ဌေးနှင့် မင်းစည်သူထွန်းအတွဲက ထိုင်းအတွဲကို သုံးပွဲ နှစ်ပွဲဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။ စနူကာပြိုင်ပွဲ နှစ်ယောက် တွဲပြိုင်ပွဲ၌ ကိုထက်နှင့်အောင်ဖြိုးအတွဲက ထိုင်းအတွဲ ကို သုံးပွဲနှစ်ပွဲဖြင့်ရှုံးနိမ့်ကာ ကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၄) ရက်တွင် 9-Ball Pool နှစ်ယောက်တွဲ ဗိုလ်လုပွဲ၌ မောင်မောင်နှင့်အောင်မိုးသူအတွဲက စင်ကာပူ အတွဲကို ကိုးပွဲသုံးပွဲဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၅) ရက်တွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ၌ ချစ်ကိုကိုက စင်ကာပူကစားသမားပီတာဂေးလ် ခရစ်ကို သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်ကာ ငွေတံဆိပ်ရရှိပြီးနောက် နေသွေးဦးနှင့် ထိုင်းအသင်း မှ ပရာပွတ်တို့က ပူးတွဲကြေး တံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၇) ရက်တွင်စနူကာ တစ်ဦးချင်းပြိုင်ပွဲ၌ ကိုထက်က လာအိုကစားသမားကို လေးပွဲ ပြတ်ဖြင့်ရှုံးနိမ့်ကာ ကြေးတံဆိပ်ရရှိသည်။

မြားပစ်ပြိုင်ပွဲ Compound Mix-Team ပြိုင်ပွဲကို ဩဂုတ်လ (၁၈) ရက်တွင် ကွာလာလမ်ပူမြို့၌ ကျင်းပ




**အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လိုဂို**

ရာ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲက ကွာတားဖိုင်နယ် တွင် အင်ဒိုနီးရှားအတွဲနှင့် ဆီးမီးဖိုင်နယ်တွင် ဖိလစ်ပိုင် အတွဲကိုအနိုင်ယူပြီး ဗိုလ်လုပွဲတွင် အိမ်ရှင် မလေးရှား အတွဲကို ၁၅၂-၁၄၂ မှတ်ဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိ သည်။ ဗီယက်နမ်အတွဲက ဖိလစ်ပိုင်အတွဲကို ၁၅၉- ၁၅၅ မှတ်ဖြင့်အနိုင်ရပြီး ကြေးတံဆိပ်ရရှိသည်။

ဂျူဒိုပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဩဂုတ်လ (၂၇) ရက်တွင် ကွာလာလမ်ပူ ကုန်သွယ်မှုဌာန ခန်းမ၌ ကျင်းပရာ ဂျူဒိုပြိုင်ပွဲအမျိုးသမီး ၇၈ ကီလိုတန်းတွင် အေးအေးအောင်က ကွာတားဖိုင်နယ်၌ ဖိလစ်ပိုင် ကစားသမားကို လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ အင်ဒိုနီးရှား ကစားသမားကို လည်းကောင်း အနိုင်ရပြီး ဗိုလ်လုပွဲ၌ ဗီယက်နမ်ကစားသမားကိုရှုံးနိမ့်ကာ ငွေတံဆိပ် ရရှိသည်။ ပုံမှန်ပွဲကစားချိန်လေးမိနစ်တွင် နှစ်ဦးစလုံး အမှတ်မရ သောကြောင့် Golden Score ထပ်မံယှဉ်ပြိုင်ပြီး ဗီယက်နမ် ကစားက အမှတ်ရကာ ရွှေတံဆိပ်ရခြင်း ဖြစ်သည်။

ဟော်ကီပြိုင်ပွဲကို ဩဂုတ်လ (၂၇) ရက်တွင် အမျိုးသား ဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာဟော်ကီအသင်းက အိမ်ရှင်မလေးရှားအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးသော်လည်း စင်ကာပူအသင်း က ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်သာ အနိုင်ရသော ကြောင့် မြန်မာအသင်းက ဂိုးကွာခြားချက်အသာဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်သည်။ ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲ နှင့်တတိယလုပွဲကို ဩဂုတ်လ (၂၉) ရက်တွင် ဘူကစ်ဂျာလီ အမျိုးသားဟော်ကီကွင်း၌ကျင်းပရာ

မြန်မာအသင်းက အိမ်ရှင်မလေးရှားအသင်းကို ၁၄ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို ဩဂုတ်လ (၂၆) ရက်တွင် ကျင်းပရာ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ ဆန်းရှိုင်းက ကြေးတံဆိပ်ရရှိပြီး အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ သက်မြတ်နိုးဝေက ကြေးတံဆိပ်ရရှိသည်။ အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲ၌ အိမ်ရှင်မလေးရှားက ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်ရပြီး မြန်မာနှင့်အတူ ဖိလစ်ပိုင်က ပူးတွဲကြေးတံဆိပ်ရရှိသည်။ အမျိုးသမီးတစ်ဦးချင်းကကွက်ပြိုင်ပွဲ၌ အိမ်ရှင်မလေးရှားက ရွှေတံဆိပ်၊ လာအိုက ငွေတံဆိပ်ရပြီး မြန်မာနှင့်အတူ စင်ကာပူက ပူးတွဲကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၈) ရက်တွင် အမျိုးသား ၅၄ ကီလိုတန်း အတိုက်ပြိုင်ပွဲ၌ ဇော်လင်းထက်က ဗီယက်နမ်ကစားသမားကို ၅ မှတ်-၁၈ မှတ်ဖြင့် ရှုံးနိမ့်ပြီး အင်ဒိုနီးရှားနှင့် ပူးတွဲကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၉) ရက်တွင် အမျိုးသမီး ၄၉ ကီလိုတန်း အတိုက်ပြိုင်ပွဲ၌ ဒေစီဦးဂျူးလိယက်က ကြေးတံဆိပ်ရရှိသည်။

ကရာတေးပြိုင်ပွဲကို ဩဂုတ်လ (၂၁) ရက်တွင် ကျင်းပရာ အမျိုးသားကုမိတဲ့ ကီလို ၆၀ အောက်ပြိုင်ပွဲ၌ မြင့်မောင်မောင်က ဗီယက်နမ်ကစားသမား ငုရင်သန်ဒူး နှင့်အတူ ပူးတွဲကြေးတံဆိပ်ရရှိသည်။ ဩဂုတ်လ (၂၃) ရက်တွင် အမျိုးသမီးကုမိတဲ့ ၆၁ ကီလိုအောက်ပြိုင်ပွဲ၌ မေသူချိုက ကြေးတံဆိပ်နှစ်ခုရရှိသည်။ အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲ၌ နီလာစိုးဦးက ကြေးတံဆိပ်ရရှိသည်။

ဘောလုံးပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအပါအဝင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်အသင်းတို့ပါဝင်ပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးနှစ်သင်းမှ ဗိုလ်လုပွဲအဆင့် ၃၊ ၄ နေရာရအသင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုပထမနေ့ပွဲစဉ်များကို ကွာလာလမ်ပူမြို့ရှိ ယူအမ်အရီနာကွင်း၌ ဩဂုတ်လ (၁၅) ရက်တွင် စတင်ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက ဦးဆောင်ဂိုးသွင်းသော်လည်း လက်ရှိချန်ပီယံ ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သည်။ ဩဂုတ်လ (၁၇) ရက် အုပ်စုဒုတိယနေ့တွင် မြန်မာအမျိုးသမီးအသင်းက



**ဟော်ကီပြိုင်ပွဲ၌ အိမ်ရှင်မလေးရှားအသင်းနှင့် မြန်မာအသင်း ယှဉ်ပြိုင်ကစားစဉ်**

အိမ်ရှင်မလေးရှားအသင်းကို ၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဩဂုတ်လ (၂၀) ရက် အုပ်စုတတိယနေ့တွင် မြန်မာအမျိုးသမီးအသင်းက ဗီယက်နမ်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်သည်။ ဩဂုတ်လ (၂၂) ရက် အုပ်စုစတုတ္ထနေ့တွင် မြန်မာအမျိုးသမီးအသင်းက ဖိလစ်ပိုင်အသင်းကို ၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမျိုးသမီးဘောလုံးပြိုင်ပွဲ ကြေးတံဆိပ်ရရှိသည်။

ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲကို ဩဂုတ်လ (၂၃) ရက်တွင်ကျင်းပရာ ဆွေလီမြင့်က ၂ မိနစ် ၁၂ ဒသမ ၃၁ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိပြီး ဗီယက်နမ်ကစားသမားနှစ်ဦးက ၂ မိနစ် ၀၇ ဒသမ ၁၁ စက္ကန့်ဖြင့် ရွှေတံဆိပ်နှင့် ၂ မိနစ် ၀၉ ဒသမ ၀၅ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိသည်။

အလေးမပြိုင်ပွဲကို ဩဂုတ်လ (၂၈) ရက်တွင် ကွာလာလမ်ပူကုန်သွယ်မှု ဗဟိုဌာန၌ကျင်းပရာ အမျိုးသား ၆၂ ကီလိုတန်းပြိုင်ပွဲတွင် မြင့်ကြည်က အမြန်မ ၁၂၉ ကီလို၊ နှစ်ဆင့်မ ၁၅၅ ကီလို စုစုပေါင်း ၂၈၄ ကီလိုဖြင့် ကြေးတံဆိပ်ရရှိပြီး ဗီယက်နမ်ကစားသမားက စုစုပေါင်း ၃၀၇ ကီလိုဖြင့် ရွှေတံဆိပ်၊ အင်ဒိုနီးရှားကစားသမားက စုစုပေါင်း ၃၀၆ ကီလိုဖြင့် ငွေတံဆိပ်ရရှိသည်။

၂၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က အားကစားနည်း ၂၉ မျိုး ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်း ၁၂ မျိုးမှ

ရွှေတံဆိပ်ခုနစ်ဆု၊ ငွေတံဆိပ် ၁၀ ဆု၊ ကြေးတံဆိပ်ဆု ၂၀ စုစုပေါင်း ဆုတံဆိပ် ၃၇ ဆုရရှိပြီး ပြိုင်ပွဲတွင် ရပ်တည်မှုအဆင့် ၇ ဖြစ်သည်။

## ၂၉ ကြိမ်မြောက် အရှေ့တာင်အာရှအားကစား ပြိုင်ပွဲ ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၄၅ | ၉၂ | ၈၆ | ၃၂၃ |
| ၂ | ထိုင်း | ၇၂ | ၈၆ | ၈၈ | ၂၄၆ |
| ၃ | ဗီယက်နမ် | ၅၈ | ၅၀ | ၆၀ | ၁၆၈ |
| ၄ | စင်ကာပူ | ၅၇ | ၅၈ | ၇၃ | ၁၈၈ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၆၃ | ၉၀ | ၁၉၁ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၃ | ၆၄ | ၁၂၁ |
| ၇ | မြန်မာ | ၇ | ၁၀ | ၂၀ | ၃၇ |
| ၈ | ကမ္ဘောဒီးယား | ၃ | ၂ | ၁၂ | ၂၆ |
| ၉ | လာအို | ၂ | ၃ | ၂၁ | ၂၆ |
| ၁၀ | ဘရူနိုင်း | - | ၅ | ၉ | ၁၄ |
| ၁၁ | တီမောလက်စတေ | - | - | ၃ | ၃ |
| | စုစုပေါင်း | ၄၀၆ | ၄၀၂ | ၅၂၆ | ၁၃၃၄ |

၂၉ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်း ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်မလေးရှားနိုင်ငံက ရွှေတံဆိပ် ၁၄၅ ခု၊ ငွေတံဆိပ် ၉၂ ခု၊ ကြေးတံဆိပ် ၈၆ ခု စုစုပေါင်း ဆုတံဆိပ် ၃၂၃ ခုဖြင့် နိုင်ငံအလိုက်ရပ်တည်မှု ပထမ ဖြစ်သည်။ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၇၂ ခု၊ ငွေတံဆိပ် ၈၆ ခု၊ ကြေးတံဆိပ် ၈၈ ခု စုစုပေါင်း ဆုတံဆိပ် ၂၄၆ ခုဖြင့် နိုင်ငံအလိုက်ရပ်တည်မှု ဒုတိယ၊ ဗီယက်နမ်နိုင်ငံက ရွှေတံဆိပ် ၅၈ ခု၊ ငွေတံဆိပ် ၅၀၊ ကြေးတံဆိပ် ၆၀ ခု စုစုပေါင်းဆုတံဆိပ် ၁၆၈ ခုဖြင့် နိုင်ငံအလိုက် ရပ်တည်မှု တတိယဖြစ်သည်။

၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဩဂုတ်လ (၃၀) ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီ အမျိုးသားအားကစားကွင်း၌ကျင်းပရာ အရှေ့တောင် အာရှအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ တွန်ကူအင်ရန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇက်တို့က ကျေးဇူးတင်နှုတ်ဆက်စကားပြောကြားကြသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံအား ၂၉ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ တာဝန်ရှိသူများက အကြိမ် ၃၀ မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင် အဖြစ်လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်း ပေးအပ်ရာ ဖိလစ်ပိုင်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းရေးမှူး ကာရီတာနိုကလက်ခံပြီး ပိတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းသည်။

**စိုးအောင်**

## ၂၀၁၇ ခုနှစ်အတွင်း အရေးပါသောသဘာဝ ပတ်ဝန်းကျင်ရေးရာ ဖြစ်ရပ်များ။ ။

**ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုပမာဏ**-၂၀၁၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ဖြစ်သောဘေးအန္တရာယ်များကြောင့် စီးပွားရေးဆုံးရှုံးနစ်နာမှုသည် အမေရိကန်ဒေါ်လာ ၃၀၆ ဘီလျံအထိ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်က ယင်းဘေး အန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ ၁၈၈ ဘီလျံမျှဆုံးရှုံးခဲ့ရာ တစ်နှစ်အတွင်း ဆုံးရှုံးမှု ၆၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ ကြောင်း ကမ္ဘာ့ကျော်အာမခံလုပ်ငန်း Swiss Re က ၂၀၁၇ ခုနှစ် ဒီဇင်ဘာ (၂၀) ရက်တွင် ထုတ်ပြန် ခဲ့သည်။ ဟာဗေး၊ အီမာနှင့်မာရီယာ ဟာရီကိန်းတို့အပါ အဝင် ဟာရီကိန်းများစွာကိုကြုံခဲ့ရသော အမေရိကန် နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများ၌ အထိနာဆုံးဖြစ်ခဲ့ပြီး ၂၀၀၅ ခုနှစ် နောက်ပိုင်း ဟာရီကိန်း များကြောင့် ဆုံးရှုံးနစ်နာမှု ဒုတိယအများဆုံးနှစ် ဖြစ်ခဲ့သည်ဟု Swiss Re က ပြောကြားသည်။ ဘဏ္ဍာရေး ဆုံးရှုံးမှုမြင့်မားခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် အသက် ဆုံးရှုံးမှု မြင့်တက်ခဲ့ခြင်းမရှိကြောင်း သိရသည်။ သဘာဝ ဘေးအန္တရာယ်များကြောင့် ၂၀၁၇ ခုနှစ်တွင် လူပေါင်း ၁၁,၀၀၀ ကျော်သေဆုံးခဲ့ပြီး ၂၀၁၆ ခုနှစ်က ကိန်းဂဏန်း များနှင့်တူညီနေကြောင်း Swiss Re က ပြောကြားသည်။

## ၂၀၁၇ ခုနှစ်အတွင်း အရေးပါသောသဘာဝ ပတ်ဝန်းကျင်ရေးရာ ဖြစ်ရပ်များ

### ဒုတိယအပူဆုံးနှစ်

ကမ္ဘာ့ပျမ်းမျှအပူချိန်များကို စတင်တိုင်းတာနိုင်ခဲ့သည့် ၁၈၈၀ ခုနှစ်နောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်သည် ဒုတိယအပူဆုံးနှစ်ဖြစ်ကြောင်း အမေရိကန်အာကာသအဖွဲ့အစည်း (နာဆာ) ၏ သိပ္ပံပညာရှင်များက ပြောသည်။ အပူဆုံးစံချိန်တင်သည့်နှစ်မှာ ၂၀၁၆ ခုနှစ် ဖြစ်သည်။ သို့သော် အပူချိန်တိုင်းတာရာ၌ နာဆာနှင့် ကွဲပြားခြားနားသော ဆန်းစစ်လေ့လာရေးနည်းပညာကို အသုံးပြုသည့် အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုလေ့လာရေးဌာန၏ မှတ်တမ်းများအရမူ အပူဆုံးနှစ်များသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များ ဖြစ်ကြကာ ၂၀၁၇ ခုနှစ်သည် တတိယအပူဆုံးနှစ်ဖြစ်သည်ဟု ဆိုသည်။

အထက်ပါဌာနနှစ်ခုစလုံးက တူညီစွာပြောကြားသည်မှာ ၁၈၈၀ ခုနှစ်နောက်ပိုင်း အပူဆုံး ၁၈ နှစ်အနက် ၁၇ နှစ်သည် ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ ယခုအခါ ကမ္ဘာ့အပူချိန်သည် ၁၉ ရာစုနှစ်နှောင်းပိုင်းအပူချိန်နှင့် နှိုင်းယှဉ်လျှင် ၁ ဒီဂရီစင်တီဂရိတ် (၁ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) မြင့်တက်ခဲ့သည်။

### ဗာဘွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုမြင့်တက်လာခြင်း

ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏသည် ၂၀၁၃ ခုနှစ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ သုံးနှစ်ဆက်တိုက် ဆက်မတက်တော့မဘဲ တည်ငြိမ်နေခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ပြန်လည်မြင့်တက်လာမည့် အရိပ်အရောင်များ ပေါ်ထွက်လာခဲ့သည်။ ယင်းအချက်က ကမ္ဘာကြီး ပူနွေးလာနေခြင်း၊ ရာသီဥတုပြောင်းလဲလာနေခြင်းတို့မှ သက်သာရာရစေရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ထိန်းချုပ်ရန်ကြိုးစားမှုများ အောင်မြင်ရန် အလှမ်းဝေးနေသေးကြောင်း ပြဆိုလိုက်ခြင်းပင်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစက်ကိရိယာများနှင့် အခြားစက်မှုလုပ်ငန်းများမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏသည် ၂၀၁၆ ခုနှစ်ကထက် ၂ ရာခိုင်နှုန်းခန့် တက်လာရန် သေချာသလောက်ရှိနေသည်။ ယင်းသို့




**ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလျက်ရှိသည့် တရုတ်နိုင်ငံမှ စက်ရုံတစ်ရုံကို တွေ့ရစဉ်**

ဖြစ်ရခြင်းတွင် တရုတ်နိုင်ငံသည် ယခင်နှစ်များက ကျောက်မီးသွေးအသုံးကို လျှော့ချနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကျောက်မီးသွေးအသုံးပြုမှု ပြန်လည်မြင့်တက်လာခြင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဓာတ်ငွေ့ပိုထွက်လာခြင်းတို့ကြောင့် ဖြစ်သည်။

### ရာသီဥတုသဘောတူညီချက်မှ အမေရိကန်နိုင်ငံနုတ်ထွက်ခြင်း

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်ကြောင်း သမ္မတထရန့်က ၂၀၁၇ ခုနှစ် ဇွန်လက ကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ်က



**ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြေလွှာများအက်ကွဲကာ စိုက်ပျိုးရန်အခက်အခဲရှိနေသည့် သရုပ်ပြပုံ**

ချုပ်ဆိုခဲ့သော ပါရီသဘောတူညီချက်သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အဓိကအကြောင်းရင်းဖြစ်သော ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှင့်မှုကိုလျှော့ချပြီး ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် ပိုမတက်အောင်ကြိုးပမ်းမည့် လုပ်ဆောင်ချက်ဖြစ်သည်။ အမေရိကန်သည် တရုတ်ပြီးလျှင် ကမ္ဘာတွင် ဖန်လုံအိမ်ဓာတ်ငွေ့အများဆုံး ထုတ်လွှတ်နေသောနိုင်ငံ ဖြစ်ရာ အမေရိကန်နုတ်ထွက်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကို တန်ပြန်ရေးလှုပ်ရှားမှုအတွက် ထိုးနှက်ချက် ဖြစ်သည်။

## မြန်မာ့လေထုညစ်ညမ်းခြင်း

မြန်မာနိုင်ငံရှိလေထုသည် ရှူရန် စိတ်မချရသည့်သာမက ကမ္ဘာတွင် အညစ်ညမ်းဆုံးလေထုထဲ၌ ပါဝင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၇ ခုနှစ် အတွင်း ထုတ်ပြန်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆောက်အအုံပြင်ပလေထုကို အသေးစိတ်တိုင်းတာ၍ ညစ်ညမ်းအမှုန်ပါဝင်မှုကိုလေ့လာကာ အညွှန်းကိန်းရမှတ်များကို ထုတ်ပြန်သည်။ ၁၀ မှတ်အောက် လေထုသည် အန္တရာယ်မရှိဘဲ ရှူနိုင်သောလေဖြစ်ကြောင်း သတ်မှတ်ကာ ၇၀ နှင့်အထက်ရှိသောလေသည် ရှူရန် အလွန်စိတ်မချရသောလေ ဖြစ်သည်။ မြန်မာ့မြို့ပြနှင့် ကျေးလက်များတွင် နေရာဒေသကိုလိုက်၍ အနိမ့်ဆုံး ၃၁ မှတ်နှင့် အမြင့်ဆုံး ၈၀ ရှိပြီး ပျမ်းမျှ ၅၁ မှတ်ရသည်ဟု ဆိုသည်။



**ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကအကြောင်းတရားတွင် ပါဝင်နေသည့် ကျောက်မီးသွေးအသုံးပြုစက်ရုံ တစ်ရုံကို တွေ့ရစဉ်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သုံးကြိမ်မြောက် လေထုအရည်အသွေး တိုင်းတာမှုပြုလုပ်ရာတွင် လက်ရှိအချိန်ထိုးရိမ်ဖွယ် လေထုအန္တရာယ်မရှိသေးကြောင်း ရန်ကုန်မြို့တော်စည်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူးက ပြောကြားကြောင်း ၁၄-၂-၂၀၁၈ ထုတ် 7 Day News တွင် ဖော်ပြထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်များအရ မြန်မာနိုင်ငံ၌ လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူ တစ်နှစ်လျှင် ၂၂,၀၀၀ ဦးမျှ ရှိသည်။ မြန်မာ့လေထု ညစ်ညမ်းရခြင်း၏ အကြောင်းရင်းများမှာ သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အင်ဂျင်စွမ်းရည်နိမ့်ကျမှု၊ ချက်ပြုတ်ခြင်း၊ မီးထွန်းခြင်းနှင့် အနွေးဓာတ်ရယူခြင်းတို့တွင် လောင်စာတို့၏အရည်အသွေးနိမ့်ကျမှု၊ ကျောက်မီးသွေးသုံး စွမ်းအင်စက်ရုံများ၊ စိုက်ပျိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းနှင့် အမှိုက်မီးရှို့မှုတို့ကြောင့် ဖြစ်သည်။ မြန်မာ့အိမ်ထောင်စုအများအပြားသည် ချက်ပြုတ်ရာတွင် သစ်တိုသစ်စ၊ မီးသွေး၊ နွားချေး စသည့် အစိုင်အခဲလောင်စာကိုသာ အသုံးပြုနေကြဆဲဖြစ်သည်။

**ဦးကျော်ဦး**

**ပညာဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (ကောဇာ ၁၉၂၈-၁၃၇၉)** ။ ။ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တပညာဝံသကို ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံတိုင်ဆင်ကူးကျေးရွာ ခမည်းတော် ဦးဘတူ၊ မယ်တော် ဒေါ်ကြည်တို့မှ ခရစ်သက္ကရာဇ် ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်၍ မွေးချင်းသုံးဦးအနက် ဒုတိယမြောက်သားရတနာဖြစ်သည်။

ဆရာတော်လောင်းလျာသည် ခရစ်သက္ကရာဇ် ၁၉၄၂ ခုနှစ်၊ ဇွန်လ (၁၄) ရက်တွင် ဝါးခယ်မမြို့နယ်၊ ကျုံတိုင်ဆင်ကူးရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဧပြီလ (၁၆) ရက်တွင် ဆင်ကူးဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ကျုံတိုင်ဆင်ကူးကျောင်း

ခဏ္ဍာသိမ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံတိုင်ဆင်ကူးရွာကျောင်း ဆရာတော်၊ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိ ပါဠိတက္ကသိုလ် စာချဆရာတော်များနှင့် မန္တလေးမြို့



ဘဒ္ဒန္တပညာဝံသ

မစိုးရိမ်ကျောင်းတိုက်နာယက စာချဆရာတော်ကြီး များထံတွင် စာပေပရိယတ္တိများကို သင်ကြားဆည်းပူး တော်မူခဲ့သည်။ ညောင်တုန်းမြို့၊ သုဓမ္မာပရိယတ္တိ စာမေးပွဲ စာချတန်းနှင့် အစိုးရဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့ကို ရရှိသည်။

ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ညောင်တုန်း မြို့၊ ပုပ္ပါးကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်နှင့် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက်တို့၌ ရဟန်းသာမဏေများအား စာပေ ကျမ်းဂန်များ သင်ကြားပို့ချခဲ့သည်။ အမေရိကန်နိုင်ငံရှိ အရှေ့တိုင်းဘာသာ လေ့လာရေးတက္ကသိုလ်၌ အဘိဓမ္မာ ကထိကတာဝန် ထမ်းဆောင်သည်။ နိုင်ငံခြားသားများ အတွက်လည်း ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်ရေးသားပြုစုခဲ့သည့် ကျမ်းဂန်များမှာ-

1. Psycho Psysicel Insight Meditation
2. Yen Perfections
3. The Buddha Teachings
4. History of Dhammikarama Buddhist Temple
5. Hand book of Buddhist Reciation
6. Dhammikarama Pali Chanting
7. Dhammikarama Abhidhamma Pali Chant
8. The Book of Pairs (Yamaka) vol
9. Manual of The Buddhist Ordination
10. The Life of Buddha In Picture

တို့ ဖြစ်ကြသည်။

ဆရာတော်သည် ပြည်ပသာသနာပြုလုပ်ငန်း တွင် ဝါသနာထုံခဲ့သည့် အားလျော်စွာ ခရစ်သက္ကရာဇ် ၁၉၅၄ ခုနှစ်တွင် ကိုကိုးကျွန်း သာသနာပြုလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် သီရိလင်္ကာ နိုင်ငံ၊ ၁၉၅၉ ခုနှစ်တွင် အန်ဒမန်ကျွန်း သာသနာပြု လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပြီး သီဟိုဠ်နိုင်ငံတွင် ဘာသာစကားအထွေထွေနှင့် ပညာရပ်များကို သင်ကြား ဆည်းပူးကာ ၁၉၆၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ်ဗုဒ္ဓဘာသာဝင်တို့၏ ၁၃ ဌာန သာသနာပြု တာဝန်များကို ယူခဲ့သည်။

ဆရာတော်သည် မလေးရှားနိုင်ငံ ပီနန်ကျွန်း တွင် လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာခန့်က တည်ရှိခဲ့သည့် ဓမ္မိကာရာမ မြန်မာဘုန်းတော်ကြီးကျောင်းကို ပိုမို တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့ပြီး မလေးရှား ပီနန်မြို့၊ အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၊ ကနေဒါနိုင်ငံ တိုရန် တိုမြို့နှင့် စင်ကာပူနိုင်ငံတို့တွင် မြန်မာဘုန်းတော်ကြီး ကျောင်းများ တည်ထောင်ဆောက်လုပ်ခဲ့သည်။

ဆရာတော်သည် မလေးရှားနိုင်ငံတွင် ဗုဒ္ဓဘာသာ အသင်းကိုလည်းကောင်း၊ ပီနန်ကျွန်း ဗုဒ္ဓဘာသာ သာသနာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ မလေးရှားနိုင်ငံ ဗုဒ္ဓဘာသာစာမေးပွဲကြီး၏ ပုစ္ဆာက ဆရာတော်၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့အိန်ဂျလိစ်မြို့ရှိ အရှေ့တိုင်းဘာသာ လေ့လာရေး တက္ကသိုလ်၏ ဗုဒ္ဓအဘိဓမ္မာ ဘာသာရပ် ကထိကနှင့် ကယ်လီဖိုးနီးယားပြည်နယ်၊ ဗုဒ္ဓသာသနာ့ သံဃာ့ ကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း


ဆောင်ရွက်၍ သာသနာပြုတော်မူသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာသံဃာတော်များအဖွဲ့ကြီးကို ဦးစီးတည်ထောင်၍ ကမ္ဘာ့နေရာအနှံ့အပြားတွင် ဗုဒ္ဓဘာသာတနင်္ဂနွေသင်တန်းကျောင်းများကို တည်ထောင်ခဲ့သည်။

ဆရာတော်သည် ဟောင်ကောင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် မြန်မာဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ တရုတ်ဘာသာစကားများ တတ်ကျွမ်း၍ ယင်းဘာသာတို့ဖြင့် တရားဓမ္မများ ဟောကြားခဲ့သည်။

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဝိနယဂရုက၊ လဇ္ဇီပေသလသိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသည့် ဘဒ္ဒန္တပညာဝံသသည် ၁၃၅၅ (၁၉၉၄) ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ရရှိတော်မူသည်။ ဆရာတော်သည် သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀၊ သိက္ခာတော် ၇၀ အရွယ် ၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၆) (၂၄-၁၁-၂၀၁၇) ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**ကိုခိုင်**

**ပညာသိရီဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၈) ။** ။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းတိုက် ပဓာနနာယက၊ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြု ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသကို ခမည်းတော် ဦးစိုးဘော၊ မယ်တော်ဒေါ်စိန်မြင့်တို့က ၁၂၉၁ ခုနှစ်၊ ပထမဝါဆို လပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ယုန်းကားကျေးရွာ၌ ဖွားမြင်ခဲ့သည်။



**ဘဒ္ဒန္တပညာသိရီဘိဝံသ**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက် အသက် ၉ နှစ်အရွယ်တွင် မြင်းမူမြို့၊ ညောင်ပင်ကန်ရွာ၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆) ရက်တွင် အဌမရွှေကျင်သာသနာပိုင်ကန္နီဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ဓမ္မိကာရုံကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးထံတွင် မူလတန်းပညာသင်ယူပြီး မြောင်မြို့၊ မြင်းမူမြို့တို့တွင် အလယ်တန်းနှင့်အထက်တန်းပညာရပ်များကို တက္ကသိုလ်ဝင်တန်းအထိ သင်ကြားခဲ့သည်။ ထို့နောက် လောကုတ္တရာပညာရပ်များကို ပဒတ္ထိုင်းရွာ အာသောကာရုံကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ စစ်ကိုင်းမြို့ မဟာစေတီလှကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ဘဒ္ဒန္တကောသရိန္ဒ၊ ရတနာဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မနန္ဒာဘိဝံသ၊ မန္တလေးမြို့စိန်ပန်းဓမ္မိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တနရပတိ၊ မန္တလေးမြို့ နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဘိဝံသ၊ ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏာဘိဝံသ၊ စုဒ္ဒသမ ရွှေကျင်

သာသနာပိုင် ဝါဆိုဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယ စသော ဝိသုဒ္ဓါရုံနာယက စာချအကျော်ဆရာတော်ကြီးများထံ၌ အထက်တန်းပိဋကကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် ၁၃၀၉ ခုနှစ်တွင် ပထမငယ်တန်း၊ ၁၃၁၂ ခုနှစ်တွင် ပထမလတ်တန်း၊ ၁၃၁၃ ခုနှစ်တွင် ပထမကြီးတန်း၊ ၁၃၁၅ ခုနှစ်တွင် ဓမ္မာစရိယ ၉ ကျမ်းတို့ကို အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်တော်၊ ၁၃၁၇ ခုနှစ်တွင် မန္တလေးမြို့ သကျသီဟစာသင်တန်း၊ ၁၃၁၉ ခုနှစ်တွင် မန္တလေးမြို့ သကျသီဟစာချတန်းတို့ကို အောင်မြင်တော်မူ၍ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တံဆိပ်တော်၊ ၁၃၂၆ ခုနှစ်တွင် အစိုးရဓမ္မာစရိယပါဠိဂုဏ်ထူးတန်းကို အောင်မြင်တော်မူ၍ ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူဘွဲ့တံဆိပ်တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းမြို့ ရတနာဗိမာန်ပါဠိတက္ကသိုလ်၌ တာဝန်ခံပါဠိတက္ကသိုလ်ကထိက၊ ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ နာယက ဂဏာဝါစက စာချအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၃၁၈ ခုနှစ်မှစ၍ စာသင်သား သံဃာ ၇၀၀ ကျော်တို့ကို စာချတန်းဆိုင်ရာ အဋ္ဌကထာဋီကာစာပေ ကျမ်းဂန်များကို ပို့ချသင်ကြားပေးတော်မူခဲ့ပြီး သာသနာရေးဦးစီးဌာနက ထုတ်ဝေသောတိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုရာတွင် အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် ပါဝင်ရေးသားခဲ့ကာ ပါရာဇိကဏ်ဝိဇယဒီပနီပထမတွဲ၊ ဒုတိယတွဲ၊ ဓမ္မရောင်ခြည်ဓမ္မပဒေသာတရားစာ၊ စတုရာရက္ခကျမ်း၊ မေတ္တာဘာဝနာရှုဖွယ်ကျမ်း၊ နီစိကဏ္ဍသုတ္တန် တရားတော်၊ ပဗ္ဗဇာနိသံသဓမ္မကထာ၊ ဗုဒ္ဓဝိပဿနာမြတ်ကျမ်းစာတို့ကို ရေးသားခဲ့သည်။


ဆရာတော် သက်တော် ၁၆ နှစ်သားအရွယ်မှ စတင်ကာ အနာဂါမ်ရဟန္တာဟုကျော်ကြားတော်မူသော မဟာဂန္ဓာရုံ ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ၏ ဥပနိဿယ ကမ္မဋ္ဌာန်းနည်းအတိုင်း အာနာပါနစသော ကမ္မဋ္ဌာန်းတရားများကို ပွားများအားထုတ်ခြင်း၊ မြင်းခြံမြို့ စွန်းလွန်းဝိပဿနာ ကမ္မဋ္ဌာန်းတရားတော်များကို ပွားများအားထုတ်ခြင်းတို့အပြင် ဆဋ္ဌသင်္ဂါယနာပါဠိဝိသောဓက၊ ဆဋ္ဌသင်္ဂီတိဘာဏက၊ ဓမ္မာစရိယစာမေးပွဲများ ကျင်းပရေး မန္တလေး ၅ မြို့နယ်ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယက၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာများတွင် စာစစ်ပုဂ္ဂိုလ်၊ ပထမ ၅ နှစ်သက်တမ်း တိုင်းအထူးသံဃဝိနိစ္ဆယနည်းဓိုရ်၊ ဒုတိယ ၅ နှစ်သက်တမ်း တိုင်းသံဃနာယကအဖွဲ့ဝင်၊ တတိယ ၅ နှစ်သက်တမ်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ စတုတ္ထ ၅ နှစ် သက်တမ်း တိုင်းသံဃနာယက ဩဝါဒါစရိယအစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်သည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက် (၈-၂-၂၀၁၇) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပဒုမာဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၉၇- ၁၃၇၈) ။** ။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက ဆရာတော်၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပဒုမာဘိဝံသကို ခမည်းတော် ဦးလှသွင် မယ်တော် ဒေါ်သက်မယ် တို့က ၁၂၉၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀) ရက်၊ ကြာသပတေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ တောင်ရင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၃ နှစ်အရွယ်တွင် စစ်ကိုင်းမြို့၊ တောင်ရင်းကျေးရွာ၊ ရွာသစ်



**ဘဒ္ဒန္တ ပဒုမာဘိဝံသ**

ကျောင်းဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၆ ခုနှစ်၊ တပေါင်း လပြည့်ကျော် (၁၁) ရက်တွင် ပဒေါင်းကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ တောင်ရင်းကျေးရွာ၊ ကျောင်းသစ်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ပညိန္ဒ ဖြစ်သည်။

ဆရာတော်လောင်းလျာသည် စစ်ကိုင်းမြို့၊ တောင်ရင်းကျေးရွာ၊ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက် မင်းကွန်းတိပိဋက ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက) နှင့် စာချဆရာတော် များ၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ပဋ္ဌာန်း ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ (အဘိဓဇမဟာ ရဋ္ဌဂုရု)၊ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဝိနယနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာမိဘိဝံသ (အဘိဓဇမဟာရဋ္ဌ ဂုရု) နှင့် စာချဆရာတော်များ၊ မြတောင်တိုက်၊ ရွှေဝါဝင်း ကျောင်းဆရာတော် ဘဒ္ဒန္တသာသနဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တကေသဝါဘိဝံသ နှင့် စာချအကျော်ဆရာတော်ကြီးများထံတွင် ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့သည်။ မင်းကွန်းဓမ္မနာဒ တိုက်၌နေစဉ် ဘွဲ့တူရှိနေ၍ ရှင်ပဒုမဟု ဘွဲ့အမည် ပြောင်းလဲမှည့်ခေါ်ခဲ့သည်။

ဆရာတော်သည် အစိုးရစာမေးပွဲတွင် ပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်း (ပထမကျော်) နှင့် ဓမ္မာ စရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး ပထမကျော်ဘွဲ့ ကို ၁၉၆၂ ခုနှစ်တွင်လည်းကောင်း၊ စေတီယင်္ဂဏ ဓမ္မာစရိယဝံ္ဂသကာ ဂုဏ်ထူးဆောင်ဘွဲ့ကို ၁၉၆၄ ခုနှစ်တွင် လည်းကောင်း၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သကျသီဟဓမ္မာစရိယ) ဘွဲ့ကို ၁၉၇၁ ခုနှစ် တွင်လည်းကောင်း အသီးသီးအောင်မြင်တော်မူ၍ သံဃာ့နယ်ပယ်တွင် သစအဓမ္မာစရိယဆရာတော်အဖြစ် ထင်ရှားကျော်ကြားတော်မူသည်။

ဆရာတော်သည် မစိုးရိမ်ကျောင်းတိုက်ကြီး၊ သဒ္ဓမ္မနယူပဒေသကျောင်းတွင် ကျောင်းထိုင်နာယက ဘုန်းတော်ကြီးအဖြစ်တာဝန်ယူ၍ ပျံလွန်တော်မူချိန် အထိ စာသင်သားရဟန်းသာမဏေများကို နေ့ဝါညဝါ ပရိယတ္တိစာပေများ သင်ကြားပို့ချခဲ့သည်။ ထိုသို့စာပေ ပရိယတ္တိတို့ကို ပို့ချတော်မူလျက် တိပိဋက-ပါဠိမြန်မာ အဘိဓာန်ကျမ်းအတွဲ-၄ (အပိုင်း ၂/၃)၊ အတွဲ-၁၅၊ အတွဲ-၁၆၊ တိပိဋကပါဠိကျမ်းညွှန်းနှင့် ဇာတ်ငြိကာကျမ်း တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် မတ္တရာမြို့၊ ရွှေသိမ်တော် ကျောင်းတိုက်ကို စာသင်တိုက်အဖြစ်တည်ထောင်ခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ၌ မဟာနိပါတဘာဏက၊ ဆဋ္ဌသင်္ဂီ တိကာရက အဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ရပ်ကွက်သံဃနာယကအဖွဲ့ အကျိုးတော် ဆောင်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သံဃာ့သမ္မုတိ သံဃာ့ကိုယ်စားလှယ်၊ တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဆရာတော်သည် ပထမပြန် စာမေးပွဲကြီးကြပ်ရေးတာဝန်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ဘွဲ့ယူကျမ်းစစ် ဆရာတော်အဖြစ် လည်းကောင်း၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၊ မဟာသကျသီဟဘုရားဂေါပကအဖွဲ့နှင့်

ပရိယတ္တိသာသနာ့ဟိတအသင်းကြီးတို့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း၊ တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဆရာတော်အဖြစ်လည်းကောင်း၊ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ၏ ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော် ဘဒ္ဒန္တပဒုမာဘိဝံသသည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါအရ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက် (၂၇-၂-၂၀၁၇) နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

## ပဏ္ဍာဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၁-၁၃၇၉)

။ ။ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၁၄ ရပ်ကွက်၊ ဘုရားလမ်း၊ မြစည်းခုံစာသင်တိုက် ဦးစီးပဓာန နာယကဘဒ္ဒန္တပဏ္ဍာဝံသကို ခမည်းတော် ဦးအောင်ငြိမ်း၊ မယ်တော်ဒေါ်အေးကြွယ်တို့က ၁၂၉၁ ခုနှစ်၊ နယုန်လပြည့်ကျော် (၈) ရက်၊ ကြာသပတေးနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ကြွယ်ကန်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် မိတ္ထီလာမြို့၊ ကြွယ်ကန်ကျေးရွာအလယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရကို ဥပဇ္ဈာယ်ပြု၍ မိခင်ဒေါ်အေးကြွယ်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၅) ရက်တွင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်း၊ ဖြူးမြို့၊ ကညွတ်ကွင်းမြို့ ငါးထပ်ကြီးရပ်ကွက် ဦးမောင်လေး ဒေါ်ထွေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကညွတ်ကွင်းမြို့၊ ဝါးတောရပ်ကွက်၊ ပုပ္ပါးကျောင်းတိုက် ဗောဓိကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မိတ္ထီလာမြို့၊ ကြွယ်ကန်ကျေးရွာ၊ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တအာစရ၊ ဘဒ္ဒန္တသူရိယ၊ ကညွတ်ကွင်းမြို့ ပုပ္ပါးကျောင်း ဆရာတော် ဘဒ္ဒန္တဇနိန္ဒပတိ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏရေ၊ ပျော်ဘွယ်မြို့ ရေလယ်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသနှင့် စာချဆရာတော်များ၊ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိသုတရေ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဓမ္မသေန (အဂ္ဂမဟာပဏ္ဍိတ)၊ အလယ်တောရဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဘဒ္ဒန္တဥက္ကံသစသောဆရာတော်များထံ၌ သင်ကြားဆည်းပူးခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယတန်း အောင်မြင်၍ သာသနဓဇဓမ္မာစရိယဘွဲ့ရရှိခဲ့သည်။

ဆရာတော်သည် တောင်ငူမြို့ မြစည်းခုံတိုက်တွင် တပည့်ရဟန်းသာမဏေတို့ကို ပရိယတ္တိစာပေများ ပို့ချတော်မူခဲ့ပြီး တောင်ငူမြို့၊ ကြာနီကန် ပရိယတ္တိစာသင်တိုက်နှင့် နိဗ္ဗိတာရုံပရိယတ္တိ စာသင်တိုက် တို့ကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ဆရာတော်သည် သပြေစမ်း မိုးညှင်းဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာနှင့် အောင်မင်္ဂလာ မိုးကုတ်ရိပ်သာများဖွင့်လှစ်၍ ပဋိပတ္တိသာသနာရေးလုပ်ငန်းစဉ်များ ထွန်းကားရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပဲခူးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်နှင့် ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်တော်မူလျက် ဝိနယပဒေသာ၊ ကစ္စည်းပဒေသာ ဆန်းပဒေသာကျမ်းစာတို့ကိုလည်း ရေးသားခဲ့သည်။


ဆရာတော်သည် ၁၉၈၄ ခုနှစ်မှစတင်၍ နှစ်ပေါင်း ၂၅ နှစ်တိုင်တိုင် ကျောင်းသားကျောင်းသူ ၂၀၀ ကျော်တို့ကို ယဉ်ကျေးမှုနှင့်အဘိဓမ္မာ သင်တန်းများပို့ချခဲ့သည်။ တောင်ငူမြို့ရှိ အ. ထ. က၊ အ. လ. က ကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် တရုတ်ဗုဒ္ဓဘာသာမျိုးသားအမျိုးသမီး ၂၀၀ ဦးတို့ကို ယဉ်ကျေးမှု စာပေများပို့ချပေးခြင်းစသော သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် အမျိုး၊ ဘာသာ သာသနာတော်ကို ချစ်မြတ်နိုးတော်မူခြင်း၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိသည်။

ဆရာတော်၏သာသနာအကျိုး သယ်ပိုးဆောင်ရွက်မှုကြောင့် နိုင်ငံတော်အစိုးရက ၂၀၀၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀ - ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသသည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက် (၅-၆-၂၀၁၇) နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပဏ္ဍိတ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၄-၁၃၇၈)** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းတိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတကို ခမည်းတော် ဦးပျားအုံ၊ မယ်တော် ဒေါ်ချောတို့က ၁၂၉၄ ခုနှစ်၊ နယုန်လကွယ်နေ့ (ကြာသပတေးနေ့) တွင် ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့၊ အင်ပူမြို့နယ်၊ ညောင်တုန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တပဏ္ဍိတ**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်၊ တပေါင်းလဆန်း (၅) ရက်တွင် ညောင်တုန်းရွာကျောင်းဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ညောင်တုန်းရွာနေ ဒေါ်အိမ်ဒုံ၊ ဒေါ်အိမ်ဖြူ၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက်တွင် ညောင်တုန်းကျောင်းဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ဒေါ်အိမ်ဒုံ၊ ဒေါ်အိမ်ဖြူ၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထူးကြီးမြို့၊ ညောင်တုန်းကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် လောကီပညာကို ၄ တန်းအထိ ကပိုင်ရွာ ဆရာဦးစံဖိုးထံတွင် လည်းကောင်း၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ သဒ္ဒါ၊ ပရိတ်ကြီး စသောအခြေခံကျမ်းစာများကို ရေခင်းဦးပဏ္ဍာဝံသ၊ ဦးရေဝတ၊ ဦးပညာဇောတ၊ ဦးပညာဝံသ ဆရာတော်များထံတွင်လည်းကောင်း သင်ယူခဲ့ပြီး ပရိယတ္တိစာပေကျမ်းဂန်များကို ပေါင်းတည်မြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးစန္ဒောဘာသ၊ ဦးစန္ဒာဝရ၊ ဦးအရိယဝံသ၊ အင်ပူစံကျောင်း ဆရာတော်ဦးဥတ္တမ၊ မန္တလေး စကုအလယ်တိုက်ဆရာတော် ဦးနန္ဒိယ၊ ပုဂံတိုက်ဆရာတော်ဦးစိန္တိတ၊ တောသမန်တိုက်ဆရာတော် ဦးကေသဝ၊ ရန်ကုန်မြို့ စမ်းချောင်းအေးစေတီကျောင်း ဆရာတော် ဦးအရိယဝံသ၊ ပုဇွန်တောင် ဆုတောင်းပြည့်

ကျောင်းဆရာတော် ဦးပဏ္ဍိစ္စ၊ ဦးပညာရက္ခိတ၊ ဦးဉာဏိက၊ ဦးဇဝန၊ ဦးစိတြ၊ ဗဟန်း မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ မရမ်းကုန်းပဋ္ဌာနာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ကြည့်မြင်တိုင် ဇေယျဝတီကျောင်း ဆရာတော်ဦးက္ကန္ဒ စသည့် ဆရာတော်များထံတွင် သင်ယူခဲ့သည်။

ဆရာတော်သည် ၁၃၂၃ ခုနှစ်မှစတင်၍ လှိုင်မြို့နယ်၊ အမှတ် ၁၃ ရပ်ကွက် ပဏ္ဍိတာရာမစာသင်တိုက်ကြီးကိုတည်ထောင်၍ နှစ်ပေါင်း ၅၀ ကျော်မျှ မူလတန်းမှ စာချတန်းအထိ စာသင်သား ၁၀၀ နီးပါးတို့ကို ကိုယ်တိုင် နေ့ဝါညဝါများ ပို့ချခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် လှိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃာကိုယ်စားလှယ်၊ နိုင်ငံတော်ဩဝါဒါစရိယ အစရှိသောတာဝန်များကို ထမ်းဆောင်ခဲ့သည်။


ထို့ပြင် ဆရာတော်သည် လှိုင်မြို့နယ် ပထမပြန်စာမေးပွဲများ၊ ယဉ်ကျေးမှုစာမေးပွဲများတွင် အထူးကြီးကြပ်ရေးအဖွဲ့ ဆရာတော်အဖြစ် ဆောင်ရွက်ခြင်း၊ မြို့နယ်အတွင်း ဖြစ်ပေါ်လာသည့် သံဃာ့မှုခင်းများကို စိတ်ရှည်ရှည်ထား၍ ပြေလည်ငြိမ်းအေးမှုရအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရုံသာမက အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) ၏ ဩဝါဒါစရိယ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၂) ရက် (၁၆-၁၁-၂၀၁၆) တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၉၉-၁၃၇၈)** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ မိုးကောင်းလမ်း၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင် နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကို ၁၂၉၉ ခုနှစ်၊ နယုန် လဆန်း (၅) ရက်၊ ကြာသပတေးနေ့တွင် ခမည်းတော် ဦးဘသင်း၊ မယ်တော် ဒေါ်ငွေသော့တို့က စစ်ကိုင်းတိုင်း ဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရွှေတောင်ကျေးရွာ၌ ဖွားမြင်ခဲ့သည်။



**ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ**

ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်အရွယ်တွင် ငါန်းဇွန်မြို့၊ ရွှေတောင်ကျေးရွာ၊ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၂) ရက်တွင် တောင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ ရွှေတောင်ရွာဦးဖိုးနွဲ့ ဒေါ်မယ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေတောင်ရွာ၊ တောင်ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ငါန်းဇွန်မြို့၊ ရွှေတောင်ကျေးရွာ၊ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇဝန္တ၊ စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက်ရွှေကျင်သာသနာပိုင်)၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

အာသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတိနှင့် ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ (အဘိဓဇ မဟာရဋ္ဌဂုရု၊ တွံ့ဖက်ရွှေကျင်သာသနာပိုင်) စသော ဆရာတော်များထံတွင် စာပေပရိယတ်များကို သင်ယူ ဆည်းပူးခဲ့သည်။

ဆရာတော်သည် အစိုးရပထမပြန် ဓမ္မာစရိယ စာမေးပွဲ၊ သကျသီဟဓမ္မာစရိယတန်း စာမေးပွဲနှင့် စေတီယင်္ဂဏဓမ္မာစရိယတန်း စာမေးပွဲများကို အောင်မြင် ခဲ့ပြီး သအစဓမ္မာစရိယဘွဲ့များ ရရှိခဲ့သည်။

ဆရာတော်သည် စစ်ကိုင်းမြို့ ပထမဂန္ဓာရုံ ကျောင်းတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်နှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိကျောင်းတိုက် တို့တွင် ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခဲ့သည့် အပြင် တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့တွင်လည်း ပါဝင်ရေးသားခဲ့သည်။ ဆရာတော်သည် ရန်ကင်းမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ ရွှေကျင် နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရန်ကုန်တိုင်းလုံး ဆိုင်ရာ ဝိနည်းပြန်ဌာနအကျိုးတော်ဆောင်၊ ပရိယတ္တိ သာသနနုဂ္ဂဟ ရန်ကုန်ဆန်လျှအသင်းကြီး၊ ရန်ကုန်မြို့ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်နှင့် ပုလဲမြို့ရွှေဥမင် ဓမ္မသုခတောရရိပ်သာ၊ မင်္ဂလာဗျူဟာအဖွဲ့ချုပ်သာမဏေ ကျော်စာမေးပွဲကျင်းပရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၊ ကျောက်တန်းမြို့ ခေမာနန္ဒာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရန်ကင်းမြို့နယ် မိုးကောင်းစေတီတော်နှင့် ကချင်ပြည်နယ်၊ ဟိုပင်မြို့ ထေရဝါဒသာသနာပြုကျောင်းတိုက်တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များ ကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၀ ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် နှင့် ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော် တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၀ နှစ်၊ သိက္ခာတော် ၆၀ ဝါအရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃) ရက် (၃၀-၃-၂၀၁၇) တွင် ဘဝနတ်ထံ ပျံလွန်တော် မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ (ဒုတိယအစည်းအဝေး)။** ။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား မျိုးနွယ်စု ၁၃၅ ကျော်သည် သမိုင်းအစဉ်အဆက် နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းရာတွင် ဥမကွဲသိုက်မပျက် စုစည်းညီညွတ်စွာ ဆောင်ရွက်ခဲ့သော အစဉ်အလာကောင်းများရှိခဲ့ပေ သည်။

ယင်းအစဉ်အလာကောင်းများမှာ အခြေခံ အကြောင်းတရားများစွာကြောင့် သံသယတည်း ဟူသော ညီညွတ်ရေးအသိုက်အမြုံဖျက် အကြောင်း တရားတို့ကိန်းအောင်းကာ ညီနောင်အချင်းချင်း လက်နက်ကိုင်စစ်ပွဲဆင်နွှဲခဲ့ကြသည်မှာ လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှစ၍ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့် ခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်လည်း အုပ်ချုပ်ရေးစနစ်အဆင့်ဆင့်ပြောင်းလဲလာပြီးနောက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်သို့ ဦးတည်သည့် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် ရည်မှန်း တည်ဆောက်နေပြီဖြစ်ရာ ပြည်သူတစ်ရပ်လုံး၏ အန္တိမ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းရေးကိုလည်း အကောင် အထည်ဖော်တည်ဆောက်ရန် မဖြစ်မနေ လိုအပ်လာ ပြီဖြစ်သည်။ နိုင်ငံရေးပြဿနာကို စစ်ရေးသက်သက်ဖြင့် ဖြေရှင်းခဲ့ကြရာမှ ဒူးတိုက်ဆွေးနွေး အဖြေရှာခြင်း လမ်းကြောင်းသို့ ဦးတည်ခဲ့ကြသည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဖွင့်ပွဲအခမ်းအနားကို (၂၀၁၆) ခုနှစ်၊ ဩဂုတ်လက ကျင်းပခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ (ဒုတိယအစည်းအဝေး) ဖွင့်ပွဲ၌ အမှာစကား ပြောကြားစဉ်**

ကို မေလ ၂၄ ရက်မှ ၂၉ ရက်အထိ ၆ ရက်တိုင်တိုင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ စတင်ကျင်းပခဲ့ပေသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်သား အစုအဖွဲ့မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေး ထိုးထားသည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ် တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA) (PC)၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသား လွတ် မြောက်ရေး အဖွဲ့ချုပ် (PNLO) တို့မှ ကိုယ်စားလှယ်များ (NCA) လက်မှတ်မထိုးရသေးသည့် “ဝ” ပြည် သွေးစည်း ညီညွတ်ရေးပါတီ၊ “ဝ’ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSP/UWSA)၊ ရခိုင့်တပ်မတော် (AA) တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (NDAA)၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (MNDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကချင် အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO/KIA)၊ နိုင်ငံခြား သံရုံးများမှသံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကျင်းပရေး

ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပထမနေ့ဆုံညီ ညီလာခံအစည်းအဝေးကျင်းပရာ သဘာပတိများအဖြစ် ဒေါက်တာတင်မျိုးဝင်း ဦးဆောင်ကာ ဦးညဏ်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ခိုင်စိုးနိုင်အောင်၊ ဦးစောတင်ဝင်းတို့က ဆောင်ရွက်ကြပြီး သဘာပတိဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျှန်မှုန်းဆာခေါင်း၊ ဦးမျိုးဝင်း၊ ဦးခင်ဇော်ဦး၊ ဦးလှမောင်ဆွေ၊ ဦးနိုင်ငံလင်း၊ ခွန်မြင့်ထွန်း၊ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာလှဖေတို့က ညီလာခံကျင်းပမည့်ပုံစံများ ရှင်းလင်းခြင်းနှင့် မူဝါဒများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိအဖွဲ့ဝင် ဦးညဏ်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ထို့နောက် ညီလာခံတက်ရောက်လာသည့် အစုအဖွဲ့အသီးသီးက အစုအဖွဲ့လိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးသည်။

ဒုတိယနေ့အစည်းအဝေးကို မေလ ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးကျော်တင့်ဆွေနှင့် မွန်းလွဲပိုင်းတွင် ပဒိုစောကွယ်ထူးဝင်းတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးသံခဲ၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် နိုင်ချစ်ဦးတို့က ဆောင်ရွက်သည်။ ထို့နောက် ဦးဆောင်သဘာပတိဦးကျော်တင့်ဆွေနှင့်ပဒိုစောကွယ်ထူးဝင်းတို့က အဖွင့်အမှာစကားပြောကြားကာ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး နိုင်ငံရေးကဏ္ဍမူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းနိုင်နှင့် မွန်းလွဲပိုင်းတွင် ခွန်တင်ရွှေတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စိုင်းယီတိပ့်၊ မိကွန်ချမ်း၊ ဦးလီပေါ်ရဲနှင့် ဗိုလ်မှူးချုပ်သက်အောင်တို့က ဆောင်ရွက်သည်။ ထို့နောက် ဦးဆောင်သဘာပတိဦးထွန်းနိုင်နှင့် ခွန်တင်ရွှေဦးတို့က အဖွင့်အမှာစကားပြောကြားကာ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး စီးပွားရေးကဏ္ဍမူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးသိန်းဆွေနှင့် မွန်းလွဲပိုင်းတွင် ဒေါက်တာနော်ကပေါ်ထူးတို့ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပူးဘွေလျံမန်၊ ဒေါ်နန်းဝင်းကြည်၊ ဒေါ်ဇင်မာအောင်နှင့် ဦးနေဝင်းတို့က ဆောင်ရွက်သည်။ ထို့နောက် ဦးဆောင်သဘာပတိဦးသိန်းဆွေနှင့် ဒေါက်တာနော်ကပေါ်ထူးတို့က အဖွင့်အမှာစကားပြောကြားကာ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လူမှုရေးကဏ္ဍမူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင် ဦးထွန်းထွန်းဟိန်နှင့် မွန်းလွဲပိုင်းတွင် ပူးလားလ်ယမ်လော်မာတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စောဒဲနီယယ်လ်၊ ဦးဇော်မင်းလတ်၊ စိုင်းယီနှင့် ဗိုလ်မှူးချုပ်မြင့်မောင်ဦးတို့က ဆောင်ရွက်သည်။ ထို့နောက် ဦးဆောင်သဘာပတိဦးထွန်းထွန်းဟိန်နှင့်

ပူးလားလ်ယမ်လော်မာတို့က အဖွင့်အမှာစကား ပြောကြားကာ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍမူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် နံနက်ပိုင်းတွင်ဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် မွန်းလွဲပိုင်းတွင် ဖြားတန်ခွန်ဥက္ကာတို့က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စဝ်ဘောင်ခေးနှင့် ပူးဇင်ခန့်ဆွန်၊ ဦးအင်ထုံခါးနော်ဆမ်နှင့် ဦးစောထွန်းအောင်မြင့်တို့က ဆောင်ရွက်သည်။ ထို့နောက် ဦးဆောင်သဘာပတိဗိုလ်မှူးချုပ်စိန်ထွန်းလှနှင့် ဖြားတန်ခွန်ဥက္ကာတို့က အဖွင့်အမှာစကား ပြောကြားကာ ကိုယ်စားလှယ်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားပြီး လုံခြုံရေးကဏ္ဍမူဝါဒအဆိုပြုလွှာများကို အတွင်းရေးမှူးအဖွဲ့က ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဒုတိယအစည်းအဝေး တတိယနေ့ကို မေလ ၂၆ ရက်က မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပသည်။ တတိယနေ့တွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးပွဲများကို ဆက်လက်ကျင်းပကြသည်။

မေလ ၂၇ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

မေလ ၂၈ ရက်တွင် ၁၁ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ (UPDJC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင်များက ကဏ္ဍအလိုက် အသီးသီး ဆွေးနွေးကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး၏ ပြည်ထောင်စု သဘောတူ




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)**
**ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) အဖြစ် လက်မှတ်ရေးထိုးကြစဉ်**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ (ဒုတိယအစည်းအဝေး)



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများကိုတွေ့ရစဉ်**

စာချုပ် အစိတ်အပိုင်း (၁) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေလ ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကျေးဇူးတင်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့၊ အစုအဖွဲ့အသီးသီးမှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ညီလာခံတွင် ဦးဆောင်သဘာပတိအဖြစ် ဖြားတန်ခွန်ဥက္ကာကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် သဘာပတိ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ခွန်သိန်းဖေနှင့် ဦးဉာဏ်ဝင်းတို့ကဆောင်ရွက်ကြသည်။ ထို့နောက် ကဏ္ဍအလိုက် မူဝါဒသဘောတူညီချက်များကို တင်သွင်းကြပြီး အစိုးရအဖွဲ့ကိုယ်စားလှယ်ဦးနိုင်ဆွေဦး၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ခင်သိန်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ကိုယ်စားလှယ်၊ ပဒိုမန်းငြိမ်းမောင်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ် ဦးသိန်းထွန်းတို့က ကဏ္ဍအလိုက်တင်သွင်းသည့် အချက် ၃၇ ချက်ကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိဖြားတံခွန်ဥက္ကာ ကဏ္ဍအလိုက်တင်ပြလာသော မူဝါဒအဆိုပြုချက်များဖြစ်သည့် နိုင်ငံရေးကဏ္ဍမူဝါဒ အဆိုပြုချက် (၁၂) ချက်၊ စီးပွားရေးကဏ္ဍမူဝါဒ အဆိုပြုချက် (၁၁) ချက်၊ လူမှုရေးကဏ္ဍမူဝါဒ အဆိုပြုချက် (၄) ချက်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍမူဝါဒ အဆိုပြုချက် (၁၀) ချက် စုစုပေါင်း (၃၇) ချက်အပေါ် တပေါင်းတစည်းတည်း အတည်ပြုကြောင်း ကြေညာသည်။ ထို့နောက် အစည်းအဝေးမှ အတည်ပြုထားသောသဘောတူညီချက် (၃၇) ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းအဖြစ် လက်မှတ်ရေးထိုးကြသည်။

**ကျော်နိုင်စိုး**

**ဘဝင်း၊ ဦး (ပန်းချီဆရာကြီး) (၁၉၂၆-၂၀၁၇)။** ။ ပန်းချီဆရာကြီး ဦးဘဝင်းကို ဦးဘရင်နှင့် ဒေါ်ဖိမ်တို့က ၁၉၂၆ ခုနှစ်တွင် ဧရာဝတီတိုင်း ကျုံပျော်မြို့၌ မွေးဖွားသည်။

ငယ်စဉ်ကတည်းက ပန်းချီပညာကို စိတ်ဝင်စားပြီး စာသင်ကြားရာ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဘုန်းကြီးထံတွင် ခဲပန်းချီရေးဆွဲခြင်းကို တစ်ဦးတည်း လေ့လာသင်ယူသည်။



ဦးဘဝင်း

ဦးဘဝင်းသည် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပြီး ထိုနှစ်မှာပင် ဒေါ်တင်ရီနှင့် အိမ်ထောင်ကျကာ လွှဆွဲခြင်းဖြင့် ဝင်ငွေရှာရသည်။ တစ်ရက်တွင် ဈေးသို့ပစ္စည်းသွားပို့စဉ် ရုပ်ရှင်ရုံရှေ့က ဖြတ်သွားခဲ့ရာမှ ရုပ်ရှင်ဇာတ်ကားပိုစတာကို တွေ့မြင်ခဲ့ရပြီးနောက် ပိုစတာ ပန်းချီရေးနည်းကို ပန်းချီဦးဘလွင်ထံ သင်ယူသည်။

ဦးဘဝင်းသည် ၁၉၅၂ ခုနှစ်တွင် ရန်ကုန်ပန်းချီ ပန်းပုကျောင်းကို ဂျူဗလီဟော၌ ပြန်လည်ဖွင့်လှစ်ရာ ပထမဆုံးသင်တန်းအပတ်စဉ်သို့ တက်ရောက်သင်ယူသည်။ ဦးအမ်တင်အေး၊ ဦးမြတ်ကျော်၊ ဦးခင်မောင် (ဘဏ်)၊ ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးစံဖေတို့ထံတွင် ပန်းချီပညာကို သင်ယူသည်။ အထူးသဖြင့် ပန်းချီကျောင်းတက်ချိန်က မိသားစုစားဝတ်နေရေးအတွက် စက်ချုပ်သင်ရင်း ကြိုးစားရုန်းကန်ခဲ့ရသူဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်းမှ ဒီပလိုမာ ရရှိသည်။

ဦးဘဝင်းသည် မူလတန်းကျောင်းသားများမှ အထက်တန်းကျောင်းသားများအထိ ပန်းချီသဘောတရား၊ အရောင်များ၏သဘောတရား၊ မျဉ်းများ၏ သဘောတရားများကို အခြေခံအားဖြင့် သင်ပြပေးသည်။ စာပေဗိမာန်ပန်းချီပြပွဲ၌ ပထမဆုံး စတင်ပါဝင်ခဲ့သည်။

ဦးဘဝင်းသည် ၁၉၅၆ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန၌ ပန်းချီနည်းပြအဖြစ် ဆောင်ရွက်သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့တွင် သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုကာလများတွင် ဦးဘဝင်းသည် ပိုစတာပန်းချီများရေးသားပြီး ပန်းချီပြပွဲများအတွက် ပန်းချီရေးခြယ်ပြသည်။ ပညာရေးဝန်ကြီးဌာန၏ ပန်းချီနှင့်ပန်းပု ပြပွဲပြိုင်ပွဲများ ဖြစ်ပေါ်လာရေးကိုလည်း ဦးစားပေးဆောင်ရွက်သည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့မှ အငြိမ်းစားယူပြီး ပန်းချီဒီဇိုင်းပညာရှင်အဖြစ် အချိန်ပြည့်လုပ်ကိုင်ခဲ့သည်။

ဦးဘဝင်းသည် ၁၉၇၃ ခုနှစ်တွင် ပန်းချီပန်းပုကောင်စီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဒဂုံမြို့နယ်) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) နာယကအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဒဂုံမြို့နယ် ပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ထို့ပြင် ၁၉၉၂ ခုနှစ်တွင် New Zero Art Space ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် New Zero Art Space နာယကအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဦးဘဝင်းသည် အသက် ၇၀ ကျော်သည့် တိုင်အောင် အောက်ဒိုးပန်းချီကားများကို ရေးဆွဲသည်။ ပန်းချီမိတ်ဆွေများ စုစည်းကာလတစ်လ၏ နောက်ဆုံးစနေနေ့တွင် အောက်ဒိုးပန်းချီကား ရေးဆွဲလေ့ရှိသည်။ ၁၉၉၉ ခုနှစ်သည် ဦးဘဝင်း၏ပန်းချီကားများ အရောင်းရဆုံးနှစ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။ ၂၀၀၈

ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် တတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကိုလည်းကောင်း ရန်ကုန်မြို့ Trish Gallery ၌ ပြသသည်။ ဦးဘဝင်းသည် လောကနတ် ပန်းချီပြခန်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် နာဂစ် ရန်ပုံငွေပန်းချီပြပွဲတွင် ပန်းချီကား ငါးကားမှ ရရှိငွေများကို လှူဒါန်းသည်။ တစ်ကိုယ်တော်ပန်းချီပြပွဲ လေးကြိမ်နှင့်အုပ်စုပြပွဲပေါင်း ၁၀၀ ကျော်၌ ပါဝင်ပြသခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး (ဗဟို) နာယက ပန်းချီဆရာကြီးဦးဘဝင်းသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**စိုးအောင်**

**ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်** ။ ။ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၉) ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဘာသာပြန်စာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားပြီး ပထမနေ့ နံနက်ပိုင်း စာတမ်းဖတ်ပွဲအစီအစဉ်အရ ဒေါက်တာအောင်ကြီးက ယဉ်ကျေးမှုကိုဘာသာပြန်ခြင်း၊ ဆရာမောင်ကြည်သစ်က ဒဿနဝေါဟာရဘာသာပြန် ပြဿနာတို့ကို ဖတ်ကြားသည်။ မွန်းလွဲပိုင်းတွင် ဆရာကိုတာက ဦးကြည်မောင်၏ ဘာသာပြန်စာတမ်း၊ ဒေါက်တာမြင့်ဇံက ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ မြန်မာဘာသာပြန်ဆိုမှုနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်အချို့စာတမ်း၊ ဒေါက်တာဇော်ထွန်းက မြန်မာကဗျာကို အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းစာတမ်းတို့ကို ဖတ်ကြားသည်။

ဒုတိယနေ့စာတမ်းဖတ်ပွဲကို ဧပြီလ (၃၀) ရက်တွင် ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် ဆရာမကြီး




**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်သို့ တက်ရောက်ဖွင့်လှစ်စဉ်**

နတ်မောက်အနီချိုက ကလေးစာပေဘာသာပြန်အတတ်ပညာစာတမ်း၊ ဆရာမောင်ဝင့်သူက ဘာသာပြန်မှု ဂရုပြုစရာအဖြာဖြာစာတမ်းတို့ကို ဖတ်ကြားပြီး မွန်းလွဲပိုင်းတွင် ဆရာမင်းတင်က အကူးအပြောင်းကာလနှင့် နိုင်ငံရေးဘာသာပြန်အခန်းကဏ္ဍ စာတမ်း၊ ဆရာဒီနိုဗိုက ရသစာပေဘာသာပြန်ခြင်း (သို့မဟုတ်) ယဉ်ကျေးမှုဝတ်မှုန်ကူးခြင်းစာတမ်း၊ ပန်းတနော် ခင်မောင်မြင့်က မြန်မာနိုင်ငံ၏သဘာဝသယံဇာတ တွင်းထွက်ဓာတ်သတ္တုသိုက်များအကြောင်း ဘာသာပြန် ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများကို လေ့လာသုံးသပ်ခြင်းစာတမ်းတို့ကို ဖတ်ကြားသည်။

စာတမ်းဖတ်ပွဲတတိယနေ့ကို မေလ (၁) ရက်တွင် ဆက်လက်ကျင်းပရာ နံနက်ပိုင်းအစီအစဉ်အဖြစ် ဆရာ သန်လျင်မောင်ဝင်းဝါက ဇာတ်သဘင်စာပေ အင်္ဂလိပ်-မြန်မာဘာသာပြန်စာတမ်း၊ ဆရာဟိန်းလတ်က ဘာသာပြန် (သုတ) စာတမ်း၊ မွန်းလွဲပိုင်းတွင် ဆရာရဲမြင့်ကျော်က မြန်မာဘာသာပြန်စာပေတွင် လိုအပ်နေသော နိုင်ငံရေးဒဿနစာပေစာတမ်း၊ ဒေါက်တာ စိန်မြင့်က မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ လူထုအတွင်း စာပေလွှမ်းခြုံ မွှမ်းထုံခြင်းစာတမ်း၊ ဆရာဦးလှမြင့်က ပါဠိ (သို့မဟုတ်) မြန်မာပရိယတ္တိ စာပေမှ အင်္ဂလိပ်ဘာသာသို့ဘာသာပြန်ဆိုခြင်း စာတမ်းတို့ကို ဖတ်ကြားသည်။ စာတမ်းဖတ်ပွဲ ပြီးဆုံးပြီးနောက် ဘာသာပြန်စာတမ်းဖတ်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားသည်။

စာတမ်းဖတ်ပွဲသို့ ဌာနအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။ စာတမ်းဖတ်ပွဲနှင့်အတူ နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကိုကျင်းပရာ စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ခန့် ဖွင့်လှစ်ရောင်းချသည်။

**ကိုကျော်စွာ**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ။** ။ **နိုင်ငံရေး** - ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Abul Hassan Mahmood Ali အား နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများနှင့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။




**ဘင်္ဂလားဒေ့ရှ်နှင့် ပတ်ဝန်းကျင်နိုင်ငံများကို တွေ့ရစဉ်**

**မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံဆက်ဆံရေး**- မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်အနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ တောင်ကုန်းများတွင် နေရာယူထားသည့် အနက်ရောင်ဝတ်စုံဝတ် လက်နက်ကိုင်အဖွဲ့တို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက် ညနေပိုင်းက ထိတွေ့မှုဖြစ်ပွားခဲ့သည်။

နှစ်နိုင်ငံနယ်စပ်မိုင်တိုင် ၅၆ နှင့် ၅၇ အကြား၌ နယ်စပ်ခြံစည်းရိုးကင်းလှည့်လမ်း ပြုပြင်ရေးအဖွဲ့ကို နယ်မြေလုံခြုံရေးဆောင်ရွက်ပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တစ်ဖက်နိုင်ငံဘက်ခြမ်း တောင်ကုန်း

တွင် အသင့်နေရာယူထားသော လက်နက်ကိုင်အဖွဲ့ အင်အား ၃၀ မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်သဖြင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုထိတွေ့မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး လက်နက်ငယ်ထိမှန် ဒဏ်ရာရခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြား၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မြန်မာဘက်မှထွက်ပြေးလာသည် ဆိုသူများအား ပြန်လည်လက်ခံရေးအတွက် မေတ္တာရပ်ခံခဲ့သည်။




**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၂) ရက်မှ (၄) ရက်ထိ တရားဝင်ခရီး သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ခဲ့စဉ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဒီမိုကရေစီအစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်တို့ ဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ခေါင်းဆောင်သော ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်မှ (၂၃) ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက် ညနေ ၄ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေး



**ရခိုင်ပြည်နယ် လေ့လာစမ်းစစ်မှုကော်မရှင်အဖွဲ့ သတင်းစာရှင်းလင်းစဉ်**

ဝန်ကြီး မစ္စတာအဘူလ်ဟတ်ဆန်မာမွတ်အလီတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ယင်းနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက် မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအဘူလ်ဟတ်ဆန်မာမွတ်အလီတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်သည် ၁၉၉၂ ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နိုင်ငံခြားရေးဝန်ကြီးအဆင့်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်ကို အခြေခံ၍ရေးဆွဲထားပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကိုစနစ်တကျ လက်ခံရာတွင် လိုက်နာဆောင်ရွက်ရမည့်အထွေထွေ မူဘောင်များနှင့် မူဝါဒရေးရာအစီအမံများ ပါရှိပါသည်။ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံများက လည်းကောင်း၊ အိုအိုင်စီအဖွဲ့က လည်းကောင်း၊ နိုင်ငံတကာတွင်ဖိအားပေးကာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် လည်းကောင်း၊ အထွေထွေညီလာခံ၏ တတိယကော်မတီတွင်လည်းကောင်း၊ အဆိုမူကြမ်းချမှတ်ခဲ့သည့်အပြင် လုံခြုံရေးကောင်စီတွင် သဘာပတိ၏ထုတ်ပြန်ချက်ဖြင့်လည်းကောင်း ချမှတ်ကာ နိုင်ငံတကာအရေးကိစ္စအဖြစ် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအကြား အရေးကိစ္စပေါ်ပေါက်လာပါက နှစ်နိုင်ငံချင်းဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ ဖြေရှင်းရမည်ဟု ခိုင်မာစွာရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်တို့ယခုကဲ့သို့ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုကိုအခြေခံကာ နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့်ရလဒ်ကိုရယူခဲ့ခြင်းဖြင့် မိမိ၏ဆုပ်ကိုင်ထားသော ရပ်တည်ချက်အပေါ် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့ပါသည်ဟု ပါရှိကြောင်း သိရသည်။

ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များ၏ ဆွေးနွေးချက်များအရ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန်အချက် (၁၀) ချက်ကို သဘောတူခဲ့ကြသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်မှ (၂၀) ရက်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ်ဟတ်ခ် ခေါင်းဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့နှင့် ဒီဇင်ဘာ (၁၉) ရက်က ဒါကာမြို့တွင် တွေ့ဆုံဆွေးနွေးရာ၌ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များအပေါ် သဘောတူညီမှုရရှိခဲ့ပြီး အဆိုပါသဘောတူညီချက်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးမစ္စတာအဗ္ဗူလ်ဟာဆန်မာမွတ်အလီ၏ ရှေ့မှောက်တွင် အမြဲတမ်းအတွင်းဝန်ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက်ရှာဟီဒူလ်ဟတ်ခ်တို့မှ လက်မှတ်ရေးထိုးခဲ့သည်။



**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့်တွေ့ဆုံကာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသွားရန်ရှိပြီး ယင်းလုပ်ငန်းအဖွဲ့သည် နေပြည်တော်တွင် နိုဝင်ဘာလ (၂၃) ရက်က လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်ကို အခြေခံ၍နှစ်ဦးနှစ်ဖက်သဘောတူညီမှု ရယူရေးအတွက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ လိုအပ်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပူးတွဲလုပ်ငန်းအဖွဲ့သည် ပြန်လည်လက်ခံရေး အစီအစဉ်တွင် ပါရှိသည့်လိုက်နာဆောင်ရွက်ရမည့် အထွေထွေ မူဘောင်များ၊ မူဝါဒရေးရာအစီအမံများနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၂) ရက်မှ (၄) ရက်ထိ တရားဝင်ခရီး သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ခဲ့စဉ် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဒီမိုကရေစီအစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ဆက်ဆံရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်တို့ ဆွေးနွေးသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး

ဆွေးနွေးပြောကြား၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မြန်မာဘက်မှထွက်ပြေးလာသည် ဆိုသူများအား ပြန်လည်လက်ခံရေးအတွက် မေတ္တာရပ်ခံခဲ့သည်။

**အကြမ်းဖက်မှုများ** - မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဟိန္ဒူဘာသာဝင်များ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်သည့် အကြမ်းဖက်သမား ၂၂ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖမ်းဆီးတရားစွဲဆိုထားကြောင်း အိန္ဒိယအခြေစိုက် Times Now ရုပ်သံသတင်းဌာနက ၂၀၁၇ ခုနှစ် အောက်တိုဘာလ (၇) ရက်တွင် ထုတ်လွှင့်ဖော်ပြထားသည်။ Times Now ရုပ်သံသတင်းဌာန၏အဆိုအရ ဒုက္ခသည်များအဖြစ် အယောင်ဆောင်ထားသော အကြမ်းဖက်သမား ၂၂ ဦးကို ဘင်္ဂလားဒေ့ရှ် အစိုးရက ဖမ်းဆီးတရားစွဲဆိုထားသည်။ အဆိုပါ အကြမ်းဖက်သမား ၂၂ ဦးသည် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော ဟိန္ဒူဘာသာဝင်များ အစုလိုက်အပြုံလိုက် အသတ်ခံရမှုတွင် ပါဝင်ပတ်သက်သူများဖြစ်ကြပြီး ၎င်းတို့ကို ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က လေ့ကျင့်ပေးထားကြောင်း Times Now ရုပ်သံသတင်းဌာနက ပြောကြားသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောဒေသ၌ ၂၀၁၇ ခုနှစ်၊ ဩဂုတ် (၂၅) ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း ရာနှင့်ချီသည့် ဟိန္ဒူဘာသာဝင်များ သတ်ဖြတ်ခံခဲ့ရကာ အသတ်ခံရသော ဟိန္ဒူဘာသာဝင်များအား အစုလိုက်အပြုံလိုက် မြှုပ်နှံထားသည့်နေရာများကို ARSA အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော ဟိန္ဒူဘာသာဝင် အမျိုးသမီးများ၏ သတင်းပေးချက်အရ မြန်မာတာဝန်ရှိသူများက ဖော်ထုတ်တွေ့ရှိခဲ့သည်။ Times Now ရုပ်သံဌာန သတင်းထောက်တစ်ဦးက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ယူခိရာဒုက္ခသည်စခန်း၌ ဟိန္ဒူဘာသာဝင်ဒုက္ခသည်များနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် ဟိန္ဒူဘာသာဝင်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့်ပတ်သက်သည့် အကြမ်းဖက်သမား ၂၂ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖမ်းဆီးထားကြောင်း ဖော်ထုတ်သိရှိခဲ့ခြင်း ဖြစ်သည်။ သတင်းထောက်နှင့်တွေ့ဆုံခဲ့သည့် ဟိန္ဒူဘာသာဝင် တစ်ဦး၏ အဆိုအရ အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် သေဆုံးရသည့် ဟိန္ဒူဘာသာဝင် ၁၀၀ ကျော် အထိ ရှိခဲ့ကြောင်း သိရသည်။

**သဘာဝဘေးအန္တရာယ်** - ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၁၇ ခုနှစ် မေလ (၁) ရက်က လေပြင်းမုန်တိုင်း လေးနာရီကြာတိုက်ခတ်သဖြင့် မြို့တော်ဒါကာ အနောက်ဘက် ၂၅၆ ကီလိုမီတာအကွာရှိ ရက်ဂျ်ဂျဟီးခရိုင်မှ လေးဦး၊ မြို့တော်ဒါကာအနောက်မြောက်ဘက် ၃၀၂ ကီလိုမီတာ



**ဇွန်လ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုအတွင်း ထိခိုက်ဒဏ်ရာရသည့် ပြည်သူများကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေကယ်ဆယ်နေစဉ်**

အကွာရှိ ချာပါနာ၀ဂမ်ဂျ်ခရိုင်မှ သုံးဦးသေဆုံးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အရှေ့တောင်ပိုင်း ပြည်နယ်သုံးခုတွင် ၂၀၁၇ ခုနှစ်၊ ဇွန် (၁၂) ရက်မှစ၍ မိုးသည်းထန်ခဲ့ရာ ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည်။ ဇွန် (၁၃) ရက်အထိ သေဆုံးသူ ၇၁ ဦးရှိပြီး ဖြစ်သည်။ အရှေ့တောင်ပိုင်းပြည်နယ် သုံးခုဖြစ်သည့် စစ်တကောင်း၊ ဘန်ဒါဘန်နှင့် ရန်ဂါမတီတို့တွင် မိုးသည်းထန်မှုကြောင့် ဇွန် (၁၃) ရက်တွင် မြေပြိုခြင်းများ ဖြစ်ပွားခဲ့သည်။

၂၀၁၇ ခုနှစ်၊ ဇွန် (၁၄) ရက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းတွင် မိုးသည်းထန်ပြီး မြေပြိုခြင်းများကြောင့် စစ်သားငါးဦးအပါအဝင် လူပေါင်း ၁၃၄ ဦး သေဆုံးသွားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများမှာ ရာသီဥတုဆိုးရွားမှုကြောင့် အခက်ကြုံနေရသည်။


ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် အဆိုပါ သဘာ၀ဘေးဒဏ်ခံဒေသ အနှံ့အပြားအား မရောက် ရှိနိုင်သေးကြောင်း သဘာ၀ဘေးအန္တရာယ်ထိန်းချုပ်ရေးဌာန အကြီးအကဲက အေအက်ဖ်ပီသတင်းဌာနကို ပြောကြားသည်။

**စီးပွားရေး -** ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘင်ဒရော်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားတစ်စင်း ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်က ပျက်စီးမှုကြောင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်တင်ကုန်ချပြုလုပ်မှုများ အနည်းငယ်နှောင့်နှေးခဲ့ရသော်လည်း ဩဂုတ်လ (၁၀) ရက်တွင် ပုံမှန်ပြန်လည် လည်ပတ်နိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဆန်တန်ချိန်တစ်သန်းဝယ်ယူရန် ကမ်းလှမ်းထားပြီး လက်ရှိတွင် ဆန်တန်ချိန် သုံးသိန်းကို နှစ်နိုင်ငံအစိုးရချင်း သဘောတူညီ ပုံစံ G + oG စနစ်ဖြင့် ကနဦးတင်ပို့နိုင်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည်။

**သိန်းဝင်းဇော်**

**ဘယ်ရီ၊ ချက်။** ။ ရော့ခ်အင်ရိုးဂီတကို အစပြုခဲ့သူတစ်ဦးဖြစ်သည့် အထင်ကရအဆိုတော်၊ တေးရေးဆရာ ချက်ဘယ်ရီကို ၁၉၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်တွင် အမေရိကန်ပြည်ထောင်စု၊ မစ်ဆူရီပြည်နယ်၊ စိန့်လူးဝစ်မြို့၌ မွေးဖွားသည်။ ဘယ်ရီသည်



ချက်ဘယ်ရီ


"Maybellene, Rollover Beethor ven, Rock and Roll Music, Johnny B.Goode" စသည့် ဂန္ထဝင်မြောက်သီချင်းများဖြင့် ထင်ရှားခဲ့သူ ဖြစ်သည်။

ဘယ်ရီသည် လူလတ်တန်းစား အာဖရိကန်အမေရိကန်မိဘများမှ မွေးဖွားခဲ့ပြီး ငယ်စဉ်ကပင် တေးဂီတကို စိတ်ဝင်စားခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် "Maybellene" တေးသီချင်းကို အသံသွင်းခဲ့သည်။ ၎င်းသီချင်းသည် ချပ်ရေသန်းပေါင်းများစွာ ရောင်းချခဲ့ရပြီး ဘီလ်ဘုတ်မဂ္ဂဇင်း၏အရောင်းရဆုံး နံပါတ် ၁ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ယင်းနောက် လူကြိုက်များလှသော တေးအယ်လ်ဘမ်များထွက်ရှိခဲ့ပြီး အောင်မြင်ကျော်ကြားသည့် အနုပညာရှင်တစ်ဦးအဖြစ် ဆယ်စုနှစ်ခြောက်စုကြာ ရပ်တည်နိုင်ခဲ့သည်။ ၁၉၈၄ ခုနှစ် ဂရမ်မီဆုပေးပွဲတွင် တစ်သက်တာအောင်မြင်မှုဆုကို ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရော့ခ်အင်ရိုး Hall of Fame ၌ ပထမဆုံးဖော်ပြခံခဲ့ရသော ဂီတအနုပညာရှင်များထဲတွင် ပါဝင်သည်၊ ရိုးလင်းစတုန်းမဂ္ဂဇင်း၏ တစ်သက်တာအကြီးကျယ်ဆုံး အနုပညာရှင်များစာရင်းတွင်ပါဝင်ပြီး ၂၀၀၄ ခုနှစ် စာရင်းအရ အကြီးကျယ်ဆုံးအနုပညာရှင် ၁၀၀ အနက် အဆင့် ၅ တွင် ရပ်တည်နိုင်ခဲ့သည်။

ဂီတပညာရှင် ချက်ဘယ်ရီသည် အသက် ၉၀ အရွယ် ၂၀၁၇ ခုနှစ်၊ မတ်လ (၁၈) ရက်တွင် အမေရိကန်ပြည်ထောင်စု၊ မစ်ဆူရီပြည်နယ်ရှိ နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**အိခိုင်**

**မုနိန္ဒ၊ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၃ -၁၃၇၈)** ။ ။ နိုင်ငံတော်သြဝါဒါစရိယ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ကာမိန်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တမုနိန္ဒကို ခမည်းတော် ဦးပုလွယ်ဆိုင်စိန်စံ မယ်တော် ဒေါ်အောက်လွယ်ဆွယ်ငင်းတို့က ၁၂၉၃ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁) ရက် ကြာသပတေး နေ့တွင် လားရှိုးမြို့၊ ဟက်ကာကျေးရွာ၌ ဖွားမြင်တော်မူခဲ့ သည်။



**ဘဒ္ဒန္တမုနိန္ဒ**

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်တွင် လားရှိုးမြို့၊ ကာမိန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောလိယကို ဥပဇ္ဈာယ်ပြု၍ နယ်ပိုင်ကြီးဦးပညာ ဒေါ်အောက်လွယ်မုံစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၃ ခုနှစ်တွင် ကာမိန်းကျောင်းတိုက်ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် သိန်းနီမြို့ ဂိုဏ်းချုပ် ဆရာတော်ဘဒ္ဒန္တအာလောက၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စည်ရှင်ကျောင်း၊ ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒာပဏ္ဍိတဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ စာချဆရာတော်ဘဒ္ဒန္တဝိဇယာနန္ဒ၊ ရန်ကုန်မြို့ ဗဟန်းဓမ္မ သုခတိုက် ပိဋကတ်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ၊ စာချဆရာတော် ဘဒ္ဒန္တကုသလတို့ထံတွင် ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ ကျောင်းတိုက်၊ အောင်ရတနာပုံလုံလောကျောင်းတိုက်၊ မာန်တောင်းကျောင်းတိုက်၊ တာပုံကျောင်းတိုက်၊ မိုင်းတင် ကျောင်းတိုက် တောင်နောက်ကျောင်းတိုက်၊ ရွှေလီ ကျောင်းတိုက်များကိုတည်ထောင်ခဲ့သည်။ ဆရာတော် သည် ၁၃၂၇ ခုနှစ်တွင် သိန္နီမြို့ ဂိုဏ်းထောက်အဖြစ် လည်းကောင်း၊ ၁၃၂၉ ခုနှစ်တွင် ဒုတိယဂိုဏ်းချုပ် အဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ပထမအကြိမ်နှင့်ဒုတိယအကြိမ်တွင် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာမေး စာပြန်ပွဲတော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပျံလွန်တော် မူချိန်အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် လည်းကောင်း သာသနာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်တော်မူသည်။


ဤသို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်သည် နိုင်ငံတော်အစိုးရက ၁၉၉၄ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၂) ရက် (၃၀-၁၂-၂၀၁၆) နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**မိုး၊ ရော်ဂျာ** ။ ။ ကမ္ဘာကျော် ဂိမ်းစ်ဘွန်း ရုပ်ရှင်ကား များတွင် လျှို့ဝှက်အေးဂျင့် ဂိမ်းစ်ဘွန်းအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့သူ ဗြိတိန်ရုပ်ရှင်သရုပ်ဆောင် ရော်ဂျာမိုး သည် ဂိမ်းစ်ဘွန်းမင်းသားများအနက် သက်တမ်းအကြာဆုံး သရုပ်ဆောင်ခဲ့သူဖြစ်သည်။ မိုးကို ၁၉၂၇ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ မွေးဖွားသည်။

မိုးသည် ဒုတိယကမ္ဘာစစ်ပြီးခါစအချိန် အသက် ၁၈ နှစ်အရွယ်တွင် စစ်မှုထမ်းခဲ့သည်။ ယင်းနောက်



**ရော်ဂျာမိုး**

၁၉၄၉ ခုနှစ်မှစတင်ကာ ရုပ်မြင်သံကြားအစီအစဉ်များတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ 'The Saint' ဇာတ်လမ်းတွဲတွင် စကားပြောကောင်းသည့် စွန့်စားသွားလာသူ ဆိုင်မွန်တန်ပလာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ယင်း ဇာတ်လမ်းတွဲကို ၁၉၆၂ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ထုတ်လွှင့်ပြသခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များအတွင်းတွင် 'The Persuaders' ရုပ်ရှင်ဇာတ်ကား၌ တိုနီကားတစ်နှင့်အတူ သရုပ်ဆောင်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ရုံတင်ပြသခဲ့သည့် 'Live And Let Die' ရုပ်ရှင်တွင် လျှို့ဝှက်အေးဂျင့် ဂျိမ်းစ်ဘွန်းအဖြစ် ပထမဆုံးသရုပ်ဆောင်ခဲ့သည်။ စတင်သရုပ်ဆောင်စဉ်က အသက် ၄၅ နှစ်အရွယ်ရှိပြီး ဂျိမ်းစ်ဘွန်းမင်းသားများအနက် အသက်အကြီးဆုံး မင်းသားတစ်ဦးဖြစ်ခဲ့သည်။ ယင်းနောက် ဂျိမ်းစ်ဘွန်း ရုပ်ရှင်ဇာတ်ကားများတွင် ဆက်လက်သရုပ်ဆောင်ခဲ့ရာ ၁၉၈၅ ခုနှစ်အထိ ဂျိမ်းစ်ဘွန်း ဇာတ်ကားစုစုပေါင်း ခုနစ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ဂျိမ်းစ်ဘွန်းအဖြစ် သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားများမှာ "Man with the Golden Gun (1974)"၊ "The Spy Who Loved Me (1977)"၊ "Moonraker (1979)"၊ "For Your Eyes Only (1981)"၊ "Octopussy (1983)" နှင့် "A View to a Kill (1985)" တို့ဖြစ်သည်။ ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်နေစဉ် အခြားရုပ်ရှင်ဇာတ်ကား ၁၃ ကားတွင်လည်းသရုပ်ဆောင်ခဲ့သည်။

ဂျိမ်းစ်ဘွန်းရုပ်ရှင်များမှ အနားယူခဲ့ပြီးနောက် ငါးနှစ်တာမျှ သရုပ်ဆောင်မှုများ ရပ်ဆိုင်းခဲ့သည်။ ယင်းနောက် "The Quest (1996)"၊ "In Spice World (1997)" ဇာတ်ကားတို့တွင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ခဲ့သည်။

မိုးသည် အနုပညာလုပ်ငန်းသာမက လူမှုရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ယူနီဆက်ဖ်၏သံတမန်တစ်ဦးအဖြစ်ခန့်အပ်ခံခဲ့ရပြီး ကလေးများအတွက် ရန်ပုံငွေရရှိရေးလုပ်ငန်းများ ကူညီဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဆာဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

ဂျိမ်းစ်ဘွန်းမင်းသားကြီး ရော်ဂျာမိုးသည် အသက် ၈၉ နှစ်အရွယ် ၂၀၁၇ ခုနှစ်၊ မေလ (၂၃) ရက်တွင် ကင်ဆာရောဂါဖြင့် ဆွစ်ဇာလန်နိုင်ငံ၌ ကွယ်လွန်သည်။


**အိခိုင်**

## မင်းကျော်မင်း (ဦးကျော်မင်း) (၁၉၃၅-၂၀၁၇)

။ ။ ကန်တော့ခံသက်ကြီးစာပေညာရှင် ဦးကျော်မင်း (မင်းကျော်မင်း) ကို ဦးအေးမောင်၊ ဒေါ်တင်ဦးတို့က ၁၉၃၅ ခုနှစ်၊ ဧပြီလ (၉) ရက်တွင် မိတ္ထီလာမြို့နယ်၊ ပုပ္ပားမြင်တိုက်ကျေးရွာ၌ မွေးဖွားသည်။ ကလောင်အမည်မှာ မင်းကျော်မင်းဖြစ်ပြီး အခြားကလောင်ခွဲမှာ သူရကျော် ဖြစ်သည်။

ငယ်စဉ်က ဘောင်ဒရီလမ်း အလွတ်ပညာသင်ကျောင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (တီတီစီ)၊ စိန့်ဂွန်း ယောက်ျားလေးများကျောင်းတို့၌ ပညာသင်ယူသည်။ အလွတ်ပညာသင်ကျောင်း၌ ဆရာမရှိလျှင် သင်ကြားပေးသည်။ ၁၀ တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန်တက္ကသိုလ်တို့၌ ဆက်လက်ပညာသင်ယူသည်။

မင်းကျော်မင်းသည် စတီးလ်ဘရားသား အာမခံကုမ္ပဏီ၌ အလုပ်လုပ်နေစဉ် ဆရာတက်တိုး ဦးစီးထုတ်ဝေသည့် စာသင်သားဂျာနယ်၌ လုပ်ကိုင်နေစဉ် စာပေဗိမာန်အဖွဲ့က ဖွင့်လှစ်သင်ကြားသည့် သတင်း



**မင်းကျော်မင်း**

စာသင်တန်း (အင်္ဂလိပ်ကဏ္ဍ) သို့ တက်ရောက်သည်။ ၁၉၅၉ ခုနှစ်တွင် စာသင်သားဂျာနယ်၌ လုပ်ကိုင်နေရင်း မြန်မာ့အသံ (အင်္ဂလိပ်ပိုင်း အစီအစဉ်) ၌ သတင်းကြေညာသူ အစီအစဉ်လက်ထောက်အဖြစ် အချိန်ပိုင်းဝင်ရောက် လုပ်ကိုင်သည်။

၁၉၆၀-၆၄ ခုနှစ်များတွင် VOA ၌ အလုပ်လုပ်ရင်း ကျောင်းတက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကနေဒါနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်သည်။ ၁၉၆၄ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ခရီးတစ်ထောက် လေ့လာရေးသွားသည်။

၁၉၆၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့သတင်းစဉ် (နိုင်ငံတကာ) အယ်ဒီတာအဖြစ် လုပ်ကိုင်သည်။ ဂါးဒီးယန်းသတင်းစာ၌ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း As I See It (ကျွန်ုပ်ရှုမြင်ပုံ) ဆောင်းပါးများကို ၂၄ နှစ် ရေးသားသည်။ ၁၉၆၉ ခုနှစ်တွင် ဆရာတက်တိုး၏ ညွှန်ကြားမှုဖြင့် Working People's Daily ၌ အယ်ဒီတာအဖြစ် လုပ်ကိုင်သည်။

မင်းကျော်မင်းသည် ၁၉၇၆ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံလေ့လာရေးခရီး၊ ၁၉၇၉ ခုနှစ်တွင် အဖွဲ့ဝင်ရှစ်ဦးကို ခေါင်းဆောင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီး၊ ၁၉၉၁ ခုနှစ်တွင် ရုရှားနိုင်ငံ လေ့လာရေးခရီး၊ ၁၉၉၃ ခုနှစ်တွင် ၂၈ ရက်ကြာနယ်လှည့်အစည်းအဝေး၊ ၁၉၉၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ၁၉၉၅ ခုနှစ်တွင် အကြိမ် ၅၀ မြောက် ကုလသမဂ္ဂညီလာခံနှင့် အာရှတိုက်လုံးဆိုင်ရာ ဘာသာပြန်သူများညီလာခံ (တရုတ်နိုင်ငံ)၊ ၁၉၉၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပသည့် အာဆီယံစာနယ်ဇင်းဆိုင်ရာ ဥပဒေညီလာခံ၊ ၁၉၉၈ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပသည့် အာဆီယံပြန်ကြားရေး ဝန်ကြီးများညီလာခံ စသည့် ပြည်ပခရီးသွားရောက်ခဲ့သည်။

မင်းကျော်မင်းသည် ၁၉၉၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ The New Light of Myanmar ၌ စာတည်းမှူးချုပ်၊ မြန်မာ့သတင်းစဉ်၌ တွဲဖက်စာတည်းမှူးချုပ်တာဝန်များ ထမ်းဆောင်သည်။ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်၊ မြန်မာ့ရုပ်မြင်သံကြား MRTV-3 အစီအစဉ် သတင်းတည်းဖြတ်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အစီအစဉ်အရ Min Kyaw Min's Spoken English Class ကို ဖွင့်လှစ်သင်ကြားပေးသည်။

မင်းကျော်မင်းသည် မင်းကျော်မင်း ကလောင်အမည်ဖြင့် ဆောင်းပါးပေါင်းများစွာ ရေးသားသည်။ အာဆီယံဘာသာပြန်ဝတ္ထုတိုဆု နှစ်ဆုရပြီးဖြစ်သည်။ ရေးသားခဲ့သောစာအုပ်စာတမ်းများမှာ English Idioms and How to Use Them, Conversational English, ရုပ်သံအတွက် English for Everyday Use၊ အာရှ အတွက်ကဏ္ဍသစ်တစ်ရပ် (မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီမိုဟာမက် ရေးသားခဲ့သည့် A New Deal For Asia စာအုပ်ကို လုံးချင်းအဖြစ် ဘာသာပြန်ဆိုထားခြင်းဖြစ်သည်) စသည်တို့ဖြစ်သည်။ ထို့ပြင် မြန်မာ့အသံရေဒီယိုညနေပိုင်းအစီအစဉ်တွင် 'မိသားစုအင်္ဂလိပ် စကားပြောကဏ္ဍ' ကို မိသားစုအသွင် (အဖေနှင့်သမီး) အင်္ဂလိပ်စကားပြော ပို့ချပေးခြင်းဖြစ်သည်။

မင်းကျော်မင်းသည် ဒေါ်တင်တင်မေနှင့် အိမ်ထောင်ပြုသည်။ ဒေါ်တင်တင်မေ ကွယ်လွန်သွားသည့်အခါ ဒေါ်နန်းကြိန်ကြည်နှင့် ဒုတိယအိမ်ထောင်ထူသည်။ The New Light of Myanmar စာတည်းမှူးချုပ် (ငြိမ်း) ဦးကျော်မင်းသည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးနှင့်သားသမီး မြေး မြစ်များ ကျန်ရစ်သည်။

**မျိုးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) (၁၉၃၀-၂၀၁၇)** ။ ။ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) ကို ဦးဘလေး၊ ဒေါ်စောချယ်တို့က ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၌ မွေးဖွားသည်။

ငယ်စဉ်က မြစ်သားမြို့ စစ်ကဲဘုန်းတော်ကြီးကျောင်း၌ စတင်ပညာသင်ယူသည်။ ထို့နောက် မြစ်သားမြို့ အမျိုးသားကျောင်း၌ သတ္တမတန်းအထိ ပညာသင်ယူသည်။ ၁၉၄၉ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ပြီး တပ်မတော်ပညာရေးကျောင်း၌ အဋ္ဌမတန်းပညာသင်သည်။

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) သည် ၁၉၄၉ ခုနှစ်တွင် မင်္ဂလာဒုံ အမှတ် (၁) ခြေလျင်တပ်ရင်းသို့ တပ်သားအဖြစ်ဝင်ရောက်ပြီး စစ်မှုထမ်းသည်။ ပြည်နယ်နှင့်တိုင်းဒေသအသီးသီး၌ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်၍ ဒုတိယတပ်ကြပ်၊ တပ်ကြပ်အဆင့်များသို့ တိုးမြှင့်ခြင်းခံရသည်။ ၁၉၅၇ ခုနှစ်တွင် တပ်မတော် ဗိုလ်ရွေးအဖွဲ့က ဗိုလ်လောင်းသင်တန်း တက်ရောက်ရန် ရွေးချယ်ခံရသဖြင့် ဗထူးမြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၌ ဗိုလ်လောင်းသင်တန်း အပတ်စဉ် (၁၈) သို့ တက်ရောက်သည်။ ၁၉၅၈ ခုနှစ်တွင် သင်တန်းပြီးဆုံးသဖြင့် ဒုတိယဗိုလ်အဆင့်ခန့်အပ်၍ အမှတ် (၁၀၂) ခြေမြန်တပ်ရင်းသို့ တပ်စုမှူးအဖြစ် ပြောင်းရွှေ့တာန်ထမ်းဆောင်သည်။

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) သည် တပ်မတော်တွင် ခြေလျင်တပ်ရင်း၊ စစ်ဗျူဟာ၊ တပ်မဟာ၊ တပ်မနှင့်တိုင်းစစ်ဌာနချုပ်တို့၌ ဒုတိယဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်များဖြင့် နိုင်ငံတော်လုံခြုံရေး၊ စစ်ဆင်ရေး၊ နယ်ဘက်အုပ်ချုပ်ရေး၊ စစ်အုပ်ချုပ်ရေး တာဝန်များကို ထမ်းဆောင်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ဒုတိယတိုင်းမှူးတာဝန် ထမ်းဆောင်စဉ် ၁၉၈၅ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပဉ္စမအကြိမ်ပါတီညီလာခံက ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရပြီး လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ တိုင်းမှူးတာဝန်ထမ်းဆောင်ချိန် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်တွင် အုပ်ချုပ်ရေးအာဏာ အရပ်ရပ်ကို တပ်မတော်က ထိန်းသိမ်းရယူပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းရာ၌ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရသည်။ ထို့ပြင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။



ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း)

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် (ငြိမ်း) သည် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဇာတိသွေးဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အရည်အချင်းပြည့်ဝပြီး နှလုံးလှသောသားကောင်း သမီးကောင်း ရတနာများ ပေါ်ထွန်းလာရေးတို့ကို ရည်ရွယ်လျက် မြတ်ဗုဒ္ဓ၏လူမှုအဆုံးအမတရားတော်များ၊ ခေတ်အဆက်ဆက်ပညာရှိကြီးများ၏ အဆုံးအမစာများ ပါဝင်သော "သုတရတနာအလိမ္မာစာဉယျာဉ်" စာစောင်ကို ၁၉၉၀ ပြည့်နှစ်တွင် ပြုစုရိုက်နှိပ်ဖြန့်ဝေသည်။ ၁၉၉၂ ခုနှစ်တွင် "ရင်နှစ်သည်းချာနိုင်ငံရတနာ" စာစောင်ကို ထပ်မံပြုစုရိုက်နှိပ်ဖြန့်ဝေသည်။ ကျောင်းသားလူငယ်များထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအကျိုးပြုနိုင်စေရန် ပညာရေးဝန်ကြီးဌာနဝန်ကြီးနှင့်ညှိနှိုင်း၍ အခြေခံပညာကျောင်းများ၌ ဟောပြောပို့ချပေးနိုင်ရန် ဆောင်ရွက်သည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများတိုးချဲ့ဖွင့်လှစ်၍ ကျောင်းမနေနိုင်သော

ကလေးများ ယဉ်ကျေးမှုနှင့် ခေတ်ပညာသင်ယူနိုင်ရန် ဦးစားပေးဆောင်ရွက်သည်။

၁၉၉၂ ခုနှစ် အောက်တိုဘာလ (၂) ရက်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) သည် ဆွစ်ဇာလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် (ငြိမ်း) သည် နိုင်ငံတော်က ချီးမြှင့်သောတံခွန်ဘွဲ့၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်များ အပါအဝင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ၁၇ ခု ချီးမြှင့်ခံရသည်။

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) သည် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်တွင် တပ်မတော်မှ အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် ရဲဘော်မျိုးညွန့် ကလောင်အမည်ဖြင့် မြတ်ဗုဒ္ဓ၏သစ္စာတရားတော်များကို ဘာသာရေးစာစောင်များ၌ ရေးသားသည်။

ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့် (ငြိမ်း) သည် ၂၀၁၇ ခုနှစ်၊ မေလ (၂၆) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်လှတင်၊ သားဦးထွန်းမြင့်၊ သမီးဒေါ်ရီရီညွန့်နှင့် ဒေါ်လှလှညွန့်တို့ ကျန်ရစ်သည်။

**စိုးအောင်**

**မျိုးမြင့်၊ ဒေါက်တာ (၁၉၅၃-၂၀၁၇)။** ။ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်ကို ဦးတက်စ၊ ဒေါ်ခင်မြင့်တို့က ၁၉၅၃ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

ဒေါက်တာမျိုးမြင့်သည် ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ St. Marry School ၌ LKG မှ ဒုတိယတန်းအထိ၊ ၁၉၆၂ ခုနှစ်အထိ အိန္ဒိယနိုင်ငံ Frank Anthong Public School ၌ တတိယတန်းမှ



ဒေါက်တာမျိုးမြင့်

ပဉ္စမတန်းအထိ၊ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ Sri Lanka နိုင်ငံ Royal College ၌ ဆဋ္ဌမတန်းမှ နဝမတန်းအထိ ၁၉၆၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဒသမတန်းအထိ တက်ရောက်ပညာသင်ယူသည်။ ရန်ကုန်မြို့ ပညာရေးတက္ကသိုလ်မှမဟာဝိဇ္ဇာ (အင်္ဂလိပ်စာ) နှင့် မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) ရရှိသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ United Kingdom နိုင်ငံ Scotland ရှိ University of Edinburgh ၌ ပါရဂူတန်း တက်ရောက် အောင်မြင်၍ Ph.D (Edinburgh) Applied Linguistics (English Language and Literary Stylistics) ရရှိသည်။

ဒေါက်တာမျိုးမြင့်သည် ၁၉၇၆ ခုနှစ်တွင် နည်းပြတာဝန်ကို စတင်ထမ်းဆောင်သည်။ ထိုမှ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက် ပါမောက္ခ၊ ပါမောက္ခဌာနမှူးတာဝန်များကို အဆင့်ဆင့် ထမ်းဆောင်သည်။ ၂၀၁၁ ခုနှစ်၊ မတ်လ (၃၀) ရက် တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်တာဝန်မှ အငြိမ်းစားယူသည်။

ဒေါက်တာမျိုးမြင့်သည် ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁) ရက်မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတာဝန်တို့ကို ထမ်းဆောင်သည်။ ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

ဒေါက်တာမျိုးမြင့်သည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပြုစုထုတ်ဝေသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဒေါက်တာမျိုးမြင့်သည် ၁၉၉၅ ခုနှစ် စက်တင်ဘာလ (၂၇) ရက်မှ ဒီဇင်ဘာလ (၁၃) ရက် အထိ United Kingdom နိုင်ငံ UCLES Cambridge ၌ A Course on the Teaching and Testing of English သို့ တက်ရောက်သည်။ ထို့ပြင် ဒေါက်တာမျိုးမြင့်သည် မဟာတန်းကျမ်းလေးစောင်ကို ကြီးကြပ်ခြင်းနှင့် ခုနစ်စောင်ကို ပြင်ပစာစစ်အဖြစ်လည်းကောင်း၊ ပါရဂူကျမ်းတစ်စောင်ကို ကြီးကြပ်ခြင်းနှင့် ငါးစောင်ကို တွဲဖက်ကြီးကြပ်ခြင်းနှင့် ၁၇ စောင်ကို ပြင်ပစာစစ်အဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဒေါက်တာမျိုးမြင့်သည် Teaching of English : Sector Review (1991-1992), Prince of Mekhara and the First English - Myanmar Dictionary in Proceedings of Text and Cotext in Southeast Asia Conference (December 2001). " A Century and a Half of Experience and Experimentatin" Engligh Language Teaching in East Asia, Trends of ENT in Myanmar Higher Education Institutions, Myanmar in Proceeding of ELT Conference : New Paradigms for Teaching and Learning English in Myanmar (2002). Teaching of Life Skills in Myanmar, Management of Higher Education in Myanmar, Developing Language Skills and Learner Training in Proceeding of ELT Conference : New Avenues to Develop the Four Language Skills (2007). စာတမ်းတို့ကို ဖတ်ကြားတင်သွင်းပြုစုခဲ့သည်။ ဒေါက်တာမျိုးမြင့်သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၀) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား ဦးဇော်ဝင်း ကျန်ရစ်သည်။

**စိုးအောင်**

**မြန်မာနိုင်ငံစာပေဆုများ။** ။ **ပခုက္ကူစာပေဆု** - ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်တွင် ရန်ကုန်မြို့၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စုပေါင်းခန်းမ၌ ကျင်းပသည်။

၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေတစ်သက်တာဆုကို စာရေးဆရာကြီး တောသားကြီးလူနိုင်က ရရှိသည်။ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို ကျော်လွင် (စက်မှု) ရေးသားသည့် "တောအရိပ်တောင်အရိပ်အောက်က စေတနာပုံရိပ်နှင့် အခြားဝတ္ထုတိုများ" စာမူ၊ ဒုတိယဆုကို ထီလာဝင်းယုမာ ရေးသားသည့် "ဆူးစည်းနှင့် အခြားဝတ္ထုတိုများ" စာမူ၊ တတိယဆုကို မောင်နေခြည် (ပြည်) ရေးသားသည့် "ခရေပန်းတို့၏ ဒဏ္ဍာရီနှင့် အခြားဝတ္ထုတိုများ" စာမူ၊ ဝတ္ထုရှည်ပထမဆုကို ကိုရွှေသံ (မြန်မာစာ) ရေးသားသည့် "ကောင်းကျိုးအထွေထွေရယ်နှင့် ချွန်စေမြစေသော်" စာမူ၊ ဒုတိယဆုကို ကောင်းကင်ရေးသားသည့် "စံပယ်ဖြူအပွင့်မူ ဘယ်လိုသေးပေမယ့် လေသင့်ရာမွှေး" စာမူ၊ တတိယဆုကို ကောင်းကင်မေ (စီးပွားရေးတက္ကသိုလ်) ရေးသားသည့် "မြတ်နိုးစွာနှောင်ဖွဲ့ထားသော" စာမူ၊ ကဗျာပေါင်းချုပ် ပထမဆုကို ကျော်စိုး (မြင်းမူ) ရေးသားသည့် "ပန်းအိပ်မက်ကဗျာများ" စာမူ၊ ဒုတိယဆုကို မောင်လွယ်အိတ်ရေးသားသည့် "အညာအလှ ရွာအလှ ကျေးလက်ရနံ့ကဗျာများ" စာမူ၊ တတိယဆုကို တင်မောင်ထက် (ကွမ်းခြံကုန်း) ရေးသားသည့် "ပန်းတစ်လှေနှင့် အခြားကဗျာများ" စာမူ၊ သုတေသနပထမဆုကို ကိုကိုညိမ်း (ကောလင်း) ရေးသားသည့် "ဆင်ပြုစုရေးနှင့်ဆင်ဘဝ" စာမူ၊ ဒုတိယဆုကို လွင်မြန်မာ (မန်းတက္ကသိုလ်) ရေးသားသည့် "ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာစာပေဟောခြင်းနှင့် ပန်းဒကာဓလေ့သဘာဝ" စာမူ၊ တတိယဆုကို မောင်မောင်ချစ်ဦး (မုံရွာ) ရေးသားသည့် "အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် သာယာလှပရေရှည်တည်တံ့ရေး" စာမူနှင့် ကျမ်းစာပေတတိယဆုကို မောင်ရွှေကျေး (တွံတေး) ရေးသားသည့် "ရှေးဟောင်းအမွေ ဒလမြေ" စာမူတို့က ရရှိကြသည်။ ၂၀၁၆ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုများအဖြစ်




**ဆရာဝန်တင်ရွှေစာပေဆုရ ဆရာ Sun Thit Aung (KMA) အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆုချီးမြှင့်စဉ်**

စိုးတင့် (ဧရာဝတီ) ရေးသားသည့် "ကျွန်တော် ချစ်သောဧရာဝတီ" စာအုပ်၊ ဒေါ်စောကြိုင် (အငြိမ်းစား -ပါမောက္ခ) ရေးသားသည့် "စိတ်ကို ရုပ်ထွေးစေသော ဆေးပညာအယူအဆများနှင့် ကျန်းမာရေးအဖြာဖြာ" စာအုပ်နှင့် စိမ်းမြမြရေးသားသည့် "ကျွန်မဆရာဝန် ကတော်" စာအုပ်တို့က ရရှိသည်။

**ဆရာဝန်တင်ရွှေစာပေဆု** - ၁၅ ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ (၂) ရက်တွင် ရန်ကုန်မြို့ Novotel ဟိုတယ်၌ ကျင်းပသည်။ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များမှ ရွေးချယ်ချီးမြှင့်ခဲ့ရာ ဝင်းငြိမ်း ဘာသာပြန်ဆိုသည့် "နန်းကျဘုရင် (The King In Exile)" စာအုပ်၊ မခင်နု (ဒဿန) ရေးသားသည့် "ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား" စာအုပ်၊ ဒေါက်တာခင်စန်းမော် ရေးသားသည့် "အိမ်မွေးအချစ်တော်များ" စာအုပ်၊ ကျော်ကျော်လှိုင် ရေးသားပြီး Sun Thit Aung (KMA) ဘာသာပြန်ဆိုသည့် "A Study of the Leadership skill of Ancient Myanmar Monarchs" စာအုပ်တို့က ရရှိကြသည်။

တစ်သက်တာစာပေဂုဏ်ဆောင်ဆုကို စာရေးဆရာကြီး ဦးဝင်းမောင် (မင်းယုဝေ) အား ချီးမြှင့်သည်။

**သုတစွယ်စုံစာပေဆု** - ၁၂ ကြိမ်မြောက် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲကို ၂၀၁၇ ခုနှစ် ဇွန်လ (၁၀) ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။ သုတစွယ်စုံတစ်သက်တာစာပေဆုကို ဆရာကြီးစည်သူ ဒေါက်တာ သော်ကောင်း (ဦးသော်ကောင်း) အား ချီးမြှင့်သည်။

သုတစွယ်စုံစာပေဆုများကို ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များမှ ရွေးချယ်ချီးမြှင့်ရာ နိုင်ငံတကာရေးရာဘာသာရပ်တွင် "ခေတ်သစ်အရှေ့တောင် အာရှ" စာအုပ်ဖြင့် ဦးသိန်းလှိုင်၊ ရည်ညွှန်းစာပေဘာသာရပ်တွင် "မြန်မာအမျိုးသမီးစာရေးဆရာများ၏ စာပေရုပ်ပုံလွှာ" စာအုပ်ဖြင့် မောင်ခေတ်ထွန်း၊ ဘာသာပြန်စာပေဘာသာရပ်တွင် "သမိုင်းနှင့်လမ်းလျှောက်ခြင်း" စာအုပ်ဖြင့် သန်းစိုးနိုင်၊ ဝိဇ္ဇာဘာသာရပ်တွင် "မြန်မာစာ၊ မြန်မာမှု ကောင်းကွက်လှကွက်များ (စာပေသုတေသန၊ စာပေအတွေး၊ စာပေအရေး)" စာအုပ်ဖြင့် မောင်ရဲလူ၊ အသုံးချသိပ္ပံဘာသာရပ်တွင် "အန္တရာယ်မကင်းတဲ့အချစ် (ကလေးတို့ကျန်းမာရေးသိမှတ်ဖွယ်ရာများ)" စာအုပ်ဖြင့် ဒေါက်တာယုဇနစောမြင့် (ကလေးအထူးကုဆရာဝန်ကြီး) တို့က ရရှိကြသည်။

**ထွန်းဖောင်ဒေးရှင်း စာပေဆု** - ၁၁ ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၆) ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည်။ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုအဖြစ် ဆရာကြီး စည်သူဒေါက်တာသော်ကောင်း (ဦးသော်ကောင်း) နှင့် ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့အား ပေးအပ်ချီးမြှင့်သည်။

စာပေဆုများအဖြစ် စီးပွားရေးစာပေဆုတွင် "ကမ္ဘာ့ငွေရေးကြေးရေးနှင့် စီးပွားရေးအကျပ်အတည်းများ" စာအုပ်ဖြင့် သံအမတ်ကြီး ဦးလှမောင် (ဘောဂ)၊ ကျန်းမာရေးစာပေဆုတွင် "နား၊ နှာခေါင်း၊ လည်ချောင်း၊ လည်ပင်းရောဂါ သိကောင်းစရာ" စာအုပ်ဖြင့် ဒေါက်တာဝင်းထိုက်ကြည်၊ ကလေးစာပေဆုတွင် "သားလေးအိပ်ချိန် ကလေးကဗျာများ" စာအုပ်ဖြင့် သိပ္ပံစိုးမြင့်နိုင်၊ လူငယ်စာပေဆုတွင် "ငန်းနက်နှင့်နံ့ကောင်" စာအုပ်ဖြင့် ဇေယျာသူ၊

အတ္ထုပ္ပတ္တိစာပေဆုတွင် "မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလွိုင်" စာအုပ်ဖြင့် ခင်သန်းဖြူ၊ သမိုင်းစာပေဆုတွင် "မြန်မာ့မြေယာအုပ်ချုပ်ပုံသမိုင်း" စာအုပ်ဖြင့် ကံလှ (ငါန်းဇွန်)၊ ယဉ်ကျေးမှုစာပေဆုတွင် "မင်းတုန်းမင်းမြို့နန်းမတည်မီက မန္တလေး" စာအုပ်ဖြင့် ရွှေရိုး (မန္တလေး) နှင့် "၁၃ ရာစုနှောင်းပိုင်းမှ ၁၉ ရာစု အစောပိုင်းအထိ ကမ္ဘာ့ပန်းချီသမိုင်း" စာအုပ်ဖြင့် ကျော်သူရိန် (ပန်းချီနည်းပြ)၊ ရှေးဟောင်းကျမ်းစာပေဆုတွင် "မဟာမှိုင်း၏ဆယ်ကုဋေကျော်ဋီကာ" စာအုပ်ဖြင့် လှိုင်ထွန်းနိုင်၊ ရည်ညွှန်းစာပေဆုတွင် "ရှင်ကျော် ၁၀၀" စာအုပ်ဖြင့် မောင်ဇေယျာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် "ကိုလိုနီခေတ်လွန် မြန်မာ့သစ်တောစီးပွားရေးတစေ့တစောင်း" စာအုပ်ဖြင့် သစ်ရိုင်း၊ သုတပဒေသာဆုတွင် "ညောင်ရမ်းမင်းသား၏နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများ" စာအုပ်ဖြင့် သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း (ငြိမ်း)၊ စာပဒေသာဆုတွင် "နှစ် ၆၀ မြန်မာ-ဂျပန်နှင့်သံတမန်ဘဝခရီး" စာအုပ်ဖြင့် ခင်မောင်တင် (မဟာဝိဇ္ဇာ)၊ အတ္ထုပ္ပတ္တိစာပေ (အင်္ဂလိပ်) ဆုတွင် "A Memory of My Grandparents" စာအုပ်ဖြင့် Junior Win၊ သုတပဒေသာ (အင်္ဂလိပ်) ဆုတွင် "Constitution and Constitutional Courts of the Nations" စာအုပ်ဖြင့် Professor Dr.Tin Aung Aye တို့က ရရှိကြသည်။

စာမူဆုများအဖြစ် ကလေးစာပေဆုတွင် "ကေဂျီတန်းမှာ ပျော်စရာကလေးကဗျာများ" စာမူဖြင့် လူမွန်-ပခုက္ကူ၊ ယဉ်ကျေးမှုစာပေဆုတွင် "အင်းလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ" စာမူဖြင့် မောင်မောင်ချစ်ဦး - မုံရွာ၊ သုတပဒေသာစာပေဆုတွင် "ဆရာဇော်ဂျီ၏စကားပြေရေးဟန်" စာမူဖြင့် ဒေါက်တာစိုးနိုင်၊ ကျန်းမာရေးစာပေဆု (အင်္ဂလိပ်) တွင် "JENESYS Food" စာမူဖြင့် Dr.Aye Kyaw (Medical Research) တို့က ရရှိသည်။

**ရွှေအမြုတေစာပေဆု** - ၁၂ ကြိမ်မြောက် ရွှေအမြုတေစာပေဆုပေးပွဲကို ၂၀၁၇ ခုနှစ်၊ မေလ (၂၇) ရက်တွင် ရန်ကုန်မြို့ Sky Star ဟိုတယ်၌ ကျင်းပသည်။

ကဗျာဆုကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလထုတ် နှင်းဆီဖြူမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာမ မိကုဋေ၏ "ပုန်းခိုစရာအခွံမပါလာတဲ့ ဒဏ်ရာ" ကဗျာ၊ ရသစာတမ်းဆုကို ၂၀၁၆ ခုနှစ်၊ ဇွန်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာမ မသီတာ (စမ်းချောင်း) ရေးသားသည့် "ပန်းပုခုတ်ခြင်းအနုပညာ" ရသစာတမ်း၊ ဆောင်းပါးဆုကို ၂၀၁၆ ခုနှစ်၊ ဇွန်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့် ဆရာမ ကေတုမာလာ ရေးသားသော "အမုန်းကပေးသော သင်ခန်းစာများ" ဆောင်းပါး၊ ဝတ္ထုတိုဆုကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့် ဆရာရေအေး ရေးသားသော "ဘွန်ဗိုင်း" ဝတ္ထုတို၊ မျိုးဆက်သစ် (ဝတ္ထုတို) ဆုကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာမ မြယမင်းသူ (နည်းပညာ) ရေးသားသော "လွယ်အိတ်ကလေးလွယ်ခွင့်" ဝတ္ထုတိုနှင့် ဝတ္ထုရှည်ဆုကို ၂၀၁၇ ခုနှစ်၊ မတ်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာမ ဆေးဆေ ရေးသားသော "သူ့သစ္စာ" ဝတ္ထုရှည်တို့က ရရှိကြသည်။

**ဘာသာပြန်စာပေဆု-** စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် ကလေးလူငယ်စာပေ ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲအတွက် ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဗဟိုဌာနက ထုတ်ဝေသည့် ကလေးလူငယ်များအတွက် ပုံဝတ္ထုများ (Asian Stories for Young Readers) စာစဉ် (၃) ခုမှ ဝတ္ထုတို ၁၀ ပုဒ်ကို ပြဋ္ဌာန်းပေးခဲ့သည်။ ဆုချီးမြှင့် ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ မတ်လ (၁၅) ရက်တွင် ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။

ပထမဆုကို မသြမြတ်မေကို (ကလောင်အမည်-သြမြတ်မေကို)၊ ဒုတိယဆုကို မသက်လယ် (ကလောင်အမည်- သက်လယ်)၊ တတိယဆုကို မဆွေဇင်မိုး (ကလောင်အမည်- ဆွေဇင်မိုး)၊ အထူးဆုများအဖြစ် မမေသက်နွယ်ဦး (ကလောင်အမည် -မေသက် (ဆေးဝါး)) နှင့် မခြူးမျက်သွယ် (ကလောင်အမည်-ခြူး) တို့က ရရှိကြသည်။

## မြန်မာနိုင်ငံစာပေဆုများ

### ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများ

| စဉ် | ဘာသာရပ် | စာရေးသူ | စာမူအမည် | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | ချစ်နွေမိုး | ပဲ့တင်သံကောက်ကြောင်း | ပထမ |
| ၂ | ॥ | ယွန်းမြတ်မွန်းသျှန် | ငှက်ကလေးတွေမိုးတိမ်ကြားပျံနိုင်ကြစေသား | ဒုတိယ |
| ၃ | ॥ | ယိမ်းနွဲ့လျှံ | နှလုံးသားတို့လန်းဆန်းရာမြေ | တတိယ |
| ၄ | ဝတ္ထုတိုပေါင်းချုပ် | သောင်းမြင့်ဦး(ကွမ်းခြံကုန်း) | သကာတွေ့တဲ့နေ့နှင့် အခြားဝတ္ထုတိုများ | ပထမ |
| ၅ | ॥ | ကျော်လွင် (စက်မှု) | သံဝေဂနှင့်သံယောဇဉ်အပါအဝင် အခြားဝတ္ထုတိုများ စုစည်းမှု | ဒုတိယ |
| ၆ | ॥ | မောင်နေခြည် (ပြည်) | ထပ်တူကျသော နှလုံးသားများနှင့် အခြားဝတ္ထုတိုများ | တတိယ |
| ၇ | ကဗျာပေါင်းချုပ် | လင်းခန့် | မေတ္တာပန်းချီ လင်းတေးသီကဗျာများ | ပထမ |
| ၈ | ॥ | ဆန်လုံးညို | သုံးရာသီသခင်နှင့် မြန်မာ့လယ်ယာကဗျာများ | ဒုတိယ |
| ၉ | ॥ | မောင်အောင်စု | ကျွန်ုပ်သခင် ထိုအရှင်သည်နှင့် ဘဝအလှကဗျာများ | တတိယ |
| ၁၀ | သုတပဒေသာ(ဝိဇ္ဇာ) | ဖွဲ့သန်းသျှင်း (သုံးဆယ်) | ပီမိုးနင်းစာများကပြောသည့် ပီမိုးနင်း | ဒုတိယ |
| ၁၁ | ॥ | ခင် (တောင်ကြီး) | တောင်ကြီးမြို့၏ရှေးအစဉ်အလာရိုးရာ မီးပုံးပျံပွဲတော် | တတိယ |
| ၁၂ | သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) | မြို့ကြီးများနှင့်ကျန်းမာရေးပြဿနာများ | တတိယ |
| ၁၃ | စာပဒေသာ | ကျော်သောင်း (ဘုတလင်) | ချင်းတွင်းဒေသဖောင်သမားဘဝနှင့် အတွေ့အကြုံစာမျိုးစုံများ | ပထမ |
| ၁၄ | ॥ | မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) | မြစ်ဝမဲဇာ မြစ်ညာခိုတောင် | ဒုတိယ |
| ၁၅ | ॥ | ဇော်လွင်ဦး (ဟသ်ာတ) | တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ | တတိယ |
| ၁၆ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ | ဇော်လွင်ဦး (ဟသ်ာတ) | ယင်းနက် | ပထမ |
| ၁၇ | ॥ | အိအိမော် (ယဉ်ကျေးမှု) | ပြတိုက်ပြခန်းများကပြောသော တိုင်းရင်းသားယဉ်ကျေးမှု | ဒုတိယ |
| ၁၈ | ॥ | စေတနာလှိုင် (ရေစကြို) | မြန်မာမှုကျောက်ဆစ်အနုပညာ | တတိယ |
| ၁၉ | ကလေးစာပေ | ဇာနည် | မေမေ့ရင်ခွင်ကလေးကဗျာများ | ဒုတိယ |
| ၂၀ | ॥ | သိခ်သူ | မြန်မာ့စိတ်ရင်းနှင့်ကလေးကဗျာများ | တတိယ |
| ၂၁ | လူငယ်စာပေ | ချစ်မုန်းငြိမ်း | အပျံသင်စနှင့်လူငယ်ဝတ္ထုတိုများ | ဒုတိယ |
| ၂၂ | ॥ | နေမထူး | အနက်ရောင်လွင်ပြင် | တတိယ |
| ၂၃ | ပြဇာတ်စာပေ | ဇင်မင်း (သမိန်ထော) | အလွမ်းနွေရိပ် ပန်းလေ့ဆိပ် | ပထမ |
| ၂၄ | ॥ | မောင်မြေနီ (တမာတော) | ကောင်းဖို့ရွယ်သောခေတ်ကို အထူးသဖြင့် မျှော်မိတယ် | ဒုတိယ |
| ၂၅ | ॥ | မောင်စိုးထိုက် (သုံးဆယ်) | တာဝန်ကိုယ်စီရှိပါသည်နှင့် အခြားပြဇာတ်များ | တတိယ |
| ၂၆ | ဘာသာပြန်စာပေ | ဇာနည် (ဘူမိဗေဒ) | အကြမ်းဖက်ဝါဒ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေး (တရားဥပဒေစိုးမိုးမှုဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး) | ပထမ |

**အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု** - ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်၊ စာဆိုတော်နေ့) တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများတွင် ဘာသာရပ် ၁၃ မျိုးအနက် နိုင်ငံရေးစာပေနှင့် အင်္ဂလိပ်စာဘာသာရပ်များအတွက် ချီးမြှင့်နိုင်ခြင်းမရှိဘဲ ကျန် ၁၁ မျိုးအတွက် ဆုပေါင်း ၂၆ ဆု ချီးမြှင့်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို



**ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီးသိန်းသန်းထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်**

ဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိဘဲ ဘာသာရပ် ၁၀ မျိုးအတွက် ချီးမြှင့်ခဲ့သည်။

**အမျိုးသားသတင်းဆု** - ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်းဆုပေးပွဲကို ၂၀၁၇ ခုနှစ်၊ မေလ (၃) ရက်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ် ၌ ကျင်းပသည်။

သတင်းသူရဲကောင်းဆုကို သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင်၊ အကောင်းဆုံးသတင်းဆောင်းပါး ဆုကို 'ကျားဖောင်ပေါ်က ပင်လယ်သားတို့ဘဝ' သတင်းဆောင်းပါးဖြင့် မော်ကွန်းမဂ္ဂဇင်းမှ အကြီးတန်းသတင်းထောက် ဦးခင်မောင်မြင့်၊ အကောင်းဆုံးသတင်းဓာတ်ပုံဆုကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ ပုဂံလျှင်တွင်

| ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများ |
|---|
| **ဦးသာနိုး (မောင်သာနိုး)၊ ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း)၊ ဦးကျော်ဝင်း (ညိုဝင်း)** |

**၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူများ**

| စဉ် | ဘာသာရပ် | စာရေးသူ | စာအုပ်အမည် |
|---|---|---|---|
| ၁ | ဝတ္ထုရှည် | ညီပုလေး | ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက် |
| ၂ | ဝတ္ထုတိုပေါင်းချုပ် | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ်မဂ္ဂဇင်းဝတ္ထုတိုများ |
| ၃ | ကဗျာပေါင်းချုပ် | ကိုရွှေး | ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ |
| ၄ | စာပဒေသာ | ကိုခါး (ကွမ်းခြံကုန်း) | ရေနွေးဖန်ဖန် ရေချိုချို (သံမြင်းတစ်ကောင်ရဲ့ရေသောက်လမ်း) |
| ၅ | ကလေးစာပေ | မောင်တင်စိုး (သစ်ရာကောက်) | ကဗျာကျောင်းနဲ့ဒေါင်းမလေး ကလေးကဗျာများ |
| ၆ | လူငယ်စာပေ | ယမင်းမြတ်အေး | အိပ်မက်ချိုချိုဘဝခါးခါး |
| ၇ | သုတပဒေသာ (ဝိဇ္ဇာ) | မောင်နိုင် (ဒဿနိက) လေ့လာမှု | ရှေးမြန်မာသင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာ |
| ၈ | သုတပဒေသာ (အသုံးချသိပ္ပံ) | ကျော်ဦး | မိုးရေလျှောင်ကန် |
| ၉ | နိုင်ငံရေးစာပေ | ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း) | ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ခြင်း |
| ၁၀ | အင်္ဂလိပ်ဘာသာ(သုတ) | ဒေါက်တာခင်မောင်ညွန့် | The Historic Bells of Yangon |

ဆရာကြီးဦးသာနိုး (မောင်သာနိုး)၊ ဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း) နှင့် ဆရာကြီး ဦးကျော်ဝင်း (ညိုဝင်း) တို့အား ပေးအပ်ချီးမြှင့်သည်။

၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုများတွင် ဘာသာရပ် ၁၆ မျိုးအနက် ယဉ်ကျေးမှုနှင့်အနုပညာ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ ပြဇာတ်နှင့် အင်္ဂလိပ်ဘာသာ (ရသ) ပုဂံစေတီတော်တစ်ဆူ ပြိုကျနေသည့်ဓာတ်ပုံဖြင့် ဓာတ်ပုံဆရာ ကိုစိုးမိုးအောင်၊ အကောင်းဆုံးသတင်းကာတွန်းဆုကို ကာတွန်း မောင်မောင်လေး၊ အကောင်းဆုံး ရုပ်သံသတင်း ဆုကို DVB သတင်းဌာနတို့က ရရှိကြသည်။

**အိခိုင်**

**မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး။** ။ **နိုင်ငံတော်သမ္မတ၏ ကမ္ဘောဒီးယားနိုင်ငံချစ်ကြည်ရေး ခရီး**- နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဖေဖော်ဝါရီလ (၃) ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ရောက်ရှိသည်။ ဘုရင်ဟောင်း နိုရိုဒွန်သီဟာနု၏ အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချ အလေးပြုကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက် ပရယ်ဘိုရိုဒွန်သီဟာမိုနီက ဘုရင့်နန်းတော်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။ ညစာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်သမ္မတဦးထင်ကျော်တို့က ဆုတောင်းထောမနာပြုကြသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဖနောင်ပင်မြို့ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကမ္ဘောဒီးယား ဘုရင်မင်းမြတ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက်ပရယ်ဘိုရိုဒွန်သီဟာမိုနီနှင့် ဘုရင့်နန်းတော်၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့်

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်တို့သည် ဖေဖော်ဝါရီလ (၄) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက ဖနောင်ပင်မြို့ရှိ Peace Palace ၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိပုဂံဒေသနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ ဆီရမ်ရိ (ပ်) ဒေသတို့အကြား ညီအစ်မမြို့တော် ထူထောင်ထားရှိပြီးဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ မြန်မာနိုင်ငံ ပုဂံမြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ (ပ်) မြို့သို့ ယခင်က ပျံသန်းပြေးဆွဲခဲ့သည့် လေကြောင်းလိုင်း ပြန်လည်ပျံသန်းပြေးဆွဲရေးနှင့် နှစ်နိုင်ငံ အစိုးရချင်းသာမက ပြည်သူများအကြား ပူးပေါင်းဆက်နွယ်မှု ပိုမိုမြင့်တင်နိုင်ရန် နှစ်နိုင်ငံဘာသာစကားနှင့် စာပေများ အပြန်အလှန်ဖလှယ်သင်ကြားရေး၊ ကုန်သွယ်မှု

ကဏ္ဍာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြင့်တင်နိုင်ရန် အခွန်နှစ်ထပ်မကောက်ခံရေး နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး၊ ကမ္ဘောဒီးယားနိုင်ငံ သာသနာပြန့်ပွားရေးအတွက် မြန်မာနိုင်ငံက လိုအပ်သည့်အကူအညီများ ဆက်လက်ထောက်ပံ့ကူညီသွားရေးနှင့် နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေးကျင်းပရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့သည် နံနက် ၁၀ နာရီတွင် ဖနောင်ပင်မြို့ ဝပ်ဖနောင် (Wat Phnom) စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။



**နိုင်ငံတော်သမ္မတဦးထင်ကျော်အား ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ကြိုဆိုနှုတ်ဆက်စဉ်**

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ ကမ္ဘောဒီးယားနိုင်ငံရောက် သံရုံး၊ စစ်သံရုံးမိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တပ်မတော်မှပညာတော်သင်များ၊ ကမ္ဘောဒီးယား-မြန်မာ ချစ်ကြည်ရေး အသင်းဝင်များ၊ လုပ်ငန်းရှင်များ၊ လာရောက် အလုပ်လုပ်ကိုင်နေကြသူများနှင့် တွေ့ဆုံသည်။

ယင်းနောက်နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များနှင့်သီးခြားတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားပြီး အမှတ်တရ လက်ဆောင် ပစ္စည်းများပေးအပ်ကာ သံအမတ်ကြီးက ဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ဆီရမ်ရိ (ပ်) မြို့သို့ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ညနေပိုင်းတွင် ဆီရမ်ရိ (ပ်) မြို့ရှိ အန်ကောပြတိုက်သို့ သွားရောက်ပြီး ခင်းကျင်းပြသထားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် အဆူ ၁၀၀၀ ပြခန်း၊ ခမာအင်ပါယာခေတ်ခမာလူမျိုးများ၏လူနေမှုဘဝပုံစံပြခန်း၊ အန်ကောခေတ် ခမာလူမျိုးများ၏ကိုးကွယ်မှုနှင့် သက်ဝင်ယုံကြည်မှုပြခန်း၊ အန်ကောခေတ် ခမာဘုရင်မင်းမြတ်များပြခန်း၊ အန်ကောဝပ်ကျောင်းပုံစံငယ်ပြခန်း၊ အန်ကောသုန်ကျောင်းပုံစံငယ်ပြခန်း၊ အန်ကောခေတ် သမိုင်းဝင်ကျောက်စာများပြခန်းနှင့် ရှေးခေတ်ခမာလူမျိုးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ ဆီရမ်ရိ (ပ်) မြို့တော်ဝန်က Sokha Angkor Resort ဟိုတယ်၌ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီးနှင့်အတူ ဖေဖော်ဝါရီလ (၅) ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဆီရမ်ရိ (ပ်) မြို့ရှိ အန်ကောအနုပညာ ဗိသုကာအခင်းအကျင်းများဖြစ်သည့် အန်ကောဝပ်ကျောင်းတော်၊ ဘာယွန်ဗုဒ္ဓဘာသာကျောင်းနှင့် တာပရုန်ကျောင်းတော်တို့ကို သွားရောက်လေ့လာသည်။ မွန်းလွဲပိုင်းတွင် ဆီရမ်ရိ (ပ်) မြို့ရှိ ARTISANS Angkor သက်မွေးပညာသင်ကျောင်းသို့ သွားရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာ

ဝန်ကြီးနှင့်အတူ ဖေဖော်ဝါရီလ (၆) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆီရမ်ရိ (ပ်) မြို့အတွင်းရှိ ကျေးလက်ဒေသလူနေမှုဘဝများနှင့် ဘန္တေဆရီကျောင်းတော်ကြီးသို့ သွားရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ဆီရမ်ရိ (ပ်) မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာရာ နေပြည်တော်သို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

**တရုတ်နိုင်ငံချစ်ကြည်ရေးခရီး** - နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ဧပြီလ (၆) ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့သို့ရောက်ရှိသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လေရှန်မြို့သို့ ရောက်ရှိပြီး ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်ကြီး (Giant Buddha) အား ဖူးမြော်ကြည်ညိုသည်။ Giant Buddha သည် ကမ္ဘာ့အကြီးဆုံး ကျောက်ထွင်းဗုဒ္ဓရုပ်ပွားတော်အဖြစ် မှတ်တမ်းဝင်ထားပြီး ၁၉၉၆ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် ချန်ဒူးမြို့ ဂျင်ဂျန်းဟိုတယ်၌ စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr.Wang Dongming ကို လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ဧပြီလ (၇) ရက် နံနက်ပိုင်းတွင် ချန်ဒူးမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ရှန်ရှီးပြည်နယ် ရှီအန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရှီအန်းမြို့ Hyatt ဟိုတယ်သို့ရောက်ရှိပြီး အဆိုပါဟိုတယ်၌ ရှန်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Hu Heping ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှီအန်းမြို့ရှိ ချင်အင်ပါယာ၏ တာရာကိုတာ (Terracotta Army) စစ်သည်တော်ရုပ်တုနှင့် မြင်းရုပ်တုပြတိုက်သို့ရောက်ရှိပြီး ရှေးဟောင်းရုပ်တုများ၏ အနုပညာလက်ရာများနှင့် ချင်အင်ပါယာ၏ စစ်အင်အားဖွဲ့စည်းမှုသမိုင်းကြောင်းကို လေ့လာကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ၁၉၈၇ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ရှီအန်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို Huangpu Jiang မြစ်အတွင်း သင်္ဘောစီး၍ ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ဧပြီလ (၈) ရက် နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ အရှေ့တိုင်းပုလဲမျှော်စင် (Oriental Pearl Radio & TV Tower) သို့သွားရောက်၍ ပုလဲမျှော်စင်ပေါ်မှ ရှန်ဟိုင်းမြို့မြင်ကွင်းအလှကို ကြည့်ရှုပြီး မျှော်စင်အတွင်း လှည့်လည်လေ့လာသည်။ ထို့နောက် နိုင်ငံတော် သမ္မတနှင့်ဇနီးသည် အရှေ့တိုင်းပုလဲမျှော်စင်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ အရှေ့တိုင်းပုလဲမျှော်စင်သည် ရှန်ဟိုင်းမြို့ ဟွမ်ဖူမြစ်ကမ်းဘေး၌တည်ရှိပြီး ရေဒီယိုနှင့်ရုပ်မြင်သံကြားထုတ်လွှင့်ပေးသည့်မျှော်စင်ဖြစ်သည်။ မျှော်စင်၏ အမြင့်မှာ ၄၆၈ မီတာ (၁၅၃၆ ပေ) မြင့်ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့ဆဋ္ဌမမြောက်အမြင့်ဆုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယအမြင့်ဆုံးမျှော်စင် ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှန်ဟိုင်းအမျိုးသားပြတိုက်သို့ ရောက်ရှိလေ့လာ

သည်။ ထို့နောက် ဟန်ကျိုးမြို့ရှိ အနောက်ဘက်ရေကန် (West Lake) သို့ သွားရောက် လေ့လာသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးအဖွဲ့သည် ဟန်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ဧပြီလ (၉) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လင်ကွမ်းကျောင်းတော်သို့ရောက်ရှိပြီး လင်ကွမ်းကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ စွယ်တော်တိုက်သို့ရောက်ရှိပြီး ဗုဒ္ဓ၏လက်ဝဲဘက် အထက်စွယ်တော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်ပြတိုက် (Forbidden City) သို့ရောက်ရှိပြီး ရှေးဟောင်းတရုတ်ဗိသုကာပညာရပ်များ၊ တရုတ်ရိုးရာလက်မှုပညာများကို ကြည့်ရှုလေ့လာသည်။ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Great Wall) သို့ရောက်ရှိပြီး ရှေးခေတ်ဗိသုကာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ပေကျင်းမြို့ မြန်မာသံရုံးသို့ရောက်ရှိပြီး သံရုံးဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ နေထိုင်ရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးသည်။ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် Huawei ကုမ္ပဏီမှ တာဝန်ရှိသူများကို ခေတ္တတည်းခိုသည့် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသည့် မင်းသုဝဏ်နှင့် တရုတ်ပြည်ရေစက်စာအုပ်သစ် ဖြန့်ချိထုတ်ဝေသည့် အခမ်းအနားသို့တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းနှင့် ဧပြီလ (၁၀) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီး၌တွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးတို့ကို ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခဲချန်းနှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ၁၉၅၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ပိုမိုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာမျက်နှာစာတို့တွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန် ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ဇနီးမစ္စဖန်းလီယွမ်တို့က ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမအရှေ့ဘက်ရင်ပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ပြည်သူ့ခန်းမဆောင်ကြီးရှိ Hei Hei Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်အတူ ဝန်ကြီးများ၊ တရုတ်

သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။ နှစ်နိုင်ငံဆွေးနွေးပွဲတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ နှစ်ဖက် ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များလည်ပတ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ပညာရေးနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်နိုင်ငံက ဆက်လက်အကူအညီပေးရေးတို့အပေါ် ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကိုကျင်းပရာ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပစ္စည်းများအား တရားမဝင်တူးဖော်ခြင်း၊ မှောင်ခိုတင်သွင်းရောင်းချခြင်း ကိစ္စရပ်များကို ကာကွယ်တားဆီးနိုင်ရေးအတွက် သဘောတူညီမှုစာချုပ် ၊ ရေနံစိမ်းသယ်ယူပို့ဆောင်ရေး သဘောတူစာချုပ်၊ စီးပွားရေးနှင့်အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်၊ Seafarers Training, Education and Development ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို တာဝန်ရှိသူများက နှစ်နိုင်ငံသမ္မတများ၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်သည်။ ထို့ပြင် Exchange of Letters of Implementation of Deep Sea Port Project and Industry Park Project in Kyauk Phyu SEZ in Myanmar, Exchange of Letters on Medical Technic Training Centre Project, Exchange of Letter on Myanmar Centre for Disease Control Project နှင့် ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာလွှာများကို အပြန်အလှန်လဲလှယ်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ဧပြီလ (၁၁) ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ကူမင်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကူမင်းမြို့ Haigeng Garden Hotel သို့ရောက်ရှိပြီး ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာချန်းဟောင်ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် ကျောက်ဆောင်ဥယျာဉ် Stone Forest သို့သွားရောက်လေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ညနေ ၆ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**နိုင်ငံတော်သမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်** - နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပမည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ဒီဇင်ဘာလ (၁၂) ရက် ည ၁၀ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသည်။ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ဒီဇင်ဘာလ (၁၃) ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တိုကျိုမြို့ရှိ ကမာကူရ

(Kamakura) ဗုဒ္ဓဆင်းတုတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဆင်းတုတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ Keio University မှ ပါမောက္ခ ဆရာတော် Sato Takao ထံ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် တိုကျိုမြို့ရှိ The Imperial ဟိုတယ်၌ Tokyo University of Foreign Studies မှ မြန်မာစာပေနှင့်ယဉ်ကျေးမှုဘာသာရပ်ဌာနပါမောက္ခ Ms. Keiko Tosa ကို လက်ခံတွေ့ဆုံသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်၊ စစ်သံမှူး ဗိုလ်ချုပ်စောမင်း၊ သံရုံးနှင့်စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။ ယင်းနောက် Universal Health Coverage Forum အဆင့်မြင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၁၄) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ Tokyo Prince ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးထင်ကျော်တက်ရောက်၍ အဖွင့်မိန့်ခွန်းစကားပြောကြားသည်။ အခမ်းအနားသို့ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံအတွင်းရှိ NGOs, INGO များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိမိတို့ဒီမိုကရေစီအစိုးရ စတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်မှစပြီး ပြည်သူများ၏လိုအင်ဆန္ဒများဖြစ်သည့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဖော်ဆောင်ရန်အစွမ်းကုန်ကြိုးစားခဲ့မှုများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် UHC နှင့်ပတ်သက်ပြီး ဆက်လက်ကူညီပံ့ပိုးမှုပြုလုပ်ပေးကြသည့် ဂျပန်အစိုးရ၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကမ္ဘာ့ဘဏ်အဖွဲ့၊ WHO၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် UHC ၂၀၃၀ အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများ အသက်ရှည်စွာနေထိုင်နိုင်ပြီး အဆင့်မြင့်မားသည့် လူနေမှုဘဝရရှိရေးအတွက် UHC ရည်မှန်းချက်အောင်မြင်ရေး တွင် မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ဇနီးဒေါ်စုစုလွင်သည် ဒီဇင်ဘာလ (၁၄) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တိုကျိုမြို့၊ အာဆာခူဆာ (Asakusa) ရှိ Sensoji ဘုရားကျောင်းသို့ သွားရောက်ကြည်ညိုသည်။ ထို့နောက် တိုကျိုမြို့ရှိ Sogetsu Kaikan ဂျပန်ရိုးရာ ပန်းအလှပြင်ကျောင်း၌ကျင်းပသည့် ပန်းအလှပြင်ဆင်ခြင်းအခမ်းအနားသို့တက်ရောက်ပြီး ဂျပန်နိုင်ငံတွင် ရာသီအလိုက်ဖူးပွင့်သည့် ပန်းများကိုအသုံးပြု၍ အလှပြင်ဆင်ထားမှုကို ကြည့်ရှုလေ့လာသည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ဇနီးကိုယ်တိုင်ပါဝင်၍ အဖွဲ့ဝင်များနှင့်အတူ ရာသီပန်းများကို အသုံးပြုပြီး ပန်းအလှဆင်ခြင်းကို ဆောင်ရွက် သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီးဒေါ်စုစုလွင်သည် ဝန်ကြီးချုပ်၏နေအိမ်သို့သွားရောက်ပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး Mrs. Akie Abe နှင့်အတူ မြန်မာနိုင်ငံတွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Non Profit Organization (NPOs) အဖွဲ့များဖြစ်သည့် Japan Heart မှ Supreme Advisor Dr.Hideo Yoshika၊ Terra People Association ဥက္ကဋ္ဌ Mr. Hroyuki Ohno၊ Seeds Asia အဖွဲ့အစည်းအကြီးအကဲ Ms. Etsuko NAKANO တို့နှင့် တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့သည် ညနေပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်ရုံး၌ကျင်းပသည့် ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက

မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လုပ်ငန်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံ၏ Universal Health Coverage ရည်မှန်းချက်ပန်းတိုင် အကောင် အထည်ဖော်ရေးအတွက် ဂျပန်နိုင်ငံက ကူညီသွားရေး၊ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ် ဓာတ်အား စသည့်ကဏ္ဍများတွင် အလေးပေးပူးပေါင်း ဆောင်ရွက်ရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တွင် ဂျပန်ယဉ်ကျေးမှု စင်တာတည်ထောင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် စာသင်ကျောင်းများ တည်ဆောက်ရေးအတွက် အကူအညီ ပေးရေး၊ လွတ်လပ်၍ပွင့်လင်းသော အိန္ဒိယ-ပစိဖိတ် မဟာဗျူဟာအစီအစဉ်အောက်က ဒေသတွင်းချိတ်ဆက် မှုများမြှင့်တင်၍ မြန်မာနိုင်ငံနှင့် ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကူညီ သွားရေးတို့ကို ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂျပန်နိုင်ငံက မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှုများ ပိုမိုလာရောက်ရေး၊ ဂျပန်နိုင်ငံ၏ အကူ အညီများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍ ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် နားလည်မှုနှင့် ကူညီ ပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းတို့ကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ ဆက်လက်ကျင်းပ သည့် နှစ်နိုင်ငံပူးတွဲသတင်းစာ ရှင်းလင်းပွဲသို့တက်ရောက် ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့သည် အိမ်တော်၌ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ သို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သည် ဒီဇင်ဘာလ (၁၅) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျည်ဆန်ရထားဖြင့် အိုဆာကာမြို့သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် အိုဆာကာတက္ကသိုလ် သို့ရောက်ရှိပြီး Executive Vice President ပါမောက္ခ Tetsuo OGAWA နှင့် Center For International Education and Exchange at Osaka University မှ ဒါရိုက်တာပါမောက္ခ Tomono ARIKAWA တို့ဦးဆောင်သည့် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခ များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန် အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ အဆိုပါတက္ကသိုလ်၌ အိုဆာကာ တက္ကသိုလ်မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် ပြီး နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကား ပြောကြား သည်။

ထို့နောက် ကျိုတိုမြို့သို့ရောက်ရှိကြပြီး ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် Kinkakuji Temple သို့သွားရောက်လေ့လာကြသည်။ ထို့နောက် နိုင်ငံတော် သမ္မတနှင့်ဇနီးတို့သည် Temple တာဝန်ခံအား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Wisteria Flower Room သို့ရောက်ရှိသည်။ ထို့နောက် The Kyoto State Guest House ၌ ကျိုတိုခရိုင်၊ ကျိုတိုမြို့နှင့် ကျိုတိုကုန်သည်ကြီးများနှင့် စက်မှု လက်မှု လုပ်ငန်းရှင် များအသင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ် စုစုလွင် တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ (၁၆) ရက် ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် ကျည်ဆန် ရထားဖြင့် ကျိုတိုမြို့မှ Odawara မြို့သို့ ရောက်ရှိကြ သည်။ ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Odawara မြို့ရှိ နာရုကာဝါအနုပညာပြတိုက် (Narukawa Art Museum) သို့ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ပန်းချီကားများနှင့် အနုပညာလက်ရာများကို ကြည့်ရှု

လေ့လာကြသည်။ အဆိုပါပြတိုက်ရှုရပ်မှ ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝသာယာလှပမှုများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ရောက်ရှိပြီး ညပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံ အစိုးရ၏ အထူးကိုယ်စားလှယ် Mr. Sasakawa က "Symphony Cruise" သင်္ဘောတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဆိုပါသင်္ဘောဖြင့် တိုကျိုမြို့၏ ညရှုခင်းကို ကြည့်ရှုကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီးဒေါ်စုစုလွင်နှင့်အဖွဲ့သည် ဒီဇင်ဘာလ (၁၇) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံမှ All Nippon Airways လေကြောင်းဖြင့် ထွက်ခွာကြရာ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ တော်ဝင်ဈာပန အခမ်းအနားသို့ နိုင်ငံတော်သမ္မတ တက်ရောက်ခြင်း-** နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ တာဝန်ရှိသူများနှင့်အတူ နတ်ရွာစံ ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် အောက်တိုဘာလ (၂၅) ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၀၅ မိနစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အဖွဲ့သည် အောက်တိုဘာလ (၂၆) ရက်တွင် ဘန်ကောက်မြို့ Sanam Luang ၌ ကျင်းပသည့် နတ်ရွာစံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်းနှင့် မိသားစုဝင်များကို တွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် အောက်တိုဘာလ (၂၇) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိကြပြီး သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်၊ မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပသမဂ္ဂ (အီးယူ) ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့်ဗြိတိန်နိုင်ငံခရီးစဉ်တို့သို့သွားရောက်ခြင်း -** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မေလ (၁) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့သည် မေလ (၂) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံဆွေးနွေးကြပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ တွင် ဘရပ်ဆဲလ်မြို့ Egmont Palace ၌ ဘယ်လ်ဂျီယံဝန်ကြီးချုပ် H. E. Mr. Charles Michel နှင့် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ဘယ်လ်ဂျီယံ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေးမြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကိစ္စရပ်များကို ဘယ်လ်ဂျီယံနိုင်ငံက ဆက်လက်အကူအညီပေးရေး မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံက

အကူအညီပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီအဆောက်အအုံ၌ တွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာ-အီးယူဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့ရသော အခက်အခဲများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အတူ ဥရောပကော်မရှင် အဆောက်အအုံ၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့တက်ရောက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံအမတ်ကြီး နေအိမ်သို့ရောက်ရှိပြီး မြန်မာသံရုံးမိသားစုနှင့် ညစာအတူတကွသုံးဆောင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မေလ (၃) ရက် နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အီတလီနိုင်ငံ၊ ရောမမြို့သို့ ရောက်ရှိကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီဝန်ကြီးချုပ်ဟောင်း Mr. Romno Prodi နှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရောမမြို့ရှိ Boscolo Hotel ၌ တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ Vincenzo Scotti နှင့်အဖွဲ့အား ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရောမမြို့ရှိ ခေတ္တတည်းခိုသည့် Boscolo Hotel ၌ တွေ့ဆုံသည်။ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အီတလီနိုင်ငံခြားရေးဝန်ကြီး Mr. Angelino Alfano နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်တို့သည် မေလ (၄) ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗာတီကန်နန်းတော်၌တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့်ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် ကြေညာချက်ကို ထုတ်ပြန်သည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗာတီကန်မြို့ပြနိုင်ငံအစိုးရအဖွဲ့ အတွင်းရေးမှူး ဘုန်းတော်ကြီး Pietro Parollin တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောမမြို့ရှိ မြန်မာသံရုံး၌ သံအမတ်ကြီးနှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများ၊ ပညာတော်သင်များနှင့် အီတလီနိုင်ငံရောက် မြန်မာနိုင်ငံသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ မွန်းလွဲ ၂ နာရီတွင် အီတလီလွှတ်တော်၌ Migration and Gender Equality ခေါင်းစဉ်ဖြင့် ကျင်းပသည့် နိုင်ငံတကာ လွှတ်တော်အမတ်များညီလာခံသို့ အထူးဖိတ်ကြားထားသူအဖြစ်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အီတလီဝန်ကြီးချုပ် H.E.Mr.Paolo Gentiloni က ညနေပိုင်းတွင် ရောမမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဂုဏ်ပြု



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်တွေ့ဆုံစဉ်**

တပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် အီတလီနိုင်ငံ၊ ရောမမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ တော်ဝင်အိမ်ရှေ့စံ ဝေလမင်းသားချားစ်နှင့် ကြင်ရာတော်မင်းသမီး ကမ်မီလာတို့နှင့် မေလ (၅) ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် Clarence House ၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံသည်။ ထို့နောက် ဗြိတိန်နိုင်ငံဘုရင်မကြီး အဲလိဇဘက်နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နန်းတော်၌ တွေ့ဆုံသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံဘုရင်မကြီး အဲလိဇဘက်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် လန်ဒန်မြို့ရှိ St.Mary's ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအတွင်း သင်ကြားရေးအထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများအသုံးပြုကာ ဆေးကုသရာပ်ပြနေမှုများကို ကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး Rt. Hon Boris Johnson က လန်ဒန်မြို့ Carlton Gardens ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် မြန်မာ-ဗြိတိန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်နိုင်ရေး၊ ကျန်းမာရေးနှင့်ပညာရေး ကဏ္ဍများပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ တိုးတက်မှုအခြေအနေနှင့် အဆိုပါလုပ်ငန်းစဉ်များကို ဗြိတိန်နိုင်ငံက ဆက်လက်ကူညီဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီး Sir Michael

Fallon နှင့် မေလ (၈) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် လန်ဒန်မြို့ရှိ ကာကွယ်ရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် လန်ဒန်မြို့ရှိ Guild hall ၌ကျင်းပသည့် Honorry Freedom of The City Award of London ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rory Stewart နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍများ တိုးမြှင့်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံ ဘုရင်မကြီးအဲလိဇဘက်က လက်ခံတွေ့ဆုံစဉ်**

ဆုလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို လန်ဒန်မြို့ ခေတ္တမြို့တော်ဝန် Alderman Sir Alan Yarrow က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး Mr.Alok Sharma နှင့် လန်ဒန်မြို့ရှိ ခေတ္တတည်းခိုနေသည့် Dorchester ဟိုတယ်၌ တွေ့ဆုံသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် မေလ (၉) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ Landmark Hotel ၌ တွေ့ဆုံကာ အမှာစကား ပြောကြားသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မေလ (၁၀) ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် Belt and Road နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ခြင်း-**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်သို့တက်ရောက်ရန် လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ မေလ (၁၃) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကူမင်းမြို့သို့ ရောက်ရှိပြီး ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မေလ (၁၄) ရက်ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ (CNCC) ၌ ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ One Belt and One Road ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားသမ္မတ Vladimir Putin၊ တူရကီသမ္မတ Recep Tayyip၊ အီတလီဝန်ကြီးချုပ် Paolo Gentiloni၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အကြီးအကဲ Christine Lagardeနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ဥရောပနှင့် အရှေ့ဥရောပနိုင်ငံများဖြစ်သည့် ဂရိ၊ ဘယ်လာရုစ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ အီသီယိုးပီးယား စသည့်နိုင်ငံများမှခေါင်းဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က အဖွင့်အမှာစကား ပြောကြားပြီး ရုရှားသမ္မတ Vldimir Putin၊ တူရကီသမ္မတ Recep Tayyip Erdogan နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တရုတ်နိုင်ငံသည် ဥရောပနှင့် အာရှနိုင်ငံများအကြား ကုန်းလမ်းနှင့်ရေလမ်း ကုန်သွယ်ရေးလမ်းကို တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းရန်ရည်ရွယ်ပြီး ကုန်သွယ်ရေးပိုးလမ်းမကြီးကို အခြေခံ၍ထွင်ကာ "One Belt and One Road" စီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် "One Belt and One Road" မဟာစီမံချက်သည် ပိုးလမ်းမကြီးစီးပွားရေးလမ်းကြောင်းနှင့် ၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးကို ရည်ညွှန်းခေါ်ဆိုထားခြင်းဖြစ်ကာ စီမံချက်ဖြတ်သန်းရာ နိုင်ငံများ၏ စီးပွားရေးစည်ပင်ဝပြောမှုနှင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေရန်၊ မတူညီသောယဉ်ကျေးမှုများကို ဖလှယ်ရင်းကမ္ဘာ့နိုင်ငံအသီးသီးမှပြည်သူများကို အကျိုးဖြစ်ထွန်းစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ဦးရွက်ပြုပြီး ကြိုးပမ်းဆောင်ရွက်နေသော မဟာစီမံချက်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွစ်ဇာလန်နိုင်ငံသမ္မတ H.E Mrs. Doris Leuthard နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် International Hotel ၌လည်းကောင်း၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E Mr. Ranil Wickremesinghe နှင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ပိုလန်နိုင်ငံဝန်ကြီးချုပ် H.E.Ms.Beata Szydlo တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr.Erdenebat Jargaltulga တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ ဧည့်ဂေဟာ၌လည်းကောင်း သီးခြားစီတွေ့ဆုံကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Great Hall of the People ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး National Centre for the Performing Arts (NCPA) ၌ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကပြသည့် ပြဇာတ်ကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Yanqi Lake Internationl Conference Centre ၌ မေလ (၁၅) ရက်တွင် ကျင်းပသည့် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation)၏ နိုင်ငံ/အစိုးရအကြီးအကဲ

များ၏ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။ အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ မှ နိုင်ငံ/အစိုးရအကြီးအကဲများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်အဖွဲ့ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အပြန် အလှန်နားလည်မှု လေးစားမှုကိုအခြေခံသည့် ကောင်းမွန် သော ပြည်သူအချင်းချင်းဆက်ဆံရေးရှိမှုနှင့် တည်ငြိမ် အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိမှုတို့သည် ရပ်ဝန်း နှင့် ပိုးလမ်းမစီမံချက် အောင်မြင်မှုရှိစေရေးအတွက် အဓိကအခြေခံမှုများဖြစ်ကြောင်း အလေးထားဆွေးနွေး ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံ/အစိုးရအကြီးအကဲများ ၏ စားပွဲဝိုင်းဆွေးနွေးမှုဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေး မှူးချုပ် မစ္စတာအန်တိုနီရိုဂူတာရက်စ်ကို ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး သို့တက်ရောက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား ဖိတ်ကြားထားပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်သည် မေလ (၁၆) ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာနဝန်ကြီး မစ္စတာစုန်တောင်းက တည်ခင်း ဧည့်ခံသည့် အလုပ်သဘော နံနက်စာစားပွဲသို့ တက်ရောက် သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တရုတ်ပြည်သူ့ခန်းမရှိ Beijing Hall ၌ လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် တို့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့ခန်းမကြီး (Dongdating Hall) ၌ လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဘက်စုံမဟာ ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်ဖက်အဆင့်မြင့်ခေါင်းဆောင်များ အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီး များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါခန်းမ၌ မြန်မာ-တရုတ် နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲတွင် "စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်"၊ "မြန်မာ- တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေး သဘောတူစာချုပ်"၊ "စီးပွားရေးပိုးလမ်းမရပ်ဝန်းတစ်ခု နှင့် ၂၁ ရာစုရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်းတစ်ခု စတင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ်"၊ "ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်" နှင့် "ငလျင်အလွန် ပုဂံရှိသမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်" များကို တာဝန်ရှိသူများက နိုင်ငံတော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီခချန်းတို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သည် အဖွဲ့ဝင်များနှင့်အတူ ပေကျင်းမြို့ရှိ Anzhen Hospital သို့သွားရောက်ပြီး မြန်မာနိုင်ငံမှနှလုံးရောဂါ ခံစားနေရသည့် ကလေးငယ်များအား ခွဲစိတ်ကုသမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ အဆိုပါ ခွဲစိတ်ကုသမှုအစီအစဉ် သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁) ရက်တွင် နိုင်ငံတော်

၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တွေ့ဆုံခဲ့ပြီးနောက် အကောင်အထည် ဖော်သည့်အစီအစဉ် ဖြစ်သည်။ မေလ (၁၆) ရက်အထိ ပေကျင်းမြို့သို့ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ၁၂ ဦး ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိရာ ဝေဒနာရှင် ကလေးငယ် ရှစ်ဦးကို အောင်မြင်စွာခွဲစိတ်ကုသပေးပြီး ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညပိုင်းတွင် Chinese People Political Consultative Conference ဒုတိယဥက္ကဋ္ဌ Mr.Wang Jiarui က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များသည် မေလ (၁၇) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာချန်ဟောင်နှင့် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကူမင်းမြို့ရှိ Hai Geng Garden Hotel ၌ တွေ့ဆုံသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Hai Geng Garden Hotel ၌ ကျင်းပသည့် နှင်းဆီပန်းမျိုးစိတ်သစ်အမည် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ အခမ်းအနားတွင် မျိုးစိတ်ပညာရှင်က နှင်းဆီပန်းမျိုးစိတ်သစ် ဖန်တီးခဲ့မှုနှင့် နှင်းဆီပန်းမျိုးစိတ်သစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ နှင်းဆီပန်းမျိုးစိတ်သစ်အမည်ပေးအပ်ခြင်းအထိမ်းအမှတ် မှတ်တမ်းကိုပေးအပ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့် နှင်းဆီပန်း၏အမည်ကို "အောင်ဆန်းစုကြည်နှင်းဆီ" ဟုအမည်ပေးအပ်ထားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ်ပါတီ အတွင်းရေးမှူးက အဆိုပါဟိုတယ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ကူမင်းမြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကနေဒါနိုင်ငံနှင့်ဆွီဒင်နိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ် -** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာအော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ်မစ္စတာစတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်များအရ ကနေဒါနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ဇွန်လ (၄) ရက်ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့သို့ ဇွန်လ (၅) ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ရောက်ရှိသည်။ ထိုမှတစ်ဆင့် ဇွန်လ (၆) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကနေဒါနိုင်ငံ၊ အော့တဝါမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာသံအမတ်ကြီးနေအိမ်၌ မြန်မာသံရုံးဝန်ထမ်းများ နှင့်မိသားစုများကို တွေ့ဆုံကာ မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မြဲရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရေး၊ ကနေဒါနိုင်ငံရှိ မြန်မာပြည်သူများအကျိုးကို ကာကွယ်စောင့်ရှောက်သွားရေးနှင့် သံရုံးမိသားစု၏ကျန်းမာရေး၊ ပညာရေးစသည့်ကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ (၆) ရက် ညနေပိုင်းက ကနေဒါနိုင်ငံ၊ အော့တဝါမြို့ Andaz Ottawa Market Hotel ၌ ကျင်းပသည့် ဖက်ဒရယ်နိုင်ငံများဖိုရမ်ကစီစဉ်သော ကနေဒါနိုင်ငံ၌ ကျင့်သုံးလျက်ရှိသော ဖက်ဒရယ်စနစ်တွင် တရားရေးမဏ္ဍိုင်၏အခန်းကဏ္ဍနှင့် အစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေးမှတစ်ဆင့် ဖက်ဒရယ်စနစ်၊ လူမှုရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကနေဒါနိုင်ငံက

ဘာသာရပ်ကျွမ်းကျင် ပညာရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ (၇) ရက် နံနက်ပိုင်းတွင် ကနေဒါနိုင်ငံ၊ အော့တဝါမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ကနေဒါနိုင်ငံ ဖက်ဒရယ်စနစ်ရှိ ဘဏ္ဍာရေးဆိုင်ရာ အစီအမံများနှင့် သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွန်းလွဲပိုင်းတွင် ကနေဒါနိုင်ငံ လွှတ်တော်အဆောက်အအုံ၌ နိုင်ငံခြားရေးဝန်ကြီး မစ္စခရစ်ရှာဖရီးလန်းစ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၌ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ကနေဒါနိုင်ငံက ကူညီရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် မစ္စတာဂျက်စတင်ထရူးဒိုးတို့သည် ညနေ ၄ နာရီတွင် ကနေဒါနိုင်ငံ၊ အော့တဝါမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကနေဒါနှစ်နိုင်ငံအကြား ချစ်ကြည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ်

တက်ရောက်ကာ ကနေဒါနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဂျော့ဖ်ရေဂင်၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဂျော့ဖ်ဂျေဖူရေးတို့နှင့် သီးခြားစီတွေ့ဆုံသည်။ တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအပြင် ကနေဒါနိုင်ငံ၏ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများ မျှဝေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကိုအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ တွေ့ဆုံမှုအပြီးတွင် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှု မြှင့်တင်ရေးနှင့် လူသားချင်းစာနာမှုအကူအညီအဖြစ် ကနေဒါနိုင်ငံက အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ သန်း ပေးအပ်သွားရန် သဘောတူခဲ့သည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အော့တဝါမြို့ရှိ ခေတ္တတည်းခိုသည့် ဖဲရားမောင့်ရှာတို

လော်ရေးဟိုတယ်၌ ကနေဒါနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်တွေ့ဆုံကာ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါ-မြန်မာ့လွှတ်တော် ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကနေဒါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာဘရစ့်စတန်ဘန်တို့သည် ဇွန်လ (၈) ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကနေဒါနိုင်ငံဘုရင်ခံချုပ် မစ္စတာဒေးဗစ်ဂျွန်စတန်နှင့် အော့တဝါမြို့ရှိ ဘုရင်ခံချုပ်နေအိမ် Rideau ခန်းမ၌ တွေ့ဆုံကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Andaz Ottawa Market ဟိုတယ်၌ ဖက်ဒရယ်နိုင်ငံများဖိုရမ်က စီစဉ်ကျင်းပသည့် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် တပ်မတော်၏အခန်းကဏ္ဍ၊ တပ်ဘက်-အရပ်ဘက်ဆက်ဆံရေး၊ ကနေဒါရဲတပ်ဖွဲ့၏အခန်းကဏ္ဍဆွေးနွေးပွဲသို့ တက်ရောက်သည်။

ညနေပိုင်းတွင် တိုရွန်တိုမြို့ ကွင်းပေါ့ခ်၌ အွန်တိုရီယိုပြည်နယ် ဝန်ကြီးချုပ်မစ္စကက်သရင်းဝင်းနှင့် တွေ့ဆုံ၍ လူငယ်များအချင်းချင်း ထိတွေ့ဆက်ဆံမှုများတိုးမြှင့် သွားရေးအတွက် နှစ်နိုင်ငံအကြား ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများ အပြန်အလှန်စေလွှတ်ရေး၊ အွန်တိုရီယိုပြည်နယ်က စေတနာ့ဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရေးတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ (၉) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ မြို့တော်ခန်းမ၌ တိုရွန်တိုမြို့တွင် နေထိုင်ကြသည့် မြန်မာအသိုက်အဝန်းနှင့်တွေ့ဆုံပြီး တက်ရောက်လာကြသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရွှေ့ပြောင်းဒုက္ခသည်များဆိုင်ရာ မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ၊ အွန်တိုရီယိုပြည်နယ်၊ အုပ်ချုပ်ရေးမှူး မစ္စအဲလစ်ဇဘက်နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တိုရွန်တိုမြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူးနေအိမ်၌ တွေ့ဆုံကာ ကလေးသူငယ်များ ကဏ္ဍဖွံ့ဖြိုးရေး၊ ကျား/မ တန်းတူရည်တူအခွင့်အရေးရရှိရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဇွန်လ (၁၀) ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ကနေဒါနိုင်ငံမှ ထွက်ခွာပြီး ဇွန်လ (၁၁) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စမာဂတ်စ်ဝဲလ်စတောင်းတို့သည် ဇွန်လ (၁၂) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံက ဆက်လက်ကူညီပေးရေး၊ မြန်မာနိုင်ငံ၏အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင်အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ်တို့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများ

နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ခေတ္တတည်းခိုသည့် ဂရမ်းဟိုတယ်၌တွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mrs. Isabella Lovin တို့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌တွေ့ဆုံ၍ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ မူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်များနှင့် သတင်းမီဒီယာ ပိုမိုလွတ်လပ်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံ ကုန်သွယ်ရေးဒုတိယဝန်ကြီး Mr. Oscar Stenstrom နှင့် ဆွီဒင်စီးပွားရေးကုမ္ပဏီများဖြစ်ကြသည့် H&M, Ericsson, Scania တို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး Mrs. Ann Linde နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံကာ အလုပ်သမားအခွင့်အရေး၊ အလုပ်ရှင်အလုပ်သမားဆက်ဆံရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Olof Palme International Prize 2015 ဆုချီးမြှင့်ပွဲသို့တက်ရောက်ပြီး ဆုလက်ခံရယူကာ ကျေးဇူးတင်စကား ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးက ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ (၁၃) ရက် နံနက်ပိုင်းတွင် စတော့ဟုမ်းမြို့ရှိ နိုဘယ်လ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ၁၉၉၁ ခုနှစ်က နိုဘယ်လ်ဆုရရှိခဲ့ကြောင်း အသိအမှတ်ပြုမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဆွီဒင်လွှတ်တော်သို့ရောက်ရှိပြီး မိန့်ခွန်းပြောကြားသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနှင့်ဆွီဒင်နိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ်မှ ဇွန်လ (၁၄) ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် -** နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုဝင်ဘာလ (၃၀) ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့သို့ ရောက်ရှိသည်။ ဒေသစံတော်ချိန် ည ၇ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး Mr. Song Tao တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာလ (၁) ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်တင့်ဆန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။ ထို့နောက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီးပထမထပ်၌ တွေ့ဆုံရာတွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အဆင့်မြင့်ခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားလာရေး၊ နှစ်နိုင်ငံပြည်သူ အချင်းချင်းချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရုတ်နိုင်ငံက ဆက်လက်အကူအညီပေးမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်သူ့ခန်းမဆောင်ကြီး ဒုတိယထပ်၌ ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၏အကြီးအကဲများ တက်ရောက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီနှင့် အဆင့်မြင့်ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး (ပထမပိုင်း) သို့ တက်ရောက်သည်။ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးဧည့်သည်တော်အဖြစ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် Mr.Wang Huning က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒီဇင်ဘာလ (၂) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့မှ ထွက်ခွာရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**စိုးအောင်**

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။** ။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၁၇ ခုနှစ်၊ မတ်လ (၁၈) ရက်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်စဉ်**



**၂၀၁၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများ**

၂၀၁၆ ခုနှစ်အတွင်း မြန်မာရုပ်ရှင်ဇာတ်ကား ၃၃ ကား ရုံတင်ပြသနိုင်ခဲ့ပြီး အဆိုပါဇာတ်ကားများမှ အကောင်းဆုံးဆန်ခါတင်ဇာတ်ကား ၁၀ ကားကို ရွေးချယ်၍ ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်း ဖြစ်သည်။ ရုပ်ရှင်အထူးဆုအပါအဝင် ထူးချွန်ဆု စုစုပေါင်း (၁၀) ဆုကို ပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအဖြစ် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ရွှေစင်ထုတ်လုပ်ရေးက အုတ်ကြားမြက်ပေါက်ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို ညွှန့်မြန်မာညီညီအောင်က အုတ်ကြားမြက်ပေါက်ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို သက်မွန်မြင့်က ချစ်လှစွာသောအမုန်းဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ထွန်းထွန်းက အုတ်ကြားမြက်ပေါက်ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို လူမင်းက ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို မောင်မြင့်၊ အေးမင်း၊ အငယ်လေးတို့က လူးရတနာသိုက် ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုကို ကိုညဏ်ဝင့်က ဧဒင်ရဲ့နတ်သမီးဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် တေးဂီတဆုကို ဓိရာမိုရ်က လူးရတနာသိုက်ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်အသံဆုကို ကိုကြည်မင်းသိန်းက မှော်ကျောက်စာဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်အထူးဆုကို Moon Myanmar Media က မနောမြေမှကျောက်စိမ်းကမ္ဘာ ဇာတ်ကားဖြင့်လည်းကောင်း ရရှိသည်။


**အိခိုင်**

**ယဲ့ဗ်တူရှင်ကို၊ ယဲ့ဗ်ဂျန်နီ ။** ။ ဆိုဗီယက်ခေတ်၌ ထင်ရှားခဲ့သော ကဗျာဆရာ ယဲ့ဗ်ဂျန်နီယဲ့ဗ်တူရှင်ကိုကို ၁၉၃၃ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၄၄ ခုနှစ်တွင် မော်စကိုမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ မော်စကိုမြို့ရှိ ဂေါ်ကီတက္ကသိုလ်တွင် စာပေဘာသာကိုသင်ယူခဲ့ပြီး တက္ကသိုလ်ကျောင်းသားဘဝတွင်ပင် ကဗျာများကို စတင်ရေးသားခဲ့သည်။ ယဲ့ဗ်တူရှင်ကို၏ကဗျာများတွင် တော်လှန်ကဗျာဆရာ ဗလာဒီမာ မာယာကော့ဗ်စကီး၏ ဩဇာလွှမ်းမိုးမှုများ သိသိသာသာ ပါဝင်နေခဲ့သည်။

ယဲ့ဗ်တူရှင်ကို၏ကဗျာများအနက် ဇာတ်ကြောင်းပြောကဗျာရှည်များဖြစ်သည့် Zima Junction (၁၉၅၆) နှင့် Babi Yar (၁၉၆၁) တို့မှာ ထင်ရှားသည်။ Babi Yar ကဗျာရှည်မှာ ဒုတိယကမ္ဘာစစ်ကာလအတွင်းက ကိဗ်မြို့အပြင်ဘက် လျှိုမြောင်တစ်ခုအတွင်း၌ ဂျူးလူမျိုးများ

အစုလိုက်အပြုံလိုက် အသတ်ခံရသည့်အကြောင်းကို စိတ်ခံစားမှုဖြင့်ရေးဖွဲ့ထားပြီး ဆိုဗီယက်၏ဂျူးဆန့်ကျင်ရေး သဘောထားကို ပြစ်တင်ရှုတ်ချခဲ့သည်။ ယင်းကဗျာကြောင့် ယဲ့ဗ်တူရှင်ကို ကို ကမ္ဘာတစ်လွှားက အသိအမှတ်ပြုခဲ့သည်။

ယဲ့ဗ်တူရှင်ကိုသည် အနုပညာဆိုင်ရာ လွတ်လပ်ခွင့်ပေးရန်တောင်းဆိုခဲ့ပြီး စတာလင်ဝါဒနှင့် ဆိုဗီယက်ဗျူရိုကရေစီစနစ်တို့ကို ထိုးနှက်တိုက်ခိုက်ခဲ့သည်။ စတာလင်ကို ဆက်ခံသူကြများ (၁၉၆၂) ကဗျာတွင် စနစ်ကို အပြင်းအထန်တိုက်ခိုက်ခဲ့သည်။ ယဲ့ဗ်တူရှင်ကိုသည်



**ယဲ့ဗ်ဂျန်နီယဲ့ဗ်တူရှင်ကို**

ဆိုဗီယက်ယူနီယံတစ်လွှားသာမက ကမ္ဘာအနှံ့အပြားသို့ပါ လှည့်လည်သွားလာပြီး ၎င်း၏ကဗျာများကို ပရိသတ်ရှေ့မှောက်၌ ရွတ်ဖတ်ခဲ့သည်။ သူ၏လက်ရာများကို ဘာသာစကားပေါင်းများစွာဖြင့် ပြန်ဆိုခဲ့ကြပြီး ကမ္ဘာတစ်လွှား၌ သူ၏စာအုပ်များ သန်းပေါင်းများစွာ ရောင်းချခဲ့ရသည်။

သူ၏စာပေလက်ရာများထဲမှ ၎င်း၏အယူအဆကို ဖော်ပြသည့်စာကြောင်းတစ်ကြောင်းမှာ "ရုရှားက ကဗျာဆရာတစ်ယောက်ဟာ ကဗျာဆရာတစ်ယောက်အဖြစ် ထက်ပိုပါတယ်" ဟူ၍ဖြစ်သည်။ ကဗျာဆရာသည် ခေတ်တစ်ခေတ်ကို ကိုယ်စားပြုပြီး မျှော်လင့်ချက်များကို သယ်ဆောင်ပေးသူဟုဆိုလိုခြင်း ဖြစ်သည်။ သို့ရာတွင် ဘရက်ဇနက် အစိုးရလက်ထက်တွင် ယဲ့ဗ်တူရှင်ကို၏ အတိုက်အခံ စိတ်ဓာတ်မှေးမှိန်သွားခဲ့ပြီး အစိုးရအပေါ် ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုမှု ကျဲပါးသွားခဲ့သည်။ နောက်ပိုင်းကာလများတွင် ကွန်မြူနစ်ပါတီအပေါ် တိုက်ရိုက်ဝေဖန်မှုမျိုးကို ရှောင်ရှားခဲ့သည်။

ကွန်မြူနစ်ဝါဒ ပြိုလဲသွားပြီးနောက်ပိုင်းတွင်လည်း ကဗျာများကို ဆက်လက်ရေးသားခဲ့သည်။ ၎င်း၏ လက်ရာများကို စုစည်းထုတ်ဝေသည့်စာအုပ်နှင့် ၂၀ ရာစု ရုရှားကဗျာဆရာများစာအုပ်တို့မှာ ထင်ရှားသည့် စာအုပ်များဖြစ်သည်။ ဂေါ်ဘာချက်လက်ထက် မအောင်မြင်သည့် အာဏာသိမ်းမှုအကြောင်းကို Don't Die Before You're Dead အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ရေးသားခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန်သို့ပြောင်းရွှေ့နေထိုင်ပြီး အိုကလာဟိုးမားပြည်နယ် တယ်ဆာတက္ကသိုလ်၌ ရုပ်ရှင်နှင့်ကဗျာအကြောင်း သင်ကြား ပို့ချခဲ့သည်။

ယဲ့ဗ်တူရှင်ကိုသည် ရုရှားနိုင်ငံသို့လည်း မကြာခဏ သွားရောက်ပြီး စာပေအခမ်းအနားများ၌ ရွတ်ဆိုလေ့ရှိသည်။ ၂၀၁၆ ခုနှစ်က ရင်ပြင်နီ၌ ပြုလုပ်ခဲ့သည့် စာပေပွဲတွင် နောက်ဆုံးပါဝင်လှုပ်ရှားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်က ယဉ်ကျေးမှုဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတော်ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

ယဲ့ဗ်တူရှင်ကို၏လက်ရာများသည် မြန်မာစာဖတ်ပရိသတ်နှင့်လည်း ရင်းနှီးခဲ့သည်။ ၎င်း၏လက်ရာများကို ၁၉၆၀ ပြည့်လွန်နှစ်များက မောင်သာနိုး ဘာသာပြန်သည့် "ထင်ရှူးပင်ရိပ်" စာအုပ်တွင် ထည့်သွင်းခဲ့သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်ပြီး ရုရှားသံရုံး၌ မြန်မာစာရေး ဆရာအချို့နှင့် တွေ့ဆုံခဲ့သည်။

ယဲ့ဗ်တူရှင်ကိုသည် အိမ်ထောင်လေးကြိမ်ပြုခဲ့ပြီး သားငါးဦးထွန်းကားသည်။ အသက် ၈၄ နှစ်အရွယ် ၂၀၁၇ ခုနှစ် ဧပြီလ (၁) ရက်တွင် ကွယ်လွန်သည်။

**အိခိုင်**

**ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုအခြေအနေများ (၂၀၁၇) ။ ။** ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်၊ နံနက် ၁ နာရီ မိနစ် ၅၀ တွင် မောင်တောမြို့နယ်အတွင်းရှိ အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်) ကို အကြမ်းဖက်သူ ၉၀ ခန့်၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နယ်မြေရဲစခန်းကို နံနက် ၃ နာရီ ၁၅ မိနစ်တွင် အကြမ်းဖက်သူ ၂၀ ခန့်နှင့် ငါးခူရနယ်မြေ ရဲစခန်းကို နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်သူ ၃၀၀ ခန့်တို့က အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားသည်။ ၁၀,၉၃၀၊ ကျည်အိမ် ၁၇၃ ခု၊ လုံ့စွပ် ၄၇ ခု ဆုံးရှုံးပြီး တပ်မတော်သား ခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ စုစုပေါင်း ၁၇ ဦးကျဆုံးသည်။ တပ်မတော်သားငါးဦး၊ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ အပြစ်မဲ့ အရပ်သား ပြည်သူသုံးဦး၊ စုစုပေါင်း ၁၅ ဦး ထိခိုက် ဒဏ်ရာရရှိသည်။ နယ်မြေလုံခြုံရေး ဆက်လက်ဆောင်ရွက်မှုကြောင့် လက်နက် ၂၆ လက်၊ ကျည်မျိုးစုံ ၁၆၅၁ တောင့်နှင့် ကျည်အိမ် ၂၆ ခု ပြန်လည်ရရှိပြီး လက်နက် ၄၁ လက်၊ ကျည်မျိုးစုံ ၉၂၇၉ တောင့်၊ ကျည်အိမ် ၁၄၇ ခုနှင့် လုံ့စွပ် ၄၇ ခုတို့ ပြန်လည် ရရှိခြင်းမရှိသေးကြောင်း သိရသည်။ အကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း အကြမ်းဖက်တိုက်ခိုက်သူ ၆၉ ဦး သေဆုံးပြီး လက်နက်ခုနစ်လက်၊ ကျည်



**ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်သမားတို့ မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်များကို တပ်မတော်သားများ မီးငြိမ်းသတ်နေစဉ်**

အဆိုပါ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်အထိ တပ်မတော်နှင့်ရဲတပ်ဖွဲ့ ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာ တွေ့ဆုံပစ်ခတ်မှုဖြစ်စဉ် အကြိမ် ၂၀ ဖြစ်ပွားသည်။ ထိုဖြစ်စဉ်များကြောင့် လက်နက် ၆၇ လက်၊ ကျည်မျိုးစုံ ၁၈ တောင့်၊ ဓား အချောင်း ၇၀၊ မိုင်းရှစ်လုံးနှင့် ဆက်စပ် ပစ္စည်းများ သိမ်းဆည်းရမိသည်။

ဖြစ်စဉ်တွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်သူများ၏ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ စာကြည့်တိုက်မှူးနှင့် ရုံးစာရေးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦးသေဆုံးပြီး နေအိမ်နှင့် ရွာများမီးရှို့ဖျက်ဆီးမှု ၁၀ ကြိမ် ဖြစ်ပွားသည်။

အကြမ်းဖက်တိုက်ခိုက်သူ ၅၈၅ ဦးကို ဖမ်းဆီးရမိပြီး ပြန်လည်လွှတ်ပေးသူ ၅၁ ဦး၊ ရောဂါဖြင့်သေဆုံးသူ ရှစ်ဦး ရှိသည်။ လက်ရှိအချိန်အထိ ချုပ်နှောင်/ တရားရုံးစစ်ဆေးဆဲ ၅၂၆ ဦးရှိသည်။ လူသတ်မှု၊ လက်နက်မှု၊ ဝတ္တာရားနှောင့်ယှက်မှု၊ ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှု၊ မတရားအသင်းဖြင့် ဆက်သွယ်မှု၊ ပေါက်ကွဲစေမှု၊ တရားမဝင် ပြည်ပထွက်မှု၊ လူသတ်ရန် အားထုတ်မှုနှင့် မီးရှို့မှု အပါအဝင် အမှု ၃၉ မှု ဖွင့်လှစ်နိုင်ပြီး ငါးမှုကို ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့အရပ်သားပြည်သူများအား အမှန်တရားဖော်ထုတ်ခြင်းမပြုရန်၊ အကြောက်တရားကြီးစိုးစေရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိစေရန် ရည်ရွယ်၍ ဦးရှည်ကျကျေးရွာနေ မောင်မောင်စိုး (ခ) ရှုနာများ၊ မာမတ်တာလီ၊ ဂေါ်ဒူသာရ (အနောက်) ကျေးရွာ ရာအိမ်မှူး ဂျာမ (ခ) ဖော်မာဟူဆွန်၊ ငါးခူရ (အလယ်) ရွာ ကျေးရွာစာကြည့်တိုက်မှူး ဒုစ်မာမတ် (ခ) ရှုနာမျာ၊ ရေတွင်းကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးစာရေးရော်ဖီ၊ ဝက်ကျိန်း (မြောက်) ရွာဆယ်အိမ်မှူး (ဟောင်း) ဆီရာဇူဟွတ်၊ လင်ဘာကုန်းနားကျေးရွာနေ ဆွေဒူအာမီ၊ ဒုံးကုလားကျေးရွာနေ စွန်တာအာမတ်၊ မာမတ်ရှော်ဖီးနှင့် မာမတ်စူပိုင်၊ ပြောင်ပိုက်ကျေးရွာ ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူး ဇော်ကီးအာမောက်နှင့် အမည်မသိမျိုးသားနှစ်ဦး စုစုပေါင်း အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦးကို သတ်ဖြတ်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်သူများ၏ သတ်ဖြတ်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အမှုမှန်ပေါ်ပေါက်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

မောင်တောဒေသအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ရရှိစေရေးအတွက် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလ (၉) ရက်တွင် ယခင်က ထုတ်ပြန်သော ည ၇ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်ကို ည ၉ နာရီမှ နံနက် ၅ နာရီအထိ ပြန်လည်လျှော့ပေါ့ ထုတ်ပြန်ပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် မောင်တောဒေသအတွင်း နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်မှုမရှိတော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း လူ့အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များထွက်ပေါ်နေမှုနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ



**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး နယ်မြေလုံခြုံရေးရယူနေသည့် နယ်စပ်ဒေသလုံခြုံရေးတပ်ဖွဲ့ဝင်များ**

ဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ဝင်းထွန်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အလားတူ မောင်တောခရိုင်အတွင်း အောက်တိုဘာလ (၉) ရက် အကြမ်းဖက်တိုက်ခိုက်ခံပြီးနောက် မီးသင့်ကျေးရွာများ၌ စနစ်တကျပြန်လည် ထူထောင် နေထိုင်နိုင်စေရန်အတွက် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးဦးရဲထွဋ် ဦးဆောင်သည့်ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မောင်တောဒေသအတွင်းရှိ နှစ်ဖက်အသိုင်းအဝိုင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတော်အစိုးရက ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ (၂၅) ရက် နံနက် အရုဏ်တက်တွင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ရဲစခန်းတစ်ခုကို လက်လုပ်မိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်ခြင်းဖြင့် အစွန်းရောက် အကြမ်းဖက်သမားများက တိုက်ခိုက်မှုများ စတင်ပြုလုပ်ပြီးနောက် နေရာအများအပြားရှိ ရဲကင်းများ၊ ရဲစခန်းများကို တစ်ချိန်တည်းတစ်ပြိုင်တည်း တိုက်ခိုက်လာသည်။

မောင်တောဒေသရှိရဲကင်းစခန်းများကို လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များ၌ တမန်းသားစခန်းကို နံနက် ၄ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ပစ်ခတ် တိုက်ခိုက်ကြသည်။ နံ့သာတောင် စခန်းကို နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်သား ညီညီလွင် ကျဆုံးပြီး အစွန်းရောက်အကြမ်းဖက်သမားတစ်ဦး သေဆုံးသည်။ သဘော်ကွေ့စခန်းကို နံနက် ၃ နာရီ ၄၅ မိနစ်တွင် အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ ခန့် လာရောက်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားရာ အကြမ်းဖက်သမားတစ်ဦး သေဆုံးသည်။ ကျီးကျွန်းကင်းစခန်းကို နံနက် ၅ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ဝိုင်းဝန်း ပစ်ခတ်တိုက်ခိုက်ရာ စခန်းမှူးအပါအဝင် ငါးဦး ဒဏ်ရာရရှိပြီး နံနက် ၅ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။ မီးတိုက်ချောင်းဝ ကင်းစခန်းကို နံနက် ၄ နာရီ မိနစ် ၂၀ တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်ပြီး မီးတိုက်ချောင်းဝ ကင်းစခန်းအတွင်းအထိဝင်၍ ဓားဖြင့်ဝိုင်းဝန်းခုတ်သဖြင့် ရဲတပ်ကြပ်ရဲမြင့်၊ ဒုတိယရဲတပ်ကြပ်သက်နိုင်ထွန်းတို့ ကျဆုံးကာ လက်နက်သုံးလက်ကို သိမ်းယူသွားပြီး နံနက် ၄ နာရီ ၄၅ မိနစ်တွင် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားကြသည်။

နတ်ချောင်းကင်းစခန်းကို နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ဝိုင်းဝန်း ပစ်ခတ်တိုက်ခိုက်သည်။ ဇီးပင်ချောင်းစခန်းကို နံနက် ၄ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက်သမား ၁၅၀ ခန့် လာရောက်ဝိုင်းပြီး ကင်းစခန်းအတွင်းအထိဝင်၍ ဓားဖြင့်ဝိုင်းဝန်းခုတ်သဖြင့် ရဲတပ်သားမင်းသူရနိုင်ကျဆုံးကာ လက်ကိုင်ဆက်သွယ်ရေးစက် တစ်လုံးနှင့်တစ်လုံးထိုးသေနတ်တစ်လက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။


လောင်းဒုံစခန်းကို နံနက် ၃ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ သီဟိုဠ်ကင်းစခန်းကို နံနက် ၄ နာရီ ၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမား ၁၀၀ ခန့် လာရောက်ဝိုင်းဝန်း၍ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အချိန်အနည်းငယ်အတွင်း ပြန်လည်ဆုတ်ခွာသွားသည်။ ဇင်ပိုင်ညာစခန်းကို နံနက် ၄ နာရီ ၁၀ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ဝိုင်းသဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ နံနက်

၄ နာရီ ၃၅ မိနစ်တွင် ပြန်လည်ဆုတ်ခွာ သွားသည်။ ယင်းနောက် ကျောက်ပြင်ဆိပ်ကင်းစခန်းကို နံနက် ၇ နာရီ ၃၅ မိနစ်တွင် အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့်လာရောက် ပစ်ခတ်တိုက်ခိုက်သည်။

ပဒင်းခေါင်းတကာကင်းစခန်းကို နံနက် ၀၀ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သည်။ ပညောင်ပင်ကြီးကင်းစခန်းကို နံနက် ၁ နာရီ မိနစ် ၂၀ တွင် ပစ်ခတ်တိုက်ခိုက်သည်။ ရွှေရင်အေးစခန်းကို နံနက် ၄ နာရီတွင် လူအုပ်များ တက်လာသည်ဟု သတင်းရရှိခဲ့ပြီး သရေကုန်းဘောင်ကင်းစခန်းကို နံနက် ၅ နာရီ ၁၅ မိနစ်တွင် အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ ခန့်ဝင်ရောက်လာသည့် သတင်းအရ လူ၊ လက်နက်များ ရွာအတွင်းသို့ ရွှေ့ပြောင်းရသည်။

အကြမ်းဖက်သမားတစ်ဦး သေဆုံးသည်။ မြင်းလွတ်စခန်းကို နံနက် ၄ နာရီ ၄၅ မိနစ်တွင် အစွန်းရောက်အကြမ်းဖက်သမား ၁၀၀၀ ခန့်က လာရောက် ဝိုင်းဝန်းတိုက်ခိုက်သဖြင့် ရဲမှူးဟိန်းထက်ကျော်၊ ရဲတပ်သားဝင်းထိုက်တို့ နှစ်ဦးကျဆုံးပြီး ဘီအေ ၉၄ တစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူးတစ်လက် ဆုံးရှုံးခဲ့သည်။

အလယ်သံကျော်စခန်းကို နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် အကြမ်းဖက်သမားများက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် ဒု-လ၀ကမှူးဇာမောင်း ကျဆုံးပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားသည်။ ဥဒေါင်း (နတလ) စခန်း ကို နံနက် ၅ နာရီ ၁၀ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမား ၁၀၀ က လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ အကြမ်းဖက်သမားများမှာ နံနက် ၆ နာရီတွင် ပြန်လည်ဆုတ်ခွာသွားသည်။ နှာခေါင်းတို



ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးရယူနေသည့် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်

ချိန်ခါလီစခန်းကို နံနက် ၄ နာရီတွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ ချောင်းဝကင်းစခန်းကို နံနက် ၇ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက လာရောက်ပစ်ခတ် တိုက်ခိုက်သည်။

သဝန်ချောင်းစခန်းကို နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် အကြမ်းဖက်သမား ၁၀၀ ခန့်က လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ကိုးတန်ကောက် စခန်းကို နံနက် ၄ နာရီ မိနစ် ၅၀ တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် တပ်မတော်စစ်ကြောင်းများ ရောက်ရှိလာပြီး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အကြမ်းဖက်သမား အလောင်း ခြောက်လောင်းရရှိသည်။

တောင်ဘဇာရဲကင်းစခန်းကို နံနက် ၃ နာရီ မိနစ် ၄၀ တွင် အစွန်းရောက် အကြမ်းဖက်သမား ၁၀ ဦး ခန့်က လာရောက်ပစ်ခတ် တိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ အကြမ်းဖက်သမား အလောင်းငါးလောင်းရရှိပြီး နံနက် ၅ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆုတ်ခွာသွားသည်။ ဖောင်တော်ပြင် စခန်းကို နံနက် ၄ နာရီ ၂၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားများက သေနတ်ဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်သဖြင့် ဒုရဲအုပ်အောင်မြင့်ဦးနှင့် ဒုတပ်ကြပ်စိုးဝင်းတို့ နှစ်ဦးကျဆုံးကာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် အကြမ်းဖက်သမား နှစ်ဦး သေဆုံးသည်။

ထို့အတူ မောင်တောမြို့ပတ်လည်ရှိ ရဲစခန်း၊ ရဲကင်းများကို အစွန်းရောက် အကြမ်းဖက် သမား များက သေနတ်ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် မှုများ၌ ရပ်ကွက် ၅ ရဲကင်းစခန်းကို နံနက် ၃ နာရီခွဲ တွင် အစွန်းရောက် အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် လည်းကောင်း၊ နံနက် ၃ နာရီ ၃၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမား အင်အား အလုံးအရင်းဖြင့် အော်ဟစ်ဝိုင်းလာသဖြင့် တပ်ဖွဲ့ဝင် များက ထပ်မံပစ်ခတ်ခဲ့ရသည်။ ရွာသစ်ကေ ရဲကင်း စခန်းကို နံနက် ၃ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက် သမားငါးဦးက လက်ပစ်ဗုံးဖြင့် လာရောက်တိုက်ခိုက် ခဲ့သည်။ မြို့ဝင်တံတား ရဲကင်းစခန်းကို နံနက် ၃ နာရီခွဲတွင် အစွန်းရောက်အကြမ်းဖက်သမား ငါးဦးက သေနတ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သည်။ နတလရဲကင်းများကို နံနက် ၃ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက်သမားများက အချိန်ကိုက်လာရောက် တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် ပြန်လည် ဆုတ်ခွာသွားသည်။ ယာဉ်ထိန်းရဲရုံးနှင့်မူးယစ် ရဲတပ်ဖွဲ့ရုံးများအတွင်းသို့ နံနက် ၃ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက်သမားများက ဓာတ်ဆီ ပုလင်း (လက်လုပ်ဗုံး) ဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ယာဉ်ထိန်းရဲရုံး ရှေ့မြက်ခင်းမီးလောင်သွားသည်။ ကျောက်ပန္တုရွာအနီးရှိ အရှည် ရှစ်ပေ၊ အကျယ် ၁၀ ပေ ရှိ ကွန်ကရစ်တံတားဟောင်းကို နံနက် ၈ နာရီ ၅ မိနစ်တွင် အစွန်းရောက် အကြမ်းဖက်သမားက မိုင်းခွဲ ဖျက်ဆီးခဲ့သည်။

ထိုသို့ အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦး၊ ဒု-လဝကမှူးတစ်ဦး စုစုပေါင်းကိုးဦး သေဆုံးပြီး လက်နက်ငယ်ခြောက်လက်၊ လက်ကိုင်ဆက်သွယ်ရေး စက်တစ်လုံးဆုံးရှုံးကာ လာရောက်တိုက်ခိုက်သည့် အကြမ်းဖက်သမား ၁၆ ဦး သေဆုံးသည်။

မောင်တောမြို့နယ် မြောက်ပိုင်းရှိ လိပ်ရကျေးရွာ တွင် ဩဂုတ်လ (၂၅) ရက် ညပိုင်းက ခေတ္တကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးအကူနှင့် အစိုးရသတင်းပေးဟု သံသယရှိသူတို့ကို အစွန်းရောက်အကြမ်းဖက်သမားများက သတ်ဖြတ် ခဲ့သည်။ သတ်ဖြတ်ခံရသူများမှာ လိပ်ရကျေးရွာ ခေတ္တ အုပ်ချုပ်ရေးမှူး ဆွေတာလောင်၊ ရာအိမ်မှူး ဆိုက်ကူလာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ရုံးအကူ ဖော်တာတူလာနှင့် အလယ်သံကျော်ကျေးရွာနေ ဇာဟိတ်တူဆောင်း (ဘ) ဆာလေ (၃၇) နှစ်တို့ ဖြစ်သည်။

မောင်တောမြို့နယ်၊ မြင်းလွတ်မြို့၊ ကျေးရွာတွင် ဩဂုတ်လ (၂၆) ရက် နံနက် ၅ နာရီခန့်က အဆိုပါ ကျေးရွာနေ များကိုယ်တိုင် မိမိတို့ နေအိမ်များ ကိုမီးရှို့ ခဲ့ရာ မီးလောင်မှုကြောင့် မြင်းလွတ်မြို့ အရှေ့ပိုင်း ရပ်ကွက်ရှိ အိမ်ရှစ်လုံး၊ ဈေးဆိုင် ၁၃ ဆိုင်၊ ကားလေးစီး၊ အလယ်ပိုင်းရပ်ကွက်ရှိ အိမ် ၂၄ လုံး၊ ဆိုင်ခန်း ၅၁ ခန်း၊ ဗလီတစ်ခု၊ အာရဗီကျောင်း ခြောက်ကျောင်း၊ အနောက်ပိုင်းရပ်ကွက်ရှိ အိမ် ၄၅ လုံး၊ အာရဗီကျောင်း တစ်ကျောင်း၊ ရှီဒါရပ်ကွက်ရှိ အိမ် ၁၁ လုံး၊ ဈေးဆိုင်

၄၁ ဆိုင်၊ ကားငါးစီး၊ ဗလီတစ်ခု၊ အာရဗီကျောင်း တစ်ကျောင်း၊ ဆိုင်ကယ်လေးစီး စုစုပေါင်း အိမ် ၈၈ လုံး၊ ဈေးဆိုင် ၅၄ ဆိုင်၊ ဆိုင်ခန်း ၅၁ ခန်း၊ ဗလီနှစ်ခု၊ အာရဗီကျောင်း ရှစ်ကျောင်း၊ ကားကိုးစီးနှင့် ဆိုင်ကယ် လေးစီး မီးလောင်ဆုံးရှုံးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲ တွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မောင်တော မြို့နယ်၊ နွားရုံတောင်ကျေးရွာအနီးအရောက်တွင် အစွန်းရောက် အကြမ်းဖက်သမား ၁၅၀ ခန့်က ဓားရှည်များကိုင်ဆောင်ပြီး ကား၏ဘေးဘယ်ညာ ဝိုင်းဝန်းတားဆီးပိတ်ဆို့ အကြမ်းဖက်သဖြင့် တားဆီးခဲ့ ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခန့် တွင် မောင်တောမြို့နယ်၊ မြို့သူကြီးကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထွက်ခွာလာစဉ် အစွန်းရောက် အကြမ်းဖက်သမား များက ချောင်းမြောင်းပစ်ခတ်ခြင်း၊ ဆွဲမိုင်းများဖြင့် အဝေးမှ မိုင်းထောင်ဖောက်ခွဲအကြမ်းဖက်ခြင်းများ ပြုလုပ်၍ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီး အကြမ်းဖက်သမားအလောင်း တစ်လောင်းရရှိ ခဲ့သည်။

မောင်တောမြို့နယ်၊ ကျွန်းပေါက်ပြုစုချောင်းဝ ရဲကင်းစခန်းကို နံနက် ၁၁ နာရီခွဲတွင် အစွန်းရောက် အကြမ်းဖက်သမား ၃၀၀ ခန့်က လာရောက် ဝိုင်းဝန်း သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေ စိုးမိုးရေးဆောင်ရွက်ရပြီး မြို့သူကြီးကျေးရွာ၌ အစွန်းရောက် အကြမ်းဖက်သမားများက လက်လုပ်မိုင်း များဆွဲ၍ အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်မှုများ ပြုလုပ် ခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျီးကန်းပြင် နယ်ခြားစောင့်ရဲ ကွပ်ကဲမှုဌာနချုပ်သို့ ဆက်လက် ထွက်ခွာရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မောင်တော မြို့နယ်၊ သီဟိုဠ်ခြံအလွန် နွားရုံတောင်ကျေးရွာအဝင် ကားလမ်းသို့ရောက်ရှိချိန်တွင် အစွန်းရောက်အကြမ်းဖက် သမားများက လက်လုပ်မိုင်းဖြင့် အကြမ်းဖက် မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားသော်လည်း ယာဉ်နှင့်တပ်ဖွဲ့ဝင်များ ထိခိုက် ဒဏ်ရာမရကြောင်း သိရသည်။

အစွန်းရောက်အကြမ်းဖက်သမားများသည် မွန်းလွဲ ၁ နာရီတွင် မောင်တောမြို့မတောင် ရပ်ကွက် ဆယ်အိမ်မှူး အဗူခေါ်ဘီဘီ (၆၂) နှစ်ကို နေအိမ် အတွင်းသို့ ဝင်ရောက်သတ်ဖြတ်သွားသည်။

အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ဆောင်မှုကြောင့် မောင်တော မြို့နယ်၊ ဇင်ပိုင်ညာလမ်းဆုံ၌ မွန်းလွဲ ၂ နာရီတွင် မိုင်း နှစ်လုံးပေါက်ကွဲပြီး မွန်းလွဲ ၂ နာရီခွဲတွင် နောက်ထပ် မိုင်းနှစ်လုံး ထပ်မံပေါက်ကွဲသဖြင့် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်ရသော်လည်း ထိခိုက်ဒဏ်ရာမရ ရှိကြောင်း သိရသည်။

ထို့ပြင် မွန်းလွဲ ၂ နာရီတွင် မောင်တောဆေးရုံရှေ့ ဇေတိကာရုံဘုန်းတော်ကြီးကျောင်းအနီးရှိ ဟိန္ဒူဘာသာဝင် များနေထိုင်သည့် နေအိမ်အတွင်းသို့ အစွန်းရောက် အကြမ်းဖက်သမားများက လက်နက်ငယ်ဖြင့် လေးချက် ပစ်ခတ်သဖြင့် အပြစ်မဲ့အရပ်သား ဟိန္ဒူကုလားငယ် (ကျား) တစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိသည်။

မောင်တောမြို့နယ် ဇင်ပိုင်ညာလမ်းဆုံအနီး၌ မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းနှစ်လုံး၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မိုင်းနှစ်လုံး၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မိုင်းတစ်လုံး၊ ညနေ ၃ နာရီ ၁၀ မိနစ်တွင် မိုင်းတစ်လုံး၊ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မိုင်းတစ်လုံး၊ ညနေ ၄ နာရီ ၅ မိနစ်တွင် မိုင်းတစ်လုံး၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မိုင်းနှစ်လုံး၊ ညနေ ၄ နာရီခွဲတွင် မိုင်းသုံးလုံး နှင့် ညနေ ၄ နာရီ ၃၂ မိနစ်တွင် နောက်ထပ်မိုင်း တစ်လုံး စုစုပေါင်း မိုင်း ၁၄ လုံး ဆက်တိုက်ပေါက်ကွဲမှု ဖြစ်ပွားပြီး ဖြစ်စဉ်တွင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာ မရရှိကြောင်း သိရသည်။

ဩဂုတ်လ (၂၇) ရက်မှ (၂၈) ရက်အထိ အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၄၅ လုံး ပေါက်ကွဲပြီး ကျေးရွာခုနစ်ရွာ၊ ကင်းစခန်းတစ်ခုနှင့် မောင်တောမြို့ပေါ်ရပ်ကွက် နှစ်နေရာတို့ကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ်လ (၃၀) ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် နယ်မြေ ၄ အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ARSA အစွန်းရောက် အကြမ်းဖက်သမား ၁၀၀ ကျော်က တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ရာ အကြမ်းဖက်သမားများသည် အနီးရှိတောင်ကုန်းပေါ်သို့ ထွက်ပြေးတိမ်းရှောင်သွားပြီး အကြမ်းဖက်သမား ခေါ်ဘီရာမောက် (၃၅) နှစ်၊ အာနုဆော်ဘီ (၁၃) နှစ်၊ ဆွေယော့ဒူဆောင်း (၅၄) နှစ်နှင့် အီလီယာစ် (၂၄) နှစ်တို့ လေးဦးကို ကိုင်ဆောင်လာသည့် ဓားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် ဒေသခံဖျားနာလူနာများကို မောင်တောဆေးရုံသို့ပို့ဆောင်စဉ် မောင်တောမြို့နယ်၊ သီဟိုဋ္ဌကျေးရွာအနီး နွားရုံတောင်ကွေ့၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရပြီး ညနေ ၄ နာရီ ခန့်တွင် နွားရုံတောင်လမ်းဆုံ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများက လက်လုပ်မိုင်းနှစ်လုံး ဖောက်ခွဲခဲ့သည်။

ဩဂုတ်လ (၃၁) ရက် မွန်းလွဲပိုင်းတွင် မေယုတောင်ခြေ၊ အင်းဒင်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ ဝင်များက တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်စဉ် ARSA အစွန်းရောက် အကြမ်းဖက်သမား ၁၅၀ ကျော်က ဓားဖြင့်ဝင်ရောက် တိုက်ခိုက်သဖြင့် ပြန်လည်ခုခံပစ်ခတ်ရာ အကြမ်းဖက်သမား တစ်ဦးသေဆုံးခဲ့ပြီး အကြမ်းဖက်သမားများက မိုင်းနှစ်လုံးဖောက်ခွဲသဖြင့် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နယ်မြေ ၁၁၊ ဘူးသီးတောင်မြို့နယ်၊ စိမ်းညွှင်းပြာကျေးရွာအုပ်စု၊ ပြင်ရှည်ကျေးရွာနေ မသက်သာသူ အဒူတာလစ် (၂၂) နှစ်ကိုလည်းကောင်း၊ နယ်မြေ ၆ မောင်တောမြို့နယ် မင်္ဂလာကြီးချောင်းဝစခန်းအနီးသို့ ရောက်ရှိလာသော မသက်သာသူတစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ထိုနှစ်ဦးသည် မောင်တောဒေသအတွင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ကြောင်းသိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ (၃) ရက် ညသန်းခေါင်ခန့်တွင် မောင်တောမြို့နယ်၊ အောက်ပြူးမကျေးရွာနှင့် ငါးခူရကျေးရွာ ဆက်သွယ်ထားသည့် ငါးခူရဈေးထိပ်တံတား၌ မသင်္ကာဖွယ်လှုပ်ရှားမှုများတွေ့ရှိသဖြင့် သွားရောက်စစ်ဆေးစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်မှုကြောင့် ပြန်လည်ပစ်ခတ်ရာ အကြမ်းဖက်သမားများသည် နေအိမ် ၅၀ ကို မီးရှို့ဖျက်ဆီးပြီး အောက်ပြူးမကျေးရွာဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး လက်လုပ်မိုင်းတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ (၄) ရက် နံနက်ပိုင်းတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်စဉ် မောင်တောမြို့နယ်၊ အုန်းတောအနောက်ကျေးရွာရှိ နေအိမ် ၁၂၀ ကျော်ကို ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားကြောင်းတွေ့ရသည်။ ထို့ပြင် ဇော်မတက်ကျေးရွာအုပ်စု၊ ဒဂ်ါးကျေးရွာတွင် နေအိမ် ၃၀၊ ဆော်ကီးနာမကျေးရွာတွင် နေအိမ် ၅၀၊ ဟသ်ာရကျေးရွာတွင် နေအိမ် ၁၀ လုံး စုစုပေါင်း နေအိမ်အလုံး ၉၀ မီးလောင်ကျွမ်းနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း တွေ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်၊ ချိန်ခါလီကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်စဉ် ကျေးရွာအစွန်ရှိ နေအိမ်တစ်လုံး မီးလောင်ကျွမ်းနေကြောင်းတွေ့ရပြီး အဆိုပါနေအိမ်တွင် မိုင်းနှစ်လုံးပေါက်ကွဲခဲ့သည်။ အခြားလုံခြုံရေး အဖွဲ့တစ်ဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်၊ သဘော်ကွေ့ကျေးရွာတစ်ဝိုက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်စဉ် အဆိုပါကျေးရွာရှိ နေအိမ် ၄၀၀ ခန့်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးနေကြောင်း တွေ့ရသည်။

## ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုအခြေအနေများ (၂၀၁၇)

မောင်တောမြို့ အမှတ် ၅ ရပ်ကွက်၊ MPT တာဝါတိုင် အနီး၌ ညနေပိုင်းတွင် မသင်္ကာသူတစ်ဦးကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် တာဝါတိုင်၏ အရှေ့ဘက်ခြံစည်းရိုးအနီး အချင်းနှစ်လက်မ၊ အရှည် ကိုးလက်မရှိ သံပိုက်လုံးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးနှင့် အဖြူရောင်ဝိုင်ယာကြိုး အရှည်ပေ ၁၀၀ ခန့် တစ်ချောင်းနှင့် အနီ၊ အနက် နှစ်ပင်လိမ်ဝိုင်ယာကြိုး အရှည် ၄၅ ပေခန့်တို့ကို လက်လုပ်မိုင်းနှင့် ဆက်သွယ်ထားသည်ကိုတွေ့ရသဖြင့် ဖယ်ရှားခဲ့ရသည်။

ရရှိသည်။ ကျေးရွာပေါင်း ၅၉ ရွာ၊ အိမ် ၆၈၄၂ လုံး မီးရှို့ဖျက်ဆီးခံရပြီး တံတားရှစ်စင်း မိုင်းထောင်ဖျက်ဆီးခြင်းခံရသည်။ ထိုသို့ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင် နေထိုင်သူများသည် နေရပ်စွန့်ခွာ၍ နယ်စပ်ဇရိယာအပါအဝင် လုံခြုံရာနေရာများတွင် ခိုလှုံနေထိုင်ခဲ့ကြရာ စက်တင်ဘာလ (၄) ရက်အထိ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ တိုင်းရင်းသား ၂၆,၇၄၇ ဦး ရှိခဲ့သည်။

အဆိုပါအခြေအနေတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ



**နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံအကြား ကင်းလှည့်စစ်ဆေးနေသည့် မြန်မာနယ်ခြားစောင့်တပ်ဖွဲ့ဝင်များ**

ARSA အစွန်း ရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် သြဂုတ်လ (၂၅) ရက်မှ စက်တင်ဘာလ (၅) ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်း ရောက်အကြမ်းဖက်အဖွဲ့များသည် ထိတွေ့တိုက်ခိုက်မှုပေါင်း ၉၇ ကြိမ်ဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃ ဦး၊ နိုင်ငံ့ဝန်ထမ်းနှစ်ဦး စုစုပေါင်း ၁၅ ဦး ကျဆုံးပြီး ဒေသခံတိုင်းရင်းသား ၁၄ ဦး၊ ဒေသခံဟိန္ဒူဘာသာဝင် ခုနစ်ဦး၊ အစွန်းရောက် အကြမ်းဖက်သမား ခုနစ်ဦး စုစုပေါင်း ၂၈ ဦး သေဆုံးသည်။ ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၇၁ ဦး အသေရရှိကာ ၃၈ ဦး ဖမ်းဆီးရမိသည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦး၊ နိုင်ငံ့ဝန်ထမ်းသုံးဦး၊ ဒေသခံတိုင်းရင်းသားလေးဦး စုစုပေါင်း ၂၂ ဦး ထိခိုက်ဒဏ်ရာ

ကူညီထောက်ပံ့မှုများကို ပေးအပ်ရန်တာဝန်ရှိသည့်အလျောက် ထိရောက်သော အစီအမံများချမှတ်၍ ကူညီထောက်ပံ့မှုများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) နှင့်အတူ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နေရပ်စွန့်ခွာရသူများအား ကူညီထောက်ပံ့ပေးအပ်ရာ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူများနှင့်အညီ ခွဲခြားမှုမရှိဘဲ ပြည်တွင်း/ပြည်ပ အလှူရှင်များက ပူးပေါင်းပါဝင်ကူညီထောက်ပံ့နိုင်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**စိုးအောင်**

**လီလီကြာညွန့်၊ ဒေါ် (၁၉၂၈-၂၀၁၇)**။ ။ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဝင်အမျိုးသမီး အားကစားမယ် ဒေါ်လီလီကြာညွန့်ကို စက်ရှင်တရားသူကြီး ဦးကြာညွန့် နှင့် ဒေါ်စောညွန့်တို့က ၁၉၂၈ ခုနှစ်၊ ဧပြီလ (၁၉) ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

ငယ်စဉ်က ရန်ကုန်မြို့ ခရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း) ရှိ စိန့်ဖိလစ် အင်္ဂလိပ်အလယ်တန်းကျောင်း၌ ပညာသင်ယူခဲ့သည်။ ငယ်စဉ်ကပင် ကျောင်းနှစ်ပတ်လည် အားကစားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



ဒေါ်လီလီကြာညွန့်

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသော အမျိုးသမီး ဘားကျွမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ မြေပြင်ကျွမ်း၊ သေတ္တာဘား၊ တန်းဘား သုံးမျိုးယှဉ်ပြိုင်ရာ ဒေါ်လီလီကြာညွန့်က ပထမဆုရခဲ့ပြီးနောက်ပိုင်း ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ခုနှစ်များတွင် သုံးနှစ်ဆက်တိုက် ဗိုလ်စွဲသဖြင့် ဘားကျွမ်းဆုငွေဖလားကို ရရှိခဲ့သည်။

ဒေါ်လီလီကြာညွန့်သည် တေးသီချင်းသီဆိုမှုတွင်လည်း ဝါသနာပါသူဖြစ်ရာ 'တစ်ရွာစီနေ' သီချင်းကို ဟယ်ရီစံတင့်နှင့်တွဲဖက်သီဆိုခဲ့ပြီး မြန်မာ့အသံက ထုတ်လွှင့်ပေးခဲ့သည်။ ထိုသီချင်းသည် ဒေါ်လီလီကြာညွန့်၏ ပထမဆုံးအသံလွှင့်သီချင်း ဖြစ်သည်။ ဒေါ်လီလီကြာညွန့်သည် တီးဝိုင်းခေါင်းဆောင် စန္ဒရားဆရာ အေဝမ်းခင်မောင်၏ဖိတ်ခေါ်မှုဖြင့် ခေတ္တရာအေးရေးစပ်သော 'ချစ်တင်းဆို' သီချင်းကို ပထမဆုံး ကိုယ်တိုင်သီဆိုခဲ့သည်။ ထို့နောက် 'ဝါဦးကမယ့်ဖူးစာ၊ ချစ်တေးလွှာ၊ မှောင်ထဲကချစ်သူ၊ ချစ်ဆွေးသံ၊ တစ်ရောင်တည်းခြယ်' စသည့်သီချင်းများသီဆို အသံလွှင့်ခဲ့သည်။

ဒေါ်လီလီကြာညွန့်သည် ဖခင်တာဝန်ထမ်းဆောင်သည့်ပြည်မြို့၌နေထိုင်ခဲ့ရာ ပြည်မြို့လွတ်လပ်ရေး အားကစားပြိုင်ပွဲ၌ လုံတံပစ်နှင့် မီတာ ၁၀၀ ပြေးပွဲများတွင် ပထမရရှိသည်။ ထိုခေတ်က အကောင်အထည် ဖော်သော ပြည်တော်သာစီမံကိန်းအတွက်ပြပွဲ ကျင်းပရာ ထိုပွဲတွင် ပြည်မြို့မတူရိယာအဖွဲ့နှင့်တွဲ၍ သီချင်းခြောက်ပုဒ် သီဆိုခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးကိုယ်လက်ကြံ့ခိုင်ရေးမှူးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရပြီးနောက် ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ ညွှန်ကြားရေးမှူး ဦးမောင်မောင်ကလေး၊ ဦးဇော်ဝိတ်၊ ဒေါ်ထွားကြူ၊ ဒေါ်ကြင်စီ၊ ဆရာဝန်ဒေါ်ပိုပို၊ ဦးနွဲ့ (ဘော်လီဘော)၊ ဦးသံချောင်း (ဘတ်စကက်ဘော)၊ ဦးလှမြင့် (ဘားကျွမ်း) တို့ထံတွင် အားကစားပညာများ သင်တန်းတက်ရောက် သင်ယူခွင့် ရခဲ့သည်။

နယ်မြို့များသို့လှည့်လည်ကာ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဘောလုံး စသည့် အားကစားနည်းများကို ရက်တိုသင်တန်းများဖွင့်လှစ်ပို့ချပေးခဲ့သည်။ ထိုသင်တန်းများသည် မြန်မာနိုင်ငံ၏ အားကစားသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံအနှံ့အပြား အားကစား သင်တန်းများပို့ချပေးခြင်း ဖြစ်သည်။

၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၊ အောင်ဆန်းအားကစားကွင်း၌ အမျိုးသားတံခွန်စိုက် အားကစားပြိုင်ပွဲ ကျင်းပရာ ဒေါ်လီလီကြာညွန့်သည် သံလုံးပစ်နှင့်လုံတံပစ်ပြိုင်ပွဲများ၌ အကောင်းဆုံးစံချိန်များ ရ၍ အာရှအားကစားပွဲအတွက် ပဏာမရွေးချယ်ခံခဲ့ရပြီး မြန်မာ့အားကစားသမိုင်းတွင် နိုင်ငံကိုယ်စားပြု ပြည်ပသို့သွားရောက် ယှဉ်ပြိုင်ရသော ပထမဆုံး အမျိုးသမီး ဖြစ်လာသည်။

ဒေါ်လီလီကြာညွန့်သည် ကိုမြကြီး၏တေးဗိမာန်အဖွဲ့တွင် ကိုမင်းနောင်ရေးသည့် 'တနင်္ဂနွေ'၊ စန္ဒရားချစ်ဆွေရေးသည့် 'တချစ်ရှာရှာ'၊ ကိုမြတ်လေးရေးသည့် 'လာသေးတယ် သာအေးရယ်'၊ 'ယနေ့ပါဆိုရင်'၊ 'မေတ္တာ

မိုးတစ်ပေါက်'၊ 'ဟိုကမ္ဘာက ကြိုပါ'၊ 'မောင်ကြီးငြိမ်းချမ်း'၊ သောတမောင်၏ 'ခွန်းကြူလှည့်ကွယ်'၊ 'တွေးရခက်ကြီး' စသည့်သီချင်းများကို သီဆိုအသံလွှင့်ဖြစ်သည်။ ကိုမျိုးလှိုင်၏ ပဒေသာဓာတ်ပြားကုမ္ပဏီတွင် 'တွေးရခက်ကြီး၊ ယနေ့ပါဆိုရင်၊ လာသေးတယ်သာအေးရယ်၊ ခွန်းကြူလှည့်ကွယ်၊ တချစ်ရှာရှာ၊ မေတ္တာရွှေစောင်း' စသည့်သီချင်းများကို ဓာတ်ပြားသွင်းဖြစ်သည်။ အောင်လင်းရေးသည့် 'မေတ္တာရွှေစောင်း' သီချင်းမှာ ဒေါ်လီလီကြာညွန့်၏ အကျော်ကြားဆုံးသီချင်း ဖြစ်ခဲ့သည်။

ဒေါ်လီလီကြာညွန့်သည် အေဝမ်းခင်မောင် တီးဝိုင်းတွင် 'မအိုသေးတဲ့ချစ်သူ'၊ အိပ်မက်ပေးလို့ ချစ်ရေးဆိုသလား'၊ 'ပန်းကလေးဗေဒါ' စသည့်သီချင်းများကို သီဆိုသည်။ ထို့နောက် ရပ်နားနေသော ချိုတေးဆက်အဖွဲ့ ပြန်လည်လှုပ်ရှားရာ ကဗျာဆရာမောင်ယဉ်မော်က စာသားရေးပြီး ကိုအောင်ကိုးက အသံသွင်းသည့် 'အိုကွဲ့ကော်တော၊ 'စံပယ်ပန်းပန်ဦးမယ်' စသည့်သီချင်းတို့မှာ ထင်ရှားသည်။

ဒေါ်အောင်ကြည်တို့ထံမှ သီချင်းကြီးများ သင်ယူသည်။ သီချင်းကြီး အပုဒ် ၃၀ ခန့်ရပြီး မြန်မာညွန့်သီချင်းကြီးတူရိယာအဖွဲ့က သီချင်းများအသံလွှင့်ရာ ဓာတ်ပြား ၁၀ ချပ်ရသည်။

၁၉၈၇ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ ဗွီအိုအေ မြန်မာပိုင်း အသံလွှင့်ဌာနသို့ သွားရောက်အမှုထမ်းရသဖြင့် ဒေါ်လီလီကြာညွန့်လည်း လိုက်ပါသွားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး စန္ဒရားလှထွဋ်ခေါင်းဆောင်သောတီးဝိုင်းနှင့် ဗိုလ်ကလေးတင့်အောင်၏ 'သနပ်ခါးကျွန်မဘဝပုံပြင်' နှင့် 'အနုပညာသည်များသို့'၊ စန္ဒရားလှထွဋ်၏ 'ချစ်စိတ်' နှင့် 'အချစ်ပုံရိပ်'၊ စန္ဒရားချစ်ဆွေ၏ 'ညချစ်သူ'၊ ချိုတေးဆက်အောင်ကိုး၏ 'မောင်မောင်'၊ မောင်မောင်လတ်၏ 'မချစ်တော့ပစ်ပေ့ါ'၊ 'အဝေးဆုံးသို့' နှင့် 'နောက်များမှ ပန်တော့မယ်ရှင်' သီချင်းတို့ကို အသံသွင်းခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ဦးအောင်ကျော်နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ယောက်နှင့် သမီးသုံးယောက် ထွန်းကားသည်။ ဒေါ်လီလီကြာညွန့်သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်းဦးအောင်ကျော် (ဘဝသစ်) (စာရေးဆရာမောင်ကြာညို)၊ သားဦးမင်းခေါင်ကျော်၊ သမီး ဒေါက်တာရတနာကျော်၊ ဒေါ်အာသာဝတီကျော်၊ သားဦးသတိုးကျော်၊ သမီးဒေါ်ပုဏ္ဏမီကျော်နှင့် မြေးခုနစ်ဦးတို့ ကျန်ရစ်သည်။

**စိုးအောင်**

**လွတ်ငြိမ်းသက်သာခွင့်။** ။ နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများကို ပြစ်ဒဏ်ကျခံနေစဉ် စည်းကမ်းလိုက်နာမှု၊ ကောင်းမွန်စွာနေထိုင်မှုတို့ အပေါ်အခြေခံ၍ အကျဉ်းထောင်လက်စွဲနည်းဥပဒေ အပိုဒ် ၈၄၇ နှင့် ၈၄၈ တို့အရ အထူးလျှော့ရက်များ ခံစားခွင့်ပြုပေးလျက်ရှိသည်။ ၂၀၁၇ ခုနှစ် မြန်မာ့ နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလမတိုင်မီ အကျဉ်းထောင် စခန်းအသီးသီးမှ စည်းကမ်းလိုက်နာသူ၊ ကောင်းမွန်စွာနေထိုင်သူ အကျဉ်းသား၊ အကျဉ်းသူများကို နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ဘဝသစ်စတင်နိုင်ရန်ရည်ရွယ်၍ အထူးလျှော့ရက်ဖြင့် လွတ်ငြိမ်းခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၂) ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်ဖြင့် ထုတ်ပြန်သည်။

(က) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၃၉၁ ဦး၊ မ ၆၂ ဦး၊ စုစုပေါင်း ၄၅၃ ဦး
(ခ) မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၃၅၆ ဦး၊ မ ၄၈ ဦး၊ စုစုပေါင်း ၄၀၄ ဦး
(ဂ) စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၁၃၅ ဦး၊ မ ၁၂ ဦး၊ စုစုပေါင်း ၁၄၇ ဦး
(ဃ) ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၁၁၇ ဦး၊ မ ၆ ဦး၊ စုစုပေါင်း ၁၂၃ ဦး
(င) ရှမ်းပြည်နယ်ဦးစီးမှူးရုံး-ကျား ၁၀၁ ဦး၊ မ ၇ ဦး၊ စုစုပေါင်း ၁၀၈ ဦး
(စ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၁၃၉ ဦး၊ မ ၃၇ ဦး၊ စုစုပေါင်း ၁၇၆ ဦး

(ဆ) မွန်ပြည်နယ်ဦးစီးမှူးရုံး-ကျား ၃၀ ဦး၊ မ ၇ ဦး၊ စုစုပေါင်း ၃၇ ဦး
(ဇ) တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၂၅ ဦး
(ဈ) ကချင်ပြည်နယ်ဦးစီးမှူးရုံး-ကျား ၅၃ ဦး၊ မ ၇ ဦး၊ စုစုပေါင်း ၆၀ ဦး
(ည) ရခိုင်ပြည်နယ်ဦးစီးမှူးရုံး-ကျား ၈၆ ဦး၊ မ ၂၀ ဦး၊ စုစုပေါင်း ၁၀၆ ဦး
(ဋ) မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး-ကျား ၇၀ ဦး၊ မ ၁၁ ဦး၊ စုစုပေါင်း ၈၁ ဦး
(ဌ) ကယားပြည်နယ်ဦးစီးမှူးရုံး-ကျား ၆ ဦး၊ မ ၁ ဦး၊ စုစုပေါင်း ၇ ဦး
(ဍ) ကရင်ပြည်နယ်ဦးစီးမှူးရုံး-ကျား ၃၀ ဦး၊ မ ၃ ဦး၊ စုစုပေါင်း ၃၃ ဦး
(ပ) ကုန်ထုတ်လုပ်ငန်းဌာန- ကျား ၁၁၁ ဦး၊ မ ၁၂ ဦး၊ စုစုပေါင်း ၁၂၃ ဦး
(စုစုပေါင်း - ကျား ၁၆၅၀ ဦး၊ မ ၂၃၃ ဦး၊ စုစုပေါင်း ၁၈၈၃ ဦး)

အတူ တာဝန်ထမ်းဆောင် နိုင်စေရေးအတွက်လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံသားအကျဉ်းသား ၁၈၆ ဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း မေလ (၂၃) ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၈/၂၀၁၇) ဖြင့် ထုတ်ပြန်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း မေလ (၂၃) ရက်တွင် ပြည်ထောင်စု



**လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အကျဉ်းထောင်မှ လွတ်မြောက်လာသူများကို မိသားစုဝင်များက ကြိုဆိုကြစဉ်**

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကိုကြိုဆိုသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အများပြည်သူနှင့် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၉/၂၀၁၇) ဖြင့် ထုတ်ပြန်သည်။

မန္တလေးအကျဉ်းထောင်နှင့် အင်းစိန်အကျဉ်းထောင်တို့၌ အကျဉ်းကျခံနေရသော အကျဉ်းသား၊ ကျောင်းသား၊

ကျောင်းသူ ခုနစ်ဦးသည် ဩဂုတ်လ (၇) ရက် နံနက်ပိုင်းတွင် ပြန်လည်လွတ်မြောက်သည်။ ပြန်လည် လွတ်မြောက်လာသည့် ကျောင်းသား၊ ကျောင်းသူများမှာ မန္တလေးအကျဉ်းထောင်မှ ရွှန်းလဲ့ဝေကျော် (ခ) မအမြူး၊ ဟိန်းထက်အောင် (ခ) လီရှင်းထက်၊ လှိုင်မင်းဦး၊ ထွဋ်ခေါင်မျိုးဝင်း၊ အောင်ချမ်းမင်း၊ အင်းစိန်အကျဉ်းထောင်မှ ရဲထွဋ်အောင် (ခ) ထွဋ်ထွဋ်၊ သင်းနိုင်ဖြိုး (ခ) သက်ဖြိုးနိုင် (ခ) နောင်ကွဲတို့ ဖြစ်သည်။ အဆိုပါ အကျဉ်းသားများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၄) ရက် ရက်စွဲပါစာအမှတ် ၁၀၂ (၁)/၈/သမ္မတရုံးအရ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာ ခွင့်ပြုခြင်း ဖြစ်သည်။

**စိုးအောင်**

## လှမြင့်၊ ဒေါက်တာ (စီးပွားရေးပညာရှင်) (၁၉၂၀-၂၀၁၇)။

။ စီးပွားရေးပညာရှင်၊ ဘောဂဗေဒ ပညာရှင် ဒေါက်တာလှမြင့်ကို ၁၉၂၀ ပြည့်နှစ်၊ မတ်လ (၂၀) ရက်တွင် ပုသိမ်မြို့၌ မွေးဖွားသည်။ ငယ်စဉ်က ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်း၌ ၁၀ တန်း အောင်သည်အထိ ပညာသင်ယူသည်။

၁၉၃၆ ခုနှစ်တွင် တက္ကသိုလ် ဒုတိယသပိတ် မှောက်သောအခါ ဒေါက်တာလှမြင့်သည် ဥပစာ အထက်တန်းကျောင်း၌ ပညာသင်ယူနေချိန်ဖြစ်သည်။ ၁၉၃၇-၃၈ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ၏အိုးဝေမဂ္ဂဇင်း ၌ အင်္ဂလိပ်စာကဏ္ဍစာတည်း ဖြစ်လာသည်။ ၁၉၃၉ ခုနှစ်တွင် ဘောဂဗေဒဂုဏ်ထူးတန်း၌ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ [ B.A(Hons)] ကို ပထမအဆင့်ဖြင့် အောင်မြင်သည်။

ဒေါက်တာလှမြင့်သည် ၁၉၃၉ ခုနှစ်တွင် အင်္ဂလန် နိုင်ငံသို့ ပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသည်။ အင်္ဂလန်နိုင်ငံရှိ လန်ဒန်တက္ကသိုလ်၏ နာမည်ကြီး ကောလိပ်တစ်ခုဖြစ်သည့် လန်ဒန်စီးပွားရေးကောလိပ် (London School of Economics) ၌ တက်ရောက် ပညာသင် ယူရာ ၁၉၄၃ ခုနှစ်တွင် ဘောဂဗေဒပါရဂူဘွဲ့ [Ph.D (Economics)] ရရှိသည်။ ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ သို့ပြန်လာပြီး ရန်ကုန်တက္ကသိုလ်၌ ဘောဂဗေဒ ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် မြန်မာအစိုးရစီးပွားရေးအကြံပေးအရာရှိ အဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်သည်။ ဒေါက်တာ လှမြင့်သည် ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံသို့ ပြန်လည်သွားရောက်ပြီး အောက်စဖို့ဒ်တက္ကသိုလ်၌ အသစ်ဖွင့်သော မဖွံ့ဖြိုးသေးသောနိုင်ငံများ၏ ဘောဂဗေဒဘာသာရပ်ကို ကထိကအဖြစ် သင်ကြား ပေးသည်။



ဒေါက်တာလှမြင့်

၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရက ဒေါက်တာ လှမြင့်ကို မြန်မာနိုင်ငံသို့ပြန်လာရန် ဖိတ်ခေါ်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ခန့်အပ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရာထူးမှနုတ်ထွက်ပြီး အင်္ဂလန် နိုင်ငံသို့ ပြန်သွားခဲ့သည်။

ဒေါက်တာလှမြင့်သည် ကိုယ်တိုင်ပညာဆည်းပူး ခဲ့သော လန်ဒန်တက္ကသိုလ် လန်ဒန်စီးပွားရေးကောလိပ် (LSE) ၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဘောဂဗေဒ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး စီးပွားရေး မဟာဌာနမှူး (Dean of Economics) ရာထူးဖြင့် အငြိမ်းစား ယူသည်။ ၁၉၈၆ ခုနှစ်တွင် အငြိမ်းစားဂုဏ်ထူးဆောင် ပါမောက္ခ၊ ၁၉၈၆-၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ဒေသန္တရဖွံ့ဖြိုးရေးဘဏ်များ၌ စီးပွားရေးအတိုင်ပင်ခံ အရာရှိ (Consultant) အဖြစ် ဆောင်ရွက်သည်။

ဒေါက်တာလှမြင့်သည် ဘောဂဗေဒပါရဂူဖြစ်ပြီး နောင်တွင် မဖွံ့ဖြိုးသေးသောနိုင်ငံများ (ယခုဖွံ့ဖြိုးဆဲ

နိုင်ငံများ) ကို အထူးပြုလေ့လာသော ဖွံ့ဖြိုးရေးဘောဂဗေဒ (Development Economics) ပညာ၌ ကမ္ဘာတစ်ဝန်း ကျော်ကြားသူဖြစ်သည်။ ထို့ပြင် ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ဖွံ့ဖြိုးရေး အသီးအပွင့်ကို ပို၍မျှမျှတတ ခံစားရေး စသည်တို့ကိုလည်း လေ့လာတင်ပြသည်။

ကမ္ဘာ့ဘောဂဗေဒနယ်ပယ်တွင် H.Myint ဟူသောအမည်ဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ်တွင် ထင်ရှား သူလည်းဖြစ်သည်။

ဒေါက်တာလှမြင့်သည် ပါရဂူဘွဲ့ကျမ်းဖြစ်သော Theories of Welfare Economics (သက်သာချောင်ချိရေး ဘောဂဗေဒ-၁၉၄၈) စာအုပ်ကို ပြုစုထုတ်ဝေသည်။ ၁၉၇၁ ခုနှစ်တွင် Economic Theory and the Under-developed Countries (ဘောဂဗေဒသီအိုရီနှင့် ဖွံ့ဖြိုးမှု နောက်ကျသောနိုင်ငံများ) စာအုပ်ကို ပြုစုသည်။ ၁၉၈၀ ပြည့်နှစ်တွင် ပဉ္စမအကြိမ်မြောက်ပုံနှိပ်ခဲ့သော The Economics of the Developing Countries (ဖွံ့ဖြိုးဆဲ နိုင်ငံတို့၏ဘောဂဗေဒ) စာအုပ်သည် ဒေါက်တာလှမြင့်၏ အအောင်မြင်ဆုံးစာအုပ် ဖြစ်သည်။


ဒေါက်တာလှမြင့်သည် ၁၉၉၃ ခုနှစ်တွင် ပညာရေး လောကမှ အနားယူပြီးနောက်ပိုင်း ၁၉၉၄ ခုနှစ်တွင် UCLA ခေါ် University of California, Los Angeles [ကယ်လီဖိုးနီးယားတက္ကသိုလ် (လော့စ်အိန်ဂျလိစ်)] မှ ပါမောက္ခ Deepak Lal နှင့်တွဲဖက်၍ The Political Economy of Poverty, Equity and Growth (ဆင်းရဲခြင်း၊ သာတူညီမျှခြင်းနှင့်ဖွံ့ဖြိုးမှု) စာအုပ်ကို ပြုစုသည်။ ထိုစာအုပ်ကို ၁၉၉၆ ခုနှစ်တွင် Clarendon Press, Oxford က ထုတ်ဝေသည်။

ဒေါက်တာလှမြင့်၏ နှစ် ၅၀ ကျော်ကာလ လုပ်ဆောင်အောင်မြင်မှုများကို နိုင်ငံတကာမှ စီးပွားရေး ပညာရှင်တို့က From Classical Economics to Development Economics : Essays in Honor of H.Myint, Macmillan, London, 1994 စာအုပ်၌ မှတ်တမ်းတင်ဖော် ပြခဲ့သည်။

ကမ္ဘာကျော် မြန်မာလူမျိုးစီးပွားရေးပညာရှင် ဒေါက်တာလှမြင့်သည် အသက် (၉၇) နှစ်အရွယ် ၂၀၁၇ ခုနှစ်၊ မတ်လ (၉) ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘာမွန်ဂရက်ဆေးရုံ၌ ကွယ်လွန် သည်။

**စိုးအောင်**

**ဝါယာမ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၉ -၁၃၇၈) ။** ။ နိုင်ငံတော်သြဝါဒါစရိယ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ နတ်တလင်းမြို့၊ ဇီးကုန်းကလေးရပ်၊ ရတနာပုံတိုက်၊ ကန်တော်ဦးကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမကို ခမည်းတော် ဦးရွှေဆော့လေး မယ်တော် ဒေါ်အုန်းစိန်တို့က ၁၂၉၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ကျော် (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်း၊ နတ်တလင်း မြို့၊ ဇီးကုန်းကလေးရပ်ကွက်၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တဝါယာမ**

ဆရာတော်လောင်းလျာသည် ၁၃၁၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် နတ်တလင်းမြို့၊ ကန်တော်ဦး ကျောင်း ဆရာတော်ဘဒ္ဒန္တပညာဝံသကို ဥပဇ္ဈာယ် ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၉ ခုနှစ်၊ တန်ခူးလပြည့် ကျော် (၅) ရက်၊ သောကြာနေ့တွင် ဇီးကုန်းကလေးရပ် ဦးခင်မောင်၊ ဒေါ်တင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ် သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် နတ်တလင်းမြို့၊ ကန်တော်ဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊

ရတနာပုံတိုက်ဆရာတော်၊ မန္တလေးမြို့ တောင်ထီးလင်းတိုက် သဲကုန်းဆရာတော်၊ အုတ်ကျောင်းဆရာတော်၊ သူကြွယ်ကျောင်းဆရာတော်၊ သိမ်ကျောင်းဆရာတော်၊ မန္တလေးမြို့ ရွှေရေးဆောင်တိုက်ဆရာတော်၊ ကုသိနာရုံတိုက် ပျော်ဘွယ်ကျောင်းတိုက်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် နတ်တလင်းမြို့၊ ရတနာပုံတိုက်၊ ကန်တော်ဦးကျောင်းတိုက်၏ပဓာန နာယကတာဝန်ကို ဆောင်ရွက်တော်မူပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် လည်းကောင်း ၂၀၁၄ ခုနှစ်မှစ၍ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော် ဩဝါဒါစရိယတာဝန်ကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ဆရာတော်ဘဒ္ဒန္တဝါယာမသည် ၁၃၆၉ ခုနှစ်၊ (၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၇၉ နှစ်၊ သိက္ခာတော် ၅၉ ဝါအရ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄) ရက် (၁၇-၈-၂၀၁၆) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ဝိစိတ္တညာဏ၊ ဘဒ္ဒန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၉ -၁၃၇၉) ။** ။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၊ လက်ပံရှည်အုပ်စု၊ ရွှေရောင်တော် ဘုရားကြီးတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိစိတ္တညာဏကို ခမည်းတော် ဦးဘိုးမင်း၊ မယ်တော် ဒေါ်ဆေးတို့က ၁၂၈၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ သမန်းကုန်းကျေးရွာ၌ ဖွားမြင်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်တွင် သမန်းကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၅) ရက်တွင် ရန်ကုန်မြို့၊ ကျားကူးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တစန္ဒကို ဥပဇ္ဈာယ်ပြုလျှက် ရဟန်းဒါယကာ ဦးပါစိန် ရဟန်းဒါယိကာမ ဒေါ်စောတင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မြို့သစ်မြို့နယ်၊ သမန်းကုန်းကျောင်း မူလဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တရေဝတ၊ ဆရာတော်ဘဒ္ဒန္တကောဏ္ဍည၊ ရန်ကုန်မြို့ ကျားကူးကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ၊ ဘဒ္ဒန္တပညာဗုဒ္ဓ၊ ဘဒ္ဒန္တဝါယမ၊ ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော်ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တသုဒဿန၊ ဘဒ္ဒန္တဝေပုလ္လ၊ ဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာပဏ္ဍိတ) စသော စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်းကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၁၉ ခုနှစ်မှ ၁၃၂၂ ခုနှစ်ထိ သီတင်းသုံးပြီး တပည့်ရဟန်းများကို ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။ ၁၃၂၃ ခုနှစ်မှစ၍ တောင်တွင်းကြီးမြို့၊ ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက်တွင် သီတင်းသုံးလျက် ရှင်သာမဏေများကို ပျော်ပိုက်အောင်မွေးမြူ၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးကာ စာသင်တိုက်ကြီးများသို့အပ်နှံ၍ ချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ ဆရာတော်သည် နွေရာသီကျောင်းပိတ်ရက်များတွင် ပတ်ဝန်းကျင်ကျေးရွာ ၃၀ ကျော်မှ ရှင်သာမဏေ ၄၀ ခန့်နှင့် ကျောင်းသားကျောင်းသူ ၁၀၀ ကျော်တို့ကို နှစ်စဉ်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပထမအကြိမ်မှ ပဥ္စမအကြိမ်အထိ တောင်တွင်းကြီး မြို့နယ်မှ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော် ဝိနည်းဓိုရ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ပျံလွန်တော်မူချိန်တွင် နိုင်ငံတော် ဩဝါဒါစရိယ တာဝန်အစရှိသော သာသနာရေးကိစ္စများကို ဆောင်ရွက်ခဲ့သည်။


ဆရာတော်သည် ကျောင်းသားကျောင်းသူများ လိမ္မာယဉ်ကျေး၍ လူကောင်းလူတော်များဖြစ်လာစေရန် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ပရဟိတာဝဟဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ စသောနာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် နိုင်ငံတော်အစိုးရက ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသာနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၀၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅) ရက် (၁၆-၄-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ဝိဇယ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၃၀၀ -၁၃၇၈) ။ ။** ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ ကျောင်းကြီးစု (ဝါးပြာ) ရပ်ကွက်၊ ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိဇယ (အဂ္ဂမဟာပဏ္ဍိတ) ကို ခမည်းတော် ဦးလုံးထွန်းအေး မယ်တော် ဒေါ်ပုံ့နန်းစောတို့က ၁၃၀၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်နယ်၊ ပင်လောင်းမြို့၊ မြို့မအရှေ့ရပ်ကွက်၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ်တွင် ပင်လောင်းမြို့၊ မြို့မမွေတော်ကျောင်း ဆရာတော်



**ဘဒ္ဒန္တဝိဇယ**

ဘဒ္ဒန္တစိန္တာကဝိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၉) ရက်တွင် ဆောင်ဆီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ ဦးလုံးညို ဒေါ်ပုံ့နန်းညာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပင်လောင်းမြို့၊ မြို့မမွေတော်ကျောင်းကြီး ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်လောင်းလျာသည် ပင်လောင်းမြို့၊ မြို့မကျောင်းကြီး ဆရာတော်ဘဒ္ဒန္တစိန္တာကဝိ၊ ညောင်ရွှေမြို့ကန်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝိမလာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)၊ မန္တလေးမြို့ မင်္ဂလာဘုံကျော် ညောင်ကန်တိုက် အောင်မြေရတနာကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ကျောက်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊ တောင်ပြင်ထီးလင်းတိုက် ဩဝါစာချဆရာတော် ဘဒ္ဒန္တဝဇီရဗုဒ္ဓိ၊ ရန်ကုန်မြို့၊ ဗဟန်း၊ အလယ်တောရပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် စာချဆရာတော်ဘဒ္ဒန္တသုမန၊ အရှင်ပညာသာရ အစရှိသော စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယ ဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့၊ ပိဋကတ်ရှမ်းဘာသာပြန်ကျောင်းတိုက်တွင် နှစ်နှစ်တိုင်တိုင် စာပေပို့ချခဲ့ပြီး ၁၃၂၈ ခုနှစ်မှစ၍

တောင်ကြီးမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်တွင် စာချ နာယကတာဝန်ဖြင့် ပရိယတ္တိစာပေတို့ကို ပို့ချခဲ့သည်။ ဝေဠုဝန်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် ဝေဠုဝန်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကတာဝန်ကို ထမ်းဆောင်တော်မူလျက် (၁) ဝိသုဒ္ဓိမဂ္ဂပါဠိ အဋ္ဌကထာ (ရှမ်းဘာသာပြန်+ ရှမ်းပါဠိ)၊ (၂) ပါဠိစာပေအရေးအသား (ရှမ်းဘာသာ)၊ (၃) ဝေဠုဝန်ကျောင်းတိုက် သမိုင်းအကျဉ်း၊ (၄) ပိဋကတ်စာပေကို ရှမ်းမြန်မာဘာသာပြန်ဆိုခြင်း အစရှိသော ကျမ်းစာများကိုလည်း ရေးသားခဲ့သည်။

ဆရာတော်သည် ရှမ်းပြည်နယ်လုံးဆိုင်ရာ ပိဋကတ်ရှမ်းဘာသာပြန်သံဃာ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲတော်ကြီး၏အနုနာယကတာဝန်၊ ရှမ်းပိဋကတ်ဘာသာပြန် သံဃနာယကအဖွဲ့ချုပ် အနုနာယက၊ ညောင်ရွှေမြို့ ဝိနယာဒိနုဂ္ဂဇ စာမေးပွဲကြီး၏ ပုစ္ဆာကစာထောက်စာမဆရာတော်တာဝန်၊ တောင်ကြီးမြို့ အစိုးရပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတော်၊ တောင်ကြီးမြို့နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော်၊ ရှမ်းပြည်နယ် သံဃသမ္မတိရ သံဃာ့အဖွဲ့ချုပ် အနုနာယက၊ ရှမ်းပြည်နယ် သံဃာ့သမ္မတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၃ ခုနှစ်တွင် မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၈ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၂၀၁၆ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၀၊ သိက္ခာတော် ၆၀ ဝါအရ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက် (၅-၁-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**ဝင်းမွန်၊ တက္ကသိုလ် (၁၉၃၉-၂၀၁၇)။** ။ စာရေးဆရာ တက္ကသိုလ်ဝင်းမွန်နှင့် ဘာသာပြန်စာရေးဆရာ အောင်ခန့်အမည်ခံ ဦးဝင်းမွန်ကိုဦးအောင်သန်းခင်၊ ဒေါ်သန်းကြည်တို့က ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ မွေးဖွားသည်။



**တက္ကသိုလ်ဝင်းမွန်**

ငယ်စဉ်က ကမာစဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ဦးပညာ အလွတ်ပညာသင်ကျောင်းနှင့် ရန်ကုန်မြို့ မလွှကုန်း မြူနီစီပယ်ကျောင်းတို့၌ ပညာသင်ယူသည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်၍ ၁၉၅၈ ခုနှစ်တွင် ဥပစာ (ခ) တန်း၌ မြန်မာစာပထမရပြီး သာဒိုးအောင်ဆု ရရှိသည်။ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာစာဝိဇ္ဇာ (အထွေထွေဂုဏ်ထူးတန်း) အောင်မြင်သည်။ အမျိုးသားပညာဝန်ဦးဖိုးကျား၏ ဘဝနှင့်စာပေကျမ်းကိုပြုစု၍ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိသည်။

ဦးဝင်းမွန်သည် ၁၉၆၀ ပြည့်နှစ်တွင် မော်လမြိုင် ဥပစာကောလိပ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းသည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၂) မြန်မာစာဌာန၌ လက်ထောက်ကထိကဌာနမှူးအဖြစ် ဆောင်ရွက်သည်။ မြန်မာစာ သင်ကြားပို့ချရင်း နိုင်ငံရေးသိပ္ပံဘာသာကို ရန်ကုန် ဒေသကောလိပ် (၁) နှင့် (၃) တို့၌ ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ပူးတွဲသင်ကြားပို့ချသည်။

ဦးဝင်းမွန်သည် ၁၉၅၈ ခုနှစ်မှစ၍ ဆောင်းပါးများ ရေးသားသည်။ ကလေးမျက်ရှုပုံပြင်များ၊ တိုင်းညွှန့်ပြည်ဖူးပုံပြင်များနှင့် ခေတ်သစ်ကဗျာ မိတ်ဖွဲ့စာအုပ်

တို့ကို ရေးသားသည်။ ၁၉၆၈ ခုနှစ် အမျိုးသားစာပေ စာပဒေသာ တတိယဆုကို ခေတ်သစ်ကဗျာမိတ်ဖွဲ့စာအုပ်ဖြင့် ရရှိသည်။ အဆိုပါစာအုပ်သည် ဇော်ဂျီ၊ မင်းသုဝဏ်၊ ဒဂုန်တာရာ၊ နုယဉ်၊ ငွေတာရီ၊ ထွဏ်းနေနွယ်၊ ဗန်းမော်ညိုနွဲ့၊ မိုးစည်၊ ကြည်အေး၊ မင်းယုဝေနှင့် ဒေါင်းနွယ်ဆွေ တို့၏ ကဗျာများအနက် ထင်ရှားသော ကဗျာငါးပုဒ်စီကို ကဗျာဆရာတစ်ဦးချင်း၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့်အတူ အဓိပ္ပာယ်ဖွင့်ဆိုဝေဖန်ရင်း စာဖတ်သူနှင့်မိတ်ဖွဲ့ပေးထားသောစာအုပ် ဖြစ်သည်။ ထို့ပြင် အောင်ခန့်ကလောင်ခွဲဖြင့် လူ့သဘော လူ့သဘာဝကျမ်း၊ ရမ္မက်ဇာကရီ၊ ပညာရှင်သခင်မ၊ သူရိယကဗျာ၊ ရဲသွေးနီနီ တို့ကို ဘာသာပြန်ရေးသားသည်။ ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဘာသာပြန်စာပေ တတိယဆုကို ရဲသွေးနီနီ စာအုပ်ဖြင့် ရရှိသည်။

ဦးဝင်းမွန်သည် ၁၉၇၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ရွှေရတုသဘင်တွင် မြန်မာကဗျာ (၁၉၂၀-၁၉၇၀) စာတမ်းကို လည်းကောင်း၊ ၁၉၇၂ ခုနှစ် နိုင်ငံတကာစာအုပ်နှစ်တွင် ကျွန်တော်ဖတ်ခဲ့သော ဝတ္ထုများနှင့် ကျွန်တော့်အမြင် စာတမ်းကိုလည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၌ မြန်မာဝတ္ထုရှည် သမိုင်းစာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းသည်။

ဦးဝင်းမွန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းနိုင်ငံခြားဘာသာသိပ္ပံ၌ မြန်မာစာပေပညာရှင်အဖြစ် သွားရောက်အမှုထမ်းသည်။ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခဌာနမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးဝင်းမွန်သည် ၂၀၁၄ ခုနှစ် ၁၄ ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု တစ်သက်တာစာပေဆုနှင့် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆု တစ်သက်တာစာပေဆုတို့ကို ချီးမြှင့်ခြင်းခံရသည်။

စာရေးဆရာတက္ကသိုလ်ဝင်းမွန်သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် သားသုံးဦး၊ သမီးတစ်ဦးနှင့် မြေးခြောက်ဦး ကျန်ရစ်သည်။

**စိုးအောင်**

**သိရိန္ဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဘဒ္ဒမွ ဇောတိကဓဇ) (မြန်မာ ၁၂၉၀-၁၃၇၈)** ။ ။ နိုင်ငံတော်သြဝါဒါစရိယ၊ မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ လယ်ဝန်ပရိယတ္တိစာသင်တိုက်နှင့် မူလမင်းကွန်းဇေတဝန် ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒကို ခမည်းတော် ဦးဘထွန်း မယ်တော် ဒေါ်ဖွားရင်တို့က ၁၂၉၀ ပြည့်နှစ်၊ နယုန်လဆန်း (၁၄) ရက် သောကြာနေ့တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တ သိရိန္ဒ**

ဆရာတော်လောင်းလျာသည် အသက် ၁၆ နှစ်အရွယ်တွင် ပေါင်မြို့၊ ဇင်းကျိုက်ကျေးရွာ၊ ကျောက်သင်္ဘောကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူပြီး ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်တွင် ဆရာတော်ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ဦးချစ်လှ၊ ဒေါ်ကျင်စိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်သင်္ဘောကျောင်း ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဇင်းကျိုက်ကျေးရွာ၊ ကျောက်သင်္ဘောကျောင်း ဆရာတော်ဘဒ္ဒန္တနေမိန္ဒ၊ သထုံမြို့ လယ်ဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ ရန်ကုန်မြို့ အလယ်တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထားဝယ်မြို့၊

ယောသိတာရာမ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ယောသိတာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) စသောဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ကြားခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ သာသနဓဇဇောတိ ပါလဓမ္မာစရိယဘွဲ့၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယဘွဲ့နှင့် သုဝဏ္ဏဘူမိပိဋကတ္တယပါရဂူဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ဆရာတော်သည် သထုံမြို့ လယ်ဝန်ကျောင်းတိုက်နှင့် ထားဝယ်မြို့ ယောသိတာရာမကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ သင်ကြားပို့ချခဲ့သည်။ ဆရာတော်သည် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း၏နာယကနှင့် ပုစ္ဆာကတာဝန်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မာစရိယတန်း ပြင်ပစာစစ်တာဝန်တို့ကိုထမ်းဆောင်ခဲ့ပြီး သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးတွင် နိုင်ငံတော်ဝိနည်းဓိုရ် သဘာပတိဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်နှင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်ခဲ့သည်။


သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူ၍ လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တသိရိန္ဒအား နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါအရ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက် (၂၄-၃-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

## သီလဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၇ -၁၃၇၉)

။ ။ နိုင်ငံတော်ဩဝါဒါစရိယ၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတတဝန်းသိုကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသကို ခမည်းတော် ဦးလူရ၊ မယ်တော် ဒေါ်အီတို့က ၁၂၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက် သောကြာနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဆင်ဘိုကျေးရွာ၌ ဖွားမြင်ခဲ့သည်။



**ဘဒ္ဒန္တသီလဝံသ**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်၊ တပို့တွဲလဆန်း (၂) ရက်တွင် ကသာမြို့ မြောက်ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ခေါင်ဖူးကျေးရွာသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြစ်ကြီးနားမြို့၊ တလောကြီးကျေးရွာကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ကသာမြို့၊ မြောက်ကျောင်းဆရာတော်ထံ၌ လည်းကောင်း၊ မြစ်ကြီးနားမြို့၊ ဆင်ဘိုကျေးရွာ ခေါင်ဖူးသစ်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ၊ ရွှေကူမြို့ မြို့မကျောင်းဆရာတော် ဘဒ္ဒန္တဇဝန (အဘိဓဇ

မဟာရဋ္ဌဂုရု)၊ မြစ်ကြီးနားမြို့၊ ဝန်းသိုကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာဝေယံဘုံသာကျောင်းတိုက်၊ ရွှေရေးဆောင်ကျောင်းတိုက်များမှ စာချအကျော် ဆရာတော်ကြီးများထံတွင် လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ကြီးများထံတွင် လည်းကောင်း၊ အဌကထာဋီကာကျမ်းစာများကို သင်ယူဆည်းပူးခဲ့ပြီး ပထမပြန်စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်ခဲ့ပြီး ဓမ္မာစရိယတန်းကိုလည်း အောင်မြင်ခဲ့၍ ၁၃၁၅ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မြင်းဝန်ကျောင်းတိုက်၌ လည်းကောင်း၊ မိုးကောင်းမြို့ နမ္မတီး၊ ဥတ္တရာရာမကျောင်းတိုက်၌ လည်းကောင်း၊ မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ လည်းကောင်း ပရိယတ္တိစာပေများကို နေ့ဝါညဝါ သင်ကြားပို့ချခဲ့သည်။

ဆရာတော်သည် မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့တို့၌ ဓမ္မာစရိယနှင့် ပထမပြန်စာဖြေဌာနများရရှိအောင် ဆောင်ရွက်ခဲ့ပြီး စေတီတော်အဆူ ၃၀ ကို အသစ်တည်ထားမွမ်းမံပြင်ဆင်ရာတွင် ဦးဆောင်မှုပေးခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး မူလဝန်ဆောင် ၆၆ ပါးအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပထမအကြိမ်နှင့်ဒုတိယအကြိမ်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တတိယနှင့်စတုတ္ထအကြိမ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ ပဉ္စမအကြိမ် ၃ နှစ်သက်တမ်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ယခုပျံလွန်တော်မူချိန်အထိ နိုင်ငံတော် ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် အမျိုးဘာသာသာ သနာတော်အရေးကို အလေးပေးဆောင်ရွက်တော်မူခြင်း၊ ပရိယတ္တိသာသနာတော်ပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်တော်မူခြင်း၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးကို မနေမနား ကြိုးပမ်းဆောင်ရွက်တော်မူခြင်း၊ သာသနာတော်အရေးနှင့်ကြုံလာလျှင် လူမျိုးပုဂ္ဂိုလ်မထောက်ဘဲ သာသနာတော်အတွက် အလေးထားဆောင်ရွက်တော်မူသဖြင့် ရဟန်းရှင်လူတို့၏ ကြည်ညိုမှုကို ခံယူရရှိသည်။ ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၉ -ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်၊ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဇဘွဲ့တံဆိပ်တော်၊ ၂၀၀၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် ၂၀၁၂ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၉) (၁၈-၆-၂၀၁၇) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။


**မောင်ညိုထွန်း (မြန်မာစာ)**

**သုခိအောင် (ကျော်ဆန်း၊ ဦး) (၁၉၂၂-၂၀၁၇)။** ။ သုခိအောင်အမည်ဖြင့် စာပေများ၊ ပြဇာတ်နှင့် ရုပ်ရှင်ဇာတ်လမ်းများ၊ တေးသီချင်းများ ရေးသားပြုစုသူ ဦးကျော်ဆန်းကို ဦးသက်ဝင်း၊ ဒေါ်မြယဉ်တို့က ၁၉၂၂ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်တွင် မော်လမြိုင်မြို့၊ ထားဝယ်စုရပ်၊ ကျားတံတားလမ်း၌ မွေးဖွားသည်။

ငယ်စဉ်က ကျောက်ဆည်မြို့ရှိ ရေနားဘုန်းတော်ကြီးကျောင်း၌ ပညာသင်ယူသည်။ ဒုတိယကမ္ဘာ စစ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာနတွင် အစီအစဉ်လက်ထောက်အဖြစ် အမှုထမ်းသည်။ စစ်ပြီးနောက် အရေးပေါ်တက္ကသိုလ်နှင့်ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာဆည်းပူးသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး ဗိုလ်လောင်းသင်တန်းကျောင်း အမှတ်စဉ် (၅) သို့ တက်ရောက်သည်။ တပ်မတော် (ကြည်း) ဗဟိုစစ်ကျောင်းနှင့်ကာကွယ်ရေးဝန်ကြီးဌာန စိတ်ဓာတ်စစ်ဆင်ရေးဌာန၊ မြဝတီမဂ္ဂဇင်း တွဲဖက်အယ်ဒီတာ၊ စစ်နှလုံးဂျာနယ်နှင့်ရောင်ခြည်ဂျာနယ် အယ်ဒီတာချုပ်တာဝန်များ ထမ်းဆောင်သည်။

၁၉၆၂ ခုနှစ်တွင် သတင်းစဉ်အယ်ဒီတာချုပ်တာဝန်နှင့် ၁၉၆၄ ခုနှစ်တွင် မြန်မာ့အသံညွှန်ကြားရေးဝန်တာဝန်တို့ကို ထမ်းဆောင်သည်။ ၁၉၆၆ ခုနှစ်တွင်

မြန်မာသတင်းစာဆရာ ငါးဦးကိုဦးဆောင်ကာ ဂျာမနီနိုင်ငံ၌ Journalism Diploma သင်တန်းတက်ရောက်သည်။ ၁၉၆၈ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာပညာသင်တန်း၌ ကျောင်းအုပ်ကြီးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၄ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သုတေသနဌာန၌ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့်ထမ်းဆောင်သည်။ ၁၉၇၉ ခုနှစ်တွင် လမ်းစဉ်လူငယ်စည်းရုံးရေးဗဟိုကော်မတီ၌ တွဲဖက်အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်သည်။



သုခိအောင်

၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူနှင့် နောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၉ ခုနှစ်တွင် အစိုးရ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဦးဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီး ဌာနတွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။

ဆရာသုခိအောင် ရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ Morality of Myanmar (၁၉၉၇)၊ English Speaking & Mass Media (၁၉၉၇-၉၈)၊ နှစ်ငါးဆယ်ပြည့်ရွှေရတုတပ်မတော်စစ်ချီရေး တေးသီချင်းများတို့ဖြစ်သည်။ ပြဇာတ်နှင့်ရုပ်ရှင်ဇာတ်လမ်းများမှာ သွေးကပြောသောအခါ (ပြဇာတ်)၊ တို့ခေတ် တို့စနစ် တို့ချစ်တဲ့မြေ (ပြဇာတ်)၊ မိုးပြာရောင်ပေါ်က ကြယ်ဖြူတစ်ပွင့် (ရုပ်ရှင်)၊ အဖြူရောင်မေတ္တာ (ရုပ်ရှင်)၊ အပြန်လမ်းကချစ်မေတ္တာ (ရုပ်ရှင်)တို့ဖြစ်ပြီး ရေးစပ်ခဲ့သောသီချင်းများမှာ ငြိမ်းငြိမ်းအိသီဆိုသော စစ်သည်ကိုကိုရေ၊ စိမ်းမို့မို့သီဆိုသော စည်းလုံးညီညွတ်တဲ့တို့ရဲ့တပ်မတော်၊ ကြည်း ရေ လေ တပ်မတော်သားများသီဆိုသော သစ္စာလေးချက်သံမှိုနှက်၊ ဥမ္မာတင်သီဆိုသော ကြည်လင်သောအမြင်၊ တက္ကသိုလ်ဇော်မင်းမင်း၊ ကေတုဝင်းထွန်း၊ တက္ကသိုလ်ကိုကိုဇော်၊ မေဆွိ၊ စိမ်းမို့မို့၊ ငြိမ်းငြိမ်းအိတို့သီဆိုသော တို့တပ်မတော်တို့ဖြစ်သည်။

ဆရာသုခိအောင် (ဦးကျော်ဆန်း) သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မြမြ၊ သမီးတစ်ဦး၊ မြေး နှစ်ဦး၊ မြစ်တစ်ဦး ကျန်ရစ်သည်။

**စိုးအောင်**

## သုစိတ္တ၊ ဘဒ္ဒန္တ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (မြန်မာ ၁၂၉၃-၁၃၇၉) ॥ ॥

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့မိုးကုတ် ဝိပဿနာတိုက်ခွဲအမှတ် (၁၇၈)၊ လှိုင်နံ့သာ ဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တကို ခမည်းတော် ဦးချစ်စိန်၊ မယ်တော် ဒေါ်ရွှေဆက်တို့က ၁၂၉၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက် (သောကြာနေ့) တွင် နတ်မောက်မြို့နယ်၊ ကျွဲတူးကန်ကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက်တွင် ကျွဲတူးကန်ကျေးရွာ၊ တောရကျောင်းဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက်တွင် မြို့သစ်မြို့၊ ဓမ္မာသိဋ္ဌနာရာမကျောင်းတိုက်

ဆရာတော်ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ မြို့သစ်မြို့၊ လယ်ပြင်ရပ်ကွက်နေ ဦးကျော်ခင်၊ ဒေါ်ထွေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဓမ္မာသိဠနာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကျွဲတူးကန်ကျေးရွာ တောရကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ဓမ္မာသိဠနာရာမကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမကျောင်းဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒိသေန၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တကုမာရ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ စသောဆရာတော်များထံတွင် 'သာသနဇောတိကပဓရဓမ္မာစရိယဘွဲ့' ရရှိသည်အထိ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူသည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုလည်းကောင်း၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တာဝန်ကိုလည်းကောင်း၊ တိုင်းသံဃာ့ဝိနိစ္ဆယအဖွဲ့ သဘာပတိတာဝန်ကိုလည်းကောင်း၊ တိုင်းဝိနည်းမိုရ်တာဝန်ကိုလည်းကောင်း ထမ်းဆောင်ပြီး သာသနာပြုသက်တမ်း ၆၆ နှစ်အတွင်း အခြားဘာသာဝင်တို့ကို ဗုဒ္ဓဘာသာသို့သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ခြင်း၊ ဘာသာရေးစာပေများ ရေးသားခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း စသော သာသနာပြုတာဝန်များကို ထမ်းဆောင်တော်မူသည်။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောလုံ့လဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်းကြောင့် သာသနဒ္ဓဇရဝဟဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၁၃၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော 'အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့'၊ ၁၃၆၄ ခုနှစ်တွင် 'အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့' တံဆိပ်တော်တို့ကို အလှူခံရရှိတော်မူသည်။

ဆရာတော်သည် သာသနာတော် အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း (၂) (၂၁-၁၀-၂၀၁၇)ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။


**စိုးအောင်**

## သုမနာနန္ဒ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၂၉၆-၁၃၇၈) ။

။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ဆုတောင်းပြည့်ကျောင်းတိုက် ဦးစီးပဓာန နာယက၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာနန္ဒကို ခမည်းတော် ဦးအောင်သီး မယ်တော် ဒေါ်အေးယုံတို့က ၁၂၉၆ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်၊ သောကြာနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် သိမ်ချောင်းကျေးရွာ၌ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်တွင် အင်းစိန်မြို့နယ်၊ သိမ်ချောင်းကျေးရွာ အရှေ့ကျောင်းကြီး ဆရာတော် ဦးသီလာစာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက်တွင် ဆုတောင်းပြည့် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတနန္ဒကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတိုင်းဒေသကြီး ပုတီးကုန်းမြို့ ဦးပို ဒေါ်မယ်ကျင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် သိမ်ချောင်းရှေ့ကျောင်းကြီး ဆရာတော်ဦးသီလစာရနှင့် စာချဆရာတော်များ၊ ဆုတောင်းပြည့်ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနန္ဒ၊ အရှင်ပညာရက္ခိတ၊ မန္တလေးမြို့မဟာဝေယံဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ တောင်ထီးလင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)



**သုမနာနန္ဒ၊ ဘဒ္ဒန္တ**

စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့ပြီး အစိုးရစာချတန်းကို သံယုတ္တနိကာယ ဂုဏ်ထူးနှင့်တကွ အောင်မြင်တော်မူ၍ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆုတောင်းပြည့်ကျောင်းတိုက်၌ စာပေပရိယတ္တိများ ပို့ချခဲ့ပြီး ပဓာနနာယက ဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဝိနည်းဓိုရ်၊ မြို့နယ်သံဃာ့ဝန်ဆောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပညာရေးအဖွဲ့ငယ် အဖွဲ့ဝင် ဆရာတော်အဖြစ် သာသနာ့တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၈ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသာနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၆၃ ဝါအရ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀) ရက် (၂၂-၁-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**သောင်းဟန်၊ ဦး (၁၉၃၃-၂၀၁၇)။** ။ဦးသောင်းဟန်ကို ၁၉၃၃ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်တွင် မွန်ပြည်နယ်၊ သထုံမြို့၌ တိုင်းရင်းဆေးသမားတော်ကြီး ဦးဘိုးခြံနှင့် ဒေါ်နှင်းတို့က မွေးဖွားသည်။ မွေးချင်းမောင်နှမ ခုနစ်ယောက်အနက် အငယ်ဆုံးသားဖြစ်သည်။ ငယ်စဉ်ကတည်းက ပန်းချီပညာကို ဝါသနာထုံခဲ့သူ ဖြစ်သည်။

၁၃နှစ်အရွယ်တွင် သထုံမြို့မှ ပန်းချီ ဆရာကြီး ဦးအုံးမောင်ထံတွင် ပန်းချီပညာရပ်ကို စတင်သင်ကြားသည်။ ဆရာကြီးဦးအုံးမောင်ထံတွင် ရုပ်ရှင်ပိုစတာ ပန်းချီရေးနည်းကို အဓိကထား၍ သင်ယူလေ့ကျင့်ခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် သထုံမြို့၌ ကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၌ ပထမဦးဆုံး ရွှေတံဆိပ်ကို ဆွတ်ခူးရရှိခဲ့သည်။ ထိုဆုသည် အသက် ၁၅ နှစ် အရွယ် ကျောင်းနေစဉ်တွင်ရရှိသော ပထမဦးဆုံး ဆုတံဆိပ်ဖြစ်သည်။

ဦးသောင်းဟန်သည် ၁၉၅၉ ခုနှစ်တွင် သထုံမြို့ အထက်တန်းကျောင်းမှ မက်ထရစ်အောင်မြင်ခဲ့သည်။ သို့သော် မောင်သောင်းဟန်မှာ တက္ကသိုလ် ဆက်တက်ရန် စိတ်မဝင်စားဘဲ ပန်းချီပညာကိုသာ သင်ယူရန် စိတ်အားထက်သန်ခဲ့သည်။

၁၉၅၂ ခုနှစ်သို့ရောက်သောအခါ ဂျူဗလီဟော ခန်းမတွင်ဖွင့်လှစ်သော ပန်းချီပန်းပုသင်တန်းကျောင်းတွင် စတင်တက်ရောက် သင်ကြားခွင့်ရရှိခဲ့သည်။ မောင်သောင်းဟန်၏ ကျောင်းနေဖက်များမှာ သုခုမ အုံးခင်၊ S တင်ရွှေ စံရင်နှင့်စိန်တင်ဖေ (ရုပ်ရှင်ဒါရိုက်တာ) တို့ဖြစ်ကြသည်။ ကျောင်းအုပ်ကြီးမှာ ဦးခင်မောင်ဖြစ်ပြီး၊ နည်းပြများမှာ ဦး M တင်အေးက အခြေခံပုံဆွဲပညာကိုသင်ပြပြီး ဦးမြတ်ကျော်က ပန်းချီနည်းပညာကို သင်ပြခဲ့သည်။

မောင်သောင်းဟန်သည် ဂျူဗလီဟောရှိ ပန်းချီ/ ပန်းပုကျောင်းသို့တက်ရောက်ပြီး ခြောက်လအကြာတွင် မြန်မာနိုင်ငံနှင့်အမေရိကန်ယဉ်ကျေးမှု ပူးပေါင်း ဖလှယ်ရေးအဖွဲ့က ကျင်းပသော မြန်မာပြည်လုံးဆိုင်ရာ ပန်းချီပြပွဲတွင် ရွှေစလွယ်ဆု (2 nd GOLD AWARD) ရရှိခဲ့သည်။



**ဦးသောင်းဟန်**

၁၉၅၂ ခုနှစ်ကုန်ခါနီးတွင် ရွှေတိဂုံဘုရား တပေါင်းပွဲတော်ပန်းချီပြပွဲတွင် ဒုတိယဆုကို ထပ်မံရရှိခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်ပန်းချီ/ပန်းပုကျောင်းမှ ပန်းချီ ပညာဘွဲ့လက်မှတ်ကို ရရှိခဲ့သည်။ မောင်သောင်းဟန်သည် ပြင်ပပန်းချီဆရာကြီးများဖြစ်သော ဦးသိန်းဟန်၊ ဦးစံဝင်း၊ ဦးငွေကိုင်တို့ထံတွင်လည်း ပညာသင်ယူခဲ့သည်။

၁၉၅၃ ခုနှစ်မှာပင် ပညာရေးဝန်ကြီးဌာနတွင် ကျောင်းသင်ပန်းချီနည်းပြဆရာအဖြစ် စတင်အမှုထမ်းသည်။ ၁၉၅၄ ခုနှစ်တွင် ဒေါ်ခင်လှလှနှင့် တောင်ငူမြို့၌ လက်ထပ်သည်။ ထို့နောက် ၁၉၅၃-၅၆ ခုနှစ်အထိ ဖြူးမြို့နယ် အထက်တန်းကျောင်းတွင် လည်းကောင်း၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်ရှိ ပြည်ထောင်စု အထက်တန်းကျောင်းတွင် လည်းကောင်း၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် လူမှုဝန်ထမ်းကျားကျောင်းတွင်လည်းကောင်း ကျောင်းသင်ပန်းချီဆရာအဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကျောင်းဆရာဘဝမှနုတ်ထွက်ပြီးနောက် မိသားစုနှင့်အတူ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ၁၆၇ လမ်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုနှစ်မှာပင် ရှုမဝမဂ္ဂဇင်းတိုက်မှ ဦးကျော်က ပင်တိုင်သရုပ်ဖော်ပန်းချီရေးဆွဲရန် ဦးသောင်းဟန်ကို အလုပ်အပ်ခဲ့ဖြင့် ရှုမဝမဂ္ဂဇင်းတိုက်တွင် ပင်တိုင်သရုပ်ဖော်ပန်းချီဆရာအဖြစ် နှစ်နှစ်ကြာလုပ်ကိုင်ခဲ့သည်။ စာနယ်ဇင်းပန်းချီဆရာအဖြစ် မြဝတီ၊ သွေးသောက်၊ ပဒေသာ၊ နဝဒေး၊ စာပေဗိမာန်၊ တိုင်းရင်းသူ စသည့်ဂျာနယ်များ၊ စာစောင်များတွင်လည်း သရုပ်ဖော်ပန်းချီများကို ရေးဆွဲခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆောက်အအုံသစ်ကြီး၌ မြန်မာနိုင်ငံမှလှူဒါန်းသော နံရံကပ်ပန်းချီကားအရွယ် ဆီဆေးပန်းချီကားကို ဆရာကြီး ဦးM တင်အေးနှင့်အတူ ဆရာဦးသောင်းဟန် လက်စွမ်းပြခွင့်ရခဲ့သည်။

၁၉၆၀ ဝန်းကျင်ကာလမှစ၍ ပြန်ကြားရေးဝန်ကြီးဌာနမှကျင်းပသော အလုပ်သမားနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့၊ ပြည်ထောင်စုနေ့၊ ခပေါင်းပွဲတော်နေ့၊ ဒူးယားပွဲတော်နေ့များတွင် ဦးသောင်းဟန်ရေးဆွဲသော နံရံကပ်ပိုစတာပန်းချီ လက်ရာအများအပြားကို မြန်မာနိုင်ငံရှိ မြို့ကြီးများသို့ ပုံနှိပ်ဖြန့်ဝေခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ဦးသောင်းဟန်၏ "ပန်းချီသိပ္ပံသင်တန်း" ကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းပန်းချီသင်တန်း၌ အခြေခံပုံဆွဲပညာမှစပြီး (water colour) (oil colour) အထိ သင်ကြားပေးသည်။ ထိုရက်ပိုင်း တွင် ရန်ကုန်မြို့သို့ လာရောက်မတက်ရောက်နိုင်သူများ ၏ တောင်းဆိုချက်အရ "ပန်းချီသိပ္ပံစာပေးစာယူ အဝေးသင်တန်းကျောင်း" ကိုပါ ထပ်မံဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ ထုတ်ဝေခဲ့ခြင်းမရှိသော "ဣတ္ထိယအချောအလှရေးဆွဲနည်း" စာအုပ်ကို ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ထို့ပြင် "အခြေခံပန်းချီပညာ" စာအုပ်နှင့် "အရောင်ရွေးချယ်နည်းစာအုပ်" များကို နှစ်စဉ်ဆက်တိုက် ထုတ်ဝေရောင်းချခဲ့သည်။ ထို့နောက် ပန်းချီဦးသောင်းဟန်ရေးဆွဲသော "ပုံနှိပ်ပန်းချီကားချပ်များ" နှင့် "ပြက္ခဒိန်" များကိုလည်း ထုတ်ဝေခဲ့သည်။

၁၉၇၁ ခုနှစ်ကာလများတွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ (ပန်းချီပန်းပုကျောင်း) တွင် ပြင်ပပန်းချီဆရာကြီးများဖြစ်ကြသော ဦးဘကြည်၊

ဦးဘလှံလေး၊ ဦးငွေကိုင်၊ ဦးအုံးလွင်၊ ဦးသောင်းဟန် စသည့်ပုဂ္ဂိုလ်များကိုဖိတ်ကြား၍ အချိန်ပိုင်းဟောပြော ပို့ချခဲ့သည်။ ယင်းဆရာကြီးများအနက် ဦးသောင်းဟန် မှာ အသက်အငယ်ဆုံးပန်းချီဆရာတစ်ဦး ဖြစ်သည်။

ဆရာဦးသောင်းဟန်သည် အမျိုးသားညီလာခံ ကိုယ်စားလှယ်အဖြစ် အသိပညာရှင်၊ အတတ်ပညာ ရှင်များ အုပ်စုမှကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၌ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။


ဆရာဦးသောင်းဟန်သည် ၂၀၁၇ ခုနှစ် မေလ (၃) ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား သမီး ၆ ယောက်၊ မြေး ၆ ယောက်နှင့် မြစ် ၁ ယောက်တို့ ကျန်ရစ်ခဲ့သည်။

## သျှင်သီရိ၊ တက္ကသိုလ် (၁၉၄၃-၂၀၁၇)။ ။

တက္ကသိုလ်သျှင်သီရိကို ဦးချုပ်၊ ဒေါ်အေးရီတို့က ၁၉၄၃ ခုနှစ်၊ ဧပြီလ (၁၇) ရက်တွင် ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကျောက်တိုင်ကျေးရွာ၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးကိုကိုမြိုင်ဖြစ်သည်။

ဓမ္မာစရိယဘွဲ့ရပြီးနောက် ၁၉၆၀ ပြည့်နှစ်တွင် ပြည်တွင်းပြည်ပ သာသနာပြုသံဃာ့တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူပြီး ဘီ-ဒီ-တီ ဘွဲ့ရရှိသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ရရှိ သည်။

၁၉၆၃ ခုနှစ်တွင် အစိုးရ၏ဘုန်းတော်ကြီးသင် ပညာရေးစီမံချက်အရ မရမ်းကုန်းမြို့နယ်၊ ၈ ရပ်ကွက် တွင် စံပြသာသနာပြုကျောင်း တည်ထောင်ပြီး ဘုန်းတော်ကြီးသင် ပညာရေးကို ကျောင်းသား ၃၀၀ ကျော် ဖြင့် ဖွင့်လှစ်သင်ကြားပေးသည်။ ရန်ကုန်တိုင်း ဘုန်းတော်ကြီး သင်ကျောင်းများ ဥက္ကဋ္ဌအဖြစ် နှစ်နှစ်ဆောင်ရွက်ပြီး ဘုန်းတော်ကြီးသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး အထူးဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်တွင် ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများ ဆရာရရှိရေးနှင့် နယ်စပ် ဒေသနှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော် များ ပေါ်ထွက်လာရေးအတွက် ပြည်တွင်းပြည်ပ



တက္ကသိုလ် သျှင်သီရိ

သာသနာပြုသံဃာ့တက္ကသိုလ်ကို ရေကျော်ဘုတာရုံလမ်း ၌ တည်ထောင်ဖွင့်လှစ်သူများတွင်ပါဝင်ပြီး တစ်နှစ်လျှင် သံဃာအပါး ၃၀ နှစ်စဉ်မွေးထုတ်ပေးသည်။

တက္ကသိုလ်သျှင်သီရိသည် ကျောင်းဆရာလုပ်ရင်း၊ ပညာ သင်ယူရင်း ရပ်ကွက်ဆွမ်းလောင်းအသင်းများ၊ ပရိတ်အသင်းများ တည်ထောင်ပြီး ပရိတ်သင်တန်းများ၊ ဗုဒ္ဓဘာသာဆိုင်ရာ သင်တန်းများကို ရပ်ကွက်နှင့်ကျောင်း များ၌ ဖွင့်လှစ်သင်ကြားပေးသည်။ မြောက်ဥက္ကလာပ မြို့နယ် သံဃနာယကအဖွဲ့၏အစီအစဉ်ဖြင့် ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများကို သဒ္ဓမ္မဝါဒီဓမ္မာရုံ၌ သင်ကြားပို့ချပေး သည်။ ၁၉၉၂ ခုနှစ်မှစ၍ မယ်လမုစေတီတော်၌ ဗုဒ္ဓ ဘာသာယဉ်ကျေးမှုအဆင့်မြင့်သင်တန်းများ၊ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဝန်ကြီးများရုံး ဗုဒ္ဓဘာသာအသင်း၌ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်ကို ဗုဒ္ဓဘာသာသင်ခန်းစာများကိုလည်းကောင်း သင်ကြားပြသပေးသည်။

တက္ကသိုလ်သျှင်သီရိသည် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ တက္ကသိုလ် ဘာသာ ပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ ဓမ္မပါရဂူ (Ph.D) ဘွဲ့ကြီးကြပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်း ရေးမှူးအဖြစ် လည်းကောင်း၊ တက္ကသိုလ်ဗဟိုပညာရေး

အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်တွင်းသာသနာပြုဌာနခွဲ သာသနာပြုသင်တန်းဆရာအဖြစ် လည်းကောင်း၊ သံဃာ့တက္ကသိုလ် ဘုန်းတော်ကြီးသင်ပညာရေးဆရာဖြစ်သင်တန်းကျောင်း အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ကထိကအဖြစ်လည်းကောင်း၊ တောင်တန်းသာသနာပြုဗဟိုအဖွဲ့နှင့် သာသနာနုဂ္ဂဟအဖွဲ့တွင် ယဉ်ကျေးမှုဘာသာရပ်များ ပြုစုရေးအဖွဲ့ဝင်နှင့် နည်းပြအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

တက္ကသိုလ်သျှင်သီရိသည် ပညာရေးဝန်ကြီးဌာနတွင် မူလတန်းပြဆရာနှင့် အလယ်တန်းပြဆရာအဖြစ် လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် ပါတီသုတေသနဌာနကြီးတွင် လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။ ထို့ပြင် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် (ရန်ကုန်) သုတ္တန္တပိဋကမဟာဌာန ပါမောက္ခ တွဲဖက်ဌာနမှူးအဖြစ်လည်းကောင်း၊ သာထွန်းပြန့် ဓမ္မစာစောင် တာဝန်ခံစာတည်းမှူးအဖြစ် လည်းကောင်း၊ အကြံပေး ပညာရှင်အဖွဲ့နှင့် တက္ကသိုလ်ဘာသာပြန်အဖွဲ့ ကျမ်းပြုတာဝန်ခံအဖြစ် လည်းကောင်း၊ ဓမ္မဝိရဂျာနယ် စာတည်းမှူးချုပ်အဖြစ် လည်းကောင်း၊ မယ်လမုစေတီတော် အဘိဓမ္မာသင်တန်း သင်တန်း နည်းပြချုပ်အဖြစ် လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အင်္ဂလိပ်ဘာသာပြန် စာတည်းအဖြစ် လည်းကောင်း၊ တိုင်းရင်းသား ဖွံ့ဖြိုးမှုဒီဂရီကောလိပ် အချိန်ပိုင်းကထိကအဖြစ် လည်းကောင်း၊ သံဃတက္ကသိုလ် (ရေကူ) ကထိကဆရာကြီးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

တက္ကသိုလ်သျှင်သီရိသည် စာပေများကို ရေးသားပြုစုခဲ့ရာ ပုံနှိပ်ထုတ်ဝေပြီး စာအုပ် ၁၅၀ ကျော်၊ ဆောင်းပါး ၅၀၀ ကျော်၊ ပုံနှိပ်ရန်စီစဉ်ဆဲစာအုပ် ၂၀ ခန့်ရှိသည်။ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် စာအုပ် ၁၀၀ ကျော် ရေးသားခြင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန သုတ္တန္တပိဋက မဟာဌာနအတွက် ပြဋ္ဌာန်းကျမ်းစာများ ရေးသားပြုစုခြင်း၊ ပြည်တွင်းသာသနာပြုသင်တန်းအတွက် ပြဋ္ဌာန်းကျမ်းစာများ ရေးသားပြုစုခြင်းတို့ကြောင့် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသည်။ 'သိပ္ပံပညာရှင်များ မသိမြင်သေးသော ဗုဒ္ဓ၏ရုပ်နာမ်သဘာဝအမြင်များ' စာအုပ်ကို ရေးသားပြုစုသည့်အတွက် ၂၀၁၁ ခုနှစ်တွင် ဒေါက်တာအရှင်ပညိဿရ၏ ဓမ္မဒူတစာပေဆု ချီးမြှင့်ခြင်းခံရသည်။

ဦးကိုကိုမြိုင် ရေးသားထုတ်ဝေပြီးသည့်စာအုပ်များအနက် အချို့မှာ နတ်ပြည်ရောက်လမ်းညွှန် (၁၉၉၀)၊ ပဋ္ဌာန်းတန်ခိုးလက်တွေ့အကျိုး (၁၉၉၂)၊ ကိုယ်တွေ့ဖြစ်ရပ်မှန် သစ္စာတန်ခိုးတော်များ (၁၉၉၃)၊ မွေးရန့်သင်းထုံမြတ်သီလဂုဏ် (၁၉၉၅)၊ ဗုဒ္ဓယဉ်ကျေးမှုလာမြန်မာ့ဓလေ့ သာရေးနာရေးထုံးစံများ (၁၉၉၇)၊ မဟာလူသားကျင့်စဉ် (၂၀၀၁)၊ ပြည်ပသို့ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားအောင်ကြိုးပမ်းခဲ့ကြသူများ (၂၀၀၅)၊ ငါနှင့်ငါသာနှိုင်းစရာ (၂၀၀၆)၊ သေမင်းခေါ်တော့ အားကြရပြီ (၂၀၀၉)၊ သီလဂုဏ်ရည်၏ကောင်းကျိုးချမ်းသာများ (၂၀၁၁)၊ ဗုဒ္ဓဂေါတမ၏အနန္တစကြဝဠာနှင့် သိပ္ပံ၏အနန္တစကြဝဠာအမြင်များ (၂၀၁၂)၊ အညတရအမျိုးသားတို့၏ ကုသိုလ်ဆောင်ရာမြတ်ချမ်းသာ (၂၀၁၆) စာအုပ်များ ဖြစ်သည်။

သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သယ်ပိုးဆောင်ရွက်သည့် ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ) သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်တင်အေး၊ သမီး မစန္ဒာလင်း၊ မခင်သူဇာ၊ မစန္ဒာမြင့်နှင့်မြေးငါးဦး ကျန်ရစ်သည်။

**စိုးအောင်**

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (မြန်မာနိုင်ငံ) (၂၀၁၇)။** ။ နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်မှု

ပပျောက်ရေးလုပ်ငန်းစဉ်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်တွင် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များကို အသိပညာပေးရေး၊ ပြည်သူများကို ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုစဉ်

မူးယစ်ဆေးဝါးပြဿနာကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များဖြင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန်အတွက် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းတစ်ခုကို မြန်မာနိုင်ငံတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nation Office on Drugs and Crime) (UNODC) ၏နည်းပညာအကူအညီနှင့် (ပထမဆုံးအကြိမ်) ဆောင်ရွက်လျက်ရှိသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းအနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့်မှုခင်းများ၊ အန္တရာယ်များ၊ ကြောက်ရွံ့မှုများ မည်မျှလျော့ချနိုင်သည်ကို Index များနှင့် တိုင်းတာမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် လိုအပ်ချက်များ၊ လေ့လာဆန်းစစ်မှုများ၊ အခြေခံအချက်အလက်စုဆောင်းမှုများကို စနစ်တကျဆောင်ရွက်ပြီး ပြဿနာ၏အရင်းအမြစ်ကို ဖြေလျှော့နိုင်သည့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် applicable ဖြစ်သော လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာလျှော့ချနိုင်မည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် “Listen FIRST” ဟူသော ဆောင်ပုဒ်အတိုင်း လူငယ်များ၏ပြောကြားမှုကို ဦးစွာနားထောင်ပေးပြီး

လူငယ်များ၏ဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့်မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေးစသည်တို့ကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက် သွားကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ကို ဇွန်လ (၂၆) ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ကျင်းပရာ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) ဌာနေကိုယ်စားလှယ် Mr.Jeremy Douglas က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ် လွှာကို ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူ ခြောက်ဦးအား ဆုများပေးအပ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု နှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိမ် ၃၀ မြောက် ဖမ်းဆီးရမိသည့်မူးယစ်ဆေးဝါးများ မီးရှို့ ဖျက်ဆီးခြင်းအခမ်းအနားကို ဇွန်လ (၂၆) ရက် နံနက်ပိုင်း တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နား ကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီးအပါအဝင် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်၊ မွန်၊ ကရင်ပြည်နယ်၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ တို့က ဖမ်းဆီးရမိပြီး တရားရုံးပြီးပြတ်ချက်ရရှိပြီးသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်။ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၂၅ မျိုး၏တန်ဖိုးမှာ ကာလပေါက်စျေးအရ မြန်မာငွေကျပ် ၂၉၆,၄၀၀ သန်း ခန့် (အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၉၄ သန်းခန့်) ရှိ သည်။

မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနား ကို ဇွန်လ (၂၆) ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ဒေသကြီး အောင်မြေသာဇံမြို့နယ် ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၃၁ မျိုး၏တန်ဖိုးမှာ မြန်မာကျပ်ငွေ ၃၁,၉၆၀ ဒသမ ၅၁,၀၄၃ သန်း (အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၅၀,၀၃၇ သန်း) ဖြစ်သည်။

မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနား ကို ဇွန်လ (၂၆) ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်း/ ကယားဒေသအတွင်း ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး ၂၃ မျိုးကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ပြီး တန်ဖိုးမှာ မြန်မာ ငွေကျပ် ၁၉၅,၃၃၉ သန်း (အမေရိကန် ဒေါ်လာ ၁၄၃ ဒသမ ၆၃ သန်း) ဖြစ်သည်။

အဆိုပါအခမ်းအနားများတွင် မူးယစ်ဆေးဝါး များဖြစ်သည့် ဘိန်း ၁၃၂၃ ဒသမ ဝ၃၄၃ ကီလို၊ ဘိန်းဖြူ ၇၂၅ ဒသမ ၁၉၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁,၂၈၁,၂၉၀၊ ဘိန်းဆီခဲ ၅၆ ဒသမ ၃၄၄၇ ကီလို၊ ဆေးခြောက် ၂၂၈ ဒသမ ၆၇၉၅ ကီလို၊ အိုက်စ် ၁၈၆၂ ဒသမ ၆၇၈၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အမှုန့် ၄၅ ဒသမ ဝ၁၄၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၃၇၃၁ ကီလို၊ ဘိန်းညှိမှုန့် ၁၀၀၉ ဒသမ ၁၈၀၉ ကီလို၊ ကိုကင်း ၄၄၉ ဒသမ ၈၇၅ ကီလို၊ ဘိန်းစာမှုန့် ၁၈၃၄ ဒသမ ၈၅၈၆ ကီလို၊ ဘိန်းစာရွက် သုည ဒသမ ဝ၈၉၁ ကီလို၊ ဘိန်းစာရည် သုည ဒသမ ၁၇၁၂ လစ်တာ၊ ဘိန်းဆီရည် သုည ဒသမ ၇၉၈ လစ်တာ၊ ဘိန်းရည် ၇၉၆ ဒသမ ၈၁၉၇ လစ်တာ၊ ဘိန်းဖြူရည် သုည ဒသမ ဝ၅ဝ၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးရည် သုည ဒသမ ၁၅၃ လစ်တာ၊ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကတ်တမင်း ၁၅၈၆ ဒသမ ၂၅၂၂ ကီလို၊ မက်သဒုန်းဆေးရည် သုည ဒသမ ၄၀၁ လစ်တာ၊ အက်တက်စီ ၂၉ ပြား၊ Phensedyl ၅၇၅ ပြား၊

ထရာမဒေါလ် ၅၈၈ တောင့်၊ ထရာမဒေါလ် ထိုးဆေး ၁၇၁ ပုလင်း၊ ဗျူပရီနော်ဖင်း ထိုးဆေး ၄၇၇၉ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြား ၆၄၄၈ ပြား၊ ဒိုင်ယာဇီပမ် ဆေးပြား ၃၅၉,၁၄၆ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ၇၈၉ ပုလင်း၊ လိုရာဇီပမ်ဆေးပြား ၃၁၆ ပြား၊ Fentanyl ထိုးဆေး ၆၉၇ ပုလင်း၊ စိတ်ပြောင်း ဆေးဝါး ၆၆၂၀ ဒသမ ၅ ပြား၊ ကိုဒင်းချောင်းဆိုးပျောက်ဆေး ကိုးပုလင်းနှင့် ထိန်းချုပ်ဆေးဝါး ၇၀၆၀၃ ပြား၊ ထိန်းချုပ်ဓာတုပစ္စည်း များဖြစ်သည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၅၇၆၇၄၂ ပြား၊ ဆူဒိုအက်ဖီဒရင်း အမှုန့် ၄၉ ဒသမ ၉၉၅ ကီလို၊ အက်ဖီဒရင်း သုည ဒသမ ၀၈၉၉ ကီလို၊ ကဖင်း ၇၆၆၀ ဒသမ ၉၄၁၇ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၇၉၉ ဒသမ ၂၆ လစ်တာ၊ ဆာလ်ဖျူရစ်အက်စစ် ၂၀၃၆ ဒသမ ၆၈၁၅ လစ်တာ၊ အီသိုင်းအီသာ ၁၂၀၂ ဒသမ ၀၂ လစ်တာ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ် ပစ္စည်းများဖြစ်သည့် ကလိုရိုဖောင်း ၅၂၃၂ ဒသမ ၅ လစ်တာ၊ အက်စက်အရည် လစ်တာ ၃၀၀၀၊ အရက်ပြန် ၂၉ ဒသမ ၉၈ လစ်တာ၊ အရိုးမီးသွေး ၃၀၂၄ ဒသမ ၉၉၈ ကီလို၊ Bornon Nitride ၆၇ ဒသမ ၅ ကီလို၊ ကော့စတစ်ဆိုဒါ ၃၉ ဒသမ ၉၉၈ ကီလိုနှင့် ဘိန်းမျိုးစေ့ ၃၈ ဒသမ ၀၀၁၄ ကီလိုတို့ကို ဖျက်ဆီးနိုင်ပြီး အဆိုပါ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးမှာ မြန်မာငွေကျပ် ၅၂၃၆၉၈ ဒသမ ၂၈ သန်းကျော် (အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၀၇ သန်းကျော်) ဖြစ်သည်။

**စိုးအောင်**

**အမေရိကန်ပြည်ထောင်စု။** ။ **နိုင်ငံရေး** - ၂၀၀၉ ခုနှစ်မှစ၍ အမေရိကန်သမ္မတအဖြစ် ရှစ်နှစ်ကြာထမ်းဆောင်ခဲ့သည့် ဘားရက်အိုဘားမား၏ ရာထူးသက်တမ်းသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်ဆုံးပြီဖြစ်သည်။ ဘားရက်အိုဘားမားသည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးလူမည်းသမ္မတ တစ်ဦးဖြစ်ပြီး သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ သမ္မတသက်တမ်းအတွင်း အလုပ်လက်မဲ့ လျှော့ချနိုင်ခြင်း၊ ဘင်လာဒင်ကိုဖမ်းဆီးနိုင်ခြင်း၊ ကျန်းမာရေးစနစ်ကို ပြုပြင်နိုင်ခဲ့ခြင်း၊ ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ခြင်း စသည့်အောင်မြင်မှုတချို့ ရရှိခဲ့သည်။ အီရတ်နှင့်အာဖဂန်နစ္စတန်ရှိ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေကို ၁၈၀,၀၀၀ မှ ၁၅,၀၀၀ အထိ လျှော့ချနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီမှ ဒေါ်နယ်ထရန့်က အနိုင်ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်တွင် ဒေါ်နယ်ထရန့်က ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထရန့်သည် သမ္မတဖြစ်ပြီးနောက် ပထမဆုံး လုပ်ဆောင်မှုအနေဖြင့် သမ္မတဟောင်းအိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Obamacare) ကို ဖျက်သိမ်းရန် လက်မှတ်ရေးထိုးခဲ့သည်။

ဒေါ်နယ်ထရန့်၏ကျမ်းသစ္စာကျိန်ဆိုမှုကို ဝါရှင်တန်နှင့် အခြားမြို့ကြီးပေါင်းများစွာ၌ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒပြပွဲများကြောင့် ဝါရှင်တန်မြို့ရှိအိမ်ဖြူတော်နှင့် နေရှင်နယ်ဖော အမျိုးသားပန်းခြံတစ်ဝိုက်မှ လှုပ်ရှားမှုများ ရပ်ဆိုင်းလုနီးပါး ဖြစ်စေခဲ့သည်။

ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ဇွန်လ (၂) ရက်တွင် ကြေညာလိုက်သည်။ ပါရီသဘောတူညီချက်သည် အမေရိကန်ကို ဘီလျံပေါင်းများစွာ ဆုံးရှုံးနစ်နာစေမည်ဖြစ်ပြီး တရုတ်၊ အိန္ဒိယ၊ ဥရောပ စသောပြိုင်ဘက်များကို အသာစီးရစေသည်ဟု ထရန့်က ပြောကြားသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှု ဒုတိယအများဆုံး ဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆင်ကမူ အမေရိကန်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို ဆက်လက်လျှော့ချသွားမည်ဟု ပြောကြားခဲ့သည်။

**လူဝင်မှုကြီးကြပ်ရေး** - သမ္မတဒေါ်နယ်ထရန့်သည် ဒုက္ခသည်များနှင့် ခိုလှုံခွင့်ရရန်ကြိုးပမ်းသူများ ဝင်ရောက်မှုကို ရပ်ဆိုင်းရန်နှင့် မွတ်စလင်ခုနစ်နိုင်ငံမှ ခရီးသွားများ

အပေါ် တင်းကျပ်သည့် ထိန်းချုပ်မှုများပြုလုပ်ရန် အမိန့်တစ်ရပ်ကို ဇန်နဝါရီလ (၂၇) ရက်က ပြဋ္ဌာန်းလိုက်သည်။ ယင်းပြဋ္ဌာန်းချက်အရ နိုင်ငံတွင်းသို့ ဒုက္ခသည်ဝင်ရောက်မှုကို လေးလထက်မနည်းပိတ်ပင်ပြီး ဆီးရီးယားဒုက္ခသည်များ၏ဝင်ခွင့်ကို အကန့်အသတ်မရှိ တားမြစ်မည်ဖြစ်သည်။ အီရန်၊ အီရတ်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်၊ ဆီးရီးယား၊ ယီမင်နိုင်ငံတို့မှ ခရီးသွားများကို ရက် ၃၀ အတွင်း ဗီဇာထုတ်ပေးမည်မဟုတ်ဟု သိရှိရသည်။ ယင်းအမိန့်ကြောင့် အမေရိကန်လေဆိပ်များတွင် လူပေါင်းများစွာ ပိတ်မိသောင်တင် နေခဲ့ရသည်။ ထရန့်၏ ခရီးသွားလာခွင့်ပိတ်ပင်မှုအပေါ် ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေက သဘောမတူကြောင်းထုတ်ပြန်ခဲ့ပြီး အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဖာရစ်ဇ်ကလည်း ထရန့်၏လုပ်ဆောင်မှုသည် အစ္စလာမ်ကမ္ဘာကို



**အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက်သမ္မတအဖြစ်**
**ဒေါ်နယ်ထရန့် ကျမ်းသစ္စာကျိန်ဆိုစဉ်**

စော်ကားလိုက်ခြင်းဖြစ်သည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

လူဝင်မှုပိတ်ပင်ရေးအမိန့်သစ်၏ တစ်စိတ်တစ်ပိုင်းကို ဖက်ဒရယ်တရားသူကြီးတစ်ဦးက ဇန်နဝါရီလ (၂၈) ရက်တွင် တားမြစ်လိုက်ပြီး အမေရိကန်လေဆိပ်များတွင် ပိတ်မိနေကြသော ဒုက္ခသည်များကို နေရပ်သို့ ပြန်ပို့နေခြင်းအားရပ်တန့်ရန် အမိန့်ထုတ်ခဲ့သည်။ ယင်းအမိန့်ကို တစ်နိုင်ငံလုံးတွင် ဆိုင်းငံ့ရန် ဖေဖော်ဝါရီလ (၃) ရက်က အမိန့်ချမှတ်ခဲ့သည်။ ဖေဖော်ဝါရီလ (၄) ရက်တွင် အစိုးရအဖွဲ့က ယင်းဆိုင်းငံ့မှုနှင့်ပတ်သက်၍ အယူခံဝင်ခဲ့သော်လည်း ဖက်ဒရယ်တရားရုံးက ပယ်ချခဲ့သည်။

ဒေါ်နယ်ထရန့်သည် မတ်လ (၆) ရက်တွင် ခရီးသွားလာခွင့်ပိတ်ပင်မှုအမိန့်သစ်ကို လက်မှတ်ရေးထိုးသည်။ အမိန့်သစ်တွင် အီရတ်နိုင်ငံကို ကင်းလွတ်ခွင့်ပေးခဲ့ပြီး အမေရိကန်နိုင်ငံ၌ ဥပဒေနှင့်အညီ အမြဲတမ်းနေထိုင်ခွင့်ရသူများနှင့် တရားဝင်ဗီဇာ ကိုင်ဆောင်ထားသူများကိုလည်း ကင်းလွတ်ခွင့်ပေးခဲ့သည်။ ယင်းအမိန့်သစ်ကိုလည်း ဟာဝိုင်ယီရှိ ဖက်ဒရယ်တရားရုံးက တားမြစ်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ အသက် ၁၆ နှစ်မပြည့်မီကလေးအရွယ်တွင် တရားမဝင်ရောက်ရှိခဲ့သည့် ရွှေ့ပြောင်းလူငယ် ၈၀၀,၀၀၀ တို့အား ကင်းလွတ်ခွင့်ပေးထားသည့် အစီအစဉ်ကို သမ္မတဒေါ်နယ်ထရန့်က စက်တင်ဘာလ (၅) ရက်တွင် ရုပ်သိမ်းလိုက်သည်။

ရွှေ့ပြောင်းလူငယ်အများစုသည် လက်တင်အမေရိက နိုင်ငံများမှ ဝင်ရောက်လာသူများဖြစ်ကြသည်။ ယင်းသို့ ရုပ်သိမ်းလိုက်သဖြင့် ၎င်းတို့သည် တရားမဝင် နေထိုင်သူများအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပြီး ခြောက်လမှ ၂၄ လအတွင်း နိုင်ငံမှနှင်ထုတ်ခံရမည် ဖြစ်သည်။

**အာရှနိုင်ငံများနှင့်ဆက်ဆံရေး** - ဒေါ်နယ်ထရန့်၏ အမေရိကန်ပထမမူဝါဒကြောင့် အာရှဗဟိုပြုမူဝါဒ ပြောင်းလဲသွားမည်ကို စိုးရိမ်မှုများဖြစ်ပေါ်နေစဉ် အမေရိကန်ကာကွယ်ရေးဝန်ကြီးသစ် ဂျိမ်းမာတစ်သည် ပထမဆုံးခရီးစဉ်အဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ဖေဖော်ဝါရီလ (၁) ရက်က ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီလ (၃) ရက်တွင် ဂျပန်နိုင်ငံသို့ ခရီးဆက်ခဲ့သည်။ ဂျိမ်းမာတစ်၏ခရီးစဉ်သည် အမေရိကန်နှင့် တောင်ကိုရီးယား၊ ဂျပန်တို့ကြားမှ ရင်းနှီးသော ဆက်ဆံရေးကို ရောင်ပြန်ဟပ်နေကြောင်းနှင့် တောင်ကိုရီးယားကို စစ်ရေးအရ ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ထုတ်ပြန်သည်။

သမ္မတဒေါ်နယ်ထရန့်သည် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံအကြား တင်းမာမှုများကို လျော့ကျစေရေး အတွက် ဖေဖော်ဝါရီလ (၉) ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ ဖုန်းဖြင့်ဆက်သွယ်ပြီး တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလက်ခံသည်ဟု ပြောကြားခဲ့ပြီး အချင်းချင်း အပြန်အလှန်လည်ပတ်ကြရန် ဖိတ်ခေါ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်နှင့် ပိုင်နက်အငြင်းပွားမှု ဖြစ်ပွားနေသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဝါရှင်တန်သို့လာရောက်၍ ထရန့်နှင့်တွေ့ဆုံခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း သိန်းပေါင်းများစွာကို ဖန်တီးပေးနိုင်သည့် စီးပွားရေးသဘောတူညီချက်များ အတွက် ဆွေးနွေးခဲ့ကြသည်။

ထရန့်သည် နိုဝင်ဘာလ (၄) ရက်မှစတင်၍ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင် နိုင်ငံတို့သို့ ၁၁ ရက်ကြာသွားရောက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံ၌ အရှေ့တောင် အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေး များသို့တက်ရောက်သည်။ ၂၅ နှစ်အတွင်း အမေရိကန် သမ္မတတစ်ဦး၏ အရှည်ကြာဆုံးအာရှခရီးစဉ်ဖြစ်သည်။

**ရုရှားနိုင်ငံနှင့်ဆက်ဆံရေး**- ရုရှားနိုင်ငံနှင့်ဆက်ဆံရေး တွင် သမ္မတရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး ရုရှားနှင့် ပူးပေါင်းကြံစည်မှုရှိခဲ့သည်ဟူသောသတင်းများ ပေါ်ထွက်လာခဲ့သည်။ ဖုန်းခေါ်ဆိုမှုနှင့်ပတ်သက်၍ ပေါက်ကြားခဲ့သည့် အချက်အလက်များအရ ထရန့်နှင့် ၎င်း၏လက်ထောက်များသည် ရွေးကောက်ပွဲမတိုင်မီက ရုရှားထောက်လှမ်းရေးအရာရှိများနှင့် အကြိမ်ကြိမ် ဆက်သွယ်ခဲ့သည်ဟု နယူးယောက်တိုင်းမ်သတင်းစာ၌ ဖော်ပြခဲ့သည်။ ထရန့်ကမူ သတင်းအတုဖြစ်ကြောင်း ငြင်းဆိုကာ မီဒီယာများသည် အမေရိကန် တစ်မျိုးသားလုံး၏ ရန်သူဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ဒေါ်နယ်ထရန့်၏ နိုင်ငံတော် လုံခြုံရေးအကြံပေးပုဂ္ဂိုလ် မိုက်ကယ်ဖလင်းသည် ရာထူးလက်ခံရယူခြင်းမရှိမီ ရုရှားသံအမတ်ကြီး ဆာဂေးကစ်လီယက်နှင့် အမေရိကန်၏ပိတ်ဆို့ရေး မဟာဗျူဟာအကြောင်း ဆွေးနွေးခဲ့သည်ဟု စွပ်စွဲမှုများ ထွက်ပေါ်လာခဲ့ပြီးနောက် ဖေဖော်ဝါရီလ (၁၄) ရက်တွင် ရာထူးမှ နုတ်ထွက်သွားသည်။

ရုရှားနှင့်ပူးပေါင်းကြံစည်မှု ရှိ/မရှိနှင့်ပတ်သက်သည့်စုံစမ်းစစ်ဆေးမှုများကို ဦးဆောင်နေသူ ဖက်ဒရယ်ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ဒါရိုက်တာ ဂျိမ်းကိုမေကို မေလ (၉) ရက်တွင် ထရန့်က ရာထူးမှ ထုတ်ပယ်လိုက်သည်။ ရွေးကောက်ပွဲတွင် ထရန့် အသာရစေရေးအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်က မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်တစ်ခုကို ခွင့်ပြုပေးခဲ့သည်ဟု ကိုမေက ကောက်ချက်ချခဲ့သည်။ အမေရိကန်သမ္မတက အက်ဖ်ဘီအိုင် ဒါရိုက်တာတစ်ဦးကို ထုတ်ပယ်လိုက်ခြင်းသည် မကြုံစဖူးဖြစ်ရပ်တစ်ခုဖြစ်ပြီး ထရန့်၏ လုပ်ရပ်ကို ဝါးတားဂိတ်အရှုပ်တော်ပုံနှင့် နှိုင်းယှဉ်ပြောကြားခဲ့ကြသည်။ စုံစမ်းစစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး စစ်ဆေးမှုကို ဦးဆောင်ရန် အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးဟောင်း ရောဘတ်မူလာကို ဒုတိယရှေ့နေချုပ် ရော့ဒ်ရိုဆင်စတိန်းက မေလ (၁၇) ရက်တွင် တာဝန်ပေးလိုက်သည်။

ရွေးကောက်ပွဲတွင် ရုရှားကြားဝင်ခဲ့မှုနှင့် ပတ်သက်ပြီး ဒေါ်နယ်ထရန့်၏သမက်ဖြစ်သူ ဂျာရတ် ကက်ရှ်နာကို အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးကြောင်း သတင်းများတွင် ဖော်ပြသည်။ ကက်ရှ်နာသည် ရုရှားအစိုးရနှင့် လျှို့ဝှက်ဆက်ဆံရေးထူထောင်ရန် ရုရှားသံအမတ်ကြီးထံသို့ ကျမ်းသစ္စာကျိန်ဆိုပွဲအကြို အဆိုပြုချက်ပေးပို့ခဲ့သည်ဟု ထောက်လှမ်းရေးအစီရင်ခံစာတစ်ခု၌ ဖော်ပြထားသည်။

အမေရိကန်နှင့် ရုရှားကြား ဆက်ဆံရေးထိခိုက်စေသည့် သံတမန်ရေးဆိုင်ရာ ပဋိပက္ခဖြစ်ပွားခဲ့သည်။ ရုရှားနိုင်ငံတွင်းရှိ အမေရိကန်သံဝန်ထမ်း အရေအတွက်ကို စက်တင်ဘာလ (၁) ရက် နောက်ဆုံးထားပြီး ထက်ဝက်လျှော့ချရန် ရုရှားကတောင်းဆိုခဲ့သည်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်အစိုးရက ဆန်ဖရန်စစ္စကိုရှိ ရုရှားကောင်စစ်ဝန်ရုံးနှင့် ဝါရှင်တန်နှင့် နယူးယောက်မြို့တို့ရှိ သံရုံးများကိုပိတ်ပစ်ရန် ဩဂုတ်လ (၃၁) ရက်တွင် အမိန့်ထုတ်ခဲ့သည်။ ယင်းနောက် တစ်ရက်အကြာတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက အက်ဖ်ဘီအိုင်သည် သံတမန် ကင်းလွတ်ခွင့်ရှိသည့် သံရုံးဝန်ထမ်းတို့၏ နေအိမ်ခန်းများအပါအဝင် ဆန်ဖရန်စစ္စကို ကောင်စစ်ဝန်ရုံးကို ရှာဖွေစစ်ဆေးရန်နှင့် သံတမန်မိသားစုများကို နိုင်ငံမှထွက်ခွာရန် အတင်းအကျပ် ပြုလုပ်နေကြောင်း စွပ်စွဲပြောကြားခဲ့သည်။

ဖက်ဒရယ်အေးဂျင့်များသည် ပိတ်ပစ်ရန်အမိန့်ထုတ်ထားသည့် ရုရှားကုန်သွယ်ရေးသံအဖွဲ့ရုံးကို စက်တင်ဘာလ (၂) ရက်က ဝင်ရောက်စစ်ဆေးခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။ ရုရှားအစိုးရက သံရုံးဝန်ထမ်းများကို အမှန်တကယ်ဖယ်ရှားခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန်နှင့် အဆောက်အအုံများ၏ လုံခြုံရေးအတွက် သွားရောက်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ရော့သည် ရုရှားနိုင်ငံရှိ အမေရိကန်သံအဖွဲ့၏အကြီးအကဲ အန်တိုရီဝေါ့ဖရေးကိုဆင့်ခေါ်ပြီး ကန့်ကွက်သည့်စာ ပေးအပ်ခဲ့သည်။



**အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ရှိ ရုရှားကောင်စစ်ဝန်ရုံးကို တွေ့ရစဉ်**

**အရှေ့အလယ်ပိုင်း နိုင်ငံများနှင့်ဆက်ဆံရေး-** ဒေါ်နယ်ထရန့် သမ္မတတာဝန်ယူပြီးနောက် ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်သည်။ မေလ (၂၀) ရက်က ဆော်ဒီအာရေဗျသို့ရောက်ရှိခဲ့ပြီး မေလ (၂၁) ရက်တွင် မွတ်စလင်ခေါင်းဆောင် ၅၀ နှင့်တွေ့ဆုံကာ အစ္စလာမ်ဘာသာ၏ ငြိမ်းချမ်းသောပုံရိပ်အတွက် ၎င်း၏မျှော်လင့်ချက်ကို ပြောကြားခဲ့သည်။ ထို့ပြင် ဒေါ်လာ ၃၈၀ ဘီလျံတန်ဖိုးရှိ သဘောတူညီချက်များကို ချုပ်ဆိုနိုင်ခဲ့သည်။

မေလ (၂၂) ရက်က ဂျေရုဆလင်မြို့၌ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့်တွေ့ဆုံပြီး အီရန်နိုင်ငံအား နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်ကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများနှင့် စစ်သွေးကြွများအား ရန်ပုံငွေထောက်ပံ့ပေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် လက်နက်များတပ်ဆင်ပေးခြင်းတို့ကိုလည်း ချက်ချင်းရပ်တန့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထရန့်၏မှတ်ချက်ထွက်ပေါ်လာပြီးနောက် အီရန်သမ္မတဟတ်ဆန်ရိုဟာနီက အမေရိကန်၏ အရှေ့အလယ်ပိုင်းမဟာဗျူဟာကို လှောင်ပြောင်ခဲ့ပြီး အီရန်သည် ဒုံးစမ်းသပ်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု အခိုင်အမာပြောကြားလိုက်သည်။ ထရန့်သည် မေလ (၂၃) ရက်တွင် ဘက်သလီဟင်မြို့သို့သွားရောက်၍ ပါလက်စတိုင်းခေါင်းဆောင် မိုဟာမက်အဘတ်စ်နှင့် တွေ့ဆုံသည်။


ဒီဇင်ဘာလ (၆) ရက်တွင် ဂျေရုဆလင်ကို အစ္စရေး နိုင်ငံ၏မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်း ထရန့်က ကြေညာလိုက်သည်။ အစ္စရေးနှင့်ပါလက်စတိုင်း အကြားရှိ ပဋိပက္ခများကို ဖြေရှင်းရန် ချဉ်းကပ်မှုအသစ် စတင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်သံရုံးကို တဲအဗစ်မှဂျေရုဆလင်သို့ ပြောင်းရွှေ့ရန် လုပ်ငန်းစဉ်ကိုလည်း စတင်ခဲ့သည်။ ယင်းဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက် ဂါဇာကမ်းမြောင်တွင် ရာပေါင်းများစွာသော ပါလက်စတိုင်းတို့က အမေရိကန်နှင့် အစ္စရေးအလံများ၊ ထရန့်၏ဓာတ်ပုံများကို မီးရှို့ခဲ့ကြသည်။

**ကျူးဘားနိုင်ငံနှင့်ဆက်ဆံရေး** - သမ္မတအိုဘားမား လက်ထက် ၂၀၁၅ ခုနှစ်တွင် ကျူးဘားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ခဲ့သည်။ သို့ရာတွင် ဒေါ်နယ်ထရန့် သမ္မတတာဝန်ယူခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေး ယိုယွင်းလာခဲ့သည်။ ၂၀၁၆ ခုနှစ်မှစ၍ ဟာဗားနားရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းများသည် ကျန်းမာရေးဆိုင်ရာ တိုက်ခိုက်မှုများ ခံခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြသည်။ အမေရိကန် သံတမန်များ၏ ကျန်းမာရေးထိခိုက်စေရန် အသံလှိုင်း ကိရိယာအချို့ အသုံးပြုခဲ့သည်ဟု ယုံကြည်ရကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ ဝန်ထမ်းများသည် အကြားအာရုံချွတ်ယွင်းခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မှတ်ဉာဏ်ပျောက်ဆုံးခြင်းစသော ရောဂါလက္ခဏာများကို ခံစားခဲ့ကြရသည်။ ယင်းသို့ဖြစ်ပွားခဲ့ပြီးနောက် ကျူးဘားအစိုးရသည် အမေရိကန်သံတမန်များကို ကာကွယ်ရန် ပျက်ကွက်ခဲ့သည်ဟု အမေရိကန်အစိုးရက စွပ်စွဲခဲ့ပြီး အမေရိကန်နိုင်ငံရှိ ကျူးဘားသံတမန် ၁၅ ဦးကို နှင်ထုတ်ခဲ့သည်။

**စီးပွားရေး** - အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အစိုးရအဖွဲ့က အခွန်နှုန်းထားများလျှော့ချခြင်း အစီအစဉ်ကို ဧပြီလ (၂၆) ရက်တွင် ထုတ်ပြန်ခဲ့သည်။ ကော်ပိုရိတ်ခွန်များကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်သည်။ လူတစ်ဦးချင်းစီအခွန်ကောက်ခံမှုကိုလည်း ခုနစ်မျိုးမှသုံးမျိုးအထိ လျှော့ချသွားမည်ဖြစ်ပြီး ၃၉ ဒသမ ၆ ရာခိုင်နှုန်းကောက်ခံရာမှ ၁၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်းစသဖြင့် လျှော့ချကောက်ခံမည်ဖြစ်သည်။ ကွယ်လွန်သူများမှ ၎င်းတို့၏အမွေစား အမွေခံများထံ လွှဲပေးခဲ့သည့် ငွေသားနှင့်အိမ်ခြံမြေများအပါအဝင် ပစ္စည်းများအပေါ် ကောက်ခံသည့်အိမ်ခြံမြေအခွန်ကိုလည်း ဖျက်သိမ်းခဲ့သည်။ ၁၉၈၆ ခုနှစ်နောက်ပိုင်း အကြီးမားဆုံး အခွန်ကောက်ခံခြင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ပြီး အမေရိကန်သမိုင်းတွင် အကြီးမားဆုံးအခွန်လျှော့ချမှုဖြစ်ကြောင်း သမ္မတ၏စီးပွားရေးအကြံပေး ဂါရီကိုက ပြောကြားသည်။

**အာဇေယျ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၉-၁၃၇၉)** ။ ။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ် (၃) ရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ ပြည်နယ်ရွှေကျင်နိကာယဂိုဏ်း၏ ဩဝါဒါစရိယ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဇေယျကို ခမည်းတော်ဦးလုံးဆန်ဆု ၊မယ်တော်ဒေါ်ပါနန်းပိုးတို့က ၁၂၈၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်၊ တနင်္ဂနွေနေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ ဆွန်တန်ရပ်ကွက် (ဗမာလေးရပ်ကွက်) ၌ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၀) နှစ်အရွယ်တွင် ကျိုင်းတုံမြို့၊ မင်္ဂလာကျောင်း ဆရာတော်ဘဒ္ဒန္တရာဇိန္ဒကို ဥပဇ္ဈာယ်ပြု၍ ကျိုင်းတုံမြို့ ဦးပေါ်အောက်ထီး၊ ဒေါ်အောက်ပေါင်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၉ ခုနှစ်၊ နယုန်လဆန်း (၁) ရက်တွင် စွန်မွန်ကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒာစက္ကကို ဥပဇ္ဈာယ်ပြု၍ ဦးပေါ်အောက်ထီး ဒေါ်အောက်ပေါင်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျိုင်းတုံမြို့၊ မိုးနဲကျောင်း၊ ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။



**ဘဒ္ဒန္တ အာဇေယျ**

ဆရာတော်သည် ရှင်သာမဏေဘဝတွင် ကျိုင်းတုံမြို့ မင်္ဂလာကျောင်း၊ မိုးနဲကျောင်းဆရာတော်များထံတွင် ပရိယတ္တိအခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ ထို့နောက် ရဟန်းဘဝတွင် ညောင်ရွှေမြို့၊ ကန်ကြီး ပရိယတ္တိစာသင်တိုက် ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ (အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)၊ တိုက်အုပ် စာချဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ (အဂ္ဂမဟာ ပဏ္ဍိတ)၊ ဘဒ္ဒန္တပညာသာမိ၊ ဘဒ္ဒန္တဝါသေဋ္ဌ၊ ဘဒ္ဒန္တက္က န္ဒောဘာသ အစရှိသော စာချဆရာတော်ကြီးများထံတွင် ပိဋကတ် ကျမ်းဂန်စာပေများကို သင်ယူဆည်းပူးခဲ့ပြီး အစိုးရ ပထမပြန်စာမေးပွဲငယ်၊ လတ်၊ ကြီးနှင့် အစိုးရဓမ္မာ စရိယစာချတန်းကို အောင်မြင်သဖြင့် ၁၉၅၇ ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ ထို့ပြင် ဝိနယာဒိနုဂ္ဂဟ စာပြန်ပွဲတွင်လည်း အောင်မြင်ခဲ့သည်။

ဆရာတော်သည် ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိ စာသင်တိုက်နှင့်ကျိုင်းတုံမြို့၊ ဓမ္မောဒယပရိယတ္တိ စာသင်တိုက်တွင် တပည့်ရဟန်းသာမဏေများကို ရှင်ငယ်တန်း၊ မူလတန်း၊ ဝိနယဓမ္မတန်း၊ သုတ္တန္တဓမ္မတန်း နှင့် အဘိဓမ္မာတန်း စာပေကျမ်းဂန်များကို သင်ကြားပို့ချ ခဲ့သည်။ ဆရာတော်သည် ဓမ္မောဒယစာသင်တိုက်ခွဲ အနေဖြင့် ကျိုင်းတုံမြို့၊ ကတ်တောင်ကျေးရွာ၊ ဓမ္မိက ပုပ္ပါရုံကျောင်းနှင့် တာချီလိတ်မြို့ မဟာမြတ်မုနိဘုရားကြီး ကျောင်းတို့ကိုလည်း တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်)၊ ပြည်နယ် သံဃနာယကအဖွဲ့ဝင် (ရွှေကျင်) အဖြစ် ဆောင်ရွက် ခဲ့ပြီး ပျံလွန်တော်မူချိန်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွှေကျင်နိကာယဩဝါဒါစရိယအဖြစ် လည်းကောင်း၊ ရွှေကျင်နိကာယ ရတ္တညျူမဟာနာယက အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ မဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။


ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ် တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၉၁ သိက္ခာတော် ၇၁ ဝါအရ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၃) ရက် (၁၁-၇-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**အာဒိစ္စ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၉-၁၃၇၈) ။** ။ နိုင်ငံတော်ဩဝါဒါစရိယ၊ ဓမ္မာယုတ္တိ နိကာယ မဟာရင်ဂိုဏ်းချုပ် (ဂဏာဓိပတိ) မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကတိုးစံပြကျေးရွာ မဟာရင်ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌ ဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စကို ခမည်းတော် ဦးစိန်ဗင် မယ်တော် ဒေါ်မျှာ တို့က ၁၂၇၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့၊ ကွမ်ရိုက် ကျေးရွာ၌ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ်၊ ကဆုန် လဆန်း (၁၄) ရက်တွင် ချောင်းဆုံမြို့၊ ကွမ်ရိုက်ကျေးရွာ၊ ပဗ္ဗတမင်္ဂလာရာမ ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ



**ဘဒ္ဒန္တအာဒိစ္စ**

ကို ဥပဇ္ဈာယ်ပြု၍ ကွမ်းရိုက်ကျေးရွာ ဦးနှစ်၊ ဒေါ်လှရာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၂၉၉ ခုနှစ် တပို့တွဲလပြည့်ကျော် (၂) ရက်တွင် ဆရာတော်ဘဒ္ဒန္တ ဉာဏိဿရကို ဥပဇ္ဈာယ်ပြု၍ ဦးနှစ် ဒေါ်လှရာတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ချောင်းဆုံမြို့၊ ကွမ်းရိုက်ကျေးရွာ၊ ပဗ္ဗတမင်္ဂလာရာမကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ချောင်းဆုံမြို့၊ ကွမ်းရိုက်ကျေးရွာ၊ ပဗ္ဗတမင်္ဂလာရာမကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရ နှင့် စာချဆရာတော်များ၊ မော်လမြိုင်မြို့ ကတိုးကျေးရွာ မဟာရင်ကျောင်းဆရာတော် ဘဒ္ဒန္တဝုမိုပါလ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တရာဇိန္ဒ၊ မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဦးကြယ် (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တအရိယ၊ ဘဒ္ဒန္တဥက္ကံသနှင့် မန္တလေးမြို့ပေါ်ရှိ စာချအကျော်ဆရာကြီးများထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ အစရှိသော အဆင့်မြင့်ပရိယတ္တိ စာပေများကိုလည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ဆရာတော် ဘဒ္ဒန္တအာနန္ဒာမေတ္တယျ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ စသော ဆရာတော်များထံတွင် နှစ်နှစ်တိုင်တိုင် အင်္ဂလိပ်၊ ပါဠိ၊ သက္ကတ၊ ဟိန္ဒီစသော ဘာသန္တရစာပေများ၊ ပရိယတ္တိစာပေများသင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် အစိုးရပထမပြန်စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယစာသင်တန်း၊ စာချတန်း စာမေးပွဲများအောင်မြင်ခဲ့ပြီး ၁၃၁၀ ပြည့်နှစ်တွင် သာသနာဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိအောင်မြင်တော်မူခဲ့သည်။ ဝိနယစာမေးပွဲ ဝိနည်းငါးကျမ်း (ဒုတိယ) နှင့် လောကီပညာသတ္တမတန်းကိုလည်း အောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၃၁၄ ခုနှစ်မှစ၍ ကတိုးကျေးရွာ၊ မဟာရင်စာသင်တိုက်တွင် ၁၄ နှစ်တိုင်တိုင် တိုက်အုပ်ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၂၈ ခုနှစ်မှပျံလွန်တော်မူချိန်ထိ ပဓာနနာယကဆရာတော်အဖြစ် လည်းကောင်း၊ စာသင်သားသံဃာ ၁၀၀ ကျော်တို့ကို စီမံကွပ်ကဲအုပ်ချုပ်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့သည်။ ဆရာတော်သည် သုတ္တာဓိပ္ပါယ၊ ဓမ္မဒေသနာ နှင့် ရှင်ကျင့်ဝတ်အစရှိသည့် ကျမ်းစာအုပ် ၈ အုပ်ကို လည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ဂိုဏ်းပေါင်းစုံ (မော်ဘီ) သံဃာ့အစည်းအဝေးပွဲကြီး၏ မဟာရင်ဂိုဏ်းကိုယ်စားလှယ်၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃာ့သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မွန်ပြည်နယ်သံဃနာယကအဖွဲ့ (မဟာရင်) အကျိုးတော်ဆောင်၊ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာရင်)၊ နိုင်ငံတော်ဩဝါဒါစရိယတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ၁၃၅၇ ခုနှစ်မှစ၍ ပျံလွန်တော်မူချိန်အထိ ဓမ္မယုတ္တိ နိကာယ မဟာရင်ဂိုဏ်းချုပ် (ဂဏာပတိ) ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၃ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၃ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌ ဂုရုဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီး ဘဒ္ဒန္တအာဒိစ္စသည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၈၀ ဝါအရ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ (၁၁-၁-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

**အာရပ်-အစ္စရေး ပဋိပက္ခ။** ။ အာရပ်-အစ္စရေး ပဋိပက္ခသည် ရှေးနှစ်ပေါင်းများစွာကစတင်ကာ အကြောင်းအမျိုးမျိုးစေ့ဆော်ဖန်တီးမှုများဖြင့် ပေါ်ပေါက်လာရခြင်း ဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်းတွင် အော်တိုမင် အင်ပါယာသည် ဂျာမနီနှင့်ပူးပေါင်းကာ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကို ဆန့်ကျင်ခဲ့ရာ ပထမကမ္ဘာစစ်အပြီးတွင် ဂျာမနီစစ်ရှုံးပြီး အော်တိုမင်အင်ပါယာလည်း ပြိုကွဲခဲ့သည်။ စစ်နိုင်သူ အင်္ဂလိပ်တို့က အာရပ်တို့၏အလယ်တွင် ဂျူးလူမျိုးတို့နေထိုင်ရန် နယ်မြေကို ဖန်တီးကာ ဂျူးတို့ကို စုစည်းနေထိုင်စေခဲ့သည်။

ပါလက်စတိုင်းနယ်မြေရှိ ဂျူးလူဦးရေမှာ ၁၉၂၉ ခုနှစ်တွင် ယင်းဒေသလူဦးရေ၏ ၁၁ ရာခိုင်နှုန်းသာ ရှိခဲ့ရာ အင်္ဂလိပ်တို့ ထိန်းသိမ်းမှုအောက်ရှိ ဂျူးတို့ဝင်ရောက်လာမှုကြောင့် ၁၉၆၃ ခုနှစ်တွင် ၂၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ အစိုးရက ဂျူးတို့အား မြေယာဝယ်ယူခွင့်နှင့် အလုပ်သမားသီးသန့် ပေါ်လစီများပေးမှုတို့ကြောင့် ၁၉၂၀ ပြည့်နှစ်မှ ၁၉၃၉ ခုနှစ်အတွင်း ပါလက်စတိုင်းတို့က ဂျူးဆန့်ကျင်မှုများကို ပြုလုပ်ခဲ့ကြသည်။

သို့သော် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၄၇ ခုနှစ်တွင် အစ္စရေးနယ်မြေပိုင်းခြားရေးစီမံချက်ကို အကောင်အထည်ဖော်ခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် အစ္စရေးတို့က လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာခဲ့သည်။

အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံတို့၏ ပံ့ပိုးမှုဖြင့် ပါလက်စတိုင်းတို့က အစ္စရေးကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစ္စရေးတို့က ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ပြီး နယ်နိမိတ်ကို တိုးချဲ့လာခဲ့ရာ ပါလက်စတိုင်းလူမျိုး သုံးပုံနှစ်ပုံသည် စစ်ဘေးဒုက္ခသည်များဘဝသို့ ရောက်ရှိသွားခဲ့ရသည်။ ဤသို့ဖြင့် နယ်မြေလုစစ်ပွဲများမှာ ၁၉၅၆၊ ၁၉၆၇ နှင့် ၁၉၇၃ ခုနှစ်တို့တွင် ဆက်လက်ဖြစ်ပွားခဲ့ပြီး အစ္စရေးနယ်မြေများ ကျယ်ပြန့်လာခဲ့ရာ အစ္စရေးက ဂျော်ဒန်ပိုင် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းနယ်မြေ၊ အီဂျစ်ပိုင် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသနှင့် ဆီးရီးယားပိုင် ဂိုလန်ကုန်းမြင့်ဒေသစသည့် အိမ်နီးချင်းနယ်မြေများကို သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဆီးရီးယားနှင့် အီဂျစ်တို့ စစ်ရှုံးပြီးနောက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လာရာ ၁၉၇၈ ခုနှစ် "ဒေးဗစ် ငြိမ်းချမ်းရေး သဘောတူစာချုပ်" (David Peace Accord) အရ ဆိုင်းနိုင်းကျွန်းဆွယ်ကို အီဂျစ်အား ပြန်လည်ပေးအပ်ခဲ့သော်လည်း ကျန်နယ်မြေများကိုမူ ဆက်လက်သိမ်းပိုက်ထားခဲ့သည်။

ပါလက်စတိုင်းနှင့် ပတ်ဝန်းကျင်ရှိ အာရပ်လူမျိုးများက မကျေနပ်သဖြင့် ၁၉၈၀ ပြည့်နှစ်များအတွင်းတွင် အစ္စရေးတို့ကို ပြန်လည်တိုက်ခိုက်မှုများကို ပြုလုပ်ကြသည်။ ၁၉၉၀-၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲ (Gulf War) အပြီးတွင် ညှိနှိုင်းမှုများပြုလုပ်ခဲ့ရပြန်သည်။ ၁၉၉၃ ခုနှစ် တွင် အမေရိကန်ပြည်ထောင်စုက ပါလက်စတိုင်းနယ်မြေများ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ညှိနှိုင်းပေးခဲ့ပြီး အစ္စရေးတို့သိမ်းပိုက်ထားသောနယ်မြေ ၉၀ ရာခိုင်နှုန်းကို ပြန်လည်ပေးအပ်ရန် ရည်မှန်းထားခဲ့သည်။

သို့သော် ဘာသာရေးအရ အထွတ်အမြတ်ထားရာ ဂျေရုဆလင်မြို့ (Jerusalem) နှင့်ပတ်သက်၍ ဆွေးနွေးရန် ၂၀၀၀ ပြည့်နှစ်အထိ ရွှေ့ဆိုင်းထားခဲ့သော်လည်း အစ္စရေးအစိုးရအဖွဲ့ခေါင်းဆောင် အေရယ်ရှာရွန်နှင့် အဖွဲ့က ယင်းဆွေးနွေးပွဲကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားခဲ့ပြန်သည်။ အစ္စရေးတို့၏အဆိုအရ ဘာသာရေးနယ်မြေ (Holy sites) ဂျေရုဆလင်နှင့် ဘာသာရေးခေါင်းဆောင် အေဘရာဟင်ကို မြှုပ်နှံရာဖြစ်သော ဟေဘရွန် (Hebron) တို့သည် မိမိတို့ပိုင်နယ်မြေဖြစ်သည်ဟု ဆိုသည်။ ဂျေရုဆလင်သည် ၎င်းတို့၏မြို့တော်နှင့် ဘာသာရေး အချက်အချာဖြစ်သည်ဟုလည်း ကြေညာခဲ့သည်။

ပါလက်စတိုင်း ဘာသာရေးသဘောထား တင်းမာသောသူများက ဂျေရုဆလင်နှင့်ဟေဘရွန်သည် ၎င်းတို့ဘာသာရေး အထွတ်အမြတ်ထားရာဖြစ်ပြီး ယင်းတို့၏ ဘာသာရေးခေါင်းဆောင် အေဘရာဟင် လက်ထက်ကပင် ဤနေရာတွင် နေထိုင်ခဲ့သည်ဟုဆိုသည်။ ဂျေရုဆလင်သည် ၎င်းတို့၏အထွတ်အမြတ်နေရာဖြစ်သဖြင့် ယင်းနယ်မြေရှိ ဗလီများကို ဖျက်ဆီးခဲ့မည်ဆိုပါက မွတ်ဆလင်ဘာသာဝင်အားလုံးကို စစ်ကြေညာခြင်းဖြစ်လိမ့်မည်ဟု သတိပေးခဲ့သည်။

အာရပ်နှင့်အစ္စရေးတို့အကြား အငြင်းပွားနေသော ဂျေရုဆလင်မြို့သည် အစ္စရေးနိုင်ငံ၏မြို့တော်

ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၆) ရက်က ကြေညာခဲ့ပြီး နောက် ၎င်း၏သံရုံးကို ခြောက်လအတွင်း တဲအဗစ်မှဂျေရုဆလင်သို့ ရွှေ့ပြောင်းရန်ညွှန်ကြားခဲ့ရာ ဂျေရုဆလင် အရေးသည် အရေးကြီးကိစ္စတစ်ခု ဖြစ်လာရပြန်သည်။ တွင် ရှိခဲ့ဖူးသော်လည်း ၂၀၀၆ ခုနှစ်မှစ၍ တဲအဗစ်သို့ရွှေ့ခဲ့သဖြင့် ယခုအခါ ဂျေရုဆလင်တွင် သံရုံးမရှိတော့ပေ။ ၁၉၈၉ ခုနှစ်က အမေရိကန်သံရုံးအတွက် မြေကွက်တစ်ကွက်ကို အစ္စရေးအစိုးရက ချထားပေးခဲ့သော်လည်း အဆောက်အအုံမရှိသေးကြောင်းသိရသည်။




**အစ္စရေး-ပါလက်စတိုင်း နယ်ခြား၌ ဆန္ဒပြနေကြသော ပါလက်စတိုင်းပြည်သူများ**

ဂျေရုဆလင်တွင် လူဦးရေ ၈၅၀,၀၀၀ ခန့် နေထိုင်လျက်ရှိရာတွင် ၆၁ ရာခိုင်နှုန်းသည် ဂျူးလူမျိုးများဖြစ်ပြီး ၃၇ ရာခိုင်နှုန်းသည် အာရပ်လူမျိုးများဖြစ်သည်။ ဂျူးတို့တွင် (Ultra-Orthodox,Zionst and Secular) စသည်ဖြင့် ကွဲပြားနေသကဲ့သို့ အာရပ်တို့တွင်လည်း မူဆလင်အများစုနှင့် ခရစ်ယာန်အနည်းစု ကွဲပြားနေသည်။ ပါလက်စတိုင်းအများစုသည် မြို့၏အရှေ့ပိုင်းတွင်နေကြသော်လည်း အစ္စရေးတို့နှင့် ရောနှောနေထိုင်သူများလည်းရှိသည်။

အစ္စရေးတို့က ၁၉၈၀ ပြည့်နှစ် ဇူလိုင်လတွင် ဂျေရုဆလင်ကို အစ္စရေး၏မြို့တော်အဖြစ် ကြေညာခဲ့သော်လည်း ကုလသမဂ္ဂအဖွဲ့လုံခြုံရေးကောင်စီက ယင်းကြေညာချက်သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်သဖြင့် ကန့်ကွက်ခဲ့သည်။ ယခင်က ကော့စတာရီကာနှင့်အယ်ဆာဗေးဒိုးနိုင်ငံတို့၏ သံရုံးများ ဂျေရုဆလင်

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ရာဟုက ထရန့်၏ဆုံးဖြတ်ချက်သည် ငြိမ်းချမ်းရေးမရနိုင်သေးသောဒေသတွင် ငြိမ်းချမ်းရေးရရှိစေရန် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ကြိုဆိုထားသော်လည်း ပါလက်စတိုင်းသမ္မတ မိုဟာမက်အဘတ်စ်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာအပါအဝင် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များထံသို့ ဒေါ်နယ်ထရန့်၏အကြံအစည်ကို ပြောင်းလဲနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးရန် အကြောင်းကြားထားသည်။

ပါလက်စတိုင်း ဗဟိုကော်မတီဝင် ဟာနန်အက်စလာဝီက ဒေါ်နယ်ထရန့်၏ကြေညာချက်သည် ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်များကို ပျက်ပြားစေနိုင်ပြီး အာရပ်နိုင်ငံများအတွင်း မငြိမ်မသက်မှုများ၊ ဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို ပေါ်ပေါက်လာစေကြောင်း သတိပေးထားသည်။

**ဒေါက်တာအေးမြင့်**

**အာရှ-ဥရောပ ဆွေးနွေးပွဲ၊ (၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (ASEM)။** ။ အာရှ-ဥရောပ ဆွေးနွေးပွဲသည် အာရှတိုက်နှင့် ဥရောပတိုက်ရှိ နိုင်ငံများကြား နှစ်ဖက်အကျိုးတူ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၁၉၉၆ ခုနှစ်မှ စတင် ကျင်းပခဲ့ခြင်းဖြစ် သည်။ ၁၉၉၆ ခုနှစ်၊ မတ်လတွင် အာရှမှ ၁၀ နိုင်ငံ၊ ဥရောပမှ ၁၅ နိုင်ငံပါဝင်သည့် ပထမဆုံး အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ စတင်ကျင်းပခဲ့ရာမှ အာရှ-ဥရောပဆွေးနွေးပွဲ (Asia-Europe Meeting ASEM) ဟူ၍ ပေါ်ထွက်လာခဲ့သည်။

အေဆမ်ကို စတင်ဖွဲ့စည်းချိန်က ဒေသနှစ်ခုမှ နိုင်ငံ ၂၅ နိုင်ငံနှင့် ဥရောပကော်မရှင်တို့ ပါဝင်သည်။ ယခုအချိန်တွင် အာရှမှ ၂၁ နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဥရောပမှ နိုင်ငံ ၃၀ နှင့် ဥရောပကော်မရှင်တို့ပါဝင်ကြရာ နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းနှစ်ခု စုစုပေါင်းအဖွဲ့ဝင် ၅၃ ခုရှိပြီ ဖြစ်သည်။

လက်ရှိအဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ လက်ဗီးယား၊ လီသူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ပိုလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်တို့ဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုမှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် ပဉ္စမအကြိမ်ထိပ်သီးအစည်းအဝေးမှစတင်၍ အေဆမ်အဖွဲ့ဝင် ဖြစ်လာခဲ့သည်။ ထိုစဉ်က အီးယူ၏ကန့်ကွက်မှုကြောင့် ဝန်ကြီးအဆင့်သာတက်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် နဝမအကြိမ် ထိပ်သီးအစည်းအဝေးမှစ၍ နိုင်ငံတော်သမ္မတအဆင့် တက်ရောက်သည်။

အေဆမ်သည် တန်းတူမိတ်ဖက်ဆက်ဆံမှု (Equal Partnership)၊ အပြန်အလှန်လေးစားမှု (Mutual Respect)၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှု (Mutual Benefit) စသည့် အခြေခံမှု (၃) ရပ်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သည်။

အေဆမ်ဆွေးနွေးပွဲများအနေဖြင့် ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အခြားအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးဟူ၍ ယေဘုယျအားဖြင့် လေးမျိုးခွဲခြားပြုလုပ်သည်။ ထိပ်သီးအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို တစ်နှစ်ခြားစီအလှည့်ကျကျင်းပပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အခါအားလျော်စွာ ခေါ်ယူကျင်းပသည်။

အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စင်ကာပူနိုင်ငံ၌ စတင်ကျင်းပသည်။ ဒုတိယအကြိမ် အစည်းအဝေးကို ၁၉၉၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၊ တတိယအကြိမ် အစည်းအဝေးကို ၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၊ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၊ ပဉ္စမအကြိမ် အစည်းအဝေးကို ၂၀၀၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၊ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံ ကာလီဒဲလ်မြို့၊ သတ္တမအကြိမ် အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ကျိုတိုမြို့၊ အဋ္ဌမအကြိမ် အစည်းအဝေးကို ၂၀၀၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၊ နဝမအကြိမ်အစည်းအဝေးကို ၂၀၀၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၊ ဒသမအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၁ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဂေါ်ဒိုလိုမြို့၊ ၁၁ ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၊ ၁၂ ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ်မြို့တို့၌ ကျင်းပခဲ့သည်။

၂၀၁၇ ခုနှစ် ၁၃ ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို "ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင်ဆောင်ရွက်ကြပါစို့" ဟူသည့်ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ အစည်းအဝေးသို့ အာရှနှင့် ဥရောပ ၅၁ နိုင်ငံမှ ကိုယ်စားလှယ် ၅၄ ဦးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင် ၅၀၀ ကျော် တက်ရောက်ကြသည်။

ဆက်စပ်အစည်းအဝေးများဖြစ်ကြသည့် အာဆီယံဒေသအလိုက်အစည်းအဝေး၊ Northeast and South Asia (NESA) အစည်းအဝေး၊ European Group အစည်းအဝေးများနှင့် ASEM Pathfinder Group on Connectivity (APGC) Asia Group Coordination Meeting နှင့် APGC European Group Coordination Meeting တို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ နိုဝင်ဘာလ (၁၇) ရက်မှ စတင်ကျင်းပသည်။ ၁၁ ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာလ (၁၈) ရက်နှင့် (၁၉) ရက်တွင် နေပြည်တော်ရှိ တုံဂပူရီဟိုတယ်၌ ကျင်းပသည်။

**၈ ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေးပုံစံတူဆွေးနွေးပွဲ (8th Model ASEM) -** အေဆမ်၏လုပ်ငန်းသဘာဝကို တက္ကသိုလ်ကျောင်းသားလူငယ်များ နားလည်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများအသွင်ဆောင်စေပြီး အေဆမ်အစည်းအဝေးပုံစံအတိုင်း အေဆမ်လုပ်ငန်းများအပေါ် ဆွေးနွေးစေသောစီမံချက်ဖြစ်သည့် 8th Model ASEM ကို နိုဝင်ဘာလ (၁၇) ရက်မှ (၁၉) ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ အာရှနှင့်ဥရောပနိုင်ငံများမှ လူငယ် ၉၈ ဦး၊ မြန်မာနိုင်ငံမှ လူငယ် ၅၆ ဦး စုစုပေါင်း ၁၅၄ ဦး ပါဝင်တက်ရောက်သည်။

ဆွေးနွေးပွဲပထမနေ့တွင် "The Role & Influence of New Actor in Public Diplomacy" ခေါင်းစဉ်ဖြင့် ပညာရှင်အဆင့်ဆွေးနွေးပွဲ၊ ငြိမ်းချမ်းရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများအလိုက် မူဝါဒမူကြမ်းရေးဆွဲခြင်း၊ လူငယ်များသို့ ဦးတည်သော လုပ်ငန်းဆွေးနွေးပွဲကျင်းပခြင်းနှင့် နိုင်ငံကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များအလိုက် အပြန်အလှန်ဆွေးနွေးခြင်းများဆောင်ရွက်သည်။

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပညာရေး၊ ကျွမ်းကျင်မှုနှင့် အာရှ-ဥရောပလူငယ်များကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးသည်။ လူငယ်များကြား အပြန်အလှန်ဆွေးနွေးပွဲများပြုလုပ်ပြီး အုပ်စုတစ်ခုချင်းစီ၏ ဆွေးနွေးချက်များအပေါ် ရရှိသည့်ထုတ်ပြန်ချက်များ၊ အတည်ပြုခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်သည်။ တတိယနေ့ဆွေးနွေးပွဲတွင် 8th Model ASEM ဥက္ကဋ္ဌ၏ထုတ်ပြန်ကြေညာချက်အပေါ် ဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အပြီးသတ်ဆွေးနွေးခြင်းများပြုလုပ်ပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်များအလိုက် အမှာစကားပြောကြားသည်။ ဆွေးနွေးပွဲကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးပွဲရလဒ်ဖြစ်သည့် ဘုံသဘောတူညီမှုထုတ်ပြန်ချက်ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် 8th Model ASEM အခမ်းအနားသတင်းစာရှင်းလင်းပွဲကို ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကဲ့သို့ ပုံစံတူပြုလုပ်သည်။

**၁၃ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး-** အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ (၂၀) ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသဘာပတိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုနှင့် မတည်မငြိမ်ဖြစ်မှု၏ အချိန်ကာလသစ်တစ်ရပ်နှင့် ရင်ဆိုင်နေရပါကြောင်း၊ ကမ္ဘာပေါ်တွင်ဖြစ်ပွားသည့်




**၁၃ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ**

ပဋိပက္ခများသည် လူ့အသိုက်အဝန်းများအတွင်း ငြိမ်းချမ်းရေးပျက်ပြားစေပြီး အကျိုးဆက်အားဖြင့် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျစေမှုတို့ကို ဖြစ်ပေါ်စေသည့်အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝေးကွာစေခဲ့ပါကြောင်း၊ ထိုစိန်ခေါ်မှုများကြောင့် မကြာခဏဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်၏ ဆိုးကျိုးများကိုပါဖြစ်ပေါ်စေပြီး ရာသီဥတု ပြောင်းလဲမှု၊ ပတ်ဝန်းကျင်လျစ်လျူရှုမှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များမှာ ပြင်းထန်လာခဲ့ပါကြောင်း၊ မူဝါဒချမှတ်သူများအနေဖြင့် တစ်ဦး၏အကျပ်အတည်း အခက်အခဲများကို တစ်ဦးက နားလည်သဘောပေါက်အောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုလွယ်ကူ ထိရောက်မည်ဟု ယုံကြည်ပါကြောင်း၊ အပြန်အလှန်နားလည်မှုရှိခြင်းဖြင့်သာ ခိုင်မာသည့်မိတ်ဖက်သံယောဇဉ်များ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အေဆမ်အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့်သက်ဆိုင်သည့်ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ပဋိပက္ခများ၊ အမျိုးမျိုးအဖုံဖုံသော အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့၏ အန္တရာယ်ကဲ့သို့သော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် ပိုမိုတက်ကြွသောမိတ်ဖက်များ မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်းကြား သာမက ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူအချင်းချင်းကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ပျိုးထောင်ကာ ဆက်ဆံရေးသစ်များ တည်ဆောက်ကြမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် မိမိတို့လုပ်ဆောင်ချက်များ၏ အကျိုးဆက်များကို အမွေဆက်ခံရမည်ဖြစ်ရာ အေဆမ်ယန္တရားရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အားလုံးတွင် လူငယ်များ၏အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ဖိလစ်ပိုင်နိုင်ငံမှ H.E.Jose Luis G. Mantales၊ အရှေ့မြောက်နှင့် တောင်အာရှဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ပါကစ္စတန်နိုင်ငံမှ H.E.Mr.IMTIAZ AHMAD၊ ဥရောပဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး အက်စ်တိုးနီးယားနိုင်ငံမှ H.E.Mr.Sven Mikser၊ အာရှ-ဥရောပဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု မြန်မာနိုင်ငံမှ မယေ့တိုင်ဆိန်း၊ အာရှ-ဥရောပဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု စပိန်နိုင်ငံမှ Mr.Javier Baez တို့က ပြောကြားကြသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ နံနက်ပိုင်းတွင် Synergizing Peace and Sustainable Development ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် 3rd Decade of ASEM : Making ASEM Partnership more Dynamic and Connected ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

အစည်းအဝေးဒုတိယနေ့ကို နိုဝင်ဘာလ (၂၁) ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ပတ္တမြားခန်းမ၌ကျင်းပရာ အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေး သည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဥရောပသမဂ္ဂ၏အထူးကိုယ်စားလှယ် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Sven Mikser နှင့် ၁၄ ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုလက်ခံကျင်းပမည့် စပိန်နိုင်ငံမှ Secretary of State H.E. Mr. IIdefonso Castro တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးအပြီးတွင် သဘာပတိကြေညာချက်ကို ထုတ်ပြန်သည်။ ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) သန္တာခန်းမ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

**အေးမောင်လေး၊ ဗိုလ်ကြီး (ငြိမ်း) (မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း) (၁၉၄၇-၂၀၁၇)။** ။မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဗိုလ်ကြီး အေးမောင်လေး (ငြိမ်း) ကို ဦးဘိုနီ၊ ဒေါ်မြိုင်တို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့၊ တရုတ်တန်းရပ်ကွက်၌ မွေးဖွားသည်။ မွေးချင်းလေးယောက်အနက် တတိယမြောက်ဖြစ်သည်။

ငယ်စဉ်ကတည်းက ဘောလုံးကစားနည်းကို စိတ်ဝင်စားသည်။ အသက် ၁၃ နှစ်အရွယ်မှစ၍ ဘောလုံး ကစားနည်းကို လေ့ကျင့်သင်ယူသည်။ ဘောလုံး



**ဗိုလ်ကြီးအေးမောင်လေး**

ထိန်းသိမ်းမှုကျွမ်းကျင်မှုတစ်ရပ်အဖြစ် ဘောလုံးကို ခေါင်းတိုက်ပြရာ ခေါင်းတိုက်စံချိန် ၁၀၀၀ ကျော်ရှိသည်။ ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) သည် လျင်မြန်မှုနှင့်ကျွမ်းကျင်မှုကို ပေါင်းစပ်ကစားနိုင်သည့် ဘောလုံးသမားမျိုးဖြစ်သည်။ ဘောလုံးအသင်းတစ်သင်း၏ အလယ်တန်းသည် မိမိအသင်း၏ခံစစ်တိုက်စစ်များကို ပံ့ပိုးကူညီနိုင်ကာ အနိုင်အရှုံးကို ပုံဖော်ပေးသည်။ ရွှေခေတ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အလယ်တန်း အမာခံကစားသမားဖြစ်သူ ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) သည် ခံစစ်ကူ၊ တိုက်စစ်ဖြည့်၊ အဖြတ်အတောက်၊ အပေးအပို့များတွင် ဘယ်ခြေထောက်နှင့် ဘောလုံးထိတွေ့မှုအားလုံးသည် လက်ဖြင့်ဆောင်ရွက်သကဲ့သို့ တိကျသေချာမှုရှိသူ ဖြစ်သည်။

ဦးအေးမောင်လေးသည် ၁၉၆၅ ခုနှစ် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည်။ ၁၉၆၇ ခုနှစ်တွင် တပ်မတော် (လေ) သို့ တပ်သားအဆင့်ဖြင့်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ကာ စစ်မှုထမ်းသက် ၃၀ ပြည့်သည့်အခါ ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။ ၁၉၆၇ ခုနှစ်တွင် တပ်မတော် (လေ) ဘောလုံးအသင်းသို့ရောက်ရှိပြီး ၁၉၆၉ ခုနှစ် အာရှလူငယ်ဘောလုံးပြိုင်ပွဲမှစ၍ အောင်မြင်မှုများရရှိကာ မြန်မာ့လက်ရွေးစင်ဖြစ်လာသည်။

မြန်မာ့လက်ရွေးစင် ဖြစ်လာပြီးနောက် ၁၉၇၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော ၁၂ ကြိမ်

မြောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ၊ ထိုင်းနိုင်ငံ၌ ကျင်းပသော ခြောက်ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ၁၉၇၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပသော ၁၄ ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲနှင့် ခြောက်ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသောဒုတိယအကြိမ် ဂျကာတာဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသော ပတ်ချုံဟီးဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော လေးကြိမ်မြောက် ဂျကာတာဖလားဘောလုံးပြိုင်ပွဲ၊ စင်ကာပူနိုင်ငံ၌ ကျင်းပသော ခုနစ်ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသော ပတ်ချုံဟီးဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော ခြောက်ကြိမ်မြောက် ဂျကာတာဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ လက်ခံကျင်းပသော မာရာဟာလင် ဖလားဘောလုံးပြိုင်ပွဲများမှ စုစုပေါင်း ရွှေတံဆိပ် ၁၂ ခု၊ ၁၉၇၀ ပြည့်နှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော ၁၃ ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၅ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသော ပတ်ချုံဟီး ဖလားဘောလုံးပြိုင်ပွဲ၊ ထိုင်းနိုင်ငံ၌ ကျင်းပသော ထိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲ၊ ၁၉၇၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော ခုနစ်ကြိမ်မြောက် ဂျကာတာဖလား ဘောလုံးပြိုင်ပွဲ၊ ၁၉၇၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပသော ကိုးကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ၊ ၁၉၈၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော မာရာဟာလင်ဖလား ဘောလုံးပြိုင်ပွဲများမှ စုစုပေါင်း ငွေတံဆိပ် ခြောက်ခု၊ ၁၉၇၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ကျင်းပသော ၁၃ ကြိမ်မြောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲ၊ ၁၉၇၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပသော ရှစ်ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၊ ၁၉၇၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသော မာရာဟာလင်ဖလားဘောလုံးပြိုင်ပွဲများမှ စုစုပေါင်း ကြေးတံဆိပ် သုံးခုရရှိသည်။

၁၉၇၂ ခုနှစ် ရန်ကုန်မြို့၌ကျင်းပသော မြူးနစ်အိုလံပစ်ခြေစစ်ပွဲတွင် ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) ပါဝင်သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ပထမဆုရရှိပြီး ဂျာမနီနိုင်ငံ၌ကျင်းပသော မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည်။ ၁၉၇၄-၇၅ ခုနှစ်တွင် တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကိုလည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသော မာရာဟာလင်ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကိုလည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော မာရာဟာလင်ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံး ဘောလုံးသမားဆုကိုလည်းကောင်း ရရှိသည်။

ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) သည် မြန်မာ့လက်ရွေးစင်ဘောလုံးသမားအဖြစ်မှ အနားယူပြီးနောက် မြန်မာ့လက်ရွေးစင် (အမျိုးသား၊ အမျိုးသမီး) ဘောလုံးအသင်းတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်သည်။ နည်းပြအဖြစ် တာဝန်ထမ်းဆောင်စဉ် စုစုပေါင်း ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်သုံးခု ရရှိသည်။ ၂၀၀၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော ၃၈ ကြိမ်မြောက် မာဒေးကားဖလား (အကြိုဖေး) မှ ရွှေတံဆိပ်တစ်ခု၊ ၁၉၉၃ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော ၁၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသားဘောလုံး) မှ ငွေတံဆိပ်တစ်ခု၊ ၁၉၉၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော (အမျိုးသမီး) ပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခု၊ ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော ၂၂ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (အမျိုးသမီးဘောလုံး) မှ ငွေတံဆိပ်တစ်ခု၊ ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသမီးဘောလုံး) မှ ငွေတံဆိပ်တစ်ခု၊ ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော ၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အမျိုးသမီးဘောလုံး) မှ ကြေးတံဆိပ်

တစ်ခု၊ ၂၀၀၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော အမျိုးသမီးဖူဆယ်ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခု၊ ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပသော အမျိုးသမီးဖူဆယ် ပြိုင်ပွဲမှ ကြေးတံဆိပ်တစ်ခု ရရှိသည်။

ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) သည် ၁၉၈၄ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ကျင်းပသော အာရှ-အာဖရိက ဘောလုံးနည်းပြသင်တန်း (ထူးချွန်အောင်)၊ ၁၉၉၁ ခုနှစ်တွင် ဟောင်ကောင်၌ကျင်းပသော ဘောလုံးနည်းပြ တစ်လသင်တန်း၊ ၁၉၉၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော 1st AFC Football Conditioning Course သင်တန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပသော ဖူဆယ် ဘောလုံးနည်းပြသင်တန်းတို့ကို တက်ရောက်သည်။

၁၉၉၉ ခုနှစ်တွင် တပ်မတော် (လေ) မှ အားကစားနှင့်ကာယပညာဦးစီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူး အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၂၀၀၇ ခုနှစ်တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစား ယူသည်။

ဗိုလ်ကြီးအေးမောင်လေး (ငြိမ်း) သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကျင်လှိုင်၊ သား တစ်ဦး၊ သမီး နှစ်ဦးနှင့် မြေး လေးဦး ကျန်ရစ်သည်။

**စိုးအောင်**

**အေးမြင့်၊ ဦး (မြန်မာမှုသုတေသီ) (၁၉၃၀-၂၀၁၇)။** ။ မြန်မာမှုပန်းချီပညာရှင် ဆရာဦးအေးမြင့်ကို ဦးကျော်၊ ဒေါ်စံ (ဒေါ်မမလေး) တို့က ၁၉၃၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ မွေးချင်း ရှစ်ယောက် အနက် တတိယမြောက် ဖြစ်သည်။ ငယ်စဉ်က စိန့်အင်ဒရူး ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၇ ခုနှစ်မှစတင် က ပန်းချီပညာကို ဦးကြွယ်လေးထံမှ လည်းကောင်း၊ ဆရာဦးခင်မောင် (ဘဏ်အထွေထွေမန်နေဂျာနှင့် ပန်းချီ) ထံမှလည်းကောင်း အခြေခံမှစကာ သင်ယူလေ့လာခဲ့ သည်။

၁၉၅၁ ခုနှစ်မှ ၁၉၆၁ ခုနှစ်တို့တွင် ဆရာ ဦးခင်မောင် (ဘဏ်) ၏အကူအညီဖြင့် ပျဉ်းမနားဦးလှ



**ဦးအေးမြင့်**

စာပေး/စာယူပန်းချီသင်ခန်းစာနှင့် ဝါရှင်တန်ပန်းချီ ကျောင်း စာပေး/စာယူသင်ခန်းစာကို သင်ယူခဲ့သည်။ ပန်းချီဒီဇိုင်းနည်းပြဆရာအဖြစ် အိမ်တွင်းစက်မှုလက်မှု ဌာနခွဲ အမရပူရဆောင်းဒါးရက်ကန်းကျောင်း၌ ပန်းချီ ဒီဇိုင်းနည်းပြအဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အမရပူရသူ ဒေါ်စမ်းစမ်းအေးနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး အမရပူရ တွင် နေထိုင်ခဲ့သည်။

၁၉၆၆ ခုနှစ် အီတလီမီလန်နို ကုန်စည်ပြပွဲ ပြခန်းမွမ်းမံပြင်ဆင်မှု ပညာရှင်အဖြစ် လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်၊ ဂျပန်အိုဆာကာ EXPO 70 ကုန်စည်ပြပွဲ ပြခန်းတည်ဆောက်မွမ်းမံမှု တာဝန်ကိုလည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယင်းနှစ်တွင်ပင် အင်္ဂလန်နှင့် ဂျာမနီသို့ အထူးဒီဇိုင်းတာဝန်ဖြင့် သွားရောက်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ပုဂံရှိ သီရိပစ္စယာဟိုတယ်၊ ရွှေဇဝါ ယွန်းပန်းချီကားများ ရေးဆွဲခြင်း၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဝါဇီစက်ရုံ၌ လက်ထောက်ဌာနမှူးအဖြစ် လုံခြုံရေးငွေစက္ကူပုံနှိပ် ဒီဇိုင်းများရေးဆွဲခြင်း တာဝန် များ ထမ်းဆောင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ဗုဒ္ဓဝင်ပြပွဲ ပန်းချီကားများနှင့် ပန်းရိုးမပြက္ခဒိန်၊ ရာမပြက္ခဒိန်၊ တံဆိပ်ခေါင်းများ၊ ထီလက်မှတ်များလည်း ရေးဆွဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ် မှ ၂၀၁၅ ခုနှစ်ထိ ရတနာမွန်၊ သစ္စာရောင်ခြည်၊ မြတ်ဆုမွန် စသည့် ဘာသာရေးစာစောင် မဂ္ဂဇင်းအဖုံးများ ရေးဆွဲ ခဲ့ပြီး မြန်မာမှုဆောင်းပါးများ ရေးသားခဲ့သည်။ ဝိုင်အမ်

ဘီအေအသင်းကြီးမှ ဦးအေးမြင့်အား မဟာမင်္ဂလဓမ္မဇောတိကဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုသည်။ မင်းကွန်းတိပိဋက-နိကာယ သာသနာပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မင်းကွန်းတိပိဋကတ်စေတီ၊ ၁၉၉၁ ခုနှစ်တွင် ကမ္ဘာအေးရပ်တော်မူ ၂၀၊ ဘက်စုံမွမ်းမံပြုပြင်မှုနှင့် ၁၉၉၂ ခုနှစ် ဓမ္မသဘင်တန်ဆောင်းတို့ကို ပြုပြင်တည်ဆောက်ခဲ့သည်။

၁၉၉၁-၉၂ ခုနှစ်တွင် ပုသိမ်ကန်ကြီးထောင့်စေတီ၊ ၁၉၉၄ ခုနှစ်တွင် တက္ကသိုလ်ဓမ္မာရုံ၊ ၁၉၉၅ ခုနှစ်တွင် တပ်မတော်ဓမ္မာရုံ၊ နိုင်ငံတော်မှ ကြီးမှူးကျင်းပသော လှေပြိုင်ပွဲများ၊ ကုန်းမြင့်သာဇေယျသီရိ၊ ၁၉၉၅ ခုနှစ်တွင် စွယ်တော်မြတ်စေတီ၊ (ရန်ကုန်၊ မန္တလေး) ၁၉၉၆ ခုနှစ်တွင် ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း၊ ၁၉၉၆ ခုနှစ်တွင် ပို့ဆောင်ရေးဓမ္မာရုံ၊ ၁၉၉၇ ခုနှစ်တွင် တိလောကဝိဇယစေတီ (လားရှိုး)၊ ၁၉၉၇ ခုနှစ်တွင် ကျိုက်မှော်ဝန်းရေလယ်ကျောက်တန်း၊ ၁၉၉၈ ခုနှစ်တွင် မန္တလေး-မြကျောက် ဘုန်းကြီးကျောင်း ဘက်စုံမွမ်းမံ၊ မန္တလေး မဟာမြတ်မုနိဘုရား ထီးတော်ဒီဇိုင်း၊ အမရပူရ မိုးကုတ်ဆရာတော်ဘုရားကြီးကျောင်း မုခ်ဦးဒီဇိုင်း မဟာဂန္ဓာရုံဘုန်းကြီးကျောင်း စသည်တို့တွင် ဒီဇိုင်းများ ရေးဆွဲခဲ့သည်။ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဂုဏ်ထူးဆောင်အသင်းသားကြီးအဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်သည်။

မြန်မာမှုဒီဇိုင်းများကို အချိန်အခါတိုင်း ကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၅၄ ခုနှစ်မှ ကွယ်လွန်ချိန်အထိ အခါအားလျော်စွာ မြန်မာမှုဆောင်းပါးများနှင့် မြန်မာမှုဒီဇိုင်းစာအုပ်များ ရေးသားပြုစုခဲ့သည်။ ရေးဆွဲထားသည့် လက်ရာများကို 'မြန်မာမှု ခရီးသည် (၁)' ပြပွဲအမည်ဖြင့် ၂၀၀၀ ပြည့်နှစ်၊ မတ်လ (၁၃) ရက်မှ (၁၇) ရက်ထိ ရန်ကုန်မြို့၊ လောကနတ် ပန်းချီပြခန်း၌ ပြသခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရန်ကုန် (၆၅) ဂယ်လာရီပန်းချီပြခန်း၌ 'မြန်မာမှု ခရီးသည် (၂)' ပြပွဲအဖြစ် နိပါတ်တော်ပန်းချီကားများ၊ အခြားပန်းချီဒီဇိုင်းများနှင့် ခင်းကျင်းပြသခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မန္တလေး 'မန္တလေးတောင်' ပန်းချီပြခန်းတွင် ရေးဆွဲပြီး ပန်းချီကားများနှင့် စာအုပ်ဒီဇိုင်းအဖုံးများကိုလည်း ပြပွဲအဖြစ် ပြသခဲ့သည်။

ဆရာဦးအေးမြင့်သည် BURMESE DESIGN THROUGH DRAWING စာအုပ်နှင့် ANCIENT MYANMAR DESIGNS စာအုပ်များကိုလည်း ပြုစုထုတ်ဝေခဲ့သည်။

ဦးအေးမြင့်သည် အသက် ၈၇ နှစ်၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၃) ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီး ၄ ဦး ကျန်ရစ်ခဲ့သည်။

**ခင်မိုးပွင့်**

**အော်စကာဆု။** ။ ၈၉ ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်တွင် အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့ရှိ ဒိုလ်ဘိုင် ကဇာတ်ရုံ၌ ကျင်းပသည်။ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိခဲ့သော ရုပ်ရှင်ဇာတ်ကားများထဲမှ ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်သည်။ အကောင်းဆုံးရုပ်ရှင်ဆုကို လူမည်းဂေးတစ်ဦးအကြောင်း ရိုက်ကူးထားသော



**၈၉ ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အော်စကာဆုရရှိသူများကို တွေ့ရစဉ်**

Moonlight ဇာတ်ကား၊ အကောင်းဆုံးဒါရိုက်တာဆုကို ဂီတဇာတ်မြူးရုပ်ရှင် La La Land ဇာတ်ကားရိုက်ကူးသူ ဒမ်မီယယ်ချက်ဇဲလ်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို La La Land ဇာတ်ကားမှ အင်မာစတုန်း၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို Manchester by the Sea ဇာတ်ကားမှ ကေစီအက်ဖလက်၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို A Fences ဇာတ်ကားမှ ဗိုင်အိုလာဒေးဗီးစ်၊


အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို Moonlight ဇာတ်ကားမှ မဟာရှာလာအလီ၊ အကောင်းဆုံးမူရင်း ဇာတ်ညွှန်းဆု ကို Manchester by the Sea ဇာတ်ကားမှ ဘယ်ရီကျန်ကင်စ် တို့ကရရှိသည်။ အီရန်ဘာသာစကားပြော ရုပ်ရှင် The Salesman ဇာတ်ကားက အကောင်းဆုံး နိုင်ငံခြားဘာသာ ရုပ်ရှင်ဆု ရရှိသည်။

အခြားဆုများမှာ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု (Hacksaw Ridge)၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု (La La Land)၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဆု (OJ:Made in America)၊ အကောင်းဆုံး မှတ်တမ်းဇာတ်လမ်းတိုဆု (The White Helmets)၊ အကောင်းဆုံးကိုယ်ပိုင် သံစဉ်တေး သီချင်းဆု (City of Stars)၊ အကောင်းဆုံးမူရင်း တေးသွားဆု (La La Land)၊ အကောင်းဆုံးအသံ ရောစပ်မှုဆု (Hacksaw Ridge)၊ အကောင်းဆုံးအန်နီ မေးရှင်းရုပ်ရှင်ဆု (Zootopia)၊ အကောင်းဆုံး အန်နီမေးရှင်း ဇာတ်လမ်းတိုဆု (Piper)၊ အကောင်းဆုံးသက်ဝင် လှုပ်ရှား ဇာတ်လမ်းတိုဆု (Sing)၊ အကောင်းဆုံး အသံ တည်းဖြတ်ဆု (Arrival)၊ အကောင်းဆုံးမြင်ကွင်း ဖန်တီးမှု ဆု (The Jungle Book)၊ အကောင်းဆုံးထုတ်လုပ်မှု ဒီဇိုင်း ဆု (La La Land)၊ အကောင်းဆုံးမိတ်ကပ်နှဲ့ဆံပင် ဖန်တီးမှုဆု (Suicide Squad)၊ အကောင်းဆုံးအဝတ်အစား ဒီဇိုင်းဆု (Fantastic Beasts and Where to Find Them) တို့ ဖြစ်ကြသည်။

## အံ့ကြီး၊ ကို (ဂန္ထဝင်တေးသံရှင်) (၁၉၂၃-၂၀၁၇)။

။ မြန်မာ့ဂီတလောကတွင် ဂန္ထဝင်တေးသီချင်း များစွာသီဆိုခဲ့သည့် ဦးအံ့ကြီး (အဆိုတော် ကိုအံ့ကြီး) ကို ဦးကေကေဘာတာချာဂျီ (ချင်းတွင်း နယ်မြေသစ် တောဝန်ထောက်) နှင့် ဒေါ်ဒေါ်ဝင်းတို့က ၁၉၂၃ ခုနှစ်၊ ဇွန်လ (၁၇) ရက်တွင် ပြင်ဦးလွင်မြို့ (မေမြို့) ၌ မွေးဖွားသည်။ မွေးချင်းငါးဦးအနက် စတုတ္ထ မြောက်ဖြစ်သည်။

အစ်ကိုအကြီးဆုံး ကိုအံ့ကြီးသည် ၁၉၄၈ ခုနှစ်တွင်ရန်ကုန်မြို့ရှိ မြန်မာ့အသံသို့ အသံစမ်းရန် ရောက်ရှိခဲ့ပြီး သီချင်းသီဆို အသံသွင်းခွင့်ရရှိရာမှ ရေဒီယိုအဆိုတော်ကိုအံ့ကြီး ဖြစ်လာသည်။



ကိုအံ့ကြီး

အဆိုတော်ကိုအံ့ကြီးနှင့် ညီအစ်ကိုများက ဘီတီ ဘရားသားအပျော်တမ်းတူရိယာအဖွဲ့ကို ဦးဘဦး၊ မစ္စတာရစ်ချတ်မေလာ၊ ဦးလှဒင်၊ ဦးဘသိန်း၊ တယော ဆရာဦးဘမြင့်တို့နှင့် ဖွဲ့စည်းသည်။ ကိုအံ့ကြီးသည် ဂျပန်၊ အင်္ဂလိပ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စပိန်၊ တရုတ်၊ အိန္ဒိယ၊ အီတလီ ဘာသာစကားများကျွမ်းကျင်ပြီး အိန္ဒိယသီချင်း၊ ဂျပန်သီချင်း၊ အင်ဒိုနီးရှားသီချင်းများ ကိုလည်း သီဆိုနိုင်သည်။ သီချင်းသီဆိုရာတွင် အဆိုကောင်း ရုံသာမက အကော်ဒီယံ၊ စန္ဒရား၊ ဂီတာ၊ ဆက်ဆိုဖုန်း၊ ကလဲရီနက်စသည့် တူရိယာမျိုးစုံကို တီးမှုတ်တတ်သူ ဖြစ်သည်။

ကိုအံ့ကြီးသည် ၁၉၅၀ ပြည့်နှစ်တွင် အင်ဒိုနီးရှား ခရီးစဉ်နှင့် ၁၉၅၃ ခုနှစ်တွင် ဂျပန်ခရီးစဉ်တို့ကို သွားရောက်၍ မြန်မာသီချင်းများ သီဆိုဖျော်ဖြေသည်။ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ တရုတ်ချစ်ကြည်ရေးခရီးစဉ်၌လိုက်ပါပြီး မြန်မာ သီချင်းများနှင့် တရုတ်သီချင်းများ သီဆိုဖျော်ဖြေသည်။ ၁၉၆၁ ခုနှစ်၊ ဧပြီလတွင် ရန်ကုန်မြို့၌ မြန်မာ-အမေရိကန် ချစ်ကြည်ရေးဂီတပွဲတော်ကျင်းပရာ အမေရိကန်အဆိုတော် ဂီတပညာရှင် မစ္စတာကရောဖို့ နှင့်မစ္စတာစတိဗ်တို့၏ အမေရိကန်ဂီတအဖွဲ့နှင့် မြန်မာ အဆိုတော် ကိုအံ့ကြီးနှင့် မြန်မာဆိုင်းအဖွဲ့တို့ ပူးပေါင်း ဖျော်ဖြေကြသည်။

ကိုအံ့ကြီး သီဆိုခဲ့သောသီချင်းများမှာ ပုဒ်ရေ ၃၀ ဝန်းကျင်သာရှိသော်လည်း မျက်မှောက်ခေတ်ကာလ အထိ နာမည်ကျော်နေဆဲ ဖြစ်သည်။ သီချင်းအများစု မှာ ညီဖြစ်သူဦးဘသိန်း ရေးစပ်သောသီချင်းများဖြစ်ပြီး မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင် စသောပုဂ္ဂိုလ်များ ရေးစပ်သည့် သီချင်းများကိုလည်း သီဆိုသည်။ "လူချွန် လူကောင်း၊ ယဉ်တစ်ကိုယ်မယ်၊ ပန်းပုသူဇာ၊ မန်းတောင် ရိပ်ခို၊ တူရိယာလုလင်၊ ရန်ကုန်သူ၊ တူရိယာလုံမေ၊ အောင်ပင်လယ်၊ ရွှေမင်းဂံ" စသည့်သီချင်းတို့မှာ ထင်ရှား သည်။

မြန်မာ့ဂီတလောက၌ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သော ဂန္ထဝင်အဆိုတော်ဖြစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ကန်တော့ခံ သက်ကြီးဂီတပညာရှင် ကိုအံ့ကြီးသည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၂၃) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ညွန့်မေ၊ သားနှစ်ယောက်၊ သမီးတစ်ယောက်၊ မြေးသုံးယောက်နှင့် မြစ်တစ်ယောက်တို့ ကျန်ရစ်သည်။

**စိုးအောင်**

**အဂ္ဃိယ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၉-၁၃၇၈)** ။ ။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာမြတ်မုနိဘုရား ဂေါပက အဖွဲ့သြဝါဒါစရိယ၊ စုဒ္ဒသမရွှေကျင်သာသနာပိုင်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံ တိုက်သစ် မဟာနာယက၊ ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဃိယ ကို ခမည်းတော် ဦးပုကြီး၊ မယ်တော် ဒေါ်တွယ်မိတို့က ၁၂၇၉ ခုနှစ်၊ ဦးတန်ခူး လပြည့်ကျော် (၁၀) ရက် (တနင်္ဂနွေနေ့) တွင် စစ်ကိုင်း မြို့နယ် လင်းယဉ်ကျေးရွာ၌ ဖွားမြင်သည်။ မွေးချင်း ၁၀ ယောက်အနက် ငါးယောက်မြောက်ဖြစ်၍ ငယ်မည်မှာ မောင်အောင်ဆန်း ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက်ခြောက် နှစ်အရွယ်တွင် သင်ပုန်းကြီးစသည့် အခြေခံစာပေများ ကို လင်းယဉ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စတင် ပညာသင်ယူသည်။ အသက် ၁၁ နှစ်အရွယ် ၁၂၉၀ ပြည့်နှစ်၊ နယုန်လပြည့်နေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သက်တော်ရှည်စံကင်းဆရာတော်ကြီး ကို ဥပဇ္ဈာယ်ပြု၍ စံကင်းဆရာတော်ကြီး၏ မယ်တော် ကြီး ဒေါ်မင်းထပ်၏ပစ္စယာနုဂ္ဂဟကိုခံယူကာ လင်းယဉ် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရှင်သာမဏေအဖြစ် သို့ ရောက်ရှိသည်။ ဘွဲ့အမည်မှာ ရှင်ကေလာသဖြစ် သည်။ နောင်တွင် မဟာဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ကြီး က ဘွဲ့တော်၏အလယ်အက္ခရာ 'ဃ' အား မွေးနံယူ၍ 'ရှင်အဂ္ဃိယပဏ္ဍိ' ဟု ဘွဲ့အမည်သစ်ကို ချီးမြှင့်တော်မူ သည်။ ၁၂၉၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်တွင် ကျေးဇူးရှင်အဘိဓဇမဟာရဋ္ဌဂုရု သာသနာပိုင် စံကင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးပုကြီး၊ မယ်တော် ဒေါ်တွယ်မိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စစ်ကိုင်းမြို့နယ် လင်းယဉ်ကျေးရွာ မဟာဝိဟာရကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူသည်။

ဆရာတော်လောင်းလျာသည် မဟာဝိဟာရကျောင်း ဆရာတော်ဘဒ္ဒန္တကေသရ၊ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ ကန်ကြီးကုန်းကျေးရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတ၊ သပြူဆရာတော် ဘဒ္ဒန္တ ဥတ္တမ၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ ဘိဝံသ၊ မန္တလေးစည်ရှင်ဆရာတော်၊ မင်းကွန်းရန်ကင်း ချောင်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူ သည်။ မဟာဝိသုဒ္ဓါရုံအထိမ်းအမှတ်စာမေးပွဲများ၊ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယစာမေးပွဲတွင် ဂုဏ်ထူးကျမ်းလေးကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်း ကို ဖြေဆိုအောင်မြင်တော်မူသဖြင့် ၁၃၁၄ ခုနှစ်တွင် သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဧရာဝတီတိုင်း၊ ဓနုဖြူမြို့ ဂန္ဓာရုံကျောင်းတိုက် (ယခု ရွှေဟင်္သာကျောင်းတိုက်) ၌ ပဓာနစာချအဖြစ် စာပေ ပို့ချသည်။ ဘာသန္တရစာပေတို့ကို ထိထိရောက်ရောက် သင်ကြားပြီး နိုင်ငံခြားသို့ သာသနာပြုသွားရန်စီမံနေစဉ်

ကျေးဇူးရှင်ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီး၏ တိုက်တွန်းချက်ဖြင့် မဟာဝိသုဒ္ဓါရုံနာယကများ၏ တာဝန်ပေးချက်အရ မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ်ဝါဆိုကျောင်း နာယကဘုန်းကြီးအဖြစ် ၁၃၁၀ ပြည့်နှစ်မှစ၍ဆောင်ရွက်ကာ တပည့်များကို စာပေပို့ချ သာသနာပြုသည်။ စာပေတတ်မြောက်ထင်ရှားသော တပည့်များစွာ ပေါ်ထွန်းစေသည်။ သက်တော် ၈၃ နှစ်အထိ သာမဏေငယ်၊ ကျောင်းသားငယ်များကို အခြေခံသဒ္ဒါ၊ သင်္ဂဟနှင့် ဂဏန်းသင်္ချာတို့ကို သင်ကြားပို့ချပေးသည်။ ဝါဆိုကျောင်း နာယကဘုန်းကြီးအဖြစ် တာဝန်ထမ်းဆောင်ရသည်မှစ၍ တိုက်တာအကျိုး၊ ရွှေကျင်ဂိုဏ်းအကျိုးတို့ကို သာသနာပိုင်ဆရာတော်ကြီးများနှင့် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယကဆရာတော်များ အလိုတော်ကျ ကြိုးစားဆောင်ရွက်သည်။

ဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကထိက၊ ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့အတွင်းရေးမှူး၊ ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးဓမ္မာစရိယ စာမေးပွဲကြီးကြပ်ရေးဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းဝိပဿနာ ဂန္ဓာရုံ ဝိနည်းပြန်ဌာန၊ မတ္တရာ-စဉ့်ကူး နှစ်မြို့နယ် ရွှေကျင်နိကာယဝိနည်းပြန်ဌာနနှင့် စစ်ကိုင်းမြို့နယ် လင်းယဉ်ဝိနည်းပြန်ဌာနတို့၏ ဩဝါဒါစရိယ၊ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် (ဓမ္မဗိမာန်တော်) ဩဝါဒါစရိယ၊ မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်း ဩဝါဒါစရိယ၊ မန္တလေးမြို့ မဟာသကျသီဟ ဂေါပကအဖွဲ့ ဩဝါဒါစရိယ စသည်ဖြင့် သာသနာရေး၊ ပညာရေးဆိုင်ရာ ကိစ္စအဝဝတို့ကို ဝိသုဒ္ဓါရုံဓမ္မကထိကအဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် မန္တလေးမြို့ ပါဠိပထမပြန်၊ ဓမ္မာစရိယစာမေးပွဲတို့၏ ကြီးကြပ်ရေးဥက္ကဋ္ဌ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ တတိယအကြိမ်မှစ၍ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ၊ ၁၃၁၄ ခုနှစ်တွင် ကျင်းပသော အဋ္ဌမအကြိမ်ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးက 'ဝန်ဆောင်နာယကကမ္မကာရက' အဖြစ် ရွေးချယ်တာဝန်ပေးအပ်သည်။ ရွှေကျင်ဂိုဏ်းသမိုင်းတွင် ပထမဆုံးဖွဲ့စည်းသော ထိုဂိုဏ်းလုံးဝန်ဆောင် ကမ္မကာရကအဖွဲ့တွင် အဖွဲ့ဝင်ဆရာတော်ကိုးပါးပါရှိရာ ဘဒ္ဒန္တအဂ္ဂိယသည် သိက္ခာ ၁၆ ဝါသာရသေးသဖြင့် အသက်အငယ်ဆုံးဖြစ်သည်။

ဆရာတော်သည် ၁၃၄၂ ခုနှစ်တွင် ကျင်းပသော ဒွါဒသမအကြိမ် ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးတွင် အကျိုးတော်ဆောင်ချုပ်၊ ၁၃၆၁ ခုနှစ် နတ်တော်လတွင်ကျင်းပသော ပန္နရသမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးတွင် 'ရွှေကျင် နိကာယဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက် ရွှေကျင်သာသနာပိုင်ဆရာတော်'၊ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လတွင် တေရသမရွှေကျင်သာသနာပိုင် ကန်ကြီးဆရာတော်ပျံလွန်တော်မူသဖြင့် စုဒ္ဒသမရွှေကျင် သာသနာပိုင်အဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၁ ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၁ ခုနှစ်တွင် 'အဘိဓဇ မဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၃၆၅ ခုနှစ်တွင် 'အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီးဘဒ္ဒန္တအဂ္ဂိယသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၀၊ သိက္ခာတော် ၈၁ ဝါအရ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) (၁၄-၂-၂၀၁၇) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**စိုးအောင်**

**အောင်ရွှေ၊ ဗိုလ်မှူးချုပ် (ငြိမ်း) (၁၉၁၇-၂၀၁၇)** ။ ။ ဦးအောင်ရွှေကို ဦးဘိုးကွန်း၊ ဒေါ်သိန်းတင်တို့က ၁၉၁၇ ခုနှစ်တွင် ပဲခူးတိုင်း၊ သဲကုန်းမြို့၌ မွေးဖွားသည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ ရရှိသည်။



## ဗိုလ်မှူးချုပ် အောင်ရွှေ (ငြိမ်း)

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ၁၉၄၂-၄၅ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဗမာ့မျိုးချစ်တပ်မတော် တို့တွင်ပါဝင်ခဲ့ပြီး ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန် တို့ကို တော်လှန်ခဲ့သည်။

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေးအရာရှိချုပ်ရုံး၌ ဦးစီးအရာရှိ (တတိယတန်း) အဖြစ် ဗိုလ်ကြီးအဆင့်ဖြင့်လည်းကောင်း၊ ၁၉၄၇ ခုနှစ် မေလ (၁) ရက်တွင် အမှတ် (၉၈) ခြေလျင်တပ်မဟာဌာနချုပ်၌ ဦးစီးဗိုလ်ကြီး (ရေး) အဖြစ် လည်းကောင်း၊ ၁၉၄၇ ခုနှစ် အောက်တိုလ (၁) ရက်မှစ၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဦးစီးဗိုလ်ကြီး (ထောက်) အဖြစ် လည်းကောင်း၊ ၁၉၄၇ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်တွင် ဗိုလ်မှူးအဆင့်ဖြင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ဒုလက်ထောက် စစ်ထောက်ချုပ်အဖြစ်နှင့် တပ်မဟာ (၂) လက်ထောက် စစ်ရေးချုပ်/ လက်ထောက် စစ်ထောက်ချုပ်အဖြစ် ပူးတွဲ၍လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ (၂၂) ရက်တွင် ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် စစ်ရုံး၌ လက်ထောက် စစ်ထောက်ချုပ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်သည်။

၁၉၅၀ ပြည့် နှစ်၊ မတ်လ (၁၆) ရက်တွင် ဗိုလ်မှူးကြီး အဆင့်ဖြင့် စစ်ထောက်ချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်သည်။ ၁၉၅၁ ခုနှစ် ဇန်နဝါရီလ (၂၅) ရက်မှစ၍ ဒီဇင်ဘာလ (၅) ရက်မှစ၍ တပ်မဟာ (၁၁) တပ်မဟာမှူး အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်သည်။ ၁၉၅၅ ခုနှစ် စက်တင်ဘာလ (၂၁) ရက်မှစတင်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ကိုပါ ထမ်းဆောင်ရသည်။

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ ၁၉၅၇ ခုနှစ်၊ မတ်လ (၂၈) ရက်တွင် ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ဗိုလ်မှူးချုပ်အောင်ရွှေ သည် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ (၂၅) ရက်မှ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ (၁၅) ရက်အတွင်း တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင် နေစဉ် ရွေးကောက်ပွဲတွင် ဘက်လိုက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက် ရာထူး ခန့်ထားရေးအဖွဲ့အစည်းအဝေးက တပ်မတော်၌ စစ်မှုထမ်းခြင်းမှအငြိမ်းစားယူခွင့်ပြုသည်။ သို့ဖြစ်၍ ဗိုလ်မှူးချုပ် အောင်ရွှေအား ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်တွင် အလုပ်ဝတ္တရားများကို ပြန်လည်အပ်နှံခွင့်ပြုသည်။

ထိုသို့ စစ်ရေးချုပ်ရုံးသို့ပြောင်းရွှေ့ အင်အားပြ ထားစဉ်ကာလအတွင်း ၁၉၆၁ ခုနှစ် မေလ (၁၇) ရက်မှ ၁၉၆၃ ခုနှစ် မတ်လ (၂၇) ရက်အထိ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၁၉၆၃ ခုနှစ် စက်တင်ဘာလ (၂၇) ရက်မှ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၂) ရက်အထိ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၁၉) ရက်မှ ၁၉၇၅ ခုနှစ် ဇူလိုင်လ (၃၁) ရက်အထိ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသည်။ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း၊ စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ယူနက်စကိုအဖွဲ့ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် လည်းကောင်း ပူးတွဲဆောင်ရွက်သည်။

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ၁၉၈၈ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ စတင်ဖွဲ့စည်းချိန်က အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ၁၉၈၉ ခုနှစ် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းရာတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စည်းရုံးရေးမှူးတာဝန် ထမ်းဆောင်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသည်။ ၁၉၉၁ ခုနှစ်၊ မတ်လတွင် ပါတီအလုပ်အမှုဆောင်အဖွဲ့ ပြောင်းလဲဖွဲ့စည်းရာ၌ ပါတီဥက္ကဋ္ဌဖြစ်လာကာ ၂၀၁၀ ပြည့်နှစ်အထိ ထမ်းဆောင်သည်။

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် နိုင်ငံတော်က ချီးမြှင့်သော စည်သူဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်) တို့ကို ရရှိသည်။

ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ဒေါ်တင်တင်ရွှေနှင့် လက်ထပ်ခဲ့ပြီး သားသုံးဦး၊ သမီးသုံးဦး၊ မြေးခြောက်ဦးနှင့် မြစ်တစ်ဦး ထွန်းကားသည်။ ဇနီး ဒေါ်တင်တင်ရွှေသည် ကွယ်လွန်ပြီးဖြစ်သည်။

နိုင်ငံတော် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့သော ဗိုလ်မှူးချုပ်အောင်ရွှေ (ငြိမ်း) သည် ရန်ကုန်မြို့ရှိ ဝိတိုရိယဆေးရုံ၌ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်တွင် ကွယ်လွန်သည်။

**စိုးအောင်**

**အိန္ဒိယနိုင်ငံ။** ။ **နိုင်ငံရေး** - ရွေးကောက်ပွဲဝင်ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ထောက်ခံမဲ ရရှိရေးအတွက် ဘာသာရေးနှင့် အမျိုးဇာတ်စနစ်တို့ကို အသုံးချခွင့်မရှိကြောင်း အိန္ဒိယတရားလွှတ်တော်ချုပ်က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်တွင် စီရင်ဆုံးဖြတ်လိုက်သည်။

ပန်ဂျပ်ပြည်နယ်၊ ဥတ္တရခန်းပြည်နယ်၊ ဂိုအာပြည်နယ်၊ မဏိပူရပြည်နယ်နှင့် အမျိုးဇာတ်အဆင့်အတန်းပြဿနာများ၊ ဘာသာရေးပြဿနာများ ရင်ဆိုင်နေရသည့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တို့၌ ရွေးကောက်ပွဲများ မကျင်းပမီ အိန္ဒိယတရားလွှတ်တော်ချုပ်က အထက်ပါအတိုင်း စီရင်ချက်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ထောက်ခံမဲရရှိရန်အတွက် ဘာသာရေးနှင့် အမျိုးဇာတ်အဆင့်အတန်းအသုံးချခြင်းများကို အဂတိလိုက်စားမှုတစ်မျိုးအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း အိန္ဒိယတရားလွှတ်တော်ချုပ်၏ စီရင်ချက်တွင် ဖော်ပြထားသည်။ အိန္ဒိယလူဦးရေ ၁ ဒသမ ၂၅ ဘီလျံ၏ ရာခိုင်နှုန်း ၈၀ မှာ ဟိန္ဒူဘာသာဝင်များဖြစ်သည်။ ၁၄ ဒသမ ၂ ရာခိုင်နှုန်းမှာ မွတ်စလင်များဖြစ်သည်။ အလားတူ ခရစ်ယာန်၊ ဆစ်ခ်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာကိုးကွယ်သူ ၆ ရာခိုင်နှုန်းရှိသည်။

ထို့နောက် အိန္ဒိယနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပခဲ့ရာ အာဏာရ ဘီဂျေပီပါတီမှ သမ္မတလောင်း ရမ်နက်ခ်ကိုဗင့်နှင့် ပြိုင်ဘက်ကွန်ဂရက်ပါတီမှ သမ္မတလောင်းမိုင်ရာကူမားတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။

ပြိုင်ဘက်သမ္မတလောင်းနှစ်ဦးအနက် တစ်ဦးကို လွှတ်တော်အမတ်များနှင့်ပြည်နယ်ကိုယ်စားလှယ်များက ဆန္ဒမဲပေးကာ ရွေးချယ်ကြသည်။ နိုင်ငံတစ်ဝန်းဆန္ဒမဲပေးခွင့်ရှိသူ လွှတ်တော်အမတ်များနှင့် ပြည်နယ်ကိုယ်စားလှယ် စုစုပေါင်း ၄၈၉၆ ဦးရှိသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိသမ္မတမူခါဂျီသည် ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး လွန်ခဲ့သော ၂၀၁၂ ခုနှစ်မှစတင်ကာ နိုင်ငံ၏သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဤသို့ဖြင့် သမ္မတရွေးကောက်ပွဲ ကျင်းပရာတွင် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်ပါတီမှ သမ္မတရွေးချယ်ခံ ရမ်နက်သံကိုဗင့်ဒ် ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်က အိန္ဒိယနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

သမ္မတရွေးကောက်ပွဲတွင် ကိုဗင့်ဒ်သည် ဆန္ဒမဲရာခိုင်နှုန်းစုစုပေါင်း ၆၅ ဒသမ ၆၅ ရရှိခဲ့ပြီး ၎င်း၏ပြိုင်ဘက် ကူးမားက စုစုပေါင်းဆန္ဒမဲရာခိုင်နှုန်း ၃၄ ဒသမ ၃၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်းသိရသည်။ ကိုဗင့်အနေဖြင့် ဂူဂျာရက်နှင့် ဂိုအာတွင် ခန့်မှန်းထားသည်ထက် ဆန္ဒမဲပိုမိုရရှိခဲ့သည်။

မေ (၄) ရက်တွင် ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများကို ချေမှုန်းနေသော အိန္ဒိယတပ်ဖွဲ့ဝင်များသည် ကက်ရှ်မီးယားတောင်ပိုင်းဒေသရှိ ကျေးရွာ ၂၀ ကို ဝန်းရံပိတ်ဆို့ထားသည်။ အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၌ သူပုန်တိုက်ခိုက်မှုများ၊ အိန္ဒိယဆန့်ကျင်ရေးဆန္ဒပြပွဲများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် နယ်မြေလုံခြုံရေးစစ်ဆင်ရေးသည် နှစ်ပေါင်းများစွာအတွင်း အတိုင်းအဆ အကျယ်ပြန့်ဆုံး စစ်ဆင်ရေးဖြစ်ကြောင်း ကက်ရှ်မီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်က ဗာဂျီးနီးယား၌ အိန္ဒိယနွယ်ဖွားအမေရိကန်နိုင်ငံသားနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ကို အကြိမ်ပေါင်း ၅၄၂ ကြိမ် ချိုးဖောက်၍ ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇာကာရိယာက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံတင်းမာမှု အခြေအနေ ပိုမိုမဆိုးရွားစေလိုသည့်အတွက် ထိန်းသိမ်း



**သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ရွေးချယ်ခံခဲ့သည့် ရမ်နက်ခ်ကိုဗင့်နှင့် မိုင်ရာကူးမား**

ခွဲထွက်ရေးဝါဒီ စစ်သွေးကြွစစ်ဆင်ရေးအတွင်း အချို့သောကျေးရွာများမှ ရွာသူ ရွာသားများက ခုခံဆန့်ကျင်မှုပြုလုပ်ခဲ့ရာတွင် ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံမှ စစ်သွေးကြွစခန်းများကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ချေမှုန်းစဉ်ကပင် အကြမ်းဖက်တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၏သဘောထားရပ်တည်ချက်ကို ကမ္ဘာသို့ပြသခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ပြောကြားလိုက်သည်။

၎င်းဖြစ်ရပ်က အိန္ဒိယနိုင်ငံအနေဖြင့် ထိန်းချုပ် နိုင်စွမ်းရှိကြောင်း၊ သို့သော် လိုအပ်သည့်အခါတွင် သဘောထားရပ်တည်ချက်ကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ကြောင်း

ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ၂၀၁၇ ခုနှစ် ဇူလိုင်လ (၈) ရက်ကဖြစ်ပွားခဲ့သည့် နှစ်နိုင်ငံ အပြန်အလှန်ပစ်ခတ်မှုသည် အိန္ဒိယနိုင်ငံ၏ အကြောင်းမဲ့ပစ်ခတ်မှုကို ပြန်လည်တုံ့ပြန်ပစ်ခတ်ခြင်းသာဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်သည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ပြီးနောက် ကက်ရှ်မီးယားဒေသကို ရရှိရန် တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ကက်ရှ်မီးယားဒေသ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရရှိခဲ့သော်လည်း နှစ်နိုင်ငံစလုံးက တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို

ချိုးဖောက်ကြောင်း အပြန်အလှန်စွပ်စွဲလျက် ပြစ်တင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

နယူးယောက်၌ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါကစ္စတန်နှင့်အိန္ဒိယတို့သည် အကြမ်းဖက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲပြောဆိုခဲ့ကြသည်။ ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယက ပါကစ္စတန်သည် အကြမ်းဖက်လုပ်ရပ်များကို ကူညီအားပေးနေသည်ဟု စွပ်စွဲပြောကြားခဲ့ရာ ပါကစ္စတန်က အိန္ဒိယ၏ပြောဆိုမှုကို ဒေါသတကြီးတုန့်ပြန်ခဲ့သည်။

စက်တင်ဘာလ (၂၃) ရက်က ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆပ်ဆမာဆွာရာ့ချ်က ပါကစ္စတန်သည် အကြမ်းဖက်လုပ်ငန်းဆောင်ရွက်သည့်နိုင်ငံဖြစ်သည်ဟု စွပ်စွဲလိုက်ကာ ပါကစ္စတန်၏အမည်ကို ထယ်ရိုရစ်စတန်းဟု အမည်ပေးလိုက်ပြီး နောက်တွင် ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန်သံအမတ် မာလီဟာလော့ဒီက ပြန်လည်တုံ့ပြန်စွပ်စွဲခဲ့ခြင်းဖြစ် ကြောင်းသိရသည်။

**စီးပွားရေး-** ကမ္ဘာ့ဈေးအပေါ်ဆုံး စမတ်ဖုန်းများ ထုတ်လုပ်သည့်ရင်းဂင်းဘဲလ်အိန္ဒိယကုမ္ပဏီ၏ဒါရိုက်တာသည် ပြစ်မှုမြောက်သော လိမ်လည်မှုနှင့်ပတ်သည့် စွပ်စွဲချက်များကြောင့် ဖမ်းဆီးခံလိုက်ရကြောင်း သိရသည်။ ယင်းကုမ္ပဏီထုတ်စမတ်ဖုန်း ဖြန့်ချိရေးလုပ်ငန်းတစ်ခုက ကြိုတင်ငွေများပေးချေပြီး ဖြစ်သော်လည်း ဖုန်းဟန်းဆက်များ လက်ခံရရှိမှုမရှိကြောင်း အခိုင်အမာ ပြောကြားခဲ့ပြီးနောက် ကုမ္ပဏီသူဌေး မိုဟစ်ဂိုရယ်မှာ ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်သည်။

မစ္စတာဂိုရယ်သည် ၎င်းကုမ္ပဏီထုတ် စမတ်ဖုန်းများကို ဖြန့်ချိပေးရန် စည်းရုံးခဲ့ပြီး ဖုန်းဟန်းဆက်များအတွက် ကြိုတင်ငွေ ရူပီးသုံးသန်း ပေးခဲ့ရကြောင်း ဖြန့်ချိရေးကုမ္ပဏီ အေယမ်းအင်တာပရိုက်က ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ငွေမည်းများနှင့်အခွန် ရှောင်တိမ်းမှုကို တိုက်ဖျက်သည့် နောက်ဆုံးကြိုးပမ်းမှု တစ်ရပ်အနေဖြင့် အိန္ဒိယနိုင်ငံတွင် ဥပဒေစည်းမျဉ်းများကို ချိုးဖောက်လျက်ရှိသည့် ကုမ္ပဏီပေါင်း တစ်သိန်းကျော်တို့ကို မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်လိုက်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ပြောကြားခဲ့သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာအတွင်းက တန်ဖိုးမြင့်ငွေစက္ကူများကိုပိတ်ပင်ရန် ဝန်ကြီးချုပ် ကြေညာခဲ့ပြီးနောက်တွင် အိန္ဒိယနိုင်ငံ၏အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပြီးနောက် နာရီများစွာ အကြာတွင် စုဝေးရောက်ရှိနေကြသည့် စာရင်းကိုင်များအား မိုဒီက မိန့်ခွန်းပြောကြားရာတွင် ယခုဆုံးဖြတ်ချက်သည် သာမန်ဆုံးဖြတ်ချက်မဟုတ်ကြောင်း အလေးအနက် ပြောဆိုခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး-** အိန္ဒိယနိုင်ငံသည် မိမိ၏ နယ်မြေတွင်းသို့ တပ်ဖွဲ့များစေလွှတ်လျက်ရှိပြီး လမ်းဖောက်လုပ်မှုကို ဖျက်ဆီးနေသည်ဟု တရုတ်နိုင်ငံက စွပ်စွဲသဖြင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလျက်ရှိစဉ် တရုတ်နိုင်ငံနှင့် နယ်ချင်းထိစပ်နေသော တောင်ထူထပ်ရာ ဆစ်ကင်ပြည်နယ်သို့ အိန္ဒိယတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးဘီပင်ရာဝပ်သည် ၂၀၁၇ ခုနှစ် ဇွန်လ (၂၉) ရက်က သွားရောက်ကြည့်ရှုခဲ့သည်။

အမေရိကန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် ကုန်သွယ်ရေး၊ ပါရီရာသီဥတုသဘောတူစာချုပ်နှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် သဘောထားကွဲလွဲမှုများရှိနေသော်လည်း အမေရိကန်နှင့်အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သည့်အနေဖြင့် ဇွန် (၂၆) ရက်တွင် ဝါရှင်တန်၌ မျက်နှာချင်းဆိုင် ဆွေးနွေးမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ထရန့်သည် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှု ပြုလုပ်စဉ်အတွင်း မွန်ဘိုင်း၌ ထရန့်တာဝါတစ်ခုကို တည်ဆောက်ခဲ့ပြီး အိန္ဒိယပြည်သူများအား နွေးထွေးလှိုက်လှဲစွာ စကားပြောဆိုမှုပြုလုပ်ခဲ့သည်။

သို့သော် ဝန်ကြီးချုပ်မိုဒီသည် နှစ်နိုင်ငံအကြား လျော့ရဲလာနေသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်လိုသည့် သဘောထားမျိုးရှိကြောင်း အိန္ဒိယ

အာဏာပိုင်များက မှတ်ချက်ချခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုကို ထိပ်ဆုံးနေရာရောက်ရှိအောင် ဦးစားပေးဆောင်ရွက်နေသည့် ထရန့်သည် အိန္ဒိယနှင့် မပြေလည်မှုများ ကြီးထွားလာနေသည့်အတွက် အခက်အခဲနှင့် ကြုံလာရသည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ



**BRIS ဆွေးနွေးပွဲတွင် အတူတကွတွေ့ရသည့်**
**အိန္ဒိယဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့ကို တွေ့ရစဉ်**

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အိန္ဒိယနိုင်ငံ၏ နှစ် ၇၀ မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဩဂုတ် (၁၅) ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး HE.Mr. Vikram Misri က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ၌ တွေ့ဆုံဆွေးနွေးကြရာတွင် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ရေး အပြည်ပြည်ဆိုင်ရာမျက်နှာစာတွင် အပြန်အလှန်အားပေးကူညီရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် စက်တင်ဘာ (၆) ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍစုံပူးပေါင်း

ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မောင်တောဒေသအကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့အသိပေးနိုင်ရန် ကိစ္စရပ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များတွင် မီဒီယာများပါဝင်ပတ်သက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့ပြင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ် စက်တင်ဘာ (၇) ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ် (၁) ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း) အမှတ် (၂၅) ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) သို့ သွားရောက် ကြည့်ရှုလေ့လာသည်။ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည်များနှင့် ပြတိုက်ပရဝုဏ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

**ဥပဒေရေးရာ-** နယူးဒေလီမြို့တွင်းမောင်းနှင်နေသော ဘတ်စ်ကားတစ်စီးပေါ်၌ ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ အုပ်စုဖွဲ့အဓမ္မပြုကျင့်မှု တရားခံများအပေါ် ချမှတ်ထားသည့်သေဒဏ် စီရင်ချက်များကို အိန္ဒိယတရားလွှတ်တော်ချုပ်က ၂၀၁၇ ခုနှစ်၊ မေလ (၅) ရက်တွင် ထပ်မံအတည်ပြုလိုက်သည်။

အိန္ဒိယနိုင်ငံတွင် သက်ငယ်မုဒိမ်းကို သေဒဏ်ပေးရန်၊ အိန္ဒိယနိုင်ငံအလယ်ပိုင်း မတရာပရာဒေ့ရှ်ပြည်နယ်အစိုးရက ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်က အတည်ပြုကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အစိုးရအဖွဲ့အစည်းကို ပြည်နယ်ဝန်ကြီးချုပ် ရှိပ်ရာ့ချ်ဆင်းဂ်ချိုဟန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကျင်းပသောအစည်းအဝေးတွင် ယခုကဲ့သို့ ကလေးငယ်များအပေါ် ကျူးလွန်သောမုဒိမ်းမှုအပေါ် သေဒဏ်ပေးခြင်းကြောင့် ပြည်နယ်အတွင်း အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းများ လျော့နည်းသွားမည်ဟု ပြည်နယ်အစိုးရက ယုံကြည်လျက်ရှိသည်။

ထို့နောက် ဇနီးမယားများအား ကွာရှင်းသည့် မွတ်စလင်အမျိုးသားများအား တရားစွဲဆိုနိုင်ရေးအတွက် အိန္ဒိယအောက်လွှတ်တော်က ဥပဒေတစ်ရပ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၂၈) က အတည်ပြုခဲ့သည်။

**အကြမ်းဖက်မှု-** အိန္ဒိယနိုင်ငံ ဥတာပရာဒေ့ရှ်ပြည်နယ်မှ အမျိုးသမီးတစ်ဦး ထပ်မံ၍ငရဲမီးဖြင့် အပက်ခံလိုက်ရသည်ဆို၏။ အဆိုပါအမျိုးသမီးမှာ ဂိုဏ်းဖွဲ့အဓမ္မပြုကျင့်ခံရပြီး လေးကြိမ်တိုင်ငရဲမီးဖြင့်ပက်ကာ တိုက်ခိုက်ခံရသူဖြစ်ရာ ယခုအကြိမ်ငရဲမီးဖြင့်ပက်ခံရခြင်းမှာ ပဉ္စမအကြိမ်ဖြစ်သည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ယခင်က ရန်စတိုက်ခိုက်မှုများ ခံရပြီးနောက် အသက် (၃၅) နှစ်ရှိ အဆိုပါအမျိုးသမီးကို ၂၄ နာရီပတ်လုံး ရဲတပ်ဖွဲ့က လုံခြုံမှုပေးနေရဆဲဖြစ်သည်။

ထို့နောက် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့် အိန္ဒိယထိန်းချုပ်ထားရာ ကက်ရှ်မီးယားဒေသတွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်က သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာအနီး၌ ဆန္ဒပြသူများကို အစိုးရတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးသွားပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အစိုးရအင်အားစုများက အခင်းဖြစ်ပွားသည့် နေရာအနီးတစ်ဝိုက်ကို တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါဒေသအတွင်း အင်တာနက်ဝန်ဆောင်မှုများကို အာဏာပိုင်များက ရပ်နားထားခဲ့သည်။ ထိုသို့ရပ်ဆိုင်းထားမှုက ပြည်သူများကို သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာအနီးတွင် ဆန္ဒထုတ်ဖော်မှုများ ပေါ်ပေါက်လာစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်နှင့်နယ်စပ်ချင်း ဆက်စပ်နေသည့် အိန္ဒိယနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ရန်

နီဗာဒါးမြောက်ပိုင်းတွင်ရှိနေစဉ်က ပူးပေါင်းကြံစည်ခဲ့သဖြင့် အပြစ်ရှိကြောင်းဝန်ခံခဲ့ခြင်းနောက် အသက် ၄၀ နှစ်ရှိ အိန္ဒိယအမျိုးသား ဘယ်ဝင်ဒါဆင့်ကို မတ် (၇) ရက်က အမေရိကန်အကျဉ်းထောင်တွင် ထောင် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**လမ်းပန်းဆက်သွယ်မှု-** အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ဇာတိပြည်နယ် ဂူဂျာရက်တွင် ပထမဆုံးကျည်ဆန်ရထား ပြေးဆွဲမည့်စီမံကိန်းအတွက် အုတ်မြစ်ချပေးလိုက်ပြီ ဖြစ်သည်။

မွမ်ဘိုင်းမြို့နှင့် အမီဒါဘက်မြို့အကြား ပြေးဆွဲမည့်ကျည်ဆန်ရထားစီမံကိန်း ကုန်ကျစရိတ်ကို ဂျပန်နိုင်ငံမှ ချေးငွေဒေါ်လာ ၁၇ ဘီလျံဖြင့် အများစုစိုက်ထုတ်သုံးစွဲမည်ဖြစ်သည်။ ထိုင်ခုံပေါင်း ၇၅၀ ပါရှိသည့် ကျည်ဆန်ရထားသည် ၂၀၂၂ နှစ် ဩဂုတ်လတွင် စတင်ပို့ဆောင်ပြေးဆွဲရန် လျာထားကြောင်းသိရသည်။

**သိန်းဝင်းဇော်**

**အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA)**။ ။ အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသရှိ နိုင်ငံများမှ ပြည်သူများသည် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအသိုက်အဝန်းအသွင်ဖြင့် ရာစုနှစ်များစွာ ကပင် အတူတကွလွတ်လပ်စွာ စုစည်းဆောင်ရွက်ကြ သည်။ ကုန်သည်များ၊ ပင်လယ်ကူးသင်္ဘောသားများ၊ ငါးဖမ်းသမားများနှင့် ဘုရားဖူးများသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဆိပ်ကမ်းများသို့ ကူးသန်းသွားလာခြင်းဖြင့် ကုန်သွယ်မှုကွန်ရက် ပေါ်ထွန်းလာစေရန် အထောက်အကူ ဖြစ်စေသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးခဲ့ရခြင်းကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဗြိတိသျှအင်ပါယာ၏ ဩဇာလွှမ်းမိုးမှုကို အဆုံးသတ်စေခဲ့သော်လည်း မဟာဗျူဟာကျသော တည်နေရာအနေအထားကြောင့် ဒေသတွင်း၌ အင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုသည် အရှိန်မြင့်တက်လာသည်။ အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသနိုင်ငံများ၏ တူညီသောသမိုင်းကြောင်း၊ အတွေ့အကြုံနှင့် ပထဝီဝင်နိုင်ငံရေး အရ ပဓာနကျမှုတို့ကိုအခြေခံ၍ ထိုဒေသနိုင်ငံများအကြား ယေဘုယျဝိသေသလက္ခဏာ များရှိကြောင်း ခံစားယုံကြည်မှုဖြင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေတစ်လျှောက် ရှေးယခင်ရာစုနှစ်များစွာ တည်ရှိခဲ့သည့် ကမ်းရိုးတန်းဒေသ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အသိုက်အဝန်းကို ပြန်လည်ရှင်သန်လာစေသည်။

ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများအနက် တတိယအကြီးဆုံးသမုဒ္ဒရာရပ်ဝန်းဒေသတွင် လူဦးရေ ၂ ဒသမ ၇ ဘီလျံခန့် မှီတင်းနေထိုင်လျက်ရှိပြီး ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်မှု၏သုံးပုံတစ်ပုံနှင့် ကမ္ဘာ့လောင်စာစွမ်းအင်တင်ပို့မှု၏ သုံးပုံနှစ်ပုံသည် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း နှစ်စဉ်ဖြတ်သန်းလျက်ရှိသဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့်စီးပွားရေးအတွက် အဓိကအရေးကြီးသော လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

၁၉၉၇ ခုနှစ်၊ မတ်လ (၆) ရက်မှ (၇) ရက်အထိ မောရစ်သျှနိုင်ငံ၌ကျင်းပသည့် ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ စတင်ဖွဲ့စည်းပြီး ပဋိညာဉ်စာတမ်း (Charter) ကိုချမှတ်၍ အုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စများကို ဆုံးဖြတ်ကြသည်။ အဖွဲ့၏အတွင်းရေးမှူးချုပ်ရုံးကို မောရစ်သျှနိုင်ငံ၊ အီဘန်နီ ဆိုက်ဘာမြို့ (Ebene Cyber City) ၌ ဖွင့်လှစ်ထားပြီး လက်ရှိအတွင်းရေးမှူးချုပ်မှာ အိန္ဒိယနိုင်ငံသား Mr. KV Bhagirath ဖြစ်သည်။ အတွင်းရေးမှူးချုပ်သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး ဝန်ကြီးများကောင်စီက အတွင်းရေးမှူးချုပ်ကို ရွေးချယ်ခန့်အပ်သည်။

၁၉၉၉ ခုနှစ်၊ မတ်လတွင် မိုဇမ်ဘစ်နိုင်ငံ၊ မပူတိုမြို့၌ ဒုတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပသည်။ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် အိုမန်နိုင်ငံ၊ မတ်စ်ကတ်မြို့၌ကျင်းပသည့် ဝန်ကြီးအဆင့်ကောင်စီအစည်းအဝေးက အဖွဲ့ဝင်နှင့် ဆွေးနွေးဖက်နိုင်ငံများကိုဖိတ်ခေါ်ရန် အစီအစဉ်ချမှတ်သည်။

## အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA)

အဖွဲ့ဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒအလျောက် လျှောက်ထားမှုအပေါ် မူတည်၍ နှစ်နှစ်ကာလအတွက် ဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်စေသည်။ ဆန္ဒအလျောက် လျှောက်ထားခြင်းမရှိပါက ဒေသ၏ ပထဝီအနေအထားအပေါ် အခြေခံ၍ ဥက္ကဋ္ဌရာထူး ထမ်းဆောင်မည့်နိုင်ငံကို ရွေးချယ်သည်။ ၂၀၁၇ -၂၀၁၉ ခုနှစ်အတွက် အဖွဲ့ဥက္ကဋ္ဌတာဝန်ကို တောင်အာဖရိကနိုင်ငံကဆောင်ရွက်လျက်ရှိပြီး ၂၀၁၉-၂၀၂၁ ခုနှစ်အတွက် အဖွဲ့ဥက္ကဋ္ဌတာဝန်ကို ယူအေအီးနိုင်ငံက ဆက်လက်၍ တာဝန်ယူမည် ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ciation for Regional Cooperation-SAARC) စသည့် ဒေသတွင်း အဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများလည်း ပါဝင်လျက် ရှိသည်။

အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA) ၏ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာတွင် ရေကြောင်းသွားလာမှု ဘေးကင်းရေးနှင့် လုံခြုံမှု၊ သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ငါးဖမ်းလုပ်ငန်းစီမံခန့်ခွဲရေး၊ ပညာရေး သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှု ဖလှယ်ရေးတို့ကို ဦးစားပေးကဏ္ဍ




**အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသရှိ နိုင်ငံများပြမြေပုံ**

မဟာဗျူဟာကျသည့် အကျိုးစီးပွားတို့တွင် မတူကွဲပြားမှု များစွာရှိသော တောင်နှင့်အရှေ့အာဖရိကဒေသ၊ အေဒင် ပင်လယ်ကွေ့ဒေသ၊ အိုမန်ပင်လယ်၊ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသနှင့် ဩစတြေးလျဒေသ အစရှိသောဒေသခွဲများမှ နိုင်ငံများ စုစည်းပါဝင်လျက် ရှိသည်။ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်များတွင် အာဆီယံအဖွဲ့ (Association for Southeast Asian Nations-ASEAN)၊ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council-GCC)၊ ဆာ့ခ် (South Asian Asso- များအဖြစ် သတ်မှတ်ထားသည်။ ထို့ပြင် Blue Economy နှင့် Women's Empowerment တို့ကိုလည်း အထူးအလေးထား ဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် သဘောတူသတ်မှတ်ထားသည်။

အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ ထူထောင်သည့်နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် ပထမအကြိမ် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးများကောင်စီအစည်းအဝေး (COMM) နှင့် အဆင့်မြင့်အရာရှိများအစည်းအဝေး (CSO) တို့ကို ၂၀၁၇ ခုနှစ်၊ မတ်လ (၅) ရက်မှ (၇) ရက်အထိ

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပသည်။ ထိပ်သီးအစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံသမ္မတ၊ တောင်အာဖရိကနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် အပါအဝင် IORA အဖွဲ့ဝင် ၂၁ နိုင်ငံမှခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ IORA ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ အထူးကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း Jacob Zuma တို့က ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

ပထမအကြိမ်ထိပ်သီးအစည်းအဝေးတွင် အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသ၏ အနာဂတ်အတွက် IORA ၏ မဟာဗျူဟာ ရည်မှန်းချက်များထင်ဟပ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွက် လမ်းညွှန်ချက်များပါဝင်သည့် Jakarta Concord နှင့် ORA Action Plan 2017-2021 တို့ကို ချမှတ်သဘောတူညီကြသည်။ ထို့ပြင် အစည်းအဝေး၌ ၂၀၁၇-၂၀၁၉ ခုနှစ် ဥက္ကဋ္ဌတာဝန်ကို တောင်အာဖရိကနိုင်ငံသို့လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌတာဝန်ကို ယူအေအီးနိုင်ငံသို့လည်းကောင်း လွှဲပြောင်းပေးသည်။ ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားကြသည်။ အထူးဖိတ်ကြားထားသည့် လေ့လာ သူအဖြစ်တက်ရောက်သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်




**အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ ထူထောင်သည့် နှစ် ၂၀ ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကျင်းပစဉ်**

(ယခုပြည်ထောင်စုအစိုးရအဖွဲ့ရုံး ပြည်ထောင်စုဝန်ကြီး) ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါထိပ်သီးအစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်သည်။ ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံသမ္မတ Joko Widodo၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် Malcolm Trunbull နှင့် တောင်အာဖရိကနိုင်ငံ သမ္မတ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံအား ဖိတ်ကြားမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံက အိန္ဒိယသမုဒ္ဒရာ၏အရေးပါမှုနှင့်အတူ IORA အဖွဲ့၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း၊ အဖွဲ့ဝင်ဖြစ်ရေးအပေါ် မြန်မာနိုင်ငံ၏ စိတ်ဝင်စားမှုနှင့် ပြည်တွင်း


တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အရပ်ဘက်နှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများ ခိုင်မာရေး၊ အကျင့်ပျက်ခြစားမှုနှိမ်နင်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုတို့ကို ပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်သည် မတ်လ (၆) ရက်တွင် အိန္ဒိယ ပြည်ပရေးရာ ဒုတိယဝန်ကြီး General (Dr) VK Singh (Retd)၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno LP Marsudi နှင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA) အတွင်းရေးမှူးချုပ် Mr. KV Shagirath တို့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ထိရောက်ကျယ်ပြန့်စွာ ဆွေးနွေးသည်။ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့သည် အစောပိုင်းကာလများက ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်မှု ကဏ္ဍများတွင်သာ အဓိကထား ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှ ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အောင်မြင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးမှာ မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း တညီတညွတ်တည်း သဘောတူညီကြသည်။ အဖွဲ့ဝင်နိုင်ငံများက အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ရေကြောင်းသွားလာမှုလုံခြုံရေးကို လေးစားရန် အလေးထားပြောကြားကြပြီး ကြီးမားကျယ်ပြန့်သော အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ပဋိပက္ခဖြစ်ပေါ်လာနိုင်မှုအလားအလာကို အသိအမှတ်ပြုကြသည်။ အိန္ဒိယသမုဒ္ဒရာကို လုံခြုံ၍ငြိမ်းချမ်းသောဒေသတစ်ခုဖြစ်စေရန် တူညီသောဆန္ဒရှိကြပြီး United Nations Convention သည် the Law of the Sea (UNCLOS) 1982 အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာသွားရန် ကတိကဝတ်ပြုကြသည်။ ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှအစပြု၍ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့၏ အာရုံစိုက်မှုသည် ဒေသတွင်း ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုမှ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသို့ ပြောင်းလဲသွားသည်။

ယခုအခါပြောင်းလဲလာသော ဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသော စိန်ခေါ်မှုပြဿနာရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် တစ်နိုင်ငံတည်း၊ အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ ပြဿနာရပ်များစွာကို ကျော်လွှားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဒေသတွင်းကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိခြင်းကိုလည်း ပြသရာရောက်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပကတိတိုးတက်မှုအခြေအနေများကို နိုင်ငံရေးအရအရေးပါသည့် ကမ္ဘာ့နိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြနိုင်မည်ဖြစ်သည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အကူပြု စေနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးသက်ရောက်မှုရှိစေနိုင်မည် ဖြစ်သည်။

**စိုးအောင်**

**ကုန္တြိယ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၈-၁၃၇၉)** ။ ။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ မဟိတာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဓမ္မာနုဓမ္မမဟာဒွါရဂိုဏ်းကြီး၏ တေရသမသာသနာပိုင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုန္တြိယသက်တော်ရှည် ဆရာတော်ကြီးကို ၁၂၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်၊ တနင်္ဂနွေနေ့တွင် ခမည်းတော် ဦးကျော်ဇံ မယ်တော် ဒေါ်နှင်းခက်တို့က



ဘဒ္ဒန္တကုဏ္ဍိယ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ ခြင်ဘို့အုပ်စု၊ ကျောက်ရဲ ကျေးရွာ၌ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် အသက် ၁၃ နှစ် အရွယ်တွင် ဟင်္သာတမြို့ ကျောက်ရဲကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၉၈ ခုနှစ် နယုန်လဆန်း (၉) ရက်တွင် ဟင်္သာတမြို့ ဘုရားကြီး ရပ်ကွက်၊ ဘုရားကြီးကျောင်းတိုက် အရုဏဝတီ သိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ သည်။

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့၊ ခြင်ဘို့အုပ်စု၊ ကျောက်ရဲကျောင်းဆရာတော် ဘဒ္ဒန္တ သုန္ဒရထံ လောကုတ္တရာအခြေခံကျမ်းစာများကို ဘဒ္ဒန္တ စာရိန္ဒာသဘ (အဘိဓဇမဟာရဋ္ဌဂုရု) နှင့် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တနေမိန္ဒရ၊ စာချဆရာတော် ဘဒ္ဒန္တ ဓမ္မောဝါဒ၊ နောင်တော် စာချဆရာတော် ဘဒ္ဒန္တဇနိန္ဒ တို့ထံတွင်လည်းကောင်း၊ ညောင်တုန်းမြို့ သာသန ဇောတိပါလသုံးထပ်ကျောင်း (ဒေါ်အုန်းဘောကျောင်း) ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယ၊ ဘုရားကြီး တိုက်ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)၊ ဆရာတော်ဦးကြယ် (အဂ္ဂမဟာပဏ္ဍိတ) စသော ကျမ်းတတ်အကျော်ဆရာတော်များထံတွင် စာမေးပွဲဆိုင်ရာကျမ်းစာများနှင့်တကွ ပါဠိတော် အဋ္ဌကထာဋီကာများကို သင်ယူဆည်းပူးခဲ့ပြီး စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ အစိုးရပထမပြန် စာမေးပွဲတွင် ငယ်၊ လတ်၊ ကြီးတန်းများနှင့် အစိုးရစာချတန်းကို ဂုဏ်ထူးခြောက်ကျမ်းနှင့်တကွ အောင်မြင်ခဲ့၍ ၁၃၁၁ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့၊ ၁၃၁၃ ခုနှစ်တွင် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် ၁၂၉၈ ခုနှစ်၊ ရဟန်း ၁ ဝါရ သည်ကစ၍ ၁၃၂၀ ခုနှစ်အထိ ဟင်္သာတမြို့ ဘုရားကြီး တိုက်တွင် နာယကစာချဆရာတော်အဖြစ် စာသင်သား သံဃာတော်များကို စာပေသင်ကြားပို့ချတော်မူခဲ့သည်။ ၁၃၂၀ ပြည့်နှစ်မှစ၍ ဟင်္သာတမြို့ ကနောင်စုရပ်ကွက် ၌ မဟိတာရုံကျောင်းတိုက်အမည်ဖြင့် ပရိယတ္တိစာသင် တိုက်တည်ထောင်ပြီး တပည့်သံဃာတော်များကို ငယ်၊ လတ်၊ ကြီး စာချတန်းစာဝါများကို သင်ကြားပို့ချပေး ခဲ့သည်။ ထိုသို့စာပေပရိယတ္တိတို့ကို ပို့ချတော်မူလျက် ပဋ္ဌမ မဟာဒွါရနိကာယ သာသနာပိုင်ဆရာတော် ဘုရားကြီး၏ ဩဝါဒါထူးများ၊ ထေရုပ္ပတ္တိများ၊ ဝိနိစ္ဆယ ကျမ်း၊ ဂုဏာဘိတ္ထဝကထာ အစရှိသောကျမ်းစာများကို ရေးသားခဲ့သည်။

ဆရာတော်သည် ဓမ္မာနုဓမ္မမဟာဒွါရဂိုဏ်း၏ အနုရက္ခိတ၊ ဂဏာရက္ခိတ ဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၆၄ ခုနှစ်မှစ၍ မဟာဒွါရဂိုဏ်း၏ ပိဋကတ္တယ ဆေက၊ ဂဏာဓိပတိ နာယကဂုရု၊ တေရသမသာသနာပိုင် ဆရာတော်အဖြစ် ဂိုဏ်းဂဏတာဝန်များကို ဆောင်ရွက် ခဲ့သည်။ ဆရာတော်သည် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးတွင် ပထမအကြိမ်နှင့်တတိယ အကြိမ်တွင် နိုင်ငံတော်သံဃသမ္မုတိဝန်ဆောင်အဖြစ် လည်းကောင်း၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (မဟာဒွါရ) အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ ပြီး ဟင်္သာတမြို့ ပဋ္ဌမုခမာရဇိန် ငါးမျက်နှာစေတီတော် ဂေါပကအဖွဲ့နှင့် ပထမပြန်စာမေးပွဲ ကြီးကြပ်ရေး ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များ ကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၃ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၂၀၁၂ ခုနှစ်တွင် အဘိဓဇမဟာ ရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် ၁၀၁ နှစ်၊ သိက္ခာတော် ၈၁ ဝါအရ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက် (၁၅-၈-၂၀၁၇) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**မောင်ညိုထွန်း (မြန်မာစာ)**

## ဣန္ဒြိယာသဘ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) (မြန်မာ ၁၂၇၈-၁၃၇၉) ။ ။

အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာ သဒ္ဓမ္မဇောတိက၊ မဟာဒွါရနိကာယ တေရသမ သာသနာပိုင်၊ ဟင်္သာတမြို့ ပဥ္စမုခမာရဇိန် ငါးမျက်နှာ စေတီတော် ဩဝါဒါစရိယ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကနောင်စုရပ်ကွက် မဟိတာရုံကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဣန္ဒြိ ယာသဘကို ခမည်းတော် ဦးကျော်ဇံ၊ မယ်တော် ဒေါ်နှင်းခက်တို့က ၁၂၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက် (တနင်္ဂနွေနေ့) တွင် ဟင်္သာတမြို့နယ် ကျောက်ရဲ ကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် ၁၂၉၁ ခုနှစ်၊ တန်ခူးလပြည့်တွင် ဟင်္သာတမြို့နယ်၊ ကျောက်ရဲ ကျေးရွာ၊ ကျောက်ရဲကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ ကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၈ ခုနှစ်၊ နယုန်လဆန်း (၉) ရက်တွင် ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ စာရိန္ဒာ သဘကို ဥပဇ္ဈာယ်ပြု၍ ဘုရားကြီးကျောင်းတိုက်၊ အရုဏဝတီသိမ်တော်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။



ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့နယ် ကျောက်ရဲကျေးရွာ ကျောက်ရဲကျောင်းဆရာတော်၊ ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတာ်ဦးကြယ်တို့ထံ၌ ပရိယတ္တိစာပေများ လေ့လာ သင်ယူဆည်းပူးပြီး ၁၃၁၁ ခုနှစ်တွင် သာသနဓဇဓမ္မာ စရိယဘွဲ့နှင့် ၁၃၁၃ ခုနှစ်တွင် သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူ သည်။

ဆရာတော်သည် ၁၃၀၁ ခုနှစ်မှ ၁၃၂၀ ပြည့်နှစ် အထိ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာဝါများကို ဟင်္သာတမြို့၊ ဘုရားကြီးကျောင်းတိုက်၌လည်းကောင်း၊ ၁၃၂၀ ပြည့်နှစ်မှစ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာချတန်းစာဝါများကို ဟင်္သာတမြို့၊ မဟိတာရုံ ကျောင်းတိုက်၌လည်းကောင်း သင်ကြားပို့ချ ပေးတော် မူသည်။

ဆရာတော်သည် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ စတင်ဖွဲ့စည်းချိန်မှစ၍ ပထမအကြိမ်နှင့် ဒုတိယ အကြိမ် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၅၁ ခုနှစ် မှ ၁၃၆၆ ခုနှစ်အထိ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ (မဟာဒွါရ) ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ ဟင်္သာတမြို့၏ကျက်သရေဆောင် ပဥ္စမုခမာရဇိန် ငါးမျက်နှာ စေတီတော်၏ ဩဝါဒါစရိယဆရာတော် အဖြစ် လည်းကောင်း ၁၃၁၄ ခုနှစ်မှစ၍ မဟာဒွါရဂိုဏ်း၏ ဗဟိုအနုရက္ခိတဆရာတော်အဖြစ် လည်းကောင်း၊ ၁၃၆၄ ခုနှစ်မှစ၍ မဟာဒွါရဂိုဏ်း၏ ပိဋကတ္တယဆေက ဂဏာဓိပတိ မဟာနာယကဂုရု တေရသမသာသနာပိုင် ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များ ကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၅၄ ခုနှစ်တွင် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၇၃ ခုနှစ် တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၇၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရ၏ ဆက်ကပ်လှူဒါန်းပူဇော်မှုကို ခံယူတော်မူသည်။

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၁ နှစ်၊ သိက္ခာတော် ၈၁ ဝါအရ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက် (အင်္ဂါနေ့) တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**စိုးအောင်**

**ဥရောပသမဂ္ဂနိုင်ငံများ။** ။ ဥရောပသမဂ္ဂမှ ခြောက်နိုင်ငံပူးပေါင်းကာ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂) ရက်တွင် အီးယူရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

အီးယူခြောက်နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ဂျာမနီ၊ ဟန်ဂေရီနှင့် ရိုမေးနီးယားနိုင်ငံတို့မှ ရဲတပ်ဖွဲ့များသည် အီးယူရဲတပ်ဖွဲ့၏ ကူညီဆောင်ရွက်မှုအောက်တွင် အတူတကွပူးပေါင်းကာ လူကုန်ကူးမှုဒုစရိုက်အဖွဲ့အစည်းများ ကွန်ရက်ကို ရှင်းလင်းမည့်လုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေသည် ဥရောပသမဂ္ဂမှ နုတ်ထွက်စွန့်ခွာသည့်စာချုပ်တစ်စောင်ကို တင်သွင်းခဲ့ကြောင်း သိရသည်။ ဗြိတိန်၏နုတ်ထွက်မှုသည် ဥရောပသမဂ္ဂ၏စုစည်းညီညွတ်မှုကို စမ်းသပ်သည့် မသေချာမရေရာသည့် ညှိနှိုင်းဆွေးနွေးမှုများစွာဆီသို့ တွန်းပို့လျက်ရှိသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီး ကိုးလအကြာတွင် မေသည် ဗြိတိန်နိုင်ငံအနေဖြင့် ၁၉၇၃ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည့် ဥရောပသမဂ္ဂမှ စတင်နုတ်ထွက်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း ဥရောပ သမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်ထံသို့ အကြောင်းကြား စာတစ်စောင် ပေးပို့ခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်မေသည် ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲအပြီးတွင် နိုင်ငံရေးဆိုင်ရာ ရှုပ်ထွေးဆူပူမှုများအတွင်း ထိပ်တန်းရာထူးနေရာကို ရရှိခဲ့သူဖြစ်ကာ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်မှုကို ဦးစွာကန့်ကွက်ခဲ့သူဖြစ်သည်။ အီးယူမှ ဗြိတိန်ခွဲထွက်မှုသည် ၂၀၁၉ ခုနှစ် မတ်လနှောင်းပိုင်းတွင် သက်ရောက်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ ထွက်ခွာနေပြီဖြစ်ပြီး ပြန်လည်ဝင်ရောက်လာရန် မဖြစ်နိုင်တော့သည့် သမိုင်းဝင်အချိန်ကာလတစ်ခုဖြစ်လာနိုင်ကြောင်း ဝန်ကြီးချုပ်မေက ဗြိတိန်နိုင်ငံပါလီမန် လွှတ်တော်အတွင်း၌ ဥရောပပြည်သူများအား ပြောကြားခဲ့သည်။ မေသည် နုတ်ထွက်စာကို ၂၀၁၇ ခုနှစ် မတ်လ (၂၈) ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။




**ဥရောပသမဂ္ဂအစည်းအဝေးတွင်တွေ့ရသည့်**
**ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေ**

ထို့နောက် ၂၀၁၇ ခုနှစ်ကုန်ခါနီးသို့ရောက်သောအခါ ဗြိတိန်ဝန်ကြီးချုပ်မေနှင့် ဥရောပသမဂ္ဂတို့သည် ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေးဆိုင်ရာ အစီအစဉ်လျာထားချက်များကို သဘောတူညီခဲ့ပြီးနောက်တွင် ကုန်သွယ်ရေးနှင့် အကူးအပြောင်းကိစ္စရပ်များ ဆွေးနွေးမှုများ ပြုလုပ်သွားရန်အတွက် ဒီဇင်ဘာ (၈) ရက်တွင် သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲများ အပြင်းအထန်ပြုလုပ်ခဲ့ပြီးနောက်တွင် ဥရောပကော်မရှင်သည် ၎င်း၏ဆုံးဖြတ်ချက်ကို ဖော်ပြခဲ့သည်။ ယင်းဆုံးဖြတ်ချက်က ဗြိတိန်ဝန်ကြီးချုပ်မေကို ဘရပ်ဆဲလ်သို့သွားရောက်ကာ ကော်မရှင်ဥက္ကဋ္ဌ ဂျိမ်းကလော်ဒီဂျန်ကာနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့မှုကို ထုတ်ဖော်ကြေငြာနိုင်မည့်ရလဒ် ပေါ်ထွက်လာစေခဲ့သည်။



**ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေနှင့် ဥရောပသမဂ္ဂခေါင်းဆောင်ဒေါ်နယ်တပ်စ်**

ခွဲထွက်ခြင်းသည် ခက်ခဲသည်ကို ကျွန်ုပ်တို့အားလုံး အသိပင်ဖြစ်ကြောင်း၊ သို့သော် ခွဲထွက်ပြီးနောက် ဆက်ဆံရေးသစ်တစ်ရပ်ကို ပြန်လည်တည်ဆောက်ရန်မှာ ပို၍ပင်ခက်ခဲကြောင်း ဥရောပသမဂ္ဂခေါင်းဆောင် ဒေါ်နယ်တပ်စ်က ပြောကြားသည်။

ဗြိတိန်အပြီးထွက်ခွါမည့် ၂၀၁၉ ခုနှစ် မတ်လ မတိုင်မီတွင် ဆွေးနွေးပွဲများပြုလုပ်ရန် တစ်နှစ်ခန့်သာ ကျန်ရှိတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ လုံလောက်သည့်အောင်မြင်မှုရရှိအောင် ဆွေးနွေးနိုင်ခဲ့ခြင်းက လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် ဥရောပသမဂ္ဂခေါင်းဆောင်များ၏ ထပ်သီး ညီလာခံကို ဆက်သွားစေနိုင်လိမ့်မည်ဟုကော်မရှင်က ပြောကြားခဲ့သည်။

## ပြင်သစ်နိုင်ငံ

**နိုင်ငံရေး** - ၂၀၁၇ ခုနှစ်၊ မေလ (၇) ရက်က ကျင်းပသော ဒုတိယအကျော့ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် နိုင်ငံရေးအမြင်မျှတသော သမ္မတလောင်း အမ်မန်နျူရယ်မက်ခရွန်က လက်ယာစွန်းသမ္မတလောင်း မရင်းလီပင်းကို မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိလိုက်သည်။ အသက် ၃၉ နှစ်သာရှိသေးသော မစ္စတာမက်ခရွန်သည် မဲအရေအတွက် ၆၆ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့် ၃၃ ဒသမ ၉၄ ရာခိုင်နှုန်းရရှိသော လီပင်းအား အနိုင်ရရှိကာ ပြင်သစ်နိုင်ငံ၏ အသက်အငယ်ဆုံးသမ္မတ ဖြစ်လာသည်။

ပြင်သစ်နိုင်ငံ၏သမိုင်းတွင် စာမျက်နှာသစ်ဖွင့်လှစ်လာတော့မည်ဟုလည်း မစ္စတာမက်ခရွန်က ပြောသည်။

ထို့နောက် အမ်မန်နျူရယ်မက်ခရွန်က ပြင်သစ်သမ္မတ မဲဆွယ်စည်းရုံးရေးကာလတွင် တွေ့မြင်ခဲ့ရသည့် လူ့အဖွဲ့အစည်းများ အချင်းချင်း ညီညွတ်ခြင်းမရှိသည့်ပြဿနာကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်းနှင့် အင်အားတောင့်တင်းသော ပြင်သစ်နိုင်ငံတစ်ခု ထူထောင်နိုင်ရေးအတွက် ကြိုးစားသွားရမည်ဟု ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်ကြောင်း ရိုက်တာသတင်းတွင် မေ (၁၄) ရက်၌ ဖော်ပြထားသည်။

ကမ္ဘာကြီးနှင့် ဥရောပသည် အင်အားတောင့်တင်းခိုင်မာသော ပြင်သစ်နိုင်ငံတော်ကြီးကို အလိုရှိကြောင်း လွတ်လပ်မှုနှင့် စည်းလုံးညီညွတ်မှုကို လိုလားသော မက်ခရွန်က ပြောကြားသည်။ ထို့ပြင် ၎င်း၏လက်ထက်



**ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် အပြိုင်အဆိုင်မဲဆွယ်စည်းရုံးနေသည့် သမ္မတလောင်း အမ်မန်နျူရယ်မက်ခရွန်နှင့် မရင်းလီပင်း**

တွင် အလုပ်သမားဈေးကွက်သည် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအတွက် စီးပွားရေးလုပ်ဆောင်နိုင်သည့် အခြေအနေများကို ဖန်တီးပေးမည်ဖြစ်ပြီး လမ်းသစ်တွင် စူးစမ်းလုပ်ဆောင်ခြင်းသည် ၎င်း၏နှလုံးသားထဲတွင် ကိန်းဝပ်နေသည့်ဆန္ဒပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ ရွေးကောက်ပွဲတွင် မစ္စတာမက်ခရွန် အနိုင်ရရှိပြီးနောက် သီတင်းပတ်အနည်းငယ်အကြာတွင် ပြင်သစ်ပါလီမန်ရွေးကောက်ပွဲကို ပြုလုပ်ရာ မဲရလဒ်များအားလုံးနီးပါးကို မက်ခရွန်ပါတီက အမတ်နေရာ ၅၇၇ နေရာတွင် အမတ်နေရာ ၃၀၀ ကျော်ကို အနိုင်ရရှိသည်။

ရွေးကောက်ပွဲရလဒ်များအရ သမ္မတမက်ခရွန်အနေဖြင့် ၎င်း၏အီးယူလိုလားမှုနှင့် စီးပွားရေးအထောက်အကူပြု ပြုပြင်ပြောင်းလဲမှုစီမံကိန်းများကို ဆက်လက်လုပ်ဆောင်ရန်အတွက် ပါလီမန်အတွင်း ခိုင်မာသော လုပ်ပိုင်ခွင့်တစ်ရပ်ကို ရရှိမည်ဖြစ်သည်။

အသက် ၆၀ ရှိပြီဖြစ်သော ဗိုလ်ချုပ်ပီယံဒီဗီလီရာက ၎င်းသည် ဘဏ္ဍာရေးစည်းမျဉ်း ကန့်သတ်ချက်များစွာရှိနေသည့်အထဲတွင် အင်အားစိုက်ထုတ်လျက် ပြင်သစ်ကာကွယ်ရေးအင်အားစုကို စီမံထိန်းသိမ်းရန် ကြိုးစားခဲ့သော်လည်း လက်ရှိအခြေအနေကို ရေရှည်ထိန်းသိမ်းရန် မစွမ်းဆောင်နိုင်သဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၁၉) ရက်တွင် ပီယံဒီဗီလီရာသည် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ထိုသို့ရာထူးမှနုတ်ထွက်ခြင်းကို သမ္မတမက်ခရွန်က လက်ခံခဲ့သည်။ မက်ခရွန်အား ပြင်သစ်သမ္မတ အဖြစ်ရွေးကောက်တင်မြှောက်ခဲ့ပြီး နှစ်လခန့်အကြာတွင် မက်ခရွန်နှင့် ဒီဗီလီရာတို့အကြား အပြင်းအထန် မကျေလည်မှုများ ပေါ်ပေါက်ခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး**- ပြင်သစ်နိုင်ငံသမ္မတ မက်ခရွန်နှင့် ရုရှားသမ္မတပူတင်တို့သည် အကြမ်းဖက်မှုနှိမ်နင်းရေးကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် ဘာဆိုင်းနန်းတော်၌ ၂၀၁၇ ခုနှစ်၊ မေ (၂၉) ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုအပြီး ပြုလုပ်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မက်ခရွန်က ပြင်သစ်နိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရေးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့်လည်း အကြမ်းဖက်နှိမ်နင်းရေးကို ဦးစားပေးဆောင်ရွက်သွားရန် သဘောတူပြီးနောက် အကြမ်းဖက်ဝါဒအား ချေမှုန်းနိုင်မည်ဟု

ယုံကြည်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပူတင် က ပြောကြားခဲ့သည်။

ထို့နောက် ပြည်တွင်းတွင် ရှုရှားကိစ္စ၊ ပြည်ပတွင် ရာသီဥတုပြောင်းလဲရေးနှင့် ကုန်သွယ်ရေးကိစ္စများ ခေါင်းခဲနေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သည် ၂၀၁၇ ခုနှစ် ဇူလိုင်လ (၁၃) ရက်က ပြင်သစ်သမ္မတအမ်မန်နျူရယ်မက်ခရွန်နှင့် ဘုံအကျိုးစီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

**အကြမ်းဖက်မှု-** ပြင်သစ်နိုင်ငံ ပါရီရှိ အော်လီလေဆိပ်တွင် ၂၀၁၇ ခုနှစ်၊ မတ်လ (၁၈) ရက် နံနက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ အခြားခရီးသည်များ ဒဏ်ရာရရှိခြင်းမရှိကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။

ထို့နောက် ဂျီဟတ်အုပ်စုများအား ယခုပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် စစ်သွေးကြွ ၂၀ ခန့်ကို မာလီနိုင်ငံမြောက်ပိုင်းတွင် စစ်ဆင်ရေးပြုလုပ်နေသည့် ပြင်သစ်တပ်ဖွဲ့များက ပြောသည်။ ယင်းအကြမ်းဖက်သမား ၂၀ ကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ကြောင်း ဘာခါနီတပ်ဖွဲ့က ကြေညာချက်တွင်ဖော်ပြသည်။

မေ (၂၈) ရက်တွင် စတင်ခဲ့သည့် စစ်ဆင်ရေးမှာ ဇွန် (၁) ရက်တွင် ပြီးဆုံးခဲ့ပြီး လက်နက်ခဲယမ်းများနှင့် အခြားသောပစ္စည်းကရိယာများ သိမ်းဆည်းရမိခဲ့သည်။

## စပိန်နိုင်ငံ

**နိုင်ငံရေး** - စပိန်နိုင်ငံအရှေ့မြောက်ပိုင်း ကာတာလိုနီးယားဒေသ ပါလီမန်က ၂၀၁၇ ခုနှစ် အောက်တိုဘာ (၁) ရက်တွင် ဒေသလွတ်လပ်ရေး ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကို မဲခွဲအတည်ပြုလိုက်သည်။ ယင်းကို စပိန်အစိုးရက တရားမဝင်အောင် ပြုလုပ်မည်ဟု ဆုံးဖြတ်လိုက်သည်။ စပိန်နိုင်ငံ၏ ချမ်းသာသော ကာတာလိုနီးယားဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာများရရှိထားပြီး ဖြစ်သည်။ သို့သော် စပိန်နိုင်ငံမှ လုံးဝခွဲထွက်ရန် ပြည်သူတို့က ထောက်ခံအားပေးကြောင်း ကာတာလိုနီးယားဒေသအစိုးရက ကြေညာသည်။

စပိန်လက်အောက်မှ လွတ်မြောက်ရေးရယူရန် အောက်တိုဘာလတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရေး ကာတာလိုနီးယားပါလီမန်က မဲခွဲအတည်ပြုလိုက်သည်။ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးဥပဒေကို စပိန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ရပ်ဆိုင်းလိုက်သည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ပြုလုပ်ရန် စီစဉ်ခဲ့သည့် တားမြစ်ထားသော ကာတာလိုနီးယားဒေသ လွတ်လပ်ရေးဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲနှင့် တိုက်ရိုက်ဆက်နွယ်နေသည့် အထောက်အထား မှတ်တမ်းပေါင်းများစွာကို စပိန်ရဲတပ်ဖွဲ့က ရှာဖွေဖော်ထုတ်လိုက်သည်။

ထို့နောက် စက်တင်ဘာ (၃၀) ရက် ညနေတွင် ဆန္ဒပြသူများသည် ဘာစီလိုနာမြို့တွင် စုဝေးခဲ့ကြပြီး စပိန်နိုင်ငံမှ ခွဲထွက်ရေးအတွက် ပြုလုပ်မည့် ပြည်သူ့ဆန္ဒခံယူပွဲကို ဆန့်ကျင်ကြောင်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ထောင်နှင့်ချီသော ဆန္ဒပြပြည်သူများက ကာတာလိုနီးယားဒေသသည် စပိန်နိုင်ငံပိုင်ဖြစ်သည်ဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ရမ်းကာ မြို့တော်ခန်းမရှိရာသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

ကာတာလိုနီးယားခေါင်းဆောင် ကားလ်ပြူဒီမောင့် လက်မှတ်ရေးထိုးထားသော လွတ်လပ်ရေးကြေညာစာတမ်းကို စပိန်အစိုးရကပယ်ချလိုက်ပြီး အငြင်းပွားမှုများအကြား စေ့စပ်ပေးရန် တောင်းဆိုချက်များကို ငြင်းပယ်လိုက်သည်။

## ဂျာမနီနိုင်ငံ

**နိုင်ငံရေး-** ဂျာမနီနိုင်ငံသမ္မတရွေးကောက်ပွဲအဖွဲ့က နိုင်ငံခြားရေးဝန်ကြီးဟောင်း ဖရန့်စ်ဝေါ်လ်တာစတိန်းမီးယားအား ဂျာမနီသမ္မတအသစ်အဖြစ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ (၁၂) ရက်က ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဖေဖော်ဝါရီ (၁၁) ရက် ညနေပိုင်းကလည်း အိန်ဂျလာမာကယ်နှင့် ဟော့လိုရမ်စီဟိုဖာတို့သည် ဗဟိုလက်ဝဲယိမ်းနှင့် ဗဟိုလက်ယာယိမ်း နိုင်ငံရေးသမဂ္ဂများကို ကိုယ်စားပြု၍ စတိန်းမီးယားအား ထောက်ခံကြရန် တိုက်တွန်းခဲ့ကြပြီး ၎င်းသည် ဂျာမနီ



**ဂျာမနီသမ္မတသစ် ဖရန့်စ်ဝေါလ်တာစတိန်းမီးယား**

ကို ကိုယ်စားပြုနိုင်မည့် အသင့်လျော်ဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ် သည် ဂျာမန်လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ တစ်ဦးအား တူရကီက ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် တူရကီနိုင်ငံကို ကန့်ကွက် ဆန့်ကျင်သည့်ဆောင်ရွက်မှုများ အရှိန်အဟုန်မြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဇူလိုင် (၂၀) ရက်က ကြေညာလိုက်သည်။

ထို့ပြင် ဂျာမနီသည် တူရကီနှင့်သက်ဆိုင်သော မူဝါဒများအပေါ် ပုံစံသစ်ဖြင့် ပြောင်းလဲကျင့်သုံးမည်ဟု ပြောကြားခဲ့ပြီး ဂျာမနီပြည်သူများအတွက် တူရကီ၏ အန္တရာယ်ကိုသတိပေးသည့် ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက်များကို ထုတ်ပြန်ခဲ့သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ (၂၄) ရက်က ကျင်းပသည့်ဂျာမနီအထွေထွေရွေးကောက်ပွဲတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် လေးကြိမ်မြောက် အနိုင်ရရှိ သွားပြီဖြစ်သည်။ သို့သော်လည်း ရွေးကောက်ပွဲတွင် မာကယ်အနိုင်ရရှိမှုသည် ဂျာမနီနိုင်ငံရေး၌ လက်ယာစွန်း ရောက်ပါတီ ပြန်လည်ထွက်ပေါ်လာမှု၏ အရိပ်အာဝါသ လွှမ်းမိုးခဲ့သည်။ မာကယ်အစိုးရအဖွဲ့သည် ဆန္ဒမဲ၏ ၃၃ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့ပြီး အုပ်ချုပ်ရေးအတွက် မဟာမိတ် ပြန်လည်ဖွဲ့စည်းနိုင်မည်ဖြစ်သည်။

သို့သော် နိုဝင်ဘာ (၁၉) ရက်တွင် အစိုးရ မဟာမိတ်အဖွဲ့၏ဆွေးနွေးပွဲ ပျက်ပြယ်သွားခဲ့ပြီး နောက်တွင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် သည် ၎င်းတာဝန်ယူဆောင်ရွက်ခဲ့သည်။ လွန်ခဲ့သော ၁၂ နှစ် ကြာကာလမှစတင်ကာ အကြီးမားဆုံးနိုင်ငံရေး အကျပ်အတည်းကို ရင်ဆိုင်နေရသည်။ စက်တင်ဘာ (၂၃) ရက် ဖက်ဒရယ်ရွေးကောက်ပွဲများအပြီးတွင် FDP ပါတီသည် မဟာမိတ်အစိုးရသစ်ဖွဲ့စည်းရေးအတွက် ဂရင်းပါတီ၊ CDU ပါတီနှင့် CSU ပါတီတို့နှင့် ဆွေးနွေး ပွဲများ ပြုလုပ်မှုကို ရုတ်သိမ်းရန်ဆုံးဖြတ်လိုက်သည်။

ဂျာမနီသည် နိုင်ငံကို အမှန်တကယ်မြှင့်တင်ပေး နိုင်မည့် တည်ငြိမ်သည့်အစိုးရတစ်ရပ်ကို လိုအပ်နေကြောင်း ပါတီအစည်းအဝေးတွင် မာကယ်က ပြောကြားခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး-** မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ် စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံတပ်မတော်စစ်ဦးစီးချုပ် General Volker Wicker ၏ဖိတ်ကြားချက်အရ တရားဝင် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဧပြီ (၂၆) ရက်က ဂျာမနီ နိုင်ငံ Tegecl အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ သည်။ ဂျာမနီတပ်မတော်မှ Commandant of the Engineers Training Center and Director of the Engeneer Corps. Brigadier General Luty NIEMANN နှင့် ဇနီးတို့က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြသည်။ ၎င်းနောက် စစ်ဦးစီးချုပ်နှင့် နှစ်ဦးတွေ့ဆုံဆွေးနွေးမှုကို ကာကွယ်ရေးဝန်ကြီးဌာနအတွင်းရှိ စစ်ဦးစီးချုပ် ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးရာ၌ မြန်မာတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အကြမ်းဖက်မှုနှိမ်နင်းရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်ခြင်းများကို တရားဝင်ဆောင်ရွက်လိုကြောင်း၊ ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန် ဖိတ်ကြား အပ်ပါကြောင်း ပြောကြားခဲ့သည်။

ဂျာမနီတပ်မတော် စစ်ဦးစီးချုပ်က ယခုခရီးစဉ်မှ စ၍ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်း

ဆောင်ရွက်မှုများကို မူလကထက်ပိုမို၍ ဆက်လက်တိုးမြှင့်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာ




ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ

အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြန်မာ့တပ်မတော်အရာရှိများအား ဂျာမနီနိုင်ငံသို့ သင်တန်းများစေလွှတ် တက်ရောက်ခြင်း၊ နယ်ပယ်များအလိုက် လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးများကို ဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

## ဆွီဒင်နိုင်ငံ

**ဆွီဒင်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး**- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်တို့သည် ၂၀၁၇ ခုနှစ် ဇွန်လ (၁၂) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံကြသည်။

နိုင်ငံ၏စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်အသစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးကြသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သည် International Prize 2015 ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုလက်ခံရယူခဲ့သည်။



**ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**
**ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆွီဒင်ဝန်ကြီးချုပ်ရုံး၌ အတူတကွတွေ့ရစဉ်**

ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေး ဝန်ကြီးက ဂုဏ်ပြုစကားပြောကြားပြီးနောက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ဇွန် (၁၃) ရက် နံနက်ပိုင်းတွင် ဆွီဒင်လွှတ်တော်ကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာ၌ ၂၀၁၆ ခုနှစ် မတ်လက ကျွန်မတို့အစိုးရ အနေနဲ့ နိုင်ငံတော်တာဝန်ကိုယူပြီးနောက်ပိုင်း အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော် နေရင်း နှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိုပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ မရင့်ကျက်သေးတဲ့အပြင် လူမျိုးပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ရသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဟာ ရှုပ်ထွေးပြီး စိန်ခေါ်မှုများစွာနှင့် ပြည့်နှက် နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျက်စတင်ထရူးဒိုး၊ ဆွီဒင်နိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ မစ္စတာအော်ရိဘန်အာလင်းနှင့် ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗန်တို့၏ ဖိတ်ကြားချက်အရ ကနေဒါ နှင့် ဆွီဒင်နိုင်ငံများသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဇွန် (၁၄) ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

## အီတလီနိုင်ငံ

**နိုင်ငံရေး-** အီတလီနိုင်ငံက ၎င်း၏သံအမတ်ကြီးကို လစ်ဗျားနိုင်ငံသို့ ပြန်လည်စေလွှတ်ရန် အီတလီ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (၉) ရက်တွင် ကြေညာလိုက်ရာ အီတလီနိုင်ငံအနေဖြင့် နှစ်ပိုင်းကွဲနေသော လစ်ဗျားနိုင်ငံသို့ ပထမဆုံးသံရုံး ဖွင့်သည့် အနောက်နိုင်ငံ ဖြစ်လာသည်ဟု သိရသည်။

အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် သံအမတ်ကြီးက ၎င်း၏သံအမတ်ခန့်အပ်လွှာကို လစ်ဗျားအစိုးရသို့ ဇန်နဝါရီ (၁၀) ရက်တွင် ပေးအပ်မည်ဟု ဖော်ပြသည်။ ကုလသမဂ္ဂထောက်ခံအားပေးသည့် ဝန်ကြီးချုပ်ဖယက်ဆီရက်အစိုးရ၏ အတည်ပြုချက်ကို ဒီဇင်ဘာလတွင် ထရီပိုလီ၌ အလုပ်စတင်ဆောင်ရွက်တော့မည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

**အီတလီ-မြန်မာဆက်ဆံရေး** - နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မေလ (၃) ရက် နံနက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီဝန်ကြီးချုပ်ဟောင်း Mr. Romano Prodi နှင့် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရောမမြို့ရှိ ခေတ္တတည်းခိုသည့် Boscolo Hotel ၌ တွေ့ဆုံကြသည်။

၎င်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အီတလီဝန်ကြီးချုပ် H.E. Mr. Paolo Gentiloni က မေ (၄) ရက်ညနေပိုင်းတွင် ရောမမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့သည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အီတလီဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သဘာဝဘေး** - အီတလီနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာဒေသဖြစ်သည့် အစ်ချီယာအားလပ်ရက် အပန်းဖြေကျွန်းပေါ်တွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ် (၂၁) ရက် ဒေသစံတော်ချိန် ည ၀း၅၇ မိနစ်တွင် ငလျင်၏ပြင်းအား ရစ်ချ်စတာစကေး ၄ ဒသမ ၀ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများစွာ ရှိခဲ့သည်။ ထိုငလျင်ကြောင့် မြေပြိုကျမှုဖြစ်စဉ်များရှိသဖြင့် ဩဂုတ် (၂၂) ရက် နေ့လယ်ထိ လူ ၁၀ ဦး ပျောက်ဆုံးလျက်ရှိသည်။

အီတလီနိုင်ငံတောင်ပိုင်း အစ်ချီယာကျွန်းသည် ခရီးသွားများ အဓိကလည်ပတ်ရာနေရာ တစ်ခုဖြစ်ပြီး နပလိက်စ်ပင်လယ်ကွေ့တွင် တည်ရှိကာ နပလိက်စ်နှင့် ၂၉ ကီလိုမီတာ ကွာဝေးကြောင်း သိရသည်။

## ဘယ်လ်ဂျီယံနိုင်ငံ

**ဘယ်လ်ဂျီယံ-မြန်မာဆက်ဆံရေး-** ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ တရားဝင်ခရီးရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘယ်လ်ဂျီယံဘုရင် King Philippe တို့သည် မေ (၂) ရက် ဒေသစံတော်ချိန် နံနက် ၁၀း၀၀ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုနေ့ ဒေသစံတော်ချိန် နံနက် ၁၁း၀၀ နာရီတွင် ဘရပ်ဆဲလ်မြို့ Egmont Palace ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘယ်လ်ဂျီယံဝန်ကြီးချုပ် H.E. Mr.Charles Michel တို့ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနှင့်ဘယ်လ်ဂျီယံ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အရည်အသွေးမြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကိစ္စရပ်များအား ဘယ်လ်ဂျီယံနိုင်ငံက ဆက်လက်အကူအညီပေးနေသည့်ကိစ္စ၊ မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံက အကူအညီပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk တို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဘရပ်ဆဲလ်မြို့ရှိ ဥရောပကောင်စီ အဆောက်အအုံ၌ မြန်မာ-အီးယူ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကာလ၌ ကြုံတွေ့ရသောအခက်အခဲ အောင်မြင်မှုရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဘုရင့်နန်းတော်သို့ ရောက်ရှိစဉ်**

နှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား ဆွေးနွေးကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အတူ ဥရောပသမဂ္ဂကော်မရှင်အဆောက်အအုံ၌ ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲသို့တက်ရောက်၍ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

## ရိုမေးနီးယားနိုင်ငံ

**နိုင်ငံရေး-** အထူးအမိန့်ဒီကရီများဖြင့် အာဏာအလွဲသုံးစားမှုပုံစံတစ်မျိုးကို ရာဇဝတ်မှုစာရင်းမှ ပယ်ဖျက်၍ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် ရိုမေးနီးယားအစိုးရ၏အစီအစဉ်ကို ပြည်သူထောင်ပေါင်းများစွာတို့က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ (၂၉) ရက်တွင် ဘူခါရက်မြို့တော်၌ ဆန္ဒပြခဲ့ကြသည်။

ဆိုရှယ်ဒီမိုကရက် အစိုးရ၏ အစီအစဉ်ကြောင့် ရိုမေးနီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ထိခိုက်သွားနိုင်ကြောင်း သမ္မတ၊ ရှေ့နေချုပ်၊ တရားလွှတ်တော်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရှေ့နေရုံးတို့အပါအဝင် ပြည်သူ့အခွင့်အရေးအုပ်စုများနှင့် သံတမန်များကလည်း ကန့်ကွက်ထားသည်။ ရိုမေးနီးယားပြည်သူပေါင်း ၅၀၀၀၀ ခန့်တို့က ဘူခါရက်မြို့လယ်၌ စုရုံးဆန္ဒပြခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ လက်ရှိ အာဏာရပါတီခေါင်းဆောင်သည်ပင်လျှင် အာဏာမဲ့အလွဲသုံးစားမှုစွဲချက်ဖြင့် ရင်ဆိုင်နေရသည်။

ထို့နောက် အဂတိလိုက်စားမှု ကျူးလွန်သူများအား အစိုးရက ရာဇဝတ်သားများကဲ့သို့ ပြုမူဆက်ဆံခြင်းကို ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် ရာထောင်ချီသောလူများသည် ရိုမေးနီးယားနိုင်ငံပေါ်ရှိ လမ်းမများအပေါ်သို့ ထွက်လာခဲ့ကြရာ ၁၉၈၉ ခုနှစ် ကွန်မြူနစ်ဝါဒကျဆုံးချိန်မှစ၍ အကြီးကျယ်ဆုံးဆန္ဒပြမှု ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ရိုမေးနီးယားနိုင်ငံ၏မြို့တော် ဘူခါရက်တွင် ဆန္ဒပြသမားအချို့က ပြောက်အိုးများ၊ ကျောက်တုံးများ၊

ပုလင်းများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ရာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင် အချို့တို့ ဒဏ်ရာရရှိခဲ့ကြသည်။ တီမီဆွာရာမြို့ အပါအဝင် ရိုမေးနီးယားနိုင်ငံတစ်ဝန်းရှိ အခြားသော မြို့ကြီးများ၏လမ်းမများပေါ်တွင် လူအုပ်ကြီးသည် ချီတက်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

## နယ်သာလန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် လူမှုရေးရာနှင့်အလုပ်အကိုင်ရရှိရေးရာ ဝန်ကြီး H.E. Mr. Lodeuijk Asscher ၏ ဖိတ်ကြားချက် အရ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောသွားရောက်ရာ နယ်သာလန်နိုင်ငံ စကစ်ပိုင်လေဆိပ်သို့ ဧပြီ (၁၉) ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရောက်ရှိခဲ့ သည်။

၂၀၁၇ ခုနှစ် ဧပြီ (၂၄) ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်သို့ပြန်လည် ရောက်ရှိလာသည်။

ထို့နောက် နယ်သာလန်နိုင်ငံ ဘုရင်ဝီလီယမ် အလက်ဇန်းဒါး မွေးနေ့အထိမ်းအမှတ် နယ်သာလန် အမျိုးသားနေ့အခမ်းအနားနှင့် မြန်မာ-နယ်သာလန် သံတမန်ဆက်သွယ်မှု နှစ် (၇၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဧပြီ (၂၇) ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ Lake Garden ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလွမ်းတို့ တက်ရောက်ကြသည်။

ထိုသို့တက်ရောက်ရာတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံနှင့် နယ်သာလန်



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိစဉ်**

နိုင်ငံတို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် ထူးခြားသောမှတ်တိုင် တစ်ရပ်ဖြစ်ပါကြောင်း၊ နယ်သာလန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာ တိုးတက်ခဲ့ပါကြောင်း ပြောကြားသည်။

## ဩစတြီးယားနိုင်ငံ

**ဩစတြီးယားနှင့်မြန်မာဆက်ဆံရေး**- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဧပြီ (၂၂) ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ရောက်ရှိသည်။ ဧပြီ (၂၃) ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗီယင်နာမြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုကြသည်။

ဩစတြီးယားတပ်မတော် စစ်သမိုင်းပြတိုက် (Austria Army Museum) အား ၁၈၅၀ ပြည့်နှစ် ဧပြီလ (၁၅) ရက်က တည်ဆောက်ခဲ့ပြီး ၁၈၅၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ၁၉ ရာစု အလယ် ၁၈၆၇ ခုနှစ်မှစ၍ ဩစတြီးယားအင်ပါယာ၏ စစ်သမိုင်းဆိုင်ရာအချက်အလက်များ၊ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်အပါအဝင် ဩစတြီးယားနိုင်ငံအနေဖြင့် ပါဝင်ခဲ့သည့်စစ်ပွဲများအား ခန်းမများခွဲခြား၍ ခင်းကျင်းပြသထားသည်။

၂၀၁၇ ခုနှစ် ဧပြီ (၂၃) ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယင်နာမြို့ရှိ သို့ရောက်လေ့လာကြရာ ၎င်းတွင် ဩစတြီးယားနိုင်ငံ Habsburges မင်းဆက်၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့ထုံးစံများနှင့် အလေ့အထများကို ပြသထားရှိသည်။ Schoubrunn Palace အား UNESCO ၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်း၌ ၁၉၉၆ ခုနှစ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း သိရှိရသည်။

ဩစတြီးယားနိုင်ငံ၌ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဧပြီ (၂၄) ရက် နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ် General Othmar Commenda က ဩစတြီးယား ကာကွယ်ရေးဝန်ကြီးဌာနတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်နှင့် စစ်ဦးစီးချုပ်တို့သည် စစ်ဦးစီးချုပ်၏ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဇွန်လ (၁၃) ရက်၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.Enno Drofenik အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

**နိုင်ငံရေး**- ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဆီဘတ်စ်ရှင်ကာ့ဒ်သည် ၂၀၁၇ ခုနှစ်၊ မေ (၁၂) ရက်က ကြားဖြတ်ပါလီမန်ရွေးကောက်ပွဲ ကျင်းပပေးရန် တောင်းဆိုလိုက်သည်။ ဤရက်ပိုင်းတွင် ရိန်ဟိုးမစ်တာလဲဟာ နုတ်ထွက်ပြီးနောက်တွင် ပြည်သူ့ပါတီမှ ကာ့ဒ်သည် ကြားဖြတ်ရွေးကောက်ပွဲကို စောစီးစွာကျင်းပခြင်းသည် မှန်ကန်သောလမ်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**သိန်းဝင်းဇော်**

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈)
# အကွာရာစဉ်အညွှန်း


## က

**က**ယားပြည်နယ်ဒေသခံလူငယ်များ ၈၈
ငြိမ်းချမ်းရေးစကားဝိုင်း
**ကာ**တာနိုင်ငံ ၁၄၅-၁၄၇
**ကာ**တာလိုနီးယားဒေသ ၆၄၊ ၆၅၊ ၆၈
**ကာ**ဘိုးရေလွှဲဆည် ၁၀၇၊ ၁၀၈
**ကို**နီ၊ ဦး ၈၊ ၁၄၈-၁၄၉
**ကို**ဗင့်ဒ်၊ ရမ်နက်သ် ၄၈
**ကို**မီ၊ ဂျိမ်း ၃၁
**၉** ကြိမ်မြောက်အရှေ့တောင်အာရှ ၁၄၉-၁၅၀
မသန်စွမ်းအားကစားပြိုင်ပွဲ
**ကင်း**တားဆည် ၁၀၉
**ကတ်**စထရို၊ ရောလ် ၈၆
**ကန်**တော်ကြီးပဲလေ့စ်ဟိုတယ် ၆၈
**ကမ္ဘာ့**ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် ၅၂၊ ၁၅၃-၁၅၆
လုံခြုံရေးဆိုင်ရာ ဘာသာပေါင်းစုံညီလာခံ
**ကယ်**လီ၊ ဂျွန် ၅
**ကျီး**မည်းဆည် ၁၁၀
**ကျော်**တင်၊ ဦး ၇၅
**ကျော်**တင့်ဆွေ၊ ဦး ၄၇၊ ၇၅
**ကျော်**လင်း၊ ဦး ၃၈
**ကြား**ဖြတ်ရွေးကောက်ပွဲ (၂၀၁၇) ၂၂၊ ၁၅၀၊ ၁၅၃
**ကွမ်း**ဆေးဆည် ၁၁၁
**ကွယ်**လွန်ထင်ရှားပုဂ္ဂိုလ်များ ၁၅၆-၁၆၇

## ခ

**ခို**ရာမာရှာပွဲထိန်းဒိုးကျည် ၆၃
**ခင်**မောင်လတ်၊ ဦး ၉၁
**ခိုးလ်**၊ ဟယ်လ်မွတ် ၁၆၈
**ခိုင်**ထူး၊ ဦး ၁၆၈-၁၇၀
**ချားလ်**ဘို၊ ကာဒီနယ် ၅၅
**ချစ်**ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ် ၁၂၂
**ချစ်**လှိုင်၊ ဗိုလ်ချုပ် (ငြိမ်း) ၁၇၀-၁၇၁
**ချန်**အိုချာ၊ ပရာယု ၆၆
**၆၉** ကြိမ်မြောက် တိပိဋကဓရ. . . ၁၇၁-၁၇၃
ဆရာတော်

## ဂ

**ဂ**ဏာသေဠ၊ ဘဒ္ဒန္တ ၁၇၃-၁၇၄
**ဂ**ရင်းဆင်သီရွှေ့ပြောင်းအခြေစိုက် ၂၆
နေထိုင်သူများစခန်း
**ဂါ**ဂွါ၊ အမ်နန် ၇၆
**ဂူ**တာရက်စ်၊ အန်တိုနီယို ၇၊ ၈၁
**ဂျ**ပန်နိုင်ငံ ၁၇၆-၁၇၈
**ဂျေ**ရှုဆလင် ၇၉၊ ၈၅
**ဂျေ**အင်း၊ မွန် ၃၁
**ဂုဏ်**ထူးဆောင်ဘွဲ့. . . ချီးမြှင့်အပ်နှင်းခြင်း ၁၇၄-၁၇၆
**ဂျူတ်**ဟွိုင်၊ လင် ၁၂၉
**ဂွမ်**ဟေး၊ ပတ် ၁၈၊ ၂၂

## င

**င**နိုင်သေဉ်ဆည် ၁၀၉
**င**ပြောင်ဆည် ၁၁၀
**ငြိမ်း**ချမ်းမှု၊ လွတ်လပ်မှုနှင့် ဘက်လိုက်မှု ၁၃၁
မရှိသည့်ဇုန်
**ငြိမ်း**ချမ်းရေးတွဲလက်များ Wheel Chair ၁၆
ရထားအဖွဲ့

# အညွှန်း


**စ**

**စ**နေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ၂
**စ**ပိန်တုပ်ကွေး ၁၁၆
**စာ**တမ်းဖတ်ပွဲများနှင့်စာပေနှီးနှော ဖလှယ်ပွဲများ ၉၈၊ ၉၉
**စာ**ပေညီလာခံ (၂၀၁၇) ၈၃၊ ၈၄
**စာ**ပေဗိမာန် ကျပ် ၁၀၀၀ိ/-(တစ်ထောင်) ဆု ၉၈
**စာ**ပေဗိမာန် စာကြည့်တိုက် ၉၈
**စာ**ပေဗိမာန် စာအုပ်အသင်း ၉၇
**စာ**ပေဗိမာန် ပြပွဲများ ၉၈
**စာ**ပေဗိမာန် မဂ္ဂဇင်း ၉၃
**စု**စုလွင်၊ ဒေါ် ၄၊ ၇၊ ၂၅၊ ၄၇၊ ၆၉၊ ၇၇၊ ၈၄
**စူး**စမ်း၊ မောင် ၁၇၈-၁၇၉
**စိုး**မင်း၊ ဦး ၅၀
**စိုး**သိန်း၊ ဦး ၅၀
**စိုး**အောင်၊ ဦး ၆၄
**စဉ့်**ကူးမင်းခေါင်းလောင်းတော် ၁၀၅၊ ၁၀၆
**စိမ်း**နီ၊ မောင် ၁၇၉-၁၈၀

**ဆ**

**ဆာ**ဒါး၊ ဆာရိုဗာဆည် ၆၂
**ဆီး**ရီးယားနိုင်ငံ ၁၈၀-၁၈၅
**ဆူ**ရင်ပစ်ဆူဝမ် ၁၈၃-၁၈၄
**ဆို**ရီး၊ မာရီယို ၁၈၄-၁၈၅
**ဆက်**အောင်၊ ဦး ၅၀

**ဇ**

**ဇာ**ကာဝီ၊ အဘူယူဆန် ၁၃၉
**ဇော်**ဂျီမြစ် ၁၁၀၊ ၁၁၁၊ ၁၁၂
**ဇင်**ဘာဘွေနိုင်ငံ ၁၈၇-၁၈၉

**ည**

**ည**ဏမဥ္ဇူ ဘဒ္ဒန္တ ၁၈၉-၁၉၂

**ညွန့်**မောင်ရှိန်၊ ဦး ၂

**ဌ**

**ဌေး**ဝင်း၊ ဦး ၃၈

**တ**

**တ**တိယအကြိမ်နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၇) ရသစာပေ ၁၉၁-၁၉၂
**တ**ရုတ်နိုင်ငံ ၁၉၂-၁၉၉
**တီ**မာ၊ မိုက်ကယ် ၄၂
**တီ**မောလက်စ်တေနိုင်ငံ ၁၂၃
**တေ**လာဆင်းရက်စ် ၄၀
**တို့**ရန်ကုန်တို့အိမ်ရာ အနုပညာ ယဉ်ကျေးမှုပွဲတော် ၁၅
**တင်**ထွတ်၊ ဦး ၉၁
**တောင်**ဘဇာကျေးရွာ ၅၆
**တောင်**ကိုရီးယားနိုင်ငံ ၁၉၉-၂၀၁
**၁၃** ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ၇၅

**ထ**

**ထ**နတ်ခိုမန်၊ ဒေါက်တာ ၁၂၁
**ထ**ရန့်၊ ဒေါ်နယ် ၅၊ ၇၊ ၁၂၊ ၆၃
**ထူး**ထူးမွန်၊ မ ၄၂
**ထင်**ကျော်၊ ဦး၊ နိုင်ငံတော်သမ္မတ ၂၊ ၃၊ ၄၊ ၇၊ ၉၊ ၂၀၊ ၂၅၊ ၂၆၊ ၃၆၊ ၄၂၊ ၄၇၊ ၅၉၊ ၆၀၊ ၆၉၊ ၇၃၊ ၇၇၊ ၈၄
**ထိုင်း**နိုင်ငံ ၂၀၂-၂၀၃
**ထွန်း**တင်၊ ဦး၊ ဝဏ္ဏကျော်ထင် ၂၀၄

**ဒ**

**ဒေ**သတွင်းထိပ်သီးအစည်းအဝေးများ ၂၀၄-၂၀၆
**ဒမ်**မီ၊ ဂျိုနသန် ၂၀၆-၂၀၇

# အက္ခရာစဉ်အညွှန်း


## ဓ

**ဓ**မ္မာနန္ဒ၊ ဘဒ္ဒန္တ ၂၀၇

## န

**နီ**သင်း၊ မောင်၊ ပျဉ်းမနား ၂၀၈

**နု**၊ ဦး ၉၁

**နေ**မျိုးသန့် ၂၀၉

**နေ**ဝင်း၊ ဦး ၈၊ ၁၅

**နို**ဘယ်ဆု ၂၀၉-၂၁၂

**နို**ဘယ်-မြန်မာစာပေပွဲတော် (၂၀၁၇) ရသစာပေ ၆

**နက်**ယွန်၊ လီ ၃၆

**နိုင်**ငံတကာအကြမ်းဖက်မှု အန္တရာယ်များ ၁၃၃-၁၄၂

**နိုင်**ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း) ၁၊ ၂၁၂-၂၁၇

**နိုင်**ငံရေးအကြမ်းဖက်မှု ၁၃၄

**နိုင်**ဒူး၊ အမ်ဗန်ကီရန် ၅၄

**နွား**တက်ဆည် ၁၁၀

**နှစ်** ၇၀ ပြည့် စာပေဗိမာန် ၉၁-၁၀၀

**၂၉** ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ၂၁၇၊ ၂၂၁

**၂၀၁၇** ခုနှစ်အတွင်းအရေးပါသော သဘာဝပတ်ဝန်းကျင်ရေးရာ ဖြစ်ရပ်များ ၂၂၁-၂၂၃

## ပ

**ပ**ခုက္ကူဦးအုံးဖေစာပေဆု ၉၈

**ပ**ဒုမာဘိဝံသ၊ ဘဒ္ဒန္တ ၂၂၃-၂၂၅

**ပ**ရစ်ဗီ-၂ အမျိုးအစားပွဲ့ထိန်းဒုံးကျည် ၃၈

**ပု**စဉ်းထိုးငှက် ၁၀၃

**ပင်**လုံငြိမ်းချမ်းရေးစကားဝိုင်း ၁၂

**ပန်း**လောင်မြစ် ၁၀၉၊ ၁၁၀၊ ၁၁၁

**ပြောင်း**ပြာဆည် ၁၀၉

**ပ**ညာဝံသ၊ ဘဒ္ဒန္တ ၂၂၃-၂၂၅

**ပ**ညာသိရိဘိဝံသ၊ ဘဒ္ဒန္တ ၂၂၅-၂၂၆

**ပ**ဒုမာဘိဝံသ၊ ဘဒ္ဒန္တ ၂၂၆-၂၂၈

**ပ**ဏ္ဍာဝံသ၊ ဘဒ္ဒန္တ ၂၂၈-၂၂၉

**ပ**ဏ္ဍိတ၊ ဘဒ္ဒန္တ ၂၂၉-၂၃၀

**ပ**ဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တ ၂၃၀-၂၃၁

**ပြည်**ထောင်စုငြိမ်းချမ်းရေးညီလာခံ. . . ၂၃၁-၂၃၅

**ပြည်**လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အခမ်းအနား ၈၄

**ပြည်**သူ့လက်စွဲစာစဉ် ၉၆

## ဖ

**ဖ**ရန်စစ်၊ ပုပ်ရဟန်းမင်းကြီး ၇၆၊ ၇၇၊ ၈၇

**ဖူ**ဂျီမိုတို၊ အယ်လ်ဘာတို ၈၇

**ဖေ**ဇင်ထွန်း၊ ဦး ၅၀

**ဖေ**မြင့်၊ ဒေါက်တာ ၁၅၊ ၂၉၊ ၅၇၊ ၆၂၊ ၆၅၊ ၇၄၊ ၈၀၊ ၁၀၀

## ဗ

**ဗီ**ဆူဗီးယပ် (စ်) မီးတောင် ၁၀၂

**ဗီ**ဇအသိစွမ်းရည် ၁၀၂

**ဗိုလ်**ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း) ၃၀

**ဗိုလ်**တထောင်အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း ၁၆၊ ၁၇

## ဘ

**ဘ**ဝင်း၊ ဦး (ပန်းချီဆရာကြီး) ၂၃၆-၂၃၇

**ဘာ**သာပြန်စာပေစာတမ်းဖတ်ပွဲ. . . ၂၃၇-၂၃၈

**ဘု**ရင့်နောင် မင်းတရားကြီး၏ခေါင်းလောင်းစာ ၆၉

**ဘူ**ကစ်ဂျာလီအမျိုးသားအားကစားကွင်း ၅၅

**ဘူး**သီးတောင်မြို့နယ် ၅၆

**ဘို**ဘိုငယ်၊ ဦး ၅၀
**ဘင်္ဂ**လားဒေ့ရှ်နိုင်ငံ ၂၃၈-၂၄၃
**ဘင်**ဆယ်လ်မန်၊ မိုဟာမက် ၄၁
**ဘင်**လာဒင်၊ အိုစမာ ၁၃၈၊ ၁၃၉
**ဘယ်**ရီ၊ ချက် ၂၄၃

## မ

**မာ**ကယ်လ်၊ အိန်ဂျလာ ၁၃
**မာ**တစ်၊ ဂျိမ်းစ် ၅၊ ၄၀၊ ၈၄
**မာ**ဖီလင်ဒိုအဖွဲ့ ၁၂၀
**မာ**ရှယ်ကျွန်းစုသမ္မတနိုင်ငံ ၂၇
**မု**နိန္ဒ၊ ဘဒ္ဒန္တ ၂၄၄
**မူ**ဂါဘီ၊ ရောဘတ် ၇၅
**မူ**ဘာရက်၊ ဟိုစနီ ၂၁
**မေ**၊ ထရီစာ ၂၂
**မေ**ယုတောင်ကြော ၄၁
**မဲ**ဇလီရေလွှဲဆည် ၁၁၃
**မို**ဆူးမြို့ ၄၅
**မို**ဒီ၊ နရိန္ဒြာ ၅၉၊ ၆၀
**မိုး**၊ ရော်ဂျာ ၂၄၃-၂၄၅
**မက်**ခရွန်၊ အင်မင်နျူရယ် ၃၀
**မင်း**ကျော်မင်း (ဦးကျော်မင်း) ၂၄၅-၂၄၆
**မင်း**ကျော်လွင်၊ ဦး ၃၉
**မင်း**မင်းဦး၊ ဦး ၁၄
**မင်း**အောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး ၁၈၊ ၂၀၊ ၂၁၊ ၄၁၊ ၅၂၊ ၅၉၊ ၇၁၊ ၇၅၊ ၈၄၊ ၈၇
**မောင်**စူးစမ်း ၂၄၄-၂၄၅
**မောင်**စိမ်းနီ ၂၄၅-၂၄၆
**မောင်**တောမြို့နယ် ၅၆
**မျိုး**ညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ၂၄၇-၂၄၈
**မျိုး**မင်း၊ ဦး (နွယ်စိုး) ၉၁
**မျိုး**မြင့်၊ ဒေါက်တာ ၂၄၈-၂၄၉
**မြင့်**ဆွေ၊ ဦး၊ ဒုတိယသမ္မတ ၁၊ ၄၊ ၁၂၊ ၁၈၊ ၂၁၊ ၃၃၊ ၅၆၊ ၆၂၊ ၆၄၊ ၇၈၊ ၈၄
**မြန်**မာနိုင်ငံ ကော်ဖီဖိုရမ် ၃၃
**မြန်**မာနိုင်ငံစာပေဆုများ ၂၄၉-၂၅၃
**မြန်**မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး ၉၁၊ ၉၂
**မြန်**မာနိုင်ငံနှင့်နိုင်ငံတကာဆက်ဆံရေး ၂၅၄-၂၇၁
**မြန်**မာ့စွယ်စုံကျမ်း ၉၅
**မြန်**မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ၅၄
**မြန်**မာ့ဒီမိုကရေစီပွဲတော် ၆၂
**မြန်**မာ့ရိုးရာကျေးလက်သိပ္ပံပညာ ၁၀၁-၁၀၆
**မြန်**မာ့ရုပ်ရှင်ထူးချွန်ဆု ၂၇၁-၂၇၂
**မြန်**မာ့ရှေးဟောင်းဆည်ကြီးများ ၁၀၇-၁၁၄

## ယ

**ယွက်**စစ်၊ ဦး ၆၀
**ယိတ်စ်**၊ ဆယ်လီ ၈
**ယန်**ဟီလီ၊ မစ္စ ၃၊ ၄၊ ၅
**ယဲ့ဗ်**တူရှင်ကို၊ ယဲ့ဗ်ဂျန်နီ ၂၇၂-၂၇၃

## ရ

**ရ**ခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှု . . . ၂၇၄-၂၈၁
**ရ**ခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဖြင့် အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ၆၇
**ရ**သေ့တောင်မြို့နယ် ၅၆
**ရာ**ဇာဟိန်း၊ ကို ၆
**ရာ**သီတုပ်ကွေးရောဂါ ၁၁၅-၁၁၈
**ရို**ဟာနီ၊ ဟာဆန် ၃၃
**ရှာ**ရစ်ဖ်၊ နာဝက်ဇ် ၅၀
**ရှင်**ကျန်းဝေဂါဒေသ ၇၉
**ရှင်**နာဝပ်ထရာ၊ ရင်လတ် ၆၄
**ရွှေ**သွေးဂျာနယ် ၉၆

## လ

**လီ**လီကြာညွန့်၊ ဒေါ် ၂၈၂-၂၈၃
**လူ**ငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ၇၈

**လင်း**ဇင်းရေလွှဲဆည် ၁၁၃
**လွတ်**ငြိမ်းသက်သာခွင့် ၂၈၃-၂၈၅
**လှ**မြင့်၊ ဒေါက်တာ ၂၈၅-၂၈၆

ဝ

**ဝါ**ယာမ၊ ဘဒ္ဒန္တ ၂၈၆-၂၈၇
**ဝိ**စိတ္တညာဏ၊ ဘဒ္ဒန္တ ၂၈၇-၂၈၈
**ဝိ**ဇယ၊ ဘဒ္ဒန္တ ၂၈၈-၂၈၉
**ဝေး**၊ ခရစ္စတိုဖာ ၅၁
**ဝင်း**ခိုင်၊ ဦး ၅၀
**ဝင်း**ခိုင်သန်း၊ မန်း ၄၊ ၉၊ ၁၀၊ ၂၆၊ ၃၁၊ ၄၆၊ ၆၂၊ ၇၃
**ဝင်း**မြင့်၊ ဦး ၁၊ ၇၊ ၉၊ ၂၆၊ ၆၀၊ ၆၂
**ဝင်း**မြတ်အေး၊ ဒေါက်တာ ၆၀
**ဝင်း**မွန်၊ တက္ကသိုလ် ၂၈၉-၂၉၀
**ဝမ်**ဘီယာ၊ အော်တို ၄၀

သ

**သိ**ရိန္ဒ၊ ဘဒ္ဒန္တ ၂၉၀-၂၉၁
**သီ**လဝံသ၊ ဘဒ္ဒန္တ ၂၉၁-၂၉၂
**သု**ခိအောင် ၂၉၂-၂၉၃
**သု**စိတ္တ၊ ဘဒ္ဒန္တ ၂၉၃-၂၉၄
**သု**တပဒေသာစာစောင် ၉၆
**သု**မနာနန္ဒ ၂၉၄-၂၉၅
**သောင်း**ထွန်း၊ ဦး ၃၊ ၂၅၊ ၄၇၊ ၆၀၊ ၆၅၊ ၇၅
**သောင်း**ဟန်၊ ဦး ၂၉၅-၂၉၇
**သျှင်**သီရိ၊ တက္ကသိုလ် ၂၉၇-၂၉၈
**သန့်**၊ ဦး ၉၁
**သိန်း**ဆွေ၊ ဦး ၄၄

ဟ

**ဟံ**သာ၊ နိုင် ၅၈
**ဟောက်**ဒိုဆွမ်၊ ဦး ၆၄
**ဟင်**နရီဗန်ထီးယူ၊ ဦး၊ ၁၄၊ ၁၈၊ ၂၆၊ ၂၇၊ ၄၈၊
ဒုတိယသမ္မတ ၆၁၊ ၆၂၊ ၆၆၊ ၇၁

အ

**အ**နုပညာဆိုင်ရာ စာပေဆု ၉၈
**အ**နည်းဆုံးအခကြေးငွေ ၁၃
သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ
**အ**ပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှု ၂၉၈-၃၀၁
**အ**မေရိကန်ပြည်ထောင်စု ၃၀၁-၃၀၅
**အာ**ဇေယျ၊ ဘဒ္ဒန္တ ၃၀၅-၃၀၆
**အာ**ဒိစ္စ၊ ဘဒ္ဒန္တ ၃၀၆-၃၀၇
**အာ**ရပ်အစ္စရေး-ပဋိပက္ခ ၃၀၈-၃၀၉
**အာ**ရှ-ဥရောပဆွေးနွေးပွဲ၊ ၁၃ ကြိမ်မြောက် ၃၁၀-၃၁၃
အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ. . .
**အီ**နာဒါ၊ တိုမိုမီ ၄၈
**အေး**ချမ်းအောင်၊ မ ၂၂
**အေး**ဇံ၊ ဒေါက်တာ ၁၆
**အေး**မောင်လေး၊ ဗိုလ်ကြီး (ငြိမ်း) ၃၁၃-၃၁၅
**အေး**မြင့်၊ ဦး ၃၁၅-၃၁၆
**အော်**စကာဆု ၃၁၆-၃၁၇
**အုံး**ကြီး၊ ကို ၃၁၇-၃၁၈
**အဠိ**ယ၊ ဘဒ္ဒန္တ ၃၁၈-၃၁၉
**အောင်**ရွှေ၊ ဗိုလ်မှူးချုပ် (ငြိမ်း) ၃၁၉-၃၂၀
**အောင်**ဆန်းစုကြည်၊ ဒေါ် ၁၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၉၊ ၄၅၊ ၅၃၊ ၅၄၊ ၅၆၊ ၅၉၊ ၆၂၊ ၆၅၊ ၆၆၊ ၇၅၊ ၇၇၊ ၇၈၊ ၈၁
**အောင်**ထူး၊ ဦး ၂၆
**အောင်**လအန်ဆန် ၄၃၊ ၇၁
**အန်**ကောရွှေးဟောင်းအမွေအနှစ်ဥယျာဉ် ၇၉
**အိ**န္ဒိယနိုင်ငံ ၃၂၀-၃၂၆
**အိ**န္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ ၃၂၆-၃၂၉
**ဣ**န္ဒြိယ၊ ဘဒ္ဒန္တ ၃၂၉-၃၃၁
**ဣ**န္ဒြိယာသဘ၊ ဘဒ္ဒန္တ ၃၃၁-၃၃၂
**ဥ**ရောပသမဂ္ဂနိုင်ငံများ ၃၃၂-၃၄၂